ဦးပြုံးချို

# မဟာဂီတပေါင်းချုပ်

ဦးပြုံးချို

# မဟာဂီတပေါင်းချုပ်

# ဦးပြုံးချို၏မဟာဂီတပေါင်းချုပ်ကျမ်း

# မာတိကာ


| | |
|---|---|
| ဦးပြုံးချို၏အတ္ထုပ္ပတ္တိ | ၁ |
| နိဒါန်း | ၉ |
| နရလေခကျမ်းထွက် ၁၇-ချင်း တီးချက်များ | ၁၃ |
| ပဏာမဂါထာ | ၁၅ |


## ကြိုးသီချင်းများ


| သီချင်းအချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|
| ထံတျာတေရှင် | ပုစဥ်းတောင်သံ | ၁၇ |
| တျာန့်တျောထပ်တျာ | စိတြဂီဝါခိုမင်း | ၁၇ |
| ထပ်တျာထပ်တျာ | ရွှေဥဒေါင်းမင်း | ၁၇ |
| ဟေမဝန္တာ | ဂဠုန်မင်းတောင်သံ | ၁၈ |
| တက်တူ တွန်သံပေး | ခါမင်း | ၁၈ |
| မြစ်ကြီးဂင်္ဂါ | ငါးကြင်းရေဆန် | ၁၈ |
| မြစ်ပြင်မြစ်ညာ | ငါးကြင်းရေစုန် | ၁၉ |
| ငုံ့ကာငုံ့ကာ | ငုံးမင်း | ၁၉ |
| စံရာတောင်ကျွန်း | သာနိုးပျော်ဘွယ် | ၁၉ |
| ရွှေပြည်ကြီးရော | ။ | ၂၀ |
| မြို့နန်းငယ်လေး | ။ | ၂၀ |
| ကိုးပါးပေါင်းစု | ။ | ၂၀ |
| ရွှေဘုန်း ရွှေဘုန်းတော် | ။ | ၂၀ |
| သီတာ သီတာ | ကလပ်ငယ် | ၂၁ |
| သာယာ-သာယာ | ကလပ်ကြီး | ၂၁ |
| ဝေဘာဂီရိ | ညွှန့်တက်သံသာ | ၂၁ |
| ပုံပမာ-ထွေထွေသာ | သိကြားမင်းခရုသင်းသံ | ၂၁ |
| ရာမင်းရာမင်း ဝပ်လျှိုး | သိကြားမင်းခလုတ် | ၂၂ |
| ရွှေ ရွှေ ရွှေဘုန်းပဝင်း | သိကြားမင်းခလုတ် | ၂၃ |
| နှုန်းနန်းထောက်စာ | သိကြားမင်းတုယင်သံ | ၂၃ |

# မာတိကာ


| သီချင်းအချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|
| ပုံနှုန်းဝတိံသာ | ပင်လယ်နတ်ကြီး | ၂၄ |
| ထွေတလာနေမသာ | ဗောဓိရွက်သံ | ၂၄ |
| ကြောက်ဘွယ့်ဘုန်းတန်း | ဆရာနှုန်း ညွန့်ပေါင်း | ၂၄ |
| ခန်းတွင်းရိပ်သာ | မြင်းစိုင်းဆရာပန်း | ၂၅ |
| ဘုန်းတောက်ပဝင်းဝင်း | ချစ်နံ့မပြယ် | ၂၅ |
| ဝေဇယန်နှင့်နှုန်းငြွား | ကျောင်းတော်ကြီး | ၂၆ |
| ခွဲခွဲခြားခြား | အတွင်းတီးပြေး | ၂၆ |
| လေချိုလေသာ | ပြင်တီးပြေး | ၂၇ |
| ဝေယန် လိုပင် | ॥ | ၂၇ |
| စိန်ကြောင်လိုပင် | ॥ | ၂၈ |
| ဘုံဆောင်မြင့် | ဖေါင်လား,ငင်,ဆိုက် | ၂၈ |
| ဇေယျာမြို့ | ဖေါင်ငင် | ၂၉ |
| စိန်းလဲ့လဲ့ညိုပြာ | ဖေါင်ဆိုက် | ၂၉ |
| လွှမ်းထပ်ဆင့်လောင်း | ဖေါင်ငင် | ၂၉ |
| ဘယ်ဘယ်တဲ့ ဆယ်ကမ္ဘာတွင် | ဖေါင်လားကြိုးဟောင်း | ၃၀ |
| ကမ်းက ကမ်းကခွာ | ဖေါင်ငင်ကြိုးဟောင်း | ၃၀ |
| ဖျော်ဖြေလို့နေပါရင်လေး | ဖေါင်ဆိုက်ကြိုးဟောင်း | ၃၀ |
| ရွှေနန်းအောင်ချာ | ကြာချပ်ကြီး | ၃၁ |
| မင်းလမ်းစပ်ခါ | ကြာချပ်ငယ် | ၃၁ |
| ဆီးနှင်းပြိုက်ကျ | တောင်မြင့်စည်းခုတ် | ၃၁ |
| မင်းလွင်-မင်းလွင် | တောင်တမန်လှိုင်းကြက်ခွပ် | ၃၁ |
| သင်းအရင်းငယ်ကြိုင်မွှေး | ဆယ်စည်ခုတ်ကြိုးအလိုက် | ၃၂ |
| ရွှေဘုန်းထက်ဖြာ | ရှေးကြိုးဟောင်းတမ်းချင်း | ၃၂ |
| ကြိုင်မွှေးလှိုင်ပြေး | ဘီလူးမ စည်သံ | ၃၃ |
| သောင်ကမ်း သောင်ကမ်း | ကွန်သံလန့်ကြိုး | ၃၃ |
| ကိုယ်လုံးသန်ရောင် | ကင်းပတ်ကြီး | ၃၃ |
| ရွှေဖေါင်တော်စံကာ | ကင်းပတ်ငယ် | ၃၄ |
| ဝင်းဝင်းရွှေရွှေ | ဇမ္ဗူသပြေသံ | ၃၄ |
| လဲ့လဲ့စိမ်းရောင် | ရွှေပလ္လင်အောင် | ၃၄ |
| သည်မိုးပြုန်ဲ | သိကြားခလုပ်ကြိုးဟောင်း | ၃၅ |
| ကျော်နှံ့ဝှန်ဆူ | တကောင်းဖေါင်လား | ၃၅ |
| ရွှေစကြာသည်အိုင်သာကလော | နဝတတ်အိုင်ချင်း | ၃၅ |

| သီချင်းအချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|
| ဟေမန္တာဟု | ဟေမန္တာချင်း | ၃၆ |
| ချမ်းကတဲကိုလေ | ငပြေတက်သက်ကြိုးအလိုက် | ၃၆ |
| ထောင်ရောင်နေ | နန်းဘွဲ့ကြိုးဟောင်း | ၃၆ |
| ထိပ်တင်ငယ်ကေန် | ဝတ်တော်သိမ်း | ၃၇ |
| နေရင်လေလဲ | ပြန်ကတက် ကြိုးဟောင်း | ၃၇ |
| သီလာ-မြေယံ | ဘုန်းဘွဲ့ | ၃၈ |
| မှန်ညောင်သဠာ | ဝတ်တော်ရှိ | ၃၈ |
| တရေးမက | ။ | ၃၈ |
| ဘုန်းတော်တေဇာ | ။ | ၃၈ |
| ရှုတိုင်းသာစွ | ။ | ၃၈ |
| အတိုင်းမသိ | ။ | ၃၉ |
| မာလာဂန္ဓာမွေးမွေးသင်းသင်း | ဒေဝဒူတ ကြိုးဟောင်း | ၃၉ |
| စောင်းတော်သိင်္ဂါ | စောင်းဘွဲ့ | ၃၉ |
| ဇေယာအောင်ချာ | နန်းဘွဲ့ | ၃၉ |
| စံရာဘုံမြင့် | နန္ဒာကန်တော်ဘွဲ့ | ၄၀ |
| ရွှေနန်းအောင်မြေ | ပင်လယ်နတ်ကြီးကြိုးအလိုက် | ၄၀ |
| ပြောင် ပြောင် ပြောင်နာဂိန် | ဆင်ခင်း | ၄၀ |
| တီးယွန်းအောင်စည် | မြင်းခင်း | ၄၁ |
| ညာသပြေဘောင် | နဝရတ်ခရုသင်း | ၄၁ |
| သပြေပင်ဝန်း | ။ | ၄၁ |
| ဘုန်းမိုးရွာစွေသွန်းဖျန်း | မြင်းခင်း | ၄၂ |
| ရွှေဘုန်း ရွှေဘုန်းပပဝင်း | ဘုန်းဘွဲ့ကြိုး | ၄၂ |
| ရိရိဆိုင်းဆိုင်း | ငါးသံကြိုးမိုးဘွဲ့ | ၄၂ |
| လာချေပြီ | မြင်းစီး | ၄၃ |
| ခေါ်ပေါ်ယောင်နှင့် | ။ | ၄၃ |
| ချိတ်ပန်းပန်ငယ် | ။ | ၄၃ |
| ကျွန်းကျွန်ပိုင်သ | မြို့တော်ချီး | ၄၄ |
| မှိုင်းရှိပ်ကယ်တည့် ဝေမှောင် | နတ်ပင့် | ၄၄ |
| ဆွတ်ဖျန်းကြိုင်သင်း | ။ | ၄၄ |
| ဇမ္ဗူသိင်္ဂါမြိုးပြက် | ။ | ၄၄ |
| ပန်းစုံပာလာလေ | ။ | ၄၅ |
| သီလာဝေယန်လေမှိုင်းညို့ | ။ | ၄၅ |

| သီချင်းအမျိုး | သီချင်းအမည် | စာမျက်နှာ |
|---|---|---|
| တေဇာအာဏာထန်ပြင်း | တျာသံ | ၄၅ |
| ကန်တော် ကန်တော်အထိကရ | ကန်တော် | ၄၆ |


## ဘွဲ့သီချင်းများ


| | | |
|---|---|---|
| မာရဝိဇယ | စွယ်တော်ရောင်ခြည် | ၄၇ |
| ဥကင်ဘုံမြင့် | ပလ္လင်တော်ရှစ်ရပ် | ၄၇ |
| နန်းရဝေမြင့် | ထီးရှစ်မည် | ၄၈ |
| မင်းခမ်းတော်စုံလှ | မင်းခမ်းတော်စုံ | ၄၈ |
| လက်ျာတော်မင်းခမ်း | လက်ျာမင်းခမ်းတော် | ၄၉ |
| လက်ဝဲတော်က အုံ့ရာပုံ | လက်ဝဲမင်းခမ်းတော် | ၄၉ |
| မြတ်ပလ္လင်ရွှေရန်မာရ်ချေ | အလံ ၇-စဉ်မင်းခမ်းတော် | ၄၉ |
| ငါးလုံးတောင်ညွန့် | မြစ်ကြီးငါးသွယ် | ၅၀ |
| မန္တလာဘုံ | မန္တလေးမြို့ | ၅၀ |
| လေးမည်သာလှ | အင်းဝမြို့ | ၅၁ |
| မင်းဝံတောင်ညွန့် | ။ | ၅၁ |
| ကုန်းဘောင်မြို့ရွှေနက်သန် | ကုန်းဘောင်မြို့ | ၅၁ |
| ခြည်ပန်းထောင်ကွန့် | ဘုန်းတော် | ၅၂ |
| မင်္ဂလာသီရိမြေမြတ်စွာ | မန္တလေး | ၅၂ |
| ဇမ္ဗူရည်ပွင့် ဆယ်ရောင်ဝေ | ။ | ၅၂ |
| သကြ်ာန်တော်မင်္ဂလာ | သကြ်ာန်တော် | ၅၃ |
| ဆဒ္ဒန်ပိုင်လေးကျွန်း | နားထွင်းမင်္ဂလာ | ၅၃ |
| နန်းငွေယုန်သော်တာ | ဆံထုံးတော်မင်္ဂလာ | ၅၃ |
| အတိုင်းမသိမင်္ဂလာကြက်သရေ | မင်္ဂလာသြဘာ | ၅၄ |
| တဖုံဿယ်နှင့် | ရွှေတိဂုံသမိုင်း | ၅၄ |
| မြရည်နန္ဒာ | နန္ဒာကန် | ၅၅ |
| မြသို့ငယ်စိမ်းနု | ရေသွန်းတော် | ၅၅ |
| ရွှေဘုန်းတော်နေနှုန်းလျော် | ရွှေတချောင်းတူး | ၅၅ |
| ဂန္ဓမာတောင် | မဥ္ဇူသက နတ်ပန်း | ၅၆ |
| သကမဥ္ဇူ | ပန်းဘွဲ့ | ၅၆ |
| ပတ်လည်ငယ်လေ | မျှော်တော်ယောင် | ၅၆ |
| နတ်စည်ငယ်လေ | မျှော်တော်ယောင်မိုး | ၅၆ |

| သီချင်းအချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|
| သည်ဆောင်းဟေမန် | သဇင်ပန်း | ၅၇ |
| သန်းယံသာ ကျူးပါတော့ | အိမ်နောင်ဇာတ်တော်ကြီး | ၅၇ |
| ပရမေသီရိအောင်ဇေယျာ | ဘုန်းတော် | ၅၈ |
| ခွန်ယူစိုးရ | အိမ်ရွှေမင်းဘုန်း | ၅၈ |
| ပတ်ပြန်ငယ်ပြောင်ရှန်း | မြင်းခင်းတော် | ၅၈ |
| ကိုးသွယ်ရတနာ | ။ | ၅၉ |
| လွှတ်တော်ငယ်စံကျွန်း | ။ | ၅၉ |
| မြန်မြေနယ်ဇမ္ဗူဘောင် | ။ | ၅၉ |
| မင်္ဂလာအောင်မျိုး | မန္တလေးမြို့ | ၅၉ |
| ဟေမဝန်ချာ | တောဘွဲ့ | ၅၉ |


## သီချင်းခံကြီးများ


| | | |
|---|---|---|
| ထူးမခြားနား | စွယ်တော်ရောင်ခြည် ဘုရားရှိခိုး | ၆၁ |
| ထောင်ရောင်နေ့ကသာ | ဘုန်းဘွဲ့သီချင်းခံကြီး | ၆၁ |
| စန္ဒာ ရောင်သို့သာ | နန်းတွင်းသူဘွဲ့သီချင်းခံကြီး | ၆၂ |
| ဒီပါမြေယံ | ဘုန်းဘွဲ့သီချင်းခံကြီး | ၆၃ |
| စုံသာမြိုင်လယ် | တောတောင်ဘွဲ့-သီချင်းခံကြီး | ၆၄ |
| ဇေယျာရွှေမြေ | ဘုန်းဘွဲ့သီချင်းခံကြီး | ၆၅ |
| ဒီပါလေ-အောင်ချာလေ | နန်းဘွဲ့သီချင်းခံကြီး | ၆၇ |
| ဘုန်းမိုးသွန်းလောင်း | ဘုန်းဘွဲ့သီချင်းခံကြီး | ၆၇ |
| ဆဒ္ဒန်အိုင်သာ | တချက်လွှတ် သီချင်းခံကြီး | ၆၇ |
| ဇမ္ဗူကျွန်းလုံး | မင်းရဲကျော်စွာ သီချင်းခံကြီး | ၆၈ |
| ကျွန်းလုံး သိမ်းကြုံး | ဘုန်းဘွဲ့သီချင်းခံကြီး | ၆၉ |
| နှင်းတမြူးမြူး | မြင်းခင်းဘွဲ့သီချင်းခံကြီး | ၆၉ |
| ၎တာဟေဝန်တောင် | တောတောင်ဘွဲ့သီချင်းခံကြီး | ၇၀ |
| ဘုန်းထူးဝေဆာ | ဘုန်းဘွဲ့ | ၇၁ |
| ဇမ္ဗူမြန်ချာလေ ထွန်းပပ | ။ | ၇၂ |
| ဇောင်းကလောအင်း | မြို့တော်ဘွဲ့သီချင်းခံကြီး | ၇၃ |
| ဘုန်းပန်းပရမေ | ဘုန်းတော်ဘွဲ့သီချင်းခံကြီး | ၇၃ |
| မင်းခမ်းတော်စုံ | မင်းခမ်းတော်ဘွဲ့ သီချင်းခံကြီး | ၇၄ |
| ဘုန်းအကြီးဆုံး | ဘုန်းတော်ဘွဲ့သီချင်းခံကြီး | ၇၅ |

# မာတိကာ


| သီချင်းအချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|
| ပန်းကြာဝတ်မှုံ | မယ်ဘွဲ့သီချင်းခံကြီး | ၇၆ |
| ရွှေစမွှာယ်ရို | ။ | ၇၇ |
| သင်းသင်းကြိုင်ကြိုင် | ။ | ၇၈ |
| ရွှန်းရွှန်းမြရွှန်းရွှန်း | ဘုန်းတော်ဘွဲ့သီချင်းခံကြီး | ၇၈ |
| မှိုင်းမှိုင်းမြ | အလွမ်းဘွဲ့သီချင်းခံကြီး | ၇၉ |
| ဖြိုးဖြိုးရွှေရင် | မယ်ဘွဲ့တချက်လွတ်သီချင်းခံ | ၇၉ |
| မြဆံကေသာ | ။ | ၈၀ |
| ရှက်ညှာကြွေလျှံလေ | ။ | ၈၀ |
| မှိုင်းအဆန်းဆန်း | ထူးမခြားနားအလိုက်သီချင်းခံကြီး | ၈၁ |
| ရဝေနန်းစိန်ကြောင် | ဘုန်းဘွဲ့ရှေးသီချင်းခံကြီး | ၈၂ |


## ပတ်ပျိုးသီချင်းများ


| | | |
|---|---|---|
| ကုန်းဘောင်ပရမေ | ဘုန်းတော်ဘွဲ့ပတ်ပျိုး | ၇၀ |
| ဘုံပျံနေနန်း | ဆောင်းဘွဲ့ပတ်ပျိုး | ၈၆ |
| မှိုင်းပြာမှုန်ဝေ | အိမ်နောင် ရေလားပတ်ပျိုး | ၈၈ |
| စိန်ငွေလျှံ | တောဘွဲ့ပတ်ပျိုး | ၈၉ |
| မြန်ချာမြေကို | ကုန်းဘောင်မြို့ဘွဲ့ပတ်ပျိုး | ၈၉ |
| အောင်ခန်းမြို့ | ဘုန်းဘွဲ့ပတ်ပျိုး | ၈၉ |
| ရွှေယင်ပေါင် ငွေယင်ပေါင် | ရေလားပတ်ပျိုး | ၉၀ |
| ရည်ပင်လယ် | ။ | ၉၀ |
| လောင်းပန်းဂမုန်းအင် | တောပန်းဘွဲ့ ပတ်ပျိုး | ၉၁ |
| စိန်ကြောင်နီလာ | ဘုန်းဘွဲ့ပတ်ပျိုး | ၉၁ |
| အထူးထူးငယ်နှင့် | တောလားပတ်ပျိုး | ၉၂ |
| သာရကာ ကျေးငယ်တို့ | ရာသီတောတောင်ဘွဲ့ပတ်ပျိုး | ၉၃ |
| ရဂုံမြိုင်ချာ | ။ | ၉၃ |
| ဝေဖြိုး ကုန်းဘောင် ညွှန့်ညွန့် | ဘုန်းတော်ဘွဲ့ပတ်ပျိုး | ၉၄ |
| ကုန်းဘောင်နေမင်း | ။ | ၉၄ |
| မှုန်ရဝေ | ။ | ၉၄ |
| ပြာပြာညိုရောင် မှိုင်းနွဲ့နွဲ့ | မောင်ဘွဲ့ပတ်ပျိုး | ၉၅ |
| သူရကန် စက်ပုံ | ။ | ၉၅ |
| နဝရတ်ကယ် ရောင်စုံ | ။ | ၉၆ |

| သီချင်းအချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|
| စိုးအမှုန့်မှုး | မိုးဘွဲ့ပတ်ပျိုး | ၉၆ |
| မြူဝန်းလိုခို | ကိန္နရာချောင်းခြားကလေးပတ်ပျိုး | ၉၇ |
| ဟေဝန်စုံမြိုင် | ကိန္နရာချောင်းခြားကြီး ပတ်ပျိုး | ၉၇ |
| နဝတတ္တကုဏ္ဍလာ | တောဘွဲ့ပတ်ပျိုး | ၉၈ |
| မဏိကဥ္စနာ | နန်းဘွဲ့ ထီးဘွဲ့ ပတ်ပျိုး | ၉၉ |
| လွမ်းတယ်လေ့ | အလွမ်းဘွဲ့ပတ်ပျိုး | ၉၉ |
| မိုးဒေဝါ | မိုးဘွဲ့ပတ်ပျိုး | ၁၀၀ |
| သဲလော်ကြွေကျွမ်း | အိမ်နောင်ချိုးတေးဘွဲ့ပတ်ပျိုး | ၁၀၀ |
| ချစ်သမျှကို | သစ္စာတိုင်ပတ်ပျိုး | ၁၀၀ |
| တန်ဆောင်ရွှေတိုင် | နန်းဘွဲ့ပတ်ပျိုး | ၁၀၁ |
| သာဆန်းရဂုံဘွေ | တောဘွဲ့ပတ်ပျိုး | ၁၀၁ |
| စိန္တေကိုးသွယ်ဂုဏ် | မန္တလေးဘွဲ့ပတ်ပျိုး | ၁၀၂ |
| သိင်္ဂါရွှေရောင် | နန်းဘွဲ့ပတ်ပျိုး | ၁၀၂ |
| အောင်ဇေယျာကျွန်းကျွန်း | ဘုန်းဘွဲ့ပတ်ပျိုး | ၁၀၃ |
| သင်းရနံ့ လှိုင်ပျံ့ငယ် | ။ | ၁၀၃ |
| ပြာပြာညိုရောင်မှိုင်းလို့ ရီမှောင် | တောပန်းဘွဲ့ ပတ်ပျိုး | ၁၀၄ |
| တိမ်ဘုံဘွေ | ။ | ၁၀၄ |
| အောင်မြေသာစံ | တောဘွဲ့ပတ်ပျိုး | ၁၀၅ |
| ဂန္ဓမာရိပ်သာ ဖလ်ဂူနန်း | ။ | ၁၀၆ |
| လွမ်းဖွဲ့စေ | ။ | ၁၀၆ |
| ဘုံလယ်ခွင် | မောင်ဘွဲ့ပတ်ပျိုး | ၁၀၆ |
| ပန်းတသင်းသင်း | တောဘွဲ့ပတ်ပျိုး | ၁၀၇ |
| ရွှေပြည်တော်သည် | ပြင်သိင်္ဂါပတ်ပျိုး | ၁၀၇ |
| ရှစ်စုံရှက်ကြာ | မြောက်အိမ်တော်ဘွဲ့ပတ်ပျိုး | ၁၀၈ |
| တံပိုးငယ်တည့် နတ်ပဥ္စင် | မိုးဘွဲ့ပတ်ပျိုး | ၁၀၈ |
| မဲဇာတောင်ခြေ | အလွမ်းပတ်ပျိုး | ၁၀၉ |
| ယမုန္နာ သီတာသောင်ခြေ | သီတာသောင်ခြေဘွဲ့ပတ်ပျိုး | ၁၀၉ |
| စုံနှယ်သာစွ | မိန်းမလိုက်တေးဘွဲ့ပတ်ပျိုး | ၁၁၀ |
| ဘုန်းမျှော့မျှော့မင်း | ရာမဇာတ်ထွက်ပတ်ပျိုး | ၁၁၀ |
| ဒီပင်္ကရမြေ | ။ | ၁၁၁ |
| ဂန္ဓမာတောင်လိုဏ်နန်းချောင် | မိုးဘွဲ့ပတ်ပျိုး | ၁၁၂ |
| စက်လဲမရှင် | အလွမ်းပတ်ပျိုး | ၁၁၂ |

| သီချင်းအချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|
| ဖြူပြာမူရာ သူဇာနေလို | အိမ်နောင်ပတ်ပျိုး | ၁၁၃ |
| ပြည်အောင်ချာနန်းငယ်က | အလွမ်းပတ်ပျိုး | ၁၁၃ |
| သေနင်္ဂါမည် | မိုးဘွဲ့ ပတ်ပျိုး | ၁၁၄ |
| မြမန်းကိုက်ရှို | မန္တလေးဘွဲ့ | ၁၁၄ |
| ဆောင်ဝဇီရာ | ။ | ၁၁၅ |
| ပပငယ်လေ ဝင်းဝင်း | မယ်ဘွဲ့ချီးမြှောက်ပတ်ပျိုး | ၁၁၅ |
| ညို့ညို့ငယ်လေမှိုင်းမှိုင်း | အိမ်နောင်ပတ်ပျိုး | ၁၁၆ |
| ပျံ့ပျံ့ငယ်လေသင်းသင်း | ။ | ၁၁၆ |
| စက်လဲဘုံဘွေ | မယ်ဘွဲ့ပတ်ပျိုး | ၁၁၇ |
| ဖြေလဲမပြေ | ပူပုံ့ဘွဲ့ပတ်ပျိုး | ၁၁၇ |
| ရွှေတောင်ပံ နေရောင်ခံ | အိမ်နောင်ပတ်ပျိုး | ၁၁၈ |
| ရွှေဘုန်းသမ္ဘာရှိန် | ဧးယင်ချင်းပတ်ပျိုး | ၁၁၈ |
| ဝသန်ခါမှိုံ | အလွမ်းဘွဲ့ပတ်ပျိုး | ၁၁၉ |
| ကြုံလေ ဘုံဘွေ | ။ | ၁၁၉ |
| ပဟိုရ်မြွက်သံ | မယ်ဘွဲ့ပတ်ပျိုး | ၁၁၉ |
| နှစ်ကိုယ်သစ္စာ | သစ္စာတိုင်ပတ်ပျိုး | ၁၂၀ |
| နံ့သာနီတောင် | နိဗ္ဗိန္ဒပတ်ပျိုး | ၁၂၀ |
| မျှော်တိုင်းခုဝယ် | အလွမ်းဘွဲ့ပတ်ပျိုး | ၁၂၁ |
| သန်းရုံခြွေရွှေကြော့ဝန်း | မိုးဘွဲ့အလွမ်းပတ်ပျိုး | ၁၂၁ |
| ဟေမာ ဝေဆာ ဘွေချာင့်မြိုင် | ။ | ၁၂၂ |
| ရွှေဘုန်းတေဇာ | သမုဒ္ဒဃောသထွက်ပတ်ပျိုး | ၁၂၂ |
| သီလာ ဝေယန် | ။ | ၁၂၂ |
| ရဝိန်ဒေါင်းယာဉ်ပျံ | တောတောင်ရာသီဘွဲ့ပတ်ပျိုး | ၁၂၃ |
| ဇေယျာအောင်စည် | ဘုန်းဘွဲ့ပတ်ပျိုး | ၁၂၄ |
| မယ်သေချင်လိုက်ပါဘိ | ကိန္နရာချောင်းခြားကြီး ပတ်ပျိုး | ၁၂၄ |
| ယမုန်သီတာ | မီးခွက်ကချင်းခေါ် ပတ်ပျိုး | ၁၂၅ |
| သပြေညာတောင် | ။ | ၁၂၅ |
| ခွါပြာသင်းညှင်းပြေပြေ | နန်းတွင်းမဟာဆိုင်းတော်ဘွဲ့ပတ်ပျိုး | ၁၂၆ |
| သာယာစုံစီ သီတာရံဝန်း | တောတောင်ပန်းမလ်ဘွဲ့ပတ်ပျိုး | ၁၂၇ |
| တပင်စံရာ | သမုဒ္ဒဃောသထွတ် ပတ်ပျိုး | ၁၂၇ |
| ရွှေတေဇာ တိုင်းကျေညာ | ရေးလားပတ်ပျိုး | ၁၂၈ |
| ရွှေနှုတ်ကယ် လှယ်လှယ် | အိမ်နောင်ထွက် ပတ်ပျိုး | ၁၂၈ |

| သီချင်းအချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|
| အိုကြော့ဆုံးမယ် | အလွမ်းပတ်ပျိုး | ၁၂၈ |
| မြနန်း ဘုံပေါ်မှန် | ပန်းဘွဲ့ပတ်ပျိုး | ၁၂၉ |
| ညဥ့်သုံးယံခါလေပြေလာ | မျှော်တော်ရောင်ပတ်ပျိုး | ၁၂၉ |
| မြူခိုးရယ် တိမ်ဘုံကသာ | မိုးဘွဲ့ပတ်ပျိုး | ၁၂၉ |
| ရွှေဖီဇင်ဂေါ် | အလွမ်းပတ်ပျိုး | ၁၃၀ |
| ဖြေလျော့ခွေ ရှိကေရှိရင်ထား | ဘုရားတိုင်ပတ်ပျိုး | ၁၃၀ |
| ယုဇနမာလာ | ရှုခင်းသာယာပတ်ပျိုး | ၁၃၁ |
| ပြယားငယ်တည့် ဝေဿဝဏ် | ဘုန်းဘွဲ့ပတ်ပျိုး | ၁၃၁ |
| အာကာသယံထဲ စိမ့်မြဲမြန်းလို့ | ကိန္နရာချောင်းခြားပတ်ပျိုး | ၁၃၂ |
| တိမ်မှောင် ဝေးကင်း | လောကနတ် | ၁၃၂ |
| နှင်းငွေမြူမှောင် | သိင်္ဂါသံ(အိနှောင်) | ၁၃၃ |
| လေရူးသုန်သုန် | သိင်္ဂါသံ | ၁၃၄ |
| မယ်တို့နေ | အိနှောင်ထွက် သိင်္ဂါသံ | ၁၃၄ |
| ဆုကြီးကိုမှီ | သိင်္ဂါသံဝေဿန္တရာချိုး | ၁၃၅ |
| မင်္ဂလမ်းကိုယူ | သိင်္ဂါသံ သုဝဏ္ဏသာမထွက် | ၁၃၆ |
| မယ်ယသော်ဆံကျင် | သိင်္ဂါသံဗုဒ္ဓဝင်တောထွက်ခန်း | ၁၃၆ |
| ပင်ဗောဓိအဇပါ | သိင်္ဂါသံ ဗုဒ္ဓဝင်ဘုရားဖြစ်ခဏ်း | ၁၃၇ |
| ကိုယ်တော်နှင်းနှံ့ | လေးထွေသံကပ် | ၁၃၇ |
| စိန်မှန်ဆောင် မျက်ကိုးစုံပွင့် | ‖ | ၁၃၈ |
| ရွှေညီလာ ကြာယွန်းလယ်က | ‖ | ၁၃၈ |


## ၃၇-မင်း နတ်ချင်းများ

၎င်းနတ်ချင်းများအပြည့်အစုံကို စာမျက်နှာ၁၄၀-မှ၁၅၂-အထိကြည့်ပါ။

## မျောက်မင်းအူသံနှင့် တျာယိုင်ပတ်ယိုင်


| | | |
|---|---|---|
| အိုပင်အိုကံဆိုး | မျောက်မင်းအူသံ | ၁၅၃ |
| ဟေမဝန္တာ | ‖ | ၁၅၃ |
| အိုပင်အိုကံ ညဥ့်ယံ | ‖ | ၁၅၃ |
| သောက်တဲ့သောက်ရေအိုးငယ်မှာ | ‖ | ၁၅၄ |
| ရှင်သေမင်း လူချင်းရယ်တဲ့ | ‖ | ၁၅၄ |
| ရွှေနန်းကြော့စံငယ်မှာ | တျာယိုင် | ၁၅၆ |
| ရွှေဘုန်းတော်ထွန်းပါလို့ | ပတ်ယိုင် | ၁၅၈ |

## ယိုးဒယားသီချင်းများ


| သီချင်းအချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|
| ပန်းမြိုင်လယ် | ယိုးဒယား ဖိန်းချားကြီး | ၁၅၉ |
| အို-ကြာရုံနန်းသူမယ် | မှိုင်ခန်း | ၁၆၀ |
| မကြုံနိုင်မှော်ရုံမြိုင်တော | မှိုင် | ၁၆၁ |
| မှုန်မပြေ သဲရွှေဘဝင်ကျွမ်း | ။ | ၁၆၁ |
| ပန်းဟေဝန် ခုနှစ်ထွေ | ယိုးဒယားဖိန်းချားကလေး | ၁၆၁ |
| တောတောင်စွယ် | ခမိန် | ၁၆၂ |
| မှိုင်းမှုန်ပြာညို | ကျောက်ကောက်ငုဝစ် | ၁၆၂ |
| ခိုင်ပန်းစုံ မှုံမာလာ | ကြေးသွား | ၁၆၃ |
| တောမြိုင်ခြေလမ်း | ထနောက် | ၁၆၃ |
| ဝေဇယန္တာနန်းဘုံ | မဟိုးသီး | ၁၆၄ |
| ဖေါ်ကွာဝေးသူမို့ | အလွမ်းဘွဲ့ယိုးဒယား | ၁၆၄ |
| မန်းညာနွယ် | ဖိန်းချားကြီးမန္တလေးဘွဲ့ | ၁၆၅ |
| ဂိမှာန်နွေဘွဲ့ရာသီ | ယိုးဒယားတီးကွက် | ၁၆၆ |
| မိုးဣန္ဒာ တည်လာဖန် | ရွှေတိဂုံသမိုင်းဖိန်းချားကြီး | ၁၆၇ |
| သန်းရွှေညာ | မယားချော့ ဖိန်းချားကြီး | ၁၆၈ |
| လွမ်းဗုန်ပို | ဖိန်းချားကြီးအဝင် | ၁၇၀ |
| မြမန်းဂီရိ သေလာတောင် | သော်ကရွှေနန်းတီးကွက် | ၁၇၀ |
| အိုသာတင့်ဆုံး | ယိုးဒယားနဲ့သွား | ၁၇၁ |
| စက်လဲ ပျော်ပါနိုင် | ယိုးဒယားနဲ့လိုက် အိနောင် | ၁၇၁ |
| ရိပ်ကြာဆောင်ခန်း | စက်လဲ တီးကွက် | ၁၇၁ |
| ပန်းညောင်လှိုင်ဖွဲ့ | ။ | ၁၇၂ |
| ကြို့ညိုစံရာ | ရာမဇာတ်ထွက် | ၁၇၂ |
| လေပြည်လောင်းသည်နှင့် | ဖေါ်ကွာဝေးအလိုက် | ၁၇၃ |
| ခါ-နွေဆန်းလန်းစီစီ | ။ | ၁၇၄ |
| ရွှေတညာ | ဖရုံတင် | ၁၇၄ |
| မြိုင်ဟေမာကန္တာလမ်း | ခမွန် | ၁၇၅ |
| တောင်ဇမ္ဗူပိုင် | မန္တလေးဘွဲ့ ယိုးဒယား | ၁၇၆ |
| အောင်မင်္ဂလာ | ။ | ၁၇၆ |
| ပြည်ကပ္ပီမှာ | တောထွက်ခဏ်း | ၁၇၇ |
| တောင်ဝင်္ကပါ | ဝေဿန္တရာဘွဲ့ | ၁၇၈ |

| သီချင်းအချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|
| စိန်ကြယ်ညီး | တလိုင်းသံ | ၁၇၉ |
| တောင်တောင်ယံတောက | အလေးမေ့ | ၁၇၉ |
| နှင်းရှန်းဂိမှာန် | တလိုင်းခေါ် ကြာစေ့ကောက် | ၁၈၀ |
| တောင်တောင်ယံတောငယ်နှင့် | တောင်ယံတောကြီး | ၁၈၁ |
| စိန်မြလျှံခြယ် | မွန်-ယိုးဒယား-တလိုင်း | ၁၈၁ |
| ကောင်းချီးသဒ်ါ | ယိုးဒယား | ၁၈၂ |
| ဝေယန်သိင်္ဂါ | တလိုင်း၁၂-ခန်း | ၁၈၃ |
| သောင်းလုံးမြေချာ | ဘုန်းဘွဲ့ ယိုးဒယား | ၁၈၃ |
| မြန်သပြေညာ | ။ | ၁၈၄ |
| မန်းလေးတောင်လကျာ | မန္တလေးဘွဲ့ | ၁၈၄ |
| နှင်းရှန်း သာဟောမန် | ယိုးဒယားသံဟောင်း ခက်မွန် | ၁၈၅ |
| နန်းသီဟိုဠ် | မော်ပြန်ယိုးဒယား | ၁၈၅ |
| မော်ရုံဟောဝန် | သမင်ရိုက် | ၁၈၆ |
| အိုလေတောမြိုင်စွန်းက | ကရောင်းလိုက် | ၁၈၆ |
| သောင်းသောင်းညံ့ | ရေလား ယိုးဒယား | ၁၈၇ |
| လွမ်းပိုအောင် ညိုမင်းလွင် | ခြူချာအလိုက် ယိုးဒယား | ၁၈၇ |
| တောနှင့်တောင်စွယ် | ယိုးဒယား ကြေးသွား | ၁၈၇ |
| လွမ်းဖွယ့်သာယာ | တောတောင်ဘွဲ့ ယိုးဒယား | ၁၈၈ |
| မြိုင်ဂန္ဓမာ | တောဘွဲ့ | ၁၈၈ |
| ရွှေအာသာ ငုံတံသေး | ရေယဉ်ဘွဲ့ | ၁၈၈ |
| သုံ့လူ့ဖေါ်လေးပါး | သစ္စာတိုင် တောမြိုင်ခြေလိုက် | ၁၈၉ |
| ကြုံကြုံဖန်ဖန် | မယ်ဘွဲ့-ယိုးဒယား | ၁၈၉ |
| အိုလူမနေ့ာ | နောက်ရေးယိုးဒယား | ၁၉၀ |
| တောဘုမ္မာ | ဓမ္မဂီတ ယိုးဒယားကြီး | ၁၉၀ |
| ဇာတိအာဏာစကြာဝဠာ | ကမ္ဘာပျက်ပုံ | ၁၉၁ |
| ဆဒ္ဒန်အိုင် နှစ်ခိုင်ရွှေပန်း | ဘော်လယ်ပုလဲဖေါက် | ၁၉၂ |
| ပန်းသဇင် ပန်းသဇင် | တောဘွဲ့ | ၁၉၄ |
| ကုဏ္ဍလာကုဏ္ဍလာ | ကန်ဘွဲ့ | ၁၉၅ |
| ယသော်ဓရာ နန်းတောင်ညာ | မြန်သပြေညာလိုက်တောထွက်ခန်း | ၁၉၅ |
| အင်ကြင်းသရဖီ | တောဘွဲ့သံဆန်း | ၁၉၆ |
| ရာပြည်မင်းငယ်တို့ | ဖေါ်ကွာဝေးလိုက်ဘုန်းဘွဲ့ | ၁၉၆ |
| တောမှော်ရုံမှာ | သမင်ရိုက် | ၁၉၇ |

| သီချင်းအချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|
| စုံတောလေမြိုင်ခြေ | တောဘွဲ့ယိုးဒယားသံဆန်း | ၁၉၇ |
| အရိမဒ္ဒနံပြည်ပေါ်ကြွ | မြန်သပြေညာလိုက်ရှင်မွန်လှဘွဲ့ | ၁၉၈ |
| လေပြေဆော်သွင်းမြူး | မြင်းတက် ယိုးဒယား | ၁၉၈ |
| ပျံကွန့်မြူးနှင်း | ॥ | ၁၉၉ |
| ယုန်ငွေနန်း | သာတင့်ဆုံးလိုက် | ၂၀၀ |
| လေး မွန်တီ မွန်စ | တလိုင်း သာချင်း | ၂၀၀ |
| သောင်းကျေးဒီပါသွေ့ | ဗိမ္ဗာ သားကျူးချင်း | ၂၀၁ |
| စိန်ခြယ်ခြူးသန်း | ပတ်ပျိုး | ၂၀၁ |
| ဆန်းနွေဦး လေရှူးဆော်ပြန်လာ | တောဘွဲ့ | ၂၀၂ |
| ညွှင်းလေကသွေး | ॥ | ၂၀၃ |
| ညို့ညို့ ဆိုင်းဆိုင်း | ॥ | ၂၀၃ |
| မဟီယင်ဘောင် သဲငွေသောင် | ပတ်ပျိုးချီ ယိုးဒယား | ၂၀၃ |
| မိုးလုံးပတ်လည် | သခ်ပတ္တယိုးဒယား | ၂၀၄ |
| သန်ကျွန်မိုးပေမို့ | ရာသီဘွဲ့ ဖေါ်ကွာဝေးလိုက် | ၂၀၄ |
| နန်းဘုံသီဟာသွေ့ | ကဗီ | ၂၀၅ |
| အောင် ဇေယတု | မင်္ဂလာသြဘာကဗီ | ၂၀၅ |
| သောင်းရွှေလယ် | အိမ်နှောင်ချိုး | ၂၀၆ |
| မြိုင်တန်းမှောင် ချောင်ရွှေဝါ | တောဘွဲ့ ယိုးဒယား | ၂၀၇ |
| တောဟောဝန်လယ် | ॥ | ၂၀၇ |
| ကန္တာတောခြေ | ॥ | ၂၀၇ |
| ပဗ္ဗတာ ဟေမဝန်တောင် | ဟိမဝန္တာဘွဲ့ ကရောင်း | ၂၀၈ |
| တောင်အဆင်းမှာလေလေ | တောတောင်ဘွဲ့ယိုးဒယားသံဆန်း | ၂၀၉ |
| တလိုင်းသံနှိုင်းစံပယ်ခွာ | တလိုင်းသံဟောင်း | ၂၀၉ |

## ဘောလယ်များ

| | | |
|---|---|---|
| နာဂဆဒ္ဒန် | မျက်မာန်တော်ပွား | ၂၁၁ |
| စိန်ခြူးကြာညောင် | မျှော်တော်ယောင် | ၂၁၁ |
| ရှုလဲသာထွေ | မင်းတုန်းမင်းသို့ဆက်ဘောလယ် | ၂၁၂ |
| ပုလဲမြိတ်စုံ | မျှော်တော်ယောင်တမျိုး | ၂၁၃ |
| ပဏ္ဍုသေလာ | မောင်ဘွဲ့ | ၂၁၃ |
| သင်းပျံ့အေးကြည် | မယ်ဘွဲ့ | ၂၁၄ |

| သီချင်းအချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|
| မိုးနတ်ဒေဝီ | မယ်ဘွဲ့စာထောင့် | ၂၁၄ |
| လွမ်းမျှော်ဘုရင် | အလွမ်း | ၂၁၅ |
| ပုလဲရယ်တဲ့ ရွှေဝတ်ရည် | ဘောလယ်သံပေါက် | ၂၁၆ |
| စုံစကြာ မြန်းစို့ ဖေ | လင်မူသီချင်း | ၂၁၆ |
| နန်းသူမယ် | လင်နွဲ့သီချင်း | ၂၁၇ |

## လွမ်းချင်းများ

| | | |
|---|---|---|
| အပွရာဇီဝယ်နှင့် | သတ္တဋ္ဌာနလွမ်းချင်း | ၂၁၈ |
| ကြည်မဝမွှေ့ ချင်ဘူး | နိဗ္ဗိန္ဒလွမ်းချင်း | ၂၁၈ |
| တောင်တလျှောက်မှာလ | တောဘွဲ့လွမ်းချင်း | ၂၁၈ |
| လာမေလိုက်ခဲ့တော့ | မန္တလေးဘွဲ့လွမ်းချင်း | ၂၁၉ |
| လာမေလှမ်းကြစို့ | ကုသိုလ်တော်လွမ်းချင်း | ၂၁၉ |
| ထပ်ထပ်သာစောတော့-စသော-<br>၁၂-ရာသီလွမ်းချင်း ၁၂-ပုဒ် | ရာသီဘွဲ့လွမ်းချင်းများ | ၂၂၀ |
| သက်သက်ပင်စိမ်းတော့မလ | အစိမ်းလွမ်းချင်း | ၂၂၃ |
| ရှုပ်အထွေးမှာတော့ | အရှုပ်လွမ်းချင်း | ၂၂၃ |
| မေတ္တာတော်တုံးပါလို့ | အမုန်းလွမ်းချင်း | ၂၂၃ |
| မချိနိုင်ခါးရန်ကော့ | အခါးလွမ်းချင်း | ၂၂၃ |
| မေတ္တာတော်နဲ့ရေ့ထင့် | အချဉ်လွမ်းချင်း | ၂၂၄ |

## ခွန်းထောက်များ

ငင်းခွန်းထောက် အမျိုးမျိုးများကို ၂၂၅ မှ ၂၂၉ အထိ
စာမျက်နှာတို့တွင်ကြည့်ပါ

## သဖြန်များ

ငင်းးသဖြန် အမျိုးမျိုးများကို ၂၃၀ မှ ၂၃၃ အထိ
စာမျက်နှာတို့တွင်ကြည့်ပါ

## သဖြန်ပုလဲပေါက်များ

ငင်းသဖြန်ပုလဲပေါက်များကို ၂၃၄ မှ ၂၃၈ အထိ
စာမျက်နှာတို့တွင်ကြည့်ပါ

| သီချင်းအချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|

## တေးထပ်များ

ဎင်းတေးထပ်အမျိုးမျိုးကို ၂၃၉ မှ ၂၅၅ အထိ
စာမျက်နှာတို့တွင်ကြည့်ပါ

## ရှစ်ဆယ်ပေါ်များ

ဎင်းရှစ်ဆယ်ပေါ်များကို ၂၅၆ မှ ၂၆၂ အထိ
စာမျက်နှာတို့တွင်ကြည့်ပါ

## ဒိန်းသံ ၊ ရေကင်းသံ ၊ နာဝါသံ ၊ လေ့တော်သံ ၊ စည်တော်သံနှင့် ကရင်ဩသံများ

| | | |
|---|---|---|
| သုံးရွှေမျှော့လယ် | ဒိန်းသံ | ၂၆၃ |
| ကန်ရွှေမြေယ်နှင့်သာ | ။ | ၂၆၃ |
| ဆယ်ဆယ်ရောင်ဖြာသည်နှင့်သာ | ။ | ၂၆၄ |
| မြန်မြန်နိုင်ငံပြည်ကြီး | ရေကင်းသံ | ၂၆၄ |
| မန်းမြစကြာ | နာဝါသံ | ၂၆၅ |
| ငွေရွှက်ကယ်မွှိုင်မွှိုင် | လေ့တော်သံ | ၂၆၇ |
| တိုင်းမိမိလာ | လှေသံတမျိုး | ၂၆၇ |
| အုံ့မှိုင်းငယ်ညို | တံငါလှေချင်း | ၂၆၈ |
| ထောင့်ကိုးဆယ်စွန်းပဥ္စ တွင်မှ | စည်တော်သံများ | ၂၆၈ |
| တကြောမှောင်ပြာ | ကရင်ဩသံ | ၂၇၄ |
| မြိုင်တန်းမှောင်ဝေ | ။ | ၂၇၅ |
| မှော်ရုံတောနက်မြိုင်မြိုင် | ရာမချီး-ဖျင်းချင် တောလားသီချင်း | ၂၇၅ |


မာတိကာ ပြီး၏

---

သီချင်းအစချီ-အက္ခရာစဉ်ညွှန်း မာတိကာ ကို စာအုပ်အဆုံးတွင်ကြည့်ပါ။

# မဟာဂီတပေါင်းချုပ်ကျမ်းကြီး ပြုစုရေးသားသော ဦးပြုံးချို၏ အတ္ထုပ္ပတ္တိစာတမ်း

ယခုခေတ်မြန်မာပြည်တွင် ထင်ပေါ်ကျော်ကြားနေကြသော တုရိယာ ဂီတ ပညာသည်ဟူသရွေ့နှင့် ဂီတပညာ လိုက်စားကြကုန်သော ဂီတသုတေသီ အပေါင်းတို့သည် ဂီတပညာကို လိုက်စားကြရာ၌ ဂီတမှုမှန် မှုကောင်းကို စံနစ်တကျ စိတ်ချရအောင် ကဏ္ဍအသီးသီး ပိုင်းခြားသတ်မှတ် ရေးသား စီရင်အပ်သော ဦးပြုံးချို၏မဟာဂီတပေါင်းချုပ်ကျမ်းကြီး ခေါ် ဂီတစာအုပ်ကို အခြေခံပြု၍ သင်ယူမှတ်သားလာကြရသူသာ များကြလေသည်၊ ထို့ကြောင့်လည်း ထက်အောက်မြန်မာနိုင်ငံတဝှန်းလုံးတွင် ဂီတစာအုပ်ဆိုလျှင် ဦးပြုံးချို၏ မဟာဂီတ စာအုပ်သာလျှင် လူကြိုက်အများဆုံး ဖြစ်ခဲ့လေသည်။

ဦးပြုံးချို၏ မဟာဂီတသည် မြန်မာပြည်တွင် အုပ်ရေပေါင်း (၁၀,၀၀၀) တသောင်းကျော် ထုတ်ဝေခဲ့ပြီးလေပြီ။

မြန်မာပြည်ရှိ မြောက်မြားလှစွာသော ဂီတနှင့် သဘင်ပညာသည်များကိုသာမက ဂီတတွင် အထုံဝါသနာပါကြကုန်သော အမျိုးကောင်းသား သမီးတို့အား ဦးပြုံးချိုသည် မဲဟာဂီတဟူသော ထွန်းပြောင်တောက်ပသည့် ဆီမီးတန်ဆောင်ဖြင့် လမ်းပြ၍ ကျေးဇူးပြုခဲ့သည့် အလျောက် ကျွန်ုပ်တို့သည် ဤမဟာဂီတပေါင်းချုပ်ကို ပဉ္စမအကြိမ်မြောက် သုတ်သင်ပြင်ဆင် ပုံနှိပ်ထုတ်ဝေရာ၌ မဟာဂီတ ဦးပြုံးချို၏ အကြောင်းကို တတ်နိုင်သမျှ ရေးသားဖေါ်ပြရန် တာဝန်ရှိခဲ့လေသည်။

ဦးပြုံးချိုသည် ၁၂၄၀ - ပြည့်နှစ်တွင် ကျိုက်လတ်မြို့၌ ဖွားမြင်ခဲ့၍ အဘ ဆရာစိ - အမိ ဒေါ်ထွေးတို့၏ သားကြီးသြရသ ဖြစ်လေသည်၊ ဦးပြုံးချိုကို ကျိုက်လတ်မြို့၌ဖွားမြင်ခဲ့၍ ကျိုက်လတ်သားဖြစ်သော်လည်း ဦးပြုံးချို၏ဘခင် ဆရာစိတို့၏မျိုးရိုးမှာ အကြေအရပ် မြစ်ဝကျွန်းပေါ်ဒေသမဟုတ်ခဲ့ပေ၊ အထက်မြန်မာပြည် သူကောင်းမျိုးရိုးမှ ဖြစ်ခဲ့လေသည်၊ ဦးပြုံးချို၏ ဘိုးဘေး ဘီဘင်များမှာ မြန်မာဘုရင်မင်းမြတ်များ၏ သူကောင်းပြုခြင်းခံရသူ မြို့စား ရွာစားများဖြစ်၍ ဗန့်ကျီ ဗန့်မော်စသော ဗန့်ကျီကိုးတိုက်ကို စားရသော ဗန့်ကျီဝန် ဦးရွှေရုပ်သည် ဦးပြုံးချို၏ ဘေးတော်လေသည်။

မြန်မာသကရစ် ၁၁၉၇-ခုနှစ် မတိုင်မီ ဖြစ်ပွားခဲ့သော သာယာဝတီမင်း အရေးတော်ပုံကြောင့် မြို့စား ရွာစား မင်းညီ မင်းသားများ ဘေးသင့်၍ ဂယောက်ဂယက်ဖြစ်နေစဉ် ဦးပြုံးချို၏ဘိုးဘေးများမှာ စုမိသမျှသောဆွေမျိုး အခြံရံများနှင့် ဧရာဝတီမြစ်ကြောင်းအတိုင်း လှေကြီးများစွာဖြင့်စုန်ဆင်းလာ ပြီးလျှင် ယခုအခါ ပန်းတနော်မြို့ တည်ရှိသော မြေနေရာတွင် ရွာတရွာတည် ထောင်၍ အေးချမ်းစွာ ရပ်ဖျောက်နေထိုင်လာခဲ့သော မျိုးရိုးမှ ဦးပြုံးချိုမှာ ဆင်းသက်ပေါ်ပေါက်ခဲ့လေသည်။

ဦးပြုံးချိုသည် ဂီတဖက်တွင် ပါရမီရင့်သန်လှသည့် အလျောက် ဆယ့် တနှစ်သားကပင် စာရေးဆရာ ဖြစ်ခဲ့လေသည်၊ ၁၆-နှစ်သား ပြည့်မြောက်သော အခါ စောင်းပညာကို မင်းပွဲသဘင်တွင် ထင်ပေါ်လောက်အောင် တတ်မြောက် ခဲ့လေပြီ၊ မြန်မာသကရစ် ၁၂၅၁ - ခုနှစ်လောက်တွင် မေးရိုက်မေးဝဲ သီချင်း သံများ အလွန်ခေတ်စားခဲ့၍ ဦးပြုံးချိုမှာ ဆယ့်တနှစ်သားမျှသာ ရှိသေးသော် လည်း ထိုမေးရိုက်မေးဝဲ သီချင်းရေးရာတွင် လူတိုင်းလက်ဖျားခါရသော စာရေး ဆရာကလေး တဦးပင် ဖြစ်ခဲ့လေသည်။

ဦးပြုံးချိုရေးသမျှသီချင်းများမှာ အပိုလုံးသိပ်မပါလှ၊ စကားလုံးတိုင်း အဓိပ္ပာယ်များ ပြည့်ဝနေသည့်ပြင် အထိအမိ အငြိမ့်ဦး ဦးပြုံးချို၏သီချင်းများကို အခြားစာရေးဆရာကြီးများ လိုက်၍မမှီခဲ့ပေ။

ဦးပြုံးချိုသည် ဘွင်းဘွင်းနှင့်ရှင်းရှင်း ပြောဆိုနေထိုင်တတ်သည့် အပြင် စိတ်လည်းအတော်တိုလေသည်၊ မခံချင်တတ်သော စိတ်မှာလည်း အတော်ပြင်း ထန်သဖြင့် ထိုကဲ့သို့ ထူးချွန်ပေါက်မြောက်သော ပညာရှိတယောက် ဖြစ်လာရ သည်ဟု တဖက်က ကျွန်ုပ်တို့ယူဆမိပေသည်၊ သို့သော်ပညာပါရမီရင့်ကျက်သူ တဦးဖြစ်သည်ကိုလည်း ကျွန်ုပ်တို့မငြင်းနိုင်ပေ။

ကျိုက်လတ် ဖျာပုံနယ်သို့ မြန်မာပြည်အရပ်ရပ်မှစာရေးဆရာနှင့် သဘင် ပညာသည်များ ရောက်ရှိလာတိုင်း ပြုံးချိုကလေးနှင့် ပညာပြိုင်ဆိုင် တိုက်ခိုက် ကြရသည်က များလေသည်။

ကျိုက်လတ်နယ် ဖျာပုံနယ်ရှိ သဘင်ပညာသည်များ, ကာလသားကြီး များကမူ ပြုံးချိုကို မတိုက်ရဲကြတော့ပေ၊ ပြုံးချိုကလေးသည် ကြာသပ တေးသား ဖြစ်သော်လည်း စိတ်အလွန်တိုကြောင်း အခြားသဘင်ပညာသည် ကာလသားကြီးများက သိထားကြသဖြင့် သူ့နိုင်ပေါက်ကိုဖေါ်၍ စာပြောင် ပြီး စာချိုးကြသည်မှာ-

**အမိုက်ကယ်တည်၊ ဆရာစီသား၊ နာမယ်ပြုံးချိုမှဲ့တယ်၊ သင်းကိုယ်ပေါက်ကြီး** ဟု ပြောင်လှောင်စပ်ဆိုထားကြလေသည်၊ ဦးပြုံးချိုမှာ ထိုစဉ်က ဖြူဖြူတုတ်တုတ် ဝဝဖြစ်၍ စိတ်အလွန်တိုတတ်ပြီးလျှင် ခါးဆောက်ကမ်းလုပ်တတ်သည်ဟု အပေါင်းအသင်းများ ကာလသားကြီးများက ယူဆထားကြ လေသည်။

ဦးပြုံးချိုသည် စာပေပညာဖက်၌သာ ထူးချွန်သေးသည်မဟုတ်၊အသက်မွေးဝမ်းကျောင်းပညာများ၌လည်း သူမတူအောင် ထူးချွန်စွာ တတ်မြောက်လေသည်၊ အသက် ၁၃ - နှစ်သားလောက်ကစ၍ မိဘနှင့်အတူမနေပဲ ကိုယ့်ဒူးကိုယ်ချွန် သဘောမျိုးဖြင့် ကွမ်းခြံကုန်းမြို့နှင့်အခြားမြို့ရွာများသို့ သွားရောက်နေထိုင်၍ ပညာများကို ရှာမှီးဆည်းပူးခဲ့လေသည်။

ဦးပြုံးချိုသည် ပန်းချီကောင်းစွာရေးဆွဲတတ်၏၊ သူကိုယ်တိုင် ဦးစီး၍ ထောင်သော ဇာတ်ပွဲများတွင် နန်းတော်ကား, မြို့ရိုးကား, တောကား, တောင်ကားမှန်သမျှကို သူကိုယ်တိုင် ပန်းချီဆရာလုပ်၍ ရေးဆွဲတပ်ဆင်ခဲ့လေသည်။

ပန်းချီပညာသာမဟုတ်သေး၊ ပန်းပု, ပန်းဘဲအတတ်ကိုလည်း တတ်ပေသေးသည်၊ သံထည်များ ပန်းဖောက်သော လုပ်ငန်းတွင် လက်စွမ်းအလွန်ထက်လှကြောင်း လူတိုင်းသိပြီးဖြစ်လေသည်၊ ထို့ထက် အံ့သြဖွယ် ကောင်းသော ပညာတရပ်မှာ အင်ဂျင်နီယာပညာကို ဝါသနာပါခြင်းပင် ဖြစ်လေသည်။

ဦးပြုံးချို အသက်-၂၀ ကျော် အစိတ်ခန့်က ဂျပန်ပြည်မှရောင်းချသော ဆလင်ဒါ တလုံးထိုး မီးသင်္ဘောကလေးများ, သံပတ် သင်္ဘောကလေးများ မြန်မာပြည်တွင်မရှိချေ၊ ဤသို့နမူနာအဖြစ်ကြည့်ရန် ပစ္စည်းမရှိပါပဲးလျက် အလျားလေးပေ,ငါးပေခန့်ရှိသော မီးသင်္ဘောကိုတည်ဆောက်ရာ ကျိုက်လတ်မြို့သို့ရောက်ရှိလာသော မျက်နှာဖြူအရေးပိုင် မေဂျာမက္ကဆွဲက ဆရာကိုပြုံးချိုမှာ အင်ဂျင်နီယာလက်မှတ် ရှိသလားဟုမေးရာ ဦးပြုံးချိုက လက်မှတ်မရှိပါ သင်ပေးသောဆရာလည်းမရှိပါ၊ သို့ရာတွင် ရေဝတီတွင် မီးသင်္ဘောမောင်းသောသင်္ဘောသူကြီးမှာ ကျွန်တော်နှင့် အလွန်ချစ်ခင်သဖြင့် ရေဝတီမီးသင်္ဘောကြီး စက်ဝမ်းထဲသို့ ဝင်၍ ၃-ကြိမ်လောက်ကြည့်ဘူးပါသဖြင့် ယခုလို လုပ်တတ်ပါသည်ဟု ပြန်လှန်ပြောဆိုခဲ့လေသည်၊ နောင်ကို မလုပ်ပါနဲ့ အဖမ်းခံရလိမ့်မယ်၊ ဒီသင်္ဘောလဲ ကျွန်ုပ်ကိုလက်ဆောင်ပေးပါဟု တောင်းယူပြီးလျှင် လဖက်ရည်ဖိုးဟုဆို၍ ငွေ-၅၀ိ ပေးခဲ့ဘူးလေသည်။

ဦးပြုံးချို၏ ဝါဒမှာ **‘ဥစ္စာရှာ မာန်သာနှိမ့်ချထား၊ ပညာရှာ ပမာသူဖုန်းစား’** ဟူသော ဝါဒသမားပင်ဖြစ်လေသည်၊ ပညာရှာရာ၌ သူဖုန်းစား(ဝါ)

သူတောင်းစားများစွဲကိုင်သောခွက်သို့ ဟင်း, ထမင်း, ငပိရည်မရွေး အားလုံး စုပေါင်းခံယူသကဲ့သို့ ဦးပြုံးချိုသည် ပညာရှာရာ၌ အယုတ် အလတ် အမြတ် မရွေးဘဲ ရှာဖွေဆည်းပူးခဲ့သည်။

ကမ်းနားတွင် သေလောက်ပိုက်ထိုးနေသော ခေါ်တောကုလား အနီးသို့ကပ်၍ ငွေတကျပ်ပေးပြီးလျှင် ငါးဖမ်းသော ပိုက်ကွန်ထိုးတတ်အောင် သင်ယူလေသည်၊ ယုတ်စွအဆုံး နိုင်ငံတော်အစိုးရက ခွင့်မပြုသော ငွေဒင်္ဂါးအတုသွန်းလုပ်သောပညာကိုပင်ရအောင်သင်ယူခဲ့၍ ကျိုက်လတ်သို့ရောက်ရှိလာသော မြို့ပိုင်တဦးအားလုပ်ပြရာ မြို့ပိုင်မှာလက်ဖျားခါ၍ မျက်လုံးပြူး သွားရဘူးလေသည်၊ ထိုအကြောင်းကို ဖျာပုံအရေးပိုင် ကျက်သရေဆောင် ရွှေစလွယ်ရမင်းဦးငွေကိုင် ကြားသိသောအခါ အိမ်သို့ခေါ်၍ "ငါ့ညီ ဥပဒေနဲ့ မကင်းတဲ့အလုပ်များ မလုပ်ပါနဲ့"ဟုဆုံးမရာ ပညာအဖြစ်သာ သင်ယူထားပါသည်၊ တသက်ပန် မလုပ်ပါဟု ကတိပြုခဲ့ဘူးလေသည်၊ ဦးပြုံးချိုသည် ပညာရှာရာ၌ ထိုမျှစုံလှလေသည်။

ထိုမျှ စုံလှသောကြောင့်လည်း တခါက သေမတတ် ဖြစ်ဘူးခဲ့လေပြီ၊ ဦးပြုံးချိုသည်မီးကျည်,မီးပန်း,ဗျောက်အိုး,ပေထုပ်စသောလုပ်ငန်းတို့ကို အထူးတတ်ကျွမ်းလှလေရာ တောရွာဘုန်းကြီးပြန် ပွဲတော်များအတွက် လုပ်ကိုင်၍ ပေးတတ်လေသည်၊၁၉၁၅-ခုနှစ် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားနေစဉ်ဘုန်းကြီးပြန်များ၌ အသုံးပြုသော ပေထုပ်ပြုလုပ်ရန် ပေါ်တက်ဆေးမှုန့်မှာ အစိုးရစစ်ဖက်မှ လိုင်စင်ထုတ်ပေးသူများသာ ဝယ်ယူနိုင်ကြသဖြင့် လူတိုင်းတွင်မရှိပေ၊ ထိုစဉ်၌ ဖျာပုံအပိုင် သမိတ်ထောရွာ၌ ဘုန်းကြီးပြန်ပွဲတော်ကြီးဖြစ်လေရာ ပေထုပ်အတွက် ဒုက္ခတွေ့ကြရလေသည်။

ဦးပြုံးချိုသည် ထိုစဉ်အခါက ဆေးဆရာအဖြစ် ဆေးကုသသော အလုပ်ကိုလည်း တဖက်က လုပ်ကိုင်နေလေရာ ဆေးဖော်ရန် ပေါ်တက်များ ဝယ်ပြီးရှိလေသဖြင့် ပေထုပ်တထုပ်လျှင် ငါးကျပ် နှုန်းဖြင့် လုပ်ကိုင်ပေးလေသည်၊ ဤသို့ လုပ်ကိုင်ပေးနေစဉ် တနေ့သောအခါ ကျောက်ပျဉ်တွင် တပုံစီတင်ထားသော ယမ်း, ဆေးဒန်း, ကန့်, ပေါ်တက်စသော ဆေးမှုန့်များကို နှီးကြောဖြင့် မေ့လျော့၍ ခြစ်မိရာ ကြီးစွာသော အသံဖြင့် ပေါက်ကွဲပြီးလျှင် လူတကိုယ်လုံး မီးလောင်ခံလိုက်ရဘူးလေသည်၊ သို့ကြောင့် ဦးပြုံးချိုက ဘိုကလေးမြို့တွင် ရှိသော အမိန့်တော်ရရွှေနေ ဦးဘဦးနှင့် မိတ်သင်္ဂဟများဖြစ်သော တရုပ်သူဌေးများနှင့် မြို့ပိုင်ဦးဘသို့ ပေးပို့သော မေတ္တာစာ တပုဒ်တွင်........ "ကြောက်ချင်စရာအတတ် အသဲထိတ်စရာမကြာ၊ ငရဲနိမိတ်ပြတာ မီးအလျှံထပြီး၊ အနီးမှန်သမျှ အပြေးလောင်၊ ခလေးနှစ်ကောင်မလဲ ပက်လက်လဲ၊ အမွေးအတောင်လဲ

တက်တက်မွဲ၊ အသွေးအရောင်က ဒက်ဒယက်သူရဲ၊ မျက်ခွက်မဲလို့ ချေါ်ပြုံး၊ တကိုယ်လုံးအဖူးထ၊ ဘီလူးဘဝတဖန်ပြောင်းပြီး၊ ရန်မကောင်းတွေ ဗလဝစုပြန်၊ အကုသလံ ဓမ္မပဋိစ္စ၊ အမှန်စိတ်ချ၍ တရားနဲ့ညည်းတုန်း၊ မယားဇနီးကကျယ်စွာငို၊ သားသမီးက ကယ်ပါဆို၊ အနားအနီး လယ်ယာတခိုတို့က၊ ဘယ်ဟာလိုသလဲလို့ ဆောစွာမေး၊ ဩသဓာဆေးနဲ့ ချက်ခြင်းသတ်၊ မျက်စဉ်းခတ်လို့ အုန်းရေပေးတော့မှ နလုံးအနေအေးပြီး ချမ်းသာမည့်ဒုက္ခေ နန်းဇာတိရပ်ရေ နဂိုအသွေးကောင်းအောင်၊ ဘိုကလေးပြောင်းကာ အထူးဘဝကူးဖို့၊ ဦးဘဦးသမာဒေဝက၊ ထာဝရေ မ,ဖို့အရင်းအမြစ်အရာရာတို့ကို၊ ကျွန်ုပ်မောင်ပြုံးချိုကသတင်းမေတ္တာစာ ပေးပို့လိုက်ပါသည်”

ဟုရေးသားပေးလိုက်ရာ ဦးဘဦး, မြို့ပိုင်ဦးဘနှင့် တရုပ်သူဌေးဦးထော်နီအစရှိသော မိတ်သင်္ဂဟများမှာ မျက်ရည်မကျဘဲ မနေနိုင် ဖြစ်သွားကြရလေသည်၊ ချက်ခြင်းပင် သူဌေးဦးထော်နီပိုင် မော်တော်ကြီးတွင် သမ္မန်ကြီးများတွဲ၍ ဦးပြုံးချို၏ လယ်မြေရှိရာ ပတက်သပြု ချောင်းသို့ လာရောက်ခေါ်ယူပြီးလျှင် အဖိုးအတန်ဆုံးသောဆေးဝါးများဖြင့် ဝိုင်းဝန်းကုသ၍ပျောက်ကင်းခဲ့ရလေသည်။

ပထမ ကမ္ဘာစစ်ကြီးပြီးခါနီး ၁၉၁၇-ခုနှစ်လောက်တွင် စစ်စရိတ်အတွက် စပါးယို့ရှာ ဦးဘရှင်ထောင်သော ဇာတ်အဖွဲ့တွင် ဦးပြုံးချိုမှာ အုပ်ချုပ်သူဇာတ်ဆရာအဖြစ် လိုက်ပါ၍ နေရလေသည်။

ထိုအချိန်၌ ရန်ကုန်မြို့တွင် ပညာအလင်း သတင်းစာသည် အတော်လူကြိုက်များ၍ ထင်ပေါ်သော သတင်းစာဖြစ်သဖြင့် တိုက်ရှင်သူဌေး ဦးတင်နှင့်သူဌေးကတော် ဒေါ်ဆင့်တို့မှာ အလွန်စီးပွားတက်နေသော အချိန်အခါဖြစ်လေသည်၊ အယ်ဒီတာဌာနကို လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက ကြီးမှူး၍ ခေတ်ကာလ စာပေဖက်တွင် ဆရာကြီးပီမိုးနင်း, မြို့ပိုင်လူထွက် ဆရာရှိန်း, ဆရာရွှေ, ဦးပုကြီး (ကွယ်လွန်သူလန်ဒန်အတ်ဒါရိုက်တာ), ဦးပုကလေး (ကွယ်လွန်သူဝန်ကြီးချုပ်၏အပါးတော်မြဲ သတင်းအရာရှိ), ကိုဘိုးချိန်, ကိုဘသောင်းစသောအယ်ဒီတာအဖွဲ့ဝင်များ ဖြစ်ကြပေသည်။

သူဌေးကတော်ဒေါ်ဆင့်မှာ ဘာသာရေးကို အလွန်ကိုင်းရှိုင်း ကြည်ညိုသူဖြစ်၍ လယ်တီဆရာတော်ဘုရားကြီး၏ဩဝါဒအရ လိုက်နာကျင့်သုံးပြီးလျှင် သံခိပ်ကမ္မာရီအသင်းများ တည်ထောင်ပြုစုသော အသင်းခေါင်းဆောင်တဦးလည်း ဖြစ်ပေသည်၊ ပညာအလင်း သတင်းစာတိုက်အပေါ်တွင် နေ့စဉ်လိုပင်ရဟန်းပညာတတ်, လူပညာတတ်များ အမြဲမပြတ် စုဝေး ဆွေးနွေးလျက် ရှိကြ

သောဟူ၏၊ တနေ့သော် ဆရာတော်ဘုရားကြီးများစုံညီခိုက် အဘိခမ္မာ တရား စကားသို့ ရောက်ရှိသွားလေရာ အယ်ဒီတာ တဦးက ဓမ္မဂီတချိုး တေးဘူမှာ သီချင်းကို ဆို၍ပြမိသဖြင့် ဆရာတော်ဘုရားကြီးက "ဟဲ့-ဒီသီချင်းဘယ်သူရေး တာလဲဟ" ဟု မေးမြန်းတော်မူသည်၊ "ကျိုက်လတ်မြို့က ဆရာဦးပြုံးချိုပါ ဘုရား" ဟု ပြန်လည်လျှောက်ထားကြ၏၊ "ဟဲ့-ဒီလူကို ရအောင်ခေါ်ပြီး မင်းတို့ သတင်းစာတိုက်မှာ အသုံးပြုကြ၊ ဒီလိုစွယ်စုံတတ်တဲ့ လူမျိုး တခေါင်းမှာ တယောက်မရှိဘူးဟ" ဟု မိန့်တော်မူဘူးလေသည်။

ဤသို့ဖြင့် ဦးပြုံးချိုမှာ ရန်ကုန်သို့ရောက်၍ ပညာအလင်း သတင်းစာ တိုက်တွင် အယ်ဒီတာဖြစ်ရလေသည်။

ပညာအလင်း သတင်းစာတွင် 'စိန္တာသက္က' ဟူသော ကလောင်နာမည်ဖြင့် အထူးကျော်ကြား၏၊ ထိုနောက် မြန်မာ့အလင်းသတင်းစာတိုက်သို့ ကူးပြောင်း လုပ်ကိုင်သောအခါ မြန်မာ့အလင်း သတင်းစာတွင် 'ဘိုးမင်းကျော်' 'အရှုး တော်နေဒွန်း' စသောကလောင်နာမည်များဖြင့်အထူးလူကြိုက်များလာပြီးလျှင် ကျော်ကြားလာခဲ့လေသည်၊ မြန်မာ့အလင်းတွင် လုပ်ကိုင်နေစဉ် အောင်ဇေ ယျတု ဆေးတိုက်ရှင် ဦးဘိုးဘနှင့်အတူ ကျိုက်ထီးရိုး ဘုရားသို့ ဘုရားဖူးသွားပြီး အပြန်တွင် ကျိုက်ထီးရိုးနတ်လမ်းညွှန်ဟူသော စာအုပ်တအုပ်ကို ရေးသားထုတ် ဝေရာ လူကြိုက်အလွန်များခဲ့သည်၊ ထိုစာအုပ်တွင် ရန်ကုန်ဘူတာနှင့် ကျိုက်ထို ဘူတာအကြားရှိ မီးရထားဆိုက်ကပ်သမျှ မြို့များပါဝင်ပြီးလျှင် ကျိုက်ထို ဘူ တာမှ ကျိုက်ထီးရိုးဘုရားပေါ် အရောက် မည်ကဲ့သို့သွားလာရသည်ကို ရေးသား ထားလေသည်၊ သိမှတ်စရာ အကြောင်း အများပါရှိသည့်အပြင် စာဖတ်ပရိ သတ် မပျင်းစေရန် တဝါးဝါးနှင့် ရယ်ရအောင် အကွက်အလက်များလည်း ထည့်သွင်း ရေးသားထားလေသည်။

မြန်မာ့အလင်းမှတဖန် သမဝါယမ ဝန်ထောက်မင်း ဦးငြိမ်း၏မောရဝတီ သတင်းစာတိုက်သို့ ရောက်ရှိ လုပ်ကိုင်ပြန်လေသည်၊ ၎င်းပုံနှိပ်တိုက်မှ ထုတ်ဝေ သော မြန်မာ့ရီဗျူးဂျာနယ်တွင်လည်း အယ်ဒီတာအဖြစ် ရေးသားလေသည်။

ထိုနောက် ဖ-ဆ-ပ-လ အစိုးရလက်ထက်တွင် ပညာရေးဌာန ဝန်ကြီးဖြစ် နေသော မစ္စတာ အေရစ်ဗား ခေါ် ဦးသန်းအောင်၏ ဇနီး မရိုစီ၏ အစ်ကို ကြီးတဦးဖြစ်သူ စုံထောက်လူထွက် ဦးဟန်သိန်း ထုတ်ဝေသော ဝါဏိဇ္ဇခေါ် သတင်းစာတွင် အယ်ဒီတာအဖြစ် လုပ်ကိုင်ပြန်လေသည်။

ဤသို့ လုပ်ကိုင်နေစဉ် ရန်ကုန်မြို့ ၅၁-လမ်းတွင် ဖွင့်လှစ်ထားသော အ မျိုးသားပုံနှိပ်တိုက်ပိုင်ရှင် ဦးမြင့် ( ယခု နေရှင်နယ် ဦးမြင့်ခေါ်ကြသည် ) ၏

တိုက်တွန်းချက်အရ ဤ မဟာဂီတပေါင်းချုပ်ကျမ်းကြီး ကို ပြုစုစီရင်သည်၊ ထိုပုံနှိပ်တိုက်တွင်ပင် ပထမအကြိမ် ၃,၀၀၀-ကျော် ရိုက်နှိပ် ထုတ်ဝေခဲ့လေသည်။

ဤအချိန်တွင်ပင် ရန်ကုန်ယူနီဗာစီတီတက္ကသိုလ်တွင် ရာဇဝင် ကထိကတဦး ခန့်ထားရန်လိုနေလေရာ မြန်မာစာ ပရိုဖက်ဆာဘဦးဖြစ်သူ တက္ကသိုလ်ဆရာပွားက ဦးပြုံးချိုအား ရာဇဝင် ကထိကအဖြစ် ဝင်ရောက်လုပ်ကိုင်ရန် တိုက်တွန်းလေသည်၊ ဦးပြုံးချိုကား နိုင်ငံရေးသမား ခေါင်းဆောင်ကြီးများ ဖြစ်ကြသော ဦးဘဘေ, ဝတ်လုံတော်ရ ဦးသင်းမောင်, ဦးဘစီ, မြန်မာ့အလင်းတိုက်ရှင် (တိုက်ပိုင်ဟောင်း ဦးမောင်မောင်ကြီး) စသောလူကြီးများနှင့် လက်ပွန်းတတီး နိုင်ငံရေးများကိုဝင်ရောက်လုပ်ကိုင်နေသဖြင့် ထိုစဉ်အခါက စက်ဆုပ်နေသောအစိုးရလခစားကို ဝင်ရောက်လုပ်ကိုင်ရန် ငြင်းဆန်ခဲ့လေသည်၊ သို့သော်ဆရာပွားအား ချစ်ခင်သည့်အလျောက် တက္ကသိုလ်မှကပြသော ဒေဝကုမ္ဘန်ပြဇာတ်တွင် သင်ကြားပြသပေးရလေသည်၊ ထိုစဉ်အခါကဝင်ရောက်ကပြသော တက္ကသိုလ်ကျောင်းသား ကျောင်းသူ တပည့်ကြီးများအနက် နာမည်ကျော် ဒေါက်တာသိန်းနှင့် ဆရာမကြီး ဒေါ်စီ,ဘီ-အေ တို့လည်း ပါဝင်ခဲ့လေသည်။

ထိုနောက် သူရိယ သတင်းစာတိုက်တွင် မြန်မာဖက်ဆိုင်ရာ ပညာယိုဆရာလွန်း (ယခုအခေါ် သခင်ကိုယ်တော်မှိုင်း)သည် အလုပ်မှနုတ်ထွက်သွားလေရာ ထိုနေရာသို့ ဦးပြုံးချိုဝင်ရောက် လုပ်ကိုင်ရလေသည်။

သူရိယတွင်ရေးသားနေစဉ် ကစားနည်းအမျိုးမျိုးကျမ်းနှင့် နေ၏လိမ်နည်းအမျိုးမျိုးကို ရေးသားပြီးစီး၍ မဟာဂီတတ္တဒီပနီကျမ်း ကိုလည်း စတင်ရေးသား နေပေပြီ၊ သို့သော် ကွယ်လွန်သောအခါ ထိုကျမ်းမှာ တပိုင်းတစမျှသာ ဖြစ်ချေသည်၊ မောင်နေ၏ လိမ်နည်းအမျိုးမျိုးမှာ စာအုပ်အဖြစ်ဖြင့် ၂-ကြိမ်တိုင်တိုင် ရိုက်နှိပ်ရပြီးလျှင် သူရိယ ရုပ်စုံတွင် နံပါတ်-၃၂ ကစ၍ အပတ်စဉ် ရေးသားထည့်သွင်းခဲ့လေရာ လူကြိုက်အလွန်များလှလေသည်။

ဗန္ဓုလဦးစိန် ထုတ်ဝေသော ဗန္ဓုလဂျာနယ်တွင် ထည့်သွင်းဖော်ပြခဲ့ဘူးသော မြန်မာတပြည်လုံး ရတုပိုဒ်စုံပြိုင်ပွဲဘွင် မြန်မာပြည် ခရိုင်ဝန်ရှင်တော်မင်းကြီးဟောင်း မစ္စတာ ဘာနတ်ဟောက်တန်၏ ပထမဆုကိုလည်း ဦးပြုံးချိုသည် ရရှိခဲ့လေသည်၊ ထိုရတုကိုဖတ်လျှင် လောက(ဆု)ဖြင့် အဖိုးဖြတ်၍မဖြစ်နိုင်သောရတုဖြစ်သည်ကို ဖတ်ဘူးသူ ရှင် လူ ရဟန်းတို့ သိရှိကြပြီး ဖြစ်လေသည်။

လက်ဝဲသုန္ဒရသည် မဲဇာတောင်ခြေချီရတုကို ရေးသဖြင့် ရာထူးနှင့် စည်းစိမ်ကို ပြန်လည် ရရှိဘူးသကဲ့သို့ ဦးပြုံးချိုမှာ သီချင်း သို့မဟုတ် လင်္ကာရတု တပိုဒ်စ တပိုဒ်စကြောင့် ငွေအမြောက်အမြားရခြင်း အိမ်ရခြင်း မင်းစိုး ရာဇာများထံမှ အကူအညီရခြင်း တေးဘုမ္မာ တပုဒ်ကြောင့် အလုပ်အကိုင်ကောင်းရရှိမှုမက မြန်မာပြည်တွင် အထူး ကျော်ကြားသော ဘဝကို ရရှိလေသည်၊ ဦးပြုံးချိုအကြောင်းနှင့် ဦးပြုံးချိုရေးသော သီချင်းများ ဖြစ်ပေါ်လာရပုံအကြောင်းကို ရေးသားရလျှင် ဤ မဟာဂီတပေါင်းချုပ်ကျမ်း အရွယ်ဖြင့် စာမျက်နှာ-၂,၀၀၀ ခန့် ထွက်မည်ဖြစ်ရာ အုံ့ဩစရာ ဝမ်းမြောက်စရာ သနားစရာများမှာ ဖတ်ရှု၍အားမရနိုင်လောက်အောင် ပါဝင်လိမ့်မည်ဖြစ်ပေသည်၊ တတ်နိုင်လျှင် တနေ့သောအခါ၌ ဦးပြုံးချိုနှင့် ဦးပြုံးချိုရေး ကဗျာများ ဟူသော ကျမ်းတအုပ် ထုတ်ဝေနိုင်လိမ့်မည်ဟု မြော်လင့်ရပေသည်။

ဦးပြုံးချိုနှင့်ဇနီး ဒေါ်သော်တို့တွင် သားသမီးစုစုပေါင်း ၁၁-ယောက်ထွန်းကားသည့်အနက် ၆-ယောက်မှာ ကွယ်လွန်သွားကြ၍ ယနေ့တိုင် ကျန်ရှိနေသော မောင်နှမ ၅ - ဦးတို့မှာ ၁ - ဒေါ်တင့်တင့်၊ (ထွန်းတင့်နွယ် တူရိယာ ကျောင်း)၊ ၂ - ဦးလှမောင် (ဇော်ပုံနှိပ်တိုက်) ၃ - ဦးစံအောင်၊ ၄ - ဒေါ်ဆင့်၊ ၅-ကိုလှဖေတို့ ဖြစ်ပေသည်။

မြန်မာ သကရစ် ၁၂၄၇ - ခုနှစ် မြန်မာဘုရင်မင်းမြတ် အင်္ဂလိပ်များက နန်းချပြီး အုပ်စိုးလာသည့် နှစ်မှစ၍ ၁၂၇၉-ခုနှစ် ဆရာကြီး ဦးပြုံးချို ကွယ်လွန်အနိစ္စရောက်သောနှစ်အထိ နှစ်ပေါင်း-၄၀ ကျော်အတွင်း ဤသို့ ပညာစွယ်စုံ တတ်သော ပညာရှိ ပုဂ္ဂိုလ်မျိုးမှာ ဤတယောက်မျှသာ ကျွန်ုပ်တို့တွေ့ဘူးရာ ထိုမျှ အဖိုးတန်သော ဆရာကြီးတဆူ ကွယ်လွန်အနိစ္စ ရောက်ရှိ သွားခြင်းမှာ မြန်မာပြည်နှင့် မြန်မာလူမျိုးများအတွက် ဆုံးရှုံးခြင်း တရပ်ဖြစ်၍ အထူးဝမ်းနည်းဖွယ် ကောင်းလှပေသည်။

ဆရာကြီး ဦးပြုံးချိုသည်၁၂၄၀-ပြည့်နှစ်တွင်ဖွားမြင်၍ ၁၂၇၉-ခု၊တော်သလင်းလဆန်း ၄-ရက် ဗုဒ္ဓဟူးနေ့ ညဥ့်အချိန် ဗိုလ်တထောင် ၆၁-လမ်း၊ အိမ်အမှတ် ၂၅ တွင် ကွယ်လွန် အနိစ္စ ရောက်သွားရာ အသက်အရွယ်-၅၀ ခန့်နှင့် ကွယ်လွန်သွားရခြင်းဖြစ်သဖြင့် ပိုမိုဝမ်းနည်းဖွယ် ဖြစ်ရပေကြောင်း။

---

# နိဒါန်း

ခပ်သိမ်းသော ကဝိအပေါင်းတို့၏ ဥသျှောင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ ရွှေစက်တော်နှစ်ပြင်ကို ဦးထိပ်ရွက်ဆင် ကြည်လင်မြတ်နိုး ရှိခိုး ပြီး၍ ဤ **မဟာဂီတပေါင်းချုပ်** မည်သော ကျမ်းကို ကြိုးပမ်း အားထုတ်ရခြင်း အကြောင်းကိုကောင်းစွာမြွက်ကြားပါဦးအံ့။ ။

၎င်းမဟာဂီတ သောတာလင်္ကာရ ပညာသည် ရှေးမြန်မာဘုရင် အရှင်နေမင်းတို့ ထွန်းလင်းတောက်ပသော ကာလအခါတွင် ပညာစွယ်စုံ အမှန်ရင့်ပြီး ကဝိကြီးအများ မင်းသား မင်းသမီး မှူးကြီးမတ်ရာ စသောပုဂ္ဂိုလ်တို့ ဖွဲ့ဆိုသီကုံးပြီးကာ သာယာစွာ သီနည်း, ဆိုနည်း, တီးကွက်, စည်းချက်တို့ဖြင့် လေးနက်သော အဓိပ္ပာယ်များကို နောက်သားတို့ ဥာဏ်မမှီသဖြင့် အဆင့်ဆင့် ကူးယူဖန်များ၍ အမှားအယွင်းများစွာ အက္ခရာ မမှန်ခြင်း မေ့ပျောက်ကွယ်ပ တပိုဒ်ကျ နှစ်ပိုဒ်ကျတို့ဖြင့်သာ မှတ်သား ထားကြပြီးလျှင် သဘင်သည်များတို့သည် နည်းပါးသောပညာဖြင့် ရောက်တတ်ရာရာ ရေးကူးလျက် တဦးနှင့်တဦးမတူ မူအမျိုးမျိုး ကွဲပြားပြီးကာ သူ့ဟာအမှန် ငါ့ဟာအမှန်ဟု ဂုဏ်မာန်ပလွှားလျက်သာ ရှိကြလေကုန်၏။

ထို့ပြင်တဖြာ ဤသောတာလင်္ကာရပညာကို ကောင်းစွာ မလေ့ကျက်ဘူးသောသူများသည် အမှားအမှန်ကို ဘာမျှမသိ မိမိစီးပွားဖြစ်ဖို့လောက်ကိုသာ အားထုတ်သော လောဘဖြင့် ထိုမှဤမှ ကောက်ကာရ ကူးယူစုဆောင်းထားသော သီချင်းကြီးများကို စည်းကမ်းမရှိ အရောရော အနှောနှော ဂီတစာအုပ်ဟု ပြုလုပ်ပုံရိုက် ရောင်းချကြကုန်၏၊ ၎င်းတို့စာအုပ်များတွင် သီချင်းသား မူတင်ရင်းက မှားယွင်းလွဲချော်သည့်အပေါ်မှာ ပုံနှိပ်တိုက် စာလုံးစီသမားတို့နှင့် စာပြင်ဆရာတို့ညံ့ဖျင်း၍ လွန်စွာပျက်စီးလျက် နေကြသည်ကို အခါခါတွေ့ရှိရပေ၏၊ ထိုသို့ ရှေးပညာရှိ ကဝိပုဂ္ဂိုလ်တို့၏ အာဘော်၊ တော်ဝင်မင်းသုံးဖြစ်သော သီချင်းကြီးများကို နောက်သား သုတေသနတို့ ကျနမှန်ကန်စွာ မှတ်သားစေလိုသော ဆန္ဒအာသီသရှိလှသည့်အတိုင်း လွန်ခဲ့သော အနှစ် - ၂၀ လောက်ကစ၍ တစတစ ပညာရှိများနှင့် တကွ စိစစ်ဆွေးနွေးပြီးကာ မှန်ရာမှန်ကြောင်းဖြင့် နှိုင်းညှိသုတ်သင်လျက် မူတင်၍လာခဲ့ရာ ယခုအခါ ဤ **မဟာဂီတပေါင်းချုပ်** မည်သောကျမ်းကို ကြိုးပမ်း၍ ပုံနှိပ်လုပ်ဆောင်နိုင်ခဲ့ပါကြောင်း။

ဌင်းကျမ်းကို ပုံနှိပ် ထုတ်ဝေရန်ကိုလည်း ၁၂၇၅-ခု ဝါဆိုလလောက်က မန္တလေး ရတနာပုံ နေပြည်တော်သို့ သွားရောက်ပြီးကာ အမှားအယွင်းများ မကင်းသေးလျှင် နုတ်ပယ်လျက် အမှန်ရောက်ကြောင်း ကောင်းစွာ ပြင်ဆင်ပေးတော်မူပါဟု တောင်းပန်သဖြင့် ပဌမ သင်္ဂါယနာတင် ဘုရင်မင်းတုန်းဘုရားနှင့် သားတော်သီပေါအရှင် ဘုရင်မင်း နှစ်ဆက်တိုင်တိုင် ဤသောတာလင်္ကာရ ဝါဒိတပညာဖြင့် အသုံးတော်ခံခဲ့ဘူးသော ဒေဝဣန္ဒာဘွဲ့ခံ ဘုန်းတော်ကြီးကိုယ်တိုင်သုတ်သင်ပြင်ဆင်ပေးတော်မူခြင်း ထို့မှတပါး ယုံမှားသံသယရှိသော ပုဒ်ဝါကျအဓိပ္ပာယ်တို့ကို ပညာရှိအုပ် ဝက်မစွတ်ဝန်မင်း ဘုရားကြီးထံတော်သို့ သွားရောက်လျှောက်မေးခြင်း ထို့မှတပါး ထိုသုံးနန်းသုံးရှေးထုံးအစီအစဉ်တို့ကို ပြင်ဆင်နိုင်သမျှ ပြင်ဆင်တော်မူကြပါဟု ပညာရှိ ဦးကျော်ရန်, ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးကိုပြုပြင်ပုံနှိပ်သူ ဝန်ထောက်မင်း အေ-တီ-အမ် ဦးတင် (၂)စသော ပညာယှိ ပုဂ္ဂိုလ်ကြီးများနှင့် ဆွေးနွေးမေးလျှောက်ပြီးခါ များစွာ စရိတ်စက အကုန်ခံလျက် အမှန်ကိုရောက်အောင် ရှက်ဆောင် ကြိုးပမ်းပြီးလျှင် ဤ**မဟာဂီတပေါင်းချုပ်** ကျမ်းစာကို အက္ခရာမတိမ်း မယိမ်းအောင် ပြင်ဆင်၍ စက်တင်ပုံရိုက်ပါကြောင်း။

ဌင်း **ဂီတပေါင်းချုပ်** တွင်ပါသော သီချင်းမျိုးများမှာ ကြိုးသီချင်းအမျိုးမျိုး, ဘွဲ့သီချင်းအမျိုးမျိုး, သီချင်းခံအမျိုးမျိုး, ပတ်ပျိုးအမျိုးမျိုး, ယိုးဒယားအမျိုးမျိုး, ၃၇ မင်း သီချင်း, ဆိုင်းဆရာများ အသုံးပြုကြသော ပတ်ယိုင် တျာယိုင်, မျောက်မင်းအူသံ, သိင်္ဂါသံ, လောကနတ်သံ, လေးထွေသံကပ်မယွင်း, ဆင်ခင်း မြင်းခင်း, လွှမ်းချင်း ပုလဲပေါက်, ခွန်းထောက် အသွယ်သွယ်, ဘောလယ်အရပ်ရပ်, တေးထပ်ရှစ်ဆယ်ပေါ်, လေ့တော်သံ, ရေကင်းသံ, ဒိန်းသံ, စည်တော်, ကရင်ဩလွှမ်းသံများတို့ကို မိမိတို့ဆိုင်ရာ ဆိုင်ရာ သီးသန့်ခြားနားလျက် ပါရှိပါသည်။

ဌင်းသီချင်းများတွင် စောင်း ပြွေစသည်ဘို့ဖြင့်သီဆိုသောအခါ လျော်စွာအသုံပေါက်ဖြင့် သီဆိုရသော စည်းကမ်းများမှာ ကြိုး-ဘွဲ့-သီချင်းခံများမှာ စောင်း၌ ခုနစ်သံဟူ၍၎င်း သံရိုးဟူ၍၎င်း ညှင်းလုံးဟူ၍၎င်း ခေါ်သောအပေါက်ကိုညှိ၍သီဆိုအပ်၏၊ ပတ်ပျိုး,သိင်္ဂါသံ, လောကနတ်သံ, ၃၇ - ချင်း နတ်ချင်း၊ လေးထွေ သံကပ်တို့မှာ လေးပေါက်အောက်ပြန်ဟူသော အပေါက်ကို ကြိုးညှိ၍ သီဆိုအပ်၏၊ ယိုးဒယားအမျိုးမျိုး, တလိုင်းချင်း, ဘောလယ်တို့ကို ပုလဲပေါက်ခေါ် သံမှန်ကိုညှိ၍ သီဆိုအပ်၏၊ တေးထပ်ရှစ်ဆယ်ပေါ်, ဒိန်းသံ, ရေကင်းသံ, ကရင်ဩသံတို့ကိုမူကား မြင်းစိုင်းခေါ် ငါးပေါက်ကိုညှိ၍ သီဆိုအပ်၏၊ သို့ရာတွင် ပတ်မျိုးကို သံမှန် ပုလဲတွင်လည်း အချို့ဆိုကြ၏၊ ထိုပြင် သတိပြု

ရန်မှာ သဖြန်ကို ငါးပေါက် ခွန်းထောက်ကိုပုလဲ ဆိုရိုးတည်း၊ ဘောလယ်မှာ သံမှန်ပုလဲတွင် ဆိုသည်ကို ပုလဲဘောလယ်, မြင်းစိုင်း၌ တေးထပ်, ရှစ်ဆယ်ပေါ်များတွင် ဆက်၍ဆိုသော ငါးပေါက်ဘောလယ်ကို ဘောလယ်ကြောင် ဟူ၍ငင်း ဘောလယ်မျှော်ဟူ၍ငင်းခေါ်သည်။

ငင်းပြဆိုအပ်ပြီးသော စောင်းကြိုးညှိခြင်းမှာ ခုနစ်မျိုးရှိ၏၊ ခုနစ်မျိုးကြိုးညှိခြင်းအမည်မှာ (၁) ညှင်းလုံးခေါ် ခုနစ်သံ သံရိုး (၂) လေးပေါက် အောက်ပြန် (၃) ပုလဲသံမှန် (၄) မြင်းစိုင်း ငါးပေါက် [ကြေးခရာလည်းခေါ်သည်] (၅) ဒူလကဒွေး (၆) ခြောက်သွယ် အညွန့် (၇) ပြည်တော်ပြန်ဟူ၍ ခုနစ်မျိုးရှိ၏၊ထိုတွင် ဒူကလဒွေး, ခြောက်သွယ်အညွန့်,ပြည်တော်ပြန်တို့ကိုမူကား ယခုအခါ၌ အသုံးမပြုကြချေ၊ ယခုအခါ လေးပေါက်, ပုလဲ, မြင်းစိုင်း, ခုနစ်သံတို့ကိုသာ အသုံးပြုကြလေတော့သည်။

ယင်းသို့ပြဆိုအပ်ပြီးသော သီချင်းများတွင် ကြိုး, ဘွဲ့, သီချင်းခံ, ပတ်ပျိုး တို့မှာ မြန်မာသီချင်းသက်သက်ဖြစ်၏၊ ယိုးဒယား သီချင်းမှာ ယိုးဒယားလူမျိုးတို့၏ ဘာသာဖြင့် သီဆိုသော တီးကွက်ကို မြန်မာပညာရှိများက ငင်းတို့၏ တီးကွက်များကို နှစ်သက်ရာယူ၍ မြန်မာဘာသာဖြင့် ရေးသားထားသည်၊ ငင်းယိုးဒယားတီးကွက်ကို ဦးစွာမြန်မာဘာသာဖြင့် ရေးသည်မှာ ပြင်စည် မင်းသားကြီး ဖြစ်လေသည်၊ငင်းပြင်စည်မင်းသားရေးသားသော ယိုးဒယားရှစ်မျိုးမှာ (၁)ရွှေတညာ အစချီသော ဖရန်ဘင် ယိုးဒယား, (၂) နှင်းရွှန်းသာ ဟေမန်အစချီသော ခက်မှန်ယိုးဒယား, (၃) တောတောင်စွယ် အစချီသော ခမိန်ယိုးဒယား, (၄) တောမြိုင်ခြေလမ်း ရဂုံသာဘွေ အစချီသော တနောက် ယိုးဒယား, (၅) ပန်းမြိုင်လယ် အစချီသော ဖိန်းချားကြီး ယိုးဒယား,(၆) ခိုင်ပန်းစုံ အစချီသော ထပ်တွန့် ယိုးဒယား, (၇) မော်ရုံဟောဝန် အစချီသော ချွတ်ချုံ ယိုးဒယား, (၈) မှိုင်းမှုန်ပြာညို ရီမှောင်ဝေစေသော ငုငစ်ယိုးဒယား ဟူ၍ရှစ်မျိုးရှိသည်။

ထို့ကြောင့် "ရွှေ နှင်း တော မြိုင်၊ ပန်း ခိုင် မော် မှိုင်း၊ ခြားပိုင်းရှစ်သံ၊ ဖရန်တင်ညွန်၊ ခက်မှန် ခမိန်၊ တနောက် ချိန်သား၊ ဖိန်းချားထပ်တွန့်၊ ချွတ်ချုံ ငုငစ်၊ အသံရှစ် မှတ်လစ်စဉ်ကမာ" ဟူ၍ ဆရာကြီးတို့ ဆောင်ပုဒ်ရေးသားထားကြလေသည်၊ တလိုင်းချင်းမှာ တလိုင်းတို့တီးကွက်ကို မြန်မာဘာသာဖြင့် ရေးထားသောကြောင့် တလိုင်းခေါ်သည်။

ထိုသို့ဆိုအပ်ခဲ့သော သီချင်းကြီး အမျိုးမျိုးတို့ကို ကောင်းစွာ တတ်မြောက်ရန် သင်ကြားလိုသူတို့သည် သီချင်းတပုဒ် တပုဒ်တွင် ကိစ္စလေးခုတို့ကိုပြီး

မြောက်အောင်သင်ကြားပါမှု ဂီတအရာတွင် ကဝိတဆူဖြစ်လတ္တံ့၊ ကိစ္စလေးခုဟူ သည်ကား–ပထမကိစ္စ သီချင်းကို အက္ခရာကာရန် မှန်မှန်နှင့် ရေးကူးကျက် မှတ်ရခြင်း, ဒုတိယကိစ္စ ထိုသီချင်း၏ အကြောင်းအဋ္ဌုပ္ပတ္တိနှင့် အဓိပ္ပာယ်ကို ကောင်းစွာ သိရှိအောင် မေးမြန်း မှတ်သားရခြင်း, တတိယကိစ္စ ထိုရရှိပြီး သောသီချင်းကို အတောအဆိုင်း, အပိုင်းအဖြတ်, စည်းဝါး အဝင်အထွက်ကို ကျနစွာသင်ကြားရခြင်း, စတုတ္ထကိစ္စမှာ ထိုသီချင်းကိုသီဆိုရာ၌ သာယာနာ ပျော်ဖွယ်ရှိအောင် လေယဉ် - လေနှဲ - အရှုအရှိုက်, လေသိမ်းလေယူ စသော အမူအရာကို သင်ကြားရခြင်းတို့ပင်ဖြစ်လေ၏၊ ထိုသို့ဆိုအပ်ပြီးသော ကိစ္စများ ကို သင်ကြားတတ်မြောက် စေကြောင်း ကောင်းသော အာသီသမေတ္တာဖြင့် ဤ **မဟာဂီတပေါင်းချုပ်** မည်သောကျမ်းကို ကြိုးပမ်းသုတ်သင် ပြင်ဆင်ပုံရိုက် ထုတ်ဝေလိုက်ပါအံ့ ဟူလို။

## နရလေခကျမ်းထွက် ၃၇-ချင်း တီးချက်များ

၁။ အချီးကြီး

၂။ အချီးငယ်

၃။ ဆရာတောင်း

၄။ ဆရာပန်

၅။ ဆရာညွန်း

၆။*အတွင်းတီးပြေး

၇။*ပြင်တီးပြေး

၈။ ဆင်ဖြူရေချ

၉။*ရွှေပလ္လင်တည်

၁၀။*ဗောဓိညောင်ရွှေရွက်သံ

၁၁။*ဇမ္ဗူ့သပြေသံ

၁၂။ ငါးကြင်းမြီးခတ်သံ

၁၃။*ဘီလူးမစည်သံ

၁၄။*ခရုသင်းသံ

၁၅။*မြစ်တွေးကွန့်သံလန့်

၁၆။ မြစ်တွေးတွန်သံ

၁၇။ သိကြားဥသျှောင်

၁၈။*သိကြားခလုတ်

၁၉။ သိကြားရေကန်တင်

၂၀။ သိကြားလောက်ပစ်

၂၁။*ကင်းပတ်ကြီး

၂၂။*ကင်းပတ်ငယ်

၂၃။ ထုံး ၉-တန်

၂၄။*မျောက်မင်းအူသံ

၂၅။ မိတ္တိလာကန်ပေါက်

၂၆။ သပြေလား

၂၇။ ပြုံးခါရယ်ရွှင်

၂၈။ နောက်ပြလှသတ်

၂၉။ ကာကာသာ ဝန်းလည်

၃၀။ ပွင့်လှရွှေဝါ

၃၁။ လုလင်ပြန်တော်စည်

၃၂။ လက်ာဂုတ္တိ

၃၃။ မြင်းလှစာတောင်း

၃၄။ မြင်းလှခွာသံ

၃၅။ တံငါမအိချင်း

၃၆။ စကြာမင်းဘိသိက်မြှောက်
သံ

၃၇။ ကရဝိက်ငှက်မင်းတွန်သံ

ၔင်းပြဆိုအပ်ပြီးသော ၃၇ ချင်းများအနက် ရှာဖွေရသမျှကိုသာ ထည့်သွင်းရပါသည်၊ ဤစာအုပ်တွင်ပါသည်ကို ခရားပွင့် ပြထားပါသည်။

# အထူးသတိပြုရန်

x ဂုင်းအမှတ်ပါလျှင် ဆိုင်းတောဟု မှတ်တော်မူကြပါ။

═ ဂုင်းမျဉ်းကြောင်းမှာ ရှည်ရှည်ဆွဲဆိုရပါမည်။

၂-၃-၄ ဂုင်းတို့ကိုပြလျှင် ၂-ကြိမ်၊ ၃-ကြိမ်၊ ၄-ကြိမ်၊ ထပ်ဆိုရန်ကိုပြပါသည်။

* ဂုင်းခရားပွင့်မှာ ပြင်ချက်အထူးဖြစ်ပါသည်။

# ပဏာမဂါထာ

၁။ နမန္တိ ယဿ ပါဒမ္ဗုံ၊ ကဝိနံ ဗဟုမောဠိယော။
ဝါစာဝိစိန္တေယျသံယုတ္တံ၊ တံ နမေ ကဝိမုတ္တမံ။ ။

၂။ ပေါရာဏိကေဟိ သင်္ဂယှ၊ သုဂီတံ ဗန္ဓိတံ ဗဟုံ။
သာခိပ္ပာယေန လိက္ခာမိ၊ နာမေန ဂီတသင်္ဂဟံ။ ။

၃။ သုတကာမာ ဟိပေက္ခန္တု၊ ကာဗျဂီတဂဝေသကာ။
တံ ပက္ခိတ္တွာန ဝန္ဒန္တု၊ ဟာသညာဏာနိ သမ္ဘဒါ။ ။

ပထ၂၁၀ ၃၃ ၃-ဂါထာ။)

၁။ ယဿ - အကြင်မြတ်စွာဘုရား၏၊ ပါဒမ္ဗုံ-တရော့ချစ်ကွက် ရွှေစက်ရစ်ရံ ခြေတော်စုံ၌၊ ကဝိနံ - ကဗျာဉာဏ်ရှိ ကဝိသိန်းသောင်း ပညာရှိအပေါင်းတို့၏၊ ဗဟုမောဠိယော - ကုဋေကုဋာ မရေသာအောင် လွန်စွာများလှကုန်သော ဥသျှောင်အပေါင်းတို့သည်၊ နမန္တိ - ညွတ်တွား ဦးနှိမ် ကြရလေကုန်၏၊ ဝါစာဝိစိန္တေယျသံယုတ္တံ - တုမွဲနှိုင်းပြိုင် မကြံအပ် မကြံစည်နိုင်သောစကားတော်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေထသော၊ ကဝိမုတ္တမံ - ကဝိအပေါင်းတို့၏ ဥသျှောင် အခေါင်တင့်အပ် ကဝိမြတ်ကြီးလည်း ဖြစ်တော်မူထသော၊ တံ - ထိုမြတ်စွာဘုရားကို၊ အဟံ၊ မောင်ပြုံးချိုဟု ခေါ်ဆိုသမုတ် အကျွန်ုပ်သည်၊ နမေ နမာမိ- ရိုသေမြတ်နိုး ဦးနှိမ်လျှိုး၍ ရှိခိုးပူဇော်ပါ၏ အသျှင်ဘုရား။ ။

၂။ ပေါရာဏကေဟိ - ရှေးဆရာကြီးတို့သည်၊ ဗန္ဓိတံ - ဖွဲ့ဆိုသီကုံးအပ်သော၊ ဗဟုံ - များလှစွာသော၊ သုဂီတံ - သီချင်းများစွာ အလင်္ကာနှင့် ကဗျာအပေါင်းကို၊ သင်္ဂယှ သင်္ဂဟိတွာန - ပေါင်းစု၍၊ သာခိပ္ပါယေန-အခိပ္ပာယ်ဖေါ်ပြချက်နှင့်တကွ၊ နာမေန - အမည်သညာအားဖြင့်၊ ဂီတသင်္ဂဟံ - ဂီတပေါင်းချုပ်အမည်ရှိသော (ဝါ) သီချင်းပေါင်းချုပ်အမည်ရှိသော ဤကျမ်းကို၊ အဟံ- အကျွန်ုပ်မောင်ပြုံးချိုသည်၊ လိက္ခာမိ - လိခိဿာမိ-ရေးသားပါအံ့သတည်း။

၃။ ဟိ-ဥယျောဇဉ် စကားကိုပြဆိုပါဦးအံ့၊ တံ-ထိုသီချင်းပေါင်းချုပ်ကျမ်းကို၊ သုတကာမာစ- အကြားအမြင်ကို လိုလားကြကုန်သောသူအပေါင်းတို့သည်၎င်း၊ ကာဗျဂီတ ဂဝေသကာစ - ပညာရှိတို့၏ လင်္ကာဏာ ကဗျာသီချင်းကို ရှာမှီးကြကုန်သော သူအပေါင်းတို့သည်၎င်း၊ ပေက္ခန္တု- ကြည့်ရှုတော်မူကြစေကုန်သတည်း၊ တံ- ထိုသီချင်းပေါင်းချုပ်ကျမ်းကို၊ ပေက္ခိတွာန- ကြည့်ရှုတော်မူကြကုန်ပြီးသည်ရှိသော်၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ဟာသညာဏာနိ- ရွှင်လန်းသောဟာသဉာဏ်တို့သည် ဝဍ္ဎန္တု - တိုးပွားပွင့်လင်းကြပါစေကုန်သတည်း။

# မဟာဂီတပေါင်းချုပ်ကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

## ကြိုးသီချင်းများ

### ၁။ ပုစဉ်းတောင်သံ ကြိုး

ထံတျာ တေရှင်၊ ထံတျာ တေရှင်၊ တျန့်တျန့် ထံတျာတေရှင် x ဒလုဒလု ထုံးတျန့်တျန့် တောပင် တောလုံး နှံပါလို့လေး x ထက်စငယ် ကောင်းကင် မိုဃ်း တည့် မိုဃ်းတိမ်ပြင်xစံရှင် စံရှင် ပျော်ပါးရွှေဘော်တစု၊တစုများငယ်နှင့်လေး x သည်မိုဃ်း သည်မိုဃ်းဒေဝါ၊မိုဃ်းတည့် မိုဃ်းဒေဝါxအုံ့ခါလေ တဖွဲဖွဲ x၊ရွာလေ တသဲသဲ x ထံတျာ တေရှင်၊ ထံတျာ တေရှင်၊ တျန့်တျန့် ထံတျာ တေရှင် x ဒလုဒလု ထုံးတျန့်တျန့် တျောတေထံတျာတေဒြိ၊ တျောတေတျာ။ ။

---

### ၂။ တနည်းအားဖြင့်ကြိုးဘက်၍ပြသော စိတြဂိဝါခိုမင်းကြိုး

တျန့်တျောထပ်တျာ၊ ထပ်တျာ တျောထပ်တျာ x ငယ်စွာငယ်စွာကွေး လေး ဇောင်းမွေးမွေး x ခြေမွေး လက်မွေးနီတျာ၊ မရောက်လာ x ဘော်ကွာ ကိုယ်ထူး မရှင်မြူးလေး မရှင်မြူး x ဒူးတျောထပ်တျာ၊ ခိုတည့်ခိုတကာ၊ခိုတကာ တွင် ငါသာလှယဉ်ကြူးချည့်လေ၊ ခိုတကာတွင် ငါသာလှယဉ်ကြူးချည့်လေး x ဒူတျောထပ်တျာ၊ တေထံတျာ၊ ထပ်တျာ တျောတျော၊ ဒူလေတေ လေတျော၊ တေဒူလေ ထံတျန့်တျန့် တေဒူလေ ထံတျန့်တျန့်၊ တျောထပ်တျာလေတည့် တျောထပ်တျာ။ ။

---

### ၃။ တနည်းကြိုးဘက်ကိုပြသော ရွှေဥဒေါင်းမင်းကြိုး

ထပ်တျာ ထပ်တျာ တျန့်ပင်တျန့် ထပ်တျာ x မြိုင်သာ မြိုင်သာ တော ခေါင်း၊ ရွှေဥဒေါင်း ငယ်မှာပင်၊ ပင်ပင်တိုင်း ပြောင်း x၊ နွဲ့နှောင်းဆင်းဝါ၊ လှတည့် လှရာမှာ x လှရာမှာ ငါသာလွန်ကြူး မရှိဘူးလေ မရှိဘူး x ယဉ်ထူး

ထွေလာ ငှက်တည့် ငှက်တကာ × ငှက်တကာတွင် ငါသာလွန်ဆန်း ထူးချည့်လေး × ငှက်တကာတွင်ငါသာလွန်ဆန်းချည့်လေး × ဒူတျော ထပ်တျာ တေထံတျာ × ထပ်တျာတျော်တျော ဒူလေတေ လေတျော တေဒူလေထံတျန့်တျန့် တေဒူလေထံတျန့်တျန့်၊ တျောထပ်တျာ လေတည့် တျော်ထပ်တျာ။ ။

---

## ၄။ ဂဠုန်မင်းတောင်သံ ကြိုး

ဟေမဝန္တာတော သာယာငယ်က၊ ပျံ့ဝဲ ပျံ့ဝဲ လာ × တောင်ဟုန် တောင်ဟုန်ပြင်းခြင်း၊ ဂဠုန် ဂဠုန်မင်း × ဂဠုန်မင်း တောင်ချင်းခပ် သံ သာစွလေ× ဂဠုန်မင်းတောင်ချင်းခပ် သံ သာစွလေး×ထူးခြားရုပ်ဝါငှက်တည့်ငှက်တကာ× ငှက်တကာတွင် ငါသာငှက်မျိုး မင်းတည့်လေး × ငှက်တကာတွင် ငါသာငှက်မျိုးမင်းတည့်လေး × ဒူတျောထပ်တျာ၊ တေထံတျာ၊ ထပ်တျာတျော်တျော်၊ ဒူလေတေလေ့တျော၊ တေဒူလေ ထံတျန့်တျန့်၊ တေဒူလေ ထံတျန့်တျန့် တျော ထပ်တျာ လေတည့် တျောထပ်တျာ။ ။

---

## ၅။ ခါမင်းကြိုး

တက်တူ တွန်သံပေး ချိုသာယာဧး×ပြောက်သေးငယ်ကိုယ်မှာမွေးတည့် မွေးစုံစွာ×လည်မှာ လည်မှာ ခပ်ကျင်း နှုတ်သီးစင်းငယ်နှင့်လေး×သျှင်ရင်းငယ် မြတ်စွာမိန့်တည့်မိန့်ပေလာ×သင့်မှာသာကိုယ်မွေး ငါကပေးသည်လေ၊ငါကပင် ငါကပေး × ဆေးလေး ရုပ်ဝါ ငှက်တည့် ငှက်တကာ၊ ငှက်တကာတွင်၊ ငါသာ မွေးစုံစွာတည့်လေး × ငှက်တကာတွင် ငါသာမွေးစုံစွာတည့်လေး × ဒူတျော ထပ်တျာ၊ တေးထံတျာ ထပ်တျာတျော်တျော၊ ဒူလေ တေလေတျော × တေဒူလေ ထံတျန့်တျန့်၊ တေဒူလေ ထံတျန့်တျန့်၊ တျောထပ်တျာလေတည့် တျော်ထပ်တျာ။ ။

---

## ၆။ ငါးကြင်းရေဆန်ကြိုး

မြစ်ကြီးဂင်္ဂါ မျိုးတူးခါ × ရေရိုးလဟာ ယဉ်ထန်စွာ × အညာမျိုးတူးဆန်း၊ စုန်ထူး တဆန်းဆန်း × မျှားထောင်သိန်းသောင်း၊ မျှားထောင်သိန်းသောင်းပုံ × မြစ်ညာဆန်သွား ငါးကြောင်းငါးကြောင်းများငယ်နှင့်လေး × ပျော်ပါးတူသာ မျိုးရှင်ကာ × တံငါ တံငါလူဆိုး၊ ငွေတည့်ငွေသဲပြင်ငယ်မှာ တိတ်တိတ်ခိုးလေး၊ တိ တ် တိတ် ခိုး × ရန်ငြိုးပြုလာပါနှင့်လေး × တို့လှည်း

ကြောက်ပါသည်တည့်လေး × သောသောအုပ်အာ ရေမျှားစွာ × တို့မှာပေါ မျှား ပျော်မြူးစား × ဆန်သွား လိုလိုရာတည့်လေး × စိတ်ထား နေပျော်သာလှ လေး × ဒူတျောထပ်တျာ၊ တေထံတျာ × ထပ်တျာတျောတျော၊ ဒူလေတေ လေတျော × တေဒူလေ ထံတျန့်တျန့် တေဒူလေ ထံတျန့်တျန့် တျောထပ် တျာလေတည့် တျောထပ်တျာ။ ။

---

## စောင်းသင်သောတပည့်သည် ကြိုး၏အမည်ကိုမှတ်မိပြီးဖြစ်၍ ကြိုးအမည်မထည့်ဘဲ တေးသားသက်သက်ကိုပြသည့်

## ၇။ ငါးကြင်းရေစုန်ကြိုး

မြစ်ပြင်မြစ်ညာ တို့ပင်တို့ပျော်ရာ × ဆိပ်သာသောင်စွန်း၊ ကျွန်းဦးထိပ် မှာ၊ ပျော်ဘွယ်တည့် တည့်ပျော်ဘွယ်သာ × သဲပြင်ဖြူစွာ ဆိပ်သာတည့် ဆိပ်သာယာငယ်မှာ × လည်ကာ လည်ကာပြန်သွား ဘော်ပေါင်း မျှား × မြူးစား ရှင်ခါ မကွဲနေရာမှာ × တံငါလူဆိုး၊ ငတုံးတာလေး မျှော်လင့်ခိုး မျှော်လင့်ခိုးလေး × သံပြိုးကြောက်စွာ ငါးပုံရာ × ဆိပ်သာလေ သောင်စွန်းမှာ တည့်လေး × မြစ်ပြင်ငူစွန်းမှာတည့်တည့် ညိုးပူပင်လေတည့် မြူး တူး ပျော် မရှင်။ ။

---

## ၈။ ငုံးမင်းကြိုး

ငုံကာငုံကာ တောဟေမာငယ်မှာ × မကွာလေတခြား၊ တို့ပင်တို့နှစ် ပါးငယ်လေး တို့နှစ်ပါး × နေငြားငယ် ပျော်ရာ မြေကြီးမှာတည့် မြေကြီး မှာ × ဆိုရာထွေထူး မရှိဘူးလေး မရှိဘူး × ထွေထူးယှက်ခါချုံတည့် ချုံသာ ယာငယ်တွင် × တပင်ကို ပို့သွား၊ တပင်မှာနား × သူမျှားမနေသာတည့် လေး × တို့အားမြေမကွာတည့်လေး × မိုဃ်းသေးကျခါ မြူးဘွယ်သာ × ပျော်စရာလေကြူး ဘော်မကွာလေမြူး × လေချိုဖြူးပါလို့၊ လေချိုဖြူးပါလို့၊ ဝမ်းနွှဲးဘွယ်လေတည့် ဝမ်းနွှဲးဘွယ်။ ။

---

## ၉။ သာနိုးပျော်ဘွယ်ကြိုး (၅-ပုဒ်)

(က) စံရာတောင်ကျွန်း လုံးသူ့ဥသျှောင်ကျင်ကိုလေ မင်းမင်းမျှား ထိပ်ခေါင် တင် ×၂၊ သောင်မြေပြင်ငယ်လေး ထီးဆူဆူကိုလေ စိုးလို့ မိုးတော်မူ ×၂၊ ဘုန်းပန်းငယ်ကြိုင်မွှေး မြတ်လေးမင်းတူ ကြူပင်ကြူချည့်လေး × လေး ကျွန်းငယ် ယူသိမ်း ချမ်းငြိမ်း စကြာ ပိုင် တော် မူတည့် ဘုန်းတော်ရှိန်။

(ခ) ရွှေပြည်ကြီး ရော တည်ထွန်း ကျောက်မြို့လေ၊ x ရွှေပြည်ကြီး ရော
တည်ထွန်း ကျောက်မြို့လေး၊ x သီတာဝန်းရံကာ x များရေတာပြင်
ကျုံး၊ သီတာဝန်းရံကာ x များရေတာ ပြင်ကျုံးနက်လှပြောကျယ်စွာx
ကြောက်ဘွယ်သာသည်လေ x ငါးပါးမျိုးကြာ ငုံအာရေလုံးပြည့်
မျှလေး x ၂၊ ပြည်ကြီးနံပါး တံခါးရှစ်ဆယ် သွယ်သွယ်သာ လမ်းမ
နှင့်လေး x ရံဝန်းကာခါးလုံ x ပြည့်စုံလက်နက်ပေါင်းငယ်နှင့်၊ ကြောက်
ဖြောင်းရန်မပြု။ ။

(ဂ) မြို့နန်းငယ်လေး၊ သာ-ယာ-မျိုးငယ်ကို x ဆိုသော်များအံ့ဘွယ် x
ထက်ကျွန်းငယ်စံ၊ စံတိုင်းဆောင် ပြောင်ပြောင် ထွန်းလို့ညီး x ရောကြီး
ထင်ပေါ် x သွယ်ဖြူးမြင့်လှလေ x ရောကြီးထင်ပေါ် သွယ်ဖြူးမြင့်
လှလေး x၂၊စီခြယ်ကိုးမည်သာ x မျက်ရောင်ဖြာသည်လေး၊ မှောင်ဝေး
စီခြယ်ကိုးမည်သာ x မျက်ရောင်ဖြာသည်လေ့ မှောင်ဝေး၊ အံ့ရေးထပ်
ပြန်လာ ရှုတဲ့သူငယ်မှာ၊အံ့မူးငယ် သာထွေပင်ထွေလှလေx၂၊ရှုတဲ့သူငယ်
မှာ အံ့မူးငယ်သာ-ထွေပင်ထွေလှလေး x ၂၊ ဆောင်တိုင်းဘုံတိုင်းမှာ x
အံ့ရာအခြားခြားငယ်နှင့်၊ သိကြား ဘုံပမာ။ ။

(ဃ) ကိုးပါးပေါင်းစု၊ မျက်ရှင် မျက်ရှင်၊ ရောင်ခြည်လေး ရောင်ခြည်လေ့၊
မီးရှူးထွန်းသို့ ပြောင်ပြောင်ပြောင်ပြောင်ပဝင်း xနေရောင်လထင်ခါဆို
မှားမိကြလေး ၂၊ နေရောင်လထင်ခါ x လပင်သာ ဆိုမှားမိမိ၊ ရှုကြည့်
တိုင်းထွေထွေ၊ (လင်းလေလေxရောင်ချင်း) စပ်ကြကြလေးx၂၊ ယဉ်
မျိုးသာမျိုးစုံ x ခြောက်ဘုံမထူးခြားပါလို့ သိကြား တဆူလို။ ။

(င) ရွှေဘုန်း ရွှေဘုန်းတော်လေ့တည့်မှ၊ လွန်ကဲ စည်ထွန်းပေါ် x သက်
တော်ရာကျော် လျှမ်းမျှမျှ ရွှေနန်းမှာစံပါသည်၊ ရှည်ပင်သာ ရှည်
ကြောင်း၊ပပဝန်း x၂၊တောင်ဇမ္ဗူကျွန်းပတ်ကုံးxပြည်တရာမင်း ညွတ်
ရုံး x၂၊ ကြုံးသစ္စာ ခံလေတည့်မှ၊ ကျိုးညွတ်ခါနွံ၂၊ x နိုင်ငံကြေငြာလင်း
လင်းပွင့်ပွင့်၊ သာယာစည်ပင်ပွားပွားဆင့်ဆင့်၊ သံသရာဝဲခနောင်း x
နောင်မသွေဘဲကူးကြောင်း x၂၊ ရုံးပေါင်းညွတ်ပြောင်း ထပ်လောင်း
ကျွန်တတွေ x၂၊ ရှည်ရှည်တိုင်း x ကြာကြာတိုင်း x တိုးလေလေ ပွား
လေလေ-သွေမည်ဘဲမိုမို့ နိဗ္ဗာန်ပွဲသို့ နွဲစံ-ပျော်လေတည့် နွဲစံပျော်။ ။

(သာနိုးချော်ဘွယ်ကြိုး ၅-ပုဒ်ပြီး၏။)

## ၁၀။ ကလပ်ငယ်ကြိုး

သီတာ သီတာ မြအလား၊ ကြာ ကြာ ကြာ ငါး ပါး x ၂၊ ကမ်းနား ကမ်းနားဝန်းကျင်၊ ငွေ - ငွေသဲပြင်လေတည့်မှ၊ ပျော်ချင်ဘွယ် x မြစ်တွေး မြစ်တွေး၊ ဇင်ရော် ကျူးတည့် ကျူးသံကြော် x ငှက်တော်လေကြိုးကြာ ကျူး ရင့်ရင့်ကာ x လိပ်ပြာလေပျံသွား ဟိုမှာ သည်မှာနား၊ ရေပေါ်မှာ လွှားပါလို့၊ ကြာဆံကို စားပါလို့ ဝဲခါပျံလေတည့် ဝဲခါပျံ။ ။

---

## ၁၁။ ကလပ်ကြီးကြိုး

သာယာ - သာယာ မြည်လေကြွေး၊ သာလိကာငယ်လေး ကျေး x ၂၊ ချည်ခင်စွတ်ကယ်က၊ကျူးတယ်ကျူးတယ်ကို x သင်တိုင်းဝတ်ကယ်က မြူးတယ် မြူးတယ်ကို x သံချိုတည့် ဧ ဧ ဧ ပဲတည့် ပဲထွေးထွေး x စာပေးခွံ့ကြ ချစ်ရေး ခင်ရေး ပြုပါလို့လေး x အတူစုံခါ-စံတည့်စံပျော်ရာ x ချစ်ခင် ချစ်ခင့် ချစ်ပါလှ သည်ရှင် x ချစ်ခင်လေ လွန်မြတ်နိုး ဇီတည့် ဇီဝဇိုး x ဥမျိုးတွန်သံသာ သာလှ လေး၊မှ့ကို မှ့ကို ဘော်သွေး၊ပါပင် ပါချည့်လေး x မယ်ညို ဖြူပြာ နီတည့် နီရွှေ ဝါ x လိပ်ပြာငယ်ပျံကာသွား ပိတုန်းပိတုန်းပျား x ရေပေါ်ကို လွှားပါလို့၊ ကြာဆံကိုစားပါလို့၊ ဝဲကာပျံလေတည့် ဝဲခါပျံ။ ။

---

## ၁၂။ ညွန့်တက်သံသာကြိုး - ဆင်ဖြူတော်ချီး

ဝေဘာဂီရိ တောင်နယ်တွင် သိကြားနတ် ယာဉ်ဆင် x ၂၊ သည်ဆင်ကို တည့် ပေးနှင်း၊ သိကြား-သိကြားမင်း x လျှင်စေကာ ထံတော်မှာ ဆက်ရမည် မှန်သာ x နီတွေးတွေး ရောင်ပြေးပြေး၊ ဘက်မှဲ့ ပြိုင်တိုင်းဝေး x ခြေသည်း ခြေသည်း နီသန္တာ x နင်းတည့်နင်းခြေရာ x မြင်ခါ မြင်ခါ ဆင်မျိုး၊ ကြောက် ရွံ့ရွံ့စိုး x ဝေးဝေး ထွက်ပြေးသွား၊ ကျုံးကိုမှန်းလို့ လား x ဆီးတား ဆီးတားခါ၊ ဆင်ဖြူလား ဆင်နီလား၊ ဆို ဆို ဆိုကြလေ x ဆင်တော်ပြောင် ဆင်တော်ပြောင်၊ တောင် တောင် တောင်ရှို၊ မျိုးဆဒ္ဒန်လေတည့်၊ မျိုးဆဒ္ဒန်။ ။

---

## ၁၃။ သိကြားမင်း ခရုသင်းသံ ကြိုး

ပုံပမာ - ထွေထွေသာ ဒေဝရာလိုပင်၊ ကေရာထိုရှင်၊အသွင်ယဉ်မျိုး၊ ပမာ တူရိုး ဇမ္ဗူကျော်ဟိုး၊ အခေါင်စံစိုး၊ နေမျိုးစည်ထွန်း စံညွန်း ရွှေနန်း ဟိုရေး ဟိုမင်း၊ ပုံခင်းတူဘဲ၊ အာကာရွှေလက်ရုံး၊ ကြေငြာတိုက်လုံး၊ နှိုင်းမနှုန်း ထွေ

ထွေပြာ၊ ရွှန်းရရွှန်းရောင်ဝါ၊ ဘုန်းတန်းတောဇာ၊ ညီးညီးလင်း လားလား မြူမှောင် ဝေးဝေးကင်း မဆိုင်မပြူဇမ္ဗူတခွင်၊ အထင်အပေါ်၊ အကျော်အညာ၊ မိုဃ်းမာဃနတ်နှင့်သာ စိုးစံပသွယ်သွယ်ဖြာ ယဉ်လှလှ၊ ရွှင်လှလှ လွန်ကဲရိုးပေါင်း များတောင်း အထူးထူး ယဉ်စေရာထွေထွေသာ စံစံကာလိုပင်၊ ယှဉ်စကာကိုယှဉ်၊ ဝတိန်သာမှန်း၊ ပမာထွေဆန်း အခေါင်စံကျွန်း အရောင်ဖြာရွှန်း၊ ဖန်နန်းမှန်နန်း၊ ပြောင်ရွှန်းလျှံလန်း၊ နှန်းနန်းစံထား၊ ရွှေသားငွေသား၊ သာခေါင် တိုင်းသိဘူး ဘုံဆောင်သွယ်ဖြူးဖြူး ဆန်းထူးထွေထွေလာ ကြူးကဲပေစွာ၊ ကိုးပါးလျှံပြောင်၊ မီးရှူးထွန်း၊ ရဲရဲရောင်ဝါ ဝင်းဝင်းရွှန်း၊ အကြေအညာ အလျှံအနီ အရွှေအရွှေ အထွေထွေ အရောင်လျှမ်းမျှမျှ လျှပ်ခြည်ဖြာ၊ ရွှန်းရွှန်းမျှရောင်စုံသာ ဖြာလိုလို၊ ထိန်လိုလို၊ဆောင်တိုင်းအားလုံးပေါင်းရိုး တညီးညီး၊နေရောင်ပင် ထွေထွေတင်၊ နန်းဘုံခွင်၊ စိုးစံရှင်၊သဘင် သဘင်ပွဲမှာမှ နွှဲစံပျော်လေတည့်နွှဲစံပျော်။ ။

---

## ၁၄။ သိကြားမင်းခလုတ်ကြိုး

ရာမင်း ရာမင်းဝပ်လျှိုး၊ ဘုန်းမြင့်စိုး × နေမျိုး နေမျိုးမှန်စွာ ဧကရာ × သတင်း သတင်းကြေငြာ ကျော်သံဝါ × ရန်တကာတည့် ဝေးဝေးရှဲ၊ ဘုန်းတော်မိုးမိုးကဲ × သီးကွဲခြားခြား၊ မှူးများ မတ်များပုံ × ဘုန်းပွင့်ဝေဆာ ဖြာချည့်လေး × စိုးတင့်သံသာသာ ကြာ-မြင့်-လေး×နန်းညာလေ မုခ်ဦးမုခ်ဦး မုခ်ဦး စံပင် စံတင့်မြူး × ကြူးမျှထူးဆန်း ရေနန်း ရေနန်းသဘင် စံရှင် တည့်လန်းလန်း ပျော်ဘွယ်တည့် အဆန်းဆန်း × နတ်ပြည်ကျော်သဲ လှေပွဲ ယဉ်သာ ဆင်ချည့်လေး × ရွှက်ကြင် လူလန်းထိပ်ပန်း ထွက်တော် မူချည့် လေး× လောင်းနှင့် လက်သင် ခင်တုရင်နှင့်- ဆန်းကြူး လှော်ပြိုင်အထူးထူး× စက်ကွင်းမှန်စီ ရေသီလံနှင့် အောင်းပန်းပွားယဉ်သည် ထူးအခြားခြား×တိုးနရား နှင့် ရွှေဖေါင်တော်မှာ၊ မြစ်လုံးဝင်းလို့ မှန်ရောင်တောက်ညီး × ကွန့်မြူးထူးလို့ ကိန္နရာလို- ကြော့လန်းလန်းနှင့် ပျံခါလုနီး× ပုံမောင်းသံငယ်နှင့် မြစ်ယံခါ ရေဝန်း၊ ကူးကြသန်းလှော်ကားတွေနှင့် ငှက်လှေသာ၊ ထောင်သောင်း မြူးကြ ပေါင်း၊ အနိုင်လေ အပြေး တက်လေတက်တန်းတခြား၊ ပြိုင်ဘော် ရွှေဇော့ ဘော်-စက်ကွင်းပျံလွှား လှေတော်ကြူးလွန်ကျော် × ကိုယ်တော် ကိုယ်တော် ကိုယ်တော်ရွှေစက် - စမ့ွယ်တင်ခါလျက်ကယ်နှင့်လေး၊ စုန်ဆန် စုန်ဆန်စုန်ဆန် အောက်ထက် လှေရုံစဉ်မပျက်သည်နှင့်လေး × အချက်ကယ်ရေး စဉ်လာနှင့်လေး × တက်ရေးဟုတ်မှန်စွာ လှော်ရလေး × ပြည့်မျှကမ်းနား၊ သောသောအုံးအုံး ဗိုလ်ပါတရုံးရုံး ×ကြည့်ကြကမ်းနား၊ သိမ်းသောင်းစုရုံး - မြေးမြစ်ပြောမဆုံး × တရာမင်းတို့ထွက်မှန်ကူ ထီးဖြူဆောင်းလို့လေး × ဘုန်းတော်ကြီးလို့ - သက်

တော်ရှည်၊ ဆယ်မည် ကျင့် သတင်းငယ်နှင့်လေး × နှုန်းလျော်ညီ ထုံးစဉ်စီ-မျှားဗိုလ်လူ ×တိုင်းပြည်သူ × ကြည်ဖြူသားကဲ့သို့၊ သနား ချစ်ကြည်ညိုလေ်တည့်တည့်၊ ထွတ်ထားဘုန်းပျိုပျို။ ။

---

## ၁၅။ သိကြားခလုတ်ကြိုး

ရွှေ ရွှေ ရွှေဘုန်းပဝင်း၊ မွှေးပင်မွှေးပျံ့သင်း ×၂၊ ညှင်းညှင်းသာသာလေတည့်လေပြည်လာ × ရှုကာတည့်-စိမ်းစိမ်းလန်း ညိုတည့် စိမ်းစိမ်းရွှမ်း×ထူးဆန်းထူးဆန်းထူးဆန်းထွေ × ပန်းပျံ့စေသာ ပုံ ပုံ ပုံချည့်လေး × ပန်းပျံ့စေသာ ပုံ ပုံပုံချည့်လေး ×၂၊ ဝန်းကျင်လေ-ပတ်ကုံးကန်အားလုံး ×၂၊ ကုံးလို့ထူးခြား စကားကံ့ကော်၊ စွယ်တော်တည့်လောင်းပန်း - အနန်းပန်း × မောက်မိုအင်ကြင်းနီဝင်းဇော်တ-သော်ကလေ မဟာလှေကား ဆပ်သွားကြိုင်ပျံ့လှိုင်နံ့လေး × နှင်းနှင့်သစ္စာနေဘ်ဇာတည့်ရဲရဲ ထွေတည့်ထွေထူးကဲ×စံဖိစမ္ပာယ် စပယ်တည့်လန်းလန်း၊ ခေါင်တည့်ခေါင်ရမ်းပန်း × ထူးဆန်း ပန်းအိ လက်တံရှည်လေး- ကြက်ရိုးမွှေးစွမဉ္ဇူပျံ့ရှား × သာထွန်းဖြူစွာ - ပွင့်အာငုံသေး ပန်းပင်ပန်းမြတ်လေး × မြေမှာပစ်ထား- ဆပ်သွားထပ်များ ၂၊ချရားချရားယင့်မာ၊ ဇီတည့်-ဇီဇဝါ × ၂၊ခတ္တာလေ - ခတ္တာလေ - ခတ္တာလေ - ပုန်းညက်၊ ဒန့်ပင် - ဒန့်ဒလက် ×၂၊ ရွှေခွက်ကယ်လှဟန် ဆန်းလှလေး× နွယ်ပန်းခွာညိုပန်းကလေး×ပွင့်စပန်းက လန်းကားကား၊ အခြားခြား ဖြူတည့်ဖြူထွားထွား × ၂၊ ရေကမိုးနှင့်လက်တံရှည် လှိုင်ပင်လှိုင်ချည့်လေး × ရေကမိုးနှင့်လက်တံရှည် လှိုင်ပင်လှိုင်ချည့်လေး × ရေကမိုးနှင့်လက်တံရှည် လှိုင်ပင်လှိုင်ချည့်လေး × ၂ ၊ ရေကမိုးနှင့် လက်တံရှည် လှိုင်ပင်လှိုင်ချည့်၊ ပိတောက်ပန်း - ပိတောက်ပန်းထူးထွေလာ၊ ထူးထွေလာနေဘ်ဇာသဇင်ပန်းငယ်နှင့် လောင်းပန်းဂမုန်းအင်လေတည့် လောင်းပန်းဂမုန်းအင်။ ။

---

## ၁၆။ သိကြားမင်း တုရင်သံ ကြိုး

နှုန်းနန်းထောက်စာ-ပြိုင်ဘက်ရှား × မိုဃ်းသိကြား × ယိုးမမှား × ထင်ယောင်ဝိုးတဝါး × တိုင်းတလွှားကြေငြာ၊ ရှိန်တည့် ရှိန်အာဏာ × တည့်သာ-ကေရာ × ပွားများ-ပွားများလွှန်ရှည်အောင် တိုင်း-ပြည်တော်ဘောင် ×၂၊ ရွှင်လန်း-ရွှင်လန်းဘွယ် သွားတည့်- သွားစမ္ပာယ် × သောင်းသဲအများ-သောင်းသဲအများ၊ ရဘား ရထားဗိုလ်ခြေ မြင်းတည့် မြင်းဆင်တွေ × ရေမြေတောတောင်တည့် ခြိမ့်ခြိမ့်အောအောင် ခြိမ့်ခြိမ့်ငယ်လေး အုံးအင်း ရုံးတရင်း × တီးကြ မှုတ်ကြ၊ စည်းဗုံမောင်း ငြင်းသံသာစောင်း × ၂၊ သံပြောင်း သံလွဲ နှဲပတ်သာလေတည့်နှဲပတ်သာ။ ။

## ၁၇။ ပင်လယ်နတ်ကြီးကြိုး

ပုံနှုန်းဝတိန်သာ ယှဉ်စရာလေ ဘက်ကင်း၊ ပြန့်ကြွယ်ကျော်ကျူးရင်း × ထိန်ဝင်း-ထိန်ဝင်း တေဇာလျှံဖြာ၊ ထွန်းနေဖန်ဝါ × အာဏာနေအရောင်တည့်မှ စံရာဘော့အခေါင် × မြန်-ဘောင်လေ ဖြာဖြာလှင်း၊နတ်မျှ ရည်တူခင်း × ရာဇဦး ရာဇဦး ထီးကုန်အောင် တိုင်းတဲ့ တိုင်းပြည်ထောင် × ခွန်ဆောင် ခွန်ဆောင် ဆက်သလေး × ၂၊ ရွှေနန်းနန်း မြေလျှမ်း ပြောင်ပြောင်ဝေ၊ မြစ်ပေါင်းဝိုက် ခါခြေ × နန်းမင်းဝံထိပ်ဗွေ ကျွန်းနေခေါင်ဖျား မှန်လှလေး × ဘုန်းနေဝါဝင်း၊ ကျော်ကျော် ကျော်နံ့သင်း × အထွေထွေသားနတ်များ ဂူနှာယဉ်ချည့်လေ × တည့်ကော၊ စကြာဆောင်ရရ ပန်ရရလေး × စုံပေါင်းစုံပေါင်း ယှက်ခါခါ ဆုတောင်းမြွက်ပန်ထွာ × မြတ်ရာလေစံပျော်ပါး ရာကျော်ရှည်စေသား × ပြည်သူများကက×၂ ဆုတောင်း မြွက်ပန်ထွာလေတည့် ဆုတောင်းမြွက်ပန်ထွာ။ ။

---

## ၁၈။ ဗောဓိရွက်သံ ကြိုး

ထွေတလာ နေမသာ ချမ်းမြမြေး × မှိုင်းမှိုင်းဝေဝေ၊ မှိုင်းမှိုင်းဝေဝေ၊ မိုဃ်းကစွေ မှိုင်းမှိုင်းဝေဝေ၊ တောင်လေသုတ်ဖြူး၊ မှိုင်းမှိုင်းဝေဝေ တောင်လေ သုတ်ဖြူး၊ ဆောင်းဦး ဆောင်းဦးဟေမာ၊ ကိုယ်ထူးနေရမှာ × ရွှာလှာ ရွှာလာ နှင့်နှင့်စေ × လွမ်းမပြေသည်၊ ထူးထွေ ထပ်ချည့်လေး × လွမ်းမပြေသည် ထူးထွေ ထပ်ချည့်လေး × မိုဃ်းရော လေရော ချမ်းလို့ သေအောင်နှော × မိန်းမော မိန်း မော စိတ်ကယ်တွင် မောင်တည့် မောင်မင်းရှင် × ထိပ်တင်လေထွေပြား၊ ဟိုမှာ သည်မှာသား × စံပျော်ပါးပါလို့၊ စံပျော်ပါးပါလို့၊ ထားထိပ်တင်လေတည့် ထားထိပ်တင်။ ။

---

## ၁၉။ ဆရာနှုန်း ညွန့်ပေါင်းကြိုး

(၎င်းကြိုးသည် အလောင်းမင်းတရားကြီး မူးမြစ်ကိုဆည်တော်မူစဉ် ရေးသည်ဟု ပြောစဉ်ရှိလေသည်။)

ကြောက် ဘွယ် ဘုန်းတန်း ဖြစ်ခဲ့ ထူးဆန်း ရန် သူဆိုက ဝေးတောင်း သိုက်ကျမင်းလောင်း ဂိမ္မန်ကာလ ကူးပြောင်း ပေါက်လုမူးကြောင်း၊ မူးမြစ် သီတာ-ချမ်းဧး ကြည်စွာ နန်းရာကမ်းသို့ ရောက်ချည့်လေး×ပြွန်ထားရည်ဆောင် ကုန်းဘောင်ပြည်သို့ပေါက်ချည့်၊ ကြံလေခြင်း၊ စည်လေခြင်း သယ်လေမင်းရှင်၊ မြစ်စကမ်းနား၊ မြစ်စ မြစ်စ ကမ်းနား၊ ပြည်ရွှာပြည်ရွှာ တိုင်းကား၊ ဝပြောသာ

လို့လို့၊ရေမိုးဆန်မျှား၊ဝပြေသာလို့လို့၊ မိုးကဲရည်အောင်သာ၊ ထိပ်ထားရွှေ ဖွေရာ၊ယာမာ ယာမာ မျှမျှလေး၊ထက်နုတ်ပြည်လုံး တူရေးမှတ်ကြတွေး၊နန်းနှင့် မြစ်ကယ်မှာ၊များတည့်များမကွာ၊ပျော်ရာ ပျော်ရာစံခန်း သာယာစည်ပင်ထွန်း၊ သောင်းညာဒီပါ ကျွန်းကိုတည့်၊ တေဇာနေဝါလန်းပါလို့၊ သိမ်းမြန်းစိုးတော် မူလေတည့် သိမ်းမြန်းစိုးတော်မူ။ ။

---

## ၂၀။ မြင်စိုင်းဆရာပန်းကြိုး

ခန်းတွင်းရိပ်သာ မယ်အိပ်ရာ နေလဲစိတ်မှာ - ညစ်တော့သာ၊ ထွက်ကာ သွားလဲ ပျော်ပါဘဲ × သီးခြားဆိတ်ကွယ်တိတ်တိတ်ကယ်၊ နေလဲချားနှယ် ချာ ချာလယ်၊အုပ်ထွေသောသော ဘော်ချင်းနှော၊နှီးနှော ပြောဟောဖြေ၊အလွမ်း ငယ်ပူ သည်းအူချာကလေး၂ × သည်းထဲမှာ ဆူပူသည့်ပူလှလေး၊တသောင်းမြေ ပြင် စိုးသည့်ရှင်၊ယဉ်နွဲ့နွဲ့လေး × အရူးလိုပင် မယ်စိတ်မှာထင်၊မြင်ပါလွှဲလွှဲလေး× အကြူးမိုးဖျားထိအောင် ထိအောင်သား × စကားသာဖြူး မိန့်ပါဦး × ဝမ်းမြူး ဝမ်းမြူး မြူးလေအောင် မိန့်ဟတောင်းတောင်း ကြူးတောင်း ကဲတောင်း၊နူတ် ညွန့်လန်းလန်း၊ ထူးထွေဆန်း၊ ဆိုပါလေသည့်ဟာများ တိမ်နှယ်ပါး × စကား ယွင်းတော်မူခဲ့လေး × သနား ကင်းတော်မူခဲ့လေ × မိန့်တော်သာ မူလေမြဲ သွေတဲ့သွေလှန်ဘဲ × ကြင်နာသာ ကဲပါလို့၊ ဆွဲရစ်ခွေတည့် ဆွဲရစ်ခွေ။ ။

---

## ၂၁။ ချစ်နံ့မပြယ်ကြိုးဟောင်း

(ၛင်းကြီးမှာ စစ်ကိုင်းမြို့ကောင်းစားစဉ်ကရေးသည်။)

ဘုန်းတောက် ပဝင်းဝင်း ပထွန်းလင်း × ဆင်းသိကြွားစံရာ မျှတူကာ၊ နတ်နန်း ဘုံသာ၊ ကျွန်းဦးခုံမှာ ဘေးမျိုးလုံစွာ သာယာယဉ်မျိုး ဖြစ်ပေရ လေး × အောင်ခန်းဗွေချာ ထွန်းလာတည်စ ဖြစ်ပေရလေး × အောင်ချာတိုင်း စံရာနိူင်း၊ရွှေစစ်ကိုင်းမှာ၊ချမ်းရိပ်မြဝေဆာ၊ပန်းစေသာ နတ်နန်းဘုံသာ၊ ကျွန်း ဦးခုံမှာ ဘေးမျိုးလုံစွာ သာယာယာဉ်မျိုး ဖြစ်ပေရလေ၊ အောင်ခန်း ဗွေချာ ထွန်းလာတည်စ ဖြစ်ပေရလေး × အောင်ခန်းဗွေချာ ထွန်းလာတည်စ ဖြစ်ပေရ၊ အောင်ချာတိုင်း စံရာနိူင်း၊ ရွှေစစ်ကိုင်းမှာ၊ သီးရွက်မြစိမ်းရှမ်း၊ မှည့်ဝန်းရွှန်း၊ ကြိုးတပမ်းပေ ပျော်စချင့်ချေ၊ မိန်းမူး ဖြေဖြေဖြေ မပြေချေ၊ ဖြေဖြေဖြေ မပြေ ချေ၊ မိန်းမူးစိတ်နေ ပျော်ချေမျှားတောင်း၊သာယာမြစ်မ မြစ်ညာခင်မှာ၊ သာ မောလှေတော်သာ လှော်ရရလေ × ရာကျော်စွာရှည်ရရလေး × လှေတော်သာ

လျှော်ရရလေး × ရာကျော်စွာရှည်ရရလေး × လောင်းရိုး လောင်းရိုး လက်သင်မျှားစွာပင် ၂၊ ရွှေစင်တည့် စက်ကွင်း ဝါဝင်းဝင်း × ရွှေဖေါင်တော်တည့် လျှံလင်းလင်း စံကာမင်းထက်မင်း × ထွက်ခါကျင်းပ ဆက်စာနှင်းသ လောင်းမင်းထွတ်မှန်ကူလေတည့် လေးကျွန်းနတ်မဥ္ဆူ။ ။

---

## ၂၂။ ကျောင်းတော်ကြီးကြိုး

ဝေဇယန်နှင့်နှုန်းငြား မထူးခြား × ဝေဇယန်နှင့်နှုန်းငြား မထူးခြား × ရွှေ ကျောင်းတော်ကြီး ဘုံဆောင်၊ ကျူးလွန်အောင်၊ ဆောင်တကာ လေဝန်း၊ ထွေတရာလေဆန်း၊ ငွေအရောင်လိုပင်၊ ရွှေအရောင်လိုထင်၊ ရှိန် အရှိန်ပြာ အရာ နီ အရိ သယ်လေကျောင်းတော် ကျူးကျော်သည့်လေဟန်၊ ဖန်မှန်ရောင်မြနှင့်၊ စိန်နီလာကြောင်နှင့်ပုလဲ၊ နေခြည်ရောင် သင့်သောခါ၊ ဘယ်သူပင်ကြည့်ဝံ့ဘူး× မြင့်လှဖြူးဖြူးတိမ်ဆီ၊ အံ့သြကြဘူးနိုင်ပြီ၊ သံသရာရှေးဝဋ်နှင့်ကင်းအောင်ရှင်းအောင်၊ ဆင့်ဆင့်တိုးကြောင်း ပွားကြောင်း × ကောင်းစွာ ရှင်မြူးကြည်စွာနှလုံး၊ အကုန်အစင်ကျုံးပါလို့၊ ကောင်းဆုံးမြတ် လှူတော်လေတည့်ကောင်းဆုံးမြတ်လှူတော်။ ။

---

## ၂၃။ အတွင်းတီးပြေးကြိုး

ခွဲခွဲခြားခြား လားလားမုန်းထား၊ ကျွန်မမှာ မိန်းမသား ၂× တူမပျော်ဘူး၊ စိတ်ထဲမှတ်စွဲ ကျွန်မကိုမုန်းရန် ၂×ဝမ်းကွဲ ဝမ်းနဲ နဲလေအောင် ၂×ထွေထွေပြားပြား ဆန်းဆန်းထူးထူး၊ ဘယ်ခင်းမှရှိပါဘူး၂×တွယ်တာပါဦး ရှင့်ဘုရား×စာနာပါဦး ထိပ်ထား × သည်သာလေ ပြေကြောင်း လျှောက်ကြား၊ ဝမ်းမှာသာ ဆူလှိုသား၂× မိန်းမူး မိန်းမူး × မိန်းမူး × မိန်းမူးမှိုင် × တွေးတောရင် × လုံးလုံးလုံးနှင်း၊မိမယ်ပူဆွေးလွမ်း× ညိုးငယ်လေညှိုးငယ်လေ၊ ညှိုးငယ်လေနွမ်းရိသန်းပြောင်းတွေမှိုင်ခါ × တမ်းယောင်ပူလောင်စာ× ထိပ်တင်မကြင်နာ × ဖြေလဲဖြေဘဲ၊ဝမ်းကွဲပျောင်းမျှလွမ်းကြောင်း ယုံအောင်သာ× ကြံကာလေထွေပြား၊ စကားတောင်နှယ် ပုံချည့်ချည့်လေး × ဆိုယောင်လေမြည်တမ်း၊ မချမ်းစိတ်မှာ၊ ပူချည်ချည့်လေး× ထိပ်ခေါင်တင်လေတည့်ထိပ်ခေါင်တင် × ဝိုးဝိုးဝါးဝါး၊ မှားမှားယွင်းယွင်း၊ ခြောက်ကံဆိုးရခြင်း × တော်တည့်တော်ပါ မည်လို့သာ၊ အကုန်လုံးလုံးနှင့် × ထိပ်တင်ကြင်ပါမည်လို့သာ၊ ယုံယုံမိ မှားမှားချေသည် × ပွားတောင်း မျှားတောင်း ကြူးတောင်း ကဲတောင်း၊ ဆင့်ကာထပ်ပြန်လောင်း ×

အောင်းမေ့ကြံကာ မှိုင်လို့သာ၊ ဖြေမပျော်နိုင်ဘူး ဖျော်ဖြေကာ × မာန်ပါသည်း
ထဲ၊ ဆူလို့လို့လားလားဖြေနိုင်ဘဲ၊ မြဲမြဲ စွဲမိမိ သည်းထဲ ဝမ်းထဲမှာသာခွေကာ ၂×
ထိပ်တင် မကြင်ပါ တမ်းယောင် ပူလောင်စာ × သွေ့လဲပြေဘဲ ×ဝမ်းကွဲပျောင်းမျှ
လွမ်းကြောင်းရုံးပေါင်းသာ၊သံသာကံဟောင်း၊ တကြောင်း ထောက်တော် မူမူ
မူပါ့ရှင် × ထိပ်တင်ပေါ်ဖြူး၊ အကြူးချစ်ယောင် ဆောင်ဆောင်နှင့်လေ ×
သံသာကံဟောင်း၊တကြောင်း ထောက်တော်မူ မူ မူပါ့ရှင် × ထိပ်တင်ပေါ်ဖြူး၊
အကြူးချစ်ယောင် ဆောင်ဆောင်နှင့်နှင့် × ငါမင်းကိုသာ၊ အာဏာတွေပြား၊
တေဇာဘုန်းအား၊ ဝံ့မည်လားလို့၊ စိတ်ထားစွဲတော် မူလေတည့် စိတ်ထား
စွဲတော်မူ။ ။

## ၂၄။ မြင်တီးမြေးကြိုး (၂-ပုဒ်)

(က) လေချိုလေသာ၊ လာသည်-ညှင်းညှင်းဖြူး × ဗျာပါတွေ့ ဝေလို့မူး ×
ခြုံကာလေ၊ ခွေနိုင်ဘူး၊ အာကာမှာလဲ မှိုင်းလိုလို့-သွန်ကြဲ ရွာဖြန်းစွေ၊
ဝမ်းကွဲညှိုးနွမ်းပြောင်း×စိတ်မတည် လက်မတည်၊ ရှူးလို့ချာချာလည် ×
အခြား-ထူးကြံစည် × လားလား × ယွင်းမှား × သနား....သူသွေ့ဖည် ×
သွားမြဲ × သွားဘဲ၂ × ယဉ်သည်ညိုရွှန်း၊ မိုဃ်းသည့်ထိပ်တင်မှာ၊ မာမှာ
တည့်ထိပ်တင်မှာ × အဆောင်ဆောင်ကသာ၊ ပျော်ကြောင်း ပျော်လေ
ရာ × ပျော်တော်မူလို့သာ-ပြုလာဘဲ၊ လားလားဝေး-မုန်းလို့လား လား
ဝေး × အထွေထွေနှင့် ဘော်ပြုပါသည်ကို × အကြံတော်နှင့်သာ-ရှင်
တော်မူမြဲပျော်လွန်ကဲ၊ ဟိုမှာလုံးလုံးစွဲ × သည်းထဲလွန်ပူလောင် × ညှိုး
မြန်းခွေလေအောင် × ခန်း-ချောင်-ရိပ်ကြီး၊ ခန်း- ချောင် -ရိပ် -ကြီး၊
မယ့်ထီးကိုပင်ပင်၊ ညိုစင်မှာကိုလဲ၊ ကျူးလွန်လို့ကဲ × နိုင်ငံသူမျှား ထိပ်
ချာ၊ ပြည်တကာမျှားထိပ်ပန်း၊ ကျူးလွန်လို့ဆန်း × ဘုန်းတန်း ဘုန်း
တန်းကြီးတယ်ရှင်၊ မယ်ညိုစင် × ထွတ်ဘင်ရာသနင်း ဖြူဝါ အူဝါ
ဝင်း × ခို်မြောတင်းပါလို့၊ ပြင်းအာဏာလေတည့် ပြင်းအာဏာ။ ။

(ခ) ဝေယန်-လိုပင် ရောင်ရှင်လင်းလင်းညီး × သီးသီးခြား၊ မျှားကွန့်မြူး
ထူးရုံးပေါင်း သောင်လုံးချား × စိန်ကြောင်လေ၊ ပတ္တမြားကိုးမျက်ပွင့်
သား × နှုန်းရှား....ဘက်ပြိုင်ကာ × ရွှေနန်းဘုံဆောင်မှာ × မိုဃ်းဗုန္ဒာ၊
နတ်ဗြဟ္မာ တွေးကြမှတ်ဆင်ကာ၂ × နှစ်ပါးပျော်စံရာ × ထီးဆောင်း ×
မင်းပေါင်း ၂ × စကြာရွှေဘွား၊ ညွှတ်တွားရှက်ဆင်ကာတည့်လေး ×
ဆဒ္ဒန်ငွေသား၊ အမျှားဆက်ကညာလေတည့် ဆက်ကညာ × ဘယ်ရာ
ဝင်မှသာ ကြားဘူးအောင်ကိုသာ × သိဟာတွေမြင့်မှာ၊ ရှိ-ကြာ-ရှက်ကာ

စက်ဦး × ခြူးညောင်ဆောင်မြင့်မှာ၊ ရွှေသန်းညာစံပျော်ခါ × ရွှေပြုပ္ပါကသာ၊ စကြာရောက်လှာ-သီးသီး × ပြီးစီးအောင်ကိုပင် × ချီးအံ့ကုန်နိုင်ထင် × နှုန်း-အင်-ဘက်-ကင်း [၂] × ထိန်ဝင်းမြေပေါ် ရွှေတောဇော်လေ လျှံကဲ၊ ထွန်းပါလို့ရဲ × ဘုန်းတေဇာငယ်လေ၊ နှုန်းနေဖြာတယ်လေ၊ ထွန်း ပပဝင်း × ဇေယျာမြေမြင့် ညာနန်းပေါင်း၊ ရောခွေလှည့် ယှက်သန်း၊မင်းဝံ တောင်ညွန့်ခန်း × နန်းရွှေဝ ဘုံငယ်မှာ၊ နှိုင်းဆ ဝတိန်သာ [၂] × သာယာ သာယာ ရင့်ကျူး၊ နှပျို ဆန်း လှ ထူး × စံပျော်မြူးပါလို့ [၂]၊ ကျူးလွန်အောင်လေတည့် ကျူးလွန်အောင်။ ။

(မြင်တီးပြေးကြိုး ၂-ပုဒ် ပြီး၏။)

---

## ၂၅။ ကျောင်းတော်ကြီးအနုမောဒနာ မြင်တီးပြေးကြိုး

စိန်ကြောင် လိုပင် မြင်လျှင် ဝင်းဝင်းညီး × မီးမှားမှား ဟာဟုတ်ဘူး၊ ကျူးကဲတောင်း ကျောင်းလုံးထွန်း ×၊တောင်ဆောင်သာ ဘုံများ တိုးဆင့်ဆင့်ပွား × ဆန်းပြား ထူးထွေလာ × ထွေးတောမှန်နိုင်ရာ × ဝိသုကာ နတ်တကာပေါင်းကြဝိုင်းညီကာ × သိကြား ဆော်ဖန်လာ × ပြီးကြောင်း × စီးကြောင်း × စိန်ကြောင်လေ ပတ္တမြား၊ ကိုးပါးမျက်ရှင် ဖြာချည့်လေး × အရောင်မပြားပြယား မျက်ရှင်မြှာလေတည့်၊ ဆက်ယှဉ်ကာလေတည့် ဆက်ယှဉ်ကာ × အကြံတော်လှလှကျော်ကျူးအောင်ကိုပင် × ဆောင်ဆောင်ဘုံမြင့်မှာ၊ ထောင်ထောင်ရာ ဘုရားကျောင်းဦး × နောင်ခါဘုံမြင့် မြင့်ရွှေနန်းမှာစမ္ပာယ်ကာ × သံသရာဘို့သာ၊ ရိက္ခာ ကံကျွေးရင်းနှီး × ပြီးစီးမြောက်အောင်ပင် × ချီးအံ့ကုန်နိုင်ထင် × နှုန်းအင်ဘက်ကင်း နှုန်းအင်ဘက်ကင်း သန့်ရှင်းခါကျော် သာခေါ်လေလူ့ပွဲ အနုန်းခြိမ့်ခြိမ့်သဲ × သံဃာတော်တည့် စေ့ကုန်အောင် လှူတော်မူတည့် သိန်းသောင်းများစွာ ဝတ္ထုပေါင်း × ဆွမ်းကောင်း ပန်းကောင်း၊ မှုံဘွယ်ရာများလှမဆိုပါ × မီးမှာလေ ထွေထွေထူး၊ ကုန်အောင် ရေနိုင်ဘူး၊ က ခုန်မြူးပါလို့ ကျူးကြော်ငြာလေတည့် ကျူးကြော်ငြာ။ ။

## ၂၆။ ဖေါင်လား၊ ဖေါင်ငင်၊ ဖေါင်ဆိုက်ကြိုး

ဘုံဆောင်မြင့် စိန်ကြောင် ဖလ်ရှိန်လေညီးလို့ လင်းလင်း × ကြွားကြွားမိုးဖျား၊ သီခေါင်လေ တိမ်မှောင်လေ ဝေးရရှင်းရှင်း × စိုး စကြာငယ်လေ ကိုးမျက်မြှာငယ် လောကလောင်းမင်း × ဘုန်းတေဇာငယ်လေ နှုန်းနေဖြာတယ်လေး၊ ထွန်းပ ဝင်းဝင်း × ရေနန်း ဗိမာန်လေ ထူးလှကောင်းခြင်း၊ ရွှမ်းရွှမ်း

လန်းလို့ လျှပ်ပန်း လျှပ်ပန်း၊ တွေးကြသောင်းတွင်း × သီတာရွှေဘွေခင်းငယ်နှင့် ရွှေတဲ့ညီလာ × ၂၊ ယဉ်ရော ကြာရံကာ သော်တာသွားသို့လေး × ပြာခြေမှောင် ခွါ သွေ့ရှောင် ရွှေဖေါင်လားကွန့်လေး × ယဉ်ရော ကြယ်ရံကာ၊ သော်တာသွား သို့လေး × ပြာခြေမှောင် × ခွါသွေ့ရှောင် × ရွှေဖေါင်လား ကွန့် မျှားလှေ့ရံလေတည့် မျှားလှေ့ရံ။ ။

---

## ၂၇။ ဖေါင်ငင်ကြိုး

ဇေယျာမြို့ရွှေဒါရွှေလှေ့ မျှားလှသောင်းသောင်း × နန်းချင်းနန်းချင်း လှော်ညီလေး ပြိုင်ညီလေ၊ ရေးလှပြောင်းပြောင်း × တီးယွန်း ခြိမ့်မောင်း၊ ဇေးပင်သာ ဇေးရင့်ခြောင်း × ပျော်ကြောင်းယှဉ်ကာ၊ ယဉ်တဲ့ယဉ်သီတာ၊ မိုးမြေချာပတ်ကုံး ပတ်ကုံး၊ စိုးပင်သာ စိုးသိမ်းကျုံး × ပေါင်းရုံဆယ်ဖြာ၊ ဦးတဲ့ ဦးဆင်ကာ × ဖေါင်ငင်ရာ ထုံဂန္ဓာ မာလာသင်းပျံ့လေး × ရွှေရေသီ လေချိုချို၊ သိင်္ဂီဝင်းလှလေး × ဖေါင်ငင်ရာ × ထုံဂန္ဓာ မာလာသင်းပျံ့လေး × ရွှေရေသီ လေချိုချို၊ သိင်္ဂီဝင်းမှည့် ညှင်းသာသာလေတည့် ညှင်းသာသာ။ ။

---

## ၂၈။ ဖေါင်ဆိုက်ကြိုး

စိန်းလဲ့လဲ့ညိုပြာ ဇေယျာအောင်ခန်း၊ ဖေါင်တော်ဆိုက်ကာမြန်းပါလို့၊ ပြည်ပြည်သူ စုံပေါင်းရှိပန်း × နန်းနှင့်ယှဉ်ခရောတည့် ချီးမျှရံဗိုလ်ပါ၊ ကြွေးရင့်စည်တံမြှာ နှဲနှင့် ရွှေသံဝါ × ဆေးလေးညီညာ သိင်္ဂါငါးမည် ညှင်းညှင်းတံရှည်ကျူး × ဘယ်ရာဇဝင်ရှေးမှာမှ တူဟန်လေထင်ရေးကြွားဘူး × ထူးကျွန်ပေါင်း၊ ကဲသွန်အောင် ဝေမှောင်လင်းလို့သေး × မှန်သိင်္ဂီ ရံရွှေညီ ဒေဝီမင်းနှင့်လေး × ထူးကျွန်ပေါင်း ကဲသွန်အောင် ဝေမှောင်လင်းလို့လေး × မှန်သိင်္ဂီ ရံရွှေညီ ဒေဝီမင်းနှင့် ဆင်းသူဇာလေတည့် ဆင်းသူဇာ။ ။

---

### ၁၁၄၆–ခု၊ ဘိုးတော်ဘုရားကြီးသားတော် နတ်ရွာစံအိမ်ရှေ့မင်းသည် ရခိုင်ဘုရားကြီးကိုပင့်ရန် ချီတော်မူသောအခါ ဖေါင်တော်ကိုဆွဲရသည့်

## ၂၉။ ဖေါင်ငင်ကြိုး

လွှမ်းထပ်ဆင့်လောင်း ချမ်းပြန်ရာတွင် သွင်းစခမြောက်လေဝင်၊ ကြည်လင်ကြည်လင်လေ သောင်ပြင်ငယ်မြစ်လုံး၊ ကြောညာကျူးရင့် သံပြိုင်ဆင့်လေး × ထိပ်ချာဘုန်းမြင့် ရွှေဖေါင်နှင့်လေး × ကျွန်တော်မြားမြောင်စွာ × လှေ့တော်

သန်း ထောင်ရာ၊ ရင့်ငြာ ရင့်ငြာလျှမ်းမျှလေး × ဟောမာ ချိန်ခါဆန်းစလေး × နှင်းနှင့် လေညှင်း ဝင်လာပုံမောင်း၊ ဒေဝါပဇ္ဇုန်လောင်းပါလို့ ရေကြောင်း မှိုင်းရီရီလေတည့်မှ အောင်ပွဲတပ်တော်ချီ။ ။

---

## တကောင်းမြို့ ကောင်းစားစဉ်ရေးသော

### ၃၀။ ဖေါင်လားကြိုးဟောင်း

ဘယ်ဘယ်တဲ့၊ ဘယ်ကမ္ဘာတွင် ကြားရဘူးဘဲ × စိုးမိုး စိုးမိုးပိုင်သည် လေလောက လောင်းမင်း × လောင်းထွတ်ချာစက်ဘုန်း ဝါ ညီးလို့လင်းလင်း × မူးရေပင် စီးလှာဝင်ဖြိုး ပြည့်လျှမ်းလျှမ်း × ဘောင်နန်းစကြာလေ စီးကြမင်း ပေါင်း× ဝင်းဝင်းဖူးစ လျှပ်လားလျှပ်လား တွေးမိယိုးမှား× ပျော်ပျော်မြန်းလို့ စံရှင်ကာ × လာမည်သာ လာမည်သာ မှာလို့လို့လေး × ထင်ယောင်ကာ ထင် ယောင်ကာ မြှော်မိမိလေး × လာမည်သာ လာမည်သာ မှာလို့လို့လေး × ထင်ယောင်ကာ ထင်ယောင်ကာ မြှော်မိမိ ထဲပိုက်ကာလေတည့် ထဲပိုက်ကာ။ ။

---

### ၃၁။ ဖေါင်ငင်ကြိုးဟောင်း

ကမ်းက ကမ်းကခွာ၊ စည်ငြာခြိမ့်သဲ၊ ကြေညာ ငတ်တန်းလို့၊ ဆွဲကြကြ ရွှေလှေလှံ့ဝင်းမြူး × နန်းမဆောင်မှာ၊ မသာဘိဘဲ ခွေယိုင်ပတ်ဆိုင်းဆွဲလို့လို့၊ ထွေ တလာဆန်းထူး × ဦးနှင့်ပဲ့မှာ ရွှေနိုကြာ၊ ထုံဆံမွေးမြူးလို့ ပျံမည်စေကျူးလို့ ပျံ မည်စေ၊ဘုံနန်းဆောင်မှာ၊ အာနိစ္စဲလို့၊နန်းညွန့်ရှင်စံမြဲ ရွှေစက်တင်အရှင်လားလို့၊ တွေးကြမှတ်ယူမှား၊ ဘယ်ရာဝင်ဆန်းလို့ဘူမဆွယ်ဘူးဝေး × နန္ဒမူ လိုဏ်ကာသာ မြူးတွန်လို့လေး၊ ရွှေဟင်းသာဖေါင်တော်မှာ၊ လူးလွန့်လေး × ဖေါင်ဝန်မှာ ကြိမ်ကိုင်ကာ ဆော်ခါနှိုးလို့လေး × ဖေါင်တော်မှာ ရွှေသော်တာ ပေါ်လာ ထွန်းသို့၊ တိမ်းစွန်း လကို သယ်လေတည့်မှ တိမ်းစွန်း လကို သယ်။ ။

---

### ၃၂။ ဖေါင်ဆိုက်ကြိုးဟောင်း

ဖျော်ဖြေလို့ နေပါရင်လေး၊ ပြောင်းပြန်သံထူး မိုးလုံးမိုးလုံး ခေမှောင် လေ လောင်းဆင့်ကဲမိုး၊ ချမ်းဧးမြတောင်း လွမ်းကပေါင်း ပျော်ကြောင်းဖြေ ကာ၊တန်နိုင်ပါ၊မင်းရှင်လေ ချစ်ဟောင်း ယွင်းတိမ်းစောင်း၊သံပြောင်းညွတ်ကာ ဆန်းမာယာ၊ လာမည်သာ လာမည်သာ မှာလို့လေး × ထင်ယောင်ကာ ထင် ယောင်ကာ မြှော်မိမိ ထဲပိုက်ကာလေတည့် ထဲပိုက်ကာ။

## ၃၃။ ဦးလွန်းမြေဆို-ကြာချစ်ကြီးကြိုး

ရွှေနန်းအောင်ချာ × ပြုပ္ပါရွှေဦးဆီကလေး × ပျော်ခင်းသာယာ နန္ဒာကန်ကြီးတည့် ဆီးလိုလိုလေး × အုံ့ကြူးယဉ်လေခြင်း × အဖူးငုံအာလွင် အထူးထွေလာသံ၊ အဖူးဖုံရွှေလျှံ × ရွှေကြာနီ ရွှေကြာဖြူ ကြူရရှုလေး × သင်းသင်းနံ့ရှင်းရှင်း × အိုင်မင်း အိုင်မင်း ဆဒ္ဒန် တူတဲ့ တူမောဟန် × ပုံသဏ္ဍာန် လေမကျဲ၊ ပြိုင်မတူလေဘဲ × ပျံ့ဝဲ ယှဉ်နွဲ့မောင်နှံ့ ငှက်တဲ့ ငှက်ပေါင်းရုံ × စာနှံ့တောင်ပံနီထွတ် နှစ်မနည်းတဲ့မောင်ငယ်မှာ၊သင်တဲ့သာသင်တိုင်းဝဲတ် × ချည်ခင်စွတ်ကယ်ကြင်ဘော် သွေးလိုလေး × ကြာဖတ်ကို သင်ကာနွေးလို့လေး × စုစုငယ်သာသီးသီး ဝေးပင်သာဝေးမနီး × ရွှေပြည်ကြီးလယ်သူ ဘွားတဲ့ဘွားရအူ × ကျူူစွာကျူူစွာသံဝါချိုနူး၊ရှင်ပင်အင်းခရူငယ်နှင့်လေး×ကျူူစွာလေသံဝါချိုနူးရှင်ပင်၊အင်းခရူငယ်မှာ × ကျွတ်ဆုငယ်တိုင် × ကြာခိုင်ကြာခိုင်နှင့်လေး × တူပြိုင်ယှဉ်ပြိုင်ဆင့်ဆင့်လေး ×၂၊ နှင်းနှင့်ထုံ ပန်းစပယ်ခေါင်ရန်း ပန်းသော်မှော် အပြည့်လျှမ်းပါလို့ မင်းလမ်း စပ်ခါခါလေတည့်မှ မင်းလမ်းစပ်ခါခါ။ ။

---

## ၃၄။ ဦးလွန်းမြေဆို - ကြာချပ်ငယ်ကြိုး

မင်းလမ်းစပ်ခါ × လူးလာ ပြန်သွား ရွှေပြည် မြို့ကြီးသူငယ်မှာဝယ်တိုးပင်တိုးမအား × လက်ဖျားဆွတ်ခါခါတည့်လေ သက်ထားတူမကွာ တည့်တည့် × ဘုန်းပန်းငယ်စက်ချည် × ရွှေပြည်တော်နှင့် မဝေးမဝေး၊ မေရှငယ် ခေတ်တော်ကိန်းဝပ်ပျော် တောင်တော်မန္တလေး × ကြင်ရေး ကြင်ရေး မေတ္တာနှောင် ဆက်တိုင်း ဖူးရအောင် × ရွှေညောင်ရေနှင့်သွန်းလောင်း ×၂၊ နှင်းပေါင်းပန်းပေါင်းနှင်းပေါင်း ပန်းပေါင်းရေ၊ ညနေတိုင်းပင်ကို လေတည့်မှ ညနေတိုင်းပင်ကို။ ။

---

## ၃၅။ ဦးလွန်းမြေဆို - တောင်မြင့်စည်းခုတ်ကြိုး

ဆီးနှင်းပြိုက်ကျ ချမ်းဆောင်း၊နံ့ ပန်းပေါင်း×ဝတ်နံ့ ငယ်လေ လှောင်းလှောင်း၊ ညှို့ပြောင်းပြောင်း၊ စက်လျှောင်း စက်လျှောင်း ဘုံသာခွင်၊ မှေးမှေးပျော်ရာတွင် × ထိပ်ချာတင် × စိတ်မှာရွှင်၊ ရိပ်ကာမြင်မိ-လိပ်ပြာမင်းထူး ထွေထွေမျှားဘိခြင်း ၂ × ရင်တွင်း ရင်တွင်း ပူလှတယ်၊ ထင်မှားယောင်မိတယ် × စက်ရာဝယ်၊ ညက်ပြာသွယ်၊ ဆက်ကာလှယ်လို့ လျှောင်းလဲ လျှောင်းလဲ၊ ယှက်ကာနှော်ပျော်သေးဘဲ × သံဝါကြော် - ကြံခါမြှော် - လျှောက်ခွင့်ဆုပန်သော်× ရှင်တော် မွေတော် - ကိုယ်တော် - ရောင်စုံ မြတ်စွာအင်းခရူငယ်နှင့်လေး× သုံးလူ့ငယ်ထွတ်ချာ - မှန်ကူကြီးမြတ်ဘုန်း × ညက်စုံလေး - ညက်စုံလေး - ညက်စုံ

ပြာဝင်း၊ သစ္စာမတည် ယှင်းသည်နှင့်လေး ၂ × ဘန်ဆင်းသက်ခါ နီးလို့လို့၊ တောင်မြင့် တောင်ဖျားကန်သာအိုင်နား၊ ရေကြည်သီတာ မျှားငယ်နှင့်၊ ဘုရားမြတ်ဘုန်းလူတည့်မှ ဘုရားမြတ်ဘုန်းလူ။ ။

---

## ၃၆။ ဦးလွန်းပြေဆို- တောင်တမန်လှိုင်းကြက်ခွပ်ကြိုး

မင်းလှင်-မင်းလှင်၊ မှိုင်းအုံလေပြေ–လေညှင်း လှုံ့ပါလို့လေး × ကဆုန်-နယုန်ချိန်ခါ- ပြည်ကြီးတောင်လက်ျာ× သောင်းယူဇနာကျယ်ဝင်း တောင်တမန်တည့်အင်း × မြစ်ချင်း မြစ်ချင်း ဟင်းငံ လှိုင်းတည့်လှိုင်းပေါ်စီ ၂ × တေန် တေန် တေန် ခုံးမ - လှေးသွီး လေကြီး၊ ဇနီးမတော်ရ - ရလေး × မင်စ-ငယ်လေး မျှားလျှား နောက်သွား × ကမ်းနား ခိုကြ ခိုကြလေး × ကမ်းပါး ပြိုမျှ ပြိုမျှလေး × ထမ္ဘူးလေ မှန်တိုင်း × တံပိုးပင်လယ်လှိုင်း× ဂလိုင်း ဂလိုင်း ညီညွတ်လှိုင်းပင်သာ လှိုင်းကြက်ခွပ်ကယ်နှင့်လေး × ရေနက်မှာ ရှင်ပျော်မြူး.... ကြလေး×ခွေညွှတ်ကယ် မြင်သူမူးမျှလေး×ရေနက်မှာ ရှင်ပျော်မြူး....ကြလေး× ခွေညွှတ်ကယ် မြင်သူမူးမျှ-ထူးထွေလာလေတည့်မှ ထူးထွေလာ။ ။

---

## ၃၇။ ဆယ်စည်ခုတ် ကြိုးအလိုက်

သင်းအရင်းငယ်ကြိုင်မွှေး လှိုင်လှိုင်စွာ၊ ဆောင်ဆောင်လေသာ- ကြာငယ်ကသာ- ဘွားကနဲပေါ်၊ မိုးသူဇာလား၊ ရွှေစိန်ရောင် မြလျှပ်နွယ်၊ စိုးဝါဝါဝင်း၊ ညက်စင်ဖြူစွာ ရွှေတိုင်ညှင်း လည်တိုင်ပျံ့သင်း၊ ပယင်းပယင်း စစ်ကယ်လိုနွဲ့ပင် နွဲ့ယဉ်ကို၊ လျှပ်ဝါဝင်းပ– တွေးမှားထင်ကာ- မောလို့ မြောအောင်သာ၊ ဟိုအဆောင် သည်အဆောင်၊ ငြိမ့်ငြိမ့်အောင်သာ နေနိုင်ဘူးကြံကာ ရှင်မြူးပါလို့၊ မူးချင်ဘွယ်လေတည့် မူးချင်ဘွယ်။ ။

---

# ရှေးမင်းတို့လက်ထက်ရေးသောကြိုးသီချင်းဟောင်းများ

## ၃၈။ ရှေးကြိုးဟောင်း-တမ်းချင်း

ရွှေဘုန်းထက်ဖြာ၊ စိုးချုပ်ချာ၊ ယဉ်သာခေါင်နှင်း-မိုးတွဲ့မင်း၊ ဆောင်တွင်းဘုံမှာ-မရောက်ကြာ၊ မယ်သာကြံမျှား၊ မတုံ့စား၊ သနားခံမည်မှာ ကြံတည့် ကြံရည်ကာ ကြံရည်ကာ သည်မယ်သာ မေ့ကျန်လွန်းလှလေး၊ စိုးမိုးချုပ်ချာ ဘုန်းနေဝါ၊ နောက်ခါရှင်ဖျား- လှာပြီလား၊ ပျော်ဘွယ်သာ ငယ်နှင့်လျှောက်ထားမည်။ ။

## ၃၉။ ရှေးကြိုးဟောင်း-ဘီလူးမ စည်သံ

ကြိုင်မွှေးလှိုင်ပြေး နှယဥ်ကျေး၊ ယဉ်ကျေးဖြူဖြူ မင်းနှုံအူ- ငယ်ရာကိုပင် တည့်လေ၊ ကြီးလိုမူရာ-မတတ်ပါ၊ မျက်သာလွန်ကဲ - ငင်ခဲ့လေး။ ။ပြုံစုချမ်းသာ-တူနှင့်ရာ၊ ညီပါဘဲကိုပင်တည့်လေး။ ။ရင်းမူလနှင့်-စိတ်ချငယ်တော်လျှားနှလုံးထား၊ မမှားသင့်လှ ညီမခွအောင်လို့၊ပုရွှငယ်ရှင်လူမင်းနှုံအူ၊ငယ်မူပျောက်စေချင်လှလေး၊ သူလည်းငယ်မူရာ၊ ကိုယ်ဝယ် ကောင်းချည့်လေး။ ။ပိုင်စိုးချုပ်သူ ဇမ္ဗူခေါင်ချာ၊ အလျှာသွယ်သွယ်၊ မင်းဆိုတယ်။ ။နန်းရုံငယ်စံခင်း၊ မယ့်ချည့်ကိုပင်၊ ထွတ်စိုးနှင်း၊ စက်ရင်းမှာ ညနေ့ခြံရံလာ၊ သန်းရွှေကိုပင်-နှမွှေး၊ ရွှန်းလူ၊ မင်းရွှအူ၊ ကြည်ဖြူကောင်းပါပေငဲ့လေး။ ။အလွဲတူသည်၊ ငယ်မူအရာ၊ ကိုယ်ဝယ်ကောင်းချည့်လေး။ ။နူန်းရန်ငယ်စံကင်း၊ မယ့်ချည့်ကိုပင်ထွတ်စိုးနှင်း၊ စက်ရင်းမှာညနေ့ခြံရံဝန်း၊ ထောက်တွေးဆကောင်း၊ ဆေးဆေး နှေးနှေး ယူသင့်လှမင်းနှုံအူ။ ။

---

## ၄၀။ ရှေးဟောင်း-ကွန်သံလန့်ကြိုး

ဤအမည်သည် ၃၇-ချင်း တီးချက်တွင် ပါသော
(မြစ်တွေးကွန်သံလန့်ကြိုး ) ကိုဆိုသည်။

သောင်ကမ်း သောင်ကမ်း၊ မော်တည့်အဘော်မပါ၊ မ, ကိုရှာ ဟသ်ာ မြစ်တွေး၊ ပင်လယ်ငယ် ဝယ်မှာ-ကျူးရင့်ကြွေး၊မြစ်တွေး ကွန်သံလန့်တည့်လေး။ တူစုံမပါ၊ နေလှည့်ရာ၊ ငတုံးတာ၊ တံငါမူဆိုး၊ ပင်လှယ်ဝငယ်ကို ဖြုတ်ခြည်းသွား၊ မယ်ဘွား ကွန်သံလန့်ချည့်လေး။ ။တက်ကြီးရိုးရှည်-တက်ကြီးရိုးစောက်၊ ကင်းတည့်- ကင်းခမောက်ကယ်နှင့်၊ ရုပ်ဖျောက်ကယ်လာ၊ တုံးတာလော၊တံငါလော၊ လှေငယ်ဦးစောက်၊ ကင်းခမောက်ကယ်နှင့်၊ ရုပ်ဖျောက် ကယ်လာပါသည်၊ တုံးတာ တံငါဟုတ်ကဲ့ ဟုတ်ကဲ့လေး။ ။ပုဆိုးမဲစင်း ငါးစိမ်းခြင်းငယ်နှင့်၊ အပြင်းဈေးမှီ လှော်စွလေး။ ။ပက္ကလာတွင် တောင်းငယ်တင် ခုံမင်ဖေါက်သည်လာစွလေး။ ။ဖေါက်သည် လည်းလာ၊ ဆန်မပါ၊တံငါ တော်စွ-တော်စွလေး။ ။

---

## ၄၁။ ရှေးဟောင်းသီချင်း- ကင်းပတ်ကြီးကြိုး

ကိုယ်လုံး သန်ရောင်၊ စွယ်ရန်းငယ် ရှည်ခေါင်၊ ခြေ သန်းပင်တထောင်၊ စင်းစင်းငယ်စွယ်ပေါင်း၊ လျှားလျှားမျောမျောရှည်၊ လှေသွားလှော်ကားလိုလိုပင်၊ ဝဲပင်လယ်ခွင် ဝဲပင်လယ်ခွင် စုန်ကာဆန်ကာသာမြူး၊ ရေပေါ်သန်းလို့ကူး၊ အစွယ်သွယ်ဖူး၊ နှစ်မြွာရှည်ကျူး၊ ကူးချေသန်းချေ၊ ကြောက်ဘွယ်ပင်သယ်မွှေ၊

ခေါင်းထောင်လှွား၊ မြီးထောင်သွား၊ ကိုယ်ရောကြီးစွာ၊ ရေထဲရေခွဲ၊ ရေဝဲမှာ၊ ယဉ်ထန်စွာ၊ ခြေကန် ဖွားဖွား ယက်နှင့်လေး၊ ဘုန်းကြီးမင်းဆိုလျှင်၊ သည်နဲ့တူတူ ပင်၊ လှေလျှင်လှေလျှင်ကြီး၊ လုပ်ဆောင်ပြီး၊ လုပ်ဆောင်ပြီး၊ ခေါင်းမြီးပုံယူကာ၊ စီးတော်မူပါ၊ ပညာဆင်ခြင်ရေး၊ဖြူညိုညိုသွေး၊ပင်လယ်ချင်းနှံ့တယ် မင်းစကြာ။

---

## ၄၂။ ရှေးဟောင်းသီချင်း-ကင်းပတ်ငယ်ကြိုး

ရွှေဖေါင်တော်စံကာ၊ ခြေမျှား ရှည်လှ ကင်းငယ်မှာ၊ မမှီမျှပါ ထူးဆန်း၊ ကူးသန်းလှည့်မှီဘဲ၊ ကြာလှလှ ပင်ပန်းကာသာ ၂၊ ဘုန်းတော်မှာ ကျော်ပေ့ပေ့အခေါင်သာထင် ၂၊ ဖေါင်နန်းလျှင်လှလှ မြင်ဘူးအောင်ပင် ၂၊ ကင်းငယ်မြင် မှိုင်ကာမူး၊ ထွေထွေဆိုကာကျူး ၂၊ လွန်ကျူးပုံယူ ကေန်တူ၂၊ ဇမ္ဗူကြေညာနှံ့လေး၊ သယ်သယ်ဆိုခါအံ့ရေး၊ ဖေါင်တော်ရောင်ရွှန်း၊ လင်းဖြာဖြာထွန်း၂၊ လူးလန်းဝေဝေ သပြေအောင်ချာ၊ စိုးပိုင်ကာ၊ ကာထူးစက်နှင့်လေး၊ ဖေါင်နန်းဖေါင်နန်းပေါ်ငယ်တွင်၊ ဘုန်းတော်စံရှင်အခေါင်မိုး၊ ချာအရင်းစိုး၊ တေဇာလင်းကွန့်ကွန့်၊ ဘုန်းညွန့်လူတည့် မိုးကိုယူ။ ။

---

## ၄၃။ ရှေးသီချင်း-ဇမ္ဗူသပြေသံ ကြိုးဟောင်း

ဝင်းဝင်းရွှေရွှေ၊ မှိုင်းမှိုင်းဝေ၊ သီးနှိုကြွေရွှေဖြစ်၊ သပြေစစ်၊ အဝါနှစ် ဇမ္ဗူရဇ်၊ အနှစ်ကဲကြူး၊ပြည်ပေပေါ်ထည်း၊ထူးသံထွေ၊မြစ်ရေသံညွှင်းညွှင်း ဇမ္ဗူပင်ကျွန်းမှာ ဝင်းဝါနီတွေးရင့်လေး ၂။ ။ရေထဲမိုးထဲ ရွှေခဲဝင်းလျှံ သံသာကျူးဇေး ၂။ ။အဝါမှည့်မှည့်၊ အရောင်စည့်စည့်၊ ထင်ကာထပ်ကာကြွေ လကျါလည် ခွေနူန်းလကျါလည်၊ လကျါလည် လေသွား ရွှေဇမ္ဗူသွားကြွေ၊ သပြေဇမ္ဗူ ရွှေသံသာလေ၊ မြတ်ထွေညွှင်းပုံတူလျော်၊ ဘုန်းတော်လျှမ်းမိုး၊ တိုးလျှံဝါကျူးသာမြည်၊ ရွှေစည်ချည်ဖွဲ့နှဲ့တီးမြည်ကာတည့် ကျူးသံဝါ။ ။

---

## ၄၄။ ရှေးဟောင်းသီချင်း-ရွှေပလ္လင်အောင်ကြိုး

ဤသီချင်းသည် ၃၇-ချင်းတီးမျိုးမှာ ရွှေပလ္လင်တီးဆိုသည်။

လဲ့လဲ့စိမ်းရောင်၊ ဗောဓိညောင်၊ အတောင်တရာသာစွလေ၊ သာသည်ညောင်အောက်၊ ပလ္လင်ပေါက်၊ မြောက်ခွင် ရွှေယွန်း၊ ပလ္လင်ဝန်းဝယ်၊ မြတ်ဘုန်းကြွယ်၊ခြောက်သွယ်ရောင်ခြည် ဖြာစွလေး၊ရောင်တော်ခြောက်ပါး၊ မြတ်ဘုရား၊

နတ်သားမာရ်မင်း၊ ရန်ငြိုးပြင်း၊ ရန်တင်းထောင်မည် လာစွလေး၊ ဝသုန္ဒြေ၊ ဆံရေစက်စက်၊ မြေကထွက်၊ ဘုရားဘုန်းလူ၊ မာရ်နတ်သားကိုအောင်တော်မူ၊ နတ်လူကောင်းချီးငြာစွလေး။ ။

---

## ၄၅။ ရွှေးဟောင်း- သိကြားခလုတ်ကြိုး

သည်မိုးပြုန်၊ အုံ့လို့ဖွဲ၊ ညှင်းသာသာ လေပြည်လာ၊ သွန်းလာတလဲလဲ၊ ရွာမစဲဘဲ၊ ကြူးကဲထူးကဲလို၊ ပန်းသစေသာပုံချည့်လေး၊ ဆန်းထစေပင်စုံချည့်လေး၊ ဝန်းလည်ပတ်ကုံး၊ ကန်အားလုံး၊ ကျုံး၍ထူးခြား၊ ပျံ့ရှားကုံ့ကော်စွယ်တော်နှင့် လောင်းပန်း၊ ခေါင်ရမ်းဒန်း၊ မောက်မှိုအင်ကြင်း၊ နီရှင်းဇော်တသော်ကလေး၊ မဟာလှေကား၊ ထင်ရှားကြိုင် ပျံ့လှိုင်နံ့လေး၊ နှင်းနှင့်သစ္စာ-နေဇ်ဇာတည့်ရဲရဲ ထွေထူးကဲ၊ စံပယ်စံပယ် ခတ္တာပန်း သွန်းစကားပန်း၊ ထူးဆန်းပန်းအိလက်တံရှည်လေး၊ ကြက်ချီးမွှေးပျံ့၊ နေဇ်ဇာပွင့်လန်း၊ သာထွန်းအစုံ၊ ပွင့်အာငုံသေး၊ ပန်းမြတ်လေး၊ မြေမှာပစ်ထား၊ ထပ်များဆပ်သွား၊ ချယားယင်းမာ-ဇီဇဝါ၊ ခတ္တာ ခတ္တာ၊ ခတ္တာပုန်းညက် ဒန့်ပင် ဒန့်ဒလက်ကယ်နှင့်လေး၊ အရွက်ကယ်လှဟန် ထူးချည့်လေး၊ နွယ်ပန်းခွါညို စိမ်းလဲ့လေး၊ ပွင့်စလန်းလန်းကားကားသားသား၊ အင်ဂမုန်းနှင့်ခတ္တာရီ လှိုင်ညီမွှေးချည့်လေး၊ ခေါင်ရမ်းလေ ခေါင်ရမ်း ထူးထွေလာ ထူးထွေလာ၊ မလ္လာမိုးသည့်ပန်းမျိုးစုံ။ ။

---

## ၄၆။ ရွှေးဟောင်း-တကောင်းဖေါင်လားကြိုး

ကျော်နှံ့ဝှန်ဆူ- ဘုန်းမြင့်မိုးကဲ၊ ကြားတိုင်းရန်သူ ဝေးလွင့်ပြေးလွဲ၊ ပျံ့နှိုင်မိုးမြင့် ရောက်အောင်ပင်၊ စကြာစိုးရ ပိုင်သည့်ရှင်၊ ရှင်ရှင်ပြုံးပြုံး စုံဖူးတင့်တင့်လေ၊ ယဉ်မျိုးနွှန်းထွင်း ကဲမိုးနင်း၊ ထွန်းဝင်းစကြာ လက်စွဲကာ၊ ဟောဝန်တောင် တောဇပ်မျှလေး၊ စံလန်းပျော်ပါး ရှင်မျှလေး၊ ဝမ်းကွဲဘို့ဗျာပါ၊ ဖြေဖြေကြောင်းဖြေပေတာ၊ ရှည်ကြာဘဲပ၊ လေးဖြာကျွန်းမ စိုးရပိုင်တဲ့ရှင်။ ။

---

## ၄၇။ ရွှေးဟောင်းသီချင်း-နဝတတ်အိုင်ချင်းကြိုး

ရွှေစကြာ သည်အိုင် သာကလော၊ လှည့်လည်သော၊ ရဝေသီတာ၊ အိုင်တွင်းမှာ၊ ရှစ်ဖြာလင်းစွအိုင်သာကလေ-အိုင်သာက၊ ရစ်ထွေဟဲသည် သဲသဲကျော်စွာအိုင်တွင်းက မြစ်ကြီးငါးဖြာ စီးကာထွက်လာ၊ ငါးရာမြစ်ပေါင်း ဖြာ

စုလေး၊ ကုမုဒ္ဒရာ ပဒုမ္မာ၊ ပွင့်လာ အံ့မဆုံးတည့်လေး၊ နဝတတ်ဟု အိုင်မြတ်သာ လှပေ၏သေး၊ အိုင်မြတ်သာယာ ငါးပါးကြာပွင့် လာပွင့်လှာ ခါမယွင်း တည့်လေး။ ။

## ၄၇။ ရှေးဟောင်းရာသီတွဲ - ဟေမန္တာချင်းကြီး

ဟေမန္တာဟု၊ ခါလုပွင့်မြဲ၊ ခဝဲရွှေရည်၊ မိုးကိုရည်၊ နေလည်းတောင် ပါးသွားခဲ့ပြီလေ၊ မယ်ကြင်သူယူလှည့်လေး၊ ကြတ္တိကာနှင့်သော်တာရောင်နှုန်း၊ တန်ဆောင်မုန်း၊ ချမ်းတုန်းပြန်ခဲ့ပြီလေး၊ မယ်ကြင်သူယူလှည့်လေ၊ ညောင်ရွှေ ရပ်တွင်ဂေါ်တဇင်၊နှင်းတွင်ထားရျှပွင့်ခဲ့ပြီလေ၊မယ်ကြင်သူယူလှည့်လေ၊နော်ဇာ ရွှေဆင်းပင်လုံးဝင်း၊နှင်းဆီနှင့်ကြွေပြန်ခဲ့ပြီလေ၊မယ်ကြင်သူယူလှည့်လေ့၊ ဆီးနှင်း မှိုင်းဝေ မြောက်လေပြည်ညှင်း အချမ်းသွင်း၊ ရင်တွင်းငြိမ်းပြန်ခဲ့ပြီ၊ ခြုံမြဲခင်း နှီးထပ်ခြုံတူမစုံ မလုံးကွေးမစက်ချင် မပြန်ခင်တင်ပါလှည့်လေး၊ ခြုံခဲ့မြဲဖြစ်ချေ၊ မယွန်းဘုန်းတန်း တေဇာရောင်ဝါထွန်းတင့်၊ နေမင်းလုလင် မယ်ရှင်ဘုရင်၊မယ့် ထိပ်တင်ချစ်ချင်လွန်၍၊ မယ်ကြင်သူယူလှည့်လေး။ ။

( ရှေးကြိုးသီချင်းဟောင်းများပြီး၏။ )

## ၄၉။ ငပြေတက်သက်ကြိုးအလိုက်

ချမ်းကတဲကိုလေ ဧးကတဲကိုလေ၊ ဘယ်တဲ့ဘယ်သူလေလဲ၊ခြုံမလာပါဘဲ၊ လွမ်းစမြဲကိုသာ တမ်းစမြဲကိုပါ၊ ပုံပမာလေတောင်း ထွေတရာလေလောင်း၊ရှေး ရှေးမကောင်းကျိုးမကောင်းကျိုး၊ကြူးလွန်လွန်းလို့ × ဆိုဆိုဆိုမိဆို၊သမ်းညှိုး ကြမချစ်ကြပါ သည်းထဲဝမ်းက ပူလောင်ဆာ၊ သံသရာလေရင်းရှေးကံ ဖန် သည့်ခင်း၊ သည်မင်းရှင်ငယ်ကို၊ ယုံပင် ယုံမိမှားလဲ၊ တော်တော်တော်ငြားဘဲ၊ (အလဲ့မှာသာကြုံစည်ပါလို့လေး၊ သနားချစ်ခင်ကြင်နာပ့ါလို့လေး)၊ နေလေ တိုင်းထိုင်လေတိုင်း၊ တိုးခါခါ၊ ပွားခါခါ၊ ကြင်နာကျွမ်းပါလို့၊ လွမ်းရစ်ခွေ လေတည့်လွမ်းရစ်ခွေ။ ။

## ၅၀။ နန်းဘွဲ့ကြိုးဟောင်း

ထောင်ရှောင်နေ မှောင်မှောင်ချွေအမရှရွေဘုံမြေ ×ရဝေရဝေ နန်းမှာမှ ဘုန်းတော်ရောင် ထွန်းပပါလို့လေး ×၂ သကယ်မဉ္ဇူ မွှေးတဲ့မွှေးလှိုင်ကြူ × ဇမ္ဗူခွန်ယူပိုင်စိုး အုန်းပင် အုန်းခြိမ့်မိုးပါလို့လေး × သာမျိုးသာမျိုးပတ်ရံ

တောင်တည့် တောင်သမန်၊ ဆဒ္ဒန်ဆဒ္ဒန်ကြာတော၊ ရေကြည်ဇောင်းကလော × ဆဒ္ဒန်လေ ဆဒ္ဒန်လေကြာတော ရေကြည်ဇောင်းကလောငယ်နှင့် အုံသြကုန်နိုင်ဘွယ်လေတည့်မှ၊ ကန်ကြီးအောင်ပင်လယ် × ရှုဘွယ်နက်ကျယ် ရှုဘွယ်သာခင်း၊ နန္ဒာမြအဆင်း × ရှုဘွယ်လေ နက်ကျယ်လေ ရှုဘွယ် - သာခင်း နန္ဒာမြအဆင်းငယ်နှင့်၊ မြစ်မင်းရောရုံတည့်မှ ပျော်ခင်းသည်သာစုံ × သောင်းလုံးလုံ့ကြေးမှုံ ရွှေဘုံရွှေနန်း၊ သော်တာ တက်သစ်ဆန်းသည်သို×မင်းခမ်းရွှေညီလာလေတည့်မှ မင်းခမ်းရွှေညီလာ။ ။

---

## ၅၁။ ဝတ်တော်သိမ်းကြိုး

ထိပ်တင်ငယ်ကေန် - မယ်စိတ်မှာတော်မှန် - သွေလှန်လို ထူးပြားဘဲ၊ မယ့်စိတ်ထဲက စွဲလှာနဲ×မြဲမြဲ မြဲမြဲသာ၊ သဘောငယ်သာ ကြင် ကြင် ကြင်ပလေး၊ သက်လုံးငယ်သာ ခင် ခင် ခင်ပလေး၊ မရှောင်ဟိုမျှား မှန်ရုံ မှန်ရုံသား၊ ထိပ်ထားသာကြည် ကြွပါလာပါမည်၊ ကြံစည် ကြံစည် ကြံစည်ရောရှု၊ ပျိုတော်များတစုငယ်နှင့်လေး၊ ၂ နှီးနှောစိတ်ထားပြီး စိတ်ထားပြီး၊ သွေလှန်လို့ ထူးပြားဘဲ၊ မယ့်စိတ်ထဲက စွဲလာနဲ၊ မြဲမြဲ မြဲမြဲသာ-သဘောငယ်သာ ကြင် ကြင် ကြင်ပလေး၊ သက်လုံးငယ်သာ ခင် ခင် ခင်ပလေး၊ ဘုန်းပန်းပွင့်လူ-ယဉ်တဲ့ ယဉ်တဲ့သူ၊ ယူတော်ယူတော်သွေလှဲ၊ လာမှ လာလိုဘဲ× ၂ နှီးနှောစိတ်ထားပြီး၊ စိတ်ထားပြီး၊ သွေလှန်လို့ ထူးပြားဘဲ၊ မယ့်စိတ်ထဲက စွဲလှာနဲ၊ မြဲမြဲ မြဲမြဲသာ၊ ပုံလာဆင့်ဆင့်တိုးပါလို့၊ အုပ်စိုး စံတော်မူလေတည့် အုပ်စိုးစံတော်မူ။ ။

---

## ၅၂။ ပြန်ကတက်ကြိုးဟောင်း

နေရှင်လေလဲ၊ ထိုင်ရှင်လေလဲ၊ အလှမ်းငယ်ခေ လိုက်လှဲလိုလို လားလား ဖြေနိုင်ပါဘဲ၊ လား လား လား လား ဖြေနိုင်အောင်၊ စိတ်ကိုသတိဆောင်၊ ဆောင်လေ လေတည့်မှ၊ ဆောင်တည့်သာ ဆောင်လေလေ၊ ထိပ်တင်လေ ထိပ်တင်လေ၊ ကြွလာပါနှင့်ရှင်၊ ကြွလာပါနှင့်-ယဉ်တဲ့မင်း၊ ကျွန်မခန်းသာတွင်း၊ ညီးလင်း ညီးလင်း၂သာ၊ ဖြေနိုင်ပါတည့်မှ၊ ပြေတည့်သာ ပြေနိုင်ပါ၊ ထိပ်တင်ဖူးမသာ လားလိုလိုလေ၊ ထိပ်တင်ဖူးမသာ လားလိုလိုလေး၊ ဟိုအဆောင်ဆောင်များ၊ သည်အဆောင်ဆောင်များ၊ ရုံခါသွားပါလို့၊ ထားထိပ်ပန်လေတည့် ထားထိပ်ပန်။ ။

## ၅၃။ ဘုန်းဘွဲ့ကြီး

သီလာ-မြေယံ၊မင်းမင်းမျှော့ကောပန်လေ့ ထူးလှ ဆန်းဆန်း၊ ထီးပင်ထီးမျှော့ ထီးရပိုင်ငယ်လေ စိုးရတိုင်းခန်း၂၊ သိမ်းမြန်းဒီပါ ညီညာ တေဇာ နေဝါ ဇေယျာ အောင်မြို့ ချိန်ချိန်ယှဉ်ဖွဲ့ဖွဲ့၊ကျော်သဲဇမ္ဗူနတ်လူကြွေးသံ၊မြတ်မျိုးစကြာဆက်ကာ စိုးစံ-မင်းမင်းပေါင်းဖူးလို့လို့ လူမူးကောရိန်လေတည့်မှ ပွင့်နီးသမ္ဗာရှိန်။ ။

---

## ၅၄။ ဝတ်တော်ရုံကြိုး ၅-ပုဒ်

(က) မှန်ညောင်သဥ္စာ-ညီလာပတ်ဝန်းမြို့ × ခညောင်းသဘင်၊ ဥက္ကင်မြင့်ရ ဝေဆိုင်×ကြိုင်ကြိုင် လေသင်းလှိုင်၊မွှေးပျံ့ထုံ×ပန်းခုံတော်ရင်းဆီက-နှင်း နှင့်သော်က-မြတ်စူကာ-ညွတ်ကာဖူးရလေ × ညွတ်ကာချပ်လွှာ ဝတ်ညှာ သင်းပျံ့-ပန်းမင်းသကမဥ္ဇူညှာ-စုံစွာဖူးရလေ။ ။

(ခ) တရေးမက သန်းခေါင် မိုးသောက်ထယ်ကို × အချမ်းလေရင်မှာ ရွှေ နန်းစိုးရ ရှင်ငယ်လေ × ဘုန်းအင်လေ နှုန်းအင်လေပျံ့မွှေး၊လုံမကလေး ငယ်တို့ ယဉ်တော်စလေး× ဘယ်သူချမ်းပါတယ်×ချမ်းလျှင် ခြုံပါလဲ့လဲ့ လေး၊ လွှမ်းအင် ပုံလာခဲ့ခဲ့လေး × ရွှေနန်း ငွေနန်းသူ × ငယ်မူငယ်ရာ သားငယ်နှင့် သနားချစ်ခင်စရာလေတည့်မှ သနားချစ်ခင်စရာ။

(ဂ) ဘုန်းတော်တေဇာ ဝေဖြာထွန်းပထိန်×မင်းမင်းတရာ၊ ဆယ်ကြာညွှတ် ဦးနှိမ် × ရှိန်တေဇာဖြိုးလို့ဖြာ × ထက်နန်းအာကာမိုးရယ်က - သွန်းဖြိုး ငယ်စေရာ၊ သမ္ဘာထူးလှလေး×မှန်းဦးဖွေချာသာယာထူးလှ၊ လွှန်ကြူး တမျှ၊ ဝတိန်ပမာ–ပျော်ရာမန်းဘုံသာ။ ။

(ဃ) ရှုတိုင်းသာစွ နန္ဒာရေယဉ်၊ ဟသ်ာ စံရွှင်၊ မြူးကြကူးသန်း၊ တပင် ပြောင်းကြ တပင်ပမြန်း×ပျော်ခန်းသာစွ အခန်းခန်း၊ ရေနန်းငယ်မြနဒီ တိုးလို့ဖြိုးဝေစည်×ဆန်းဆန်းဆန်းထွေထွေလည်လည်၊ပန်းမျိုးပန်းမျိုး စုံစီစုံစီ၊ပင်ညီညာရှက်လို့သာ × ခက်ဖြာညွှန့်ဝေလန်းပါလို့၊ နတ်ပန်း တမျှ ရွှေအာသာ၊ စုံစွာဖူးရလေ×နန်းဦးဖွေချာ၊ သာယာဆန်းလှ နတ်နန်းတမျှဝတိန်ပမာ၊ သာယာနန်းဘုံမှာ။

(င) အဘိုင်းမသိ-ဘုန်းတော်ကြီးပါဘိသကို×သဘင်းငယ်လေ ကြေညာလှိုင်ကြူ - တောင်ကျွန်းလုံး ထွတ်မှန်ကူ × ပြိုင်သူလေ ဆိုင်သူလေ ရန်မြူကင်းဝေး - ဘယ်ဘယ် ဘယ်မင်း မယှဉ်လာဝံ့သေး × အခေါင်ငယ်စိုးပါတယ် အခေါင်ငယ်မိုးပါတယ်၊ စိုးကာပိုင်ကာ ချုပ်ချည့်လေး၊ ကျွန်းတောင်ညာလုံး အုပ်ချည့်လေး × ရွှေနန်းရွှေနန်းသူငယ်မှာ၊ ငယ်မူငယ်ရာ သားငယ်နှင့် သနား ချစ်ခင်စရာလေတည့်မှ သနားချစ်ခင်စရာ။ ။

(ဝတ်တော်ရုံကြိုး ၅-ပုဒ်ပြီး၏။)

## ၅၅။ ဒေဝဒူတကြိုးဟောင်း

မာလာဂန္ဓာမွှေးမွှေးသင်းသင်း၊ လေပြည်လာက ဧးဧးညှင်းညှင်း၊ တောင်တောင် မြိုင်လုံးလင်း×အင်ကြင်းအင်ကြင်း ကြိုင်လှိုင်ရှင်၊ နှင်းနံ့ ဂေါ်သဇင် × တသွင်ဝေယန်မှာ၊ ရွှေတည့်ရွှေသိင်္ဂါ၊စံရာပျော်ချိန် နှင့်နှင့်လေး၊ သီလာရောင်ရှိန်-စွင့်စွင့်လေး×နတ်ရှင်ငယ်မိုးယံ-မိန့်ခွန်းငယ်ပြန် သာကီနွယ်မှန်ပွင့်မည့်လောင်းရန်တင့်မောစံ၊ ဆွေးကြောင်း ၂ ဧးကြောင်းဘန်×ဆင့်ရရင့်ငယ်နှင့် လွမ်းချိန်တန်လေတည့် လွမ်းချိန်တန်။ ။

## ၅၆။ ဒေဝဒူတကြိုးအလိုက် စောင်းဘွဲ့ကြိုး

စောင်းတော်သိင်္ဂါ ဧးဧးညှင်းညှင်း၊ မည်သံသာလှ မှန်ကြာတွင်း၊ ဒူးပေါင်းတျေးပေါင်းနင်း × သာခြင်းသာခြင်း လွန်သာယာ တီးဘွဲ့လက်သံမှာ×ပန်းပွားပန်းပွား ဝေဆာဆာ၊ ရွှေလက်ရှုံးက တိုးကိုနှုရာ × လက်သံ လက်သံ လက်သံရှိန်ပြင်း-သာတည့် သာသာဘိခြင်းငယ်နှင့်-သုံးယံသန်းခေါင်တွင်းပေမို့၊ တံမြွာတံရှည်ညှင်းပါလို့၊ စောင်းမင်း ပဥ္စသိန် လေဘည့် သိကြားခေါင်ကဝိန်။ ။

## ၅၇၊ ဒေဝဒူတကြိုးအလိုက် နန်းဘွဲ့ကြိုး

ဇေယျာအောင်ချာ -စိုးမိုးသိမ်းမြန်း၊ ရွှေပြည်သာလှ တိုင်းခန်း ငြိမ်းချမ်း၊ ဘုန်းမိုးရှာသွန်းဖျန်း × စံခန်းမန်းဘော့ဝယ်၊ ခဝန်း ရွှေညီလယ်×စမ္ပယ်ခါတော်ချိန်-ပဉ်တည့်သာပဥ္စသိန်× ဝတိန်ညီလှာန္နန္နလေး၊ စောင်းတော်ရွှေကြိုးသာဘွဲ့လေး×ဝတိန်ညီလာန္နန္နလေး၊ စောင်းတော်ရွှေကြိုး သာဘွဲ့လေး× ရစ်သွဲ့ငယ်ကြူးလှိုင်၊ သံညှင်းငယ်ဆိုင်၊ ပြည်တော်ဝေမြိုင်ပုလဲဆိုင်× ဧးဧးဆေးလေး ဧးဧးဆေးလေးချို၊ ဆင့်ရရင့်ငယ်နှင့်၊ လွမ်းရန်ပိုလေတည့်မှ လွမ်းရန်ပို။ ။

## ၅၈။ နန္ဒာကန်တော်ဘွဲ့ကြိုး

စံရာဘုံမြင့်–ညီးညီးလင်း–ဝေယန်နွန်းမယွင်း × ရာပြည်ပြည်မင်း၊ ဖူးမှန်ကူ–ထွတ်ထိပ်ကယ် – သယမ္ဘူ× စံတော်မူ၊ ရှင်လူအောင်မြေ၊ ကွန်းဝယ်ပလေး၊ ရှုဆောင်းအီ၊ ရွှေဆီပြုပ္ပါစွန်းဆီကလေး × ဖြူဝန်းပြာခြေ၊ ဝါရွှေလေစိမ်းစို့ ညိုလဲ့လဲ့၊ ခိုန္နဲ့နဲ့ – အိုဘဲ့ကြာမျိုး မောက်ဖြိုးထူးတဆန်း × တင်းကျမ်းတင်းကျမ်း မြရည်ရောင်၊ငှက်တဲ့ ငှက်မယ်မောင်×သာခေါင်ကြေငြာတည့်မှ–ယဉ်ဘောင်ရေသီတာ × သာယာချိုးကြေးကြော်ရင်း၊စည်ထွေထွေ မျှားဘိခြင်း၊ × မြစ်တွေးငယ် ပြန်ခါခါတည့်လေး၊ ချစ်ရေးငယ်သံစာစာတည့်လေး×ဖွေးဖွေးငယ်ရောင်လျှံ ရေတဲ့ရေကြည်ကန် × တောန်လေတောန်လေ၊ တောန်လေကြောင်း၊ ဖေယ်ပြောစင်းငယ်နှင့်လေး × ၂ ပြန်ရင်းပြန်ရင်း ဆိုက်ကာသာ – သူတို့ လိုက်ဘာသာ × မြူးပျော်ကာ ယှဉ်ပြိုင်သွား၊ ငှက်စုံရွှေလိပ်ငါး × စီးထွေထွေသားငယ်နှင့် ချီးအံ့ဘွယ်၊မျှားပေလှ ခြားတောင်းအင်လေတည့် ခြားတောင်းအင်။ ။

---

## ၅၉။ ပင်လယ်နတ်ကြီးကြိုးအလိုက်

ရွှေနန်းအောင်မြေ၊လျှံပြောင်ပြောင်ဝေ-မြစ်ပေါင်း ဝိုက်ကာခွေ၊မင်းဝံထိပ်ဗွေ၊ ကျွန်းနေခေါင်ဖျား မှန်လှလှလေး × ဘုန်းနေဝါဝင်း ကျော် ကျော်ကျော် နံ့သင်း၊ အထွေထွေ-သာနတ်ခြား ယဉ်ချည့်လေး၊ တေည့်ကေရာ၊စကြာဆောင် ရရဘန်ရရလေး×စုံပေါင်းစုံပေါင်း ရှက်ခါခါ၊ ဆုတောင်း ဆုတောင်းမြွက်ပန်ထွာ၊မြတ်ရာစံပျော်ပါး–ရာကျော်ရှည်စေသား-ပြည်သူများကကာ၊ ဆုတောင်းမြွက်ပန်ထွာလေတည့် ဆုတောင်းမြွက်ပန်ထွာ။ ။

---

## ၆၀။ ဆင်ခင်း

ပြောင် ပြောင် ပြောင်နာဂိန်၊ စွယ် စွယ် စွယ်ရောင်ရှိန်၊ ရဲဘုန်းပန်း၊ပွဲလုံးလန်း၊ မှန်နန်းညွန့်ဘူမိန်၊ ရွှေဥဒိန် စက်ရှိန်ပေးနှင်း၊ ဘယ်ဘယ်ရန် တိုက်လှန်ဝေးရှင်း၊ လကျာခွင် ညွတ်တင်စွယ်ရင်း၊ ဟည်သံ မြေယံ သောင်းလုံးချင်း၊ လေးကျွန်းစကြာ၊ လက် လကျာ လှည့်မါလို့၊ လိုလိုတော်ပြည့်ပါတဲ့ အောင်ပွဲတော်ခံ၊ ဩဘာသံကျူကျူနှင့်၊ နတ်လူသံငြိမ့်ညောင်းအောင် သောင်းမြေမြင့် ပေါ်မှာကိုလေး၊ မဟာအမရ ရွှေနန်းပေါ် သက်တော် ရာကျော်ရှည်မည်ရေး၊ ဘုန်းဘုန်းတော်ထွန်းပါလို့၊ ကျွန်းဇမ္ဗူမြေ၊ ခွန်ယူလေပိုင်သိမ်း ငြိမ်းရေးသို့ဧးတယ်ကိုလေး။ ။

မှတ်ချက်။ ။ဆိုင်းဆရာများ ၎င်းဆင်ခင်းကိုကျက်မှတ်အပ်သည်။

## ၆၁။ မြင်းခင်း

တီးယွန်း အောင်စည်ကျူးနှဲ၊ စကြာတော်ယဉ်မျိုးကဲ၊ ကျော်သဲကြည်ဖြူ
များဗိုလ်လူ၊ ကောင်ချီးငယ်ဇမ္ဗူသြဘာကျူ၊ ရွှေဘုန်းမဥ္ဇူသင်းသင်း ထောင်
ခြည်လေ့ မှောင်မျိုးရှင်း၊ ရှစ်စင်းရိပ်ဖြူကာဝန်း၊ မြန့်ကျွန်း မြေဒီပါတည့်လေ၊
သောင်းရွှေလုံးဖျား၊ နှစ်ပါးငယ် နတ်ရှင်၊ ရေယဉ်မြန်းပါလို့၊ မြနန်းဝေယန်
ဗိမာန်ရောင်ညီး၊ ပြဟ္မာသံဝှဲချီးပါလို့၊ ဆိုက်နီးမြတ်ခါတော်။ ။

---

## ၆၂။ နဝရတ် ခရုသင်းကြိုး ၂-ပုဒ်

(က) ညာသပြေဘောင်၊ ကျွန်းတွင်း ဘယ်ထီးစင်း၊ ဘုန်းချင်း နှုန်းတွင်စံဝေး
ကင်း၊ သနင်းငယ်ခေါင်ချွား မှန်လှ ဦးညွတ်ရာ၊ မြတ်ရာအောင်ဆုယူ
ရွယ်ရှုခါတည့်၊ နောင်လာပွင့်လောင်း .... ဘုန်းပေါင်းရွှေးကြောင်း ၂၊
ညာဏ်ပဒေသာ-မှန်မသွေလာ၊ ဖန်ရဝေချာ၊ စံတထွေခါ၊ ပြင်ညက်ရောင်
ဝါထွန်းမြူး လွန်ကဲကြူး၊ ကေရာတွင်၊ ထွတ်ထိပ်တင်၊ ဆင်လှလှလေ၊ ရာဇ
ဝင်တွင် စကြာရှင် ယှဉ်လှလှ၊ ဇမ္ဗူချာ - အာကာမွန်မွန်လို့လေ၊ သမာတိ
ရွှေစည် ရှမ်းရှမ်းလို့လေး၂၊ ပြည်ထဲရေး သာချမ်းဧ၊ ရွှေဘုံညီရည်တိုင်း
လင်း၊ ကြန်တိုင်းပြည့် - ဆင်ဖြူငွေရောင်နှင့်၊ ဆက်သဆက်သ - စိုးပိုင်
ယူလေတည့်မှ စိုးပိုင်ယူ။ ။

(ခ) သပြေပင်ဝန်း ဇမ္ဗူညာကျွန်း၊ အခေါင်စံညွန်း တန်ဆောင်လျှံထွန်း၊
ပတ်ဝန်းအတည်တည်-တိုင်းအပြည်ပြည်၊ ဝိုက်လည်ပေါင်းရုံး၊ သိမ်းကျုံး
စံစိုးမြန်း၊ ဘုန်းတန်းတေဇာ ဖြာဖြာလင်း - မင်းဝံညွှန့်ချက်ဗွေချာ၊
နန်းရွှေဝ ရွှေပြည်သာ၊ စံပပ- ရံခခ – ရွှေပေါင်းဝန်းလျှား၊ ထူးထူးအ
ခြားခြား၊ နေနှုန်းစံထား၊ ဘုန်းတန်းကြီးမြင့်ငြား၊ တိုးပွားလေလေကာ၊
ထူးခြား ထွေထွေသာပင်၊ ကျွန်းလုံးကျော်ဝှန်ဝါ၊ ချမ်းငြိမ်းလွန်သာ
ယာ၊ စုံပေါင်းထွေလာ၊ ယဉ်ရာထူးခြား၊ တိုင်းကားသာစည်စည် ရှည်
ကဲကြူး၊ ရံကာတည့် ထူးထူးဆန်းဆန်းနှင့်၊ တောင်စဉ်တည့် ဆိုင်းဆိုင်း
မှိုင်းမှိုင်းနှင့်၊ သာယာတည့်များတောင်းသိန်းသောင်းနှင့်၊ ပေါင်းဆုံကျ
မြစ်သီဒါ၊ ဝန်းလည်ကြ ရံကာသာ၊ လှိုင်ပုံ့ပုံ့ကြိုင်နံ့နံ့၊ သာမောဝန်း
လျှား၊ ထူးထူးအပြားပြား၊ ထွေထူးသာမျိုး ပုံနှုန်းစံကင်း၊ ထိန်ဝင်း
လျှံလင်း၊ စုံပေါင်းထွေပြား၊ ရွှေပြည်သာလွှတ်ကျွန်း၊ ယာမာဘုံနတ်
နန်း၊ ထူးတဆန်းထွေပြား၊ နှိုင်းမနှုန်းစံသား၊ ရွှန်းရွှန်းရောင်ဝါ၊
ဝိုးဝိုးဝင်း၊ ကိုးပါးခြယ်ကာ ညီးညီးလင်း၊ အစဉ်အလျဉ် - အရည်အထွေ၊

အနေသဏ္ဍာန်၊ အလျှံအဝါ၊ မြင့်မိုရ်နှင့်စံကွာ၊ ထွန်းလျှံပရောင်ခြယ်ဖြာ၊ နေသို့သို့၊ ထိန်လို့လို့၊ ပြောင်ရွှန်းထွန်းလင်းစိုးဝင်း-တညီးညီး၊ ထွေထွေ ပင်ပင်၊ ဝေဝေရှင်၊ နန်းဘုံခွင်စိုးစံရှင်၊ သဘင်ပွဲမှာမှ-နှဲစံပျော်လေတည့် နှဲစံပျော်။ ။

(နဝရတ်ခရူသင်းကြိုး ၂-ပုဒ်ပြီး၏။)

---

## ၆၃။ မြင်းခင်းကြိုး

ဘုန်းမိုးရွာစွေသွန်းဖျန်း၊ ရွှေပြည်တော်သာငြိမ်းချမ်း၊ အောင်ပန်းလူလူနန်း မြေငူ - သပြေဇမ္ဗူတိုင်းခန်း၊ ပိုင်တည့်သာ ပိုင်စိုးမြန်း ၂၊ လွတ်နန်းဗွေလယ်၊ ဘုံဦးကွန့်မြူး၊ စကြာ ရှင်ချည့်ချည့်လေး ၂၊ ဇာနည်ယဉ်ကျော် နတ်မြင်းဖက် ကင်း၊ စကြာရှင် ချည့်ချည့်လေး ၂၊ ရွှေနန်းတိုင်ပြင်စီးပုံခွင် အဲမောင်းလုံယဉ် ရေးရာဆင်၊ ရောင်ထင်လျှံဖြာ၊ မှောင်လွင်ပယ်ခွါ၊ ယိမ်းလှန့်မူရာတည့်လေ၊ လျှင်စံပန်းတင်၊ ရွှေနန်းခွင်ယဉ်လှလှလေး။

---

## ၆၄။ ဘုန်းဘွဲ့ကြိုး

ရွှေဘုန်း ရွှေဘုန်း ပပဝင်း၊ ပြိုင်သူ ဆိုင်သူကင်း၊ မင်းမင်း တိုင်းနိုင်ငံ အုပ်တဲ့ အုပ်စိုးစံ၊ ပြိုင်ရန်လေ ခြားခြား၊ မင်းပေါင်း ခဝပ်တွား၊ ပြည်သားပြည်ပါး ခြံအရံ၊ မင်းတဲ့ မင်းသုံးခံ၊ စမွာယ်လေ ပျော်ပါး၊ မောင်းမခြွေရံများ၊ ခစားညီ လာစုံလေတည့်မှ၊ မြသား သီဟာဘုံ၊ ပန်းချပ်အစုံငယ်လေ၊ ရွှေဘုံရွှေနန်း၊ စိုးစံမြန်း၊ အခန်းခန်းနှင့်၊ ရွှေနန်းထိပ်ခေါင်၊ ရောင်တော်ဖြတ်သန်း သီဟာ စံတော်ခန်းမှာလှ၊ ခယမ်းဝပ်ကာ ရှိလေတည့်မှ - ခယမ်းဝပ်ကာရှိ။ ၂

---

## ၆၅။ ငါးသံကြိုးမိုးဘွဲ့

ရီရီဆိုင်းဆိုင်း၊ မှိုင်းမှိုင်းညိုပြာ၊ မိုးတဲ့ မိုးတိမ်လွှာငယ်လေ၊ မြသားတိမ် မိလ္လာ၊ လှမ်းတဲ့လှမ်းအောင်သာ ကျူးနှဲ့ ကျူးနှဲ့ ကျူးနှဲ့ ကျူးနှဲ့ရွာ၊ ပွင့်စငယ် ရွှေဝါ၊ ပန်းတဲ့ ပန်းမြတ်စွာ၊ အခါရောက်ချိန် နီးချည့်လေး၊ အခါရောက်ချိန် နီးချည့်လေး၊ အခါရောက်ချိန် နီးပင်သာ နီးချည့်လေး၊ အခါရောက်ချိန် နီး ချည့်လေး၊ အခါရောက်ချိန် နီးချည့်လေး။

## ၆၆။ မြင်းစီးကြိုး ၃-ပုဒ်

(က) လာချေပြီ မြင်းမျှော့ခေါင်ဘော့မှာလေ၊ ဖြိုးမျှကဲလွန်း × နိမ့်သူဆုတ်ကြ သွားလေစေ၊ ငယ်လေ တိမ်းလို့လမ်းရှား× ကြွားကြွားရွှားရွှား၊ ဝေဝေ ပြောင်ပြောင်၊ ဝေဝေပြောင်ပြောင်၊ ရွှေကတောင်နှင့်သာ ဝိုးဝိုးဝင်း ဝင်း၊ မြင်းတွင်လေ မြင်းမျှော့မင်း × မြင်းရွှေကြာ၊ မြင်းရွှေဝါ၊ ဗွေသာ မျှားလှလေ× မြင်းရွှေကြာ၊မြင်းရွှေဝါ၊ ဗွေသာမျှားလှလေး×မြင်းမြင်း ရွှေကြာကြာကြာ မြင်းမြင်း ရွှေဝါဝါဝါ၊ ဗွေဗွေသာ မျှားလှ ရှားလေ ရှောင်လေတည့်မှ ရှားလေရှောင်။ ။

(ခ) ခေါ်ပါယောင်နှင့်၊ မျှော်ပါယောင်လေ၊ ရစ်ရောင်ကိုသာ တမ်းမှား၊ တမ်းမှား၊ လုံမကလေး ဗျာပါစိတ်ကယ်ကမျှား၊ ခြုံတော်မူသည့်ပိတ်ဖြူ ပိတ်ပေါင်း၊မျှားတောင်းငယ်ကိုပင် လွှမ်းပြန်ရတယ်ရှင်၊ ချမ်းဧးချမ်းဧး တုန်ယင်တုန်ယင်၊ သည်းထဲသည်းထဲ ခုန်ရင်ခုန်ရင်၊ လုံလိုပါဘဲကိုရှင်၊ မလုံချမ်းမြ၊ ပိတ်ဖြူပိတ်ပေါင်း - မျှားတောင်းပုံ-မလုံချမ်းမြဧး။ ။

**အထူးမှတ်ရန်။** ။၎င်းဝတ်တော်ရုံကြိုးကို ဆိုင်းဆရာများက ခုနစ်သံချီတွင် (ချိတ်ပန်းပန်က) စ၍ တီးကြ သီဆိုကြသည်၊ ၎င်းတို့တီးကွက်အတိုင်း အဆိုအတိုင်းကို ထပ်မံဖော်ပြဦးအံ့။

(ဂ) ချိတ်ပန်းပန်ငယ်၊ ပါကို-မှိုင်လို့ငေး၂၊ မင်းပျိုလားလို့–ရွှေပန်း ပန်ငယ် လေ- ပေါ်လာလေခဲလှလေ ၂၊ ပေါ်လေ–ပေါ်လေ ပေါ်လာလေ ခဲလှလေး၊ ပေါ်လာတဲ့ ပေါ်တဲ့ ပေါ်လာလေ ၂၊ ဝိုင်းတော်သားရယ် လေး။ ။ခေါ်ပါယောင်တဲ့၊ မျှော်ပါယောင်လေး၊ ရစ်ယောင်ကိုသာ တမ်းမှား၊ ယမ်းမှား၊ လုံမကလေး ဗျာပါစိတ်ကယ်ကမျှား ခြုံတော်မူ သည့် ပိတ်ဖြူပိတ်ပေါင်း၊ မျှားတောင်းငယ်ကိုပင်၊ လုံမကလေး- လုံလေး မယ့်ဖြစ်အင်၊ ချမ်းဧး- ချမ်းဧးတုန်ယင်၊ ချမ်းဧးငယ်တုန် - လုံလိုဘဲ၂၊ လုံလိုပါဘဲနှင့်၊ လုံမကလေးရယ်၊ မလေးရယ်၊ လုံလိုဘဲနှင့်လေး၊ လုံလေ လုံလေ- လုံလိုပါဘဲနှင့်၊ လုံမကလေးရယ်၊ မလေး မောင်ရယ် - လုံလိုတဲ့ လိုတဲ့လိုဘဲကို။ ။ဤသို့လည်းတီးမှုတ်သီဆိုကြ၏။

(မြင်းစီးကြိုး ၃-ပုဒ်ပြီး၏)

## ၆၇။ မြို့တော်ချီးကြိုး

ကျွန်းကျွန်းပိုင်သ တိုင်းခန်း နေနှန်းနန်း၊ ရွှေတည့်သာ ရွှေဘုန်းပန်း× စံခန်း လျှံလန်း သီတာယဉ်ရေ၊ မြစ်ပေါင်းဝိုက်ကာခွေ× ဒီပါမြေ သီဟာဘွေ ညီလာရွှေကြော့၊ မင်းမင်းခမြဲ စက်စုံဖူးတည့်ပွဲ × ကျော်သဲ ကျော်သဲသီလာ မြေယံ တောင်ပေါင်းစုဝေးလျှံ × ဟေမာစံ သေလာယံ၊ အာကာပျံကွန့် မျို့ထူး မြို့ဦး၊ ဆဒ္ဒန် စိုးရမူး × ရှည်ကျူး ၂ အောင်သံဝှန်၊ မြို့ကြီး ဆုယူညွန် × ခါမွန် ရွှာသွန်တိမ်စွန်ယှဉ်နွဲ၊ နတ်မိုးရွှေပဇ္ဇုန်က၊ သုံသုံရေပန်းကြဲသည်နှင့် × ပုလဲ ငယ်သိင်္ဂါလေ၊ မောင်းစိန်ခရာလေတည့်မှ၊ ကျူးကျူးရင့် ကျူးရင့်ကြွေးကြော် ငြာ × ခါခါလေ စုဝေး၊ နတ်ပင်နတ်တို့လေး × ကောင်းချီးပေးပါလို့ ကောင်းချီးပေးပါလို့၊ ကြွေးကြော်ငြာလေဘည့် ကြွေးကြော်ငြာ။ ။

---

## ၆၈။ နတ်ပင့်ကြိုး ၅-ပုဒ်

(က) မှိုင်းရိပ်ကယ်တည့် ဝေမှောင်၊ မြိုင်မင်း ဟောဝန်ချောင် လေတည့်မှ၊ သာမော မြရည်ရောင် × တောတောင် တောတောင် တောတောင် ကြိုင်သင်း၊ ပျံ့မွှေးရနံ့ ထုံပါတယ်၊ ပန်းစုံ ခိုင်လုံးဝင်း × လေညှင်း လေညှင်း လှုံ့ဆော်ကာ၊ နတ်ပေါင်း ပျော်စံရာ × မာလာဂန္ဓာ သိင်္ဂါရွှေနှန်း၊ နတ်ပန်းငုံ အာသာငယ်ကို၊ ဆွတ်ကာခြွေယူသုံး × တင့်ဆုံးငယ်လေးရွှေညီ၊ လျှကြူးကုမ္မာရီ × မဟေသီ ဒေဝီရံရွှေပေါင်းငယ်တို့လေး × ပဉ္စသိန်လက်ချိန်သာရွှေစောင်းငယ်နှင့်လေး × ညောင်းငြိမ့်ငြိမ့်သံဝှန်၊ တိမ်စွန်ဘွဉ်း၊ ရောင်စုံ ကွန့်ကွန့်မြူးပါလို့၊ မျှော်မူး 'လ' သော်တာငယ်သို့၊ ခေါ်ကျူးသက်ပေလာ။ ။

(ခ) ဆွတ်ဖျန်းကြိုင်သင်း၊ မြိုင်မင်းသာစွ၊ တောင်စဉ်ရံဝန်း ခ,တယ်ကို၊ သေလာငယ်-ဆိုင်ရောင်စိုး၊ နေရှုမြင်းမိုရ်-မြန်ဗဟိုရ်ရှိတည့်၊ မဏ္ဍိုင်ဘွေပုံ၊ နတ်ပေါင်း ပျော်ရာစုံ × ကြိုင်လျှမ်းထုံငယ်တည့် မှိုင်းဝေဆာ၊ သီတာသီတာ စွင့်စွင့်လေ × တောင်ရေရံဝန်း ဆင့်ဆင့်လေး × ဆီးနှင်းကျုံကျုံကမ်းပါးယံမြောင်ဆီး၊ နတ်ဌာန်ပျော်မငြီးသည်နှင့်၊ တောင်ကြီး မှိုင်းညိုညို။ ။

(ဂ) ဇမ္ဗူသိင်္ဂါပြိုးပြက်၊ ကိုးမည် မျက်မျိုး ယှက်သည်နှင့်လေး၊ တဘက်ကယ်သာ ရွှေခြူသွင်သွင်၊ စုလျားဘဲဖြူတင် × တုရင် တုရင် ထိန်ဝင်း ဥက္ကာဌ် သင်းကျစ်မဟာလ္လတာ-စီမြွာ မြ,နားကင်းငယ်နှင့် လေး၊ တောလုံး

လင်းပါလို့၊ နတ်မင်းငယ်ဆောင်ဝါ - ဝတ်လဲ ဆင်တန်ဆာ၊ မိလ္လာသိင်္ဂါ
ကုန့်ကုန့်လေး၊ တောင်ရွှေမြေဦး ထိပ်ညွန့်လေး၊ မိုးစွန့်အာကာ၊ မြွော်ရာရှိ
မှိုင်း၊ သီလာ မြင့်ဆိုင်းဆိုင်းငယ်နှင့်၊ ရှုတိုင်းလွမ်းဘွယ်ကို။ ။

( ဃ ) ပန်းစုံမာလာလေ-သင်းသင်း၊ ကန္တာမြိုင်လုံး ဝင်းသည်နှင့်လေး၊ တောင်
မင်းငယ်သာ၊ သီလာတည့်တိမ်စွယ်၊ မြင့်ဖြူးမိုးယံလယ်၊ စုံနယ်ထုံကြွယ်
ကြိုင်မွှေး၊ နှရန်းမြကျောက်-ခုံငယ်မှာ၊ ပန်းမှုံဝေလို့ဖွေးသည်နှင့်လေး ×
မြောက်လေငယ်သွေးပါလို့၊ ငှက်ကျေးငယ်ညံ့ညံ့- မြိုင်ကြီးဆီးကျုံကျုံ၊
တောင်ယံ တောင်ယံမို့ မို့ လေ၊ သီတာခွေဝန်း ဝိုက်လို့လေး၊ မှိုင်းညို့ ညို့
မှုံ သုန်သုန်လေညှင်း၊ စုံခြေမြိုင် သနင်း ငယ်မှ၊ ပျော်ခင်းနန်းတောင်
တော်။ ။

( င ) သီလာ၊ ဝေယံလေ မှိုင်းညို့၊ နတ်ဌာန်ဝေမို့ မို့ ငယ်မှာ၊ ရစ်ဆို့ငယ်
လေ တောင်စဉ်တိမ်လွှာ၊ မျှော်တိုင်း လွမ်းဘွယ်သာ၊ ဝေဆာ ဟေမာ
မြိုင်မင်း၊ ပေါက်လဲကျုံ့ကျုံ့ ရွှေငယ်လေ၊ သင်းခွေတောလုံး လင်းပါလို
လေး၊ လှိုင်ပျံ့သင်းသည်နှင့်၊ ကျဆင်းငယ်စီးသွန်၊ တောင်စောင်းရေ
တံခွန်၊ ကန်မွန်လျှံဝှန်၊ စိမ်းညို့လေ၊ ငါးမည်ကြာမျိုး၊ မောက်မိုလေး၊
သန်းညို့ ညို့ မှုမှောင် - ရွှေတောင်နတ်နန်း၊ နတ်ဌာန်ဆင့်ဆင့်ဆန်း
ပါလို့၊ မြိုင်ခန်းဟေဝန္တာ။ ။

(နတ်ပင့်ကြိုး ၅-ပုဒ်ပြီး၏)

---

## ၆၉။ တျာသံကြိုး

တေဇာအာဇာထန်ပြင်း၊ ဘုန်းတော်လေ ကြီးလှသည့်မင်း × ဝပ်စင်း
ဝပ်စင်း၊ မူးကြီးမတ်ပေါင်း၊ အုံလာ ခ,ညွတ်ပျောင်း × တိုးကြောင်း - ပွါး
ကြောင်းကြံ× နန်းဘဲ့ နန်းတွင်းသူ ဝင်းဖြူငယ်လေ၊ (တေဒူလေတေ ထံတျော
ထံတျန့်) နန်းတဲ့ နန်းတွင်းသူ၊ ဘယ်ထုံးပါတယ်၊ ဆံထုံး စောင်းပင်း ဘယ်တဲ့
ဘယ်ခြေနင်း × နန်းတွင်းသူလေလော၊ ဝင်းဖြူလေလော × တွေးတော တွေး
တောကြံ၊ နန်းတဲ့ နန်းတွင်းသူ၊ ဝင်းဖြူလေး (တေဒူလေတေ ထံတျောထံတျန့်)
နန်းတွင်း နန်းပြင်သူတည့်တည့်လေး × မိန့်တော်မူလေမြဲ၊ သွေတဲ့သာ သွေလုန်
ဘဲ × ကြင်နာကဲဆ၊ ကြင်နာကဲဆ၊ လောင်းထပ်ကာလေတည့် - လောင်းထပ်
ကာ။ ။

## ၇၀။ ကန်တော်ကြိုး

ကန်တော် ကန်တော် အထိကရ၊ ဝသန်မိုးဦးစမှာလေ × ထွန်ကြ ထယ်ကြ လယ်မြေတာ၊ ကန်ကြီးရေနှင့်သာ × တောင်ဇမ္ဗူမှာ × ပြည့်လျှံလင်း၊ ကန်တော်ကန်တော်-ကန်မျှားမင်း × ကြေင်းကြေင်းလှိုင်စွာ၊ သိုင်းထွေမှာ × နက်ပြာနက်ပြာခုံးမ - ဖယ်ကြီးသား စေင်းပြားငယ်ကို၊ သနားကြင်နာရရှင့် လေး × ကမ်းစမှာလေမြူးမြူး၊ ငါးပင် ငါးလူး × အုံ့မှုးရေပြင်ကျယ်တည့် လေ × ကန်ကြီးရွှေပင်လယ်သို့လေး × ငှက်ပေါင်းညံစာစာ ပျော်မြူးရှင်စံရာ၊ ဟင်္သာဟင်္သာ-ကြိုးကြာရေကြက်၊ ဝံလိုဝမ်းဘဲ ငှက်ကယ်တည့်လေး× စုံဖက်ကယ် မယ်မောင် ကူးကြလေး × မြစ်တွေးစင်ရော်မြူးကြ၊ ကျူးကာ ညံလေတည့် ဝဲဝဲ ကာ ပျံ။ ။

ကြိုးသီချင်းအပိုင်းပြီး၏။

# ဘွဲ့သီချင်းများ

## ၁။ စွယ်တော်ရောင်ခြည်ဘွဲ့

ရင်းဘွဲ့သည် ပုဂံမင်းလက်ထက်က မကွေးစန်ထောက်မင်း
ရေးသည်ဟုတွေ့သည်။

မာရဝိဇယ-ထွတ်ဘုန်းစည်၊ ကိုယ်တော်ရှင်ပြုံး၊ တင့်ဆုံး ခြောက်ရောင်ခြည် × နှိုင်းရှယ်ရည်ငယ်လေ ထန်းလုံးမျှ၊ ဆံလျှဉ်တော်မှာ လှည့်လကျ်ာ၊ သုံးခါရစ်ဝန်း ခ,ပါလို့လေး × မိုးလုံးညီမျှထွန်းပကာ၊ စွယ်တော်မြတ်ဖြွား၊ နီးပါးကွယ်မြဲသာ × ဓမ္မတာငယ်လေ ဘုန်းအထူး၊ သည်ပငယ် ကိုးဂုဏ် - ခြိမ်းမကုန်၊ ဆန်စုန်အောက်ထက်မြူးသည်နှင့်လေး၊ ညွှတ်ကြည်နူးပါလို့ ဆုထူးငယ်နတ်လူ၊ ပန်ယူကာ မြွက်တော့သည် × သဒ္ဓါငယ်ကွန့်ပါလို့ လက်ညွှန့်ငယ်ရှိုကြာ၊ တင်လှူကာ ဆက်တော့သည်။ ။

---

## ၂။ မြဝတီမင်းကြီးဆို - ပလ္လင်တော်ရှစ်ရပ်ဘွဲ့

ဥကင်ဘုံမြင့် သီဟာဘွေ × စိန်ကြောင်ရောင်လင်း၊ သစ်မင်းတည့်ရမနေ × မှန်ရဝေငယ်မှာ ကြိုင်သင်းပျံ့မွှေး၊ ဘမယာသန - တောက်ပ ဝင်သဝဏ်ငယ်မှာ၊ မုနောတင့်လွန်၊ သစ်မွန် ကရဝေးငယ်နှင့်လေး × ဆက်စဉ်မည်ရှေး ဖြဲတိုက်မှာ၊ ဂဇာငွေသခႉး စကားသစ်မြတ်စွာ × တောင်သေလာ ငယ်မှာ တောင်ပိန္နဲ၊ သခ်ါငယ် သခ်ါလှည့်လကျ်ာ – မြင့်ကြာ တုလွတ်ကဲပါလို့လေး × မျက်မြွာပုလဲခြယ်စီကာ၊ ဇေတဝန်နန်း သက်န်းမြတ်ဟံသာ × ရွှေမိဂါငယ်လေ မြသဖန်း၊ စမုတ်ကယ်ဘုံမော် - လကျ်ာတော် ရှုမျှော်အံ့မခန်း သည်နှင့်လေး × နောက်ဝေယန် နန်းဇေတဝန် ပြဒုမ်ကြာရွက်၊ သရက်မြတ်သစ်မွန် × မြောက်စံလွန်ငယ်မှာ စမုတ်ဦး၊ ပေါက်သစ်ကယ်လျံ့ဝါ မယုရာ ရှစ်ဖြာထိန်ဝင်းမြူးပါလို့လေး၊ စံပျံ့ပျူးသည်နှင့် ရှည်ကြူးငယ် သက်တော်ရာကျော် - ဖြိုးမျှလေး × ဆောင်ဆောင်နန်းငယ်နှင့် လေးခန်းဒီပါ ချုပ်ကာစိုးရလေး။ ။

## ၃။ မြဝတီမင်းကြီးဆို - ထီးရှစ်မည်ဘွဲ့

နန်းရဝေမြင့် ဥကင်ဘုံ × ရှစ်ဆိုင်ဖြန့်ဝန်း လေးကျွန်းစိုးခလှို × လွှတ်ကျွန်းရောင်စုံငယ်လေ ထိန်ဝင်းလို့မြူး၊ ရိပ်ဖြူကြာပွင့် - ကိုးဆင့် နှစ်ပြတာန်ငယ်လေ စံကျွန်းဆယ်ပြန်၊ နေဟန်ယမြားထူးငယ်နှင့်လေး ×မြင်သူမူးမျှဆက်ခါခါ၊ မနောဟာဒယသည်ပရမာသာ × အာပါဒါငယ်လေ ဝိဇယ - မဝေးစီစီ လေးစင်းညီ လေးဒီပါလုံးခ,မည်မို့လေး × ဝဲယာတော်တမျှ - နည်းတူပင်-နှစ်ပြိုင်ရွှေသားယမြားစုံတသွင် × မြန်တိုင်းခွင်မှာလေ မည်ရွေးရင်း × ကနက်ကယ်လျံဖြာ သူရိယာ မုတ္တာညွန့်တသင်းငယ်နှင့်လေး × ရည်တူမယွင်း စပ်ယှဉ်ကာ၊ ပဒုမထီး အနီးဝေးမကွာ × သည်နောက်မှာငယ်လေ သမုတ်၊လက်ဝဲတော်စံတည်ထီးလေးမည်၊ မှတ်ရည် တခြားသိစေဘို့လေး × တောက်လျှံဝင်းညီး လကျ်ာပုံ ကမ္ဗုစန္ဒ ကုမုဒဝိသကြုံ × ကိုးမျက်စုံ ငယ်လေ လျှံလင်းလို့ညီး × ထွက်ချက်ကယ် ရောင်ခြည်၊ မှောင်မျိုးငယ်လည် - ရှစ်မည်ဖြူလှထီးငယ်နှင့်လေး × အုံမပြီးနိုင်မို့၊ ကျော်ညီးငယ် နတ်လူ ဆုယူတောင်းတော့သည် × ရွှေစက်တော်ရင်းမှာတည့် ညွတ်စင်းငယ်စုံကာ၊ ရှိကြာပေါင်းတော့သည်။ ။

---

## ၄။ မြဝတီမင်းကြီးဆို - မင်းခမ်းတော်စုံဘွဲ့

မင်းခမ်းတော်စုံလှ - မြွက်ပြန်မှာ - မြလျှံရောင်ညီး ဆက်နီးသင့် ရာရာ၊ ကွမ်းနုဝါငယ်လေ ညှာရှိုးညွတ်လန်း၊ ခြယ်လှယ်မှန်စွ၊ လက်လှပြင် ကာကာငယ်လေ၊ ပန်းတောင်းတော်မှာ၊ ရတနာ ဦးသစ်ပန်းငယ်နှင့်လေး၊ ကြယ်ကြယ်ညောင်ခြူးယှက်သန်း ပတ်ရစ်ရံ၊ သန္တာပုလဲ၊ ရှက်တဲ့နိုင်းလွှတ်စံ × ရှစ်ထောင့်ရောင်ပြန်ငယ်လေ ကွမ်းခွက်ကျူး - ကွမ်းအိုးတော်တင်တင်မြချက်ရှင်၊ လျှပ်သွင်ကြုတ်ခွက်ထူးငယ်နှင့်လေး × ကြယ်စုံရှူးငယ်သို့ ကွမ်းညှပ်ဖယ်၊ သိင်္ဂီစံထားဖလား တော်စုံခြယ်၊ ထိန်ညီးညီးလျှပ်နွယ်လေ လက်တင်ကြာ၊သုံးမြွာရောင်ချိပ်၊ ကွမ်းလိပ်အစုံမှာ × ဟင်္သာမောရာ၊ ကံသာကရဝိက်နားပါလို့လေး၊ သွားကြည်တော် ပတ္တမြားစာမရီ၊ သမင် ဥသဘ တကွနွားယှဉ်မှီ၊ နာရနီငယ်လေ ရွှေကွမ်းညှပ်၊ မကာရ်းငယ်ပြီစွာ၊ လှရာမှာ၊ မြင်ကာလွန်တိမ်းမပ်သည်နှင့်လေး၊ မျက်မှန်ရောင်လျှပ် သွားကြည်မှာ၊ သွားတို့သွားခြစ်၊ ထားလစ်တင့်တယ်စွာ၊ ဖယောင်းငယ်သိင်္ဂါလေ၊ ရွှေကြုပ်ပြည့် ဟင်္သာရောင်မောင်း၊ ဥဒေါင်းကရဝိက် မှန်ငယ်မှာ၊ ရှားစေးလဲ့ဟန် မွေးလွန်နံ့သာ ထည့်ပါလို့လေး၊ စာမရီဝင်းမျှည့်မျှည့် ရွှေသမင်၊ ဆွားခဲတစ်စေ့တင်လေ၊ မြမှန်ပင်၊ ရွှေသားရည်ရှင်လေ၊ ဥသဘ၊ ကွမ်းသီးငယ်

ချုပ်လှ္ဘသင်းပျံ့ပျံ့ခါ၊ ခုံသာပြင်းထုံ ပြင်းထုံကြသည်နှင့်လေး - ဥကင်တော်သ
မှာတဲ့၊ မျှားလှုငယ်ဆိုင်ဆိုင် ကြယ်ပွိုင်မြူးသို့လေး၊ မြှောက်စည်တော် ရင့်ကြွေး
သံသာလေညှန့်ဆိုင် ရောင်ပြိုင်သာကျူးလို့လေး။ ။

---

## ၅။ မြဝတီမင်းကြီးဆို - လကျာ်မင်းခမ်းတော်ဘွဲ့

လကျာ်တော်မင်းခမ်း မြစဉ်စီ၊ ရတနာပန်းတောင်း၊ လျှံမောင်းနာရဏီ၊ စံသိင်္ဂီငယ်လေ ရောင်ညီးညီးလက်၊ ရှစ်ထောင့်ငယ်ခြယ်ရံ နဂါးစံ မျက်ပျံ ရွှေကွန် ရက်ကယ်နှင့်လေး၊ နှစ်ပင်ညွှန့်ခက် စလင်းကြာ၊ ကွမ်းလောင်း ကွမ်းညှပ် ထိန်လျှပ်ကွမ်းတောင်သာ၊ နန်းစွန်ငယ်သိင်္ဂါလေ အုပ်ဘန်းသစ်၊ မကာရ်းငယ် ရုပ်ပေါ်ခရာတော်၊ စံလှော်ရွှေအိုးပြစ် ကယ်နှင့်လေး၊ ဆယ်ပြန်ငယ် ဦးသစ် သောက်ရေတင်၊ ပြတ္တိုတံကောင်း၊ တင့်ကြောင်းဆက်ခါပင်၊ ကိုးမျက်ရည်ငယ် ရွှင်လေ၊ ရွှေဖလား၊ နှစ်လုံးငယ်မြူတာ ထိန်ဝင်းငယ်ဖြာ၊ အံ့ရာအခြားခြားငယ် နှင့်လေး၊ အမှောင်ငယ်ရှားပါလို့ ကြွားကြွားငယ်ရောင်ဆိုင်၊ ကြယ်ပွိုင်မြူးသို့ လေး၊ ရာပြည်မင်းငယ်တို့၊ ခွန်သွင်းဆက်ခါ ရှိကြာထူးလို့လေး။ ။

---

## ၆။ မြဝတီမင်းကြီးဆို - လက်ဝဲမင်းခမ်းတော်ဘွဲ့

လက်ဝဲတော်က၊ အံ့ရာပုံ၊ သိင်္ဂီရောင်လျှမ်း၊ မင်းခမ်းမျက်မြွာစုံ၊ နေဖလ် ပုံငယ်လေ ထင်တွေးကြမှား၊ ခြူးညွန့်ငယ်လျှပ်နွယ် ဝင်းဝင်းကယ်ရှုဘွယ်လက် တင်ကြွားငယ်နှင့်လေး × စီခြယ်ပတ္တမြားခြသေ့ံခံ၊ ကွမ်းခွက်ရောင်မောင်း၊ ကွမ်း လောင်းမြမျက်ပျံ၊ ဝင်းလျှံငယ်လေသလွတ်ကြူး၊ မြူဦးငယ်မမှောင် သလင်း မြှောင်၊ မင်းဆောင် သစ်တိုင် ထူးငယ်နှင့်လေး၊ ကြက်လျှာတော်ထိန်မြူး ရတနာ ခြေနင်းရောင်လျှပ် ဘိနပ်သားမြီးသာ၊ သံလျက်ကယ်သိင်္ဂါမှာ ရန်မျိုးလင်း၊ တောင်ဓားဒဏ္ဍာ တရာခြသေ့ံခံငယ်မှာ၊ အိုးမင်းမင်းစံ၊ အလျှံငယ်ထိန်ညီးဝင်း သည်နှင့်လေး၊ မေးဘောက်ငယ်တဆင်း ထုကင်းငယ်ကျီးခြေ တက်နေလို့ မြူး တော့သည်၊ မျက်ပျံငယ်တင့်ဆုံး၊ နှစ်လုံးငယ်မြူတာ၊ ခက်ဖြာဖူးတော့သည်။ ။

---

## ၇။ မြဝတီမင်းကြီးဆို - အလံ ၇ စဉ်မင်းခမ်းတော်ဘွဲ့

မြတ်ပလ္လင်ရွှေ ရန်မာန်ချေ×တမ်းခွန်လျှံလင်း၊ချပ်ဆင်းခုနှစ်ထွေ × ရောင် ရွှေငယ်လေ၊ ထိန်ညီးလို့လင်း × ဟနုမာန မက္ကဋရာဇာငယ်လေ၊ ဖြူလွှကြက်လျှာ၊ မဟာဂဠုန်မင်းငယ်နှင့်လေး × အခါငယ်မြီးဝင်းတမ်းခွန်မှာ၊ စွယ်ချွန်ဖြူးဖြူး

ဘီလူးရဲတေဇာ×မည်းမည်းငယ်ညိုလှာ၊ မောရာငယ်ဥဒေါင်း၊ သီဟာငယ်စိမ်းမြ၊ ဂဇမောင်းနီတျာငယ်လေး၊ ဖြော့တော့ရောင်ဝါ - နာဂါ ရေနတ် ကောင်းငယ်နှင့်လေး × အသောင်းသောင်းငယ်နှင့်၊ ရန်ညောင်းငယ်မပြူ ရှင်လူငြိမ်းတော့သည် × ဒီပါငယ်ရံဝန်း၊ ကျွန်းကျွန်းငယ်ပိုင်ယူ ဇမ္ဗူသိမ်းတော့သည်။ ။

---

## ဂ။ မြဝတီမင်းကြီးဆို - မြစ်ကြီးငါးသွယ်ဘွဲ့

ငါးလုံးတောင်ညွန့်၊ ရှက်ဆိုင်နွယ်၊ နွားခြသေ့် ဆင်မြင်း၊ ခံတွင်းပြွန်ရေနှယ်၊ စီးကျဲသွယ်သွယ်လေး၊ဆယ့်နှစ်ခွဲရစ် × တောင်အောက်ကယ်လျှိုးကာ ငါးသွယ်ဖြာ၊ ကေရာပေါင်းကျရစ်သည်နှင့်လေး × မြရေစစ်ကယ်တဲ့ စီးထွေထွေ၊ ရွှေဝမြောင်ခိုင်း စစ်ကိုင်းမင်းဝံခြေ × နောတတ်ကယ်အိုင်ရေနှင့်မယိမ်း၊ စမုံရော-မြစ်ငါးဖြာ၊ ချမ်းသာပြည်လုံးငြိမ်းသည်နှင့်လေး × ဘုန်းတော်ထိန်းပါလို့ ခပ်သိမ်းငယ်ရှင်လူ ကြည်ဖြူသာ ဧးရလေး × တရာမင်းငယ်တို့ စက်ရင်းတော်လဲ အမြဲကျွန်ခံဘွေ့ရလေး။ ။

---

## ၉။ မန္တလေးမြို့ဘွဲ့

မန္တလာဘုံ - မြေခံဘူမိ - ပြည်ရန်နှိမ်× သုဒဿကယ်ဝေယန်၊ နူန်းစံတည့် ရွှေဝတိန် × မြတ်ဘုန်းနေလ အသမ္ဘိန် × ရာဇိန် - ဣန္ဒာ - သခ်ါမြောက်သွန်း၊ နန်းတည်စံ × သဟံဘိသေ × ညွန်းလို့လေး × သာသနာရောင်ဝါ ထောင်ခြည်ထွန်းလို့လေး။ ။ရငေ့။ ။ကျွန်းမှန်ပုထက်၊ ပံသုသေလာ၊ မြေမျက်နှာဝယ်၊ ရတနာပုံ၊ ခတ်စုံကြွင်နန်း၊ တည်သိမ်းမြန်းခဲ့၊ ကိန်းခန်းသာဘိ၊သိုက်လာညှိသည်၊ ပါဠိရဝါ၊ ရွှေပြူဗွါက၊ စကြာရောက်မည်၊ ကျော်စောသည်နှင့်၊ ဆုရည်ပန်ညောင်း၊ ရွှေကံကောင်းဝယ်၊ ထီးပေါင်းတရာ၊ ဖူးညွှတ်လာအံ့။ ။တေဇာတော်ထွန်းပါလို့၊ လေးကျွန်းငယ်ဝိုက်ခြုံ၊ ညီလာပိုင်သိမ်းအောင် ကိန်းရ - နက်သန်ဘုံ × ဘုန်းစက်ဟုန်၊ ဝသုန်ရေမြေစောင်းမျှလေး × ရာဇဝင် - ဘယ်တွင်မကြုံ တောင်းပါဘုလေး × ဗျာမြွက်တော် - သံညောင်း × ရာ သက် ကော် ရှည်ကြောင်း × တောင်းဆုဝေ × သွန်းညောင်ရည် - ညွန်းအောင်စည် တီးပါလို့၊ ကောင်းချီးတဲ့ ကြွေးကြော်ညံ။ ။သဖြန်။ ။မြတ်ဘုန်းတော်ဖန် - နတ်သုကံ စီမံလာတဲ့၊ ရတနာ-ရွှေပြည် ပုံက၊ ဆယ် နိတုံသန်း × ရွှေပစ္စင် × တံခါးတော်စိန်တုရင်နှင့်၊ ဘယ်ရာဝင် မကြုံဘူးအောင်၊ ထူးတဲ့ပြည်နန်း။ ။

## ၁၀။ မြဝတီမင်းကြီးရေး - ရတနာပူရအဝမ္ဗိုကိုချီးသောဘွဲ့

လေးမည်သာလှ - မြတ်ရွှေတောင် × စောင့်နေရုံထား၊ သိကြားတည် သည့်ယောင် × နန်းဆောင်ဆောင်ငယ်လေ ညီးလက်လက် × ပြန့်ဖြိုးငယ်ယူကာ၊ မှုံပန်းငယ်ဖြာ -များစွာစွယ်ချင်းယှက်သည်နှင့်လေး × ကျွန်းသံလျက်ကယ်နှင့်၊ ကြက်ယက်ကယ်မောင်မယ်၊ မင်းဝံယှက်သန်း၊ မြမန်း တောင်ညွှန့်ဝယ် × သီတာ ကျယ်ငယ်လေး ညိုရစ်လို့ဝန်း၊ ရတနာပူရ – ပြည်မရွှေဥသျှောင်ငယ်လေ - လေး ကျွန်းငယ်တန်ဆောင်၊ ပြောင်ပြောင်နေသို့ ထွန်းပါလို့လေး × မြတ်စွာရွှေခွန်း သိုက်ညွှန်းငယ်အောင်မြေ-သပြေကြုံးရလေး × စက်ရဟတ်ကယ်နှင့်၊ မန္တာတ်ကယ် တူစွာ – ပမာနှုန်းရလေး။ ။

---

## ၁၁။ မြဝတီမင်းကြီးဆို-၎င်းရတနာပူရ အဝမ္ဗိုတော်ကို ချီးသောဘွဲ့

မင်းဝံတောင်ညွှန့်၊ မြတ်ရွှေဘုံ × မြရည်ယှက်ကူး၊ ကျွန်းဦးတည့် သံလျက်ခုံ× စမုန်ငယ်လေ - ပန်းလောင်မြစ် - သီတာငယ် ဝန်းမြောင်၊ နဖါးတောင် - ပန်း လောင်ခွေ၍ ရစ်ပါလို့လေး × တောင်ခုနစ်ကယ်နှင့် - မြစ်ခုနစ်သွယ်၊ မြင်းမိုရ် ထိပ်စွန်း နတ်နန်းဝေယန်နှယ် × သာကျယ်လေ - ပျော်ဖွယ်လေ - ရှုမငြီး၊ ရွှေ ဘုန်းတော်ဝေဆာ - ပဒေသာ-လိုရာ မတ - သီးပါလို့လေး × အံ့မပြီးနိုင်မို့ ပြည်ကြီးငယ်ဖွယ်ရာ၊ စုံစွာဖြိုးလှလေး × ရာမင်းနတ်ကယ်မို့ မြတ်ကြက်သရေ ဝေဝေတိုးရလေး။

---

## ၁၂။ ကုန်းဘောင်မြို့ဘွဲ့ (မြဝတီ)

ကုန်းဘောင်မြို့ ရွှေနက်သန်၊ ရှစ်ပယ်စာခင်း၊ မြေမင်းမြေထိပ်ပန်၊ ဆယ်ရပ် ထံငယ်လေး ထိန်ညီးလို့လင်း၊ ဘုန်းရောင်နေကွန့် ကျွန်းကျွန့် ရွှေဥသျှောင်ငယ် လေ၊ လက်ရုံးတန်ဆောင်၊ ရန်မှောင်မြူမှေး ရှင်းသည်နှင့်လေး၊ ပြည် ပြည် ဖောင်မင်းငယ်တို့၊ သည်းရင်းငယ် ပဏ္ဏာ၊ စက်စုံတော်ဦး ညွတ်နူးတင်ဆက်ကာ၊ သင်းထုံငယ် မဏ္ဍာလေ၊ ဧငြိမ့်သွန်းလောင်း၊ ရာကျူးငယ် သက်တော် ရှည်မြင့် ကျော်၊ စံတော်မူစေကြောင်း ငယ်နှင့်လေး၊ ဓာတ်မွေ့တော် ပေါင်းမှာ တည့် ကျော်သောင်းငယ်ကြော်ညံ၊ ထက်သံသာဖြိုးတော့သည်၊ ထွန်းရောင်ရှိန် ပွင့်ပါ သည့်၊ မြတ်ရှင်ပင့်သာသနာ - စည်ဖြာမိုးတော့သည်။ ။

**မှတ်ချက်။** ။၎င်းဘွဲ့ကို-ရွှေဘိုဘုရင် ကျောက်မြောင်းမြို့မှာ စံတော်မူစဉ် ရေးသား ဆက်သွင်းသည်။

## ၁၃။ ပြင်စည်မင်းသားဆို - ဘွဲ့

ခြည်ပန်းထောင်ကွန့် - စက်နေရုံ၊ ဘုန်းတော်ဖက်ကျွန်း တက်ထွန်းဇေယျခုံ၊ မြေဝသုန်ငယ်လေ တုန်ရိုက်မျှချုန်း၊ ရိပ်ဖြူကာဖွင့် - ရာမင့် ထွတ်မှန် ကူငယ်မှာ၊ မြန်ခန်း ဇမ္ဗူ ခွန်ယူပိုင်သိမ်းကျုံးပါလို့လေး၊ ရန်မာန်ပြုန်းသည်နှင့်၊ ပတ်ကုံး ငယ် သာဟန် - မိုးယံတိမ်နုန်း၊ ငွေစန်းငယ် ယုန်ယာဉ်ပုံ၊ ပုံသဏ္ဌာန်လေ၊ ဝေး မခြား၊ ကုန်းဘောင်ပဝရ နရထွတ်စံတည့်ငယ်မှာ၊ သုံးပါးရင်းတည်၊ ဆယ်မည် မြတ်တရားငယ်နှင့်လေး၊ နန်းဗိမာန်တောင်ပါး၊ရထားငယ်ယာဉ်သာ၊ ဆက်ကာ ပုံပြီး ရောက်နီးထံတော်မှာ၊ ကျွန်းလေးဖြာကို စကြာပိုင်စိုး - မူးချည့်လေး၊ ရာ သက်တော်သည်၊ ရှည်ကျော်လွန်ကာ ကျူးမည်တည့်လေး၊ တိုင်းကြေညာဘုံဦး၊ နိုင်းဖွေရှာပုံထူးလွန်းတယ်ကို၊ ဝေယန်မွန်-နေဖလ်ဂုန် - နှန်းငယ်သို့၊ ရွှေဘုန်းပွင့် မြတ်သမ္ဘာတော်။ ။

---

## ၁၄။ ပြင်စည်မင်းသားဆို - မန္တလေးဘွဲ့

မင်္ဂလာသိရိ မြေမြတ်စွာ၊ ရွှေဉာဏ်တော်ထူး၊ ပိုင်မူးအောင်ဇေယျာ၊ လေး ရောင်ငယ်လျှံဖြာလေး၊ ညီးလို့လင်း၊ ခုနစ်ခွေရစ်၊ တောင်မြစ် သတ္တရဘာန်ငယ် မှာ၊ အာလိန်ငါးတန်၊ ဝေယန်နှန်းမယှင်းသည်သို့လေး၊ မြသီလာစံခင်း၊ မြေ မင်းငယ် ဘူမိန်၊ သပြေမြန်ခန်း၊ သိုက်မန်းရွှေဂီရိန်၊ ထောင်ရဝိန်ငယ်လေ နေ နှန်းနန်း၊ ရတနာဘူမိ - ပြည်ကြီးထွတ်မှန်ကူငယ်မှာ၊ ရာထီးဆူဆူ ရိပ်ဖြူပိုင်သိမ်း မြန်းပါလို့လေး၊ စက်ပုံနန်းငယ်နှင့် လေးခန်းငယ် ဇမ္ဗူ ခွန်ယူ စိုးတော့မည်၊ ရာကျော်လျှမ်းပါလို့၊ ဘုန်းပန်းဇေယျာ - တေဇာတိုးတော့သည်။

---

## ၁၅။ ပြင်စည်မင်းသားဆို - မန္တလေးမြို့တော်ဘွဲ့

ဇမ္ဗူရည်ပွင့် ဆယ်ရောင်ဝေ၊ မင်္ဂလာအောင်ခန်း၊ မြမန်းထောင်ရာဇေ၊ နက် သန်မြေငယ်မှာ သိုက်ဘူမိကွန်း၊ နဘန္တရ မိုးမှုနတ်ဗြဟ္မာငယ်လေး၊ ကောင်းခြီး သံသာ-သြဘာအောင်ဆု ညွန်းသည်နှင့်လေး၊ ရွှေယံငယ် ပတ်ဝန်း၊ မြရောင်ရွှန်း၊ သီလာမြို့ပြိုင်ဖြူး၊ တောင်မူးရေတံခွန်၊ သာဖွယ် လွန်သည်လေ စိမ်းလဲ့မောင်း၊ နန္ဒာကြည်ရှင်း၊ ကန်မင်းအောင်ပင်လယ်မှာ၊ ကြာမျိုးငါးသွယ်၊ လှိုင်ကြွယ်၊ မွှေးပျံ့ လှောင်းပါလို့လေး၊ ရွှေတချောင်းငယ်နှင့် နောက်စောင်းပိုက်ကာ၊ ယှဉ်ပြိုင်တက်သေး၊ မဝေးမြစ်ရေ၊ သပြေညာငယ်လေ ကျွန်းမြေပြန့်မူး၊ မြမန်း ငယ်ဝေယန် သာဘိဟန်၊ ဗိမာန်တောင်နန်း ဦးငယ်ပလေး၊ သြဘာတော် ထူး သည်နှင့်၊ ရိုက်ကျူးငယ်သံလွှင်၊ အိမ့်ရှင်ကြွေးတော့သည်၊ စကြာတော် သိမ်း ပါလို့၊ ချမ်းငြိမ်းငယ်ရာရှည်၊ ရွှေပြည်ဧးတော့သည်။ ။

## ၁၆။ သကြြန်တော်ဘွဲ့ (မြဝတီဝန်ကြီး)

သင်္ကြန်တော် မင်္ဂလာလေ ကောင်းကြီးရက်မြတ်၊ သီတဂူ သော်တာ ကြတ္တိကာ၊ ကြယ်ညီလာ ရွှေဝန်းနတ်ကယ်နှင့်လေး၊ သောင်း ဒီပ ါ ဥက္ကဋ္ဌ၊ ပြာသာဒ်တော်ဝေယန်၊ မြေမှုန်မျှော့မင်း၊ ရွှေရင်းရပ်သေန်၊ တောင်ဗိမာန်ငယ် လေ မိုးညှန့်ဦး၊ သိကြားရေစင်မြသွင်သွင်၊ အိမ့်ရှင်ဆော်ရင့်ကျူးသည်နှင့်လေး၊ ရည်ယမုန်လျှံမြူး ရေဂင်္ဂါ၊ တလ္လသန္ဓေး ပြစ်ဝေးကင်းလွတ်စွာ၊ မန္တန်ဂါထာ လေ၊ သျှန္တိသာသိဒ္ဓိ၊ ရွှေနှုတ်ကယ် မြွက်ဖေါ် မြတ်ပရိတ်တော်၊မျို့ ခေါ် ဇေယာ ဘိငယ်နှင့်လေး၊ ဘော့ဂီရိငယ်က၊ လျှံညီငယ်ပင်စည် တရော်မြသွေး - လက်နှေး ခုနစ်မည်၊ဖြူညိုငယ်စုံတည်လေးရင်း နှောင်းဖက်သက်၊အုံတုံငယ်ပင်ဇာ၊ ပရန္တဝ ါ ဂန္ဓာမွှေးမျိုးဖက်ပ ါလို့လေး၊ ကိုးရောင်ခြည်ခက်ပ ါသည့်၊ မွှမ်းချက်ကယ်ဗိမာန်၊ သင်္ကြန်တော်နန်းမှာတည့်လေး၊ ကိုးတန်ငယ်ဒိုင်းဝင်း၊ သင်းပင်းဗိုလ်ပ ါ ရှိကြ လန်းတော့သည်။ ။

---

## ၁၇။ နားထွင်းမင်္ဂလာဘွဲ့ (မြဝတီဝန်ကြီး)

ဆဒ္ဒန်ပိုင်လေးကျွန်း၊ မြတ်သည်းချာ၊ ရတနာစုလျှား၊ ရွှေနားဆင် မင်္ဂလာ၊ မင်းခမ်းတော်စုံစွာလေ အခြားခြား၊ကိုးဆင့်ငယ်ရောင်ဝှန် မှန်နန်းရိပ်မှန်၊ မြသလွန်ခင်းညှို့ထွားဝယ်ပလေး၊ ဘုန်းရဝိန္ဒြဖျား၊ စက်ဖွားတော်နှစ်စုံ၊ ဘမ ရာတင့် ရှန်း၊ ဖြန့်ဝန်းဇေယခုံ၊ ရှိဦးငယ် ကြာမုံလေ ဆယ်ညွှန့်ညွှန့်လန်း၊ နှစ်မ တော် မြတ်နှစ်ပ ါး ပတ္တမြားအပ် ရွှယ်ကာငယ်လေ၊ ပြန်ညွှန်းရွှေဗျာ ဇေယာ အောင်ဆု မှန်းသည်နှင့်လေး၊ ရှစ်ပြဟ္မာရေဖျန်း၊ မိုးပန်းငယ်ရွှာလာ ရှိကြ ဖွေး တော့ သည်၊ ဉ ကင် တော် ပွင့် လင်း၊ နတ် ညှင်း ငယ် ပဥ္စင် အိမ့် ရှင် ကြွေးတော့သည်။ ။

---

## ၁၈။ ဆံထုံးတော်မင်္ဂလာဘွဲ့ (မြဝတီဝန်ကြီး)

နန်းငွေယုန်သော်တာလေ၊ ထိန်ထိန်ညီးညီးလက်၊ ဆံထုံးတော်မင်္ဂလာ ဆင်မည်ခ ါ၊ ဇေယာ ကောင်းခြီးရက်ဝယ်ပလေး၊ ကြယ်ညောင်ခြူ မြိတ်ယှက်၊ တဘက်တော်လျှပ်နွယ်၊ ခုနစ်ထွေဝတ်လဲဆင်မြဲ အသွယ်သွယ်၊ ကိုးမျက်ကယ် စီခြယ်လေး လျှံဝင်းလိုမြူး၊ ဝေရော်စနဒက်လှငယ် တူမကွာငယ်လေ၊ ဘယက် တော်ရတနာ-အံ့ရာ အထူးထူးငယ်နှင့်လေး၊ ဒွ ါဒရာလဲ့ကြူး၊ ယှက်ကူးငယ်ရောင် ဖြာ၊ ဆင်တော်ရန်ငြိမ့်လေး၊ ဆက်ရေးနန်းစဉ်သာ၊ င ါးပ ါးငယ်မလ္လာငယ်လေ

မွေးလှိုင်ပွံ့သင်း၊ မြတ်လေးငယ်နေဇာ ဇလတ္တာ၊ ပူဇော်ရာ ပန်းသနင်းငယ်နှင့်လေး၊ ကောင်းပင်စည်လျှံဝင်း၊ တင့်ဆင်းငယ်လှိုင်ဝေ - ရှာစွေဖြိုးတော့သည်၊ ရှစ်ပြဟ္မာကြင်း၊ နတ်ညွှင်းငယ် ကျုံကျုံ ထက်သံနိုးတော့သည်။ ။

**မှတ်ချက်။** ။အထက်ပါ သုံးပုဒ်တို့သည် ၁၂၀၂ -ခု၊ တန်ဆောင်မုန်းလပြည့်ကျော်တရက်နေ့ ဘကြီးတော်ဘုရား သွီးမြတ်ကို သကြိန်တော်ခေါ်၍ ရွှေနားတော်ဆင် မင်္ဂလာ၊ ရတနာ ဆံထုံးတော် ဒက် ဘယက် ဝတ်လဲတော်မင်္ဂလာတွင် ရေးသားဆက်သွင်း လျှောက်ဆိုတီးမှုတ်ရသည်ဟုဆိုသည်။

---

## ၁၉။ မင်္ဂလာသြဘာဘွဲ့

အတိုင်းမသိ၊ မင်္ဂလာကြက်သရေ ရှိပါဘိတယ်ကို × တော်ကြီးငယ်ယင်ရာ၊ ဇမ္ဗူဒီတောင်ကျွန်း၊ တင့်ရွှန်းတည့် ကြက်သရေဖြာ × ရှစ်ပြဟ္မာသံချီးကြွေး×အောင်ဇေယတု- ငွေခရူသံခါ သွန်းဘိသိက်ငြာ × ပုဏ္ဏာဝန်းပြည့်-ထွန်းသစ်ရာဝယ်၊ တိမ်စင်သာသည် - စန္ဒာမင်းလို-ရှင်းမြူပဝေး × အခါတော်ပေးတာက၊ နတ်ရေးငယ် ရွှေစာ၊ သာသနာရောင်လင်း၊ ကောင်းခြင်းခု-သည်ချိန်ခါ × ထက်ပြဟ္မာ- လက်ျာခရုသင်းငယ်နှင့်လေး × ရေသွန်းဖြာ ကျွန်းမှာဇမ္ဗူတွင်းပေမို့လေ × ကြည်လင်ဖွယ် သန့်ရှင်း၊ ရည်ရွှင်တယ် ပျံ့သင်း၊ တော်မင်္ဂလာ × မြတ်စေတနာ၊ နတ်ဒေဝါပေါင်းရယ်တို့၊ ဆုတောင်းကြ သည်ချိန်ခါ။ ။

---

## ၂၀။ ရွှေတိဂုံသမိုင်းဘွဲ့

တဖုဿယင်နှင့်၊ ဘလ္လိကညီနောင်၊ မြတ်ဆံတော်ရှစ်ချောင်း၊ စုပေါင်း၍-ယူခဲ့ဆောင် × တန်းခိုးတော်က-တောက်လောင်၊ ရွှေရောင်လေ-ငွေရောင်လေမြရောင်ပြိုးပြက်၊ ဥက္ကလာ မျှားစွာဗိုလ်ခြေ ဆက်ပါလို့လေး × မြတ်ရာဇာ-ဆံတော်ကိုင်ကာ-လက်ကယ်နှင့်လေး × မိုင်တွေးလျက် အခါခါ၊ မွေတော်ခေါ်တ်ကိန်းဝပ်ကျိန်းမြတ်နေရာ × သိင်္ဂုတ်ကယ်တည့် တောင်သေလာ၊ ဘယ်မှာလေ-ဘယ်မှာလေလား၊ နတ်ဆူးလေ၊ ရှာဖွေမိန့်တုံငြားလို့လေး × လေးဆူရှင် သည်တွင်တည်ခတော်ထားလို့လေး × မြတ်စိန္တေဖျားကိုလှ၊ လှုငြားပါကြအုံ့မကုန်၊ မည်တော်တည်ထား မြတ်ဖျားတည့်ရွှေတိဂုံ။ × ။**သဖြန်**။ ။စိမ်းပြာလဲ့မှုန်၊ ရဂုံကမ္ဘင်း၊ မြူခိုးရယ် မှောင်မှောင်နှင့်၊ သည်တောင်မှာ ရွှေရောင်ဖုံးတယ်၊ ကုန်းမြတ်သမိုင်း။ ။

## ၂၁။ နန္ဒာကန်ဘွဲ့

မြရည်နန္ဒာ၊ ကန်သာရေခင်း၊ ကြည်သုန်သုန် × ကြာမျိုးငါးမည်၊စီစီလှဲ့ ရွှေဝတ်မှုံ × ပျံ့မွှေးငယ်တည့် လှိုင်ထုံ၊ ဝတ်မှုံ-ခိုင်ညှာ၊ သိင်္ဂါရောင်ရှိုး၊ ဘမရာ တောင်စာ ခြွေယူသုံးလို့လေး၊ ငှက်မောင်မယ် ပျော်ဖွယ် သာတင့်ဆုံးဝယ်ပ လေး × သောက်ခြွေယူသုံးပါလို့၊ ပတ်ကုံးငယ်သာလွန်၊ ပင်စုံစုံလှိုင်လန်း၊ ကြိုင် ဖျန်းကြမေဃဝန်၊ မြရောင်ဝှန်၊ ကန်မွန်သာစွဦးလို့လေး × နတ်ပျိုးဖန်၊ ပန်း မာလ်ဝေဆာဖူးလို့လေး၊ စုံမလွန်ထွေထူး၊ နန္ဒဝန်ဘွဲ့ဦး-ဘုံငယ်မှာ × ကန်ရဂုံ၊ မှန်မကြုံတောင်းငယ်ပ၊ ခွဲပျောင်းလှုညွှတ်ပြုံဖွယ်။ ။

---

### ရတနာပူရ စတုတ္ထမြို့တည်-နန်းတည် ဘကြီးတော်ဘုရားလက်ထက် မြဝတီမင်းကြီး ရေးသားသော

## ၂၂။ တန်ခူးလ ရေသွန်းဘွဲ့

မြသို့ငယ်စိမ်းနု - တောင်တောငယ်သာဟန် ရွက်သစ်ကယ်ပြန်၊ ဂိမှာန် နွေဦးလုသည်နှင့်လေး × သာယာငယ်ရတု၊ ရွှင်မှုငယ်ပျော်ဖွယ်၊ သရဖီ အင် ကြင်း - ကြိုင်သင်းပြန့်ခက်သွယ်သွယ် × ကောင်းကင်လယ်လေ စိတြ ‘လ’ နှင့် ယှဉ်ပြီ၊ နှစ်ပါးငယ်ညီ-ရာသီနှစ်ဦး စ, ပါလို့လေး × ရေသွန်း ‘လ’ ငယ်ကို၊ ရွှေ ဗိမာန်သာဟန်ထူးလှလေး × ရွှေဖလားငယ်နှင့်၊ ပျံ့ရှားငယ်ထုံရည်၊ ကြည်ကြည် သွန်းရလေး။ ။

---

## ၂၃။ မြဝတီမင်းကြီးဆို ရွှေတချောင်းတူးကာလ၊ ရေးသောဘွဲ့

ရွှေဘုန်းတော် - နေနှုန်းလျော် - ပဒေသာခိုင်× ပတ်ကုံးညွှတ်ရုံးမျှ၊ဆွတ် သုံးကြ မကုန်ပါနိုင် × စံပြိုင် ရန်နိုင် - မဏ္ဍိုင်ချက်မ၊ ဇေယ ခွဲလျ - ရွှေဝပြည်၊ ပတ်လှည်စီးလို့လေး × ဝေဘူလ ဇောရဿ - နောတတ္တရေတူ၊ နောက်တိုးက- မောက်ဖြိုးမျှ - သောက်ချိုးကြ - မျှားပိုလ်လူ × ကြံမှု - ဉာဏ်ယူ ရန်သူ ကင်းဝေး- မာရဇိန် - ဖြာအရှိန် - ရွှေဘုန်းတော်နှိမ် - ချမ်းငြိမ် ရေလိုဧးလို့လေး × ရှိုင်းမှေး ငယ်မယှဉ် - ပြစ်စင်ကင်းတော့သည် × ရွှေမိုး ငွေမိုး ထစ်ကျိုးငယ်ပွဲ့တင်၊ ထက် ခွင်ကျင်းတော့သည်။ ။

## ၂၄။ မြဝတီမင်းကြီးဆို-မဥ္ဇူသက နတ်ပန်းဘွဲ့

ဂန္ဓမာတောင် – လှိုင်ချောင်မုတ်နန်း ဂူငယ်မှာ × မွေးတကြူကြူ၊ မဥ္ဇူ တည့် နတ်ပန်းပင်×ဆွတ်ချူယူငင် - ပန်ဆင်လေ ပန်ဆင် - ပန်ဆင်ရည်စူး၊ မြင် - သူသာ စိတ်ကယ်က ကူးသည်နှင့်လေး×ယက္ခငယ် ဘီလူး၊ နတ်မူးငယ် - ကုမ္ဘဏ် ချူသာနိုင်ဘဲ၊ နေမြဲတည့် စောင့်ကာသာရံ × မချူသာပြန် - ယူရန်ကြံရေး - ခက်လှလေး × တမျှော်မျှော်ငယ် - ညှိုးလျှော်ခွေပျောင်း ညွတ်ရလေး × ဝေဘူ လျံလမ်း၊ ရွှေဂူမှန်နန်း လယ်ငယ်မှာ × ပန်ဆင်ရာ ရွှေကေသာမြန်းပါလို့၊ သည် ပန်းသာ - မြတ်ပန်းတော်။ ။

---

## ၂၅။ မြဝတီမင်းကြီးဆို-ပန်းကိုချီးသောဘွဲ့

သကမဥ္ဇူနွန်းမဲ့လှတယ်ကို၊ မြသွေးကဲ့ညို - ချိုချိုသင်းသင်းကြိုင်ကြိုင်၊ ရနံ့ငယ်မွှေးလှိုင်လှိုင်၊နှိုင်းပြိုင်သင့်ပိုင်၊ မွှေးကြိုင်မွှေးကြိုင်ထူးလှ၊ ရဝေပေါ်မှာ- ပန်တော်ဆင်ဒေါနငယ်မို့လေး× ပွင့်ပေါင်းလောင်းညွတ်ခ၊ ပန်းမျှားငယ် - ခွန် ယူ၊ စိန်ကြောင်ဘုံတွင်း၊ ထုံသင်းပျံ့လှိုင်ကြူကြူ × နှိုင်းရမတူ၊ ဇမ္ဗူရွှေဘုန်းဖက်မွှဲ လေး × သိကြားဣန္ဒာ၊ စကြာတော်ရှင်း ဆက်သလေး × မယှဉ်ဘယ်ပန်း × ဥကင်လယ်နန်းပေါ်ငယ်မှာ × ပန်တော်ရာ - လွှန်ကြေညာသင်းပါလို၊ ပန်းမင်း သာ မြတ်ပန်းတော်။ ။

---

## ၂၆။ မြဝတီမင်းကြီး-မိုးချီးသော-မျှော်တော်ယောင်ဘွဲ့

ပတ်လည်ငယ်လေ–မှိုင်းပင်သာမှိုင်းလှ-လျှပ်ပန်းလျှပ်ခြည် တိမ်သားငယ် စည်၊ ရွှာမည် ဟန်ရေးပြပါလို့လေး × ဆောင်နန်းမငယ်က၊ နွမ်းလျှငယ်ခွေ ယောင်၊ ရွှေဘုန်းကြွလာပေါင် × စမ္ပယ်ညောင်ငယ်မှာ၊ ရွှေဝန်းဆင့်ဆင့်၊ မြ ညွန့်ငယ်မပြန်၊ အလွမ်းငယ်သန်၊ ဖန်ဖန်မျှော်ကိုး လင့်သည်နှင့်လေး × နတ် စည်ငယ်ရင့်ပါလို့၊ ချိန်သင့်ငယ်ဆီလျှော်၊ ဆော်ကာငယ်ရွှမ်းလှလေး × ဥကင် တော်နန်းငယ်က၊ မမြန်းငယ်စက်ရွှေ၊ ထွေထွေသာဆန်းလှလေး။ ။

---

## ၂၇။ မြဝတီမင်းကြီးဆို-မျှော်တော်ယောင်မိုးဘွဲ့

နတ်စည်ငယ်လေ - ကျူးရင့်ပတ်ချိတ် × ကြက်ယက်ကယ် ဇေယာ မန်း ကသာ၊ ဇလာမှိုင်း တည် ရိပ် သည် နှင့် လေး × မြတိမ်လိပ်ကယ်က အပြိုင် ပြိုင်၊ ညာဗယ်ရစ်သန်း လျှပ်ပန်းက - အဆိုင်ဆိုင်၊ ကြာခြူးငယ်တည့် သင်းမှိုင်-

နှင်းလှိုင်နှင်းလှိုင်ကြော့ထဲ၊ ပြောင်းညွှတ်ကယ် ကြွေလေ့အောင်၊ လွှမ်းရစ်ကယ် နှောင် × ပေါ်အောင်မာန်တင်းရဲပါလို့လေး၊ အာကာမှာလဲ၊ ရင့်နွဲ့ငယ်ဆောင် ကာ ရွှာလာသွန်းလှလေး×သူဇာနှင့်ခြားလို့၊ မူထားငယ်ထွေအောင်၊ နတ်မောင် ညွှန်းပါထင့်လေး။ ။

---

## ၂၈။ မြဝတီမင်းကြီးဆို - သဇင်ပန်းချီးသည့်ဘွဲ့

သည်ဆောင်းဟေမန်၊ မြောက်ယံလေ့ညှင်းဆော်တယ်ကို × နတ်တော် ပြာသို၊ စိုစိုတည့် နှင်းဖုံဖုံ × ရိုးတံဆင့် - ဖူးငုံ၊ ဝတ်မှုံ ဝတ်မှုံ ဝတ်မှုံတင့်ဆုံး၊ သဇင် သဇင် ပန်းဂမုန်း ငယ်နှင့်လေး × ရွှေနန်းတော်လုံး၊ မင်းသုံးငယ် စိုးယူ၊ သွယ်သွယ်ညွှတ်ကိုင်း၊ ရွှေသိုင်းညွန့် လူလူ × ရှမ်းပြည်တောင်ငူ × ဇင်ဖြူဆက် မြဲမှန်လှလေး × ဂမုန်းအင် သဇင် ရွှေပန်းလှိုင်လှလေး × သိင်္ဂီလျှံလန်း၊ စိန်စီ မှန်နန်းပေါ်ငယ်မှာ၊ ပန်ဆင်ရာ ရွှေကေသာ မြန်းပါလို့၊ သည်ပန်းသာ မြတ် ပန်တော်။ ။

---

## ၂၉။ မြဝတီမင်းကြီးဆို - အိမ်နောင် နန်းတွင်းဇာတ်တော်ကြီးထွက် ပွတ်စပါးမင်းသမီးက လိုက်သောဘွဲ့

သန်းယံသာ ကျူးပါတော့၊ အိုကြော့မှူးငယ်၊ သည်ပုံသံပြောင်း၊ ရွှေ စောင်းကအသွယ်သွယ် × တိမ်ခိုးငယ်နှင့် မိုးတနယ် × ဘုံစွယ်၊ ဝေယန်ဗိမာန် တောင်နန်း၊ ထင်မိယောင်၊ ရှဉ့်ညီနောင်၊ တောနေရုပ်ဆောင်၊ သည်းခေါင် သည်းခေါင်ကြွေလုပန်းမျှလေး × အိုခုဝယ်တခန်း ပူပန်းဘွဲ့ရေးတော်၊ ဖြေပါ လို့လဲ၊ ရွှေသဲခုနေမှပျော် × ကျူးရင့်ကြော်တိမ်ပေါ် ဝေယန်ဦးကလေး ×။ ။ **တေးထပ်ညှပ်**။ ။နန္ဒမူ သည်ရွှေစောင်းက၊ ကြွေပြောင်းလုထွက်သံ၊ ဘယ် ဘုန်းသူ့ဖန်သည့်ကံငယ်၊ တရံငယ်မမေ့၊လွှမ်းပိုသူ့ဗျာနှောင်ကို၊ပြေလွှယ်အောင် ရှင်းနိုင်သရွေ့။ ။ပုလဲငယ်ပြည်ပေါ်မှာ၊ ပျော်ပါသော်မမေ့၊ တောင်နန်းဝယ် တွေ့ခဲ့၊ မြတ်ရသေ့မှုနည်း၊ ထင်မြင်ယောင်မှား၊ ဘယ်မျှားသို့တွေးရပါမည်။ ။ ဘုန်းသူသူ့ရုပ်ရည်ငယ်၊ ကာလံပြည်ရွှေကြော့ကြွားဆီက၊ သည်ပါးဖန်ရေရေ၊ စွဲလာမိလေ။ ခွါသင်းစည်းညှင်းညှံ့ဖြေသည်၊ သည်းကြေကြွေ ကြုံဆွေးရပန်း။ ။ **သဖြန်**။ ။မှန်းရမယ်လေ၊ ကူရေပန် မောင်ကြီးက၊ ခုဖြစ်ပြန်ခဲ့။ ။အချစ်ကယ် ကိုယ်တူမှုလှဲ့၊ အိုသူ့မှာ ဒါဟန်မြေက၊ သုံးရွှေရင်နဲ့။ ။

## ၃၀။ မြဝတီမင်းကြီးဆို ဘွဲ့

ပရမေသိရိ အောင်ဇေယျာ × ဩဘာတော်ထူး - မျိုးဦးမင်္ဂလာ × ဝေယန်တည်ရာငယ်လေ၊ ထင်ဘွေးမိမ္မား × ဝေရော်စန ဇော်တမျက်စုံဖြာသည်ကို၊ မဏိကဥ္စနာ စီမြွာ ရောင်ကိုးပါးငယ်နှင့်လေး × ရိပ်ဖြူငယ်ဖြန့်လွှား၊ ထွတ်စံရှင်၊ သမြေဆော်နှိုး၊ မုရိုးစည်အိမ့်ရှင် × ရိုက်ကြွေးငယ်ပဥ္စင်လေ၊ နေငြိမ့်မြူး × ခရာပြွေညှင်း၊ ငွေမင်းမြတ် သခင်ငယ်ကို၊ သံကြီးဆယ်ဖြာ၊ ဗြဟ္မာက ရှင့်ကျူးသည်နှင့်လေး× ဘုန်းတော်ထူးလှ တေဇာရောင်ခွန်ယူပိုင်မြန်း၊လေးခန်းဒီပါဘောင်× ရာပြည်ထောင်၊ ခေါင်ဆင့်ထိပ်ပန်း × မဟာနဂရ နန်းမရွှေဗိမာန် ငယ်ကိုလေ၊ ကသစ်ဝေယန် - နတ်ထံတူ နှုန်းနန်းငယ်တည့်လေး × အံ့မခန်းသည်နှင့် စံမြန်းငဲ့သက်တော် - ရာကျော် - စွန်းတော့သည် ×၊ အောင်သံနှိုးလို့ ဘုန်းမိုးငယ်စွေကာ၊ မဏ္ဍာသွန်းတော့သည်။

---

## ၃၁။ နတ်ရွာစံ အိမ်ရှေ့မင်းကြီးဘွဲ့

ခွန်ယူစိုးရကံကျေးပိုင် × ရွှေတောင်၊တောင်တွင်း၊တပယင်းဝေမြိုင်မြိုင်× ဇမ္ဗူပိုင်ငယ်လေတို့ထိပ်မိုး × အိမ်ရှေ့တော်ကြည်ဖြူ၊ နှင်းအပ်တော်မူ၊ နတ်လူ—ပန်းသို့ပျိုးပါလို့လေး × ထက်ခွင်ငယ်ပိုင်စိုး နတ်မိုးငယ်ဣန္ဒာ၊ ဝေယန်လေဘုံဖျားက သိကြားတဲ့ ခွန်ဆက်လာ × အပ်နှင်းငယ်စံရာ၊ စိုးပေတဲ့မင်း × ထီးဆောင်းငယ်တရာ၊ မင်းတကာ ရှိကြာရှိကြာ နှင်းပါလို့လေး × သောင်းတွင်းရပ်ကယ် ဒီပါပေါ်၊ မပျော် ပိုက်ကယ် ရှားပါသမို့လေး၊ မင်းဖျားထိပ်ခေါင်ဘွေ့။ ။

---

## ၃၂။ မြင်းခင်းတော်ဘွဲ့ ၄-ပုဒ်

(က) ပတ်ပြန်ငယ်ပြောင်ရွှန်း၊ ဝဲယန် သိင်္ဂါနန်းမြေညီ၊ ဂူလီပွဲတူ ကျွန်းငယ်တည့်လေး × မြောက်ထန်ညွန်းသည့် ဖက်တော်မှာ၊ ကုန်းဘောင်ခွန်သ၊ စိုးစံခမ္မရာဇာ × မြင်ကွန်းငယ်အောင်ချာလေ မြို့သနင်း၊ တည်ပငယ်ယုံကျွန် - မှူးမတ်ဝန် - တိမ်စွန်ပုံ့လု မြင်းငယ်နှင့်လေး × မြတ်ထံတော်ရင်း၊ တောင်ဇက်ဝယ်၊ စိန္နပြည်ပတ်ချုပ် - စိုးအုပ်သည့်နေနွယ် ×၊ ပုခန်းဘုန်းကြွယ်လေ မြတ်တပါး၊ လက်ရုံးငယ် ဥာဏ်ရည်၊ တွေ့တိုင်းငယ်စည်၊ စံတည့်မှူးမတ်များငယ်နှင့်လေး × ခက်ထန်ရွှေခွားစွဲကိုင်ကာ၊ ဇက်သုံးလှက်မကွာ × သင်ရာရာ၊ လယ်ချာ လယ်ချာစုလို့လေး × နာရဏီဂူလီဟန်ရေးလုလို့လေး × နှိုင်းတုငယ်မမျှော် – ဖက်တော်မှာသား၊ တောင်ရမ်းတိမ်းမပါးသည်နှင့်၊ ဖန်များဖန်ဖွယ်သာ။ ။

( ခ ) ကိုးသွယ်ရတနာငယ်လေ ဦးခက်၊ လျှပ်နွယ် ရွှေကြိုး ဇက်ကယ်နှင့်လေး×
နက်ကွက်ကယ်မှာ၊ ဇမ္ဗူရောင်ဝှန်၊ ပတ္တမြားငယ် မျက်ပြွန် × တိမ်စွန်
လေ၊ တိမ်စွန်ပျံနှင်း၊ ရန်မျိုးပယ်ပျောက်လည်သလေး၊ ဇာနည်အသာ
မြင်းငယ်နှင့်လေး × မြတ်သနင်းငယ်နှင့် မင်းမင်းဆံကြာ၊ ဇက်ပန်းတင်
သောခါ၊ ဘယ်ညာဘယ်ညာကြွကြွလေ× ဦးလည်ကိုယ်လုံးထထလေး×
ညီမျှငယ်လျှံရှိန်၊ ချိန်တော်မှုတိုင်း၊ လုံတော်တန့်မဆိုင်းသည်နှင့်၊ မြင့်
လှိုင်းစက်ရာဝယ်။ ။

( ဂ ) လွှတ်တော်ငယ် စံကျွန်း၊ပြန့်မွှန်းငယ်လေးကြိုင်ဆွာ – ခွါပြာသဇင်လှဲ့ငယ်
ကို၊ ရိုးမြတ်ကယ်တည့်သာမင်္ဂလာ၊ မြင်းခင်း အောင်ဇေယာ၊ မြတ်
သမ္ဘာငယ်လေ ဘုန်းနေတူ—စက်ပန်း ဖြန့်တော်မူ၊ ရာဆူဆူ မင်းငယ်တို့
ရှုပန်ကာ၊ ဆယ်ဖြာဆယ်ဖြာဆင့်ဆင့်လေး × နန်းရွှေမြေဦးမြင့်မြင့်လေ၊
ချီးခွင့်ငယ်မပိုင်၊ မော်တိုင်ဘွေဝန်း၊ အောင်သံကြွေး ရိုက်ညွှန်းပါလို့၊
မော်ကွန်းမင်းဝံချာ။ ။

(ဃ) မြန်မြေနယ် ဇမ္ဗူဘောင်၊ လျှံဝေကြယ် ခြူအရောင်၊ ရွှန်းရွှန်းဝင်း
သွန်းသွန်းလင်း၊ နတ်မြင်းဘွေ တိမ်စွယ်ပျော်၊ ပြိုင်ဖေါ် ပြိုင်ဖေါ်
ကင်းဝေး ကင်းဝေး၊ ခွါသံ မြေလျှံ သောင်းလုံးကြွေး × စံရွှေနန်းစဉ်
ပေါ်ငယ်မှာ ပျော်ကျူးဧး၊ သက်တော်ရာကျော် ကျူးရလေး × စာ
မရိသို့ ထူးမခြား၊ နတ်မြင်းပျံသို့ မြူးကြွားကြွား × တွေးမှား တွေးမှား
ပင်×ရွှေစင်လျှော်ညက်၊ ဇမ္ဗူမှုံကိုးမျက်သည်တည့်လေး × ဦးခက်ကယ်
စိန်စီ၊ ပတ္တမြားက သိင်္ဂီ × ရောင်နီ-ရောင်နီ - ရောင်နီဇက်သုံး၊ စီးနင်း
ကတောင်တော်ငယ်မှာ-တိမ်ပေါ်နင်းလျှူနွန်း၊ ထွန်းပတုန်းဝင်းလျှဘုန်း၊
မြင်သူဆွေးဖွယ်သာ၊ ဤန္ဒာယိုးကြမှန်းထင်တော်၊ ကွန့်မြူးပျော်ကြ နန်း
သိန္ဓော၊ တွေးမော တွေးမော ပင်×သံသရာ စက်စီးဘုံပြင်၊ မြင်သူမြင်သူ
ချီးအံ့အဲ၊ မြင်းယဉ်ဟန်လှနွဲ့ပါလို့၊ အဲမောင်းဝေ ယိုင် မြိုင်လေတည့်မှ
သိကြားတန့်ဆောင်ကိုင်။ ။

မြင်းခင်းတော်ဘွဲ့ ၄-ပုဒ်ပြီး၏။

## ၃၃။ မန္တလေးမြို့ဘွဲ့

မင်္ဂလာအောင်မျိုး သြဘာလှိုင်၊ ဗြဟ္မာဆူနှင်း၊ တြင်းမြွက်ခါဆိုင်× ဇေ
ယာမဏ္ဍိုင်လေး -စိုးပိုင်မည့်ပွဲ × စကြာပုံတောင်းဆိုက်ကြောင်းထံတော်သာငယ်
ကို၊ လူနတ်ကြေညာ၊ အံ့ရာချီးမစဲသည်နှင့်လေး × ရွှက်ကြာရိပ်ဝဲရွှေဥကင်၊

လွတ်ဝေယန်နန်း၊ ဖြန့်မြန်းထွက်စံရှင် × ဗျူဟာငယ်သေနင်လေ အုံ့ဖွယ်သား၊ မကုန်နိုင်အောင်၊လုံတော်ယွယ်တိုင်း မဆိုင်းစက်ဝယ်နှောင်၊ စာမြီရွှေတောင်လေ မြူးကွန့်ကြွား၊ ရွှေကြိုးရွှေခက်-ကိုးမျက်ကယ် ဇမ္ဗူမှာ - ရောင်လင်းကြယ်ခြူ-နေတူထင်ယိုးမှားသည်နှင့်လေး×ဝေယန်ဖျားငယ်က-သိကြားငယ်သာ ထင်ကာ မူးတော့သည်၊ ထီးရာမင်းငယ်တို့၊ စက်ရင်းတော်မှာ-ညွတ်လာဖူးတော့သည်။ ။

---

## ၃၄။ တောသွဲ့ကြီး

ဟေမဝန်ချာ၊ သီတာတောင်တော-သာတယ်ကို × ကြော့ဆုံး မေ့စံရာ၊ ဘယ်မှာလို့မမှန်းတတ်နိုင်ပါ × နန်းရွှေမြေအောင်ချာငယ်လေရော်ရမ်းမိလေး× သည်သည်မြိုင် စွန်းငယ်က၊ တခွန်းငယ်ခေါ်ယောင် - ကြားပြန်ရအောင် × သေလာကျောက်ဆောင် ဘိညာဉ်ရျာန်ယောင်၊ သူတော်မြတ်ခေါင်ကျိန်းတယ် ဝပ်တယ်နှင့်သာ၊ တောင်စောင်းငယ်-ဥမင်-ခိုဝင်ကြ-မြတ်သူတော်စင် × ကျင့်သိက္ခာသိမ်မွေ့လို့-ရသေ့တို့စံပျော်ရာ၊ တံခွန်တိုင်အင်း၊ ကျောက်တွင်းနှင့်လိုဏ်ဂူသာ၊ အိုင်ကုဏ္ဍလာ၊ မုစလိန္ဒာနတ်ရေကန်မှာ၊ ရွှေကြာတင့်တယ်နှင့်သာ၊ လှကျူးငယ်မပါ၊ လှမ်းရှာရဝေးမြေတာ။

**သဖြန်။** ။တိမ်ဘုံကိုလေဟုန်သွေးလို့၊ ရှုလေဝေး။ နန်းရွှေဘုံ၊ ဆွေးစေဖို့ကြုံ၊ ဌာနီကျေးက မလေးငုံ၊ ကြိုလာပုံနှင့် မောင်ထင်စားတယ်၊ မြိုင်ဖြားက ဆွေး။ ။

**ဘွဲ့သီချင်းစုပြီး၏။**

---

# သီချင်းခံကြီးများ

## ၁။ မြဝတီမင်းကြီးဆို - စွယ်တော်ရောင်ခြည်သီချင်းခံကြီး

ထူးမခြားနား၊မိုးရေစုံသား၊ရောင်တော်ထွေပြား၊ပြောင်လိုလိုများထွေ၊ ထူးထွေတည့် အံ့ရာသော် × ရွှန်းရရွှန်းလင်း၊ စိန်းပြာဖြူဝင်း၊ နေရောင်ခြည်လင်း ထွန်းလိုလို၊ ရွှန်းဝေ များထွေတည့် အံ့ရာပင် × ဘုန်းတန်းခိုးလဲ၊ နိုင်းဆိုရာဘဲ တူမည်မှာလဲ ရဲရဲဝင်းပြောင်၊ နေမင်း လမင်း သိန်းရာထောင်၊ ရည်ဆောင် မြိုင် ခိုင်း နှိုင်းရာတူဘဲကို × ဖြူနီညိုပြာ၊ ထွေလာတည့် ထူးထူးဆန်း - ထူးထူးဆန်း၊ တေဇာရောင်ထွန်း ရွှန်းရရွှန်းမြိုင်၊ ဖြာဖြာ – ဝေမြိုင်စိုးပိုင် × မပြိုင်တူရေး၊ နှိုင်းရာ ယှဉ်ဝေး၊ နေမတူရေး၊ ဘုန်းမွေးဝင်းပြောင်၊ မြူမှောင်တည့်ပယ်ခွါ၊ကြည်ညာ လင်းပွင့်၊ ထွန်းဝင်းထွန်းဝင်း၊ လျှံပေါ်လျှံပေါ် စွယ်တော်စွယ်တော် စွယ်တော် ကျောင်းက၊ ခြောက်ဖြာရောင်ခြည် လွှတ်သည်နှင့်သာ၊ သုံးပါး လောက၊ နှိုင်းဧး နှိုင်းဧး၊ ကယ်ယူကယ်ယူ၊ ဉာဏ်ပန်းဉာဏ်ပန်း မွေးလှိုင်ကြူ မဥူူငုံကင်း၊ ထွန်းရောင်ဝါလင်းရှင် × တေဇာရှင်ရှင် ပေါ်လွှင်တည့် လျှမ်းလျှမ်းဖြိုး လျှမ်း လျှမ်းဖြိုးအာဏာကျော်ဟိုး ဘုန်းတန်းခိုးရောင်၊ဝေဝေရွှန်းပြောင်၊သိန်းထောင်× အခေါင်ဉာဏ်ပန်း ထွန်းရောင်ဝါလန်း ဇေတဝန်နန်း ခြားသန်းလေသာ၊ စံဆောင်တည့်လယ်ချာ၊ ဘုံသာနန်းမ ထွန်းဝင်း ထွန်းဝင်း၊ လျှံပေါ်လျှံပေါ်၊ ရောင်တော်ရောင်တော်၊ ရောင်တော်ရောင်တော်ဖြိုးမြင့် အံ့လေဖွယ်ရာ လွှတ်သည်နှင့်သာပင် × သျှင်ရင်းမြတ် စကြာမွန်ငယ်ကိုလေ - တင်ထိပ်ဦးစုံဖူးတည့် ရှိကြောင့်။ ။

---

## ၂။ မြဝတီမင်းကြီးဆို - ဘုန်းဘွဲ့သီချင်းခံကြီး

ထောင်ရောင်နေကသာ၊ရွှေဘုန်းဝင်း × ညွှတ်ခလာ၊ရာမင်းမင်း×ဘွေသီဟာမြင့်မှာ၊ ဖြာလင်းလင်း × ဖြန့်ရှစ်ဆိုင်ကာထီးစင်း × ဇေယာသံကျူး ညွှင်းလိုလို၊ မြွက်သာကြည် × ကျွန်းလေးမည်ငယ်ကို၊ စိုးသည်ဥက္ကာဋ္ဌ × ကောင်း-ညွှန့်ငယ်နေဇာ - ရှစ်ပြဟ္မာ × လကျ်ာသခ်၊ မြတ်သည်သာနှင့်လေ × ကောင်းညွှန့်ငယ်နေဇာ ရှစ်ပြဟ္မာ၊ လကျ်ာလကျ်ာသခ်၊ သခ်ငယ်လကျ်ာ၊ လကျ်ာသခ် မြတ်သည်သာနှင့်လေး × ရေဖျန်းစံရွှေညီလာ၊ ဖူးပွင့်စုံစွာ၊ ဆယ်ဖြာတည့်

လန်းလန်း၊ ပြည်ပြည်ထောင် တိုင်းခန်းက ရှိပန်းဆင်ကာ၊ ရွှေမြေအောင်ချာ
သည်သာ ဘုန်းပွင့်စည်၊ အမရအောင်ချာပြည် × နန်းအနန်းနှင့် သိန်းသန်း
ရောင်ခြည် - မှောင်မလည်၊ စံတည်စံကျွန်းတထိန်ထိန်၊ ဘုန်းရှိန်စိန်ရောင်လင်း
လို့လို့၊ ထွန်းရောင်ဖြာညီးပင် × ဘယ်ရာဝင်မှ၊ ပုံပြင်တူနှုန်း၊ ဘုန်းလှိုင်လှိုင်လန်း၊
ဒီပါအောင်ခန်း-သိမ်းမြန်းပိုင်ယူ၊ ရှင်လူတည့်ငြိမ်းဧး၊ ကြေညာသင်းပျံ့မွှေး ×
သာနွှေးလွှယ်ကာ၊ မျက်မြွာရှန်းတင့်၊ မြရိန္ဒမာ စကြာနှင့်သာ၊ အာကာပျံနင်း
ဆင်မင်းစိုးရ၊ လွှမ်းမိုးလွှမ်းမိုး တေဇာတေဇာ ခွန်သွင်းထံရင်း ဆက်ပုံလာ၊
သိင်္ဂါရွှေသား သိကြားဆက်သ ရံရွှေသော်တာခြယ်လှယ်စီကာ၊ ဆောင်ဆောင်
ဘုံသာ၊ သူဇာတည့် ပုံနှုန်းထား ပုံနှုန်းထား၊ ယဉ်မူရာသား များ အများလှိုင်
ဘယ်တူပါနိုင်သွန်းမြိုင် × ရွှာပြိုင်ဆော်နှိုး၊ ဘုန်းသီတာမိုး တိုးစည်လျှံဖြိုး၊
သီးမျိုးစုံစွာ မလွှာတည့်သောင်းသောင်း ရွှေရံများနှင့်ရိုးပေါင်းရိုးပေါင်း၊ ခက်
ဖြာညွန့်ရှင် စုံစုံလင်လင် စည်ပင်ပွားလို့ နတ်လူသာကြည် ဆုယူဆက်ကာပန်။
ကျိပ်မှန်ရင့်မှုံ၊ ရွှေဖွားစက်တော်စုံယ်ကိုလေး - ရွှေဘုံစံခန်းစိန်ကြောင်မှန်နန်း
ပေါ်ငယ်မှာ။ ။

## ၃။ နန်းတွင်းသူဘွဲ့သီချင်းခံကြီး

စန္ဒာ ရောင်သို့သာ ပြောင် ရွှန်းလင်း × နုလှတယ်ကိုယ်လုံးဝင်း၊ သွင်ပြင်
ရူပသာ ရည်ရွှင်းရွှင်း နတ်နှင့်သာပုံနှုန်းခင်း × ယဉ်မျိုး ကြိုးလို့ချုပ်ပိုင်ယူ မိုးတဲ့
မိုးနတ်သူငယ်မှာ ရာထီးစင်း × ဆန်းလှတယ် ဆောင်စဉ်၊ ဘယ်ကျွန်းငယ် ယှဉ် ×
ဝေါယာဉ်ရွှေသားနှင့်နှင့်ခလေး×ရထားစုံညီ အင်္ဂါဆင်းဝါလေ၊ ပွားစွာ ထူးဆန်း
ရည်ရွှန်းရွှန်းနှင့်၊ တူလျှမ်းခဝေ၊ ဖြူရွှေညိုပြာ ကိုယ်ဝါဝင်းလို့၊ ပြည့်စေရွှေသား
မြလိုဝေကျူးကဲ၊ ပထူးကဲ၊ ထွေထွေဝေဝေဆာဆာ၊ နေ့ကိုကျူးရည်ရည်.- ရွှန်း
ရွှန်း၊ လန်းလန်း၊ ယဉ်လှလှဆင်းဝါ ယဉ်မျိုးစုံပုံ စုံညီအင်နှင့်သာ၊ ကြည်လှင်
လွှန်ဖြား၊ ရာခြားနား၊ စံနေပိုင်သာ၊ ရွှေပေါင်းဝန်းရာ၊ သူဇာလေ တူနေပိုင်
သရတယ်၊ များထောင်ပေါင်း၊ စုသိန်းသောင်းသင်္ချာ၊ ပြိုင်နှုန်းတူရာ၊ များစွာ
လွှန်ထူးကဲ၊ ဘယ်သူပင်သာ – ဆိုရာတည့်တူနိုင်ဘဲ၊ တူနိုင်ဘဲ ပျော်ရွှင်စံမြဲ -မိုး
ကဲအောင်သာ၊ ထွေထူးကျူးကဲဆန်း၊ ရွှင်လန်းလန်း၊ ဆောင်စဉ်သာလှ၊ ရွှေ
နန်းသူ၊ ကြည်ဖြူရွှင်ပျော်၊ ချီပေါ်မိုးမြင့် နှင့်နှင့်သာရွှင်။ ။မေတ္တာရစ်ကာ၊
ကြင်နာလွှန်ကျူး ရလွှန်းမြူးသည်၊ ထွေထူးစုလာပုံ။ ။

## ၄။ ရွှေဘို ရှင်ဘုရင် လက်ထက် တောင်ဥယျာဉ် စံနန်းတော် တွင် မြဝတီမြို့စားဟောင်း မဟာသီရိဇေယျသူရရေးသော သီချင်းခံကြီး

ဒီပ ါမြေယံ - သောင်းလုံးငယ်ရှိုဦး၊ ဆယ်ကြာရံစုံဖူးလို့လေး၊ရာကျူးငယ် စက်ရွှေ၊ တက်နေညွန့်လင်း၊ ထိန်ဖြာမြေ သီလာပြောင်မြန်း၊ ညွတ်ကာဘုန်း ပေါင်းလိုင်လန်း၊ မြန်ချာပရမေ အောင်မြေမြင့် စံစိုးမြန်း၊ မှန်နန်းရိပ်ဝေ ပြန့် ဝယ်၊ ဝေယန်ထွတ်ဖူး၊ မျှော်တိုင်းတွေးအံ့မူး၊ ထူးချွန်လွန်းမျှားမြတ်သှုစွာ၊ အစုံ ခိုင်မြှာ ရောင်ဝေဖြာ၊ နိုင်ငံကြေညာ ဆွတ်သုံးငယ်လိုရာ ပင်ပဒေသာကြီးငယ်နှင့် လေး၊အမရမင်းနေ - ယဉ်ရေနှင့်မြသီလာ ပတ်ကာရံသန်း ထွေထွေဆန်း၊ရဂုံမြိုင် ခန်းရွှေလျှံမြန်း၊ ဝတ်မှုံကြိုင်လန်း လေပြည်ဖျန်း မန်းရွှေညာ–နန္ဒာရေပြည့်သင်း ငယ်မှာ၊ သင်းလိုင်ဂန္ဓာပျံ့တယ် - နှံ့တယ်၊ မြိုင်ယံ့လွတ်ကျူး၊ လိုင်လှုတမြူးမြူး၊ သောက်သုံးငယ်သာခြွေ စိဘ်ဝမ်းငယ်လေနှူး၊ ကန်မင်းတောင်အောင်ပင်လယ်၊ ပြောဝသာကျယ်၊ ဝေးကကြည်ဖွယ်၊ ချပ်ရုံမှုံကြယ်၊ ငါးသွယ်တည့်ပွင့်ဖူး၊တင့် ဆန်းငယ်ဝေဆာ၊ ရေပေါ်ကြာ မိုးလို့ကူး၊ပင်လူးလေး ပင်ဦးလေး ခေါ်ကျူး ဖြေသိမူးလေ ရွယ်စူးလေ ပျော်ကြူးကာပါး ဆင့်ဆင့်စေ၊ ငှက် ပေါင်းငယ် လှယ်ဝေ - သဲကြွေလူ လွမ်းဖွယ်ပင်၊ ညိုမောင်းလွင်၊သက်တင်လိုင်ညွှန့်ချပ်ငုံမြန်း၊ ပြိုင်ညီတည့်လိမ့်လန်း၊ထွေဆန်းရွှေဗိမာန်၊ဇောင်းကလော နတ်ရေကန်ငယ်လေ၊ တင့်ဟန်ငယ်တင့်ဆန်း၊ မြင်မိစောဖွယ်သာ၊ ရိုးညွှာရွှေတံမြလျှံရှက်ဝေ၊ ခြွေ ကြသောင်းသောင်း၊ ကြာနှင့်ရေငှက်ပေါင်း၊ ကိန္နရာခွေပျောင်း၊ ရွှေဒေါင်း ကျူးရင့်ရည်၊ တွေကြည်ရှင်းသည်လေ၊ မြအင်းငယ် တောင်သမန်၊ ညို့ညို့ဆိုင်း ဆိုင်း၊ ဝိုက်ခွေရေကြောလှိုင်း၊ လွန်ဟန်နွေသန် - ဟေမန်ဝေယန်ပတ်ကုံး၊ နောက် ဌာန်တင့်ဆုံးသာစွကျုံး၊ ဇေယာလေ သလ္လာငယ်ရေလုံး၊ ပေါင်းရုံးရံကာ၊ တွယ် တာတည့်ချစ်ထုံး၊ သောင်ငွေခင်းငယ်က၊ တိန်ညင်းငယ်လွမ်းရန်၊ ငှက်ကျေး သောက်သုံး၊ ရွှေလောင်းငယ် ရွှေဒွ ါကြော်ငြာကြူးသို့၊ ဗိမာန်သာလကာ၊ ရှုရာ တင့်တုံ့ယ်၊ ဆွေလာစဉ်ဆင်း၊ နန်းချင်းချီချ၊တက်လှတက်ရေး၊ ညီညာပြန်လှယ်၊ မွှောဘုန်းနေနှုန်းအံ့ဖွယ်ဖွယ်၊ စိန်ခြယ်ရံသန်း ဘုံသီဟာမှန်နန်းဝယ်၊ သော်တာ ရောင်နွယ်၊ တိုင်းကျယ်နှံ့ပြည်လုံးဧး၊ ငြိမ်ဆေးလေး၊ လူစည်ဆော်ကြွေး၊ စွန့်ရေး စာဂ - သီလလိုင်ကြွယ်၊တင့်ဟန်ညာမှန်လုံ့းသောင်းရွှေလယ်၊ ဒေဝီလေရံသန်း၊ စိုးမြန်းစမ့ယ်၊ သွယ်သွယ်တည့်ဆေးလေး၊ ပြည်သူပေါင်းငယ်တို့ သွန်းလောင်း ငြိမ့်ရေယဉ်ရေသင်းမွှေး၊မဝေးဆက်ကာ၊ဣန္ဒာမင်းငယ်တို့ ဆဒ္ဒန်ရိန္ဒမာ စကြာသ မည်ရှင်။ ။မိုးယံဝ ဝယ် နေလ ဘုန်းနှစ်သွယ်ကိုလေ၊အိမ့်ရှင်မည်ကြွေး တံရှည်ဧး၊ နတ်ထံတသွေး၊ ယာမာလို တွေးဖွယ်ပင်။ ။

## ၅။ နောင်တော်ဘုရား လက်ထက် မြဝတီဝန်ကြီးရေးသော သီချင်းခံကြီး

စုံသာမြိုင်လယ် – လွမ်းဖွယ်တခန်း၊ ယဉ်ပုံဝေ တွေဆန်းလှလေး၊ ယော်မြန်းရွက်ကျင်၊ ညိုလွင်တဲ့မောင်း ပြေပြေသာသာ လေညှင်းညှင်း၊ ဆော်လို့မြူးလာယှက်သန်း၊ကြံကြံရွှေရုံ၊ ပန်းမှုံနံ့ကြိုင်လန်းလန်း၊ဖလ်နန်းစကြာလဲ့မှိန်၊တိမ်ကတင့်ရဲ ဆင်လိုအနဲ့နဲ့၊ကွဲကြေကြေးဆွေးလှုဖွယ်၊ တပင်ပျံ့လယ်မြေယံဝယ်၊ ရွှေယင်ဘောင်လယ် မဖို့မောင်မယ်၊ မြူးတယ်ခေါ်သံသာနှင့်လေး၊ ကိုယ်လုံးမြစေသိုက်ရေညွှံနန်းလယ်မှာ - ပန်းလွှာ ယဉ်ရေးနီလာသွေး၊မြူးပျော်ကာကြွေးဖေါ်ညီဝေး၊ လှမ်းခြေယူနွေး၊ ပူဝန်လေး၊ ကျေးငှက် - ကယ် - ညာဖယ်တောင်နှင့်တောငယ်မှာ- လွမ်းရန်သွယ်သွယ်၊ ဆင့်ကာရင့်ရှူကူးလို့ တခန်း မြူးကြ အဆန်းဆန်း၊ ရှုတိုင်းငယ်တွေဘွဲ့ရင်ငယ်သာ ပန်းနွေကူသာစွလိုင်ညီ၊ လင်းတဲ့ရာသီ နှင်းလဲ့ပြာစီ၊ ရွှေကိန္နရီ နွဲ့မှီတည့် – ပြောင်းမြန်း၊ ပတ်ကုံးငယ် ဆင်ခါမှုန်ပြာပြာ၊ ရောင်လို့သန်း၊ စံခန်းလေ လျံလန်းလေး ဘယ်မှန်းလေး တိမ်ဆိုင်လေး၊ တိမ်လှိုင်းလေ၊ မှိုင်ကာမြူးလိုလိုဆင်၊ နရန်းကျော့ကပြင်၊ ရေယဉ်တည့်တည့် မြလိုလိုခွန်စိုစိုစိမ်းလန်းရင့်၊ ညှင်း၊ ခင်မြီးဖျား၊ စုံစွာတည့်ခြားခြား၊ ရွှေဝါးသိုက်မြင်နွယ်၊ သွန်းသွန်းညွန့်သွယ်သွယ်ကိုလှ၊ နေနန်းနွယ်သာ၊ ဝေယန်ထင်မိ မှားလေအောင်၊တောတောင်သီတာ တင့်ပြိုင် ပွင့်ဆိုင်၊ ကြိုင်နံ့မဆုံး၊ မြိုင်က ပန်းဂမုန်း၊ တိမ်လွှာငွေနှင်း လေသွင်းရစ်ဘွဲ့၊ ဖျော်ဖြေတဲ့ ကြေကွဲဘွဲ့ဖေသာ - ရင့်ရင့်ဖြိုးဖြိုး၊ ဘိုးခေါင်မယ်လျှ ဒေါင်းငယ်မှာ၊ ဖေါ်ရှာခေါ်ကာကြော်ငြာကျူးဧး၊ ကြွေးမြည်သံသာ၊ရွှေပင်နား စုံယံလေမြိုင်ဖျား၊ဖေါင်းကားသာရကာ၊ခေါက်ရှာတည့်သောင်းသောင်း၊ ခြွေရံများနှင့် ရုံးပေါင်းရုံးပေါင်း ဝတ်ရည်မြရုံ၊ ငွေခုံရွှေမြုံတူစုံနွဲ့လို့၊ သက်ပြိုင်ဝေလှယ်ချစ်တယ်နှင့်သာ၊ ထုံးသီတာခင်း အိုင်မင်းချမ်းမြ၊ နှိုင်းဘမ်း နှိုင်းတမ်း၊ဖွေရှာဖွေရှာ မည်ရွေး မည်ရွေး ကုဏ္ဍလာ၊မဏ္ဍာတူခင်း ငါး မည်ကြာမင်းငယ်လှိုင်၊ ကြည်ကြည်ဝေမြိုင်၊ ရေဆိုင်တည့်လျှမ်းလျှမ်းဖြိုး၊ လျှမ်းလျှမ်းဖြိုး၊ မလ္လာမျိုးမ စိုးသော်ကာ၊ ရွှေဗျာယူမိုးစွေ၊ သင်းခွေတည့် - မွှေးလှိုင်ကြူ၊ မဟာလှေကား ဆတ်သွားမဥ္ဇူ၊ ပျဉ်းဖြူတည့်အနန်း၊ပုံရင်များလှ၊ လောင်းပန်းနှင်းပန်း၊ နံ့ကြွယ်ပြန့်လှယ်၊ ရဂုံပျော်ဖွယ်၊ ဖေါ်မယ်ဝေးလို့၊ တန့်နိုင်ဖန်ရေး။ ။သဲကြွေလုပြန်အောင်၊ မိုးမာန်ဘွဲ့မှာ၊ ပျိုးမယ့်ခုဟန်ဆောင်တယ်ကိုလေး၊လွမ်းနှောင် သွဲ့လျှား၊ ဖြေတော်အား ထင်ယောင်ပျော်ပါး မြင်လာ သားရစေပင်။ ။

## ၆။ နောင်တော်ဘုရားလက်ထက် ၎င်းစုံသာမြိုင်လယ်ကြီးတီးကွက်ကိုပင် သီချင်းခံတပုဒ်ထပ်မံရေးရဦးမည် အမိန့်တော်ရှိ၍ မြဝတီမင်းကြီး ရေးသားဆက်သွင်းသော သီချင်းခံကြီး

ဇေယျာရွှေမြေ၊ယဉ်ရေခွေဝန်းလျား ရှုဆန်းပြား၊ သီလာ ခြံရံနေခ၊ စံရာ
ရွှေနန်း ကျူးလွန်ကဲမြင့်၊ အရောင်ဝေ- ထွေတယ်လေဇမ္ဗူ၊ မြေစုမူးမြေညာ၊
ရွှေမေရုဘွေချာ၊သည်မှာနူန်းနွန်း၊ ဖြာလန်းဖြာဝေ–ထောင်အရောင်နေ၊ မှောင်
ခြွေ ရှောင်သွေ လင်းလာထွန်းသို၊ ချီး ဘယ်ကုန်နိုင်ငြား၊ များဆင်ဖြူ ယာဉ်ညင်
နှင့်သာ၊ ကျွန်းဝင်ခ ရှိဦးဖျား၊ သူမတူ ခယစေသား၊ ရေမြေနှံတေဇာအာဏာ၊
ဝေယန်မြင့်အာကာဘွေချာ-ရွှာလာထန်စွာရွှေဗျာဦးထား ဆင်ကာညွတ်တွားနှင့်
စေနှင့်စေ၊ သွေငဲ့နိုင်လျင်စွာ ထန်စွာ - ကြေညာနှံ့ပြည့်လျှမ်း၊ ငယ်များ - သွန်း
မြူးဖျန်းလှောင်းကာ၊ ဒီပါလုံး ဆယ်ကြာညွန့် ဆင်ရာဆင်ပန်း ဘုန်းသိတာဖျန်း
ရွှေပြည်နိုင်ငံချမ်းငြိမ်း၊ ဧးဧး ဆေးဆေး လေးလေး သာယာစီဖြာ၊ ဘုံအမြင့်
မော်စံဘွေသီဟာ၊ တင့်ရောင်ရွှန်း ဝေဝေဆာဆာ၊ ဝတိ˚သာနန်းဆိုရာမှန်းလေ၊
မတူထွေဆန်း သာဝေမော်ဝယ် ဖေါ်အညီလာစီကာ ရွှေဝန်းရံများခ၊ ညာနေ့သူ
ကေသွယ်သည် လေ နေနန်းနွယ်၊ ပီပီညွန်း မူအငွေ့လွှာ၊ ကြေအမြေ့ ကာ
ဘယ်မှာမှ–ငံ့တန်ရာ၊ မြေချာလွန်ဝေးကျူး ဦးစုံကာ၊အံ့ရာခမ်းနား ရှုဆန်းပြား
လေ၊ နိုင်နိုင်ငံ့ဝန်းလျား သူ့တိုင်းကား၊ ပြည်ပြည့်မင်းပန်ရာဘွေလေ၊ မြေမြန်
ချာအောင်မြေကြော့၊ ရောမြ လှံဖြာကူး၊ မင်းဝံတောင်ရင်း မူးတင့်မျိုးထူး၊
နူးငယ်လျဖွယ်၊ တောင်နယ်ရေနှင့်၊ လွှမ်းရန်များတယ် သွယ်သွယ်ကိုလေ၊
သောင်ငွေ မှောင်ခြွေ ရောင်ဝေလင်းထွန်း၊ ပျော်ဖွယ်လွတ်ကျွန်း ပြန့်လေသွဲ့မှာ၊
ညိုလဲ့ငယ် ဖူရောင်ပြာရောင်၊ မယ်မောင်တို့ ချစ်ရေးငယ်မြန်း၊ ကူးသန်းနွဲ
ပျော်ကာ၊ တောင်မန်းငယ်သာ၊ သီလာသွန်းသွန်း၊ ဖြာရွှန်းညာလေ၊ ကန်မင်း
ငယ်မှာ၊ လှံလင်းငယ်သာထွန်း၊ များလွန်း စိမ်းလန်းကြည်၊ ဝတ်ရည်သင်းမူး
မြိုင်မင်းဦး၊ ငုံရွှေမှုံကြွေ၊ ထုံလေညှင်း၊ သာပျံ့မလွှာ၊ သိင်္ဂါလေ ညိုပြာဖူဝါ
ရွှေကြာ့မျိုးလွှမ်းမိုးကာသာ၊ တမ်းမျှော်ရာ ဖေါ်ကွာနှင့်လေး၊ ခေါ်ကာတည့်
ရွှန်းစား၊ ဟသ်ာမည်ပြား မယ်ညိုသား၊ ယင်ဘောင် ပျော်အောင်-ဖေါ်
နှောင်–ခေါ်ယောင် ဧးပင် ကြွေးရင့်ကျူး၊ ဇမ္ဗူမြေမူးလေ၊ မတူထွေထူးလေ၊
တမူကြေနူးဖွယ်၊ မဟာလှေကား ပင်ယံနားလေ၊ ဗျာပါဖြေငြား ပြေနိုင်ပါ
ကွယ်၊ နယ်နန္ဒာကန်သာ ရေလှံဝန်းစိမ်းလဲ့၊ ဖလ်ရှိန်ညို တိမ်မိလ္လာသွယ်၊ ကန်
အောင်ပင်လယ်သာစွ၊ကျယ်တမျှ ပြိုင်ဖက်မတနိုင်၊ လှိုင်လှိုင်လှုပ်ရှာ၊ ရေစာလွန်
ပေါ်ငြား များစုံစီ၊ ခါမှန်ရာသီ သွန်းညီဖြိုးလို မိုးနွေယံရင်း၊ ကြိုးစွေလှံလင်း၊
သာနဲ့ထွေထွေ၊ ရှုလေလေတင့်၊ စံဘွေမှန်ရွှေညာနေကြည်ရှင်း၊ အိုင်မင်းတောင်
သမန်၊မြဟန်လေ နတ်ဌာန်၊မဏ္ဍာကိန်လဲ့လို၊ ဆိုယောင်ထင်တွေးငြား ခုမေးမှား၊

များငယ်အုံနိုင်၊ စဉ်မှိုင်ဖြာဆင့်များတယ်ပွားတယ်၊ သွယ်သွယ်ကိုလေ၊ ယူနေ ပြုစေကြူထွေသင်းသင်း၊ ဆယ်မည်မင်းကျင့်ရာ - ဆင့်ကာ၊ ညီလှငယ်မှန်နေ ဖလ်ဝေ၊ မြန်မြေလုံး ထွတ်ဦးငယ်ထား၊ တိုင်းကား ချမ်းငြိမ်းသာ၊ ရှင်လူကြည်ဖြူ ပြည်သူပေါင်း ကြွယ်ညောင်းဖြိုးဝ၊ လူဟန်များထွေ၊ လေးနွယ်ဝံသာ ဘယ်မှာ ဖွယ်ရာ တွယ်တာငံ့၊ လွယ်ကာပံ့ဖျော်ဖြား၊ ကြင်ကြင်နာနာ၊ ကျူးကျူး ဧးဧး ဆေးဆေး လေးလေး စည်ကာရှည်ကာ၊ ရွှေငွေရတနာသာ သည်မှာစုံစွာ ပုံလာရ၊ ပြောသူမောသူ သယ်ယူလို့ကုန်နိုင်ပါ၊ ဝေယန္တာ၊ မြေမြန်ချာ - နေဖလ်ဝါနိုင်းတန်း၊ ခြယ်ကာ လှယ်ကာ ဖွယ်ရာထူးဆန်း၊နန်းအောင်ချာ၊ စိန်ကြောင်ခြယ်၊ - နီလာသိင်္ဂါ ဇမ္ဗူရောင်မှန်း၊ လျှမ်းတင့်တင့် ပွားဆင့် ၡန်းလန်း၊ မြူထောင်ခြည် မှောင်နည်နှင့်သာ၊ ပျံမည်ခန့် ထွေဆန်း၊ ရာပြည်ထောင် ပြည်ထောင် တိုင်းခန်း နိုင်နိုင်ငံမင်းပန်းက၊ ရှိပန်းမြန်းခိုခါ၊ ဖြူပြာ – မူရာ သူဇာ နူန်းထား၊ ခုတွေးမှား၊ တင့်ဟန်ဖျော်ဖြား ရံရွယ်စေသား၊ မန်းညာ တောင်ပေါ် သုံးရွှေဝန်းခါ၊ မြန်မြေ သပြေသပြေ၊ ငြိမ်းလေမသွေမသွေ၊ မြန် ဘောင်သာထွေ၊ ပြန့်ဘွေညွန့်မှာ၊ ကွန့်လျှံဖြာမိုးဖျား ရေမီးသား၊ ရောင်တော် ထွေပြား၊ ကြူးလွန်ပွားဆင့်၊ ကဲမြင့်လေလေ၊ ၡန်းတင့်ဝေဝေ၊ ရှင်တော်ညာနေ၊ မြတ်ဆံမွေပွင့်၊ များနေပုံဖြိုး မောင်းရွှေ ရေမီး၊ အံ့ရာလွန်ဝှဲချီး၊ ညီးတေဇာ၊ သည်သာ သည်မှာ၊ ကြုံလာကြုံငြား၊ ဘုန်းကိုယ်တော်စား၊ ကြည်ဖွယ်သားနှင့် အလွန်ပင်၊ ရေသော်ဖြင်၊ မှန်ကူမြတ် ဆူဆူပေါင်းလျှံ လူရောင်နွယ်၊ မိုးယံ့ဝယ် ညာဗယ်ဝန်းလျား၊ တေဇာနှံ့ သျှင်စောဖျား၊ နေနူန်းထား ရွှေဘုန်းအား၊ သည်သာ သည်မှာ၊ တည်လာထွန်းငြား၊ မာန်မြူမမှုံ သိင်္ဂါယာမာထင်ရ၊ နိုင်းဖွယ် နူန်းဖွယ် ကိုလေကိုလေး၊ ဝေးလွန်းကျွန်းနိုင်ငံခြား စုံရှိမှုကြာ၊ တင်လှူ ကာများပုံရာ၊ပဏ္ဏာနှင့်လေ၊ ဆယ်ဖြာတည့်ညွတ်ဦးထား၊ ရွှေငွေဆင်မြင်း သည်း ရင်းသော်တာ၊ စံရာရွှေညီလာ–သိဟာ- ဘမရာထား၊ ဖြိုးမြင့်မြင့် - ကိုးဆင့် ဖြန့်ဝန်း-ထီးဆိုင်ဆိုင် ရောင်ပြိုင်နှင့်လေး၊စည်မြိုင်လှ- လင်းထွန်း၊ဘယ်ပြည်ဘယ်တိုင်း ပြိုင်ဆွယ်စံကျွန်း၊ကောင်းညွန်းဆိုကာ၊ရော အဏ္ဏဝါဗိုလ်ပါပေါင်း၊ငြိမ်းမှုသွန်း လောင်း၊ လေရေမြေစောင်း၊ ရဲကျွန်ယုံပေါင်း၊ သူပြုလာစေ၊ နှင်းနေမောင်းသို့၊ တံ့နိုင် အကြွေအကြွေ၊ ရွှေယိုင် အကြွေအကြွေ၊ ခုဖန်ရေရေ၊ လွင့်လေလွင့် လေ့ပင်။ ။ရာရာဝင်မပြူ၊ရှေးကငယ် ကြားဘူးကြုံပေရ၊ ရွှေမြေတိုင်းသူကယ် ယူခွင့်၊သည်မှာ ဘုန်းပန်း ပျော်ခန်းသာထွေယဉ်နေ မှန်လွန်းငြား ကြွေ့ရွှန်း စား၊ ကြည်လှငယ်၊ ရွှေညီရွှေညီ ကောသီလုံးထွတ်ဦးငယ်တင်။ ။

## ၇။ သီချင်းခံကြီး

ဒီပါလေ - အောင်ချာလေ မှန်လှလှ၊ သီတာလေ ခွေကာရံဝန်း၊ ရွှေပြည်လေ ရွှေဘုံလေ သာလှလှ၊ အဆောင်တော်မှာ သိင်္ဂါလျှံလန်း - ပြောင်ပြောင်သာရှန်း ထွန်းပပ၊ မိုးလုံးလျှံဖြာ၊ ပြာပြာသာလင်း ဝင်းမှည့်မှည့်၊ ထူးလည်ရွှေသား အဆောင်ဆောင်များ၊ တွေးမှား တွေးဆိုမှားကြကြ၊ မီးရောင်ခြည်ဝင်းဝင်း လင်းရွှေရောင် ရွှေရောင် ရွှေရောင်လင်းမျှ၊ မင်းဝံရွှေနန်းသာငယ်လေ ဆောင်ဆောင်သာ ဘုံတိုင်း ဆိုင်းဆိုင်းရံကာ၊ ပြိုင်နှုန်းဆိုရေးကင်း၊ မှောင်မျိုးလင်း၊နေ့ နေ နေလ ပေါ်ထွန်းမြူး၊ ထိန်ဝှန်ဝံါ – ရောင်သာမိုးက လျှပ်နွယ်ပြကာပြကာ၊ ညီးညီးဝင်းမှည့် ထွန်းလင်းထိန်ဖြာ၊ ရောင်ရှန်းတောဇာ ကြေညာကျော်ကျူးဆန်း၊ဖလ်ရောင်မှန်ရောင်၊ ရွှေရောင်တည့် စိုရွှန်းရွှန်း၊ စိန်ရောင်ခြယ်သန်း ထူးဆန်း ထွေလာ၊ ခေါင်နန်း ပြောင်ရှန်းဝင်း၊ မှောင်မျိုးလင်း၊ နေ နေ နေလပေါ် ထွန်းမြူး၊ထိန်ဝှန်ဝါ ရောင်သာမိုးက၊အံ့ရာ အံ့ရာ အံ့ရာသာ၊ထိပ်စထိပ်ခေါင်တင်ငယ်ကိုလေး၊ စုံပေါင်းလေ့ယုံသား တင်ထားထိပ်မှာဆင်။ ။

---

## ၈။ ကေတုမတီ တောင်ငူမင်းကြီးဆို - သီချင်းခံကြီး

ဘုန်းမိုးသွန်းလောင်း၊ ရွှာစွေ - ဖန်ဝေ - ချမ်းမြမြထွေထွေ၊ အောင်ချာမြေ ဒီပါကြေညာ တိုင်းမြို့ပြပြည်ရွာ၊ သိမ်းသိမ်း မြန်းမြန်းရံကာ စံရာထူးထွေလာ၊ အာဏာခေါင်ချာ မိုးလိုလိုစေသာ၊ ဝင်းရှန်း ရောင်ဝါ၊ ညီးညီးလင်းလင်း၊ နေရောင်ခြည်မောက်ဖြိုး၊ ဘုန်းတန်းခိုး လှိုင်ပွင့်လင်း၊ ဘယ်ပြည်ဘယ်မင်း၊ပြိုင်သူဆိုင်သူ ရန်သူဝေးကြ၊ ရတယ် ရတယ် ရတယ်နှင့်သာ၊ ထူးဆန်းလှ ထွေထွေပင်သာ၊ ရွှေဘုန်းတောဇာ၊ ခေါင်ချာပိုင်သိမ်းမြန်း၊ ဣန္ဒြာဒေဝါ၊ ဆိုရာတည့် ပုံနှုန်းနှုန်း၊ ပုံနှုန်းနှုန်း၊ ဝေယန်ဘုံခန်း၊ ရွှန်းရရွှန်းပြောင်၊ ထိန်ဖြာနေရောင်၊ အဆောင်ဆောင်၊ ပြောင်ရွှန်းဝင်း ၊တောက်ထွန်းလင်း၊ မွှေးကြူသင်းပျံ့၊ ဘုန်းပန်းတောဇာ အာဏာခေါင်ချာ - ဖြာဖြာမိုးလို့ရတယ် ရတယ်ရတယ်နှင့်သာ့ရှင်။ ။ထိပ်စ ထိပ်ခေါင်တင်ငယ် ကိုလေး၊ ယဉ်ကြေ့ာမှုး ထွေထူးတည့်အံ့ရာပုံ။ ။

---

## ၉။ တချက်လွှတ် - သီချင်းခံကြီး

ဆဒ္ဒန်အိုင်သာ၊ ရွှေကြာညီးလို့လင်း၊ သောင်းတင်းလေ သောင်တင်းလေး သောင်တင်းလေ ငှက်တော်၊ တီတီတွတ်ကယ်နှင့်သာ၊ ချည်ခင်စွတ်ကယ်ဟစ်ကြွေးကာ၊ ရစ်ထွေးကာ၊ မြစ်တွေးမှာ၊ ချစ်ရေးဆာ၊ ရင်တွန်းငှက်ကယ်-ရေပေါ်စံရှင်၊ ဝမ်းဘဲဟသ်ာ ပင်ငယ်ကိုလေး၊ ချစ်ခင်ဟန်နှင့် လည်ချင်းတင်၊

ငှက်လွန်းကြင်ငယ်၊စုံရှင်စုံနှန်း နွဲ့ကြကြ၊ရေပေါ်ဝဲ၊ ခိုလဲချိုးလင်းပြာ၊ ဘုတ်ဝံ ါ နိုလှုဒေါင်းငယ်နှင့်သာ၊ မဲပြာဖေါ်မြူးပြောင်း၊ ရွှေစာ သောင်းသောင်း၊ကျေး ပေါင်းတမာ ခေါက်ရှာတည့် မြူးမေ့း၊ စင်ရော်ကျူးသို့ကြွေး၊ ပိတုန်းထပ်တ ရာ၊ ရွှေကြာထဲက၊ လိပ်ပြာဝတ်မှုံစုတ်ကာနှင့်သာ၊ ကရကတ်ရည်ရွှေ၊ ဖေါ်တွေ့ ကျူးရင့်၊ မြူးစားကူးသွား ပျော်ကာပျံကာ၊ ပြည်စိုး ဇီဝဇိုဝ်း - ငှက်တွေမှာသာ၊ ကြော်ငြာသံပေး ကြွေးသည့်ကမ်းနားမှာ၊ လေပြေလာသောခါ၊ မြူးလာတည့် သုတ်ဖြူးသွင်း၊ ငုပ်ကူးဆင်း၊ ကြာနှင့်ကြိုင်သင်း၊ ငှက်ချင်းပျော်ကြ၊ ကန်တော် မှာသာ၊ ဆဒ္ဒန်ဆင်လဲ တိုင်းသိဘဲ၊ ကြာစွယ်ကိုစား မြူးသွားဖီလာ၊ ရံခါတည့် သောင်းသောင်း၊ ခြွေရံ များလှုတောင်း၊ စွယ်ပေါင်းနိုလွင်၊ ကိုယ်ပြင်ဖွေးလှ၊ ကြော့တယ်-ကော့တယ် မော့တယ်နှင့်သာရှင်။ ။ကြာမျိုးဆန်းလှ-အိုင်နန်းစံ ပျော်ရှင်တယ်ကိုလေး၊ ငှက်တွေမှာလဲ ရေနိုင်ဘဲ၊ ဆဒ္ဒန်အိုင်ထဲပျော်စံဝဲကာရှင်။

---

## ၁၀။ မင်းရဲကျော်စွာ - သီချင်းခံကြီး

ဇမ္ဗူကျွန်းလုံး၊ သိမ်းကျုံးပေါင်းရုံး၊ ဘုမ္မိပတ်ကုံး၊ ရေမြေတောင်တော ဆုံးမျှမျှ၊ ချုံးချချ၊ ကျွန်းကျွန်းတိုင်းခန်း မင်းပေါင်းထီးနန်း၊ နိုင်ငံကျယ်စွာ၊ ထူးထူးဆန်းဆန်း ဝန်းဝန်းလျှားလျှား၊ နီးဝေးအများ၊ ပိုင်သနိုပ်နင်း၊ ကျယ် ဝန်းနိုင်ငံ၊ မင်းစံအောင်ချာ မြတ်စွာ ရွှေဘုံနန်းကကာ၊ ထွန်းပပ၊ ညီးလင်းရောင် မျိုး နေတူရိုး၊သိမ်းမြန်း ပိုင်စိုး အခေါင်မိုး၊စံကာလေဘုန်းတန်း လန်းလန်းဝင်း ရွှန်း၊ မိုး - မျှယဉ်မျိုး ပုံရာမှာရှင်၊ ရောင်ထင် လျှမ်းလျှမ်း မင်းခမ်းမင်းနား၊ စုံစွာလျှပ်သား၊ စိန်ကြောင်နီလာ၊ များစွာနှင့်နှင့်၊ ပွားဆင့်ဆင့်ကိုးပါးမျက်မျိုး ဖိုးကားလွန်ကြူး၊ ခြယ်လှယ်စီကာ၊ ကြိုးနန်းအချွန်း ကွမ်းလောင်း အရွှန်း ထူးဆန်းအမွန်း၊ နေလား လျှပ်လား ထင်မှားချေကာ၊ ရွှေနာရဏီ သိင်္ဂီစံလှော် ဖြိုးမြင့်မြင့်၊ ကဲဆင့်ဆင့်၊ မင်းတို့ဆောင်ငြား အရာများ၊ တိုင်းပစံစား ယဉ်ရာ သား၊ ဖွယ်ရာလေ - ထူးခြားလေ ကြူးကဲရှန်းစား၊ ဆန်းလှုထွေထူး ဘည်မှာ ပုံယင်၊ ရေလျှင်ပျော်ရှင် ကြာတင်နိုးမျှ၊ ဘုန်းလျှံလျှံဖြိုး ယဉ်မျိုးချုပ်တော်မူ သည်ကိုသာ၊ ရှုရာများလှ ဧးချင်းကျူးချင်း နာဖွယ်ချိုသာ၊ ယဉ်လှုလုံခြုံစွာ၊ နတ်ဘုံမှာလိုလဲ၊ သည်တွင် ရွှေဝရွှေပြည်သာ၊ ပြည့်စုံစွာ ဖြစ်လာထွေထူးငယ် ဆန်း။ ။နှစ်များငယ်ဖြင် ပွင့်လင်းငယ်သာထွန်း၊ စည်ပင်ပျော်ရှင်ဖွယ်ရာ၊ ကျွန်းအောင်ချာခန်း၊ ဘုံသာတည့်နန်းတွင်း၊ သင်းသင်းမွှေးလှိုင်ဧးကြိုင်ပန်းကာ၊ နှင်းပန်းလောင်းပန်း ပန်းယွန်းပန်းသွန်း၊ နော်ဇာရွှေဝါမာလာရနံ့၊ မဟာလှေ ကား၊ ရွှေသားပန်းသစ္စာငယ်ကိုလေ၊ ဆတ်သွားဒန်းက အနန်းအနန်း၊ မာလာ မာလာခေါင်ရမ်းနှင့် ဇီဇဝါနှင်းဆီသာ မဉ္ဇူဒန်း၊ ရေကန်နန်း ဥယျာဉ် ငယ်မှာ၊

နန်းစဉ်သာ ယဉ်ကျေးဆန်း။ ။နုပင်နုလှ ဆင်းသွယ်သား၊ ရွှေသားပွင့် နီဝါ၊ သူဇာစန္ဒာမည်သာနှင့် လျော်ကုံးသီ ပျော်ပါး ပျိုတော်ရွှေများ ရံခါထံပါး၊ ဦးထားရှိရည်၊ သာကြည်တည့်ထပ်လောင်း၊ ပုံလာများဆုတောင်း၊ ထောင်သောင်းသချာ တိုးကာမိုးလှ၊ နုဖွယ်ချိုသာဖြစ်ပေရလေ၊ထူးထူး ထွေထွေ ရွှေငွေများလှ၊ တိုးပွားဝန်းလျားအင်္ဂါစုံစွာ၊ ဆောင်ကြ ဆက်သွင်း၊ ဆင်မြင်း ရတနာ၊ ကညာဆယ်ပါး ထွားထွားဖြူဝင်း၊ စံဆောင်ဘုံမှာ ခြွေရွှေရံကာ၊ ဒေဝီသူဇာ မှူရာက ပြစ်မျိုးရှင်း၊ တောက်ထွန်းလင်း၊ နတ်နွယ်ပုံခင်း၊ မယွင်းတူမျှ၊ မှူရာ ကလျာတင် ဆင်ယင်သည်နှင့်သာ၊ ပျော်ရွှင်စံစား တရားနှင့်ညီ၊ယှဉ်မှီတည့်ဖက် ကင်း ဘုန်းအင်သာကြီးလှသည့်မင်း၊ပုံခင်းနှိုင်းရာ စကြာမင်းသို့ သက်တော်ရှည် သည် မြင့်သည် မြတ်သည်ပင်။ ။တိုင်းခွင်မြလို၊ ရွှန်းလှနုပျို ပျိုငယ်ကိုလေး၊ ပျော်ရွှင်စံစား ရေစာများ၊ ဘုန်းလိုင်ပွင့်ဖြား မြိုင်မြိုင်သာစည်ပင်။ ။

## ၁၁။ ကေတုမတီ တောင်ငူမင်းကြီးဆို - သီချင်းခံကြီး

ကျွန်းလုံး သိမ်းကျုံး စံစံ ပယ်ပယ် များပင် များလှသွယ်၊ ရည်ခရာကို သည်မှာ ပုံလှာ ရွှမ်း၊ မြေ့မြေ့စုံစွာ၊ ဆန်းဆန်းထူးထူး၊ ထွေထွေ လာလာ၊ နန်းအောင်ချာမှာလေ၊ ဘုံသာဆောင်မှာ၊ ပျောင်းနုနု-ယဉ်ရာ၊ ရွှန်းရွှန်း ကိုယ်ဝါ၊ ဝိုးဝိုးဝင်းဝင်း၊ ယဉ်ရာယဉ်ဆုံး၊နန်းလှိုင်-ပွင့်လင်း၊ ဖြူပြာရောင်ချင်း၊ ထွေထွေပင်သာ၊ မူရာပျောင်းပျ၊ နုတယ် နုတယ် နုတယ်နှင့်သာ၊ များတောင်း ပေါင်းစု၊ သိန်းသောင်းထောင်ရာ၊ ရွှေနန်းသာခေါင်၊ ဆောင်ဆောင်ရာ ခြား နား၊ ဒေဝီစန္ဒာသူဇာနှင့် တူယိုးမှား၊ တူယိုးမှားရံခါထွေပြား၊ ထူးခြားဂုဏ်အင်၊ ယဉ်ပင်-ယဉ်မျိုးကြူး၊ ထွေဆန်းထူး၊ ရွှင်ပျော်မြူးကြ၊ ဝန်းလျားထံတော် - သာ ကြည်ထွေငေါ်၊ မြင်မြော်နှိုင်းရှိ၊ ထွက်ပြူလှတယ်လှတယ်နှင့်သာ၊ ရဲရဲ - ထွန်းပ၊ ရွှန်း ရွှန်းဝေဆာ၊ယဉ်ရွှေဖြူပြာ စန္ဒာရောင်ဝင်းထွန်း၊သိင်္ဂါဇမ္ဗော်၊ ရွှေလှော်တည့် ပုံနှန်း သွန်းဖြိုးဖြိုး၊ ရွှင်လန်း ဘုန်းတန်းနေဝါ၊ ပြောင်ရွှန်းဝင်း မှောင်ဝေးရှင်း၊ စမ္ဗာယ်ရေးခွင့်၊ တိုင်းကျေးပြည်ရွာ၊ ရွှေဉာဏ်ပညာ၊ ဗျူဟာဩဇ၊ အုံ့ရာ - အုံ့ရာ စုတယ်နှင့်သာရှင်။ ။မြန်မြန်းထွတ်ချာ တင်ငယ်မှာလေး၊ နှုန်းရာ ယှဉ်ဝေး နှုယဉ်ကျေးတယ်ရှင်။ ။

## ၁၂။ မြင်းခင်းတော်ဘွဲ့ - သီချင်းခံကြီး

နှင်းတမြူးမြူး - ညှင်းလေ ဆော်ဖြူး၊ ဟေမန်သာမော - ကျူးရင့်ရင့်၊ ရွှန်းစို - ခွါညိုပွင့် - ဖူးစီစီ၊ မွှေးဂမုန်းပန်း၊ သင်းကြိုင်ကျော်လန်း၊ ရွှေသဇင်ထူး ဆန်းလှလှ၊ ကောင်းအောင် - တောင်ငူနှင့်ရှမ်းပြည်ရွာ၊ ထုံးမယွင်းမှား ဆိုင်ပိုင် ဆောင်သား၊ ထံတော်ရွှေဖွား၊ ညွတ်တွားဆက်လာ၊ ယဉ်ကျေးနွှံမွှေး၊ မြတ်ဆင်

ရာ၊ အောင်ချာရွှေနန်း၊ မြန်းပျော်မြန်းပျော် - ရှင်ဧကြည်၊ ရာသီခါမည် သာ သည်တည့် မြင်းခင်းပွဲ ဖြိုးဖြိုးကဲ၊ ဗိုလ်ပါသူရဲ၊ ခေါ်ဘိဏီအောင်၊ ခြွေရွှေရံဆောင်၊ ပေါက် - ပြောင် အရောင်စွယ်ချင်း၊ ဦးမော်စီခင်း၊ ရန်အခေါင်နင်း၊ ရဲချင်းအာန် ဆို ချပ်သန်းမိန်ညို၊ မောက်တိုင်းဖွင့်၊ ဒိုင်းလွှား ရှင်ရှင်၊ ထူးခြား သွင်ပြင်၊ လုံပျံ့လုံလျှင် စက်ဝင်စွဲစိမ့်၊ လွင့်ကာလွတ်ကာခန့်ရှယ်အံ့ဖွယ်၊ လေးမြှားမီးပွင့်၊ မူးပေါင်းမတ်ပေါင်းဆင်ယင်စုံစီ၊ ပြည်ကြီးရွှေနန်းမင်းဌာနီ၊ ပီပီရှင်ပြုံး၊ ထုံးမှန် စဉ်ရှေးလာ ဣန္ဒာဒေဝါ သာယာဆု ကောင်းခြိမ့်နှန်း၊ သောင်းကျွန်းခန်း၊ ရွှေဘုံ ရွှေနန်း မန္တလေးတောင်၊ ညာမြေရန်အောင်၊ ဘုန်း - ရောင် တထောင်ခြည်ဝင်း၊ နတ်ရှင်နွယ်ရင်း၊ နေဘုရင်မင်း၊ ထွန်းလင်းစိုးစံရာ ပြည်ကျွန်ခံ သက်နှံဦးချ၊ သည်မှာစည်ကာ ပြည်ရွာသာယာ၊ အာကာဖြိုးမျှ၊ မြတ်ရွှေမြတ်ငွေ့ - မိုးစွေ တော့မည်ပင်။ ။ရွှေဘုန်း ဘုန်းမျှား ရှင်ပေကိုလေး၊ သက်ရာပေါင်း ရှည် ကြောင်းတည့် ဆုပန်ဆင်။ ။

---

## ၁၃။ ဦးအောင်ဒိုးဆို - သီချင်းခံကြီး

တောဟေဝန်တောင်၊ သာခေါင်-သာခေါင်ကျူးလို့ လေပန်းမျိုးတည့် ထူးထွေ၊ ရည်တိုင်းတဲ့ အံ့ဖွယ်သာ၊ နီရွှေဝါစိမ်းလန်းဖူးရင့်၊ ပန်းသွန်းအနံ့ သ ဇင်နှင့်သာ၊ ဆတ်သွားဒန်း၊ လေလေလေမြန်းလေမြန်းသွေးလျှင်ဧလျှင်၊ ကြိုင် မွှေးပျံ့ရှား၊ ပင်မြင့်ပန်းစကား၊ မွှေးကြူကြူသင်းပျံ့ပျံ့စွာ၊ အထွေလာ ဝေဝေ ဆာ၊ မဉ္ဇူဇလတ္တာ နော်ဇာရွှေဝါ၊ မာလာသိင်္ဂါ ရွှန်းတင့်တင့်လေ၊ နှင်းနှင့် မိုးစွေ၊ သင်းခွေတည့် ပန်းရင့်မာ၊ ဗျာပါယူပန်း ထွေထွေဆန်း၊ နှင်းဆီနွယ်ဒန်း ဝေဝေလန်း၊ မိုးစွေခေါင်ရန်း၊ ရွှေနွယ်ပန်း၊ မွှေးမြတ်စွာနံ့ သာပင်မြင့်၊ နန်း နန်းငယ်မှာ၊ တူကာယှဉ်ကာ-တွဲတယ်နွဲ့တယ်၊ ကိန္နရီဖိုမ ရှင်ကြ အကြူးသား၊ ပတ် ကုံးငယ်ညို၊ တောလုံးငယ်သာမှိုင်း၊ ပင်ပင် ပင်တိုင်း ပင်တိုင်းစဉ်ကာ ယှဉ်ကာ၊ စိမ်းရင့်ရွှေကြာ ထွေထွေလာလာ၊ ဖြိုးလို့သာ ထူးထူး၊ ငှက်ပေါင်းငယ် ဂကြာ် ငြာသာဧရင့်ကျူး၊ ခေါ်ထူးလေ ပျော်မြူးလေ၊ ကျော်ကျူးလေ - ကျော်ကျူး လေ၊ ပျော်မြူးလေ ခေါ်ထူးလေ ကျူးကာသန်းလို့လေ၊ လှမ်းဖွယ်စေပင် မြင် တိုင်းထက် အံ့ဖွယ်ကို၊ လေချိုချိုဖြန်းလို့ တောပန်းနံ့ပေါင်း၊ ကြိုင်စွာတည့် လှိုင်လှိုင်၊ အင်ကြင်းစုံစွာ ငုံဝါ၊ နှင်းနှင့်သစွာ၊ ထွေထွေလာလာ၊ ဖြိုးသာလို့ လျှောင်းလျှောင်း၊ ပန်း ပန်း ပန်းထိမ်ငို၊ ဆိုဖွယ်သား မျှားလှတောင်း၊ ကြိုင် တောင်း လှိုင်တောင်းလေ၊ မြိုင်စောင်းသာထွန်းလေ၊ မြူးရွှန်းဝေးလေ ညွတ်ရာ မွှေးပျံ့အကြူး၊ ချယားကြိုင်လူ၊ မဉ္ဇူတည့်ပန်းရင်းမာ၊ ပြာပြာသာ စိမ်းလန်း၊ ဖူးရင့်ပန်းတခိုင်လုံး၊ ယိုင်ကာတည့်ညွတ်ရုံး၊ တိမ်လုံးပြည့် လျှပ်ခြည်သွယ်၊ မိုး

လုံးပြို့မည်နွယ်ကိုလေး၊ လွမ်းဖွယ်သာဟောဝန် တောင်ကသာမှိုင်း၊ မှိုင်းမှိုင်းဝါ တယ်၊ ညကို - မြလို ကျယိုလို့သာ၊ ရေပေါက်ပုလဲ၊ စိုလို့ - တဖွဲဖွဲ၊ လေချိုဆော် ဖျန်း တောပန်းမွှေးလှ၊ ကြင်သူဝေး ပူဆွေးဘို့သာ၊ မို့မို့ မှိုင်းမှိုင်း၊ သုံးထောင် သာလှ၊ တောတောတောငယ်မှာ၊ စုံကာ - ငုံကာ ပုံရာစုပေါင်း၊ မြူးဟီသံညောင်း အလွန်ပျောင်း၊ ဇာမရီဒေါင်း - တိုးအောင်းဆင်မှာ၊ ရံခါတည့် သောင်းသောင်း၊ ခြွေရံများလှ၊ ရှုံးပေါင်းရှုံးပေါင်း၊ ထွက်စံကာဖိုမသံသား၊ ကြော်ငြာကြွေးလို့၊ တွဲ့တယ် နွဲ့တယ်နှင့်သာ၊ ဆန်းဆန်းငယ်လေ၊ ဆန်းဆန်း တိုးဆင့် ပန်းမျိုး၊ ပန်းမျိုးစုံစွာစုံစွာ- ပင်တိုင်းပင်တိုင်း ဝေဝေဆာဆာ၊ ထွေလှာ ရင့်ရှုကျူးလို့၊ သာမျိုးစုံပုံ၊ ရဂုံဂနိုင်၊ ကြိုင်ကြိုင်တည့် မွှေးမျိုးဆန်း မွှေးမျိုးဆန်း၊ နှင်းဆီ ခေါင်ရန်း၊ နတ်ပန်းသကမဥ္ဇူ ရွှေပင် ကြာတောနှင့်စည်ပင်၊ မဏ္ဍာအိုင်နန်း၊ ထူးဆန်းထွေထွေ၊ ရေသော်တည့် ပုံယင်၊ ကုန်စင်များလှ၊ ကူးသန်း ကူးသန်း ပျော်ကာပျံကာ၊ ဖိုမသံသာ ကြော်ငြာကြွေးလို့၊ ချစ်ဖွယ် ချစ်ဖွယ်သာရှင်၊ သုံးထောင်တောမှာ တိမ်ကြောနှင့် မြူမင်းလွှင်ငယ်ကိုလေး၊ မှိုင်းရီဝေလဲ၊ ဖြေ နိုင်ဘဲ၊ သက်တင်ရောင်ခဲ၊ တိမ်ညိုမဲမှာဆင်။ ။

---

## ၁၄။ သီချင်းခံကြီး (၂-ပုဒ်)

(က) ဘုန်းထူးဝေဆာ၊ တောင်ညာ တောင်ညာ၊ ကျွန်းမှာတည့်လေး၊ ထွန်း လင်းလျှံဝါ၊ အောင်ချာမင်းဝံပြည်၊ သံသံဝါကျူးရင့်ဧး၊ ဘုန်းတန်းပန်း ဘုန်းရှင်တော်တည့် တော်ရေညွှန်း။ ။ရွှေခွန်း ဟာတယ် ပြတယ် ရွှေဝ ကြင့်နှန်း၊ ဆင်ရာရွှက်ဦးဝန်းမြင်းမိုရ်ချာ၊ ဖူးညွှန့်၊ ညွှန့်နွယ်၊ ရေကြည် သီတာ၊ ခုနစ်ခွေသာ၊ တောင်စဉ်ရံကာ၊ ဝန်းလို့လို့ပင်၊ မှိုင်းမှိုင်းညိုဆင်၊ မြင်တိုင်း မြင်တိုင်း၊ မြရောင်ခြည်၊ ပန်းလောင် ခွေသွင်း စမုန်ဆင်း၊ မင်းဝံတောင်ရင်း ရောခင်း၊ စိမ်းကြည်လင်ရင်း ယင်ဘောင်ချင်း၊ပေါင်း ရွှက်ခဆုံကြ၊ ကျွန်းထိပ်ဦးငယ်မှာ၊ စီးဝင်နှုန်းအင်၊ မြရည်ကျသည် တောင် ကျွဲနဖါး၊ လိုဏ်ကအောက်လျှိုသွား၊ ခပ်သိမ်းငယ်လူ သောက် ချိုးငြား၊ မော်ယွန်းဘွေသီခေါင်ချာ၊ ထွန်းလို့ ဝင်းဝင်းဝါ၊ ကိုးဖြာ ရောင်ခြည်၊ ဝန်းလည်တည့် ညီးညီး၊ မြနန်းဘုံသာရောင်ဖြာ၊ သာထွန်း လို့လင်း၊ စံခင်းလေး လျှံလှုင်းလေး ဖြူဝန်းလေး လျှံထွန်းလေး၊ မော် ကွန်းပေ၊ ပွင့်လင်း ရောင်ခြည်ဖြိုးဖြိုး၊ ပိုင်ပိုင်လှိုင်လှိုင်မွှေး ကြူကြူ မဥ္ဇူ၊ ငုံဖူးသိုသို၊ သုံးရွှေရံများတင်ကာ၊ စေခမ်းနား၊ ခေါင်ဖျားထွတ်ချာဇာ၊ ရွှေးမင်းစကြာပင်လဲ၊ နှုန်းစပ်ကာဖူးရ ဖူးသာပင်၊ ထုံးစံညွှန်ရန်မျှ သာစုမှာ၊ မြင်ရမှတ်စွဲ ရွှေနန်းထဲ၊ ဘုန်းတော် ပ သည်၊ ရာမင်းထွတ်ဦး

ကိုင်၊ မြင့်ဖြိုးဖြိုးညွန်း ဝေယန်နွန်းနွန်းငယ်မှု၊ စိန်သစီမြွာ၊ လျှံဖြာထွန်းလင်း၊ နွန်းစံရာခင်း ဝေယန်မင်း၊ ပုံမသွေယွန်း ကိုးပါးမျက်ရှင်၊ ရောင်ရောင်ထင် မှောင်စင်ပ ညီးမျှလင်း၊ ဘုန်းညွန့် ဘုန်းခေါင်ချာ၊ တိမ်ပြာထဲက - သက်လှာပေါ်လာ၊ နောက်လာ ရောက်လာသောနှယ်၊ လျှံမျှလျှံဖြိုးမျှ၊ ဘုန်းမိုး ဘုန်းတေဇ တေဇာ - တောင်ကျွန်းခွင်လုံး၊ တမ္ဗဒီပါ ကြေညာရန်ဦးမျိုး၊ သာယာလျှိုးနှိပ်၊ ရွှေပြည်လုံးတည် စည်ပင်၊ သာရှင်တည့်ဧးဧးငြိမ်း၊ ဧးဧးငြိမ်းစံကာ ပျော်ရေး ခြားခြား၊ မင်းပွဲစုံလင် သံညောင်း၊ ရှင်ရှင်တည့်သာဘွင်၊ ၊စောင်း ညှင်းတေးတျာ ညီတညာတည့်၊ ပေါင်းစီးယှက်ကာ၊ စဉ်ကာယှဉ်ကာ၊ယဉ်ရာ ထူးဆန်း၊ ကြိုင်တဲ့ ဧးဝယ်သာ၊ ယဉ်ရာရွှေးလို့၊ ထောက်သည် - ကောက်သည် လျှောက်သည်နှချိုချို၊ မြင်းမိုရ်ထိပ်ဝယ်၊ သူ့ပြည်ကြီး နှယ်ငယ်ကိုလေး၊ ဘုန်းတော်ရောင် ဧးပျံ့ကြူမွှေး၊ ရန်မပူရေး - လင်းမြူမှေးလို့စင်။ ။

( ခ ) ဇမ္ဗူမြန်ချာလေ ထွန်းပပ၊ သောင်းဝန်းလည် ယူသိမ်းယူသိမ်း ချုပ်တော်မူ၊ လိုင်ကြူမွှေးပျံ့ပျံ့၊ ထူးထွေလည်၊ ပြည်ပြည်တည့် နတ်များမင်းစံခင်း၊ နတ်နှယ်ပ၊ သည်ရွှေဝ - မြနန်းသာ၊ လှထွတ်စိုးမြန်း၊ မိုးယံဦးငယ်ကသာ၊ ထိန်ဖြာလျှံဝါ၊ နေခြည်သော်တာ၊ ရံသည်ပေါ်လာ၊ထွန်းလိုလိုပင်၊ ကျွန်းလုံးဝေဆာ၊ ဝါဝင်းလျှပ်ခြည်ရောင်၊ ဘုန်းဝေကျော်ခြား၊ ပြိုင်သူရှား စိုးနေစံစား ယဉ်ရာသား၊ထူးထွေရာထား ခေါင်ဘွေဖျား၊နန်းဂိမာန်ဘုံမြင့်စွန်းငယ်၊ နွန်းရာနွှင်းရာ မျှသည် မျှသည်၊ နေလအလား၊ မာဃနတ်ယိုးမှား၊ ထက်ဘုံလျှံ တောက်ထွန်းဝင်း၊ စံခင်းအောင်ချာဗွေလည်၊ ထူးဆန်းထူးသည်၊ နန်းသာရွှေပြည် ဝန်းတည်သိမ်းမြန်း၊ ရှန်းရှန်းသော်တာ၊ ပေါ်လာလင့်စင်ထွန်း၊ ရောင်ရှန်းလေးပြောင်ရှန်းလေးမှောင်ရှန်းလေး၊ ရာစင်းလေးစံခင်းလေး၊ထံရင်းဦးညွှတ်ခွေခါ၊မင်းခမ်းစုံစွာရွှေ၊သားများခြသေ့ရောင်၊ဆောင်ယောင်ညီးငယ်မျှ မင်းခမ်းစုံစွာ၊ရံခါတည့်ကျင်းထား၊ ခေါင်ညွှတ်ဖူးမှာ၊ဆောင်းရိပ်မြူငယ် မှာလဲ၊ ဝန်းယှက်ခါလိုင်ပွင့်လန်းသည်လေ၊ ထွန်းလျှံဝင်းလျှံ၊ ပသည် လနှယ်၊ သာလှရိပ်ဝဲ၊ ဘုံမြင့်မြတ်နန်းထဲ၊ မြန်ခွင်လေဥကင်တော်ပွဲမှာ၊ စဉ်ကာ ယှဉ်ကာ ယဉ်ရာ တင့်တယ်၊ သွယ်သွယ်ထွေပြား ထူးထွေရာခြား၊ မင်္ဂလာသာခမ်းနားအင်္ဂါ စုံစွာတည့်ထူးဆန်း၊ ရှင်လူးလန်းလို၊ဘုန်းပန်းဖြာဖြာ၊ ဝေဝေဆာဆာ၊ စဉ်လာတိုးဆင့်၊ သက်တော်ရာကျော်၊ ထွန်းပေါ်တင့်အောင်၊ ရှန်းရှန်းတိုးဆင့်၊ ဘုန်းမိုးဘုန်းမိုး၊ သီတာသီတာ၊ ပြည်လုံး ရှင်ပြုံးစည်ပင်သာယာ၊ ယာမာတုန္နန်း၊ ထွန်းလျှံသာ မျိုးစုံ ရွှေဘုံပြောင်ပြောင်၊ ဆောင်ဆောင်တည့် ထူးထူးဆန်း၊ စံရာရွှေ

နန်းထူးဆန်းပင်သာ၊ ကျွန်းကျွန်းတိုင်းခန်း ဘုန်းရောင်ခြည်မွန်း၊ ပြည်
တရာနန်း၊ သိမ်းမြန်းပိုင်ပိုင်၊ နိုင်ငံတည့်ကျယ်စွာ၊ သာယာထွန်းပ၊ ညီး
လင်းပြောင်ပြောင်၊ မြေချာကုန်အောင်၊ ပြည်ထောင်မင်းက၊ စကြာ
ရွက်ပန် ဆက်နှံစုလာပုံ။ ။သုံးဘုံရပ်ကယ်မှာ၊ လူနတ်တို့မှီခိုရာ ငယ်ကို
လေး၊ နောင်လာမဝေး ပွဲကျူမြွေး၊ သစ္စာတော်နွေး ပွင့်မည့်ရေး
ပင်မှန်။ ။

(သီချင်းခံကြီး ၂-ပုဒ် ပြီး၏။)

---

## ၁၅။ ထူးမခြားနားသို့လိုက်သောအမရပူရမြို့တော်ချီး-သီချင်းခံ

ဇောင်းကလေးအင်း၊ စိမ်းရေကြည်ဆင်း၊ ကြာစုံကြိုင်လန်း သင်းလို့
လို့ ဝင်းဝါ ဟင်းသာငှက် ပုံပျော်လို့။ ။များမဝေးဘူး၊ ချမ်းသီတာမြူး၊
တောင်သမန်ကမ်း၊ ဦးညွတ်ကြို ထူးသာ၊ လယ်တာတည့် စိမ်းစိုစို။ ။မျိုး
နတ်သားမင်း၊ ထွန်းတေဇာလိုရာရွယ်ရင်း၊ သွားခြင်းတင့်စွာ၊ မည်မှန်း သောင်
ကမ်းမြစ်ရော၊ ရံခါစီခင်း၊ အင်းကြာရေဇေးစီ။ ။မြို့ပြင်ပြီးဆိုင်ပြို လှိုင်ညီတည့်
တက်သေးအင်း များကောင်းခြင်း၊ ပယ်နယ်ကျယ်ဝင်း၊ အောင်ပင်လယ်ကန်၊
ခြယ်မြောင်စီမံ၊ ဝန်း-ရံ-နှိုင်းရန်စံသား၊ နတ်ရွှေဘုံများ၊ တာဝတိံလား
ယိုးမှားအံ့ရာ၊ ရွှေပြည်ကြီးအောင်ချာ၊ သာယာပြောဝ၊ ချမ်းဧး ချမ်းဧး၊ ကြည်
လင် ကြည်လင်၊ မှောင်ဆင်၊ ရောင်ထင်၊ အောင်မြင်၊ ပြီးခွင့်၊ သင့်ရာတင့်စွာ၊
ဆင့်ကာမြင့်ကာ၊ ကျုံး မြောင်း နန်း မြို့ ကြီးမားဝန်းလျား၊ ဖွယ်ရာ ကျယ်စွာ၊
မော်ယွန်း မော်ကွန်း-ပြဿါရာ၊ အောင်ချာမှန်ကင်း မင်းစံရွှေနန်းတည်၊ ဇာနည်
တိမ်ပေါ်-ဘိုးတော်မြတ် စိုးမြန်းဦး၊ ဘုန်းတန်းမြူး၊ ရွှေကိုယ်ရွယ်လူး၊ ဆက်စံ
ရွှေတောင်၊ မင်းမင်းအခေါင်၊ ထွန်း-ပြောင် အရောင်ထိန်ဝင်း၊ နန်းရွှေဘုံတွင်း၊
သဉ္ဇာလီခင်း၊ ရွယ်လင်းဦးကင်၊ ရာဇာပလ္လင်၊ စံရှင်ချမ်းမြေ့၊ ငြိမ်းဧးသာကြည်၊
ငြိမ်းဧးသာကြည်၊ ရာပြည် ရာပြည် ရာပြည်ဦးချ၊ မြတ်မှန် မြတ်ကြန်၊ ဆဒ္ဒန်ရ
ပိုင်ပိုင်။ ။ဖြူးမိုးဖြန့်ရှစ်ဆူပိုင်သည်ကိုလေး၊ ပျော်စံစား သိကြားနှင့် နတ်ရည်
ပြိုင်။ ။

---

## ၁၆။ ဘုန်းဘွဲ့-သီချင်းခံကြီး

ဘုန်းပန်းပရမေ အောင်မြေ-မှောင်ခြွေ၊ ရောင်ဝေဝင်းလင်း ပွင့်ထိန်၊
မြမန်းဂီရိန် ဝတိံ ညွန့်နွှးဖွယ်သာ၊ ဝေယန်သီလာ သွန်းသွန်းမိုးမျ၊ ကိုးသွယ်
လှံ့လန်းဇမ္ဗူသိင်္ဂါ၊ထိန်ဝါကွန့် ညီညီလျှမ်း၊ မှန်နန်းမြင့်လွန် တင့်မွန်ရာ များကြ

ငှန်း၊ နေလမျှဘုန်းတန်း၊ ထီးဆူဆူ ဦးညွှတ်ခရာ၊ တောင်ရေရံကာ၊ ယမုန်သီတာ၊
သလ္လာရော ဝန်းလိုလို့လေ၊ သိုက်ညွန်းဇေယျုံ မြေခံပြန့် နက်သန်ဘော့၊ မင်းဝံ့ခွေ
ဆန်းမြင်တင်တန်း ကြက်ကယ်ငွေနန်း တောင်ရွှေမန်း၊ မြရောင်ခြည်လျှမ်း
စိမ်းညိုလန်း၊ သောင်းလကျော ရွှေမြေတမွကျွန်းငယ်မှာ၊ စကြာ ဆက်ကာ ဆိုက်
မည်နှင့်သာ၊ ပိုင်သမြေမိုး ရာမင်းဦးညွှတ်လျှိုး၊ ညွန့်သားငယ်စည်၊ပွင့်လင်းငယ်
လေစိုး၊ ပုံမျိုးရှဇာမာတင် ဖွေးလှဖြူစင်၊ နှုန်းရ ငွေသွင်၊ ဟောဝန်စုံခွင်၊ နတ်ရှင်
တည့် နတ်မူး၊ ဆက်နှင်းငယ်ဖန်လာ၊ ထံတော်သာများတင့်ကျူး၊ ငုံဖူးလေထုံ
မြူးလေ ဘုံဦးဘော့ စံမြန်းကာ၊ လျှံလန်းဖြာ၊ မြနန်းညာ၊ကိုးမျက်ပွင့်ခြေ၊ နဝရတ်
ရောင်ရွှေ၊ ရဝေညွန့် စိန်ကြာခြူး၊ မဥ္ဇူလေသင်းသင်း၊ သုံးရံရွှေပေါင်း၊ဆယ်
ကြာတည့် ညွှတ်ပျောင်း၊ သံညောင်းကျူးသာလျှင်၊ ညှင်းညှင်းနတ် ပဥ္စင်ငယ်ကို
လေ၊ ထက်ခွင်သာတိမ်စည်၊ မေရုနန်းငယ်မှာ၊မိုးယံတာရာခသည်နှင့်သာ၊ ငွေလ
ယုန်စန်း၊ မြင်တိုင်းတွေးကြမှန်း၊ ဆောင်ဆောင်ရံသန်း၊ စံမြန်းဖက်မဲ့ နတ်ထံ
လားငယ်လေ၊ ထင်မှား အံ့ဘွယ်သာ တင့်တင့်ဆန်းဆန်း၊ မန်းရွှေမြေပြန့် ခင်း
ငယ်မှာ နန္ဒာ ကန်သာ လျှံဖြာပြည့်လင်း စိမ်းကြည်ကြည်ရှင်း သည်ရေကင်း၊ ဝေ
ဆာလေ - ရွှေကြာပင်မင်း၊ သင်းသင်းမွှေးလှိုင်၊ဧကြိုင်ပျံ့ လှောင်းလှောင်း၊ ဖေါ
စုံကြွေးရင့် ချစ်ရေးနွဲ့ပျောင်း၊ ငှက်ကျေး သောင်းသောင်း၊ ပျံ့ဝဲလူးလာသံသာ
ညောင်းလို့၊ သိုက်မြုံပင်မှာ ကူးကာနှင့်သာ၊ညှင်းညှင်းသွေးလိုလို၊ကျူးဧး ကျူး
ဧး ပျူငှာ မူရာ၊ ကန်မင်း ကန်မင်း အောင်ပင်လယ်မှာ၊ သာယာရင့်ဖြိုး ရေပေါ်
ကြာမျိုးငယ်စုံ ဝတ်ရည်ထုံမှုံ၊ ရဂုံက စိမ်းစိမ်းလန်း၊ သိင်္ဂါရွှေနန်း စံမြန်းဘော့မြင့်၊
စီဖြာ ရောင်မွန်ပန်းပုံ၊ နေရံတည့်နှုန်းရန်လွန်၊ တောင်တွင်တောင်မင်း ညီလင်း
ရောင်ဝှန်၊ သိုက်ညွန်တည့်မဝေး ရွှေဗျာခွန်းရင့်လေး၊ ပျံ့မွှေးသာနာရောင် ဝါဖြိုး
မြင့်၊ ဗိမာန်ဣန္ဒာ နတ်မှာနတ်နှယ်စေ။ ။စည်ထွန်းညွန့် ခပ်ဝေငယ်ကိုလေး၊
တက်နေရောင်မြူး ရွှေဘုံဦး၊ သက်တော်ရာကျူး စံဖြန့်ဖြူးသည်ပင်၊ ။

**မှတ်ချက်။** ။ဤငင်းသီချင်းခံသည် ၁၂၂၀-ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ ပြင်စည်မင်းသား ရေးသည်ဟုဆို၏။

---

## ၁၇။ မင်းခမ်းတော်ဘွဲ့ သီချင်းခံကြီး

မင်းခမ်းတော်စုံ၊ ရွှေဘုံ ရွှေဘုံ ရွှေဘုံ နန်းမလေး ၊ ခေါင်ထွတ်စကြာစံရာ
မြင့် ပလ္လင်ဘော့၊ သာသာတွေ့ ဆန်းလှလှ၊မြပြာသာဒ်နန်း၊ ဘုံပုံပလ္လင်ဥကင်ဝမှာ၊
သီဟာသ မောက်ဖြိုးလျှမ်း၊ လျှံသန်းခတယ်သတယ်၊ နာဂဘီလူး ဆင်လှစွယ်ဖြူး
ဖြူး၊ မြူးဂဠုန်ဝဲကွန့်လို့ဖြာ၊ ရွှေကိန္နရာ- ဒေဝိန္ဒာ၊ ကေသရာဇာ ဝေအလျှံဖြာ၊
ဒေါင်းငယ်သံသာ ကျူးရင့်ရင့်ကာ၊ နန်းမမြတ်စွာ ဆောင်ညာတည့် ဇေတာဝန်၊

သာလွန်ပြောင်း၍ စံရာထဲ၊ မျက်ရှင်ပုလဲ ရောင်လျှံစွဲ၊ နန်း ဆောင် ဆောင်ထဲ သဘင်ပွဲ၊ ဖြတိုက်တော် သာပျော်စိုးနှူန်းငယ်မှာ၊ ရှုဖွယ် တင့်တယ် လှတယ် ပတယ်၊ ဂဇာသန ရာ ချ ရွှေစကား၊ ပေါက်သားလို့ပြောင် ဆောင် လုံး ငယ် သာလင်း၊ ထိန်ဝင်းသိင်္ဂါလျှံဖြာ၊ ချမ်းမြေ့ရိပ်ကြာ၊ ပရိတ်တော်နာ၊ ဘုံသာတည့် ဆောင်ထဲ၊ ပွဲတက်ဆောင်ငယ်မှာ၊ ငွေသဥ်ခါ ဖူးညွှတ်ရတန်း၊ ဖလ်နန်းလေ လျှံသန်းလေ ရှင်လန်းနေဘ်၊ ဖလ်နန်းလေ လျှံသန်းလေ၊ မှန် နန်း တော် ထဲ က စေသာ၊ ကရဝိက်တွန်ကြာ ဘမရာတည့်၊ ကျူးသံချော၊ ပြာဝါရွှေဆန်းလှလှ၊ မြောက်စမုတ်နန်း၊ လျှံဝါတည့် ထူးဆန်း၊ စံခန်းဘုံပုံပလ္လင်၊ ဖူးမြင့်ရွက်ကျင် ယဉ်တယ်ကိုလေ၊ ဘုန်းထွတ်တင် သခင်စံသည့်နန်းငယ်မှာ၊ သူဇာစန္ဒာ သိင်္ဂါ ညွန့်လန်း၊ ဖူးဝေကြာပန်း အကုန်ဆန်း၊ ဘုံပလ္လင်နန်း မင်းခမ်းစုံစွာ၊ ရံကာတည့် သောင်းသဲ၊ ဆောင်ဘုံထဲက၊ ကျူးနှဲ့ကျူးကဲ၊ ဆင်ရန်ဆင်ရန်၊ ကနက္ကဒဏ် ရောင်လျှံ ဝင်းလို့ ရွှန်းတယ် ရွှန်းတယ် လွှမ်းဖွယ်နှင့်သာ၊ ဆန်းဆန်းငယ်လေ ဆန်းဆန်း တိုးဆင့်၊ နန်းရိုး နန်းရိုး စဉ်လာ ယှဉ်ကာရွှေနှဲ့ ငွေနှဲ့ ပဒ္ဒွင်တူရိယာ၊ သာယာ ရှင် ညောင်းကျူးလို့ သာပေါင်းငယ်စုံ၊ မာလာရွှေငုံ ဝတ်မှုန်နှံ့မွှေးမျိုးသင်း၊ ဆဒ္ဒန် ဆင်မင်းနတ်နှင်းဆက်သစံရာထံသာ၊ ရွှေဘုန်းမြတ်တေဇာ၊ အာဏာခေါင်ဖျား ထူးခြားကိုးထွေ၊ ရေသော်ပုံဖြင့် ဂုဏ်အင်ကြီးလှ၊ ဘုန်း မီး ဘုန်း မီး ထိန် လျှံ ထိန်လျှံ၊ ပေါက်သားဆဒ္ဒန် နတ်ဖန် နှင်းဆက်၊ စကြာ နောင်လာ ရောက်မည် နှင့်သာပင်။ ။ဉာဏ်သဗ္ဗညုသုံးလူ့ဆုပန် ဆင်တယ်ကိုလေး၊ ပလ္လင်သာဆန်း စမွှယ်မြန်း၊ မျက်ရှင်ရောင်လျှမ်း အံ့ဖွယ်ဆန်းသည်ပင်။ ။

---

## ၁၈။ ပုခန်းမင်းသားရေး–ဘုန်းတော်တွဲ သီချင်းခံကြီး

ဘုန်းအကြီးဆုံး၊ ကျွန်းဒီပ ါလုံး၊ သည်မှာ ရာမင်းရိုး - ခယ ဝန်းရံ နန်းစံ တည့် သက်တော်ရှည်၊ မင်းတရားကြီး၊ စိုးအာဟိန်ထီး၊ ကြေ ညာ ကြော် ချီး သဲခြိမ့်ခြိမ့် ကောင်းကြွန်၊ ဆဒ္ဒန်တည့် မြတ်ဆင်ဖြူ။ ။မိုးသိကြားမင်း မြတ် ရွှေထံ့ရင်း၊ ကြည်ဖြူဆောင်နှင်း၊ နှုန်းကင်းအံ့ရာ၊ ပြည်တိုင်းညာ သောင်းကျော် ၄န်းဝ ါ၊ မြေချာတုန်စောင်း လောင်းလောင်းသမ္ဘောဓိဉာဏ်၊ ရင့်မုံမှန်ပြီ အံ့ညီ တည့် ကျူးဧးညွှင်း၊ ဘုန်းထွန်းလင်း၊ ဝင်းရှိန့်ရောင်ရွှန်း၊ ဘယ်ရန်မပူ၊ တောင် ကျွန်းဇမ္ဗူပုံကြူ-ကြည်ဖြူကျောက်ထိန်း၊ အာဏာတော်ဟိန်း၊ တေဇာတော်ရှိန်း ခြိမ်းခြိမ်းကြွေးညံ၊ နိုင်ငံတည့်ကုန်အောင် ပြည်ထောင်မင်းတို့၊ ခဝပ်ညွတ်စင်း ထွတ်ထိပ်ဦးနင်း၊ မှန်စွာမယွင်း၊ ကိုယ်တော်တွင်းပ၊ ရန်မာန်ပယ်ခွ ါ၊ ချမ်းသာ မြင့်ရှည်၊ သောင်းလုံးဧးမြ၊ မွှေးမွှေး ရွှန်းရွှန်း၊ ပျော်ဖွယ်ပျော်ဖွယ်၊ တောင် ကျွန်းသူလုံး ကေသာလယ်၊ သည်ဝယ်တင်ဘူး ရာညွှတ်ခမှန် ဘယ်ဘယ်နိုင်ငံ စက်

ထံအောက်ပေါင်းရုံးငြိမ်း၊ ကျွန်းလုံးသိမ်း၊ တိမ်းသွေ့သာဘဲ၊ စက်ဖွားတော်အောက်၊ ကျွန်တော်ခံဝင်၊ အောင်မြင်စုံလင်ခန့်တိုင်းပြီး၊ ဝေဇယန်ကြီး နန်းထီးဗိုမာန်၊ ဣန္ဒာစိမ်ရွှေဥာဏ်တိုင်းသိ၊ ထူးဆန်း ထူးပြား၊ မင်းခမ်းမင်းနား၊ကြယ်လနေနှယ်၊ ပြောင်ပြောင်ထွန်းပ၊ ကိုယ်တော်မူရာ ကောင်းစွာစုံလှသာ။ ။မင်းတရာခရသည့် နဂရရွှေပြည်သာဟန်၊ ယာမဘုံနန်း ဘူမိန်အောင်ခန်းမှာ။ ။

---

## ၁၉။ ပုခန်းမင်းသားရေး မယ်ဘွဲ့သီချင်းခံကြီး

ပန်းကြာဝတ်မှုံရွှေဘုံနန်းကလေး၊ ညွှတ် ရုံး ဝံန်း လည်၊ သုံးမည်ခရံရွှေလယ်၊ ကြော့နတ်နှယ်နွဲ့လန်းခြူးဆင်၊ ပန်းဝတ်ယှက်သန်း သလွန်မြင့်မှန်းသိမ်းမြန်း၊ မြနန်းယုန်နှယ် မှုံတယ် တိမ်ပုံထက်ပိုင်း၊ ရွှေလရိပ်သည့်တိုင်း၊ ခိုင်းဖွယ်နိုင်းဖွယ်သာ၊ ရွှေရင်မှာငွေသော်တာ၊ တခြမ်းဖြူလွှာ - ပိတုန်းတောင်စာ၊ ပန်းလွှာရွှေရည်ဆန်းသို့လေး၊ နူန်းသင့်ဖွေရှာ၊ စကြာတည့်ပန်ဖွယ်ပင်၊ ကေရှင်မြကုံး မြိတ်ရစ်ရုံး၊ နက်စင်ပိတုန်း တောင်ပံနူန်း၊ မြခကသွယ်လုံး ရောင်လျှံဖုံး၊ ထုံးရွက်လွှာ၊ ယဉ်ရာယဉ်ကြော့ဆုံးငယ်မှာ၊ သူဇာမူရာကြော့တယ် ပျော့တယ်၊ ရွှေဖေါ့ရုပ်လား၊ မြင်တိုင်းတွေးကြမှား၊ လျှပ်သားလို့သာထိန်၊ စိန်လားလို့သာဝင်း၊ ရွှေညှင်းစိကာရိကာ၊နှင်းပွင့်လို့သာ၊ နန်းရင့်ရွှေညှာ၊ ရွှေရင်တော်မှာ၊ စိမ်း ပြာ တည့် လန်း လန်း၊ တက်ဆန်းငယ်သော်တာ ပေါ်လာထွန်းတင့်နူန်း၊ မှောင် လုံး လေ၊ ပြောင် ဆုံး လေ၊ ဆောင် ဆုံး လေ၊ ခေါင် ဆုံး ဘော့၊ ရောင်နူန်းလေ ရွှေသုံးလယ်ဝန်းလို့သာ၊ ဆန်းမျိုးပုံရာ၊ သည်မှာသာစုတယ်ကို၊ လေချိုချိုယိမ်းတိုင်းပြောင်းအိ၊ ပန်းခင်းပြန့်ပိန်း၊ ပြင်မှာတည့်ယိမ်းယိမ်း၊ စိမ်းစိမ်းညိုညို၊ ထိန်ဝါဝင်းလို့ရှိန်ဖြာ၊ ယဉ်စရာကို သည်မှာစုပေါင်း၊ နှင်းတခိုင်လို၊ လေချိုရာ ပါလို့ပျောင်း၊ သာတောင်းလေ၊ ကြာညောင်းဘော့၊ ပုံခင်းလေ၊ ဘုံတွင်းမှာ - ကြော့မျိုးငယ်စုံ၊ ခရားရွှေငုံ၊ စိန်မှုံပွင့်ညှင်းညိုညို့၊ မိုမိုသာယိမ်းတိုင်းပျောင်းအိ၊ ပိန်းတခမှောင်သန်း ရွှေဘုံတည့်မြနန်း၊ ပြောင်ရွှမ်းမည်ပတ်သည်သွယ်၊ ဆောင်လုံးပြည့်လျှပ်ခြည်နွယ်ငယ်ကိုလေး၊ ချစ် ဖွယ် သာ ရွှေရင်ဝမှာ ဆန်းပါတယ်၊ ပုံ့တယ် မှုံ့တယ် ဖြူ့တယ်မူရာ၊ ပါးမှာမဝေး ထင်တော့တရေးရေး၊ ကြင်မည်မောင်မှန်း၊ ချစ်ပန်းပျိုးစ၊ကြံကာကြူး ပူမျိုးဖွဲ့စေသာ၊နွဲ့နွဲ့လန်းသန်း သုံးရွှေရံခဝန်းငယ်မှာ၊ ကြင်မည် ခင်မည် ဆင်မည်လို့လဲ၊ ထင်ရန်မှာလဲ ကြင်ရန်ခဲ၊ညာမသွေဘဲ မျက်ရွဲ့သိဂ်ါထိန်ဝါတည့်ရဲရဲ၊တိမ်ပုံပန်းက နန်းထဲနန်းထဲ ဖြစ်သည်သိဂ်ါ၊ချိန်မှီ ချိန်မှီ မူးသည်ပန်းက၊ တွဲ့တယ် နွဲ့တယ် တွဲ့တယ်နှင့်သာ၊စိမ်းစိမ်းငယ်လေ စိမ်းစိမ်းခါးလို့၊ဆန်းပြားဆန်းပြား တွေ့လာတွေ့လာကြင်ရေးဘယ်နှယ်သေသေချာချာ၊ ရွှေဗျာတော်ခွန်း ညွှန်းလို့ကြင်ရေးမယူ၊ အတူတပြိုင်၊

ပိုင်ပိုင်တည့်နှဲ့ရေရှင်း၊စံဆောင်ဘုံတွင်း နတ်ညွှင်းတပွင့်၊ယဉ်သူကေသွယ် ရွှေဝန်း သုံးဆင့်လယ်၊ ငယ်မာန်ပိုတုန်းနတ်နှုန်းဖွယ်ပင်၊ စိမ်းကြွာတည့်ပုံပြင်၊ ကုန်စင်မျှားလှ၊ ကျူူးနှဲ့ကျူူးနှဲ့ ပျော်ကာစံရှင်၊ ဖိုမလွန်းကြင်၊တူပင်နှဲ့လို့၊ တွဲ့တယ်နှဲ့တယ် တွဲ့တယ်နှင့်သာရှင်၊ ပန်းမှုံတွင်းမှာ၊ ရွှေညွှင်းနှင့်မဥ္ဇူသွင်ငယ်ကိုလေ၊ ပြောင်းကုန်နိုင် တွဲ့တယ်ဘဲ မျက်မှုံရှဲ့၊ ရွှေလည်မှာဆွဲ၊ ဆင်ရခဲ့သည့်ရှင်။ ။

## ၂၀။ ဦးလွန်းပြေဆို-မယ်ဘွဲ့သီချင်းခံကြီး

ရွှေစမ္ပာယ်ရုံ ငုံဖူးညွန့်ညွန့်လေး၊ မိုးနန်းတောင်ညာ သူဇာထင်မှားဖွယ်စေ၊ ဆံကေသာ၊ ပန်းပင်ပန်းပေါင်း၊ လှောင်းပျံ့သင်းရှိန်၊ ယဉ်ပင်ကိုညိုနှဲ့မှာ၊ ရင်မိုနှင့်ကြောစိမ်းစိမ်း၊ ဆောင်ငြိမ်းတွဲ့သည် နှဲ့သည်၊ လေသွဲ့ပြူတင်း၊ မျော်ရှုခိုက်တုန်းတွင်း၊ ဝင်းသော်တာ တွန်းသိုသိုသာ၊ စံဆောင်အိမ်မှာ၊ ဂုဏ်အရှိန်ဝါ၊ ကိုယ်ရောင်လျှံဖြာ ရွှန်းတောတောသည်၊ ပါးနှာ ရွှေရည်လည်၍စိမ်းညိုညိုစေးယို သည်လား အထင်မှား၊ ဆွဲဒါလီပွါး စုံလင်မျှား၊ မီးကုန်ရွှေသား နီခေါင်ဖျား၊ ကိုးမျက်ရှင်ရောင်ခြည်ဝန်းမှု ပြစ်မျိုးစင်ငယ်ကို၊ ပါးတွင်လျှားတွင်တွေ့ပါ၍သာ၊ သည်ကကထဲ၊ ပူရစိတ်ဝမ်းထဲ၊ ရစ်သန်းငယ်လိမ်၊ ချစ်မျိုးငယ်လေစွဲ၊ ဖြေလဲဖြေပါနိုင်လို့၊ နှမ်းလျှညိုးသို လွမ်းအားဖြိုးမို့ အိုလေဝေဆူ၊ ရဲပူမီးကျီး၊ ညိုစွဲရင်မှာလောင်စာသာ ကျွန်းလုနီး၊ ဆောင်ကြီးလယ် အောင်ပြီးလွယ်၊ လုံလေးမယ်၊ ဖြူသေးသွယ်၊ ပူရေးကြွယ်၊ ခဲလှလှက်၊ ကျိုးကျိုးနှံ့နှံ့၊ကြံကြံချိန်ခါခါ၊ လွမ်းပါနိုင်ဘူးဘူးမို့မို့၊ ညိုးလျော်ခွေရင်း၊ ဘုံဘွေတည့်စက်ခန်းတွင်း၊ မှိုင်ရင်းစိတ်ဆင်ခြင်၊ကူးသန်းရှက်တင်ချင်ပါသော်လဲ၊ ချွဲဖက်ကယ်ရှုံမျှ၊ ကျွန်းမာယာ၊လန်းဖြာ၊ ဆန်းသာ ချွဲတယ် နှဲ့တယ်၊ ကြင်ဖွယ်ညွတ်ပျောင်း ကြံလို့ဖြစ်ခဲ့တောင်း၊ညောင်း သံငယ်ပြသည်၊ မူလငယ်ဟုတ်ဘဲကို၊ လှည့်လှည့်ဝန်းဝန်း နှဲ့ပင်ပျော်မူ အိုးမှာ တွင်၊ အူချာရွှေရင်ပူပင်တုန်းတွင်၊ မိုးတိမ်ခေါင်းချင်း ဒေဝါမင်း၊ ရွှာမလိုဆင်း၊ ထွန်းဝင်းစက်ပျံ၊ရွှေတိမ်ယင်ဟန်၊ ခြည်လျှံဝင်းဝင်းလှင်း၊ သိမ်မွေ့တဲ့ဘွေချာမှာ၊ ဖေါ်ကွာဝေးစေမို့၊ စိတ်ဝယ်လှောက် ကျနောက်ပူခဲ့ပြီ၊ လွမ်းပေါင်းငယ်လေး၊ လွမ်းပေါင်းငယ်မှားလို့၊လွမ်းပွါးသွမ်းပွါး တွေရှိခွေမိ၊ ဘုံသုံးခွင်လုံးရှင်မကူညီ၊ သိင်္ဂီယဉ်ကျေး ဆွေးကြုံဖွယ်ကြီးစေ၊ နေ့တိုင်းမှာပင်၊ ပျော်ရှင်မူလမ်းကဝေး၊ နှမ်းပန်းရေး၊ ပူဖွယ်ကံပေးမငြိမ်းချမ်း၊ ဖလ်လယ်တုံမှာ၊ မှိုင်ရောင်ကာသာ၊ သူဇာလေလား ထင်တွေးမှား၊ သနားဖွယ်သာ၊ ပျိုရာတည့်ဝေးစေသားရှင်။ ။

## ၂၁။ မယ်ဘွဲ့-သီချင်းခံကြီး

သင်းသင်းကြိုင်ကြိုင်၊ လှိုင်လှိုင်သော မွှေးပျံ့ပျံ့ကြူ၊ ဖြိုးဖြိုးပိုင်ပိုင် ဆိုင်ဆိုင်တဲ့ ရွှေအုအုမဥ္ဇူငုံသင်းပျံ့ပျံ့၊ ကောင်းတောင်း ပြောင်းတောင်း၊စမွှာ နှင်းနံ့လှောင်းလှောင်း၊ လေညှင်းဝှေ့လျှင်ခွေ့လျှင်၊ ယဉ်နုညက်ထွား ကြွေလု ဖြစ်တိုင်းထွန်း၊ ရှန်းရှင်သော ကဲ့တယ်အိတယ်ပုံ၊ မလ္လာဖူးငုံ သိင်္ဂီရွှေဘုံ၊ စန္ဒာရောင် ဟုံလင်းသို့သို့ပင်၊တန်းလင်းလျှံဖြာ၊ ဝင်းဝါလျှပ်ခြည်ရောင်၊ဘုံသာခန်းတွင်း ကိုယ် ရောင်လင်း၊ မိုးသူဇာဆင်းဖြူပြာဝင်း၊ စိမ်းပြာပြာချင်းရွှေရင်ညှင်း၊ နှုန်းဖက်ကွာ၊ ယဉ်မျှော့ထိပ်ပန်းငယ်မှာ၊ မူးအောင်၊ ကြူးအောင်၊ လှတယ်ပတယ်၊ မြင်ကာထွက် ဇော - ကြွေလုပြတ်နိုးနိုး၊ စိတ်ထားငယ်ယိုင် ညွတ်တိမ်းမူး၊ ငယ်သွေးပြင်လျှာ မူနည်၊ စိမ်းလဲ့ဝင်းကြည်၊ ပါးနားရွှေရည်၊ ထူးလည်တည့် ဆန်းဆန်း၊ ဝတ်လဲ တော် သိင်္ဂီ၊ ရင်ဆီမှာထည့်ပင် ထည့်လို့ထား၊ မှောင်မျှားလေ၊ ကွယ်ငြားလေး၊ ပယ်ရှားလေး၊ ဖြာလန်းလေး၊ စံကျွန်းလေး၊ ဖြူဝန်းလေး ထူးရွှေမပိုင်၊ သောက် ရှူးလျှံဖြာ သော်တာ နှုန်းရည်တူ၊ရွှေရင်မှာ စိမ်းပင်-စိမ်းလဲ့၊ ဖူးတခိုင်လုံးယိုင်ကာ တည့်ညွှတ်ရှိုး၊ စိန်သားမြရောင်ပင်၊ ထွန်းတောက်ရောင်ထင် ရှင်းတယ်လေ၊လဲ့ဝင်း ညက်ပြာစင်၊ ယဉ်နုမင်းငယ်မှာ၊ နှုန်းအင် ရွှန်းတင့်ပသည်ဆင့်သည်၊ ယဉ်မျှော့ ဘက်ကျုံး၊ ခေါင်က ထွတ်ဖူးဖြာ၊ ဘုန်းတော်ပသည် - ရာမျှော့ထွတ်ဖူးခိုင်၊ အိအိ ပျောင်းနုနယ်၊ ကြိုင်ပွင့်လန်းငယ်မှာ၊ မူရာငယ်စွာ မာယာထူးပြား ပြုံးရယ်ကာ သာ စိုးပိုင်ပိုင်တွဲ၊ မိန်းမူးညွတ်ခွေ၊ မြင်သူရှင်လူမောချမိန်း၊ ရင်နုပန်းနီလွင်၊ ရွှေ ကြာတိုက်က၊ တောက်သည် လျှပ်သည် ဝင်းသည်နှင့်သာ၊ ရွှန်းရွှန်းတိုးဆင့်၊ လွမ်းမိုး လွမ်းမိုး ယဉ်ရာပုံလာ၊ သည်မင်း သည်မင်း ရှင်ငယ်မှာသာ၊ မြင်ခါလူ မျှားမူးလေ့အောင်သာပင်၊ ယဉ် မျိုး ချုပ် ချာ၊ သည်မှာတည့်ပေါင်းစုရုံး ပေါင်း စုရုံးလေသာစံကင်း၊ ထွန်တဝင်းဝင်း၊ လင်းသည့်ကိုယ်ရောင်၊ နေလားတွေးမလွဲ၊ ကြယ်အရောင်လဲခြားဘဲ၊ စိန်အလျှံသာ၊ ထွန်းလင်တောက်ဖြာ ဘုံသာဆောင် မှာသော်တာလသို့လင်း၊ စိတ်ထားဘဝင်၊ ဘောင်ဘင်လှိုက်သို့၊ ရှိုက်သည် ခိုက် သည် ရှိုက်သည် တကြောင်းပင်၊ သိင်္ဂီဥကိုယ်နုလှစ်တိုင်း ထင်တယ်ကိုလေး၊ တန်မတူဘဲ ခွေကာလဲ၊ ယူမည်မလွဲ သွေလှန်ဘဲကိုရှင်။

---

## ၂၂။ ရှင်လွှတ်ရေး-ဘုန်းတော်ဘွဲ့ သီချင်းခံကြီး

ရွှန်းရွှန်းမြ - ရွှန်းရွှန်း လျှံပြောင်၊ ဆောင်ဆောင်တည့် - ဆောင် ဆောင်၊ ထူးထူးဆန်းဆန်း၊ထူးတည့် ထူးထူးဆန်းဆန်း၊ နန်းပင်သာ နန်းမြင့်မြင့်၊ ပွါးပင်သာ ပွါးဆင့်ဆင့်၊ ကိုးပါးမီးရှူး - ထွန်းလင်း ပိုးဝင်းဖြာ၊ စိန်ကြောင်နီ လာ၊ ရွှေအရောင်ဝါ၊ ကြူးကဲထွေလာ မိုးလုံးလျှံဖြာ၊ ရွှေဘုန်းအာဏာစံကာ

ပိုင်သိမ်းမြန်း၊ တောင်ညာဒီပါ၊ ကြေညာတည့်တိုင်းထီးနန်း၊ ခွန်သာရှင်လန်း၊ သိန်းသန်းသချာ၊ ဆောင်ယူထိပ်မိုးကာ၊ ရွှေဘုန်းအား၊ ဘယ်ဘယ်သူမှ တူဘဲ နိုင်ရာ၊ အာဏာခေါင်ချာ ဖြာဖြာမိုးလို့၊ ဆင့်ကာလေလေ – ဆင့်ကာနှင့်သာ၊ သုံးပါးလောကါမှန်ကူဆံကျင်၊ နောင်ရေးမှာပင် ပေါ်ထင်ပိုင်သိမ်းမြန်း၊ဆောင် မည်ကိုသာ၊ မှန်စွာတည့်မျှားပေါင်းရုံး၊ ကြည်စွာရှင်ပြုံး၊ အားလုံးစိုးကာ၊ စိတ်ဝမ်းရွှင်လန်းမြူး၊ ထွေထူးခြား၊ ပြည်ပြည်သူတို့၊ ငြိမ်းဧးသာယာ၊ အာဏာ ခေါင်ချာ ဖြာဖြာမိုးလို့၊ ဆုသာလေလေ ဆုသာဆုယူပန်။ ။လက်တည့်လက် ကြာ ငုံငယ်ကိုလေး၊ စုံပေါင်းရုံးကာ၊ တင့်ကြောင်းထိပ်မှာဆင်။ ။

---

## ၂၃။ သီချင်းခံကြီး

မှိုင်းမှိုင်းမြ – ဆိုင်းဆိုင်းညိုစင်၊ မိုးလုံးပ လွှမ်းဖုံးကာဆင်၊ မင်းလွင်ရံ ဝန်း၊ ထွေလာထူးထူးဆန်းလို့လို့၊ တောင်လေသာမှာလဲ ဖြူးကာသာ၊ နေမသာ ရေးပွားဆင့်ဆင့်၊ လွှမ်းရာထွေပြားပင်၊ ဟောဝန်ခွင်ကသာ၊ တောပင် – တောင် တောလုံး၊ ထွေပေါင်းရုံး ကြေညာ လှိုင်ပျံ့၊ မွှေးပေါင်းသင်းထုံ စုံစွာစီစဉ်၊ စည်ပင်လန်းလို့ ရွက်ရှည်ညွန့်ဖြာ၊ ညွန့်ဖြာ၊ ညွန့်ဖြာသာသာရွှန်း၊ မြေပန်းမျိုး စုံစွာ ဖူးညွန့်မုံအာ၊ ထွေလာ ထွေထူးဆန်း၊ ရာသီခါမှီ စုံစီတည့် ဝင်းဝင်းရွှန်း၊ ဂိမှာန်နွေစွန်း ဆော်ရွှမ်းချိန်ခါ၊ တိုင်းတိုင်း ခွေယိမ်းပျောင်း၊ ပူဆွေးကြောင်း၊ ထွေထွေဆော်လှုံ့ရုံးပေါင်းမျှားစွာ တိမ်နီ တိမ်ဝါ တိမ်ပြာမှိုင်းလို့၊ မြလိုလဲညို၊ လွှမ်းပိုဖွဲ့စေပင်။ ။ပတ်ကုံး ဝန်းကာ၊ ဆင်လာထွေထူး၊ နေမပျော်ဘူး ကိုယ် ထူးကျွန်မမှာ။ ။

---

## ၂၄။ မယ်ဘွဲ့ - တချက်လွှတ်သီချင်းခံ

ဖြိုးဖြိုးရွှေရင်၊ ကိုယ်ပြင်ယိမ်းနွဲ့ပျောင်း၊ ယဉ်တောင်းလေ ရှင်တောင်း လေ၊ယဉ်ပေါင်းလေ ကုန်အောင်၊ ပျောင်းသည်နှင့်သာ၊ ရွှေရင်ဖုငယ်ကို ကြွေလု ငယ် အိတယ်သာတည့် ငယ်မှာ၊ ဖြစ်ခဲ့ပါ၊ နေ နေ နေလနှယ်ပင်၊ ညကိုမြင်လျှင် ပင် ထင်ဝိုးဝါး ဖြူပြာထွားသည်၊ ရင်သားနုံငယ်ကို၊ ကျွတ်လုငယ်ကျွတ်ချင်၊ ထိ တိုင်းငယ်သာ အိသားလျော့ကာ ကျကာ၊ ပြင်ပြင်ဖြည်ဘဲထား၊ ယဉ်သည်မှုနည်၊ ဝင်းဝါဖြူစင်၊ ရွှေရင် ရွှေရင် ရွှေရင်စိမ်းမြခဲ၊ ဖြူဖြူအိတွဲ၊ တူသူမရှိဘဲ၊ စိုင်ခဲပြိုပြင်၊ ရွှေရင်ပျောင်းပျ၊ နုသည် နွဲ့သည် တွဲ့သည်နှင့်သာ၊ ရင်ကိုသာဖွဲ့ရှာကဲဆင့်၊ လွှမ်းပြန့်ထပ်ပြန့် ငယ်ကိုသာ၊ မင်းငယ်ဖြစ်ခြင်း၊ စိုးမိုးနှင်းရအောင်၊ ရည်ဆောင် နှင်းရအောင်၊ ရည်ဆောင်ထွေထူး၊ ကျူးလှချင်တယ်ကိုပူပူပင်တယ်၊ ပူပင်ညှိုး

မြသန်း၊ လွမ်းမြဲတမ်းတော်ပါယောင်နှင့်သာ၊ နန်းတွင်းမှာ၊ လုံမကလေးငယ်ကို
လေး၊ အလွဲလွဲ အကွဲကွဲ၊ ကြံတော်မျှမျှစိတ်ထဲတွင်၊ အူချာအူချာ အူချာထဲကစွဲ၊
ထွေထွေမှ - စိတ်ထား၊ ထွေထွေမှ - လက်အား၊ ကျီစားရအောင်၊ လာလိုစမ်း
ငယ်နှင့်၊ လူလိုက်လို့ချော့သည်နှင့်၊ တော့ရအောင်၊ လူရေးလုပ်ဆောင်၊ ကုန်
အောင်ဆီ ကိုလေ။ ။သည်းအူချာ ထိငွေ့ကာစွဲ၊ ကျွန်တော်မှာ စိတ်ထဲတွင်၊
ဖြေနိုင်ပါဘဲရှင်။ ။

---

## ၂၅။ မြဝတီမင်းကြီးဆို - တချက်လွှတ် သီချင်းခံကြီး ၂ - ပုဒ်

(က) မြဆံကေသာ၊ ယဉ်ရွှေကြော့ထုံး၊ ကြာရုံးလေး သာဆုံးလေ ဇာအုံးမွှေ၊
သုံးရွှေရံ လည်လည်ရစ်သည်နှင့်သာ၊ ဘုံမြစ်ကယ်ဖန်ရ မြသွေးမှာ၊
ခ,ရေးကြာ၊ ဆ, တွေးကာ၊ လှလေး ငယ်မှာသာ၊ ထုံနှင်း သပ်ကယ်
သော် မော်သဇင်၊ ပန်းမွှေ့စက်ရာခွင်ငယ်မှာလေ၊ ချစ်ခင်ဟန်နှင့် ဥဘာ
ရေးဆင်လှလွမ်းပင်ငယ်၊ ရွှေစင်ပုံရုပ်ကယ် - သွန်းသို့သို့၊ သော်တာဝန်း
ငယ်လို၊ ပုံညွန်းသူ့ရုပ်ရေငယ်သာ၊ ညက်ပြာညို နွဲ့နှောင်းငယ်နှင့်သာ
ယဉ်ရာ ယဉ်မျိုးပေါင်း၊ ရွှေဘော်သောင်းသောင်း ရုံးပေါင်းစီကာ၊ ညီ
ညာတည့် ဆေးလေး၊ သံဝါကျူးရင့်ကြွေး၊ ကြိုင်မွှေးပျံ့စွာ၊ ယဉ်ရာရွှေး
လို့ ရွက်ညှာဝတ်မှုံ ဆွတ်ကာနှင့်သာ၊ တမွတ်ရောင်ရွှေ - ပြာခြေစိမ်းလဲ့၊
ယိမ်းတိုင်းပျောင်းတိုင်း၊ ယဉ်မူမြင်သူ၊ မှိုင်မောလှိုင်စော ဗျာပါဝေဆူ၊
ဖြေယူသော်လဲ၊ အုံးမပြိုင်ဘဲတုံ၊ ရွှေရင်တော်ပုံ ရောင်စုံတည့် ပြိုးပြိုးလင်း
ဝိုးဝိုးဝင်း၊ သာယာလေညှင်းပြတင်းပြူဝ၊ မျှော်တော်စေသာ၊ ကြော့ဆုံး
နတ်မှာ၊ ကြင်မစုံဝေး၊ လွမ်းဆေးစုံကာ၊ ကြေညာတည့်ပျံ့ရှင်း၊ လှိုင်စွာ
မွှေးမြသင်း၊ ပြာဝင်းနွဲ့ပင် သဇင်အုံးက၊ ဖုန်းငယ် ဖုန်းငယ် မုန်းမယ်
နှင့်သာရှင်။ ။ဆင်ရန် ပျိုးသည့် - နှောင်စိုးမည်လှ လွမ်းပင် ငယ်ကို
လေး၊ မျက်ရှင်ပုလဲပြည်တန်ရွှဲ၊ ပြစ်တင်တော်လဲ ခံရခဲ့တယ်ကို။ ။

(ခ) ရွက်ညှာကြွေလျှံလေ၊ ပင်ယံငယ်ညီးလို့လင်း၊ ကြိုင်သင်းလေ မြိုင်မင်း
လေ၊ ခိုင်ချင်းလေ၊ ငုံမြန်းလေ ထွေဆန်းလေ ဝေလန်းလေ၊ ရွက်ရုံမှု ရီ
ညွတ်သည်နှင့်သာ၊ ဘယ်ရွှေဝတ်ကယ်လို့၊ ကြေဆွတ်ဖွဲ့ခန့်တွေးပါနိုင်၊
ရင်လေးငယ်သာဆိုင်၊ ပျံ့မွှေးငယ်သာလှိုင်၊ နွေနှန်းငယ်တည့် ရာသီပိုင်၊
နှင်းငွေ့ရေ အပြိုင်ငယ်မှာလေ၊ ချစ်ခိုင်သွယ်ညွန့် ကွန့်လှိုင်ငယ်ပုံ၊ သိုက်
ရွှေမြုံဝယ်၊ တုန့်လို့ တသွေးတသွေး ယုယဖေါ်ညီ ဝေးသည်နှင့်လေ၊ ရင့်
ကြွေးငယ်ကျူးသီကာ၊ ခေါက်ရှာမယ်လျ စောသည်နှင့်လေ၊ ကြင်ဆွေ
ပျော်မြူး ထူးခေါ်ယောင်မှား၊ သိင်္ဂါလေရွှေသား၊ ဖေါင်းကား တွန်

တျာ၊ တမာတည့် သောင်းသောင်း၊ သာကာကျေးငယ်တို့၊ ဆွေးလေနွဲ့ပျောင်း၊ လွမ်းရေးပွါးကြောင်း၊ သန်ကြွင်းငယ် ဟောမန်၊ လေပြန်လောင်းနှင့်၊ ရှစ်ဌာန်ရှိညို ခုပ္ပိမည့်နွယ်၊ စမွယ် - သာထွန်း၊ ပန်းရွှန်းသော်က၊ လောင်းပန်းအနံ့ ဂေါ်ဇင်ရွှေသွယ်၊ ရေကြည်သွန်းဆင်း၊ တောင်မင်းငယ်ဆီဖွယ်၊ သံလှယ်သာညောင်း၊ ဥဒေါင်းသိကာ ကိန္နရာမဲ့ောင်မယ်၊ စိန်ခြူးသွယ်သွယ်သိင်္ဂီရောင်နွယ်၊ ရွှေကြယ်တည့် ညီးညီးလင်း မှောင်ဝေးရှင်း၊ နန္ဒာပျော်ခင်း၊ ကန်မင်းနောင်မြင့်၊ အောင်ပင်လယ်ဆိုင်၊ ရွှန်းမြိုင်ဂူလိုဏ်၊ နှိုင်းရာရွယ်မှန်း၊ မဥ္ဇူလေခိုင်လန်း၊ ထူးဆန်းလှိုင်ကြွယ်၊ သည်ဝယ်တည့်မွှေးမျိုး၊ ရေယံဝင်းလဲ့မိုး၊ ရိုက်ကြိုးငယ်ပဥ္စင်၊ အိမ့်ရှင်နွဲ့လို့၊ မြစိုင်အမှုန်၊ အုံမှိုင်းတော့စေသာပင်။ ။နွမ်းခွေလုကို၊ နေရုကရွှေသက်တင်မှာလေ၊ ပိုက်ကာခြုံထွေး၊ စောမည်ရေး၊ လျှပ်နွယ်အဝေး၊ တိမ်နယ်ပြည့်ရေးရာဆင်။ ။

(တချက်လွှတ်သီချင်းခံကြီး ၂-ပုဒ်ပြီး၏။)

---

## ၂၆။ စာဆို ဦးတရုပ်ဆို ထူးမခြားနားသို့လိုက်သော-သီချင်းခံကြီး

မှိုင်းအဆန်းဆန်း၊ တိုင်းအာကာနန်း၊ ပြာခြည်ညိုသန်း၊ ဝန်းလဲ့လဲ့၊ လွမ်းဖွယ်၊ မှန်းရွယ်တည့်ဖြန့်ကာဆင်၊ ညှင်းအသွန်းမြူး၊ တောင်ပြန်လေဦး၊ ရွာစေဆော်သွင်း၊ ကျူးလို့လို့၊ မိုးမှောင်၊ ညိုးအောင်တည့် - ရစ်ကာပင် × လင်းမလင်းဆုံး၊ မြင်းမိုရ်တောင်လုံး၊ မြူမှောင်ပိတ်ဖုံး၊ လွမ်းချုန်းကာသာ၊ ပိုင်စိုးပိုင်စိုး မိုးဣန္ဒာ၊ ဗျာပါဖေါ်ဝေး၊ ဆွေးအောင်ရွယ်ကိုးမှူ၊ ×၊ ဖန်ရုံတိမ်ပြာ၊ မိလ္လာပွင့် ကူးကူးသန်း၊ ကူးကူးသန်း၊ မြသွင်ရောင်ဆန်း၊ မှန်း အမှန်းရည်၊ ဂိမှာန်ရာသီသွန်း - ချီ -။ ×။ ရွှာမည်ချိန်လွဲ၊ နွဲ့ကာပြန်ရင်း၊ ကွာတကိုယ်ချင်းလွမ်းတင်းတမ်းယောင်၊ စံဆောင်မြင့်ဘုံလယ်၊ ပျော်ဖွယ်လင်းလု၊ ညှင်းညှင်းညှင်းညှင်း၊သာပျော်သာပျော်၊ခေါ်တော်ခေါ်တော် ခေါ်တော်နားကာ၊ချစ်သူလိုလို မှတ်ဆိုမိကာ၊ ညိုး-နွမ်း-ပျောင်း-အိ၊ လွမ်းပေါင်းလွမ်းပေါင်း၊ ထောင်ရာထောင်ရာ၊ ဖြေလဲ့ပြေဘဲပန်းစေသာ၊ ထင်ရာမျှော်ကိုး၊ သူမြင်လာနိုးပင်၊×။ စုံဟောမာခွင်၊ ပျော်ရွှင်ဘို့ ဆန်းဆန်းထူး ဆန်းဆန်းထူး၊ မောင်မယ်ခေါ်ကျူး၊ မြူးအမြူးတုံ၊ ဟောဝန်ဘွေ့ပုံ၊ ပန်း-စုံ-၊ ရဂုံသာဧး၊ သင်းကြိုင်ကြိုင်မွှေး၊ ဝင်းရွှေလျှံပြေး၊ ထွေးထွေးညိုအုံ၊ ပင်စုံတည့်ဝေမှောင်၊ တောတောင်မှိုင်းညို့၊ ဆိုင်းဆိုင်းဆိုင်းဆိုင်း၊ သာထွေသာထွေ၊ ကြည်းရေ ကြည်းရေ ကြည်းရေဆန်းလို့၊ မြလိုမြလိုလွမ်းပို့မှုစေသာ၊ မာဃ ထွတ်ဣန္ဒာငယ်ကိုလေး၊သင်းပျံ့မှိုင်း ဆော်သိုင်းနတ်ရွှေစည်။ ။

## ၂၇။ ရွှေးသီချင်းခံကြီး

ရဝေနန်း စိန်ကြောင်၊ဖလ်ရောင်ဆန်း-လျှမ်းပထိန်-ဘုဦးရန်နှိမ်၊ အာလိန် မြင့် ဘုံလယ်၊ စမွယ်စိုးမြန်း-ဝေယန် မိုးနန်းသည်မှာ-လွန်ထူးဆန်း၊ ထွန်းလို့ညီး မပြိုင်နှုန်းရာ-အာဏာ တေဇာန္တံစေသား၊ သာနုံအောင်မြေချာ၊တက်နေဝါသူရိန် မြတ်အာဟိန် နွယ်တော်ရှိန်လေ၊ ဘုန်းရောင်ခြည် သောင်းဘွေလည် အံ့နိုင်ဆံ့ အောင်၊ ကြုံရအထူး၊ တေဇာတက်လျှမ်းမြူး၊ ဖူးပြည်ထောင် လျှိုးဝပ်ကြလာ၊ ငုံ ကြာမုံအာ-ဆယ်ဖြာပန်ဆင်၊ သာယာစံရွှင်၊ ကျွန်တော်ခံဝင်၊ ဘယ်ပြည်ဘယ်မင်း ဦးညွှတ်ခပန်တယ်သာ၊ ဆင့်ဆင့်ပဏ္ဏာ၊ ထွေရာပြည့်ပုံယင်၊မြင်းဆင်များတောင်း၊ ဆန်းပိုက်ကြောင်း၊ ဖေါ်တရွှေပေါင်း၊ ပျော်ဖွယ်များတောင်း၊ ခေါင်အချာ စိုး၊ ထောင်ရွှာဖြိုးဝေ၊ နေနှုန်းနတ်ဆိုမှား၊ ကြူးကဲဆန်းပြား၊ တိုင်းကား သာ ရွှင်ကြ၊ တန်ခိုးငယ်ပေါ်၊ကျူးကျော်လေ၊ဘုန်းတော်လေ ပ,တယ် ပ,တယ်၊နေ လတသန်း၊ ပြိုင်ကြဖက်နှုန်းတန်း၊ ထက်ခန်းငယ်ဘွေ၊ ဘဝဂ်ဆုံးငယ်သာချင်း၊ ဘယ်မင်းစဉ်လာ ယှဉ်ကာ-ကြားရဘူးပါ၊ ရွှေးဆက် စဉ်လာ၊ ဘယ်တူနိုင်ပါ၊ တောင်ညာကျွန်းတွင်၊ ဖက်ကင်းငယ် ရွှေဥာဏ်တော်၊ ထင်ပေါ်လွန်ချိုးနိုင်၊ ကျူးအံ့မျိုး၊ ရှည်ကြာဖြိုးဝေ၊ အောင်ချာစိုးပေ၊ ခေါင်ချာမိုးနေ၊ ရာပြည်မင်း လေ၊ ရွှေစက်ရင်းလေ၊ ခွန်သွင်းဆက်ပေ၊ ကျွန်းချက်မ-အောင်မြေချာ၊ ပွင့်ဆု မှန်စွာ၊ နောင်လာတည့်ကောန်၊ နိုင်ငံတိုင်းလုံး၊ သာယာခြိမ့်အုံး၊ ပြောစည်ပင် ဝန်းကျင်တိုင်းသိ၊ ရွှေငွေပြည့်များ၊ အင်္ဂါအင်္ဂါတည့် စုံစွာခြား၊ ခေါင်ဖျား သူရိန်သော်တာ၊ ဆန်းလို့ထွန်းဝါ၊ ချမ်းမြလင်းဖြာ၊ အောင်မြေလယ်ချာ ထီး တရာလုံးဖူး၊ မြင့်ဖြိုးငယ်ရွှေဘုံ၊ စိန်ငုံဖလ် - ရောရာ-ဖြိုးပြည့်လျှမ်း၊ အောင်ဆုပန်း လေရှင်တော်တမ်းလေ၊ ကိုယ်တော်ငြမ်းလေ၊ ကြည်ယုံဖြိုးဝေ၊ ဆယ်ဖြာမိုးနေ၊ ကွယ်ကာကိုးစေ၊ ဦးညွှတ် ခ,ရန်-အောင်ရာ၊ ပြည့်ဆုမှန်စွာ-ဘုသာကျွန်းပေါ်၊ ညာမော်သောင်ခန်း၊ မြူမှောင်ဝေထွန်း၊ ရောင်ခြည်ဖြာဝင်းထိန်လင်းညီးမျှ၊ ရှင် စောမြတ်စွာ၊ တေဇာတေဇာတည့် အာဏာ၊ ရောင်ဖြာ ရောင်ဖြာလုံး၊ မျက်ရှင် မျက်ရှင် သာညွှန်းငယ်လေး၊ ဆက်လာ-သ,လာ၊ ဆဒ္ဒန်မာတင်၊ ဆင်ပုံဖြူမျိုး၊ ဘုန်းမိုးစွေရွှာချ၊ မစဲငယ်နိုင်ပါ၊ ဖြိုးကာမိုးကာ သိမ့်အောင်ခြိမ့်တယ်၊ ဘယ်က အခြား ရန်ညွှန့်ပေါက်စားငြား၊ သိသိကြေထုံးသို့-မှုန်းရ၊ အာဏာပြင်းတယ် ရာမင်းမင့် ထွတ်ဦးငယ်ဘွေ၊ ခယသည်ပြည် တရာဇာ၊ လဲ့ပြာပြာအိ၊ပြာပြာငယ်မူ လှတယ် ပတယ် ယဉ်ရာဖြူပြာ၊ သူဇာနန်းရိုး၊မိုးသူဇာလား ထင်ယောင်မှား၊ဆိုမိ ဖွယ်သား၊ ကိုယ်ရောင်ဝါဝင်း၊ ထွန်းနုနုပြောင်ရွှေစင်၊ စိုးစမွာယ်ယင်ပါလို့၊ ရှင် ပျော်ဖွယ်သာ - ဆန်းတယ်-လန်းတယ်ယဉ်ဆုံး၊ သုံးရုံလယ်ဝန်း ရွှေခ၊ ဘုန်းရော ကြီးပေလှ၊ ရွှေနန်းဆောင်ဘုံတွင်းဝင်းပ၊ နုတယ်-ရှုဖွယ် ရွှတယ်အိတယ်၊ လျှံလျှံ ကိုယ်လုံး၊မာန်မူထူးခြား၊ ကိုယ်တော်ရှင်လန်း၊ စံမြန်းစိုးတင့်၊ ညိုးညိုးညီးညီးရွှေ

ရောင် ကြူးကဲအောင်၊ ဆောင်ဆောင်ဘုံမှာ၊ ပြောင်ပြောင်ထိန်ဝါ၊ ဝန်းကျင်တိုင်းကား၊ နိုင်းဆယ်ဖြာခ ပန်ဆင်၊အောင်မြင်ကာသာလွှယ်၊ ရန်ဘယ်-ဘယ်ဝန်းဆယ်ခိုင်စုံပန်း၊ တိုင်းနိုင်ငံစည်ပင်လို့၊ ရွှင်တယ်ကို၊ အိုပျိုသူရှင်လူသာ၊ စံရာညာနေ အောင်မြေကျွန်းလုံး၊ ဘော့အုံးရာညီလျှ၊ ပုလဲငယ်သောင်ငွေ၊ ရေသဲ၊ တနဲဆန်းတယ် လန်းတယ်၊ လွယ်တဲ့လွယ်တကူ၊ တိုင်းသူချမ်းသာ ပူမဆာ၊ သာဖြူနှလုံးထား၊ နှလုံးထား၊ပုံပမာတဆန်းတထူး၊ရေယဉ်လယ် မော်ကျွန်းဦး ရာရှည်ကျူးအောင်၊ဘုန်းတော်ဖြိုးမြင့်၊ နှစ်ပြိုင်တဆူလင်းဖြာထွန်းလာ၊ အရောင်အဝါဖြိုးတယ် မိုးတယ်၊ တေဇတန်းခိုးငယ်ဝေ၊ ထွန်းကြေညာလေးကျွန်းလုံးကာ၊ နှံကြော်ငြာ၊ ဆံ့အောင်သာ ဆင့်ကာမြင့်ကာပေ။ ။သောင်းစကြဝဠာ၊ တေဇာရိုက်ချူန်း၊ ဘုန်းတော်ကြီးစွာ၊ ထီးတရာကို၊ စိုးကာပိုင်မြန်း၊ ရွှေဘုံနန်းဝယ်၊ ဆန်းစုံစွာ၊စကြာဆက်လာ၊ ပန်သ-ရာမျှာ့းထွတ်ဦးငယ်တင်၊။ ။

## သီချင်းခံကြီးများပြီး၏။

**အထူးမှတ်ရန်။** ။အထက်တွင်ပြဆိုခဲ့ပြီးသော ကြိုး ဘွဲ့ သီချင်းခံတို့သည် စောင်းတွင် (သံရိုး) ဟူ၍၎င်း၊ (ညှင်းလုံး) ဟူ၍၎င်း ခေါ်သော၊ (ခုနစ်သံ) တွင် တီးမှုတ်သီဆိုရသည်။ ယခုအခါ တဖက်တွင်ပြဆိုလတံ့သော ပတ်ပျိုးသီချင်းတို့မှာကား စောင်းတွင် (လေးပေါက်အောက်ပြန်) ညှိထားသည်၌ သီဆိုရမည့်ထုံးရှိ၏။ သို့ရာတွင် ၎င်းပတ်ပျိုးတို့ကို (ပုလဲ) ပေါက်များတွင်လည်း ဆိုနိုင်သေး၏။

# ပတ်ပျိုးသီချင်းကြီးများ

## ၁။ မြဝတီမင်းကြီးရေးသော-ပတ်ပျိုးကြီး

ကုန်းဘောင်ပရမေ – ဇေယာဘိ၊ သီရိသီရိ - ခုနစ်ကြိမ်၊ ဖြုပ္ပာဆုနှင်း၊ အောင်ခင်း စံရိပ်ငြိမ် × ရွှေတိမ် ညွန့်ဝယ်၊ လေးရောင်ခြည် လျှံလန်း နတ်နန်း ဝေယန်နှယ် × ပတ်သန်းငယ်တည့် ညာဗယ်၊ ရဂုံတောင်နယ် ပျံ့ကြွယ်ကြိုင် မွန်း၊ ယဉ်ရော - ရွှေသလ္လာ၊ ပေါင်းခဲ့ယှက်ဖြာ၊ လက်ျာခွေရစ်ဝန်းလို့လေး × မြကြည်သွန် - စီးဝှန်ညာမြင့်စွန်းက လေး × သဲငွေလျှံသောင်ကျွန်း တင့်ရွှန်းငယ် တည့် ဝေဆာ၊ သံစုံစုံရင့်လေး၊ ငှက်ကျေးချီချငယ်သာ × ရေမှာ - ရှုလျှင်၊ ရွှေဒွါရွှေလောင်း မြစ်ကြောင်းပြည့် အတင်တင် × ရွှေနန်းငယ်တည့် ရွှေရင်ပြင်၊ မြလျှံသွင်သွင်၊ ရေယဉ်ပြည့်လင်း၊ ပန်းရက်ကယ်ထုံ၊ ဝတ်မှုံ ခြွေရည်သွင်းလို့ လေး × ဆိုင်းဆိုင်းစည်၊ လေပြည် - ဆော်သံညှင်းလို့လေး × အိုကန်မင်းကန် မြတ်မွန် × သာမျိုးဆင့်ဆင့် ငယ်လွှန်×။ ။

**သဖြန်**။ ။လေးသွယ်ကျပြွန်၊ စီးဝှန်သုန်သုန်ဖြာလို့၊ ကုဏ္ဍလာ ရေကြာ ကြွယ်သည့်၊ လွန်အံ့ဖွယ်ကျုံး ×။ ကိုးဂီရိတောင်၊ ပြည်ကုန်းဘောင်၊ ရွှေဝတိမ် ညွန့်၊ ဇေယျသိန်နေသနင်းငယ်မှာ၊ ရာမင်းညွတ်ရှိုး။×

### လောကနတ်ဆက်

သောင်လုံးမြေလျှံ၊ ကျုံကျုံကြွေးရှင်၊ တော်ကြီးငယ် သံတင်နိုး × နတ် ပေါင်းငယ်ကြော်ငြာ၊ သခ်ါလေငါးမည်၊ ဒုလောင်းငယ် - တံရှည်ပျိုး × အ ဟုန်ချီကာ၊ ယမုန်သီတာ – ပင်လယ် အဏ္ဏဝါဖြိုး × မြန်ခန်းထွတ်စိုး၊ ရွှေဥသျှောင် ကုန်းဘောင်ဖြူဝန်းငယ်မိုး × ညွတ်ကျိုးတင်ဆင်ကာ လေတည့်၊ ရွှေနန်းရွှေညီ လာ × စကြာတော်လျှင်ကြောင်းရေး × သံသာလေချိုကျူးဧး × ဖွဲ့ရေးကုန် နိုင်ပါလေတည့်မှ၊ ရှိဦးငယ်မြတ်ဆယ်ဖြာ။ ။

### ပဋ္ဌရူပ

အဆင်း ငါးဖြာ၊ ကမ္ဘာလေ ရှည်မြင့်ညောင်း၊× အကြောင်းကဲလွန်စွာ သီဟာငယ်လေ မြိုင်သနင်း၊ ငါးကြင်း တူမကွာ၊ နာဂါ စွယ်လျမဟိ သာ × ငှက်မွန်ဆင်းဝါ၊ ဟင်္သာ ရွှေမုခ ဟတ္ထိနာဂ×စွယ်လျှနှာမောင်း၊ ကုန်းဘောင် မင်္ဂလာ ရှိဦးလေးတင်ဆင်ကာ။ ။

**သဖြန်**။ ။တိုင်း ကြေညာ ဘယ်ဇနိုန်တို့၊ ပြောင်မမှိန် တသိရ်ကြွေ့ငယ်မှ၊ မာန်ငွေ့မတင်း ×။ စက်ဖွားတော်ခိုလှုံ၍၊ အစုံဆယ်ကြာညွန့်ငယ်မှာ၊ ယုံကျွန့်လက်ရင်း×။ ။

**ရတု**။ ။နှင်းငွေ့ကွန့်၍၊ တိမ်ညွန့်တိမ်ဖူး၊ မင်းလွင်ဦးမှာ၊ ကြိုင်မြူးဧးမြွက်၊ ပင်ယံထက်လည်း၊ ကျေးငှက်စုံစုံ၊ သိုက်နန်းလှုံ၍၊ ဝတ်မှုံကြွေစ၊ ရုက်ယူမျှလျှက်×။ ။

**ယိုးဒယား**။ ။သော်က ရွှေနှုန်း × ဂမုန်းငယ်တည့် ဖြူညိုပြာ၊ သင်းသင်းငယ်လျှံ × ညှာရွှေတံ ကြိုင်ကြိုင်လန်း၊*ပန်းစုံကသာ၊ ရေမဏ္ဍာနှင့် ကြာသောင်းသောင်း၊ လေပြေ ညှံ့ညှံ့ပျောင်း၊ ဝတ်ရည်လျှောင်းတယ်၊ ညောင်းရွှေညှာ ×။ ။နန္ဒဝန် ကြည်သွန်ဧး မွှေးပျံ့စွာ၊ ကန်ရွှေမြေက လဲ့ဝေဆာ၊ပိတုန်းတောင်စာ ပန်းရွှေလိပ်ပြာ × ကိုးသွယ်ညွန့် ဖူးစီလာ၊ ဘုန်းရောင် ကွန့်မြူးလေးဒီပါ။ ။

**သဖြန်**။ ။ပြည်ကုန်းဘောင်သာ၊ ပင်ဝေဆာ စီစီရုံနှင့်၊ အစုံခြေ ယူသယ်ခွင့်၊ လိုဖွယ်မရှား ×။ နန်းငွေ့တမြှိုင်၊ × ပုလဲခိုင်ရတနာနှင့်၊ စကြာတော်လျှင်မြန်ကြောင်းငယ်မှာ၊ စုံပေါင်းရွှေထား။ ။

## လောကနတ်

လေးပါးဆယ်အင်၊ ကြည်လင်ပွါးထွေ၊ တရားမြိုက်ရေ လန်း × တိုင်းခန်းညာကြေ၊ သာယာလေငြိမ်းစေ – ဘုန်းမိုးရွာစွေဖျန်း၊ နွေနန်းရာသီ၊ လေဖျန်းညှာချီ၊ ပန်းစုံစု ကြိုင်လွှင့်မှာ၊ ဖူးခိုင်ဆင့်မွှေးလှိုင်ညီ × ဝင်းမှည့်မှည့်ဆင်းသိဂီ × ဂေါ်ဇင်ခွါပြာ ပန်းစုံကချီ၊ ကြက်ရုံးငယ်ခိုင်စံဖီ× ကျူးညီသံနွဲ၊ မြတ်ဖျောင်း ရွှေတန်ဆောင်နှင့်၊ အောင်ဇေယာပွဲ × ကြော်သဲငယ်ကြေညာ၊ မိုးစွင့်စွင့် မျိုးမြတ်မြင့် မြေဒီပါ၊ မိုးစွင့်စွင့် မျိုးမြတ်မြင့် မြေဒီပါ၊ တေဇာရောင်လျှမ်း × သော်တာ်မြိုင်ဆန်းသည်သို့၊ ရောင်လျှမ်းမြွက်သာကြည်။

**သဖြန်**။ ။ဘုန်းနေညွန့်စည်၊ ရှယ်ရည်တော်မူရာပ၊ သီလာတောင်ရေမြစ်သော်မူ၊ ဖြစ်ပေရာငြား ×။ တော်ကြီးငယ် မြေလျှင်နှင့်၊ ပဲ့တင်သံ ရှည်ကျူးတယ်၊ လူမူးလို့ဖျား။ ။

---

* (ပန်းစုံကသာ) ကစ၍သီဆိုသောအခါ တီးကွက်ကား (မြမန်း ဂီရိန်သေလာတောင်) ကိုလိုက်၍ တီးရသည်၊ သီချင်းအတိုင်းမလိုက်ရ။

## ၂။ မြဝတီမင်းကြီးရေးပတ်ပျိုး

ဘုံပျံနေနန်း၊ ပြင်ခန်းစံမွေ့၊ လျှံငွေနှင်းစီစီ၊ ခွာပြာညိုလဲ့လန်း၊ ငုံမြန်းကြ
ဖူးတံချီ X ရီရီဝေဝေ - တိမ်ခြေ - မြလွှာ၊ မှုန်မှုန်ငွေနှင်း လေသွင်းစ ရာသီမှာ X
တောင်တောငယ်တည့် ဖွယ်ရာ၊ ဖြူပြာ - မာလာဂန္ဓာ ကြိုင်သင်း၊ ဂမုန်းအင်၊
သဇင်ပင်မြင့် မင်းနှင့်လေး X ညိုစိမ်းဝှန် ညာမြန်ရေက ဆင်းပေါလို့လေး။X
ဟသ်ာငယ်သောင်တင်း၊ ပိန်ညင်းနှင့်စင်ရော်၊ မြစ်မှာလေတခန်း စံမြန်းကြမ္မူး
ရှင်ပျော် X ဖေါ်ရွှေပေါင်းမှာ၊ ယင်းမောင်နှင့်မယ်၊ ပြာပြာရောင်လင်းသောင်
ခင်းနု ငွေလျှံငယ် X ရှုတိုင်းငယ်တည့် လွမ်းဖွယ်၊ သာတယ် ခါရွှယ်၊ ညာဗယ်
ရစ်သိုင်း၊ ပြာရိပ်မှိုန် ဖလ်ရှိန်ညိုလဲ့မှိုင်းလို့လေး X ရွာအုံ့စွေ တိမ်ခြေမြနှယ်ဆိုင်း
လို့လေး၊ X အိုရှုတိုင်းတွေလှတယ်၊ ရွှေသည်း ဆွတ်လွတ်ဖွယ်။ ။သွယ်သွယ်
ရွှေရုံဝန်းလို့လို့။ ။

လွမ်းမပြေလို့ နေခက်အောင်ကိုသာ၊ နတ်ကယ်ဘယ့်နှယ်ဖန်လာရေး၊
ရွှေညဥ့်လွှာရှို ခြုံလဲငယ်ချမ်းဝန်လေး[÷]X။တွေဝေမှိုင်ကာ၊ခွေခွေယိုင်ကာ၊ယွန်းရွှေ
သဥ္စာအုံးမှာဆွေး၊ တမ်းယောင် ဘယ်ဆောင်ဘယ်မှာ၊ ဘုန်းမျှော့ကေသာ၊
*ဘွေစံရာ။ ။သော်တာပေါ်လာ၊ ရောင်ယှက်ဖြာကွန့်၊ စကြာစုံစုံရွှေ X သီဝေ
မျှော်ကာ၊ ဖြာယှက်ရောင်ဝှန်၊ သာလွန်ပူမြှ ပန်းလန်းနိုင်၊ မှိုင်ယောင်ခွေခွေ၊
† ပန်းလို့စေ X ဘုန်းဝေ တဝမ်းနဲ့၊ အချမ်းသဲ့၊ မြပုလဲကြာရံလယ်။ ။ဘုန်း
ဘုန်းရင်နေနွယ်။ ။

### လောကနတ်

ကျွန်းကျွန်း - သိမ်းမြန်းပိုင်၊ နိုင်နိုင်ငံစိုး - ဖြိုး ဖြိုးရှိဝေမြှိုင် X လန်းလန်း
ဆယ်ခိုင်ပန်း၊ X သိန်းသန်းရောင်ဝေ - ထောင်နေဝင်းလျှံ - လန်းလန်းရွက်ရော်
မြန်း X ရွှေဝန်းခညောင်း ဘယ် ဆောင်လယ် မော်ဝယ် ပျော်ဖို့၊ သွေယိမ်းမြန်းX
ငွေနှင်းတဖျန်းဖျန်း X တဆန်းဆန်း၊ လေညှင်း တသန်းသန်း X လွမ်းအလွမ်း
သာလှိုင်Xဖြေလဲပြေပါနိုင် - တွေမှိုင် X ဘွေဆိုင် X ခွေလဲ့ခွေကာယိုင်၊ သင်းသင်း
ကြိုင်ကြိုင်၊ ကေခိုင်နွမ်းယိ သိမ်းလဲ့ပြိုပြိုသိမ်း X ပျောင်းနွဲ့ခွေယောင်၊ စံမုဆောင်
လကျ်ာနှင်းရော မလ္လာပိန်း X စံမြဲကြော့လန်းကြာရံ သည်လည်ကသာ၊ ဒေွနှူး
ယိမ်း X ပူမြဲမှန်မတိမ်းXဆူသဲလွမ်းမငြိမ်း X သန်းယိမ်းလွန်လဲ၊ ပျော်ဘဲပျော်လို့
မှိုင်၊ ၂-အမှိုင်-မြဝေဝေတဲ့မိုမို၊ ဖြေလဲ့ပြေဘဲပြေလို၊ သဲငယ်ဖိုဖိုငိုခင်းပျောင်း၊X။

---

* (ဘွေစံရာ)ကို=(ဘွေဆံကြာ)ဟု-အဆိုတော်ဦးပေက ပြင်သည်။

(ပန်းလို့စေ)ကို=(လွမ်းတစေ)ဟု ဝက်မစွတ်မင်း ပြင်သည်။

÷ ကျွန်းကျွန်း သိန်းမြန်းပိုင်၌ (လန်းလန်းရွက် ရော်မြန်း) ကို (နတ်နန်းဝေယန်ငြမ်း)ဟု ဝက်မစွတ်ခင်းက ပြင်သည်။

မြမြမောင်းမောင်း၊ ပြာအညိုရွှေ - တိမ်ခြေငွေနှင်းပေါင်း× ဝေအစည်စည်၊ လေပြည်လေညင်း၊ လုံနိုင်အောင်သာ၊ လောင်းပြန်တော့သာ၊ လေလေ့ပြောင်းရိုက်ကယ် ဆော်ကာသာ ×॥ ॥အုံးရွှေသဥ္စာ - ယွန်းမော်ကြာရံလယ်၊ ညိုးညို့ငယ်ငယ် - သေမျှားသေချင်ဖွယ်၊ ဘုန်းကြွယ်ကြွယ်၊ ဖန်ဘဲအား၊ ဝေယန်လယ် စံတယ် - မြင်ယ်လေ၊ ရ - တစေ နေလွန်းအား၊ ပူသူများ ပူရော့မယ် လေလေ့၊ မေ့ရက်ကယ် နေနိုင်တယ် ×॥ ॥သဇင် စကား ချရား စမွယ် စမ္ဗိရွှေသွယ်-ပျံ့လှယ်ဝတ်မှုံမွေး၊ လေပြေတသွေးသွေး၊ စုံမြိုင်ခြေ ကျေးက ပန်းသာထွေ × ဆောင်ယွန်း မော်သွေ၊ လေဝန်းရစ်ကာခွေ၊ ရွက်ဝါကြွေနွေမှုးမှုး၊ ရာသီခါမို၊ လသာခေါင်၊ မြလွှာမှောင်တောင်ခိုးမြူး၊ ရွှေဖီဖူးပေါ်တော့မယ်လေလေ့ မေ့ရက်ကယ်နေနိုင်တယ်×॥ ॥ညှိုးငယ်ခွေ ယိမ်းမြန်း၊ ပူပုံပန်း ရွှေပင်လယ် အိုကြာနှယ် ကွာရေဝေး - မြင်လာပါဘဲသွေး॥

တွေးကြံနိုင်အောင်၊ ရိမ့်မှိုင်းမြောက်တောင်၊ညှင်းသာလေ့ဆောင်၊ အိုအိုဖန်ရောင်မလန်း၊ အာကာယံ၊ တောင်တောသာနွေပွဲဆန်း၊ ငှက်သံညံစီစီ၊ ပင်ညီဝေ၊ ရွှေဖီခိုင်ညာလန်း၊ မြမြမြန်းမြန်း၊ ငုံပြေပြေ၊ မြိုင်လုံး လွမ်းဖွယ်ထွေ၊ ညာကြေမှိုင်းလှလှ၊ တောင်တောငယ်တခို - ရှုတိုင်းငယ်စို၊ ညိုစိမ်းမြမြ၊ ခါနွေဆန်းပါလို့ ပင်နန်းငယ်သာထွေ၊ လျှော်ရွှက်ကယ်ကြွေ၊ နွေသွင်းစ-ရွှေလရောင်ညီ - ဘရဂူဏီနှင့် ယှဉ်မှီထွန်းလာပြန်တော့မယ်॥ ॥

စုံသာမြိုင်လယ်၊ လွမ်းဖွယ်တခန်း၊ ယဉ်ပုံဝေ ထွေဆန်းလှ၊ ရော်မြန်းရွှက်ကျင် ညိုလွင်လဲ့ မောင်းပြေပြေ၊ သာသာလေညှင်းဆော်သုံ့၊မြူးလာယှက်သန်း၊ ကြုံကြုံရွှေငုံ၊ ပန်းမှုံနှံ့ကြိုင်လန်းလန်း၊ ဖန်နန်းစကြာလဲ့မှိန်၊ တိမ်ကတင့်ရဲ၊ ဆင်လို့အနဲ့နဲ၊ ကွဲကြေကြေ သွေးစေလုဖွယ်၊ တပင်ပျံလယ် မြေယံဝယ်၊ ရွှေရင်ပေါင်လယ်၊ ဖိုမမောင်မယ်၊ မြူးတယ်ခေါ် သံသာနှင့်လေ၊ ကိုယ်လုံးမြစေ၊ သိုက်ရွှေမြင့်နန်းလယ်မှာ၊ ပန်းလွှာရည်ရေး နီလာသွေး မြူးပျော်ကာ ကြွေးဖေါ်ညီဝေး၊ လှမ်းခြေယူနွေး ပူဝန်လေး၊ ကျေးငှက်ကယ်ညာဗယ်၊ တောင်နှင့် တောငယ်မှာ လွမ်းရန်သွယ်သွယ်၊ဆင့်အောင်ရင့်ယူ ကူလို့တခန်း၊ မြူးကြအဆန်းဆန်း၊ စုံသာမြိုင်နန်းဝေလဲ့စီစီ၊ မင်းလွှင်ကချို၊ နွေရာသီကြိုင်လှိုင်လန်း ညှင်းလေကဖျန်း၊ရွှေလျှံငုံမြန်းကြွေလှညာခိုင်၊ ပန်းမှုံနှံ့လှိုင်၊ ဖူးပင်တိုင်ငယ် မြင်စမ်းပါလှဲ့အုန်း၊ ဖူးပင်တိုင်ငယ် မြင်စမ်းပါလှဲ့အုန်း၊ အုန်းညံလွမ်းရန်မြိုင်နန်းလုံး၊ ညိုမြလွှာရောင်ရိမ့်မှိုင်း ဝေဆာမှောင် တောတောင်ငယ်သာခန်း၊ ပျော်ဖွယ်ထွေပါလှတယ်၊ ပြာခြေမှာ၊ ဝါရွှေလျှံမောင်း၊ သာလေ ညာကျေ ပျံ့လှောင်း၊ ရွှာလုဟန်လို နေနန်းတိမ်ခိုခို၊ ဘာပြုလို့မှာန်ပြို၊ မိုးမိုတိမ်ကြီးငယ် - ဆီးလို့လေး၊ ဝေစီစီ ရွှေဖီညှာညွှတ်ကယ်၊ ပန်းဝတ်ကယ်သင်း॥ ॥

**သဖြန်**။ ။အာကာယံ၊ မြလျှံညိုလဲ့ မောင်းလိုလင်း။ မြိုင်ရဂုံ၊ မှုန်မှုန် ငွေနှင်းငယ်၊ လွှမ်းလေကသွင်း။ ။

**အထူးမှတ်ချက်**။ ။ဋင်းသီချင်းကို ဘိုးတော်ဘုရားလက်ထက် မင်းကွန်းဘုရားကြီး တည်တော်မူသောအခါ၌ ဆိုင်းတော်များတီးရန် ရေးသားဆက် သွင်းသဖြင့် ဦးစကို အတွင်းဝန်ခန့်တော်မူသည်။

---

## ၃။ မြဝတီမင်းကြီးရေး အိုးနှောင်ချိုး - ရေလားပတ်ပျိုး

မိုင်းပြာမှုန်ဝေ၊ လေပြေလာ၊ ခါခါနှင်းဖွဲ့ × ရဂုံမြိုင်ယံထဲမှာ၊ ပန်း လဲ့စုံစီ × ရေသီတာ-ထွေပြား၊ ရေမှာ - မြလားလေ × ထားကေလို့ပန်း၊ နန်း ကြာကြောဲ့စံ × ကြုံပြန်ခါမှုန်း၊ ရွှေစက်ကယ်မြန်းပါလို့၊ ပျော်ခန်း-ပျော်ခန်း၊ ဘယ်မှာမှုန်းပင်သာ၊ နှုန်းမမျှသည်တည့်လေး × အလိုရွှေသွေး သည်းချာက ဆွေး × ပျံ့မွှေးငယ်တည့်ကြိုင်စွာ - ပန်းတည့်သာ၊ ဂန္ဓမာ × သိင်္ဂါစုံမှူ၊ ရွှင်ငုံ လျှံညီ - ရွှေဖိငယ်ဆင့်လောင်း၊ ရွှေကျေးတမာ၊ သာကာပေါင်း × သံညောင်း ငယ်သာ၊ ကျူးကာရင့်ရင့်လေ × သံညောင်းငယ်သာ၊ ကျူးကာရင့်ရင့်လေ × သင်းသင်းလှိုင်ဝေ၊ ဝင်းဝင်းခိုင်ရွှေ၊ ညှင်းညှင်းငယ်သာလေ × ဆံကေသိမ်းနိုင် × နွမ်းခွေကာယိုင် တွေးမှိုင်-မှိုင်ယောင်သား × တိမ်းပါးယိမ်းနွဲ့နွဲ့- စိမ်းလဲ့လဲ့-ကမ်း နှင့် ရေဟုန် - သဲငွေခို သောင်နုမှာ သချင် လုံ လွမ်းဖွယ်ဆို × ပန်းဖွယ်ကြုံ၊ မရွှာဘဲငယ်မှုန်၊ ငွေခိုသောင်ဦး၊ ထူးတဲ့အမူ၊ တပင်ပျံ့သန်း၊ ကြာနန်းကြော့ လှနတ်တူ × ပူအောင်လို့သာ၊ မိုးပြုငယ် - သန်ကြွင်း၊ ငွေနှင်းနှင့်တိမ်ရောရာ × တောင်တောသာ၊ မာလာရွှေခိုင်ဆန်းလှလေ × ကြုံဘူးပေါင်၊ သည်းခေါင်ကြွေ လုပန်းမျှလေး × ၂ မင်းလွင်ငယ်တခန်း- ညိုညို-စိမ်းလန်း × နေနန်းငယ်ဘုံရွှေ- မှိုင်းလိုလို - လွမ်းရန်ထွေတယ်ကိုလေ၊ မှိုင်းလိုလိုလွမ်းရန်ထွေ၊ဖန်ဖန်လဲ့ နွဲ့လိုငယ် မွေ့၊ ရေသီတာနန်း - သာခန်းသဲခုံဘွေ့၊ လေပြည်နှင့်သာ၊ ရဂုံမြိုင်တွင်း ကြိုင် သင်းပျံ့မွှေးမာလာ × ရွှေပြည်သိင်္ဂါ-ဒါဟာစုံနှုန်းဖက်မဲ့လေ × ကြာနန်းပျော်- ကိုယ်တော်မြင်လှဲစမ်းပါလဲ့လေး × အိုဘယ်မှန်းရွှေမြောက်တောင်၊ မျှော်ပါလဲ မျှော်လဲသိတတ်နိုင်ပေါင်။×။

သဖြန်။ ။ဆွေးကြွေမည့်ယောင်၊မောင်မယ်ရင့်ကြွေး။ ရှုလဲကုန်နိုင်နှင့်၊ စုံသာမြိုင် ရေယဉ်လမ်းငယ်မှာ၊ ငုံပန်းက မွေး။ ။

## ၄။ မြဝတီမင်းကြီးဆို-ပတ်ပျိုး

စိန်ငွေလျှံ၊ သာဟန်လေ၊ ထွေထူးဆန်း × ပန်းနံ့ ငယ်တည့်၊ သင်းကြူ၊ ရွှေတည့်သာ၊ ရွှေမဥ္ဇူ × ဆွတ်ယူခြွေကာ၊ ဖို့မသံကြွေးပါလို့၊ ငှက်ကျေးငယ်ငြာ သလေး × ဘာသာ - တွန်ထူး – ပျော်ကြူမြူး × တိမ်ဦးငယ်တည့်လေဆင် နယ်တည့်သာ၊ နယ်ရှစ်ခွင် × မင်းလွင်က-ဖြိုး × အိုးညိုးတော်ဖန်လာသကို၊ မှိုင်းရည်ဖွဲ့မိုး × ရေနယ်လျှံ × ပျော်စံအိုင်မင်းမှာ၊ သင်းလေထုံနံ့မွှေး × လေပြေသွေးသွေး၊ မြသွေးငယ်ကြည်လင်ဧး × မြှော်ရေးခငြောင်း၊ စုံမှိုင်ယံညှာတံပင်လုံး ငယ်ပျောင်း × ရွှေပေါင်း ပျော်ရာ စုံလေတည့်မှ-ရနံ့ရွှေပြဒမ်။ ။

**သဖြန်။** ။လွမ်းစေဘိုကြုံ၊ နေအရှက် ရောင်ခြည်ဆို့ပါလို့၊ ပြန်စို့ဘုံနန်း×။ မျှော်လဲ့ အိုင်ကုဏ္ဍလာက၊ ရွှေကြာကို လေပြေသွဲ့တယ်၊ ဖေါ်မဲ့ သူပန်း။ ။

---

## ၅။ မြင်ကွန်းမင်းသားရေးသော-ပတ်ပျိုး

မြန်ချာ-မြေကို၊ စံရာ-ရွှေဘို၊ နန္ဒာ ရေညိုဝန်း ဖြာရောင်ရွှန်း × လူမွှားလုံးဖျား၊ ပြည်ကုန်းဘောင်၊ ရန်အောင် - မော်ကွန်းလေထား × ခြောက်ပါးခြည်ရောင်စိုသည်နှင့်နှင့်၊ တည်ထွန်းရွှေချက်သို × ဗဟိုလေ၊ ရွှေကွန်းနန်း × ကျုံးပတ်လည်ထွေ-ထူးငယ်ဆန်း × စံခန်းဇာန္ဒာ၊ လျံလန်းသိင်္ဂါ - ခုနစ်မည်ဌာနမှာ၊ ပြည်ပြည်မျှား‌ဦးညွှတ်ရာ × ယင်းနေကဆက်စဉ်လာ၊ ဗိုလ်ကိုးထောင်၊ တည်လာတိုင်းကြီး မြောက်ညာ-လေလေ့ ရှစ်မင်းငယ်-ပယ်ခန့်တာ × မြတ်ရွှေသမ္ဘာ-တေဇာလျှံလင်း၊ ရန်ပေါင်းငယ်-သည်ဝယ်ဖြိုခွင်း၊ ရွှေဘို မြေမျှားမင်း၊ စံခင်းငယ်အောင်ချာ၊ ဘေးမြတ်-မြင့်-ဘိုးစဉ်လာ၊ တေဇာဝုန်သည်း၊ ရိပ်ဖြူပိုင်ချည်းပေမို့၊ ခမည်းမြတ်ရာဇိန်လို၊ အောင်ချိန်ရွှေပြည် စိုးစံဘိသည်-လေတဲ့မှ၊ နတ်မျှားငယ်ဖန်တော်ရည်၊ ×၊

**သဖြန်။** ။မင်းမင့်ခေါင်တည်၊ ကျုံးရွှေစည်သပြေညာလို့၊သောင်းဒီပါရေမြေနှံမွဲ၊ သံဝှန်ခြိမ့်သဲ ×။ ဘုန်းတေဇာ နိသင်ကြောင့်၊ ဘယ်ရာဝင် ဘယ်ဝယ်ခါသို့၊ ဘွေသုနာပရန္တငယ်မှာ၊ ကြုံဘူးရဘဲ။ ။

---

## ၆။ မြဝတီမင်းကြီးရေးသော-ပတ်ပျိုး

အောင်ခန်းမြို့၊ ထောင်နန်းတည်၊ မြတ်နွယ်လာ၊ သမ္ဘာတိုး၊ ဝေဖြိုးကွန့်ကွန့်လည်×တေဇာညွန့်စည်၊ ရာပြည်ပြည်မင်း၊ ဦးညွှတ်ခစင်းစင်း × ပြည်သိင်္ဂါနဒီချင့်တယ် နှိုင်းစံတင့် တင်းတင်း၊ × တွင်းခိုခရာ့တတည်ပြည်ပေါင်း၊ ဦးညွှတ်ခညောင်း × သောင်းသောင်းကြေညာ၊ ဒီပါမြေလျှံ၊ တေဇာနှုန်းလို၊

ဘုန်းတော်ဖန် × တမ္ပဒီဘွေ၊ ပတ်လေးထွေ-ရေယဉ်ခ,တယ်၊ စီးသွယ်ကျလျှော ဆင်း × နေနတ်နွယ်တော်မဟာထွန်းလင်းလို့ဖြာ × သမ္ဘာလျှံ၊ နက်သန် ဘုမ္မိ တိုင်းမှာတဲ့လေး × ပြောင်ဆဒ္ဒန် ရောက်ပြန် တွင်သမိုင်းငယ်နှင့်လေး×ဆိုင်းဆိုင်း ညို့ မှိုင်းမို့ကာ၊ တောင်သေလာက-ဖိလာဆီး။ ။

**သဖြန်**။ ။မန်းမြို့အောင်ချာ၊ မန္တလာငွေလျှံလို့၊ ရေပတ်ရံဆီး×။ သဲ ခြိမ့်ခြိမ့်တုန်×နတ်နန်းဝေယန်ဘုံသို၊ ပြည်ဇေယျုံတောင်ရွှေမန်းငယ်မှာ၊ စံနန်း က ညီး။ ။

---

## ၇။ ဇာတ်ဆရာကိုကျောက်ခဲရေး-ပတ်ပျိုး ၂-ပုဒ်

(က) ရွှေယင်ပေါင်-ငွေယင်ပေါင်၊ သဲခုံပြန့် - ကျွန်းရွှေသောင်×ပျော်မြူးကြ- ငှက် မယ်မောင်၊ လည်ချင်းတွဲလို့ငွေသောင်× လွှမ်းလွှမ်းလို့ နှောင်မှာ လေ၊ ဖိုးခေါင် စင်ရော် - ငှက်တော်မြစ်တွေး၊ ပူဖိုဖန်-သဲကန်-ရေယဉ် မှာတဲ့လေး×ငှက်မောင်နှံ လွှမ်းရန်လည်တင် - ကြွေးပါလို့လေ×တဆွေး ဆွေးငယ်နှင့် – ပူရေးငယ်ပြင်ကျယ်၊ မျှားပြန်တဲ့ခါကြုံအင် × သူမမြင်၊ လွှမ်းအင်ကြံဖွယ်ဆိုက်ပြန်တော့မယ် ငယ်လေး × သိုက်နယ်သည်ကျွန်း မှာ—လွှမ်းဖေါ်မဲ့ဝေး၊×၊ ရေပင်လယ် - လောင်းငယ်ကုန်ခတ်လို့ - ကူး တတ်နိုင်သေး×အုံ့မှိုင်းလို့ရီ နဒီပင်လယ်ရိုးငယ်မှာ၊ မိုးချုပ်ပြီလေး×အို ဖြေလဲနေမသာ၊ ပူရေးကြုံပြန်လာ × ကြံမသာ – ရောကြွေ့ဝဲငယ်မှာ၊ မောင်နဲ့ပူပုံကြွယ်၊ခါသည်ကြုံရေးငယ်နွယ် × ဆွေးပါတယ်နော်သဲ၊ လွှမ်း သူတို့ပဲ၊ ဖဲဘုံသာပေါ် × ချစ်သူကိုယ်တော် အို မြင်လာဘဲငယ်နှင့်၊ မောင့်ပူနဲ့ကို၊ လွှမ်းတယ်ရွှေကိုယ်၊ ဘုန်းကြွေ့မိုမို×မောင်လိုနော်ပူဆွေး စ၊ လေးလုံမိငယ် အကြင်နာဝေးသူတို့၊ ဆွေးပူလိမ့်မယ်× အိုပူပုံပန်းပါ ဘိ-နန်းနေညွန့်နွယ် ×။

**သဖြန်**။ ။မြင်လှဲ့ပါကွယ်၊ သူမယ်နှင့်ဝေး×။ ရွှေလောင်းငယ် လှေ ငယ်နှင့်၊ ရိုးပင်လယ် နဒီဝဲငယ်မှာ၊ ဆူသဲကဆွေး။ ။

(ခ) ရည်ပင်လယ်၊ ရေနယ်လျှံ၊ ညံ့ညံ့ကျူးလို့မြူးပျော်စံ၊ ကြာရံနေညောင်း ရွှေပေါင်းမျှား သူ့ထားကေဆံ၊ ဘယ်ရွှေကံ–ဘယ်ရွှေကံ၊ ဖန်ဖန်ညွန်း မလွှာထွန်းတဲ့ ကျွန်းနိုင်ငံ၊ အောင် ဇေ ယာ လက်ကျံကျံကြွေး×ရေးမှာ မာလိန်×ကူး ရွှေဥာဏ်ချိန်တယ်လေး × စိန်မှာဆောင်နန်းငယ်က ဆန်း ရွှေ့ကိုယ်တော်×အိုပူပုံပန်းပါဘိ–နန်းပင်မြင့်ပေါ် × ကျူးကြော်ညံ့စေ

မြူးပျော်စံထွေတယ်လေး× သောင်းရွှေမေါင်းလယ်–ပျော်စမွယ်၊ မျှော်လဲဖန်ဝေ×လွမ်းလွမ်းလို့လေ × သာခွေမြေနန်းငယ်က၊ ဆန်းငွေသော်တာ၊ အိုပူပုံပန်းပါဘိ၊ သန်းရွှေမြည္မာ။×။

**သဖြန်**။ ။ခိုးရိပ်ကယ်ပြာမှိုန်၊ လွှာတိမ်ကမေ့း×။ မြူခိုးစီစီနှင့်၊ မှိုင်းဝေရီ လယ်ဦးငယ်မှာ၊ မှိုင်မှူးလို့ဆွေး။ ။

(ကိုကျောက်ခဲရေးပတ်ပျိုး ၂-ပုဒ်ပြီး၏။)

---

## ၈။ မြိုင်ကွန်းမင်းသားရေး–ပတ်ပျိုး

လောင်းပန်း ဂမုန်းအင်လေတည့်မှ၊ အနန်းဂေါ်သဇင် × တသွင် ခိုင်ရွှေညွှာ၊ အပင် လှိုင်ဝေဆာ၊ ဆွတ်ဖျန်းငယ်ညှင်း လေဆိုင်မှာ ကြိုင်ဧးစွာ×အစဉ်ခါယှဉ်လာ ယဉ်ရာ၊ မြရည်ငယ်ရေကင်း၊ ရွှေတသင်းငယ်မှာ၊ ရွှေဟသာ ဝေးကွာတင့်တင့်စော× အိုရွှေဟသာ ကြွေးလာ ရင့်ရင့်နွှော၊ ဥသြသာရကာလေတည့်မှ၊ တကြောစုံမြိုင်မှာ × ခေါက်ရှာငယ်ခေါ်ထူးရင်း × နွဲကာသာပျော်မြူးခြင်း× လေပြေညှင်းညှင်း သင်းသင်းဂန္ဓာ မွှေးပျံ့ပန်းမာလာတည့်မှ၊ မြသားရေကန်မှာ× စိမ်းလဲ့ရှင်ကြည်စွာ × သံသာ သံလေး၊ ခေါ်ကာပြန်ကြွေး၊ ဖေါ်ရာတဧးဧး၊ အိုငှက်ကျေး မယ်နှင့်မောင်၊ ကြင်ကြိုးဖွဲ့ယှက်ကာနှောင်။

**သဖြန်**။ ။မှိုင်းရီလို့မှောင်၊ တောင်တော ညာဘသိရ်က၊ သာဂိမှေ့နွှေရတုငယ်မို့၊ ကြွေလုဟန်စော။ ကိုးနယ်ပြည့်ဆင်၊ မင်းလွင်မှာတိမ်မိလ္လာနှင့်၊ ပင်သိင်္ဂါ ခိုင်ညွှာညွန့်ငယ်မှာ၊ လေကွန့်တဲ့တော။ ။

---

## ၉။ မြဝတီမင်းကြီးရေး - ပတ်ပျိုး

စိန်ကြောင်နီလာ၊ ထိန်ဖြာဝင်းမှည့်မှည့်၊ ဖလ်ရှိန်ငယ် သိင်္ဂါ အရောင်ဝေ× မှောင်ခြေပယ်ခွါ၊ မြတ်မွန်ရတနာ၊ လျှံညီးလင်း × ရွှေနန်းဆောင် ဆောင်ဘုံမှာ၊ ကြယ်ပေါင်းရွှေရံသော်တာ၊ ချီးကျုူးငယ်ဆယ်မည် - သံသာညှင်း၊ ပျော်တော်ခင်း × ထီးအစင်းစင်း၊ အမင်းမင်း၊ ခွန်ကျုံးဆက်သွင်း၊ ထုံးသန့်ရှင်း၊ ဆယ်ကြာသွယ်ညွန့်၊ စက်ထံခိုလှုံ၊ သက်နှံ့ကြည်ယုံ၊ စုံဖူး ရင်း၊ နှင်းပြောင်းတဲ့နွှေငယ်မှာလေ၊ သွင်းလောင်းပျံ့ ရီရီမှုန်ပြေ၊ ဝတ်ရည်လှယ်ဝေ ငှက်ကယ်ယုယဆွေးလျှငယ် ပင်နန်းနေ × ကြင်ရေးဆက်ကာနှောင်သည်နှင့်၊ ဘိုးခေါင်ငယ်

ညံ × စုံမြိုင်ယံ ပန်းကထွေထွေ၊ ဆင်သင်တိုင်းငယ်နှင့် အုံမှိုင်းငယ် ရိဝေ၊ အမွှန်းမွှန်းငယ်က၊ ရင့်ကျူးဖန်ဖန်စွေ × ယဉ်ရွှေရံခ၊ သာစွဗိမာန်၊ နတ်ထံငယ်တရှို၊ ချီးမကုန်ကြုံဘူးရသိ၊ × သလ္လာရော၊ ခွေကာဝိုက်ကွေး၊ တောင်စဉ်ငံ့တိမ်လွှာ၊ ကြိုင်မွှန်းရေသွန်း မဥ္ဇူ၊ နတ်ပြဟ္မာလေ သံချီးကြွေး။ ×။

**သဖြန်။** ။လေးမြေလုံးဗဟို။ပင်ဝန်းမြရိပ်ဝေ၊မြန်သပြေ ရွှေဝံချက်ကယ်ပ၊ ကနက်ကယ်ဆူဆူပွင့်ပါတဲ့၊ ကိုးဆင့်ရောင်စို × နတ်ပေါင်းငယ်ခို၊ မြင်းမိုရ်နှင့်တန္တန်း။ ရွှေဥကင်ဘွေသီဟာမြင့်၊ သောင်းဒီပါ ညီလာခံ့တယ်လေ၊ နေလနှစ်ဘုန်း။ ။

---

## ၁၀။ မြဝတီမင်းကြီးရေး - တောလားပတ်ပျိုး

အထူးထူး - ငယ်နှင့်၊ မြူးပျော်ဖွယ်ပေ၊ ထွေထွေ - လာလာ - သာမျိုးဆန်း × နန်းကြာညို ကြော့စမ္ပာယ်၊ နတ်ကယ်မူရာ၊ ဖြူပြာသွယ်လျ၊ ကုန်တယ်ယဉ်နွယ် - ရွှန်းရွှန်းလန်းလို့၊ မျှော်ရေးငယ်ပန်း × အလို ခါနွေဦး - ဖူးစီညွန့်လန်း × ရွှေ - မာပင်နန်း၊ သာသည့်မယ်မောင် - ပန်းရည်ပျော့တောင် × ငယ်မှာလေ၊ ခေါ်ယောင်ယောင် - သံရင့်ကြွေးတယ်၊ စိမ်းညိုလဲ့ကျေး × လေပြေဆော်သွေး၊ မြန်းလှာစုံမြိုင်၊ ပန်းမှုန်နံ့လှိုင်တယ်လေ × အလို သင်းကြိုင်ကြိုင်၊ အလို ဝင်းလှိုင်လှိုင်၊ ခိုင် တဲ့သာ ခိုင်ရွှေညှာ × သာမျိုးငယ် – လေထူး × တပင်ပုံကူး ကျေးသူတို့မြူး × တိမ်းမူး ယိမ်းတန္နဲ့နဲ့ - စိမ်းလဲ့လဲ့၊ သင်းတဲ့ ကေခိုင်၊ နွမ်းခွေယိုင်သာပျော့သည် - မာလာကြော့ နှင်းလှိုင်လှိုင် × သင်းကြိုင်ကြိုင်၊ ဝင်းမြိုင်မြိုင် × တခိုင်လုံးရွှေ - ညှင်းလေဆော်မြူး နွေဦးဆန်းလန်း၊ ဝေဆာပန်းငယ်ထွေလာ တောတောင်လုံး ငယ် ညံစာ၊ ကျေးကငယ်သာ - မြရော်အဝါ၊ ဖြူညိုရွှေပြာ၊ ငွေခုံသောင်သာ၊ ကြွေးရင့်ကျူးသံဝါ၊ မြူးပျံကာ × ရှုတိုင်းငယ်သာ၊ သိင်္ဂါရွှေရည်ဆမ်းလို့လေး၊ နေနန်းဆောင်၊ ဖြူရောင် - တိမ်ခိုးက ဖြိုးရင့်ကာ - အုံ၊ စိစိငွေနှင်းလေညှင်းက လွှမ်းဖွယ်ပုံ၊ ကြုံပြန်ရတယ်၊ နီလာမြရော၊ တိမ်ကြောက၊ ကြွေမည့်နွယ် × ကြာယွန်းလယ်၊ ဖြေတယ်ပြေရန် ရေးငယ်နှင့်လေး × သာမျိုးစုံ ရဂုံမြိုင်ယံကျေးကလေး × စိမ်းလျှံရေလဲ့သွေး - ရေရေလုံးဖွေး × သံလေးငယ် ဖျော်ဖြေ - ပြောင်လိုလို့နဲ့ကာထွေ။ ။ပျော်ပေါင်လေဆန်းမှိုင်လိုလို လွှမ်းဖွယ်ထွေ။ ။ဟေမန်ကြွင်းငယ်မို့ ညှင်းညှံ့မြေ၊ လေပြေဆော်သွင်း၊ ငွေနှင်းက - လွှမ်းရန်ပွေ့တည်၊ဖလ်နေလဲ့မှိုန်၊ အာကာကလဲ ကြေကွဲဖွဲ့ မှိုင်းညို့ညို့တိမ်×မြခြူးလိမ့်စံအိမ်၊ ရွှေပင်ဦးငယ်ကလေ၊ သိုက်နန်းလယ်မှာမောင်မယ်ခေါ်သံ ထူးပါလို့လေး၊အိုနွေကူး သာလှတယ်၊ရွှေဖူး ညှာမြနွယ်။ ။

**သဖြန်**။ ။မိုးယံမြင့်လယ်၊ ပြိုမယ်ခုတိုင်း×။ မြကြောငယ်ညိုညိုနှင့်၊ လွှမ်းပိုအောင် သာလေညှင်းငယ်မှာ၊ ငွေနှင်းက ဝိုင်း။ ။

---

## ၁၁။ မြဝတီမင်းကြီးရေး - ပတ်ပျိုး ၂ - ပုဒ်

(က) သာရကာ ကျေးငယ်တို့၊ ခွန်းနွေးရာသိုက်မှို၊ ရဝိန်ဘုံခန်း၊ လယ်လမ်းကွန့်ဒေသစာရီ × ပတ်သန်းငယ်တွဲစီရီ၊ ဇော်ဂီ - ကွက်ဆင် - သက်တင်ချိပ်ပန်း၊ တိမ် မိလ္လာ - စူကာ - ဆင်ဇော်ရမ်း - နှင့်လေ× ဆေးပန်းချီစုံစီ - ခြယ်လှယ်သန်းလို့လေး × ရှစ်ခန်းတခွင် - ခြယ်မင်လှိုင်းပါလို့၊ အိုဆင်သင်တိုင်းငယ်နှင့်၊ ဝိုင်းကာသာအုံ၊ ညွတ်ခွေယိုင် ဖြေနိုင်ဘဲ၊ ဘွင်သဲကျွေလု - ဆွေးစေကြုံ၊ အိုမိုးငယ် ရွှေအမှုန်က၊ စည်သံစုံဆော်လာချွဲပါလို့ - ဖေါ်ကွာမဲ့ဆွေးဖူစေဖန်၊ ရွှာပုံဟန်နှင့်သာ - မာန်ငြိုးပြင်း၊ အသူရာတို့ ဗျူဟာကျင်း × စစ်ခင်းမာန်ဖွဲ၊ မိုးလေတိမ်ဆီလှမ်းဟန်မမှို၊ ရာသီနန်း ဘုံခန်းကာ ပြုနှင့်ညီအောင် တဲရီမှောင်။×။

**သဖြန်**။ ရစ်သိုင်းငယ်မှောင်၊ မကရိုးစူကာနှောင်လို့၊ ရွှာယောင်မာန်ပျိုး။ ကြွေးရင့်ငှက်သံ၊ နွေရက်ဇာယ် - မိန်အကျန်မို့၊ ချိန်မတန်ရွှာ စွေဖွဲ့တယ်၊ တင့်ရဲတဲ့မိုး။ ।

( ခ ) ရဂုံမြိုင်ချာ၊တောဟေမာ၊ ငှက်ပေါင်းမြူးပျော်ကာ × ကျူးသံသာငယ်လေ၊ လူးလာလေပျံ့ဝဲ၊ ရွှေတောင်ပံယှက်ပါလို့နွဲ × တူစုံလေ - မကွဲလျှင်ဖြင့်၊ ဘာလဲသိ သခင်၊ ရှိဦးလျှောက်ပန်ချင် × ချစ်ခင်ချစ်ပါရက် ဖုန်းမိုမို၊ မြနန်းဆောင်ရိပ်ခို × မချိုလေ ပါပြုခါး × ရွှေကိုယ်မှန်းလို့လား× ပန်းပြားလေ - ရွှေကျူ လေယူ လေယူရာယိမ်း၊ မကြင်နာ - ကိုယ်တော်ဘယ်တွက်စိမ်း×ပိန်းမှန်စီဆောင် စွမ်းကိုတဲ့ လွှမ်းလွန်းလို့မှိုင်×မကြံနိုင်၊ ကိုယ်ထူး၊ ပျောင်းခွေပျော့မူး × မင်းလွှင်ပေါင် - ဝေဝေနှင့် - လေပြေတဖြူးဖြူး × ကြုံရလေကိုယ်လုံး-ပျောင်းခွေလို့နုန်း× ဘယ်တွက်ကြောင့် မုန်းပါလိမ့် - ဘုန်း ဘုန်းမျှော့နှောင် × ဂနိုင်ဟောဝန်သာ စခန်းမှာလေ ပန်းဖြေရအောင်× ဖိုးခေါင်ဆိုရွှေငှက်က - ကြွေးကြော်ချက်ဆန်း၊ သည်ဟေမာ ရဂုံလမ်းမှာ ညှင်းလေကဖျန်း။×။

**သဖြန်**။ ။တိုးခိုခယောင်၊ ဘယ်ကြမ္မာကံနှောင်လေသိ၊စံမြဲသူဆောင် ရွှေရေးငယ်မှာ၊ လွှမ်းဟုန်နှင့်ဆွေး။ ။

(မြဝတီမင်းကြီးရေး ပတ်ပျိုး ၂-ပုဒ်ပြီး၏။)

## ၁၂။ မြဝတီမင်းကြီး ထောင်တွင်းကရေး၍ဆက်သော-ပတ်ပျိုး

ဝေဖြိုး ကုန်းဘောင်ညွန့်ညွန့်၊နေမျိုးဘုန်းရောင်ကွန့်ကွန့် - ခက်သွယ်ရှည်ဆက်နွယ်စည်၊ တိုင်းအောင်ချော စံရာ-ဘိုးတော်နေပြည်၊ သီးသန့်သန့် ထီးခန့်ခန့်၊ ချီးအံ့ငယ်ထွေဆန်း၊ နန်းဆောင်ဆောင် ထောင်သစ်ကယ်တည်၊ သန်းမျှောင်ခွေ ရေအင်းအိုင်နှင့်၊ မန်းတောင်ခြေ နေခင်းပြိုင်တင့်၊ တောင်မြင့်တောင်ပြုံး၊ ပတ်ကုံးဖွဲ့ခြံရံလည်၊ ငြိမ်းချမ်းသာကြည်ဧး - ဆုတောင်း၊ ဆုယူ နတ်လူခေါ်သံ၊ ကောင်းကြီးငယ်-ကြော်ညံကြွေး၊ရာဇာသမ္ဘိန်-အာဏာလျှံထိန်၊ကုန်းဘောင်အာဟိန်ဘေး၊ မြတ်ဘိုးတော်နတ်ရှင်မြေး၊ ဘုန်းအိမ်ရွှေရင်နှစ်သွေး။ ။

**သဖြန်**။ ။အရေးတော်ပိုင်၊ ဉာဏ် စိန်တိုင် သီလဝင်နှင့်၊ နတ်သေနင်ဗျူဟာအောင်လို့၊ ရန်ဘောင်ပယ်ချိုး။ မန်းမော့ ဘွဲ့၊ သောင်းပြန့်ငယ် သယမ္ဘူနှင့်၊ ဥဏှုဂူ နေနွယ်ရိုက်ကယ်၊ နန်းစိုက် ထောင်စိုး။ ။

---

## ၁၃။ မြဝတီမင်းကြီး ထောင်ကလွှတ်သော - ပတ်ပျိုး

ကုန်းဘောင် နေမင်း၊ ဘုန်းရောင် ဝေရှင်း၊ တောင်ဒီပ ါ ထိန်ထိန်လင်း၊ အို ရာမင်း စုံရှိကြ၊ ထံရင်းမျှားပဏ္ဏာ၊ ဣန္ဒြာစံခန်း၊ သိဂ်ီ ါလျှံလန်း၊ ဝေယန်ပိုင်တူနှုန်းနန်း၊ အိုရွှယ်မှန်း-ရည်လို့စေ၊ ပြည်လုံး လောင်းညောင်ရေ။ ။

**သဖြန်**။ ။မျှားထုဝေနေ၊ ချမ်းသာစေ ဖန်တော် ဆောင်တဲ့၊ ကုန်းဘောင်ဘုရား×။ သောင်းထိုက်ကယ် ညာသပြေလို့၊ ဘုန်းနေခြည် ထောင်ရောင်ပွင့်တယ်၊ ရာမင့်းထွတ် ဖျားး။ ၊

---

## ၁၄။ မြဝတီမင်းကြီးရေးသော-ပတ်ပျိုး

မှန်ရဝေ-စံနေရာ မြတ်ထီးမို့လေး×ကျွန်းမျှားဘောင်၊တန်ဆောင်ဖလ်ရှိန်ညီးသည်သို့လေး၊ ကြီးစေ - အာဏာ၊ နှုန်းနေသွယ်ဖြာ၊ တောင်ဒီပ ါ-ဘွေမြင့်မှာ၊ ပြည်ပြည်မင့်း ကိုးကွယ်ရာ × ဘုန်းတဲ့ဘုန်းတေဇာ × နှုန်းတဲ့နှုန်းဝေဖြာ × သီဟာလေ-မှန်နန်းဦး×ညီလာစုံ ဗိုလ်ပေါင်းငယ်ဖူး× တပုံ-သာထူး၊သောင်းရွှေကြော့မှူး × ကြည်နူးစိမ့်ငှာ၊ ဒီပ ါသပြေကျွန်းမှာတဲ့လေး၊ ထုံးစဉ်လာ၊ ဗြာဟ္မာရေတော်သွန်းချိန်-မို့လေး × ရံဝန်းညီလာ × ခွန်လှိုင်းလို့ တိုင်းသိင်္ဂ ါမှာလေး၊ ပျော်မြန်းကြ ရွှေပေါင်းမှာ။ ။

**သဖြန်**။ ။မတ်ပေါင်းငယ်ကာ၊ နရိန္ဒာခေါင်ဆင့်တဲ့၊ရာမင်းမင့်းဘုန်း။ တန်းခိုးတော်လျှံ၊ ပြောင်ဆဒ္ဒန်ပိုင်စိုးလို့၊ မြတ်မျိုး ကေရာ့ကင်ယ်၊ ကဲ့သာလို့ ချုန်း။ ။

---

## ၁၅။ အနောက်နန်းမတော် မမြကလေးရေးသော ပတ်ပျိုး

ပြာပြာညိုရောင်မှိုင်းနှံ့နှံ့၊ အာကာပြင် ဘောင် သိုင်းချွဲချွဲ၊ ရွာလာပြန်လဲ တဖွဲဖွဲ၊ စက်မြဲပန်းပုံ သုန်သုန်ငွေနှင်း၊ သွင်းလာပြန်အို၊ ပျော်လိုဘဲ၊ သဲကြွေပန်း လွမ်းရန်ဖွယ်၊ သောချင်အောင်နှယ် ကြုံတယ်ကံ ဖန်လာမှန်း–ဆိုငိုတမ်း – နန်းဘုံ မြင့်ရိပ်ကြာလယ်၊ သန်းယံကြူးလို့ ဖူးမလွယ်၊ ကျွမ်းကြွေဖွယ် ငယ်လေး၊ စက် ရာဝယ် ထင်လာရက်ကယ်နှင့်၊ ဆော်ကြက်ကယ် ညံညံစီစီ လင်းပြန်တော့သည်၊ အိုလေဘယ်ဆီ စံသိမှန်း၊ နတ်သွင် ယဉ်တဲ့သူ ပူအောင်နေ် ဖန်တော့နဲ့၊ ရွှေသဲ ငယ်ပန်း ကျွမ်းမျှ လွမ်းရန်ဖွယ်။ ။

**ဘောလယ်**။ ။သောင်းရွှေထုလယ်၊ ခေါ်တယ်နှင့်သား×၊ခြားတဲ့အမူ၊ ဘယ်မာန်မူလေသိ–နေ်ခင်ဖုန်းငယ်၊ မုန်းတော်နှင့်သား။ × ။

**သဖြန်**။ ။သနားငယ်ခံ၊ တင်ရန် ကုန်ခက်ပေါ့၊ရွှေမျက်မူကြော့×။ ဖြူ ရှစ်စုံ၊ ဗိုလ်ပုံရွှေပွဲက၊ မယ်နဲ့ မညီရှိမယ်၊ စိုးမိပြန်ပေါ့။ ။

---

## ၁၆။ မြင်စိုင်းမင်းသမီးရေး–ပတ်ပျိုး

သူရကန် စက်ပုံ ဖလ်ရွှေဒေါင်းငယ်ကလေ၊ ပြင်လမ်းစံ - ဟေမန်ရာသီ ဆောင့်းပေမို့လေး × ထွေးလုံနှိုင်ရှာ - ဖေါ်ကွဲသူ့ပူနဲ့မှာ × သဲကြွေလု ဆွေး စရာ၊ နှင်းနှင်းဝေဖြာ - သွင်းလို့ သွင်းလေလာ × ကြိုင်စွာလေ-ဇင်ပန်းဖူး × ခိုင် ညှာတံ ပင်ချင်းကူး × ရဂုံမြိုင်လယ်ဦး၊ ကျေးသူတို့မြူး × ခေါ်ထူး လူလို-မဖို ရွှေလည်တွဲလို့လေး၊ ရစ်ဝဲပျံပျော်စံ သိုက်မြုဦးမှာတဲ့လေး၊ သည်မြိုင်ယံတောင် စောင်းက ဒေါင်းအိုးဝေသံ၊ ငှက်ပေါင်းတို့-သောင်းကြွက်ညံ၊ ။

**သဖြန်**။ ။သည်တောမြိုင်ယံ၊ ဖေါ်ကွာသူ ပူစေဖန်လို့၊ ဖြေရန်မခန်း။ ယိန်းနွဲ့ညှာတံ၊ ဇင်မင်း ရွှေရည်လျှံလို့၊ခါတော်မှန် ရာသီလိုက်တယ်၊ သိန်းထိုက် တဲ့ပန်း။ ။

## ၁၇။ အနောက်နန်းတော် မမြကလေးရေး–ပတ်ပျိုး

နဝရတ်ကယ် ရောင်စုံ – ခင်းပြန့်ဘုံ၊ ပျော်လဲ ခု ပျော်တော်ရုံ × ဖူးရှေ့ငုံ ငယ်လေ·မလုံလေပါဘဲ၊ ပူဇျောပါပွား ဆင့်ဆင့်ကဲ၊ ခေါ်သံလိုလဲ့-ရွှေသဲမှာပန်း အောင်–ဖြေလဲ ခု ဖြေနိုင်ပေါင် × နန်းဆောင်မြင့် စက်ရာဘွေ၊ ဖျော်လဲ ဖျော် မပြေ× ဆွေးစေအောင် ခုသား× ရွှေကိုယ် ဘုန်းမြတ်ဖျား× သနားလေး မညှာ သစ္စာ သွေလှဲ၊ မကြင် ဘယ်တွက်လဲ × နဲ့စေနှာ ကံညွန်းလို့ ကျွမ်းကြွေလုဖွယ် × ကြုံလာတယ် တကိုယ်ထဲ ထက်နန်း ဣန္ဒာက ရှာလာတဖွဲ့ဖွဲ့ × ပုရရုံဖန်နဲ့-ဘုန်း ခင်ကြောင့်ဘဲ × လာလာချိန် မြဲငယ်မို့ –ဖဲစက်ရာပေါ် × ညဥ့်သုံးယံ ဆော်လေ ညွှင်းတယ်၊ သွင်းပြန်ပေါ့နော် × ညှိုးလျော် ဆိုငိုရက်ကယ်–ဘုန်းမေ့သက်မှူး × ဆန်းမာယာပိုဖွဲ့တယ်၊ မုန်းလှဲ့သင့်ဘူး×။ ။

**သဖြန်**။ ။ရွှေဖူးစာ၊ဖန်လာတယ် ဘယ်နတ်ကယ်၊ရေးတတ်လေသိ×။ နေဆယ်ဆူ×မကပြန်ပြန်ပူလို့၊ နန်းသူကို သည်လိုသားငယ်၊ ထားနှင့်သာကိ။ ။

---

## ၁၈။ ပတ်ပျိုး

စိုးအမှုန့်မှူး–လဲ့ကျူးငယ်မှုန်ရုံဆင်၊ မျှော်တိုင်းပန်းဖို၊ မန်းဘွေခွင်၊ သီး တဲ့ ရှည်ကျူးရင်၊ တိမ်နယ်တဝန်း–ရွယ်ညွန်းရေးသက်တင်၊ သံကြွင်းဖြိုးမျှ – မိုး နတ်ရှင်၊ စာနာဘဲပင်–သည်ရွှေဘွင်၊ ဖြေလဲနေမရှင်၊ အို ဖုန်းကိုယ်တော်သွင်၊ ခေါ်တော်သားထင်–ဖန်ဆယ်လဲ လွန်ကြည်ကွဲ၊ သဲကညွတ်ကြင်။ ။

**သဖြန်**။ ။သည်ရွှေဘွင်နှင့်၊ လွမ်းအင်ကို နိုင်ဆီဖြေလို့၊ ပြေပါမယ် လဲ×။ မင်မှောင်ဆိုင်း၊ ခါတိုင်းပ သည်ခုလို၊ပြိုလျှင်သာပြိုပါရော့–မာန်ငြိုဖွဲ့ငယ် လေ၊ ကြုံတဲ့ပြုနဲ။ ။

### ပတ်ပျိုး

ညွတ်ပြိုလုဖွယ် – မြင်ထင်တိုင်း၊ တိမ်ဆိုင်း မြရောင်နွယ်၊ ဆွေးဖွယ် ဘယ်ဆွေနတ်ကယ်တို့၊ မှတ်ရည်–မိကာရွယ်၊ ခြောက်ခြွေရက်မယ်၊ သက်ကယ် ကြွေလျဖွယ်၊ ဖန်လဲငယ်လေ – ထန်သဲခြိမ့်ခြိမ့်မြူး × ဘယ်ဖုန်းပြန်ရွှေစာ မှန်လွန်းစံသိင်္ဂါ၊ ယဉ်သွယ်ဖြာ × မျှော်တော်ရာ နန်းကမဝေး၊ ဘွေသီဟာ မန်းနှင့်တပြေး၊ ကျူးဧးသံကြော် × စိုးတော်မူနှင့်မိုးမာန်ကူခဲ့၊ သွယ်ပြိုင်ရှန်း ကျွန်းသည်နှင့် သည်လွမ်းရေး၊ × စုံမြိုင်လယ် – ငှက်ကယ်ခေါ်ကြွေး၊ ပျော် မြူးဧးသလေလေ၊ ၂ × မင်းဝံတောင်ဆိုင်း၊ တိမ်ခြေသို့ညို့ညို့မှိုင်း၊ ရွှေကိုင်း

ဇေယာ၊ မြင်တင်မန်းနှင့် နန်းသိုက်ညာ၊ မကျွမ်းသာ-လွမ်းတာမယ်ဝေး၊ သာလို့ဆွေး သလေလေ၊ ဂေါဇင်ညွှာ ခွါပြာကြိုင်ဇေး မြိုင်လုံးမွေး - သလေ - လေလေး ၂ x။ ။ရွှေကိုင်းတဖက် ရေညိုဝန်းသည့် ကျွန်းသံလျက်-ကြက်ယက်ဘုန်းခေါင်၊ မြင်တင်မန်းနှင့်-နတ်နန်းတောင်၊ သည်မောင်ဘယ်နှယ်၊ တကိုယ်ထူးမို့ ကူးရမယ်၊ အသွယ်သွယ်၊ ဘယ့်နှယ်ကိုလွမ်းတယ်လေး၊ လွမ်းသူမယ်ဝေး၊ သာလို့ဆွေး သလေလေ၊ ချစ်တဲ့သူမယ်ဝေး-မြင်လှဲလေး သလေလေး-လေး။

**သဖြန်။** ။အို မိုးနတ်ဆွေ၊ တဖုန်း ဘယ်ဉာဏ်ဝေလို့၊ ခုစေတော်မှန်း x။ ဂေါဇင်မင်း၊ ပျံ့သင်းငယ်ကြိုင်လှိုင်ထုံ၊ တိမ်ပုံဘွေက၊ ခြွေလို့မှုငယ်မှာ အိုသူ့ သက်ပန်း။ ။

---

## ၁၉။ ဇာတ်ဆရာ ကိုကျောက်ခဲရေး-ကိန္နရာချောင်းခြားကလေး ပတ်ပျိုး

မြူးဝန်းလို့ခို၊ အလိုသည်ဝယ် - ရောက်လှယ်-နိုင်ဘဲ၊ ပတ်ဝန်းဗယ်ညာ၊ သီတာချောင်းရေကွဲ x သဲကြွေလောင်၊ တောင်ခရီး ဇနီးမယ်လျှ၊ နန်းကိန္နရီမယ်မြန်းရှာရတယ် x ရေယဉ်သွယ်-တည့် တသွန်း အလွမ်းကကြွယ် x အိုလှမျှားမယ်၊ ကြုံပြန်ရသည်ခါငယ် ဖုန်းကြွယ်ကြွယ် ရေလှိုင်းဖေါင်-က၊ ပူဗျာသည်မောင်စိုးဖန်လာမိုး x အိုညှိုးတော်က၊ မြိုင်ယံမြင့်ဖျား၊ တအားကငယ်။ ။

**သဖြန်။** ။နောင်နဲ့တူ ဖေါ်မပါ။ သနားမူယူနှင့်၊ ချောင်းရေထူတနယ်ဖက်မှာ၊ ကူးခက်လှပါ။ လေတွေဝိုင်းပါလို့၊ ထောင့်တိုင်းက မှုန်လို့ပြာ၊ သေလာကြော့တခန်း။ နတ်နန်းကိန္နရီ၊ မောင်ကြီးကို ကူလာညီပ၊ မြဂီဝါတောင် လိုဏ်ကွေ့ငယ်မှာ - ဘုန်းမေ့ကြောင့်ပန်း။ ။

---

## ၂၀။ ကိန္နရာချောင်းခြားကြီး ပတ်ပျိုး

ဟောဝန်စုံမြိုင် - သင်းကြိုင်လေညှာလန်း၊ ပူပုံပွေ -ထွေဆန်းလှ လေး x မြပန်းဆိုင်ရှိခိုးရီမှုန် x၊ တိမ်ပုံဆင်စ၊ မြောက်ပြန်သွန်းလေချီ x ဖီလာဖေ လရိုက်ပါလို့၊ ပုံတိုက်ကယ်ကွဲx၊ သဲငွေဖြူရောင် x မယ်မောင်ခေါ်တမ်း၊ တူရေသဘင်မြူးရွှင်ကြသာမြိုင်မြိုင် x မှိုင်ပန်းဖွယ် - ကျွန်းတယ်လေ ကြည်ကွဲ၊ ယက်ပြေးရေလျှံ့ လှိုင်းသံကသဲ x ဖျော်ဖျော်ဖျော်လဲ ပျော်ဘဲရက်ကယ်နှင့်သာ၊ ပူရာမှိုင်ရေး - လေက တသွေးသွေး x ဆွေးသူမှာသဲဗျာထုံပိ x ဂန္ဓမာရိပ်ခိုမွေးနံ့ငယ်ချို၊ သီသာ

ကူလို လွမ်းပို့မျှော်ယောင်တမ်းမိလေ× စိန်ကက္ကရာဖန်လွှာသည့်မြေခုံမော်× သွင်းဆော်လေ့ဖျန်း ရာသီဆန်း၊ ဖူးငုံညွှာလန်း ခွါပြာပန်း၊ တိုင်းနယ်မြေခန်း ဘုံရှေနန်း၊ လှမ်းခက်ဖွယ် – ဟေဝန်တောင်နှင့် – တောတော တောငယ်မှာ၊ ကျူးသံသာယာ ဖေါ်ကွာနှင့်သူ၊ မြိုင်ငူစုံထဲ၊ ဆိုတလို့တဝဲဝဲ × မာလာစုံထဲ – ပျော်ဖို့ ရွှေမြိုင် သင်းထုံနံ့ကြိုင်တယ်လေ × ပန်းဝတ်ကယ်လှိုင် × သဇင်ခိုင် သူကုံးလို့၊ ဖုန်းမှိုတဲ့ခင်း × သွင်းခါခါကို – ပူရှာရနိုး၊ မြိုင်ရဂုံ ချာဘေ့လယ်က၊ ငှက်ကာယ် သံဆန်းပျိုး × ခိုးသန်းရီပြာ၊ ဆင်မိလ္လာနှင့်၊ မြလွှာတိမ်ရိပ်ညို × အိုအိုဆည်လေ – ထွေထွေတာခန်း၊ ပန်းဝေပူ စိန်ကူစွန်း× သာညွှန်းရွှေတောင်ပန်း× ပျံ့စရာ ပျံ့ချင်ပြီ၊ မှုန်ရီမှုန်ရီမှုန်ပြာ၊ လျှပ်ခိုးတိမ်တောင် လွမ်းလေအောင် ×၊ တောင်ဝက်ပါ၊ စီးသံသာထွေ၊ ညိုလေအောင် ပြာရီမှောင် တောင်လုံးမောင်း × ရဲဂုံစုံပေါင်း ထုံနံ့ လျောင်းသလေလေ ×၊ သောင်းခန်းသောင်းခန်း၊ ဒီပါမြေလယ်၊ ကျွန်းပတ်လို့ နိုင်ငံဘေ့ဝယ်၊ ရှာတယ်ရှာတယ် မောင်နှံ၊ ရှေးဆုံကြ၊ ဖူးရွှေစာဖန်၊ နတ်ဟန်ချစ် တူကိန္နရာ၊ ချောင်းညိုမြ ရေယဉ်သီတာ၊ ကဲ့ပြန်ရရှေးဝင်္ဂဖန်လာ။ ။

**သဖြန်**။ ။ပူစရာ– သည်စာရွှေဖူးငယ်၊ ထူးတဲ့ကြုံနဲ့။ နတ်ဖန်ထွေ× ရွှေမြေစိန်မှုံခင်းမှာ၊ မင်းမြင်ဖို့ဘဲ။ ။

---

## ၂၁။ တောဘွဲ့ပတ်ပျိုး

နဝတတ္တကုဏ္ဍလာ၊ စိမ်းကြည်မြရေယမုန်၊ စိမ့်စမ်းခြေ – တွေ့ဆင်း၊ ငွေခင်းပြန့် သဲသောင်ခုံ × စုံခြေယုံက်ရုံ၊ စန္ဒရကန် – အနန်း – နွယ်ပန်းက သင်းလို့ သာစုံ× ပျံ့မွှေးငယ်တည့်လှိုင်ထုံ× ကူတုံလေ မြူတုံလေ တူစုံမကွဲ၊ သူရှိ့ ဘာသာ-မာကခာ၊ သံစုံနွဲလို့လေ × တိုးအောင်းကိန္နရာ – ဂဇာရောင် ပုလဲငယ်နှင့်ရေး× တင့်ရဲခု ဖန်ခါခါ၊ မြိုင်ချာမှာ–ကုန် ကုန် ပန်းပါပေ့၊ ရှာလမ်းငယ် သည်မှာသာ ဘယ်နဲ့သိ ကံကံကြမ္မာ၊ ကြုံခါ ဖန်ပါ သည်ဖူးစာက၊ သိရှာလေဘူးငယ်ကို ကျူးယောင်မိရှာ × သင်းတပ်ျပျံ့ နှင်းနံ့ငယ်တဲ့ ဂေါ်ဇင်ဂန္ဓာ၊ ပင်မင်း အင်ကြင်းရွှေဝါ၊ ယင်းမာ ကြိုင်လှိုင် မြိုင်လုံးမွှေး×။ ။

**သဖြန်**။ ။လေသွေးငယ်ဆော်၊ ပြည်တော်ကဝေး။ လေးငှဲ့ဖြစ်အင်× ပူရေးသည်မှာမြင်တော့တယ်၊ နန်းပင်မြင့်သွေး။ ။

## ၂၂။ မြဝတီမင်းကြီးဆို - ပတ်ပျိုး

မဏိကဉ္စနာ သိင်္ဂါ ရွှေရည် သားနှင့်လေ၊ ပတ္တမြား မြဆိုင် တူပြိုင် ရွှေယမားငယ်နှင့်လေး × သယံဇာငွေသား–ထင်မှားဖွယ်ယိုးယောင် နဝဒဏ်လျှံညီး ရံထီးဖြူရှစ်ဆိုင်ကာ၊ သီဟာပြန့်ဘောင် ဗြဟ္မာရေသွန်း-ရွှေခွန်းချီငြိမ့်အောင် × ရင္ဘငယ်ပြည်ဘောင်၊ ဘုန်းရောင်က မြူး၊ ဣန္ဒာပိုင် ဖန်လာကွန့်တယ်၊ မင်းဝံညွန့်ဦး × သလ္လာငယ် ယုက်ကူး ဂင်္ဂါရစ်ရံ–ကောဝိလာပံ့ နှစ်နန်း ငွေလယုန်၊ ရွှေဘုံခညောင်း၊ မင်းပေါင်း သိန်းသောင်းဦးတင်ခါ၊ ဖူးမြင်လာ၊ သာတဲ့ သာရွှေဂူ × ဆယ်ယူမွေခါတ်ကယ်မှီး × ယာမာလိုစံမငြီး၊ မန်းရွှေမြို့ကြီး × အိုရုံဆီးကာလို့ မြှောင် × ကြက်နန်း သာတဲ့တောင် ×။ ။

**သဖြန်**။ ။ကြည်းရေမြင့်ဖေါင်၊ ငွေသောင်နဝင်း။ × ဖြေလဲမကုန်နှင့်၊ ဇေယဘုံမြောက်ညာက၊ မန္တလာသည်ရေပြန့်ငယ်မှာ၊ ပန်းရနံ့သင်း။ ။

---

## ၂၃။ မြဝတီမင်းကြီးရေးသော - ပတ်ပျိုး

လွှမ်းတယ်လေ့ – မျှော်၍ငယ့်စဉ်ပင်၊ မိုးယံဝဝယ် လကိုမြင်၊ ကြယ်စင်ဟုတ်ဖူး၊ လွှမ်းသူနောင်စော – ယွှယ်လူး × စိုင်ရှူးငယ်တန်ဆောင်၊ ကြယ်မောင်မင်းနှင့် – ဟသာ်ာတောင်၊ ညီနောင်ကြက်ကယ်၊ မောင်ရင်ဆိုင်းနှင့် တိမ်လှိုင်းမြရောင်နှယ်၊ အသွယ်သွယ် × ဘယ်နှယ်နှင့်လွှမ်းတယ် နှိုင်းဆိဖြေငယ်လေနှင့်သာ ဖန်ရေးရေး ×။ ။

**ရတု**။ ။ကြွေချည့်ရွက်လည်း၊ ပင်ထက်မမျှ၊ ရွှေလျှံခသို့၊ မယ်လျှဖိုးခေါင်၊ တောင်သည်မြင့်စွန်း၊ ရွှေလစန်းနှင့်၊ ခွေဝန်းရစ်ဝိုက်၊ တိမ်တတိုက်မှာ၊ ပွင့်ကိုက်သပြေ၊ ညှာညွန့်ကြွေခဲ့၊ ရွှေကိုယ်ရွှေမြ၊ ပင်ရိပ်ဝေ။

နန်းမြေမနီး။ မြို့ကြီးကာသည့် ဟေမာရဂုံ။ ဘယ်ဘုန်းစေသိ၊ ဘယ်ရွှေအမှုန် × သင်တိုင်းငယ်ခြုံပါရေ့လား။ ဖြစ်လေဆန်းငယ်။ ပူပန်းဖွယ်ဖို့သာကြုံ။ ×။

**သဖြန်**။ ။မှိုင်းမှိုင်းငယ်မို့၊ ရစ်ဆို့ဝန်းလို့ခြုံ၊ ဇေယဘုံရွှေဘွေနယ်က။ နတ်ကယ် ဘယ်ခါဝယ်ဖြင့်။ ပူဖွယ်စိမ့်ပျိုး။ မျှော်တော်ကြူး။ ရှာဘူးထင့်မိုးပေကို။ သည်လိုမှန်ပ-နွှေမြန် ခါခါညွန့်တယ်၊ လေကွန့်တဲ့မိုး။ ။

## ၂၄။ မြဝတီမင်းကြီးရေး – မိုးဘွဲ့ပတ်ပျိုး

မိုးဒေဝါ၊ ချိန်ခါလေ – ချိန်ခါချိန်ခါဟုတ်ပဲ၊ ရွာဖွဲ့ စွေလို့စွေ၊ ရွာပဲ နေလို့နေ × ရွှေအာကာဘုံစိုး၊ အလို ပဇ္ဇုန် မင်းငယ်လေ၊ ဘယ်ခင်းနှင့်ငြိုး × မျှော်မိခိုးငယ်နှင့် ရှစ်ရပ်ခွင်၊ တိမ်နီလှာဘောင်ခရမ်း သမ်းညို့ညို့မှုင် × အိုမိုး နတ်ရှင်၊ ကယ်ပြုချင်တိုင်း၊ စည်တော်ငယ်နှိုးပါလို့ တံပိုးငယ်ပြိုင်၊ ဖေါဝေးသူ တကိုယ်ထူး မူးဝေလို့မှိုင်×။ ။

သဖြန်။ ။ဟာ ဆုတ်ပဖြာ၊ ပြောင်လာနှင့်လေး။ မျက်ထားချိုချိုနှင့်၊ ပါလိုလို သူရှိတယ်၊ ဖုန်းကိုယ်သိရေး။ ။

---

## ၂၅။ မြဝတီမင်းကြီးရေး – အိနောင်ချိုး တေးဘွဲ့ ပတ်ပျိုး

သဲလောင်ကြွေကျွမ်းအောင်လို့၊ ပူဝန်းပယ်ဖွဲ့ – နယ်ရာသီ၊ ဖက်ဆွတ် ကယ်ပင်မင်း – အင်ကြင်းကမွေးလှိုင်ချို၊ ညှာစီလှဲဝေ ဖိုးခေါင်သာမော–ဥသြက လွမ်းရန်တွေ × ထိမ်နန်းငယ်ပွေ၊ ပြာခြေ ဝါရွှေ သာငွေ မြရော၊ ပန်လွှာမိလ္လာ ရေယဉ်နွှေသို့လေ × တောင်ပေါင်းရံ၊ ကာလံမြေမြင့်ကြောမှာတဲ့လေ× လွမ်း ပိုအောင်ရွယ်စော၊ နောင်ချော – ဖုန်းမျှော့ရင်၊တေတျာသံညောင်း ရွှေစောင်း တော်ကလွှင် × ရွှေဘွင်ဆံ့နိုင်၊ သက်ကယ်ထင်စား၊ ဖန်မျှားဆိုမိမှိုင်×နန်းကြာ သင်းမြိုင် နှင်းလှိုင်ကြော့ဦး၊ မြင်သူလဲ မြင်လာဘူး × ဖုန်းမောင်ကိုယ်ထူး၊ တောင် ခိုးငယ်ထွေ–တိမ်ခြေကမြူး၊ မျှော်လဲ–မော်ဒန်နန်းကို၊ ရမ်းရော်သိဘူး × ရစ်လည် ပတ်ခွေ တောင်ပြန်လေ ပန်းမှုံကြွေ–ခါခွေကျူးပြန်ချည် တော့မယ်၊ ဘယ်မော် ဒန်–ညာစံအိုဖုန်း မြင်လှဲအုန်းလေလေ။ × တဆယ့်နှစ်ခွေ၊ တောင်ပေါင်းရေလျှံ တဲ့၊ ကာငွေလံ တမ္ဗတိုင်း ရိုင်းနယ် လွှန်မြေ။ ။သာပေါင်းငယ်ထွေ၊ နတ်ရေ- သွန်းပြန်ချေတော့မယ်။ ။မစံသာသလေ၊ သဉ်ကြာ စိန်ယှန်းမော်ကလေး × ဘယ်ခါရံ မော်ဒန်ရွှေနန်းကို နီးပါရမှန်း × ပန်းပါတယ် ထံဝယ် ဖန်ခဲပါဘိ တယ်၊ သည်ချိန်မှန် မော်ဒန်ရွှေနန်းကို ကူးပါရမှန်း။ ။

---

## ၂၆။ သစ္စာတိုင်-ပတ်ပျိုး

ချစ်သမျှကို၊ မြင်းမိုရ်ရွှေတောင်လုံးသာပလေ၊ လေးဆူဒီပါ၊ သီတာ ရေ မြေဆုံးစေတော့လေး × အို– ဘယ်မမုန်းပါတော့နိုင်×ကပ်လုံး ဆုံးတိုင်တိုင်× ရုံးညာပိုင် အုံးလှိုင်သဉ္ဇာကြွေ့–မှာလှလေ × ကြိုးမည့်နောင်ခါ – ကမ္ဘာ မြေ

ငယ် မြေ့စေတော့လေ × မှန်သရွှေကိုလှ၊ ဖန်စေ့ငယ်ရေရေ၊ ကိုးဂုဏ်ရှင့် - ဂူတော်မွေ့ × တူမသွေ-ပါစေ-မယ်နှင့်သား × လှစ်ကျူးမြွက်ကြား ဝှက်မထား၊ မြွတ်ရှင်ပင်တန်းခိုးအား၊ မခြား-သိစေကြောင်း၊ ပန်ထွာတည့် ခ့ဝပ်ညောင်း × တူပြိုင်၊ ဂူလိုဏ် စကား-သစ္စာတိုင်၊ သံသာလေကမ်းတိုင်၊ တူပြိုင်လေ ကူးမယ်၊ ဆုထူးငယ် ပန်ရွယ်သွန်း × ချစ်လို့ငယ်မကုန်၊ ဝသုန်ဤမြေ၊ သိ-ကြား-စေ-သက်သေညွန်း၊ ပျံ့မွှန်းမွေးလှိုင်ကျူလေတည့်မှ၊ သုံးလူ့ ထွတ်မှန်ကူ × မတူလေ ပြိုင်နှုန်းကင်း×ခြောက်ဖြာစုံ ရောင်မျိုးငယ်လင်း×။ ။

**သဖြန်**။ ။ချစ်ချင်းငယ်ပြိုင်၊ မြစ်မင်းပိုင် အဏ္ဏဝါက၊ ပြန်မသာကဲ × ယွင်းစေဝသုန်၊ ငွေဝန်း သော်တာယုန်သို့၊ ကမ္ဘာကုန်ကျယ်သရွှေ ငယ်ကို၊ ဘယ်မေ့လိမ့်လဲ။ ။

---

## ၂၇။ မြဝတီမင်းကြီးရေး-ပတ်ပျိုး

တန်ဆောင်ရွှေတိုင်၊ အရောင်ဝေဆိုင်၊ မွေးကြူကြိုင်လှိုင်လန်း၊ ဆယ်ခိုင်ပန်း × စိန်ကြောင်နီလာ၊ ဖလ်မှန်သိင်္ဂါကိုးသွယ် - ရတနာနန်း × ခထွေထွေ ဆန်း × ရွှေဝန်းခ့ညောင်း၊ ဘွေသီဟာ ရိပ်ကြာစံစိုးမြန်း× တင်း ရေမျှားသိန်းသန်း၊ မြူးပျော်ကွန့် ရွှေမိုးဖျန်း × သောင်းခန်း မြေဒီပါလေတည့် ရေယဉ်အဏ္ဏဝါ၊ ပြည်ပြည်မင့်းကိုးကွယ်ရာ×ဘုန်းပွင့်ပွင့် လင်းထိန်ဝါလေ ကြယ်ညီလာနန်းငွေသော်တာ၊ ပုံတောင်းငယ် ခုနစ်မြွာ × စကြာတော် လျှင်ကြောင်း၊ မနောငယ်ရွှေသိင်္ဂါနှင့်၊ တံမြွာ ရင့်ညောင်းညောင်း × နတ်ပေါင်း တုံဖြုဟ္မာလေ၊ သင်းပျံ့ပျံ့ နှင်းဂန္ဓာ၊ ရွှာလာလျှံမောင်း၊ ဂိမှန် ဝသန်ပြောင်း ငယ်နှင့် သိုက်အောင်း ရိပ်နေငယ်လေ၊ဇေယျာ အောင်သံကြွေး၊ဖေါ်ညီရွှေး ငှက်ခကျေးငယ်စုံမြိုင်ခြေ×။ ။

**သဖြန်**။ ။သီးညွှာမှည့်ကြွေ၊ ဇမ္ဗူရွှေသပြေလုံ့၊ နက်သန်မြေမှူး×။ ဘုံဥက္ကင်ဝေယန်က၊ ပြည်နတ်ထံ တူတာမြှင့်ငယ်လေး၊ ရွှေနန်းပွင့်ဦး။ ။

---

## ၂၈။ မြဝတီမင်းကြီးရေး-တောဘွဲ့ပတ်ပျိုး

သာဆန်း ရဂုံဘွေ၊ ညွှင်းပြေပြေ၊ လေပြေလောင်း၊ ညှာခြေစိမ်းရင့်မောင်း×ညောင်းရွှက်ကယ်တည့် ကြွေလေဟန်၊ မြညှာရွှေရည်စံ × သင်းကျုံကျုံလေတည့်-ဝင်းတဲ့ဝင်းလျှံလျှံ × ကြူးကြော်ညံသည်နှင့်သာ၊ မြူးပျော်စံ×မြယွန်း

ဘုံတိမ်ယံက၊ဖန်လာမြူခိုး၊ဖြိုးဖြိုးမှုန်ရီ အုံညီတည့် ထွေထူးဆန်း×ပန်းလေအောင် လှိုင်သာ၊ကမ်းရေယဉ်သောင်×ညိုမှောင်ရော်ဝါ-ရွှေကြာမြသား၊နီလာစိန်ကြောင် ရွှေ×ရွှာစွေလိုလို-ပြိုဟန်ကလဲ၊ ခါမို့ ဟုတ်ပါဘဲ × သဲငွေခုံသောင်၊ တောင်ပြန် လေ၊ ဝေမြူးလန်း × မြိုင်ဟေဝန် သာစခန်း၊ ပန်းပန်းစုံစီ၂×မြနုဒီ။ × ရေ-သီ တာ-က၊ စိမ်းတယ်ကို၊ ချိုချိုသံညှင်း၊ မြူးလာဘိရင်း × ဇင်မင်းကလှိုင်လှိုင် ထွေ၊ စိန်ချပ်ရုံမှုံရွှေဝတ်ကယ်၊ လေညှင်းတ် - လာလှိုယိုင်ကြွေလုစုံမြိုင် × တွေမှိုင်း ကာမော-ဖြေနိုင်အောင်× အို-မယ်မောင်သံစာစာ၊ ကျူးလာဖေါ်ချင်းနွဲ ။×၂

**သဖြန်**။ ။လောင်သဲကြွေရန်၊ ငှက်သံကကြွေး။ ထန်ခိုးစီစီနှင့်၊ မှိုင်း ဝေရီ ခါနွေဆန်းကို၊ ထုံပန်းကမွှေး။ ။

---

## ၂၉။ မြဝတီမင်းကြီးရေး - ပတ်ပျိုး

စိန္တေကိုးသွယ်ဂုဏ်၊ ရေမီးပွင့်စုံ၊ မန်းမော့ဇေယျုံ၊ နန်းကြေ့ရွှေတုံ၊ ရာပြည့်မင်းငယ်တို့၊ ဝပ်စင်း ခိုခ,လှုံ × မန်းဂီရိမြေဇေယျုံ × ရွှေဘုံရွှေပြည် ထောင်တည်စိုက်ပျိုး၊ ရန်ကြီးအောင်၊ ကုန်းဘောင် နေနွယ်မျိုးမို့ လေး × ညွန့် ကိုက်ဖြာ၊ ရိပ်ရာ စံစိုးလို့ လေး × ဝေလန်းရေဖျန်း၊ ခြွေသန်းငယ် အုံညီညာ၊ ဝေဘူမျက်ကိုးစုံစီမြွာ၊ ဘုံသီဟာ -လကျာသွန်း × ရှစ်ဖြူငွေဝန်း - အောင်စည် ရွှန်း × မွန်းရိုက်ကျူး၊ ဆုထူးငယ် ပန်ရွှက်ဆင်၊ နောင်လာပဲ့မှူး ဖေါင်မဂ္ဂင်၊ ကျိပ်ဆက်ဝင် ဗောဓိလောင်း × ရင့်ကြောင်းငယ်သန်၊ ဗျာဖန်ဖန် - သံစုံခြွေ လို့၊ မိုး ရေ မြေ လျှောင်နှင့်၊ တော်ပဲ့တင်ဟည်း × အံ့ချီး မကုန်၊ မန္တတ်ကယ် တေ ဇာဂုဏ်ကြောင့်၊ ရန်သူပုန်မြူမှုန်လွင့်တယ်၊ ဘုန်းနေပွင့်မီး။ ။

**သဖြန်**။ ။ရှုတိုင်းငယ်စို၊ မြရေညို တောင်သမန်နှင့်၊ မြောင်ပတ်ရံဆီး။ မီးစုံပွင့်ရေ၊ ဗျာသိုက်ကယ် ရန်အောင်ဇခြွမဲ့၊ မန်းခေါင်ဘွေ ညာမြေမော့မှာ ဘိုးတော်ပြည်ကြီး။ ။

---

## ၃၀။ မြဝတီမင်းကြီးရေး - နန်းဘွဲ့ပတ်ပျိုး

သိင်္ဂါရွှေရောင်၊ ထိန်ဝါဝေပြောင်၊ နန်းဆောင်ဆောင်နန်း မှန်ပုံလင်း၊ ဝင်းဝေလျှံ၊ စံတည်ရာ -ပွဲငယ်လေ - သဲငွေပြန့် သဲငွေပြန့်ပိန်း × စိမ်းရောင်စို၊ တောင်ညိုကမှိုင်း၊သီတာခွေလို ရေပတ်ဝိုင်း × တိုင်းသာပုံပန်း၊ ဆန်းထွေလာ × စိန်ကြောင်ဖလ်ပြာ၊နီလာခဲ၊သန္တာဆွဲလို့ ပုလဲသွယ်၊ လလို့နေနွယ်ဝန်းလို့ဆန်း×

နတ်ကယ်စံအိမ် တွေးဖွယ်ငယ်ချိန်၊ ဝတီ ံတုံစံ ဘုန်းရှင့်နန်း သနားဖွယ် ရွှေလယ်သောင်းရုံ၊ သာလွန်ကျူးလို့ ပျော်မြူးစံ × ရွှေကံတိုးလို့ ဖြိုးဝေဝေ၊ သပြေမြန်ချာ – ဘုန်းမျှားမင်း၊ × စုံမြန်း ငုံလျှမ်း ဒုမ္မာပန်း၊ ဘုံကြာနန်းက – ဆန်းနတ်တူ၊ ပြာ ဖြူရွှေကိုယ်ချင်းကိုလေး × ရင်းကျွန်တော်ခံ၊ ညာစံမည့်ဘုန်း၊တိုင်းပြည်တော်သာလှ၊ ညာကမိုး × ဒီပါသောင်းရုံစံနန်းစိုး × ဒီပါသောင်းရုံစံနန်းစိုး × ဒီပါသောင်းရုံ – စံနန်းစိုး။ ။

သဖြန်။ ။အုံ့ကာဝိုင်း မှိုင်းလို့နေ၊ အိုစွေမယ့်ငြိုး။ ရင်ကမှာ ဖေါ်တူလို့ ခုမှာမူ ကြင်ဖေါ်မဲ့တယ်၊ ရွာနှင့်ကွဲ့မိုး။ ။

---

## ၃၁။ မြဝတီမင်းကြီးရေးသော-ပတ်ပျိုး ၂-ပုဒ်

(က) အောင်ဇေယာ – ကျွန်းကျွန်းငယ် – ရေမြေသီတာလေ၊ ကောင်းခြီးကျူးဧးသာ × ကုံကုံဆော်နှိုး၊ ပျံ့သင်းငယ် ညွှာဆိုင်ဖျန်း × စံဆောင်သိင်္ဂါ၊ စိန်ကြောင်နီလာ၊ မျက်မှန်ရတနာနန်းမြင့်ဖျား၊ နရိန္ဒာ – တေဇာလေ ရွှေဘုန်းတန်း × ရာမင်း – ရှိလန်းလန်း၊ ကဲလွန်မြင့် စိုးမြန်း × တိုင်းခန်းကျေညာ၊ စီးပွါးနွယ်ဝံသာ၊ မြတ်လှတေဇာ၊ ဘုန်းလှိုင်မြတ်ရေစာ၊ စမ္ပါ – စမ္ပါ ပျံ့မွှေး သင်းဂန္ဓာ × ငှက်ပေါင်းငယ် – သံသာ၊ ရွှေကြာငါးမည်၊ ကန်မင်းငယ်ရေကြည်ဧး၊ × ၊ဆင့်ဆင့်ငယ်ပဥ္စာ၊ ပတ်သာမျိုးမည်၊ ရင့်ညောင်းငယ် တံရှည်ကြွေး × ရာစင်းထွတ်စိုး၊ ဖြူရိပ်ဝေ၊ သောင်းညာမြေ ကြိုင်သင်းမွှေး × ရွှေစောင်းနှဲနှင့်ကြေး၊ ကျူးသီဖွဲ့လွန်ဆေးလေး × ဖွဲ့ရေးငယ် ကုန်နိုင်ပါလေတည့်၊ လွန်ထူးမင်္ဂလာ × ရိပ်ကြာရွှေပန်ပွဲ × ရွှေညီလာပျော်မြူးနှဲ×။ ။

**သဖြန်**။ အုံ့အဲမကုန်၊ ဝသုန်မေခလာသို့၊ ဩဘာ ဇေယာသံနှင့်၊ ကုံကုံခြိမ့်သဲ × သွန်းဖျော်ဖျော်ပဇ္ဇုန်က၊ မြူးခုန် သာစွာသီလို့၊ ဘယ်ရာသီခါမလင့်ငယ်လေး၊ ငွေပွင့်ပုလဲ။ ။

(ခ) သင်းရနံ့ လှိုင်ပျံ့ငယ်ကြည့်ရှင်၊ နှင်းငွေစုငယ်ရှုဖွယ်အင်၊ × ညွှာကျင်ရွက်လျှော၊ ဆောင်းရက်ကျန် နှင်းမြူရော × တောတခို၊ မြရည်လိမ်း၊ စိမ်းလို့မို၊ လူလိုငှက်ကယ်၊ ပျော်စံမြန်းတဲ့၊ သိုက်နန်းလယ်၊ × အသွယ်သွယ်၊ လွမ်းဖွယ်လေသွေးခေါ်၊ ပျံ့သည်တည့်ကြွေးကြော်ညံ × ရတုဖလ်ကနက်လည်း၊ လယ်ချက်ခွါစွန့်၊ ပြင်လမ်းကွန့်၍၊ ဂေါ်ညွန့်ခက်ညွှာ၊ ပန်းမာလာလဲ၊ အင်သန္တာရိုး၊ ဝတ်ဆံပျိုး၍၊ သွယ်ချိုးနုနယ်၊ ခက်ချင်းသွယ်ရှင့်။ ။

ဆွေးဖွယ်ကမန်း၊ သာဆန်းတွေလှ၊ စုံဟေဝန်၊ စိမ့်စမ်း တွေလဲ ကြည်ရေခွတံနံ၊ တောင်ကမ်းပြွန် လာပေါ့လေ × မြောက်တမ်းချွန်သာ တော့သေး၊ ကျူသံလှိုင်း စုံတိုင်းပြည်နှင့်ကွာ×။ ။

**သဖြန်**။ ။လွမ်းပုံ ကဖြာ၊ သုန္ဒရာ မြေမဟာန်ဘွဲ့၊ ငွေနှံ့ဘဝပန် ထောင်ရန်သစ်ချိန်မို့၊ နယ်ရှစ်ခွင်တိုင်း ×။ ဖူးစလက်ပံ၊ နွေရက်ကယ် မိန်အကျန်မို့၊ တိမ်ဗိတာန်လေပြေငွေ့တယ်၊ ခိုးငွေမြူမှိုင်း။ ။

(မြဝတီမင်းကြီးရေး ပတ်ပျိုး ၂-ပုဒ်ပြီး၏။)

---

## ၃၂။ ဇာတ်ဆရာ-ခမောင်ကျောက်ခဲရေးသော-ပတ်ပျိုး ၂-ပုဒ်

(က) ပြာပြာညိုရောင် မှိုင်းလို့ရီမှောင်၊ ပူအောင်- မေသာလွမ်းလို့ဖွေရှာ × အခြာအခြာထွေလာ × ညီးလို့ထိန်ဝါ၊ ဝါထိန်ထိန်လင်းလို့ရောင်ရှိန်၊ စိန်ရရိန်ညိုညီးညီး × ညိုရောင်မှောင်ရိပ်ဆီး × လွမ်းအောင်လို့ဆင် ပြန်တယ်ကိုလေ၊ လွမ်းအောင်လို့ပင် × ပန်းမျိုးငယ်ညိုဆင်၊ မင်းလှင် ငယ် တိမ်ခိုး၊ မြောက်လေငယ်ဖျန်းစပျိုး × ဝတ်မှုံငယ်ကြွေနိုး၊ ပန်း မျိုးငယ်စုံစွာ၊ မြိုင်ကြီးတောဟေမာ × သင်းပျံ့လှိုင်စွာ၊ ခွာပြာတသွယ် ဆန်းလို့လေ၊ သင်းပျံ့ကြိုင်စွာ၊ ခွာပြာစမွယ်ပန်းကမွေး×။ ။

**သဖြန်**။ ။ဗျာပါငယ်ပူ၊ မဥ္ဇူရွှေဝတ်ကယ် ညောင်းညွတ်လို့ ကွေး × နန္ဒမူ ဖလ်ဂူလိုဏ်နန်းမှာ၊ ပန်းပါဘိလေး။ ။

(ခ) တိမ်ပုံဘွေ၊ ထွေထွေငယ်ပူတယ် ကိုယ်ချင်းငယ်လေး၊ မှိုင်ရင်းတမ်းမိ ယောင်၊ အိုလှဖုန်းမှိုမှို၊ တောင်ရိပ်ကယ်ညို ပြိုတော့မယ့်တိုင်း၊ ဆိုင်း ဆိုင်းပြာလဲ့၊ မာလာသိင်္ဂါနန်းဆီက-ဆင်ပြန်လာ၊ ပူစရာအို့-သည်မှာ စုတယ်၊ မစုံဖေါ်ကွဲ၊ကြုံလဲငယ်၊လွမ်းရကြွယ်၊ မြရိပ်မြင့်စံလယ်၊ ငယ်မူနှင့် သား၊ ချစ်ဦးငယ်မာန်ပိုလို့၊ ပူအောင်ကိုနှော်ဖုန်းငယ်၊ မုန်းမာန်ဖွဲ့အား၊ စကားရွှေပွင့် သစ္စာခွေငယ်၊ ဆန်းအဆန်းလို့၊ ထွေတယ်တဲ့ မူရာပူရှာ၊ အူချာလုအောင်၊ သစ္စာမောင်ဆိုရင်းငယ်ပန်း၊နန်းအိုမြင်ညို၊ ရွှေကိုယ် နှော်မင်း၊ ဆင်းနတ်ကယ်တူ၊ အလွမ်းငယ်မြင်၊မျှားပြန်ခဲ့တယ်လေး၊ နတ် နှုန်းကြွယ်ငယ်လေ၊ ရေးမလွတ်သာဘဲ သဲကဆွေး၊ ရွှေရွှေပွင့်ညာ၊ လေးခင့်တွက်တာလေး၊ သုံးပင်သာပေါ်၊ အိုပျော်နိုင်ဘူး၊ ပျောင်းခွေ လို့မူး၊ ဖြန့်ရွက်ဖြူဘုန်းငယ်မှာ၊ လှိုင်းခုန်လို့ကူးတယ်လေး၊ ကျလေဦး

ဖြူပြာသွယ်၊ အဘိစံလယ်ခန်း ဆော်တမ်းမျှော်မိကူး၊ ဝဲရေမော်ဦး ပါကိုယ်ထူး၊ ပူရဈေးဝင့်ပင်လယ်၊ အိုကြုံတယ် ပန်း သဉ်လည်ခန်းမှာ။

**သဖြန်**။ ။မှိုင်ရင်းငယ်ပူ၊ ကြင်သူနော် မ့ကို – လွမ်းလှလို့လေး။ ဆိုလဲခါ တမ်းယောင်မိ၊ သဥ္စာညောင်ဘုံသာကြော့မှာ၊ ဘုန်းကိုယ် တော့်ရေး။ ။

(မောင်ကျောက်ခဲရေးပတ်ပျိုး ၂-ပုဒ်ပြီး၏။)

---

## ၃၃။ ပုခန်းမင်းသားရေးသော–ပတ်ပျိုး

အောင်မြေသာစံ–သောင်ယံသဲက–ပုလဲလိုလို၊ ခင်းသာတယ်ကို × ရေ ညိုညို × ဒိုးရိုငယ် စီးပါလို့၊ ခရီးသာသာလမ်းမှာလ ရွှေတဲ့ ရွှေမြစ်ညာ × ရွှေလက်ကယ်ကိုင်ကာ၊ သီတာသောင်ကမ်းခြေ × စိမ်းရွှေလဲ့ညိုပြာ၊ ဖြူဝါရောင် သွေး၊ တိမ်စွယ်ရိပ်ကယ်ကမေ့း၊ ရွှေပြည်တော်မျှော်တိုင်းဝေး ×၊ ရွှေသွေးမျက် ကြည်၊ လေပြည်ယူသိမ်း ပြာစိမ်းရောင်ညို့၊ မှိုင်းမို့ရေတဲ့ ရေကန်သာ ×၊ ပဒုမ် ဝေဆာ၊ အင့်ရွှေကြာ၊ ရဂုံဘေ့မှာ–ညို့ညို့ညွှင်းညွှင်း၊ ကြိုင်ဧးမာလာပန်းစုံက သင်း×၊ တဆင့်တက်သော် – တတောင်ကျော် တမျှော်ရုံလျှိုး တချုံတိုး × တမိုး သောက်လျှင် တနေဝင်၊ တပင်မြိုင်ကြီး ဂနိုင်ဆီး × တောကြီးတောင်ကာ၊ ကေ လာတောင်စောင်း၊ ပိတ်ပေါင်းငယ်သာထွေ၊ သပြေပင်နန်း၊ ရေယဉ်စမ်းငယ်နှင့် စခန်းရောက်အောင်မြေ × အပန်းဖြေကာ၊ ဗလာတူရွမ်းသံသာ၊ ရွှေငှက်ကယ် ညွှန်းနှစ်ကိုယ်စံ – ဖန်တိုင်းကျွန်း × အလွမ်းငယ်ထွေ၊ ဆော်လေကာဖြူး သာ ပျံ့ပျူး × မာလာငုံဖူး၊ ထုံလို့မြူး သာထူးဆန်း × နန်းရွှေတောင်မြင့်–နတ်ကယ် စံရာ၊ လွမ်းလေအောင်ခွင့်ကပ်ကယ်ကြုံလာ၊ မလုံပါဘဲနှင့်ဆွေး × ရွှေရင်ချမ်း တုန်လှိုင်း×။ ။

**သဖြန်**။ ။မ့လေးကုန်ချစ်တဲ့မှုံနှစ်ကယ်လေး။တောချောင်မှာ မောင် အိပ်လို့–တောင်ထိပ်မှာကေ့း × တောင်မြင့်ဂန္ဓမာ – ကြာတိုင်းမွေး × ရေကန် သာ၊ ကြာတိုင်းဧး နေပြည်တော် မျှော်တိုင်းဝေး။ ။

**အထူးမှတ်ရန်**။ ။ၤင်းသီချင်းကိုတချို့မှမှာ ပုခန်းမင်းသား ရေးသည်ဟု ဆိုသည်။ သို့ရာတွင် ငယ်စဉ်ကကြားဘူးသည်မှာ ဇာတ်ဆရာမောင်ကျောက်ခဲ သည် မိဖုရားငယ်တပါးနှင့် မှားယွင်းရာ သတ်ရမည်ကို နှမြော တော်မူ၍ မဲဇာကိုပို့ထားရာမှ ရေးသားဆက်သွင်းသည်ဟု ကြား ဘူး၏၊ အမှန်သိရှိကြသောဆရာများက အကြောင်းကို ပေးပို့တော် မူကြပါက အထူးကျေးဇူးတင်ပါမည်။

## ၃၄။ တောဘွဲ့ပတ်ပျိုး

(ယိုးဒယားအတွင်းဝန် ရေးသည်ဟုဆိုသည်။)

ဂန္ဓမာ၊ ရိပ်သာဖလ်ဂူနန်းကလေ× ပန်းမဥ္စူ၊ မွေးကြူပန်တော် ပန်းငယ်နှင့်လေး × သုတ်ဖျန်းငယ် လေချို × ရွှာမသိုညိုမှိုင်း၊ ဗယ်ညာပတ်ဝန်းဝိုင်း × တိမ်လှိုင်းငယ်ဖြိုးပါလို့၊ မြခိုးငယ်ရီမှောင်၊ လွမ်းတဲ့မှ လွမ်းလေအောင်× တောတောင်ရွှက်ဆင်၊ ငုံအင်ပွံ့ပျူး၊ ရွှေညာခိုင်ပြည်ဖူး × မှုံဖြူးသွင်သွင် × ကြည်လင်လျှံမောင်း၊ ရေယဉ်သာလှုတောင်း × သောင်းသောင်း – သောင်းသောင်း– ညံ့ညံ့လေ၊ ညံ့ညံ့လေ၊ နန်းပင်မြင့်ရွှေငှက်သံ၊ ပျံ့ကာသာဝဲကာသာ၊ ကျူးရင့်ကြရဂုံမှာ၊ ဥသြတွန်ကျာ၊ သာရကာ ဥဒေါင်း၊ မောင်မယ်ဖေါ်စုံပျော်း×။ ။

**သဖြန်**။ ။ဖေါင်းပင်မြင့်ဘွဲ့၊ ရွှေပွင့်ငယ်အလား × ပုလဲခုံ သောင်ထိပ်က၊ မှောင်ရိပ်ကယ် တဖြိုင်ဖြိုင်နှင့်၊ * ငွေဗိုင်းတိုင်ခေါ်တဲ့ ငှက်ကယ်၊ ကွန်ရွက်ဖြန့်နှာ။ ။

---

## ၃၅။ ပတ်ပျိုး

လွမ်းဖွဲ့စေ၊ တိမ်ခြေမြူလွှာသန်းလို့လေး × ဥဒေါင်းငယ်ကြော် – မြိုင်ပေါ်ကန္တာ လမ်းမှာတဲ့လေး × ပန်းစေအောင်သာ – နွမ်းခွေနှောင်ကာ၊ ပစောင်တောင်မော့မှာ၊ ညှင်းလေပြည် ဆော်လာတော့ကာ - သင်းပြန်တော့ ရွှေကူချောင် × အိုမိုးနတ်မောင် × ပူအောင်ဖို့ - ဖန်သလားငယ်လေး၊ လွမ်းဝှန်ထပ်ပွား × ထင်မှားလေအောင် ခု – ဖုန်းမောင် သက်ဝေ – မြင်စမ်းလှဲ့လေ × ညနေစောင်းပြန်ပြီ၊ ငွေမောင်း မောင်းကဟည်။ ။

**သဖြန်**။ ။သံညှင်းငယ်ဆော် တိုက်ကြော်ကကြွေး ငှက်ပေါင်းရယ်–တွန်သံနှင့်၊ ပြည်တော်ပြန် သာတဲ့လမ်းငယ်မှာ၊ ငုံပန်းကမွှေး။ ။

---

## ၃၆။ ပတ်ပျိုး

ဘုံလယ်ခွင်-ကြုံတယ်အင်၊ မြင်လာဘဲမို့၊ ရွှေရင်ကွဲလိုလဲသချင်၊ ဘယ်ညာဏ်ဆင်လို့သာ-ပြင်ပြင်ငယ်လွှဲ ×၊ ဖဲဇာပြန့်စက်ရာဝယ်လေး၊ ပျော်လိုဘဲနှင့်၊ ရွှေဘွင်သဲက ကွဲကြေဖွယ်၊ အိုဖုန်းကြွယ်ကြွယ် × မယ်ဝယ်ညိုးတော် - ငယ်တဲ့ရှိသလားငယ်လေး × မကြင်နာ သစ္စာတော် သွေယိမ်းတယ်၊ စိမ်းသင့်မှစိမ်း ×

---

* (ငွေဗိုင်းတိုင်ခေါ်တဲ့ငှက်) ဟူသည်မှာ ဗျိုင်းငှက်ကိုဆိုသည်။

ဖန်မျှားငိုမိ၊ မချိုင့်ဗျာနှောင်၊ သုံးယံလေ ကျော်ညောင်း ငွေမောင်းကဆော်လု အောင်သာ × ကြာညောင်ရိပ်လယ်၊ ကြွလာတော်မူနိုး၊ တိတ်ခိုး မျှော်မိပြန် တယ် × တိမ်အဆာကျယ်၊ ညာဗယ်ညိုလွဲဝိုင်း×။ ။

**သဖြန်**။ ။စိုက်သိုင်းငယ်ဆင်၊ နယ်ရှစ်ခွင်ဝလာဘောင်က၊ကြာညောင် မှာ - ဗျာနှောင်ဆို့သည်နှင့်၊ ပူဘိုတဖန်လဲ × နုကသိုဏ်း ပြုတိုင်းငယ်တဲ့ခံရသူ၊ ငြိုးမာန်ကူလို့ပူဝန်ဖွဲ့တယ်၊ အိုဘယ့်နတ်မွဲ၊ ။

---

## ၃၇။ ပတ်ပျိုး

ပန်းတသင်းသင်း၊ ရဂုံမြိုင်တွင်း၊ သံသာလေညှင်း၊ ဆော်လို့လို့ထူးထွေ- ကျူးဝေတည့်ငှက်သံသာ × ဒေဝါလေမိုးကလောင်း၊ ရွှေညာလေ ကြိုင်သင်း ပေါင်း × ဆောင်းပြန်လေ ငွေနှင်း ကျန်မိုးကြွင်း၊ လေညှင်းငယ် ရောပါလို့၊ တောင်တောက ညံ့စာစာ × လောင်းတဲ့ လောင်းကုမ္မာ × သံသာလေ- ဧးပင်သာ ဧးရင့်ညောင်း × ရွှေစောင်းစောင်း–ငွေမောင်းမောင်း ×တိမ်ခိုးက ဖြာသကိုလေ တိမ်ခိုးကဖြာ × ဘယ်သူသာ × မယ့်မှာကြင်ဖေါ်ဝေးလို့လေး × ဘယ်သူသာ × မယ့်မှာကြင်ဖေါ်ဝေးလို့လေး၊ ဆိုလဲဆိုနိုင်နှင့် ထိုင်ထိုင်ယောင် မှား×။ ။

**သဖြန်**။ ။ထားကျွန်မ လင်၊ မြင်ပါလှဲ့လား။ တညှိုးငယ်ငယ်နှင့်၊ လလယ်မှာ၊ ရွှေယုန်ရုပ်ကို၊ ပုံလုပ်လို့ထား။ ။

---

## ၃၈။ ပတ်ပျိုး - ရင်းကို ပြင်သိဂ်ါဟု ခေါ်ကြသည်

ရွှေပြည်တော်သည် မောင်မယ်တူညီမြန်း၊ ဘယ်ဝယ်မှန်း၊ လှမ်းနိုင်ပြီ၊ လှမ်းနိုင်ပြီ၊ မြေညီညီ ခင်းပါလို့၊ သဲငွေပြန့် သဲငွေပြန့်ပိန်း × လှမ်းပုံကို မဖန်တီးနိုင်ဘူ၊ မြိုင်ကြီးသာငူ၊ ဖေါ်ကွာသူဆွေးစေဖို့၊ ငှက်ကျေး သာရကာ မြူးပျော် ရှာလို့သာ – ဘာသာနှော၊×၊ မြင်စမ်း ပါလှဲ့မယ်၊ ကေ သွယ် သွယ် ကြောင့်သာ၊ ရေဝယ်စီး × လှမ်းလေ မောင်ကြီး ယိုလာယီး၊ လှမ်းလေ မောင် ကြီး ယိုလာယီး၊ ၂၊ ငှက်ကယ် ငှက်ကယ် - ရွှေချိုးမည်သံသာ - လှမ်းပုံ ထွေလှ ပါ × ရွှေပြည်တော်၊ ရမ်းရော်မိသေး၊ ရွှေပြည်တော် - ရမ်းရော်မိသေး၊ ခါဖန် ဖန် ရေးငယ်နှင့်၊ ဆွေးလို့ ဆွေးတယ်ကိုလေ × ခါဖန်ဖန်ရေးငယ်နှင့် ဆွေးလေ

ဆွေးတယ်ကို၊ ဘယ်ဝယ် မြောက်တောင်၊ ကန်ရွှေတိမ်တောင်၊ ပိန်းပိတ်လို့မှောင် ×၊ ဖိုးခေါင်စင်ရော် ရွှေ ရွှေလည်တဲ့ပါလို့ နဲ့စုံစီ၊ တိုးနှင့်ကိန္နရီ၊ ရွှေစာမရီဒေါင်း၊ ကျားခြသေ့်ပေါင်း - အောင်းကြကိုယ်စီ။

---

## ၃၉။ အနောက်နန်းမတော် မမြကလေးရေးသော - ပတ်ပျိုး

ရှစ်စုံရွှက်ကြာ၊ ဆူ - ဆူဝေဆာ၊ စံရာလေ ဘုံရွှေနန်းဘုံရွှေနန်း × အခန်းခန်းငယ်နှင့်၊ ဆောင်နန်းမ ရိပ်လယ်၊ ယိုးဖွယ်တည့်ဝတီ လို × မြတ်ဖုန်းမိုငယ်လေ ရွှေကိုယ်နန်းလောင်း၊ သောင်းစကြာဝဠာ၊ မျှားစွာတည့် ခ,ဝပ်ညောင်း× ရွှေပေါင်းဝန်းရံ၊ တွင်းစံဇမ္ဗူကျွန်းသူမျှားလေး × ခွေပျောင်းညွှတ်ပန်၊ ရင်းထံအတူ ညွှန်းပြူခလေး × မြောက်အိမ်တော် - ဆောင်ရိပ်မှာ လွမ်းစိတ်နှင့်ဆွေး× လာလုငယ်သာလု - တမ်းခုခုငေး × ဗျာပါရေးငယ်နှင့်၊ မကြုံပါနိုင် နွမ်းခွေလို့ယိုင် × နွဲ့ပင်တိုင် ကြည်ရွှောင်တိမ်းတယ် စိမ်းသင့်မှ စိမ်း × ညိုတဲ့ခါပြာလဲ မိုးညိုလို့မဲ × ဖြေလဲနော် ခုပြေနိုင်ပြီ၊ ရွှေရင်အုံ မလုံပန်းတယ်လေ - နွမ်းဗျာထုစီ× ရီရီငွေနှင်းငယ် သွင်းလာတော့ဖျန်း×ချစ်မေတ္တာသူတထူးကို ကူးလေသိမှန်း×။

**သဖြန်။** ။သနားမကြင်ရက်ကယ်မို့၊ သူတွက် - ဖန်ရာဆယ်၊ ရေးနှောင်အခြယ်၊ အိုဘယ်ခါ နေ့ငယ်မှ၊ ကိုယ်တွေ့သည်ပူနွယ်ကငယ်။ ဧးလွယ်သိမှန်း။

---

## ၄၀။ မင်းကြီးကတော် ခင်ဆုံရေး – မိုးဘွဲ့ပတ်ပျိုး

တံပိုးငယ်တည့် နတ်ပဋ္ဌင် × ရှစ်ခွင်ညိုးညို၊ မိုးသံတမူ၊ ကြင်သူလိုလို၊ ညှင်းချိုငယ်သီကျူး၊ ဘယ်ဘုန်းစေလိမ့်၊ နှစ်သိမ့်ငယ်ခွန်းရည်၊ လွမ်းစည်ဆင့်ဆင့် ကျူးသည်သို့သို့။ ×။

ရတု။ မူးခွေညွှတ်၍၊ ကြွေဆွတ် သည်းအူ၊ ဆည်ယူယုယ၊ ညည်းညည်းတလျက်၊ လျှလျှညိုးမြန်း - ဖြူပန်းပွင့်ချေ- မိုး ရွှေလေလည်း၊ ငှေ့ဝေရစ်ဝိုင်း၊ အုံ့ကာမှိုင်းသော်၊ တိမ်ဆိုင်းရွက်ချပ် - ကျဲလျှပ် ဝိဇ္ဇုန်၊ဘုံရဝိန္ဒာ၊ နိန္ဒြာမှ၊ နွယ်တာဖြန့်တန်း၊ နဝင်းစွန်းခဲ့။ ×။

ကြိုင်မွှန်းငယ်တည့် နှင်းလှိုင်ကြွယ် × မြသွယ်မြိတ်ကေ၊ ထုံးဖြေငယ်သင်ရင်း၊ စိန်ဗိုတာန်၊ ကြာရံသဉ်လည် ခင်းဝယ်ပလေး၊ တန့်စားမူ လျစ်လျူပေါ်ဆောင်တင်းသည်နှင့်လေး။ ×။

**သဖြန်။** ။ညှင်းသည့်ငြိမ့်လွင်၊ အိမ့်ရှင်စည်တော်စုံက၊ သည်းအုံကြွေစေရော့လေလ၊သာတော့သီကျူး × ခြိမ့်တမည်၊ တိမ့်မင်ခြည် ခြယ်ရောင်ဖန်လို့၊ ဘယ်ငြိုးမာန်- ထန်မတ့ုငယ်လေ၊ အမှုန့်ထွတ်မှူး။ ။

## ၄၁။ မင်းလက်ဝဲသုန္ဒြ ရေးသားဆက်သွင်းသော မဲဇာတောင်ခြေ အဓိပ္ပာယ်ကို ဖွဲ့ဆိုသည့် ရတုပိုဒ်စုံ၏ရဂုံမြိုင်ချာသို့ လိုက်သော ပတ်ပျိုး

(နောက်ဆရာများရေးသည်။)

မဲဇာတောင်ခြေ၊ စီးတော့တော့၊ ရစ်သန်းသီတာရေ × ပန်းမြိုင်ဘေ့မှာ၊ ဆန်းထွေသည်က၊ စံရွှေပြည့်နန်းဆီသို့တ×ဘိုးတော်ငယ် ပဝရ၊ တေဇငယ်ပျို့ကြူ၊ တည်ထားအဆူဆူ × ဇမ္ဗူဇမ္ဗူဆီမီး ခြောက်ရောင်ရှင်လေး၊ ဂူကြီးလေ့ ဂူကြီး မြတ်ထွတ်တင် × ရွှေလင်းပင်ခြသေ့ဖျား × ထွေထွေရံကာခြား × သည်ကား စေတီ၊ သည်ဆီမျှော်တမ်း၊ ရည်ရွယ်စိတ်ကမှန်း × နန်းရွှေပြည် ကွာဝေးလို့ ဆွေးဗျာထုနှောင် × ပွဲခါညောင်ရေယဉ်သုံး၊ မြတ်ဖျားရယ် ဂူတော်ချောင်သို့၊ ရိမှောင်ကာပိတ်ဖုံး × နှင်းငွေ့ရည်အုံ့မဆုံး၊ မိုးပေါက်ကရှုံး × တိမ်တိမ်ခြေ ချုန်းပါလို့၊ အုန်းခြိမ့်ခြိမ့်နှောင် × တည့်မှန်းနေခြည်ဖြာမှု၊ နွေးတယ်လေး၊ ထွေးလုံတတ်ပေါင် × သဲစာသောင်မြစ်ကျေး - လွမ်းဖေါ်မဲ့ဝေး×။ ။

**သဖြန်။** ။လေသွေးရာချီ၊ရွှေဖီကမွေး။×ပတ်ပန်းငယ် ငုံခိုင်နှင့်၊ မဲဇာ မြိုင် ရေယဉ်စမ်းငယ်မှာ၊ လွမ်းဖော်မဲ့ဝေး။ ။

---

## ၄၂။ သီတာဒသောင်ခြေတွဲ-ပတ်ပျိုး

ယမုန္နာ သီတာ သောင်ခြေ ဦးမှာလလေ × သနားဖွယ်၊ လူ့နှယ်-ခေါ်သံထူးလို့လေး × ကြည်နူးဖွယ်မယ့်တကိုယ်၊ ရွှေဟင်္သာ၊ မောင်နှံငှက်ကယ် တို့၊ ကြင်ဖေါ်ကြင်ဖေါ် ဖက်ကွဲသို့၊ တူပျော်ပျော်လေ၊ ဘယ်ခါမှစက်ရပ၊လည် ယှက်ကာ သူ-တို့လို၊ × မ-ဖိုခေါ်သံ၊ လူ့နှယ်သူ့ဟန်၊ ဖေါ်ကွာသူ ဆွေးစေ ဖို့ဖန် × သဲတဲ့ သဲငွေ့လျှံ × ဝဲတဲ့ ဝဲကာပျံ × အိုင်ကြင်းတွေဆန် × ငတန်တွေ- သောင်ရေစီးမှာလှ၊ ကိုတံငါလှေယာဉ်ဆီးပါလို့၊ပိုက်ကြီးကိုရေချလာ ×၊ ဒေါင် ဒင်းငယ်-သံသာသာနှင့်၊ တံငါလှေလောင်းဆင်း × အိုနဒီတွင်းမှာလှ၊ နှင်း ငွေ့ဆော် ၂၊ ချမ်းလို့တုန် မလုံကွေးတယ်၊ ကိုယ်ရေးကြုံတော့နော် × တပေါင်း တန်ခူး မိုးသားကျူး × လေရူးလေ့ ဆော်လာပုံ × နဒီ တွင်းမှာလှ၊ရွှေကြင်း ငယ်တို့၊ ပိုက်တွင်းမှာ သူတို့ခုန် × လွမ်းလေ ပူပုံ ပူပုံ ပွါးပါလို့ အားက ကုန် × လွမ်းလေပူပုံပူပုံပွားပါလို့ အားကကုန် ။×။ သောင်ယံမှာ မောင်နှံ ငှက် ကယ်တို့၊ လည်ချင်း ယှက်ပါလို့နွဲ့ကာပျော်စံ၊ ဆွေးစေဖို့ဖန် × ကြင်ဖေါ်မဲ့ သူတို့ဝဲကာပျံတယ်၊ သည်သောင်ယံက မခွါရက်တယ်၊ ကြံခက်လို့ပန်း ×။ ။

**သဖြန့်**။ ။ရစ်သန်းငယ်ကာ၊ ယမုန္နာ ငွေသောင်ခုံက၊ လှမ်းပုံကိုဖြေ မရှင်ဘု၊ ပွေအင်ပူမီး။ ငွေနှင်းငယ်လျှံ၊ လေညှင်းတည်ညီနှင့်၊ ရေဆင်းသံဂယက် ဝိုင်းငယ်၊ လှိုင်းထလို့စီး။ ။

---

## ၄၃။ မင်းကြီး ဦးစ ရေး-မိန်းမလိုက် တေးဘွဲ့

စုံနယ်သာစု၊ မှုံကြွယ်ညာမြူ၊ ပင်လှငယ်ရွက်ညီ၊ မျှော်လေရာ ကြိုင်ကြိုင် လန်းသည်နှင့်၊ စခန်းဘယ်ဆီသို့၊ တွေးတို့တတ်ပြီ၊ တိမ်သိဂီ၊ နေရှိဆည်းဈာ၊ တောင်သနင်း၊ ကြည်ဆင်းရည်ရေသွယ်ဖြာ၊ ဂမုန်းအင်နှင့် ဂေါဇင်ဂန္ဓာ၊ ဇီဝ ဇိုဝ်းမယ်မောင်၊ ဖိုးခေါင်လေတဲ့၊ တောမြိုင်ချာ၊ သေလာ လေညှင်းငယ်လေ သင်းကသင်းသနှင့်၊ ဆွေးသူဝေးလူ၊ ရေးယူခွင့်မစာ၊နှင်းလှိုင်ညီသည့် ကေသီဆံ ကြာ၊ ငါးအာလိန်မြင့် ဝတီ မှန်ညာ၊ မြစ်ခင်းငယ်မှာ၊ ဘယ်ပုံမှန်ရင်းငယ် ကြောင့်၊တင်းမမာ၊ ဖန်လာတော်မူရေးငယ် လေကန္ဒေးသနှင့်။

**သဖြန့်**။ ။ကျေးသံရင့်ပဟိုရ်၊ ချစ်တင်းငယ်နှောင်၊ ဖိုးခေါင်နာရီနှင့်၊ ရွှေစာမရီ ဇောသားငယ်တို့၊ စောင့်စားဖန်ဝေမူ၊ ဘုန်းသူ့တွက်ကို x။ မသုံးလို ချဉ်ချိုစပ်ဖန်နှင့်၊ မတန်မရာလေကွဲ့၊ ထွေထွေ သစ်သီး x။ ရွှေကိုယ်တော်တွက် ကယ်ကြောင့်၊ သက်ဆက်ကာ နိုင်သာမျိုးရတယ်၊ ရောက်လိုရာ ညွန်နှံ့ရေကငယ်၊ ဘွားကြွေလုနီး။ ။

---

## ၄၄။ ရာမဇာတ်ထွက်-ပတ်ပျိုး ၂-ပုဒ်

(က) ဘုန်းမျှော်မျှော်မင်း၊ ကြေညာရွှေတေဇာ-ပ,တယ်ပ,တယ်၊သောင်းဒီပါ ဘွေလုံး၊ တိုင်းရွှေမြေရာထီးညွန့်၊ နေနွယ်မြတ် နတ်ကယ်လို x ဒေဝီ ကုမ္မာ-သီတာညာစံ လောင်းနတ်ရှင်မှန် x ရွှေထံတော်ရေး၊ ခေါင်း ဆယ်လုံးကျေး x နီလာရွှေသွေး၊ စိမ်းပြာလဲ့ညိုမှောင် ရော်ဝါ၊ ပြာဖြူ တည့်စိုးစိုးဝင်း၊ တိမ်တာဒီပါဝေမှိုင်း၊ မျှော်တိုင်းခုမှန်ဝေ၊ ရွှေပဒုမ္မာ လွှာ ချပ်လယ်က၊ ငွေပဒုမ္မာ လွှာချပ်လယ်က၊ ကြာနတ်ကယ်ညှိုး တခွေ့ခွေ့ ညှိုးx ၂၊သွယ်တထွေထွေရွှေစက်လည်သို့၂၊ ငွေမျက်ရည်ယို x ဖြိုးဖြိုးဝေ ဆာ-သီတာတည့် ပြာဖြူ၊ လုံလေးမယ်-ပျောင်းတပျော့ပျော့ပျောင်း x ဘုန်းမိုမို့ရွှေသီဟိုဠ်ဘောင်၊ ငှက်ယောင်ပျံလာခဲလှလေ x၊ အောင်ဇေ ယာ၊ဇမ္ဗူညာမယ်၊နတ်ကယ်-မြင်လာဘဲမို့လေး x၊ကြေအူချာ-ပွေပူတာ၊

ဆွေသူ့မှာ - ဖွဲ့နွမ်း ၂၊ ရွှေသီဟိုဠ်ဖက်ကယ်က၊ ညိုညက်ကယ် - ပျောင်း
တပျော့ပျော့ပျောင်း ×၊ ထွန်း-တော-ဇာပြောင်၊ ညီနောင်လှည့်ဖွေရှာ၊
တောင်တောင်ဒီပါ၊ မာလာတွေ လေညှင်းရော × တောကြီးဟောဝန်
လယ် × စုံခြေစုံခြေမြိုင်သာမော တောဟောဝန်ကြော ×၊ ယမုန္နာ× ဂင်္ဂါ
ရေညို-ကမ်းယံက၊ ဖို×ရွှေ-ကိုယ်-ညီ-နောင်-ခက်-ယောင်ပန်းမော ၂၊
တောစုံခြေ၊ ရဂုံတွေမြိုင်လမ်း၊ တောင်စက်ရေနှင့်သာ၊ အောင်မြေစ
ခန်း× ရွှေသမင် × ပြောင်-ဆင်-ကျားရဲ-ကျွဲနွှင့်-ယုန်-ငယ်-ဂျီဒရယ် ×
ပျော်ဖွယ် ဖိုမ ကမြူးကြ၊ ခါဖန်ဖန် × မြိုင်မြိုင်ယံအုပ်ကယ်က၊ ရွှေဗုတ်
ကယ်ဆော် × မြည်တော်သာရွှေ လင်းပြာ၊ ငယ်လေ၊ ဖိုမမြူး ×၊ သာစွ
ဖိုးခေါင်၊ ပျော်မြူးဆောင် × သုံးထောင်ပတ်လည် တောကမဆုံး × ၂၊)
လှိုင်ဂနိုင် - မြိုင်တခြား၊ မိုးသားကျူးလို့ လေရူးဆော်၊ ဆွတ်ဖျန်း
လာ-ဆွတ်ဖျန်းလာ၊ ပက်ပါပက်ပါ အို ဘယ်ကံငယ်၊ မယ်မှာဖန်သည့်
ရေး×၊မလေး မယ့်သဲအုံလေးမယ့်သဲအုံ ၂-တုန်ရွှေသဲ-ကြေကွဲရုံ၊ ကြုံလေနဲ့
ပွေ့ကဲပုံ၊ မှိုင်းမှုန်ပြာ အာကာညိုးညံ့ ၂၊ ဘယ်ရွှေတံ ဘယ်ရွှေကံအို ၂၊
အာကာတွေတိမ်ယံ။ ။

**သဖြန်**။ ။သိင်္သိဟိုဠ်မျက်မှန်၊ ရထားရယ့် လေယာဉ်ပျံနှင့်၊ကြံဆောင်
ကာသွေး×။ နှင်းကဲ့စည်စည်၊ ကျမျက်ရည် တလည်လည်နှင့်၊ မြတ်ညီ
နောင်၊ မြင်လာဘဲငယ်ကို၊ တုန်သဲကဆွေး။ ။

(ခ) ဒီပါဠေးမြ - သပြေညာ × ရွှေတောဇာ - ရာသောင်းလုံး × ဘုန်းတောဇဂုဏ်
ငယ်ကိုလေး၊ မျှော်ရှုံတွေစွန်းက၊ ခွေနွမ်းရန်ကြုံတယ်ကိုလေး၊ ပန်းပူလို့
ဆွေး× မကြိုလာ သီတာသား၊ ခြားလို့နေတဲ့ ဟောဝန်တောင်၊ ရီမှောင်
ဆိုင်း မှိုင်းလို့လေး × ဖန်ခိုးငယ်ဖျော်၊ ဝဲမှော် - မြစ်လှိုင်း မြှော်လေ
တိုင်း၊ ခေါ်လေတိုင်း၊ လေဝိုင်းမှုန်ကြွ ပူရန်ခြယ်၊ ပင်လယ်ကြီး ဆီးလို့
လေး × ကောင်းကင်ထက်က ငှက်ကယ်လို၊ သီဟိုဠ် ပျံတာတ်နိုင်သေး ×
ဟိုတိမ်ယံဘုံပျံဆန်း၊ နေနန်းနွယ်လဲ့ပြာပြာ၊ ကြမ္မာဘယ်ဝဋ်ကဲ့ ကံမို့
လေး၊ လွမ်းဆွတ်ကယ် ပူဗျာပွေလို့ သဲကြွေလုံဆွေး × မှန်းရွှေတောင်
ညာ၊ လွန်ပူဆာခွေလို့ညိုး × ဝတီ ပြည်သာ ရာဇာဘုံပိုင်၊ ဘုန်းလှိုင်ငယ်
တောင်စိုး၊ ရေနတ်ကယ်မေခလာနှင့်၊ တောသာစွာမိုး၊ ဘယ်နတ်ကယ်
ဖန်မကူလို့၊ နန်းသူကြောင့်ညှိုး × ချိပ်ပန်းငယ်ကာ၊ နှင်းတိမ်တွေဖြာ
ဖြာနှင့်၊ လွမ်းသာအောင်ဆွေး × ကမ်းဟိုမြေယံ၊ ရွှေတိမ်တောင် တက်
ပါလို့ - ဝင်းညက်ကယ်ထံ၊ ဘယ်တမန် မောင်စေလို့၊ သန်းရွှေနတ်
သွေး × သပြေညာဝှ မျိုးမြတ်တဲ့သူ၊ နန်းသူပြာဖူ နွဲ့မူကွာလှမ်း၊ ရည်

ပတ်ကာသန်းပါလို့၊ တမ်းဆိုမိယောင်၊ မောင်မောင်ဖိုဟိုက်လို့ ငိုရှိုက်ဖွယ်ဆွေး။ ။

**သဖြန်**။ ။သာပေါင်းငယ်ကြွေ၊ သပြေစိုးပေမွဲ၊နေမျိုးဖျား ×။ ရွှေဘုန်းတော်စုံစုံနှင့်၊ စိန်ခြူးအုံ ဖလ်ကနက်မှာ၊ ထီးချက်အောက်ဖွါး။ ။

(ရာမဇာတ်ထွက် ပတ်ပျိုး၂-ပုဒ်ပြီး၏။)

---

## ၄၅။ ဇာတ်ဆရာ မောင်ကျောက်ခဲ့ရေး-ပတ်ပျိုး

ဂန္ဓမာတောင်၊ လိုဏ်နန်းချောင်ငယ်ကသာ၊ ပူအောင်စေသား ပန်းဖြေနိုင်ပါလေတည့်မှ၊ မာလာရွှေခိုင် နွမ်းခွေကာယိုင် သည်နှင့်သာ၊ ပန်းဖြေကာ ပူဝန်ပိုပွါး၊ မြပန်းငယ်တည့် အငုံအငုံ × ဝတ်မှုံကြွေညောင်း သင်းပျံ့လို့လောင်း× မဥ္ဇူရွှေရောင်နန်းမေရှုတောင် × ရီမှောင်မှောင်တောင်ဖျားမှာ၊ ပိန်းခြုံလို့သား× အထူးထူးထူးလို့ခြား၊ မြသားငယ်အသွယ်သွယ်၊ ညာဗယ်ဝယ်လေ မိုးကမဲ × ဆိုလဲ-တန်ဘဲ၊ တန်သဲ ဆိုလဲ့ × လွမ်းဟုန်က ကဲသကိုလေ၊ နွဲ့နွဲ့နွဲ့ကျူးသည့်ဖွဲ့ × မစဲနေ့လုံး၊ ဟောဝန်ပတ်ကုံး၊ ရီမှောင်ပိတ်ဖုံး၊ နှုန်းတလျှလျှ၊ လှိုက်ခုန်လှိုက်ခုန်တည့် ဆန်းဆန်း၊ နွမ်းတလျော့လျော့×။ ။

**သဖြန်**။ ။သဲကြွေလု ပြုံမလိုပင် မိုးလုံးပြည့်ဆင် × အိုထိပ်တင် ရှုပဖျား ×။ တကိုယ်တန်းမို့ ပန်းဘုံတွေ ×၊ ချော့ချေပိုက်ချေ ကြာနေပန်းလို၊ နွမ်းစေတော့သား။ ။

---

## ၄၆။ မြဝတီမင်းကြီးရေးသော-ပတ်ပျိုး

စက်လဲမရှင်၊ ကျမျက်ရေ-တွေတွေဆင်း၊ ငွေနှင်းလည်သို့သွင် × တုံကာဝဋ်တင်၊ မယ်မြင်လှဲ့လေး၊ ဆိုယောင်မှုင်မိသေး × ရိပ်မှေးကာမျှော်လို၊ တော်ရိပ်မာန်ပျိုးပ - ဖိုးရွှေလယုန်မင်း × ပြာလဲ့မှာ ဇာခွဲ့ျတယ် - မုန်းမာန်ဖွဲ့တင်းတင်း × သင်းထုံတဲ့ဘုံမှာကိုလဲ၊ ခင်းကြုံရနဲ × မယ်လဲကံသာ သည်မှာ မောင့်ကိုယ်၊ အလိုလိုဆွေးလို့ဆွေးတယ်ကို × ပြုံတော့မည့်နွယ်၊ ရွှေရင်ဝယ်-တအုံတအုံ တအုံလုံးကို၊ အုန်းအောင်ခြိမ့်သဲသဲ × ဘယ်နတ်ကယ်တဲ့စိမ်ပူဆွေးရပြန် × မကြံနိုင်၊ ယိမ်းယိုင်ခွေကာနွမ်းပါလို့လေး × မကြံ မကြံ မကြံပါနိုင် ယိမ်းယိုင်ခွေကာ နွမ်းပါလို့လေး × ပန်းကြဲတဲ့ဖဲစက်ရာမှာ-သာခွေကာယိုင်လို့မှိုင်မိသေး × နတ်နန်

သူ့ရုပ်သွင်၊ ရွှေတော်ပြင်တဲ့သာမြင်လာရေး × ဧနိုင်တို့ပါလိုကတဲ၊ လေးရန်ဆင့်ကဲ × ကြိတ်ခဲ့ကြံလို့ကြိုးပါသော်၊ မြန်နန်းဆောင်ဘုံပေါ်က၊ မိန့်ရွှေတော်ခွန်း၊ အိုညွန်းပါသင့်တယ်။ ။

**သဖြန်။** ။ပူပွေ့သာထပ်ကာနှင့်၊ ဗျာပါကြွေလှသဲ၊ ရွှေရင်ထဲက ခဲလို့ကြေနိုင် လဲသေလုယိုင်တယ်၊ မပိုင်လိုနိုင်တော့ဘဲ × ဘယ်ဝဋ်ကယ် တုံ့တင်လို့၊ လှကြေးမျှင်စိန်မှုံနှစ်ကယ်ကို-ဘုန်းချစ်ရနဲ။ ။

---

## ၄၇။ မြဝတီမင်းကြီးဆို-တေးဘွဲ့အိနှောင်ပတ်ပျိုး

ဖြူပြာမူရာ - သူဇာနေလို့၊ နတ်ကယ် ရွှေကိုယ် ထင်မိမှား × စက်ပန်းညောင်ပဒ့ုကာ၊ နန်းဘုံမြင့်ဖွား × တနိုင်ငံ၊ မှိုင်ယံခြား၊ ကြံ**အားအောင်**လို့ကြိုးနှောင်ရှာတယ်၊ မိုးဣန္ဒနှယ် × မြတ်မျိုးဒါဟန်မယ်နှင့်၊ ဉာဏ်ခြယ်လှယ်သဠာငြိမ့်မှာ၊ မြင်တော်ရှာလိမ့်နိုး × ဘွေဆိုင်ခွေယိုင်၊ ပူပုံပျိုး၊ တန်ခိုးကြေညာဒေဝါမင်း၊ ဖန်ဆင်းကူလို့သူမညီ၊ ကျွန်းမာလာ၊ ပင်လယ်ခြား၊ သနားရန်ဘို့ လွမ်းတာကိုယ်စီ၊ ဝေးကွာခဲ့ပြီ × လေချီချီ ပန်းရွှေဖိ အင်းကြင်းကသင်းတပျံ့ပျံ့၊နွေရာသီ၊ ကာမီခြေမင်းငယ် ရှင်းတသန့်သန့် × တသင်းလှိုင်နံ့မွှေးထုံကျူ၊ ဒါဟန်နန်း-မြန်းမည့်သူ၊ မင်းရွှေဂူတဲလေယူခဲ့၊ အူသဲလှိုက်မျှ ရှိုက်ကာဆိုငိုဆွေးရန်ကပို။ ။နေညိုညို ရွှေကိုယ်မှာ မျှော်တော်ရေးနှင့် ဆွေးတသိမ့်သိမ့်၊ မှိုင်ရိပ်ကယ်ခို၊ လေချို ဆော်သွေးလို့ ဧတခြိမ့်ခြိမ့် × ငြိမ့်ငြိမ့်ညောင်းညောင်း၊ သောင်းသောင်း ညုံညုံ လွမ်းပုံထွေသည့် ရွှေငှက်သံ × ပျံကာသာ ဧရင့်ကျူး × မောင်မယ်စုံ ဖိုမမြူး ×။

**သဖြန်။** ။ကြည်နူးရန်စုံ - ရဂုံမှာနယ်သိုင်းလို့၊ ဘယ်တိုင်း ဘယ်ပြည်ရှာမှ၊ ရှာ တွေ့နိုင်သေး။ တွေးရှုမျှော်ယောင်၊ သည်းခေါင် နောင်မြန်းမဲ့၊ တောင်နန်းပဇာသိန်သို့၊ လွမ်းတိမ်နှင့်ဆွေး။ ။

---

## ၄၈။ မြေထဲမြို့ အစိရင် မောင်လူကြီးရေးသော တေးဘွဲ့ - ပတ်ပျိုး

ပြည်အောင်ချာနန်းငယ်က၊ ဖြန့်မြန်းရွှေစက် - မောင်ငဲ့ကို၊ ရဂုံသာမှိုင်းပင်တိုင်းမောက်လို့မို၊ လေညိုရွှေခို ခြေနှင့်သာ၊ ပန်းဝတ်ကယ် ခြေသင်း – လေသွင်းစ - လရာသီမှာ × ရှုတိုင်းငယ်တဲ့ဗယ်ညာ × ပြာပြာလေဝါဝါရွှေ၊ အာကာခြေတခန်း၊ ပန်းပျော့ရှုံ - ဆေးစုံခြယ်လှယ် သန်းသို့လေ × နန်းရွှေဘုံ လွမ်းဟုန်

သွယ်သွယ်တမ်းလို့လေး ×၊ ပန်းပုဘို့ဖန် × မောင်နှံ့ခုကြွေး × ရွှေးဘယ်တို့တင် × ဘယ်ဂြိုဟ်ဝင်သည့် ဇာတာစန်းငယ်လေး၊ နန်းမြေနှင့်ဝေး × ကြွေးကြောင် – ဖိုမ-ခေါ်ထူး၊ ဟေမဝန္တာ မြိုင်လယ်က၊ ဘယ်ငှက်ကယ်မြူး × အိုကိုယ်ထူးကြုံရလေ × ဂန္ဓိုင်ဆီး၊ မြိုင်ကြီးသူ့ရပ်မြေ × အိုလှနတ်ဆွေ × ကိုယ့်ပြည်မို့လား × တချုံတိုး ရင်လှလေ၊ ပုဆိုးရွှေချည်နွဲ့ငယ် စုတ်စေတဲ့လား × ဖူးစီစီငယ်လေ၊ နေရိရင့် ညောင်း၊ ဂူန္ဒနီလာ၊ စံရိပ်လယ်က – မျှော်နှင့်မယ်ညောင်း × အိုကြုံတောင်းကြုံရ တယ်၊ ဂန္ဓိုင်ဆီး၊ မြိုင်ကြီးသူ့ရပ်လယ် × အိုလှနတ်မယ်၊ ကိုယ့်နယ်မို့လား × တရွာသွားရင်လှလေ၊ တအားရွှေကိုယ်နွဲ့ငယ်၊ ယုတ်စေတဲ့လား။ ။

**သဖြန်။** ။ရွှေးဝဋ်ကြွေးကယ်ဆင်၊ သခင်ကို ဘယ်နေ့မှ မမေ့ပါဘူး။ မလွမ်း တန် လွမ်းပြန်လျှင် ငိုရက်နှင့်၊ ရွှေမျက်ရည် နှစ်သွယ်ပြိုင်လို့၊ သဲဆိုင်ကနူး။ ။

---

## ၄၉။ မြဝတီမင်းကြီးရေး မိုးဘွဲ့ တေးဘွဲ့ - ပတ်ပျိုး

သေနင်္ဂါမည်၊ နတ်စည်ဆော်သံလျှိုင်းလို့လေ × သွန်းမယ့်ရွာပုံ၊ ပဇ္ဇုန်ဆင် သင်တိုင်းငယ်နှင့် လေး ×၊ မိလ္လာရီ ဆိုင်းပြန်ပြီ၊ ပြာရီအုံ့မှိုင်းဝေလို့မှောင် ×၊ အာကာဘောင် ဂဋ္ဌုန်တောင်ချိပ်ပါလို့ ပန်းတိမ်လိပ်ရောင်×၊ ဆွေးတဲ့ ဆွေးဗျာ နှောင်၊ မိုးနတ်မောင် - ဖန်တော့အား × စာနာသင့်ငြားတယ်ကို၊ ငြိုးမာန်ဘာ ပြုပွားတယ်ကို ×၊ သနားမညှာ - ဝဋ္ဋာပိုင်ဘုန်းရယ်က - မုန်းရက်တော့သာ၊ ကျူးရင့်နတ်ဆော်ကာ၊ စည်တဲ့စည်တံမြွာ၊ ရှိန်တေဇာ - အာဏာကြွေး ×၊ ပဇ္ဇုန် သံလေးညှင်းစီစီ၊ ရွာဟန်ရုပ်ရေးဆင်ခဲ့ပြီ × မန္ဒာကီ - ဇာပလီလျှိုင်းပါလို့သိုင်းဟန် ဖွဲ့ချီ×လွမ်းဖွယ်စုံစီ၊ မှိုင်းရီလို့မဲ၊ ကဲဆင့်မဲ့ဖောက်မို၊ ရွာမလိုယောင် - တိမ်တောင် အာကာထဲက ဆင်ပြန်လာ × သနားမညှာ – ဝဋ္ဋာပိုင်ဘုန်းရယ်က - မုန်းရက် တော့သာ။ ။

**သဖြန်။** ။ပြာပြာမှာ ဝါဝါရောပါလို့၊ မြကြော - ဇော်ဂီရောင်လျှံ၊ သွန်းမယ့်ရွာဟန်၊ တံပိုးငယ်လျှံ၊ မုရိုးသံခရာဆင့်တယ်၊ သံရင့်ကြော်ကြွေး။ ။

---

## ၅၀။ မင်းကြီးကတော် ခင်ဆုံရေးသော - ပတ်ပျိုး

မြမန်းကိုက်ရုံ၊ ရွှေဘုံမြေမြခင်းမို့လေ၊ ကန်နန်းသာဟန်၊ လွမ်းရန်လည် ဝယ် - ခင်းပလေး၊ ဂန္ဓာထုံမွှံသင်းတပျံ့ပျံ့၊ ဂေါ်ဇင်ခွါပြာ - ညှင်းတညံ့ညံ့၊ ပန်း ရန့်မွှေးမာလာ၊ သိင်္ဂါခိုင်ညှာ ပွင့်တဆိုင့်လှိုင်၊ မြိုင်အဖီလာ ကာသန်း၊ နန်း

တောင်ခြေ – ရေကြည်ပြိုမ့်၊ စုံနယ်မြဟောဝန်၊ ဖြာဖြာလျှံသွန်၊ သာယာကန်လွန်၊ ဆန်းသော် - သွယ်ညွန်း၊ ထူးဆန်းတင့်ရှန်း - ဆွတ်လွမ်းဖွယ်နှယ်၊ ကြီးချဲလွန်း၊ မြတ်ဣန္ဒနီ သိင်္ဂီပရွန်း၊ ခြယ်မှန်းငယ်စီမြာ၊ ညာဗယ်လေဖျန်း၊ ရစ်သန်းမြရောင်ကာ၊ နေ့တတ်အိုင်သာ၊ ပမာပုံ မယှဉ်းစေနှင့်လေ၊ မြောက်ယှဉ်းယောင်တောင်ရွှေသီလာ၊ ခင်းငယ်နှင့်လေး၊ စံခင်းဘွေကြော့ လွမ်းရန်ထွေလည်၊ ခုနစ်ခွေရံ ရောင်စုံကြို့ပါတဲ့၊ မန်းရွှေမြို့ပြည်ငယ်ကိုလေး။ ။

**သဖြန်။** ။ဘုန်းပန်းနေညွန့်စည်၊ ရွှေဉာဏ်ရည် လွန်ဆကဲ။ နတ်ညွှန်းငယ်ဖန်တော်ယောင်သို့၊ ငွေရင်ပေါင် သောင်တကန့်ငယ်မှာ၊ တောင်ဖြန့်ကာဝဲ။ ။

---

## ၅၁။ မင်းကြီးကတော် ခင်ဆုံရေး - ဂန္ဓမာတောင်သို့ လိုက်သောပတ်ပျိုး

ဆောင်ဝဇီရာ၊ ညောင်ကွန်းညာငယ်ကသာ၊ သီဟာ ဘွဲ့ပြင်၊ မျှားဖေါ်ရွှေဆင်လိုလဲ့၊ ကြည်လင်နိုင်ဖွယ် တွေးကြံရည်ရွယ်ကာနှင့်သာ၊ ဧလွယ်အောင်ဖန်တော်မူရင်း၊ ခွါပန်းငယ်တည့်အခိုင်ခိုင်၊ ဆွတ်ကြိုင်ငယ်လေညှင်း၊ ချမ်းစေစိမ့်သွင်း၊ ငွေယုန်ပေါ်သီတာ - မိုးယံ မြင့်မှာ၊ နှင်းငွေလွှာရည်မှေး၊ သဲရင်မြေ့ဧး၊ ညှိုးညှိုးညှိုးငယ်ရေး၊ သင်းကြူကြူ - ဒါဟန်နန်းကမွေး၊ လေသွေး – ခြုံထွေး၊ ချမ်းဝန်က လေးတယ်ကိုလေ၊ နွေးနွေးနွေးနွေး - နွေးနိုင်သေး၊ မုလေးပျို့သင်း၊ ကြာရံညောင်လင်း၊ သည်ဆောင်ဘုံတွင်း၊ ညှင်းညှံ့ညှို၊ ဆွတ်ကြည်ဖွယ်ညွှန်း - လွမ်းပျို့ပျို့။ ။

**သဖြန်။** ။ညည်းညူခန့် ဆွေးစဖွယ်သာ၊ သောင်းရွှေပွင့်ဝါ၊ သည်မာလာပင်မြင့်ဆုံး။ သဇင်မင်း ရွှေခက်ကယ့်ပန်ချင်ပါတယ်၊ ရွှေချည်စည်း၊ နီးပြီလျှော့ရုံး။ ။

---

## ၅၂။ မြမြမောင်းမောင်းသို့လိုက်သောပတ်ပျိုး

ပပငယ်လေ ဝင်းဝင်း × မှန်ရဝေဆောင်၊ ကိုယ်ရောင် တိုက်ခန်းလင်း× ဟန်တခါပြင်၊ ရွှေစင်ဆယ်တင်း၊ ဆက်သွင်းပုံသေ၊ သိန်းတန်တဲ့မေလေလေ့၊ တင့်ကျူးငယ်မူရာထွေ × မြင်သူမြင်သူဗျာဝေ၊ ကွဲကြေအံ့မဆုံး × တင်ကာသွင်မျက်ခုန်း၊ ခြယ်မင်မသုံးသည်နှင့် သမ်းကာမှောင် ×၊ မျက် လုံး တော် ရောင်၊

သောက်ရှူး ကြယ်ညီနောင်၊ မြမျက်တောင်၊ မင်ကော့ရှန်း၊ ကေသီမှာ ဒေဝီ ကျမ်းစာဝင်၊ မျက်နှာပြင် စံလှတ်ကျွန်း၊ ငွေလဝန်း ပေါ်သည့်သွင်လေးတဲ့မှ၊ ခြောက်ပါးငယ် ပြစ်လွတ်စင် ×၊ တပုံလေ-တထုံးလေ၊ တနှုန်းလေ၊ တအင် ၂၊ မှုရာ မှုရာစုံလင်–နတ်ပင် လူပင်လား ×၊ ထင်ယောင်ထင်ဝိုးဝါး၊ မြင်မြင်သူများ ပ-ခြားနိုင်ရှာ×၊ ငုံကွမ်းကြိုင်စွာ၊ ထုံမွှန်းချိုသံသာ၊ နတ်ပျူငှာဆိုတင့်ကျူး၊ ခင်မေကို-ကြင်ဆွေ-သဲဆိုင်နှောင်၊ မြခိုင်အောင်၊ ဆောင်စိတ်ကူး၊ မောင်ရွယ် စူးကြံပါ့မယ်လေလေ့၊ ကြော့မှူးခင် ယုံတော့ကွယ်×၊ သဲဘွင်ဝယ် - ကြင် ချစ် လှိုင်း၊ ထင်မြင်တိုင်းတင့်လှတယ်၊ အို-မိုးလယ်ဝေယန်ဖျား–သူဇာထင်ယိုးမှား။ ၂။

**သဖြန်။** ။မျက်ထားတော်ချို၊ မြွက်ကြား အသံဆိုတော့၊ တက်ပွားပို ဖရဏာဟုန်နှင့် သဒ္ဒါရုံး။ ထူးမြတ်သမ္ဘာ၊ ဘယ်ဘုန်းမှာ ဘယ်ပတ္တနာလေသိ၊ ဆွယ်စရာ ဇမ္ဗူလုံးမှာ၊ နှုန်းစံဖက်ဝေး။ ။

---

**၅၃။ မြမြမောင်းမောင်းသို့ လိုက်သော-အိနှောင်ပတ်ပျိုး ၂-ပုဒ်**

(က) ညို့ညို့ငယ်လေ မှိုင်းမှိုင်း၊ × ပြာညိုရွှေ-တိမ်ခြေမြူခိုးဆိုင်း၊ × အိုဘယ် မှာ ဒါဟန်ရွှေတိုင်း မှန်းနိုင်အောင်သာ၊ နန်းမြေသိင်္ဂါလေလေ၊ မြရိပ် ကယ်ဝေဆာဆာ၊× အိုဝေယန္တာ-နတ်ကယ်မေ့လေငြား၊ နေတယ်ဖန်ဘဲ အား၊ ကူရေပန်တိုင်းလုံး ကေသီမှန် - နတ်နန်းရာရုံ၊ မြင်လဲမြင်ပြန်၊ လျှော်လေညာဏ်ဖန်ဘဲအား၊ ဒါဟန်ပျော် ညာမော်နန်းသူမေ - ရွှေမှာ ခြေ ထင်မိမှား၊ မျှော်တော်သာ မျှော်မိယောင်လေတဲ့မှ - ထပ်ထပ်ကယ် ပူဖွဲ့နှောင်၊× တောတောင်ပိုင်စိုးငြား ရွှေပင်သား-နတ်ကယ်မောင်၊ အို ဖန်ဆောင်ကယ်ယူနှေး၊ မြင်လာပါဘဲဆွေး×။ ။

**သဖြန်။** ။လေးပြန်တဲ့ပူဝန်၊ ယူညွှန် ကော့ဘုန်း။ တောရိပ်ကယ်မြိုင် လယ်က၊ ဖန်မလွယ်ကြံရာမဲ့ကို မြင်စမ်းလှဲအုန်း။ ။

(ခ) ပျံ့ပျံ့ငယ်လေသင်းသင်း၊ ခိုင်ရွှေဝါ၊ ညှာတံပင်လုံးလင်း၊ မှုံသိင်္ဂါ၊ မာ လာ အင်ကြင်း - ဂေါ်ဇင် ခွါပြာ ပန်းစုံကသာ လေလေ့၊ မြရိပ်ကယ်ဝေ ဆာဆာ၊ ညိုရည်တောင်စာ-လိပ်ပြာ ပျံတစေ-ဘာသာခေါ်ထူးဆေး၊ တွန် သံချေကြွေး ရင့်လွမ်းရန်ထွေ၊ တိုင်းကူရပ်မြေ-တိမ်ဆိုင် နီလာဘွေ၊ ညှင်း ပြေပြေနေနှုန်းထား၊ ဒါဟန်ပျော် ညာမော့် နတ်ကယ်လေ-လျှတစေ-ခွေ ယိမ်းနွမ်း၊ ကြာလေ ပန်း ပွေလေအောင် လေလေ့၊ ထက်ကြပ်ကယ် ပူဖွဲ့ နှောင်၊ တောတောင် မြိုင် လုံး လင်း-ရွှေအင်ကြင်း သင်းပျံ့ကြွယ်၊ အိုကြံ ဆောင်ကယ်ယူနှေး-မြင်လာပါဘဲဆွေး။ ။

**သဖြန်။** ။မေးတဲ့နိုင်၊ အရေးတော် သည်ခါဆိုင်လို့ မပိုင်လေခြင်း။နန်းညွန့်မျက်ဖျော်၊ ကိုယ်တို့မှာ ဘဏ္ဍာတော်မို့ မခေါ်သာမျှော်ကာပြုံးရတယ်၊ မုန်းစိတ်မသွင်း။ ။

**မှတ်ချက်။** ။အထူးသိရန်-၎င်းပတ်ပျိုး နှစ်ပုဒ်သည် မြမြမောင်းမောင်း သို့သာလိုက်သည်၊အချိုးမပြည့်ကြ။ သို့ရာတွင် စုံလင်စိမ့်ငှာသာ ရေးထည့်လိုက်သည်။

---

## ၅၄။ ပတ်ပျိုး

စက်လဲဘုံဘွေ၊ လေပြေ ဆော်သွင်းလို့ မှုန်ရီ ငွေနှင်းနှင်း၊ မင်းငယ်ဖြူပြာ၊ ခင်လေးငယ်-လိမ်တမာ-မှူမှူရာ၊ ဆန်းတဲ့ ရွှေကိုယ်၊သူသူ ဇာနန်းက-လိုလို၊ ဘုန်းမို့မို့ငယ် မြင်လှဲ့ပဆို၊ ရွှေကိုယ်ပန်းတဲ့ဖြစ်ကို မိုးညိုဒေဝါ - ရွာဟန်နှင့်ပြင်၊ အုံ့ရီလို့ပင်၊ မှုန်ပြာပြာဆီးလို့ဆင်၊ အိုအဝါကြီးကိုပင်၊ မရှင်မြန်းသခင်ပန်းပေါ့မေ၊လနန်းဆောင်ပြူသာ-ခွေနွှမ်း မျှော်ယောင်ကာ၊ ဝေဆာမှိန်း၊ မတိမ်းတဲ့ ပျော်ပါယောင်၊ အိုမောင်ငဲ့ဖြစ်ဟန်ကို၊ ရွှေကိုယ်နန်းသူငယ်၊ အိုမူရာဖြူပြာ-ငယ်၊ အိုသာလွေ ပန်းဘွေမှာ၊ ခွေမိယောင်ဆောင်ဆောင်ဦးငယ်မှာ၊ အိုကုံသာညည်းဆိုယောင်၊ မြောက်တောင် ဘယ်ဆီသိတတ်ပါပြီ-တိမ်နီတက်ဆင်းလို့ စိုးအဝင်းဝင်း၊ သွင်းလေပြည်ဆော်၊ ရွှေကိုယ်နော် ပန်းတဲ့ဖြစ်ကို၊ မရှင်နုန်းလို့ ဆိုယောင်သခင်မုန်းဘိမောင်ငယ်၊ လေးသာ လေဆောင်၊ ပြာဝေမှောင် ခင်းဘုံဆောင်ငယ်မှာ၊ ပျော်နိုင်အောင်၊ ပျော်နိုင်ပေါင် ညည်းဆိုမိယောင်တယ်လေး။ ။

---

## ၅၅။ မြဝတီမင်းကြီးရေးသော-ပတ်ပျိုး

ဖြေလဲမပြေ၊ ကိုးမြွက်-မြွာ-စက်ရာတွင်းမှာ၊ မှိုင်ရင်း ငိုမိလေး x၊ မယ့်ကံဖြစ်ထွေ၊ ကြုံလေတော့အား၊ ညည်းယောင်မိမှား x၊ စိတ်ထားစွဲမာန်ခု-နေနိုင်နေရက်တယ်-မုန်းချက်ကစောလွန်း x သည်မယ့်ကို ကြေမြေ့အောင်၊ မုန်းမာန်ငွေသွန်းသွန်း x ကျွန်းရုံပ - ကြုံလေဖြစ်နဲ့ လွမ်းဝှန်ဆင့်ကဲ x လဲလဲသေဖွယ်၊ သည်မယ်ပူပန်၊တကိုယ်ရေထည်းမို့ ညည်းမိပြန် x စံခန်းမြင့်ဘွေရံ သန်းခြွေရွှေ သမုငယ်-ဘုန်းဘာပြုရှောင်လွဲ x၊ ဘွင်သဲမှာ တုန်တုန် ရင်ထဲလိုက်ခုန်၊ တမှုန်မှုန်ဘုန်းလှုံမာန်တော်ပွါးထင့်လေ x၊ တမှုန်မှုန်-ဘုန်းလှုံမာန်တော်ပွါးထင့်လေး x၊ နတ်များတို့နေနိုင်ရန် မြောက်တောင်ဖန်မယ့် အိုသွေငြား၊ ပြုကောင်း ပြုသင့်

တယ်၊ မယ်မှာငယ်သို့ပစ်လို့ထား × အားကျွန်မ-ငယ်တယ်ကိုဘုန်း၊ ပြုလှာနှင့် အုန်း ×၊ စိတ်ကိုချုံးပ ါလို့၊ နုန်းလာပြီ၊ အိုဘယ့်နှယ်ကြံဆင်ခြင်တော့၊ မယ်ရှင် နိုင်ဘူးငယ်လေး နုန်းခွေလို့မူး။ ။

**သဖြန်။** ။မှန်စီဆောင်မြင့်ဘွေက– ပရမေစံခေ ါင်ဖွား။ သည်လိုမျှား ဖြင့်-ထားနှင့် တူတူ–သွားနှင့် ဘုန်းလူငယ်လေ၊ မပူဘူးလိုနေပ ါကတဲ၊ စိမ်းရက် တော်မူလေနဲ၊ သေရင်ပ မြန်မြန်ငြိမ်းလိမ့်မယ်၊ သိမ်းမိစိတ်ထား။

---

## ၅၆။ အီနောင်-ပတ်ပျိုး

ရွှေတောင်ပံ နေရောင်ခံ ကျူးကျော်ရင့် မြူးပျော်စံ၊ ညွှင်းညံ့ညံ့ သံချင့် ကြွေး၊ စုံနယ်ယံ ကြုံတယ်ကံ၊ ကျွန်းလောင်လု ဆယ်နေလျှံ၊ ဘယ်ဖူးစာကံငယ် လေး၊ဘယ်ဘုန်းစီမံငယ်ကို–ဘယ်ဖူးစာကံ၊ ဆယ်ဆယ်နေလျှံ၊ ဝေး ရွှေနိုင်ငံလေး၊ တိုင်းကူရေပန်၊ စံမည့်ဘုန်းငယ်လေ၊ မှိုင်းမြူဝေလျှံမှာ-မြင်ပြန်လှဲအုန်း၊ ဘုန်းမိုမို၊ လွမ်းရန်သာပိုလေး၊ လွမ်းတယ်ဆို၊ လွမ်းလိုတူဘူး ခွေယိမ်းမူးလေး။ ။

**သဖြန်။** ။တန်ခိုးငယ်စည် လေပြည်ကသွေး။ ပန်းပူရကြုံ၊ စံရွှေဘုံဘယ် ဆီမှန်း၊ နန်းမြေကဝေး။ ။

---

## ၅၇။ မြဝတီမင်းကြီးဆို-ဣန္ဒာဝုဓမင်းသား ဧယင်ချင်းဗတ်ပျိုး

ရွှေဘုန်းသမ္ဘာရှိန် လေတည့်မှ၊ နေနှုန်း အသမ္ဘိန်၊ မြတ်ရာဇိန် စံစိုးမြန်း၊ တိုင်းဘူမိန် ပြည်ထီးနန်း၊ အောင်ပန်းညွန့် ဝေဆာလေတည့်မှ၊ မြန်ခန်းရွှေညီ လာ၊ စကြာတော် ပိုင်စိုးမြဲ၊ ရွှေတေဇာ ကြေညာလေ လွန်ထူးကဲ၊ အိုငိုလဲ ငို တော့သာ၊ စက်ဖူးဖျော့ တစာစာ၊ ဒီပ ါလေ ရွှေနန်းရိုး၊ ဘွေသီဟာ-ရွှေညီလာ စုံရှိမိုး။ ။**လောကနတ်-ဆက်။** ။တန်ခိုးထိန်ဝေ၊ နတ်ဆွေငယ် နန်းလျှာ၊ သောင်းလုံးငယ် ကြေညာလင်း၊ ဝပ်စင်းငယ်ပြည်ထောင် ရည်ဆောင်ဆက်ရာ၊ ရင်းသွေးငယ် ကညာရင်း၊ ပျံ့သင်းရွှေမဥ္ဇူ လေတည့်မှ၊ နံ့သင်း မွှေးလှိုင်ကြူ၊ နတ်တူလေ ရွှေနန်းဖွား၊ မဟေသီဒေဝီငယ် သည်းကြူဖျား။ ။

**သဖြန်။** ။မျှားလှုပိုလ်လူ၊ ခွန်သွင်း ရာဆူဆူတို၊ တောင်ဇမ္ဗူ သပြေ ညာလို့၊ ကေသာ ဆံဖျား။ မင်းမင်းရှိပန်၊ ဆက်သွင်းကညာမွန်နှင့်၊ ရာဇမိ မှန်မချိုတယ်၊ ဘုန်းနေသို့လား။ ။

## ၅၈။ ရဂုံမြို့ချသို့လိုက်သောအလွမ်းဘွဲ့ပတ်ပျိုး

ဝသန်ခါမို့ မိုးရင့်သီ၊ ရွှေသိုင်း ဝင့်ကာချီ၊× တိုင်းဌာနီငယ်လေ ဘယ်ဆီကိုရောက်ရမ်း၊ သည်မောင်မှာ ဆွေးစေတို့ပန်း × ရဂုံလေသာဆန်း ကျောက်စမ်းနှင့် ရေယဉ်၊ သွယ်ဆင်းစီးသွင်သွင်၊ ရွှေလျှံ ရွှေလျှံပင်မြင့်၊ သင်းကြိုင်၊ ဝတ်ပန်းနံ့ ဒေးလှိုင်လှိုင် × ဂနိုင်လေ ဂနိုင်ကာဆီး၊ ရွှေပြည်ကွာခရီး × တောကြီးလေ မြိုင်လယ်၊ ပုနယ် ပုနယ်သာဆုံး၊ အိုညာမယ် မြင်လှဲ့အုန်း × ထုံးဆံခွေသျှောင်ရစ်က၊ ချစ်သူကြောင့်မှိုင် ×၊ မကြံနိုင်တကိုယ်လုံး၊ ပန်းမြိုင်လယ်သာဟန်က၊ ငွေလျှံပင်ဂမုန်း × ဝတ်ရည်ခြွေ ရွှေပိတုန်း ဝဲပျံကြသုံး ×၊ တိုးဇာမရီစိုင်ဆတ်နှင့်၊ တောမြိုင်ရပ်လယ် ×၊ ကျားသစ် ပြောင်ဆင် ရဲမာန်သွင်းတယ်လေ၊ ချင်းသူတို့နယ်×၊ သဲဘွင်ငယ်ကြွေ ကျွမ်းအောင်၊ လွမ်းဖေါ်မဲ့ဝေး ×၊ မြင်လှဲ့ပါ တကိုယ်ရေးမှာ၊ ဖုန်းသူ့ကြောင့်ဆွေး ×။ ။

**သဖြန်**။ ။သင်းထုံပျံ့ကြွယ်၊ ဆွေမယ်ကြောင့်ပန်း။ ရွှေဝတ်ကာယ် လှိုင်လှိုင်နှင့်၊ ပန်းစုံမြိုင် မာလာပြန့်ငယ်မှာ၊ ပွေဟန့်-ပုခန်း။ ။

---

## ၅၉။ ပတ်ပျိုး

ကြုံလေ ဘုံဘွေ ဆော်ထွေမှိုင်မိရင်း၊ ကံကံငယ် ခေလို့သာ၊ ကြုံရလေခြင်း ×၊ ကြမ္မာငယ်လေယိုယွင်း ဖန်တဲ့ခင်း ×၊ ဂိုဟ်မင်းမယ့်ကိုမွေ့ - နတ်မင်းတို့ နေနိုင်လေ×၊ ထက်ဘုံဘွေ ပိုင်စိုးငြား×၊ မြကေခိုင် ရှိဦးတွား×၊ စုံခြေတောဖျား၊ မယ်အားခုပူတာ၊ နတ်မင်းတို့နေနိုင်ရှာ ×၊ ပူဇျာပါ ဝန် တောင်ထုမှာ၊ လေးရောင်ဆိုင်ရွှေမေရုလို၊ နိုင်းတူဘူး မယ့်လွမ်းတာ ×။ ။

**သဖြန်**။ ။မတင်းတဲ့ကျောက်ဖျာ၊ ကသစ်ကယ် ရွှေပင်ရင်းမှာ၊ ခင်းတဲ့သေလာ၊ မိုးဣန္ဒာငယ် - မ, ပါခု နတ်များ။ သည်ပူကို မကြာလွန်းစေနှင့်၊ ကျွန်းချည့်ဘုရား။ ။

---

## ၆၀။ ပတ်ပျိုး

ပဟိုရ်မြွက်သံ၊ တကိုယ်စက်ရန်၊ ညှင်းလေကထန် ×၊ ယုန်ပျံလေ ပဝင်း၊ ရွှေလမင်း × နဝင်းလဲ့လဲ့ သာကြူ၊ တည့်မှန်းလ သီတဂူ × နန္ဒမူသော်က ကသင်း × စန္ဒကူ ဇော်တ နံ့နှင်း × ဆောင်လှေသာပြူတင်း၊ယောက်ချင်းခုထထိုင်၊

မြကေခိုင်မင်လုံး၊ ဇင်ကုံးကထုံလို့သာကြိုင် ×၊ သူဇာပိုင် ဒေဝရာဇ်မှာမှ၊ ပုပ္ပါလိုင် ပွေအဖြစ်ကိုဖြင့်၊ ဆေးမင်နှင့်ရေးတင်သင့်၊ လေးခင်ခင့်တွက်တာဆိုင် ×၊ မပိုင်သေး - မှိုင်ငေးလေး ခက်လှခက်လှ၊ လိပ်ပြာတွင် ရိပ်ကြာဝင်၊ တသန်းမှူး ဆန်းထူးတော်ဝင်၊ တနန်းမှူး ပန်းဦးဂေါဇင်၊ မှန်ရဝေမှာလှ ထုံခြေမယ့်ကောလှ ရှင်။ ။

---

## ၆၁။ ပတ်ပျိုး

နှစ်ကိုယ်သစ္စာ၊ အဟုိမေတ္တာ၊ မြဲအောင်သာ ×၊ ကေသာလေမြတ်ဖျား-တင်ဦးထား၊ နှစ်ပါးကျိန်သစ္စာ၊ စုလျားတဲ့ ရစ်ခွေကာ ×၊ သေချာလေ မှန်ကြောင်းလျား ×၊ တူနှစ်ကိုယ် ချစ်ရေးတော်ထား ×၊ စာရွေလေနှစ်ပြား၊ စုလျားတဲ့ဂဟေ - ဆော်မြဲပ မှန်ပုံသေ ×၊ ခင်တမေ သည်တသက်တွင်ဖြင့်၊ မြတ်ဆံကေစိန္တေစက်မှာမှ၊ ကျမ်းရွက်စို့ လှမ်းဆက်လို့၊ နန်းဆက်ညွန့်လျှော် - ဆံကေ ။×။ မသွေတမ်း ရွှေကျမ်းကို မောင်က မောင်က ရွက်ပါမယ်တဲ့၊ မောင့်သက်လှယ်၊ မမုန်းတမ်း ဆုံးခန်းတိုင်ရှယ်တိုင်ရှယ်၊ တဘုန်းမှန်း သုံးခန်းရွှေလယ်ရွှေလယ်၊ နှောင်သွေဖယ်ဘု၊ ဆွေမယ်လျ လှနတ်ကယ်။ ။

---

## ၆၂။ နိဗ္ဗိန္ဒပတ်ပျိုး

နံ့သာနီတောင် ကမ္ဘာတည်အောင်၊ ဖန်ဆိုးနှင့် လဲဝတ်ကြောင် ×၊ ကေဥသျှောင်ပယ်လှီးချာန်နှင့်နီး ×၊ ပုတီးလက်တွင်ဆောင်၊ ခရီးပမဂ္ဂင်ဖေါင်၊×စိန်ကျောက်ရောင်ပြောင်ဝင်း၊ တောင်မျှော့မင်း× ပယင်းရွှေဂူ တလင်းပြန့် ပန်းမဉ္ဇူ ၊× နန္ဒမူပတ်ဝိုင်း၊ ခညွတ်ကိုင်း ×၊ တံတိုင်း ကျောက်နီလာ၊ ကသိုဏ်းပဆောက်တည်စေရာ ×၊ မကြာလေဖန်ဝတ်နှင့်သွား × ဘာဝနာ ဈာန်လွတ်လို့ပွား ×၊ စုံခြေတောပြား ကျင့်တရား ပတ္တမြားနှင်းဆီခြံ၊ စကားပွင့် သင်းကြည်လျှံ ×၊ ရွှေဝတ်ဆံ တ,တိုင်းမွှေး × ကြေညွတ်ဟန် ညှာတိုင်းကွေး ×၊ စပယ်လေ ချမ်းဧး ၂၊ မြတ်လေးနှင့်ကန့်ကော်၊ ပန်းစုံတဲ့ဟောဝန်မော် ×၊ ပန်းစွယ်တော် ခွါဇလပ်ကယ်နှင့်၊ လှမ်းမယ်နော်ကြာပြာသာဒ်ကို၊ ဝါတော်မြတ်ဆောက်တည်ရာ×၊ မြိုင်သနင်း ကြိုင်သင်းခလ ပါလှပါလှ၊ ပန်းစူကာတဲ့မှ လှမ်းမူရာ၊ တရားသုံး ကျင့်အုန်းရယ်တဲ့ ကွယ်ရာကွယ်ရာ၊ ထုံဂန္ဓာသို့သာ၊ ပျော်ရှာတဲ့မြိုင်ဟေမာ×။ ။

သဖြန်။ ။သလင်းတောင် မယ့်င်းအောင်ဘာဝနာနှင့် ခါတရာပွား၊ သစ်သီးကိုရှာ၊ ပုတီးဖန်ဝါဝါနှင့်၊ ဂန္ဓမာမြိုင် ညိုကြီးမှာ၊ မှီးရတရား။ ။

## ၆၃။ ပတ်ပျိုး

မျှော်တိုင်းခုဝယ်၊ လွမ်းနုယ် ကျွမ်းရှယ်ညွန်းတယ်နတ်မျှား၊ ဖန်မလွှယ် ကံငယ်ဆိုမိ မှားသည်နှင့်လေ × ဆည်ဖွယ်ဖြာငြား၊ ကယ်သားပ လွမ်းရက်လေ စေ × ဒိပါအောင်မြေ သီတာမြောင်ချွေ ဗိလာတောင်ခြေ ဆိုင်းဆိုင်းမြင့်သွန်း၊ ရွှေဗိမာန်လျံညီးကွန့်ရွှန်း × ကမ္ဗလာငွေဝန်း၊ နတ်ညွန်းငယ်တည့်သေလာ၊မတင်း ခု ဘယ်ရေးတော်မညာ ×၊ဣန္ဒာလေ မြတ်ဖျား ×၊ ထောင်မျက်မြင် ထင်သိသင့် သား × မျှားရွှေရံခ သုံးဖော်ညာညီ၊ နှင်းလှိုင်ဘုံပျို၊ အုံးဇာတိ ×။ သိမ်းတဲ့ တတ်ပြီ၊ကောသိခြယ်မရှုန်းနိုင်နှင့်လေး × မြသာရွှက်ရှုင်ဖြည်သင်ဖြည် မထုံးနိုင်နှင့် လေး။ ။သုံးယံညွန့် သန်းခေါင်ချိန်ကျော်၊ ငွေမောင်းကဆော်၊ လင်းရောင် မိစက်ပါမပျော်၊ သောက်လင်းကကျော်။ ။

**သဖြန်**။ ။ခင်းညှံ့ ဘုံပေါ်၊ မြတ်ဝေရော်စိန်ဝဇီသို၊ ချိန်တရုတီမျှော် ရာဖန်တဲ့၊ ဖြေခက်ရန်ခင်း။ လွမ်းသူဗျာကြွယ်၊ သည်ဝယ်သာ ရေးကြုံလို့၊ နတ် အမှုန် ငြိုမိတယ်၊ကိုယ်သိဖြစ်ရင်း။ ။

---

## ၆၄။ မင်းကြီးကတော် ခင်ဆုံ ရေးသော-ပတ်ပျိုး ၂-ပုဒ်

(က) သန်းရံခြွေ၊ ရွှေကြေ့ဝန်း၊ စမွယ်အုံးငယ်မှာ × မပြယ်ဆုံးကိုမှု၊ ဘယ် ဘုန်းငယ်လေ သိမ်နှံ့ခွန်း × မိုးစည်ရင့်သာ၊ ကိုးဖြာကဝန်း၊ မျှော်လဲ ကျွန်းမယ်နှင့်၊ တန္တမ်းငယ်တခွေခွေ၊ သဇင်ခက်ကယ်နွယ်၊ မမြင်-ရက် အောင်ပ၊ ဘွင်သက်ကယ်-ကြွေယိုင်စေ × မြနန်းသိန်ရှုဘွေ၊ တိမ်ခြေ ရှက်ဆိုင်း၊ မှိုင်းရင့်ရင့်၊ သိုင်းဝင့်ဝင့်၊ နှိုင်းချင့်စာဘဲ၊ သာနွဲ့မကြူး တောင်း ×၊ ရွှာလာပြန်လဲ၊ သန်မိုးနှောင်း၊ စေတော်မူ ပူဆွေး ကြောင်း ×၊ ညှင်းတပြောင်းပြောင်း၊ ဖျန်းသွန်းလောင်း၊ ဝါကြွင်းရက် ပေါင်း၊ ဖူးခွင့်ညောင်း၊ ရွှေဖိခိုင်နှောင်းနယ်ကပူအင်၊ သည်သည် ရွှေ့ သဲငယ်မှာ၊ ကြည်ကြည်ကြွေကွဲစေဖွဲ့၊ ဆိုလဲခုတိုင်အောင်ပင် ×၊ သံလွင် သီဘွဲ့-ချီတဲ့နယ်မောင်း - လျှပ်ရောင်ငယ်ဟန်ပြ၊ ဖန်ရေးကို ဉာဏ်ပေးလေ ဘိသော်မှ၊ နန်းလျှ တွေးတော စောသူ့ ကေသွယ်၊ပင်ငုံမ လေးငယ်ကို၊ ထင်ပုံမဖေးနိုင်ဘူ၊ ကြင်နယ်ဝေး၊ လေသွေးရာ ကြိုင်လှိုင်ပြယ် ×။ ။

**သဖြန်**။ ။ပန်းမှုံကြေ့လယ်၊ နှောင်မယ်ဆင် တော်ပိုင်မို့၊ မြခိုင် ရွှေကေသီလို့၊ ရွှေညီပုလဲ။ မှာတော်ခွန်း၊ ပြန်ညွန်းဆင်သိသော်၊ ဘွေ ပေါ်တိမ်ဖုံး မေဿိန်ဘုန်းငယ်လေ၊ ငွေမှုန့်ဆွတ်ဖွဲ့။ ။

( ခ ) ဟေမာ·ဝေဆာ–ဘွဲ့ချာငုံမြိုင်၊ တောတောင် ဂနိုင် အိုင်ထုံးအင်း × ကျောက်စက်ကယ်·ရေတံခွန်က၊ လျှောသွန်ကျဆင်း ×၊ ဖန်ခါခါသံ သာညှင်း၊ချစ်တင်းခေါ်တ ငှက်မောင်နှံ၊သွင်းလေချို နေညိုချမ်း၊ သိုက်နန်းပေါ်မြင့်၊ ရွှေပြည်တော်ပြန် လွမ်းစေဘို့ဖန်၊ × သစ်ဆန်းနွေဂိမှာန်မို့၊ သဇင်ခြံပင်ယံမြင့်မှာ၊ ဆင်တော်ရန်လင့်ညောင်း × ထုံကြိုင် စုံမြိုင်ခွေယိုင်လျောင်း၊ နွဲ့နွဲ့ နောင်းနောင်း၊ ပျောင်းပျောင်း ခွေယိုင် ဖူးတံသွယ်လို၊ နွယ်ယှက်ဆိုင် × ဂနိုင် တောလုံးလန်း×၊ တောင်စဉ်နယ်ဝန်းယှက်-တန်း×။ ။

**သဖြန်**။ ။ဇော်ရမ်းငယ်တိုင်၊ စူကာခိုင်အညိုဖေါက်ပါလို့၊ တရှောက်ကယ်-ဟိုတိမ်ပြာက၊ မိလ္လာရည်ရော။ မှန်းမာန်ပြစ်ရှာ၊ ကသစ်ညာဆွေစွန်းက၊ ခွေနွမ်းရန်ကြွေစေမည်ထင့်၊ မိုးစည်ခြိမ့်စော။ ။

(မင်းကြီးကတော် ခင်ဆုံရေး–ပတ်ပျိုး ၂–ပုဒ်ပြီး၏)

---

## ၆၅။ သမုဒ္ဒဃောသထွက်-ပတ်ပျိုး ၂-ပုဒ်

( က ) ရွှေဘုန်းတေဇာ၊ နေနှုန်းသွေကာ၊ သောင်းညာဘွေ၊ သပြေမြင့်မှာ၊ပြည်ပြည်မင့်းကိုးကွယ် ×၊ သင်းပျံ့ပျံ့ မွှေးကြိုင်စွာ ×၊ ထောင်ရောင်သိင်္ဂါ၊ ဖျောင်းတိုင်နှင့်သာ၊ ရှိညွှတ်ကယ် တင်ဆင်ကာ × ဩဘာတော်ထူး၊ ရန်တိုင်းငယ်၊ ဆင်ချင်လှ၊ ရှင်ရှင်နတ်မှူး ×၊ ကြည်နူးဖွယ်ပင်၊ တောင်းဆုမြတ်ဘုန်းရှင်၊ သည်တွင်သာပဖျား၊ရွှေဉာဏ်တော်လင်းပါရော့လား× ရှင်ရင်းမြတ်မွန်ငယ်လေ၊ ဖန်ညွှန်တော်ရှင်းပါမှလေ၊ နတ်မင်းညာမြင့်နေ။ ။

**သဖြန်**။ ။မယ့်ဖြစ်ထွေ၊ရေမယ်သွယ်လျှဖြားက၊ မြင်မျှားမြင်တော်မူလှဲ၊ ပူသူမဇး။ ဘယ်မှာသာကြာနေလို့၊ ခွါပြေအောင်သွေမလင့်ပါနှင့်၊ ဘုန်းဖန်ခွင့်ရေး။ ။

( ခ ) သီလာ ဝေယန်၊ သာဟန်–ဆင့်ဆင့် ငယ်ဆိုင်း၊ တိမ်စွေ ခွေလို့သာ၊ လေညှင်းဝိုင်း ×၊ မျှော်ရာလေတိုင်း ညို့ညို့မှိုင်း ရွှေစည် ရွှေသိုင်း မြင့်လို့သာနှိုင်း၊ တင့်နှိုင်းဖက်ရန်ဆင်၊ သွန်မြူးဖြိုးလို့ပင် × ရှစ်ခွင်လေဆော်ကျူးနွဲ့ × တောင်သပြေရွှေနန်းပွဲ × ပုလဲညွန့်သွယ်ဖြာလေတည့်၊ ရှိဦးငယ် လက်ဆယ်ဖြာ × ဆင့်ကာလေပျော်မြူးရင်း × သံသာလေ–သံ

ကျူူးညှင်း ×၊ အောင်ခင်းဇေယျာ၊ ရောင်လင်းဝေဆာ၊ တောင်ညာ
ကြေ – သပြေညွန့်မှာ၊ ထောင်ရောင်ကွန့်နေနှုန်းဖြာ × စိုးရရ – မိုးဋ္ဌန္နာ၊
ပြည်ပြည်နိုင်ငံဖူး ညွှတ်ခလာ လေတည့်မှ၊ ထွတ်စွန်းငယ် ဘွေမြန်ချာ×
နန်းညာငယ်ရွှေပေါင်း၊ သိတိုင်းငယ် ရွှေဉာဏ်ဖန်လို့၊ တန်တန်ခွင့်
လျှောက်တောင်း ×၊ ပွဲလှော်ငယ်ကြိုင်စွာ၊ သင်းလှ မွှေးဂန္ဓာ၊ သိင်္ဂါ
လျံမောင်း၊ သည်ရွှေတိုင် ဖျောင်းငယ်နှင့်၊ ပြည့်ကြောင်း မသေ့တယ်
လေး၊ ယဉ်မျိုးငယ်-ဂန္ဓာ၊ ပန်းကြာ နှင့် ရေတဲ့မှ၊ မြယွန်း ငယ် ညာ
မြင့်နေ ×။ ။

**သဖြန်**။ ။အထွေထွေ၊ လွှမ်းလေအောင် မဖန်ပါနှင့်၊ ဗိမာန်ရွှေ
ဘွေတောင်ကြီး၊ ဘုန်းခေါင်သနင်း။သည်ရက်ကယ် ဟိုအရင်က၊ ကူဝင်
မှာ တွေ့တော်လေ့ငယ်ကို၊ ဖြေ၍မရှင်း။ ။

(သမုဒ္ဒဃောသထွက် ပတ်ပျိုး ၂-ပုဒ်ပြီး၏။)

---

## ၆၆။ မြဝတီမင်းကြီးရေးသော - ပတ်ပျိုး

ရဝိန်ဒေါင်းယာဉ်ပျံ၊ လယ်နန်းကွန့်စံ၊ ကျွမ်းသူဆွေးရန် လွှမ်းပူစေဖန်
တိမ်ဇော်ရမ်းငယ်နှင့်၊ ချိပ်ပန်းဆင်ရစ်တံ × နှင်းငွေ့ကျန် လေပြန်လောင်းလို့၊
ညာညောင်းကြွေလုံစုံတခွင်၊ ဂေါ်ဖီအင်ကြင်းငယ်တို့လေး၊ ပွင့်ချင်းခိုင်ညှာတံ၊
ဆင်တော်ရန် - ပြည်ပြန်လှမ်း ×၊ ဧးချိုချိုနေညိုချမ်းမို့၊ ခင်တန်းမြောင်ကွေ့ -
တောင်ကမ္ဘားယံ၊ ရွှေမောင်နှံ့ ချိုးငယ်တို့လေး၊ ဆော်နှိုးဖန်ခါခါ၊ သံစာစာ
ကြော်ညာကြွေး × မိန်ရာသီ - ခါတော်ဦးမို့၊ တက်နူးဆော်လုံ့ သည်ခါခွင်၊ လှေ
ဒေါင်ဒင်တီးပါလို့လေး၊ မြစ်ကြီးသောင်ဘုံဘွေ၊ ဖေါ်စုံရွှေရိုလေးဆွဲ×၊ ပေါက်
လဲ၀ါကြွေ – ယာမြေနှံ့သင်း၊ ဆော်ဖန်လေညှင်း သည်ခါချိန်၊ မိုးတဲ့မိုး ဒေဝိန်၊
ဘောဟိန်နတ်စည်စော၊ ရှုမောဖွယ် သီတာမြကုံး၊ စာဝိပ္ပါယ် ရုံးပါလို့ မဆုံးနိုင်၊
ဆွေးတဲ့ဆွေးဗျာလှိုင်၊ စုံမြိုင်လေး ကျေးရေဆန်း။

**သဖြန်**။ ။ကြင့်နန်းငယ်တည်၊ တိုင်းဌာနီ - ရွှေပြည်ဘောင်က၊ ကွာသီ
ခေါင်ဝေး၊ လုပ်လဲ လုပ်လီမှီဘဲငယ် မှီ တမှီနှင့်၊ ရွှေပိုးတီ - ဟန်ပင်နွဲငယ်၊လှမ်းတဲ့
ပါရေး။ ။

## ၆၇။ ပတ်ပျိုး

ဇေယျာအောင်စည်၊ တေဇာခေါင်တည်၊ နေဝါရောင်ခြည်မှန်း၊ ရေမြေကျွန်း × ဖြူဝန်းဖြန့်လွှား၊ရာနန်းနေ စက်ရွှေတင်ဦးထား × နတ်လားသွင်ကညာလေတည့်မှ - ထံရင်းများစုံစွာ × ဩဘာလေ သံဝှဲချီး ×၊ စကြာတော် ရောင်ညီးညီး၊×၊ ကောင်းချီးဇေယျာ၊ သီတာလေမိုးယံ၊ နတ်ပေါင်းငယ် ကြော်ကြောကျူး ×၊ တီးမျိုးငယ်ဆယ်ဖြာ သာယာလေကြွေးမြည်၊ ပတ်ဝန်းငယ် ရေပြင်ထူး × သပြေမြန်ဘောင်၊ ရဝေမှန်ဆောင်၊ ပရမေစံခေါင်ဦး × ပျော်မြူး အံ့ရာလွန်လေတည့်မှ၊ နတ်လား ပုံတသွန် × ချီးမွမ်းလေ မခြားတောင်း ×၊ ထုံဂန္ဓာကြိုင်မွှေးလောင်း × လေညှောင်းညာဗယ်၊ နွေပြောင်းခါဝယ်၊ ချိန်ခါစွန်သာစွမှာ၊ ဟေမန္တ ဆောင်းရက်ကြွယ် × လွှမ်းဆင့်ဆင့် ညွှန်းရန်ဝယ်ငယ် - တိမ်ယံဘုံလယ်၊ မန်းမေရုနယ်လေးတည့်မှ ရွှေနန်းသိင်္ဂါလယ်။ ။

**သဖြန်**။ ။ကိုးရောင်ကွန့်ခြယ်၊ စံစမ္ပါယ်လှိုင်ရွှေညီလို့၊ ရွှေကေသီ ဆင်တော်ရန်ပ၊ မြဆံကြာပန်း။ ထူးသာဘွဲ့ချိန်၊ စိန်ဝရဇိန်နန်းမော်က၊ ငွေစန္ဒော်ပုဏ္ဏာကဲ့ငယ်ကို၊ အိုဖူးလှဲစမ်း။ ။

---

## ၆၈။ တမျိုးကိန္နရာချောင်းခြားကြီး - ပတ်ပျိုး

မယ်သေချင်လိုက်ပါဘိ - မကိုဋ်ကြေညွန့် သွန်း ရွှေစင် - ချောင်းသီတာမြစ်ကြီး၊ ကာဆီးလို့ကြိုတဲ့အင် × နောင်မြင်တော့လား၊ ဝလာပိုင်း နတ်သိုင်းဆော်လှိုင်းလို့မိုးနှင့်လေမှာ၊ မောင်ကြီးခေါ်တ မယ်ဗျာပါ၊ ထင်လာမြင်လာ၊ ဗျာပါထပ်ပွား - တောနှင့်ရဂုံ - စုံခြေ ဂနိုင်ခြားလို့လေး ×၊ သက်မသေဘုန်းဝေဘူတပါးကြောင့်လေ× နတ်များကူပါ၊ပူဆာရွှေရင် ကျွန်းမျှလေး × စီးကျမျက်ရေ၊ ထွေထွေသည် မှိုင်စွန်းကလေး × ဆွေးကြွေယိုင်ငယ်နှင့်သာ လွမ်းထွေလို့မှိုင် × ဖြေနိုင်တော့ရှာ၊ ရွှေအားတော်ငယ် နတ်နွယ်တပါးရယ်ကြောင့်၊ စုံဖျားဂန္ဓာ × မမြင်လာ - သက်လျာမောင်နှင့် ဝေးတယ်လေ၊ ထင်မြင်ယောင်ငယ်နှင့်လာ - ကြင်ဖေါ်နှောင် × သဲငယ်လောင်၊ မြမြောက်တောင် အိုဘယ်ဆီ သိလဲနိုင်ပြီ × ရီလဲ့မှုန်လို့ - ပန်းစုံ ဟေဝန် -ကြောက သီခေါင်၊ ဘုန်းမောင်ဘုန်းမောင်-တမ်းလို့မျှော်ယောင် ရွှေတောင် ဂန္ဓမာနန်းသို့ရောက်အောင် ကူဆောင် ယူနှောင်ပို့ပါနတ်မောင်၊ စုံခြေ ဟေဝန်ကျေးက ဝေးသီခေါင်၊ ရွှေဘွင်စေလို့ မောသေအောင်၊ လူမနှောတဲ့ တောသာခေါင်လေ × လူမနှောတဲ့ တောသာခေါင်၊ သစ်ကျား ရယ် စိုင် ပြောင်နှင့် ရှောင်ပါမဝေး၊ တကိုယ်ရေးဟာမို့ ဆွေးပြန်ခဲ့ပြီ၊ သေလဲသေသေ ရှာဖွေမြန်းတယ်၊ စက်ပန်းဘယ်သို့ နောင်ဖြန့်ချီ။ ။

**သဖြန်**။ ။ပုလဲသီ တကွဲစီ ဘယ်ကံဖန်လို့၊ ကြုံရဟန်ထူး။ သွင်းလေဆောင်၊ စုံကျေးသည်မြှိုင်ချောင်က၊ နီးလွယ်အောင် ကြံတော်ကြပါ၊ လေးပါးနတ်မှူး။

---

## ၆၉။ မီးခွက်ကချင်း ခေါ် - ပတ်ပျိုး

ယမုန်သီတာ - အဟုန်ချိကာ – ဝသုန်ဒီပါဝန်း - ရေမြေကျွန်း × အရှုံစီဖြာ၊ မမှုန်ညီစွာ၊ တဂုဏ်ဂီဝါ ထွန်းရွှေလျှံမွန်း × သာခန်းတွင်ဆုံး၊ ရွှေဗိမာန်နတ်ထံမခြားလွန်း × တင့်ရှန်းချို သံသာလေတည့် ရှုခိုးတင်ဆင်ကာ × ဆယ်ကြာလေ စုံဖူးနွဲ့ ×၊ စံရာလေ ရွှေနန်းပွဲ × ကြော်သဲကြေညာ မျှော်လဲ ဝေဆာ၊ မြတ်ဖျောင်းတိုင် ထုံပျံ့ငယ် ကြိုင်လှိုင်နံ့ ထွန်းလင်းဖြာ × ဘုန်းပွင့်ပွင့် ဖြိုးမြင့်မင်္ဂလာ၊ ပြည်ပြည်ထောင်ပိုင်မင်း ခိုခလာ၊ ညွတ်ကျိုးငယ်ဆယ်ပဏ္ဏာ စကြာတော်လျှံမြူး၊ ရောက်ကြောင်းငယ် ချိန်ခါမို့၊ မိုးဂူနွှာမှူး ×၊ ရင့်ကြူးငယ် သံသာလေ၊ နဲ့ရွှေတံ-မြွာ – ယင်ရာ - ပျော်မြူး၊ နတ်စည်သာကျူးပါလို့ - တိမ်ဦးမြွက်ညာငယ်လေ၊ စီကာချီကာသွန်းခြွေချလာ၊ ရွှေမိုးငယ်ဆော်ဆင်ရွာ×။ ။

**သဖြန်**။ ။ဘုန်းမြတ်ခေါင်ချာ၊ နေမဟာတေဇာရှိန်နှင့်၊ ရာနရိန်ဆယ်ကြာ ပုံသည့်၊ စက်စုံတော်ဦး။ မြမန်းခြေအောင်ဇေယာမြင့်၊ သပြေညာ ရွှေဌာနငယ်လေ၊ သာစွညွှတ်နူး။ ။

---

## ၇၀။ မီးခွက်ကချင်း

သပြေညာဘောင်၊ပရမေသာခေါင်၊ခုနစ်ခွေရေတောင်ဝန်း၊ အောင်မြေကျွန်း ×၊ နီလာစိန်ကြောင်၊ ပြာပြာရီမှောင်၊ ညိုမှိုန်မမှောင်ထွန်း၊ ပြောင်ပြောင်ရှန်း ×၊ရွှေဝမြနန်း၊ ရွှေဗိမာန်၊ နတ်ထံမခြားလွန်း ×၊ပြန့်မွန်းမှန်မသွေ လေတည့်၊ ဘုန်းမိုး ထပ်ကာစွေ × ခါနွေ ပေါ်ဦးဆန်း ×၊ ရည်ရွှယ်လေ ပျော်မြူးသန်း၊×မြန်ခန်း အောင်မြေ၊လျှံလန်း ရောင်ဝေ၊ မင်းဝံ့ပြည် ရွှေဝသာ၊ တိုင်းရာမျှား - ဥသျှောင့်မြေ ×၊ ပွားမြင့်မြင့် - မျှားရံရွှေ - လူစည်ဆော်ကာကြွေး - သံရင့်ထွေ၊ မြရိပ်ကယ်မြန်သပြေ × မြတ်စေနာ တော်ထူး - ရွှေကျောင်း ဝေယန်က၊ သာဟန်ပျံ့ပျူး၊ ရှုဦးငယ်ဆင်ကာလေ၊ သင်းလှမွှေးကြိုင်စွာ၊ ဆယ်ဖြာစုံပေါင်း သိင်္ဂီရောင်နွယ် ဖျောင်းငယ်နှင့် တောင်းဆုပန်တယ်လေ၊ ရွှယ်မှန်းရည်ကာ ဆန်းလှမသွေ၊ ပွင့်လောင်းငယ် နေမင့်းဆွေ× မြတ်ရွှေသမ္ဘာတော်ထူး၊ ပုလဲ

ငွေလျှံနှင့် တိမ်ယံကွန့်မြူး × ပြောင်လူးငယ်မှုံသွင်၊ မိုးမျှဆဒ္ဒန်ဆင်၊ ရင်ပွံ့ရွှေနန်း တောင်ရွှေမြေ မှူးငယ်က၊ စုံဖူး - စကြာငယ်လေ၊ ဆက်ကာသာ ဆိုက်ပြန်တော့ မည်၊ ညွတ်နူးငယ်မြွက်သာကြည်×။ ။

**သဖြန်။** ။ဝပြောငယ်စည်၊ မြတ်ဆယ်လီ၊ ကုန်ဝတီနှင့် ဘုံစည်ကိုပယ် နယ်သည်လို့၊ ရည်ရွယ်ခန့်နိုင်ဘူး။ ဖလ်နန်းငယ်နေဆိုင်နှင့်၊ ငွေရုံမြိုင်ညာ ရွှေ မြင့်ငယ်လေ၊ ရာမင်းမင့်မှူး။ ။

---

## ၇၁။ မြဝတီမင်းကြီးရေးသော - ပတ်ပျိုး ၂ - ပုဒ်

(က) ခွါပြာသင်း ညွှင်းပြေပြေ၊ လေပြေဖူးပြန်ပြီ၊ အိုသည်မှေ့ဦးငယ်ဖူးသည် ခြုံစီစီရုံမှုန်ငွေနှင်း၊ အိုဂေါ်ဇင်မင်းငယ် သင်းလှိုင်ထုံ၊ ထင်ချက်ကယ်ရှိ လုံပါဘူးငယ်လေ၊ သန်းယံကကျူးပြီမေ - အို - လုံပါဘူး ညွှင်းလေက ဖြူး။ ။မှန်ညာစံ ရိပ်ကြာကြော့ဦး၊ သည်ဆိုင်းတော် မဟာသိရ်က - လွမ်းချိန်တန်ပါပြီလို့၊ မေသရီပယ်တရှိငယ်လေ – သာဘီညွှတ်နူး။ ။ ကြိုင်မှူးလှိုင်ယှက်၊ ကိုးမျက်ကယ်လေတည့်ခြယ်လှယ်အုံ၊ပတ္တမြားဝတ်မှုံ၊ စိန်ချပ်ရုံရည်သင်း၊ ရွှေရိုးရွက်ညှာ - နီလာတည့် ဖန်ရည်ရေး ကျေးမယ် နှင့်မင်း၊ ချစ်တင်းရွှေညီစုံလို့၊ ရဂုံမြိုင်ယံခင်းမှာ - လွမ်းလေက ညှင်း၊ မြတောင်စာ - ဘမရာ - ဣန္ဒနီငယ်တို့၊ သီရိဝတ်ရည်ထုံသည်၊ စိန်ချပ် ရုံ ခင်း၊ တိမ်ညွှန့်မိုးယံ၊ ဝိသုကံ သူဝယ်ကြုံတဲ့၊ လွမ်းပုံကို ဘယ်ဝယ် နေ့ ငယ်မှ ဖြေရှုမရှင်း။ ။ရတနာကိုးသွယ်လေ၊ ရောင်နွယ်ငယ် ညီးလို့ လင်း၊ ရာမင်းလေ၊ ထံရင်းလေ၊ ညွတ်ကြည်ညို ခိုလှုံခသည်နှင့်သာ၊ ရွှေ မြေအမရ သာစွထွတ်ဦးငယ်ဘေ့၊ ညွတ်နူးဖွယ်စေ၊ ဆွတ်ခူးငယ်သာ ခြေ၊ မျှော်မဆုံးနိုင်တဲ့ ဘုန်းမြူတော၊ ဆိုင်းတော်ပရမေ၊ ဘယ်ဝယ် နေ ငယ့်လျှံမောင်း၊ ဇမ္ဗူရည်ပွင့်မကုန်တန်၊ သရက်ခံမှာ –လည်မြန်ရွှေတိုး အောင်း-သည်နှင့်နှင့်၊ သွယ်ခွေပျောင်းတယ်လေ၊ ဥဒေါင်းကိုနွှာ၊ ဂ မုန်းအင်နှင့် ဂေါ်ဇင်မန္ဒာ၊ ခွါသွင်းလေကလဲ၊ ဆွတ်ကြွေဖွယ်သာ၊ သည်လွမ်းပုံနှင့်လေး၊ ရည်ညွှန်းရုံနှင့်ဝေး၊ ဖန်တော်ရေးငယ်မှာ၊ ရေ ဝေးနေသို့သာကြာ။ ။

သဖြန်။ မလွမ်းဘူး၊နိုင်မြူးဖြေရမည်တာ၊ဂေါ်သဇင်နွယ်ခွါပြာက' ညှင်းလာသာ - လေဖွဲ့ဝယ်ပ၊ ကြွေကဲ့ဖွယ်ရေး။ အိုသို့တုန်းပါ၊ သည် ဆိုင်းတော် မှန်ရွှေညာက အိုဗျာပါဖြေဆည်နိုင်ဖွဲ့၊ ပုလဲခိုင် သာခွါအို ငယ်မှာ၊ ကိုယ်သိနှင့်ဆွေး၊ ။

(ခ) သာယာစုံစီ - သီတာရံခဝန်း၊ ရန်ထူးကျွန်း၊ လွှမ်းတယ်လေ၊ မျှော်လေ၍ သာဆန်းလှလှ၊ ထွေထွေရာရာ၊ ဝေဝေဆာဆာ၊ ရည်ရေတည့်ခွေကာ လေပြေခ-ယမုန်ဆိုင်း၊မှိုင်မာလာ၊ ယိမ်းပင်သာ-ယိမ်းနွဲ့နွဲ့၊စိမ်းလဲ့လဲ့ပြာ ကြော၊ မျှားရှင် လူခိုဝင်ရ၊စည်ပင်စွ- လွန်သာမော၊စည်ပင်ဝပြော- အုံ့သြ မကုန်၊ ကျွန်းမျှော့ရန်လုံးငယ်လေ့၊ မြဗန္ဓရသရက်ခုံမှာ၊ ပျော်ဖွယ်စုံလှ၊ ရွှေမှုံဥငယ်မှာ၊လွှမ်းနှစ်ခုဆွေး၊ကျေးငှက်ကယ်ညံ့ညံ့၊မောင်နှံပျံဝဲ၊ရွှေဝမ်း ပဲငယ်နှင့်၊ ပဲထွေးငယ်စင်ရော်၊ မြူးကာပျော်တဲ့ ကျူူးကာကျော်၊ တွန် ခေါ် ဖိုမ - သောင်တင်းစသည်၊ ဟင်းသာ့မောင်နှံ - ချစ်ရေးငံတဲ့၊ ရင့် ကြွေးပြန်၊ ညံစီစီ သံညီသံကွဲပြောင်း၊ သာကာလေ သာမျိုးပေါင်း၊ ငြိမ့် ညောင်းလူလို၊ မယ်ညိုခေါ် ဆိုကျူး၊ ဝံလိုရေလှိုင်းမြူး၊ အထူးထူးငယ်နှင့် ချစ်ကြူးကာပန်း၊ အဆန်းဆန်း၊ မှိုင်လမ်းပင်ရိပ်ဆီတဲ့မှ၊ နံ့မျိုးငယ် မွှေးကြည်ကြည်၊ သံပြိုသံလွဲပြောင်း၊ သာကာလေ သာမျိုးပေါင်း။

**သဖြန်**။ ။သောင်းမျှော့မဟော၊ ထားကေလို့ပန်း။ မစုံ သည်ရတု မှာ လွှမ်းမှုကဆန်း။ ။

(မြဝတီမင်းကြီးရေး-ပတ်ပျိုး ၂-ပုဒ်ပြီး၏။)

---

## ၇၂။ သမုဒ္ဒ ဃောသထွက် - ပတ်ပျိုး

တပင်စံရာ၊ သဇင်မလွှာ၊ ရွှေလျှံသိင်္ဂါမြန်း၊ ထွေထွေဆန်း၊ ဖန်ခြယ်ကာ၊ စိန်ကြောင်နီလာ၊ ဆောင်ဆောင်ရတနာနန်း မြင်သူပန်း၊မျှော်တိုင်းတင့်ဆုံး၊ စိန် လေသွန်၊ သလွန်အခန်းခန်း၊ လေညှင်းကျူူးဧးဖျန်း၊ ဖျော်ဖြေလို့ တမြန်းမြန်း၊ မှန်းမှန်းရည်ရွယ်၊ ရေလဲရေနိုင်ဖွယ်၊ စံဖိစမွယ်စကား၊ ခွါခွါပြာနွယ် သင်း သင်းထုံလှယ်၊ ကြိုင်တယ်မွှေးကြူ ဆတ်သွား မဥ္ဇူ ဒန်းနှင်းရွှန်းမိုးစွေ၊ သီဝေဝင်း လျှံ - ရွှေဝတ်ကယ် ညှာတံလန်း၊ အနံ့ဇီဇဝါလေတည့်၊ ပျံ့မွှေးပန်းညီလာ၊ သံ သာသံနွဲ့ပျောင်း၊ လေပြည် လေညှင်းလောင်း။ ။

**သဖြန်**။ ။သောင်းမျှော့မဟော၊ ကေသီနွဲ့နောင်း။ မစုံသူ သည်ရတုငယ် မှာ၊ လွှမ်းမှုနှင့်ပျောင်း။ ။

## ၇၃။ ပတ်ပျိုး

ရွှေတေဇာ၊ တိုင်းကြေညာ၊ ဒီပါလေ ညီညီလင်းသာ၊ ထောင်ရောင်လျှမ်း – ဘုန်းတန်းနေနှစ်ဖြာ၊ မင်းမင်းစကြာပန်း၊ ကျွန်းကျွန်းနိုင်ငံ၊ မြေယံငယ်ကျူးသွယ်၊ စိုးမိုးသာလွယ်မြန်း၊ တောင်ရေရံကာ၊ ခေါင်ဘွေ့စံရာ၊ မှောင်ခြွေရတနာနန်း၊ မြန်ခန်းတင့်လှမ်း၊ ရွှေဝေယန် – သာဟန်အဆန်းဆန်း၊ မျှော်တိုင်းတွေးကြမှန်း၊ တိမ်လေမသန်း၊ ယန္တရားငွေအုံ၊ ကြည်လဲ ကြည်ကွဲပုံ၊ စမုန်စမုန်မြကြော – ရောရှုံ၊ ဖြူပြာညိုမှုန် ငှက်ကျေးဆော် ရွှေစုံ၊ ပုလဲသောင်ခုံ – ပျော်တုံဝံပျံ့ - သောင်းသောင်းညံ့ညံ့ကြွေး၊ ပဲထွေးဝံလို - မယ်ညိုဟင်းသာ၊ ကျူးနွဲ့ဖော်ရှာဧး၊ ဖွဲ့ရေးကုန်နိုင်ပါလေတည့်၊ ဖွဲ့ရေးကုန်နိုင်ပါ၊ သိင်္ဂါလေ ရွှေနန်းပွဲ၊ သံသာလေ ချစ်ကျူးနွဲ့။ ။

---

## ၇၄။ အီနောင်ထွက်ပတ်ပျိုး

ရွှေနှုတ်ကယ် လှယ်လှယ်၊ သင်းပျံ့ကြွယ်၊ သာဆုံးပ – မောင့်နားဝယ်၊ လေးနှုတ်ကယ်မိမယ်၊ စမွယ်လို့ ပျော်ဘူး၊ မြင့်သီလာ - သာမျိုးစမူး၊ ညွှင်းလေပြည်ယှက်ကူး၊ မှုံမှူးငယ် - ကြိုင်လှိုင်၊ ကြာမင်းက - အဆိုင်ဆိုင်၊ လှမ်းလို့ပမှိုင်၊ မြရည်မှိုင်ဂန္ဓာနှင့် - မျှော်ရာ မျှော်ရာတိုင်းဝယ်ပ၊ တိမ်ဆိုင်းဆင့်ကဲ၊ ပန်းပင်ကြော့ဘုံ၊ သိုက်ရွှေမြုံ ထုံခလေ့ငယ်နှင့်၊ ရင်ငွေ့လုံမသွေလှလေဘုံ၊ အထွေထွေဖော်ရွှေငှက်သို့ - ဖန်လျက်ယူလဲ။ ။

**သဖြန်။** ။သစ်တဂုဏ် - အပြစ် တော်တော်ပုံပ၊ မယုံတယုံ ပြုပါနှင့် - အမူတော်ပွေ့ဆိုက်ကာမှ၊ မထိုက်ဟန်တိမ်း။ အားမတန်၊ သူမုန်းရင်ဆယ်ပြန်ပ၊ တန်ချင်လျှင် - ရန်မခုပါနှင့် - ဘုန်းသူ့ကယိမ်း။ ။

---

## ၇၅။ မြဝတီမင်းကြီးရေးသော – ပတ်ပျိုး

အိုကြော့ဆုံးမယ်၊ ကေသွယ်လျော့လျား၊ မောင်သနားလှတယ်၊ အိုဘဲ့နှယ်ဖော်မပါ၊ သွားရှာရော့ဝေးမြေတာ၊ သဇင်ညွှာ ခွါပြာက – သင်းတယ်လေမှိုင်တွင်းဘောရဂုံ၊ ငှက်ကျေးဖော်ရွှေစုံ။ ။

**သဖြန်။** ။လွမ်းလို့မကုန် - နဂါးရုံ ရွှေတိမ်ဆိုင်းဆီက - ရှုတိုင်းသာလှ၊ သွားရှာရော့မေ၊ မိမယ်လေ မမြင်ဝံ့ပါဘူး၊ ရင်ညွန့်မှာ - ပူဗျာ ဆိုက်အောင်၊ လွမ်းလိုက်မယ်က။ ။

## ၇၆။ ပတ်ပျိုး

မြနန်း ဘုံပေါ်မှန်၊ ရွှေဝတ်မှုံ တင့်ဆန်း၊ ဆင်တော်ရန် ကိုးတဲ့ပန်း၊ x
လက်ျာငယ်ရစ်သန်း၊ ဖလ်နန်းငယ်ရိုကာ၊ ပေါ်ထွန်းပြန်လို့သာ x၊ ချပ်လွှာငယ်
ယှင်းယို၊ သင်းမလှိုင်၊ လေဆိုင်ရာ ပါးပျံ့လေ x ပျံ့ပေါင်းငယ် ထွေသလေ၊ နှင်း
ငွေကြော့ဦး၊ ရွှေသည့်ရုံမှုန်ပန်းကဖူး x ကျူးပါငယ်နိုင်ဘူး၊ ပူကြူးရာသီ၊ ကြို
များကြုံခဲ့ပြီ x၊ အိုဘယ်ဆီနေ့ငယ်မှ - စောတော်လေ့မယ်၊ ခုသာလှငယ် ဖန်ဆင်း
လှဲလေး။ ။

---

## ၇၇။ ပတ်ပျိုး

ညဥ့်သုံးယံခါ - လေပြေလာ-လေပြေလာ၊ ဧးရွှေရင်မှာ၊ x၊ လာနိုး
မျှော်လဲခု-ဖြေမပျော်နိုင်ဘူး၊ ဖုန်းမယ်ကိုယ်ထူး x မဖူးသာ x လွမ်းတာက
ပွါး၊ ရှင်နတ်များအိုအို-မ-ဘဲကို၊ x ၂ ဆိုင့်မှိုင်ရက်ကယ်ငေး၊ x သေလုပါပြီ-
ကြွေလုပါပြီ၊ အို-ဘာပြု-မလာလေး၊ လွမ်းတာကဆွေး x လေးမယ်ငယ်ကံ x
ရေးမှ-မဟန်-လေး x အိုကြံရေးပန်းပါဘိ၊ လမ်းဘယ်မမြင် x ရွှေပင်လယ်ဆီး
သည့်သို့ နီးမယ်မထင်၊ x ၂ သုံးရွှေကြော့ရှင် x ဖုန်းလာမမြင်လေး။ ။

**သဖြန်။** ။နှစ်မလေး မယ့်သခင် တင်ရန်ကများ။ လှိုင်းကြီးတဲ့ရေ၊ မြ
ကြော အဏ္ဏဝေသို့၊ နှစ်စုံရွှေ စကြာကွန့်တယ်၊ နန်းနေညွန့်ဖွား။ ။

---

## ၇၈။ ပတ်ပျိုး

မြူခိုးရယ်-တိမ်ဘုံကသာ၊ မှုန်အဝေဝေရီလျှလျှ၊ ရွှာမလိုလိုပင်၊ မှိုင်းဝေ
ရီလဲမှုန်လို့မဲ ရင့်နဲ့ကျူးကာ၊ ရွှာလာလေခြင်း၊ သန်မိုးကြွင်း၊ သွင်းတဲ့လေပြေ၊
သွင်းလေပြေ၊ သွင်သွင်ရေးလဲ ဖန်စီစီ၊ သလွန်မှိုက ပန်းယံဘွေ၊ ရေဆိုင်ဝဲက
သဲငယ်ပွေ၊ အိုဖြေနိုင်ဘဲလဲပန်းစေ၊ ခွေခွေမူးဖြေတော့သား၊ လားလားဖြေနိုင်
ပါ၊ နွဲ့ကာလေနွဲ့ကာလေ၊ ပဇ္ဇုန်မိုးက၊ ဖြိုးလို့ညိုးတော့သာ၊ ရွှာဘဲခါဘဲ၊
မိုးဖန်ပလဲ၊ တိမ်ထဲလို့ဆို၊ ပြုမလိုလိုပင်၊ မှုန်ပြင်ပိုက်ကာလေ၊ ကျူးရိုက်ကာ
ခွေခွေ၊ မှိုင်းမှုန်နွှေပါတဲ့ စုံတောခြေ၊ ပန်းမျိုးထူးထွေ၊ ရွှေပွင့်လန်း၊ ငုံပွင့်လန်း
လို့၊ ကြိုင်လေတဲ့ကြိုင်လေ၊ မြသီဂီဆင်ရန်ဆန်း၊ ဆင်တော်ရန်ငယ်က၊ ကြိုင်
လေတဲ့ကြိုင်လေ၊ ခွေယိုင်ကာမေ ပြေနိုင်ပါ၊ အိုမယ်မောင်သံစာစာ၊ ကျူး
လာ ဖေါ်ချင်းနွဲ့။ ။

## ၇၉။ ပတ်ပျိုး

ရွှေဖီဇင်ဂေါ်၊ ခြေမှီပင်ပေါ်၊ ကေသီဆင်တော်၊ ထူးလှ ဆန်းဆန်း၊ သင်းကြိုင်ကြိုင် ခိုင်ဖူးတံနှင့်ပန်း၊ × မြိုင်ခြေစုံခန်း၊ မြုံနန်းခိုကြ၊ ရှက်တွေး ငှက်ကျေး၊ ကြော်သံတည့်အော်ညံ၊ ဆင့်ကဲ ရင့်နဲ့ကြ လူ့သဏ္ဍာန်၊×အိုလွမ်းစေဖို့ ဆွေးအောင်ဖန် × ဗိမာန်လေးထောင်နေ- မဇ္ဈေရွှေကူး၊ ရွှေပုဏ္ဏာ ငွေယုန်လှ၊ ကျီးမင်းတာရာ၊ အာကာမှာလေ-သာကာ-ကြယ် မြကမ္ဘူး ×။ ။ ရတု။ ။ညွတ်နူးစေအောင်၊ ပူမါနှောင်ခဲ့၊ တောတောင်သာမူ၊ ခါရတုဝယ်၊ ညာနံ့ရှက်တင်၊ မင်းလွင်တိမ်ပန်း၊ ရစ်ကာသန်း၍။ ။ရစ်ခန်းနယ်ခွင်၊ ခြယ်မင်လှိုင်းပါလို့၊ ဆင်သင်တိုင်းရယ်တို့ ဝိုင်းလို့အုံ၊ နတ်မူးငယ် ရွှေအမှုန်က၊ ရွှာမရုံ-ဆော်လာခဲ့တယ်၊ ဖေါ်ကွာမှဲ့ ဆွေးစေပုံ၊ ရွာရုံဟန်နှင့်သာ၊ မာန်ငြိုးတင်း၊ အသူရာနှင့်-ဗျူဟာကျင်း × စစ်ချင်းပြိုင်ကြ မိုးလယ်တိမ်ဆီ၊ ၂၊ ချိန်ခါမှီ ၂ ×၊ ရာသီဆန်းတယ်လေလေ၊ ဘုံခန်းစာပျို့နှင့်၊ ဆီအောင်တဲ့၊ ညီအောင်။ ။

**သဖြန်**။ ။ရှစ်ရပ်ကယ်နှောင် × တိမ်မင်းလွင် အာကာဘောင်က၊ ရီမှောင်ကာဖြိုး။ ရေးတုမမှီ×ဆေးပန်းချိုငိုလောက်ကဲ့၊ ကွက်ထောက်ကယ်-စူကာငုံနှင့်၊ ရီမှုန်ကာ ပြာပြာနှင့်ယ်မှာ၊ ခင်းပြုချက်ဆိုး။ ။

## ၈၀။ ပတ်ပျိုးကလေး

ဖြေလျော့ခွေ၊ ရှိကေရှိရှင်ထားသာပလေ ×၊ မုနိစိန္တေပရမေကိုယ်တော်ဖျားငဲ့လေး ×၊ တောက်-ပွါး-ညီးဝေ၊ ခြောက်-ပါး-မီးရေ၊ ယမိုက်စုံရောင်ခြည်လွှင့်တယ်၊ သုံးပြည်ခွင့်ထွတ်ခေါင်နေ ×၊ ဖန်ဖန်ခြေတင်လျှောက်ကယ်ထား × ရွှေဉာဏ်တော် သိရင်းငယ်သား ×၊ ချစ်သူငယ် - သူကား ဝေးပါပေါ့ဖျား ×၊ ထွေပြား သစ္စာဆိုသူ-မေတ္တာညီမူညည်းပြီထင့်လေး ×၊ သွေလျားပစ်ခွါ၊ သစ္စာဆိုသူရှိပြီထင့်လေး။ ။စောမိရွှေဘွင် ×၊ မြတ်ဆုံးသာပ၊ ဘုန်းသျှင်ပင်ငယ်လေး၊ သာကြောင့်ငယ် တောင်းဆုဆင် ×။ ။

**သဖြန်**။ ။သုံးဘုံတိုက်ပြင်၊ ယမိုက်လျှင်ရောင်ရှိန်ဝေသည့်၊ စိန္တေယျာဖျား ×၊ ယိမ်းလွဲမကြုံ၊ စိမ်းမဲ့ပုံ သူပေါ်ပေါ့၊ အမူတော်ဟန်ပန်ရအောင်၊ မှိုင်းမပါ့-ဖျား။

## ၇၁။ ပတ်ပျိုး

ယုဇနမာလာ၊ ဂန္ဓာပင် ဘုံဦးဝယ်ပလေး × ပုလဲချပ်ရံ၊ ဝတ်ဆံရွှေရည် လူးလို့လေး ×၊ မာလာခိုင်ငုံ၊ ထူးတန့်နွဲ့၊ သိင်္ဂါစံမှုံ ဖူးတလဲ့လဲ့၊ လွှမ်းဖွဲ့စေသာ၊ သီတာမြသွေး၊ စီးသွယ်သွန်ဖြာဝှန်ရေကြည်ဧး ×၊ တောင်ဂန္ဓမာ၊ နန္ဒမူချာ၊ မဉ္ဇူအာကာ သင်း သင်းပျံ့မွှေး၊ နတ်ကယ်ဖန် ကန်မင်းကဖွေး၊ ငါးမည်ရွှေကြာ လေသာပျံ့သွေး၊ တုန်ဧးငယ်ကြိုင်စွာ၊ ဝတ်ရည် ခြွေသုံး ပိတုန်းမြတောင်စာ၊ ဣန္ဒနီလာ၊ သိင်္ဂါ ရွှေရည်သွင်းလို့လေး ×၊ မြစ်တွေးကြော် စင်ရော် ရွှေပိန်ညင်းနှင့်လေး × စံခင်းဘွေကြော့ ကြက်ကယ်ညီနောင်၊ မြင်တင်ရော ခွေကာသန်း၊ နန်းမေရှုတောင် × ရွှေဘုန်းနေလရောင်၊ ခွန်ဆောင်တိုင်းခန်း၊ ထီးနန်းသိမ်းမြန်း၊ ဧးသီတာ လေးဒီပါ၊ ထူးတဲ့ ထူးထွေလာ၊ ကျူးလဲ့မှုကျူးစေရာ၊ ရွှေစကြာ ဆက်ကာပိုင်မဲ့၊ ဘုံမဏ္ဍိုင် – ဝေယံမြင့်မှာ၊ ဘုန်းနေကွန့်ဖြိုး၊ တန်ခိုးဝှန်ဝေ၊ ရေမြေခပင်း၊ ဇမ္ဗူသောင်းတိုက် ချဉ်းပါလို့၊ ရာမင်းမင်းစိုးခေါင်တည်။

**သဖြန်**။ ။နွှန်းစံဖက်ရှည်၊ ဝတီ ပြည်သည်ဝယ်ပင်သို့၊ အထင်အမြင်ပ၊ ပမာသွင်မခြား ×။ လေးရောင်ကွန့်ဆိုင် × ခြောက်ဘုံပိုင်နန်းစံမှ၊ ဖန်လာမည်လို တော်ပြည့်ကို၊ ဆင်ဘိ နှစ်နား။ ။

---

## ၇၂။ ပြင်စည် မင်းသားကြီး ရေး - ပတ်ပျိုး

ပြယားငယ်တည့် ဝေဿဝဏ်၊ မြသားသီလာ တောင်စွန်းရင်း၊ ကန်မွန်မင်း – ကြည်ဖွယ် ခင်းငယ်ခု၊ နတ်မင်း ဘယ်ဝေယန်ပျော်၊ ဖုန်းသူ့ဖန်တော်၊ သွင်းလေဆော်၊ စုံမော်ယံကြော့ဦးငယ်ကို၊ တောင်ဗဟိုတောင်မန်း၊ ညွှန်းရွှေ သိုက်နန်း၊×၊ပတ်သန်းရှုက်ဖြာ၊ မဏ္ဍာရေအိုင် ဖွေးလို့လေး ×၊ဂဠုန်ကြွက်ဆင်၊ မည်တွင်ကန်မွန် ရှေးငယ်ကလေး ×၊ မွေးလဲ့ မွေးကြိုင်စွာ. ရွှေကြာတော – စော မယ်ခမောင်မြတောင်စာ၊ ဘမရာရောင်ရှုံး၊ သိင်္ဂါနူန်း၊ ရွှေရည်ဖုံး၊ သုံးတော်ခ ညီလာရွှေရံ၊ ရှစ်သောင်းငယ်ခြံ၊ ဧးကြည်ငြိမ့်ရွှေပြည်သာဟန်၊ မြတ်နန်းဘုံပျံ၊ နတ်ဝိသုကာ ဖန်တော်မူဘိသောခုလေ၊ စကြာတည်တည်၊ ဆိုက်ရောက်မည် ဆောဆောငယ်နှင့် လေ × အိုမြှော်မောမြင့်သည်ချိန်၊ ရာမင်းမင့်း - ဧကရိန်။ ။

**သဖြန်**။ ။စိုးရဒေဝိန်၊ မော်ဝတီ သီလာရံညွန့်၊ ခြောက်တန့်ရွှေ ဘွေ နယ်က၊ သည်ဝယ်မခြား။ လေးဒီပဘွေ၊ ရွှေဖုန်းတော်၊ ဖန်ထောင်နေသို့၊ ရန်မှောင်ခြွေ ရာမျှော့မူးငယ်မှာ၊ လုံဖူးစက်ဖွား။ ။

## ဂ၃။ ယင်တိုးအတွင်းဝန်ရေး ကိန္နရာချောင်းခြား - ပတ်ပျိုး

အာကာယံထဲ စံမြဲမြန်းလို့၊ နန်းဖလ်ဆောင်၊ လှိုင်ရွှေတိမ်တောင်၊ စိုင့်ကြီး မြိုင်ကြီး၊ ရိပ်ကြီး သာခေါင်၊ မှိုင်းဝေဆာမှောင်၊ မြအရောင်လို၊ တတောင့်လုံးရွှာမည်ဟန်လို၊ မိုးမို့ဆင်လာဖုန်း၊ ဆိုင်းတွေတွေ မှိုင်းဝေဝေသဲခုံမေ့ငွေ့ပုလဲကိုကုံး၊ ဆည်းစျာ - ညံ့ညံ့ဖန်လာ၊ တောဟောဝန္တာ၊ တောင်ဂန္ဓမာ၊ မာလာဂန္ဓာ၊ နတ်ကယ် ဖန်တော်နန်းငယ်၊ နန္ဒမူမဉ္ဇူ ရွှေရောင်လှိုင် ရနံ့မွှေး၊ ယူဆောင်လေညှင်းသွေး၊ ကျေးလုံးညီညီပြာပေါင်၊ စိမ်းလဲ့ငွေရောင်ဖြန့်ရွှေတောင်၊ ပုလဲကူးတနဲ့ထူး၊ မြိုင်ဦးရဂုံမှာ၊ မှောင်မှောင်သာမိုက်ပါလို့၊ တိမ်ဝိုက်ကာရွှာသလေး၊ တိမ်တိမ်ညိုကြောငယ်က၊ ပန်းဖြေလို့ကာ၊ လဲ့လဲ့ငယ်ပြာပြာ တောင်ရိပ်ကယ်ကာ၊ မြိုင်ကြီးတောဟောမာ၊ လမ်းဗယ်ညာငယ်လေ - မိလ္လာငယ်ရောင်ဖျန်း၊ ပန်းဆွတ်သည့်ပန်း၊ ညွန့်ရှင်ငယ်လူလန်း ပင်နန်းငယ်သပြေ၊ သီးမှည့်ဇမ္ဗူရွှေ၊ စီးရေမြေအဆင်း၊ သောင်ငွေပုလဲခင်း၊ အိုရင်တွင်းတုန်လှုကံ၊ မြင်ဖူးကြုံရပြန်၊ နတ်ကယ်ဖန် မှန်မည်ဖြစ်မြဲပေပလေး၊ ဆက်သရာ ဖူးစာ - ရွှေဘွင့်ဆိုင်းလို့လေ။ ။

**သဖြန်။** ။ရေးရေးရုပ် သွင်၊ ပါတွင် ကွယ်ထင်ရှိလို့၊ မြင်မိရောင်သား။ ရွှေသုံးရံကာ၊ ရွှေမျက်နှာသော်တာဝန်းငယ်ကို၊ နောက်ထွန်းပေလား။ ။

## ဂ၄။ လောကနတ်

တိမ်မှောင် ဝေးကင်း မြူမှေးရှင်း၊ မြူမှောင်ဝေးကင်း တိမ်မှေးရှင်း၊ စန္ဒာရောင်ဝင်း၊ ထွန်းလင်းသန့်စင်ကြည် × မိုးမင်းလွှင် လေသည် ×၊ မြောက်လေငယ်ပြန်ညှောင်း၊ ဆောင်းလည်းရောက်ပြန်ပြီ၊ အိုကံဆိုးသည်၊ ထွေထွေထူးလည် ညွန့်စီ လန်းလို့၊ လောင်းပန်းဂမုန်းအင် ×၊ သဇင်မွှေးကြူ ပေါ်ပြန်တော့ပြီ၊ ကြံစည်စိတ်ဝမ်းများ × မရှင်ပါလားလား × ပျော်ပါးခုရောက်ဘဲ× ပင်နွယ်ကြာထင် × ကျွမ်းဝင်ကြင်သက်ထား × လည်လည် ဆာဆာ × သူများ နှင့်သာ၊ ငါမင်းကိုသာ × စိတ်ထဲမှတ်စွဲကာ၊ တင်းတင်းစိတ်မှာသား × ဝမ်းနဲ့စရာ - ဝမ်းကွဲစရာ - ညှိုးနွမ်းစရာသား × ညိုးနွမ်းစရာ - ဆင်ကာ၊ ထပ်ပေါင်း၊ ချမ်းဆောင်းထပ်ပြန်လောင်း၊ × လေသာလေညှင်း၊ ဝင်လာရင်တွင်းဗျာပါသာလွန်မင်းကြောင်း × သွေပေါင်းစိတ်ဝမ်း၊ ပူစရာ ကိုတည့်သာ ထွေလာထပ်ပွားကဲ × အုံသဲအပါးပါး အခြားခြား၊ လွန်ကဲ အပွားပွား × လားလားစိတ်ခိုင်၊ ကံပိုင်ဖြေနိုင်၊ တရားကို ဆောင်နိုင်ဘဲ၊ × သည်းထဲမှာသာ - လွမ်းမြဲပင်သာလွမ်း ×၊ ပူပင်ခွေနွမ်း၊ ဆိုချည်မြည်တမ်း၊ ငိုချည်ယောင်ကာရမ်း×

ဆီးတားခက်မတောင်း - ဗျာပါဝန်များသာ ကျွန်မချစ်ကျွမ်းလွမ်း ×၊ ထွေဆန်း ချစ်ကြောင်းချင်း၊ ချစ်ကြောင်းချင်း၊ ပုံကင်းဖက်နှုန်းဘူး × ထွန်းမြူးစိတ် ခြည်၊ တိမ်းသည်များသည်၊ မိုးလုံးပတ်လည်လင်း × ရှင်ရင်းမြတ် ဖျား ကျော် လေးဆူ- လွယ်ကူသနားကြောင်း ×ဆယ်ချောင်းရှိလန်းလန်း၊ရှိလန်းလန်း ရည်ညွန်းထိပ်ဦးထား × လျှောက် ပြန် တိုင်ခင်းထား၊ စိတ်ထားကြံပါများ၊ ညတိုင်းလျှောက်လျှင် ကြာလေတော့မည်၊ လားလား လျှောက်ချင်ပေါင် ×၊ မည်သာလေ ကျော်လေးပါး × ရှင်ပင် ရှင်စေ့ဖျား ×။ ဘုန်းတော် ခြောက် ပါး ပြိုင်ဖက်ရှား၊ တေဇာတော်တန်းခိုးအား ×၊ လျှောက်ကြား တင်တော်မူ လေတည့်၊ ထောက်ထား ဆင်တော်မူ၊ ကြည်ဖြူလေ သနားကြောင်း × ဥာဏ်ဝါ ရေးလောင်း၊ စိုးရိမ်ညွှတ်ပျောင်း ကယ်လွှတ်တောင်း၊ မြတ်ရှင်ပင်တန်းခိုး ပေါင်း × ဥာဏ်ဝါလေ ရေးလောင်း × သီတာလေရေချမ်း ရွှေသီတာရေ ချမ်းလောင်း။ ။

---

## ၈၅။ မြဝတီမင်းကြီးရေး-သိင်္ဂါသံ အီနောင်ဇာတ်ထွက်

နှင်းငွေမြူမှောင်၊ သွင်းလေယူဆောင်၊ မောင်မောင် ဘယ့်နှယ်၊ ဒါဟန် ထီးနှင့်နီးရမယ်တဲ့ နီးရမယ်၊×၊ အသွယ်သွယ် ဘယ်ဝယ်ဘယ်မှန်း၊ မောင်ရှာတယ် ပန်းပါပေါ့၊ စက်ခန်းငယ် ဖြန့်ကာချီ၊ စုံမြိုင်တောမှာလှ၊ မောင်မောသို့ ခွေခဲ့ပြီ၊ သီကရီ ဘယ်ဆီပြည်ဝယ် ဆွတ်ကြည်မြော်ခေါ် ဆွေးလို့လွမ်း၊ ပဇာင်တောင် မွန်၊ ကြာညောင်ကွန်း လွမ်းတဲ့ဖြစ်ဟန်၊ သူသွေယိန်းလို့၊ စိမ်းတော်ဖန်တဲ့ စိမ်း တော်ဖန်။ ။ဒါဟန်မိငယ် စံရွှေနန်းငယ်က၊ စက်ပန်းဘယ်ဝယ် မြန်းလိမ့် မယ်တဲ့မှ၊ မြန်းလိမ့်မယ်။ ။(စည်းလှုပ်)၊ မြန်းလို့တွေမှိုင်၊ ခွေကာငယ်ညှိုး၊ တွေနိုးကြုံအင်၊ ပုပ်ငယ်ဆင် လွမ်းအင်၊ ပျံလှိုင်း မျှော်လေတိုင်း၊ ဝေမှိုင်းမှုန်ရီ၊ ဆွေးခဲ့ပြီးတဲ့ဝေးခဲ့ပြီ၊ ဘယ်ဆီတရေး-ဖန်ဖန်ငယ်တွေး၊ကံရွေးက ကူဒါနန်းသူနှင့်၊ ဆုယူသစ္စာတူမကွာ၊သမ္ဘာရင့်ဖုန်း၊ မြေတာဆုံးစေတော့၊ ရှာအုန်းအုန်းဖွဲ့နှောင်၊ မောင်လေးမှာ ငိုခဲ့ယောင်။ ။

သဖြန်။ ။ဖြန့်မိုးငယ်နှောင်၊ ဇာတောင်နန်းက ရွှေငှက်ပျံ၊ ကြင်သူ ဝေးလို့ အဆွေးတော်ထန်၊ ပြည်ကာလံ စံပါလွဲဖုန်း။ တူစုံဥဏှာကန်ယောင်၊ ပန်းရည်မျှော့နောင်၊ ရာဝင်ရိုင်းလေငဲ့သူ့တိုင်းဘောင်၊ကြက်ပွဲတော် နာရီဆောင် လို့၊ သိသာအောင်ရွှေစောင်းနှင့် ပျောင်းတပျော့ပျော့၊ ထီးမျှော့နန်းလုံး။ ။ ဥာဏ်သုံးလွန်ကြည်ဖြူလှ၊ ပြည်သူတို့ဆွတ်လွမ်းဖွယ်။ ။(စည်းလှုပ်)၊ သွယ် သွယ်ဝဝ၊ ကြောင်းစစကို၊ ဖျောင်းဖျ-ညာရည်၊ မော်ဒန်ပြည်သို့၊ ပြန်လည်တော့ ရန်၊ လျှောက်တင်ပန်၍၊ ကာလံဘုရင်၊ နန်းကြီးရှင်က၊ သခင်မေတ္တာ၊ ကရု

ဏာနှင့်၊ ကြင်နာသဖြင့်၊ ရွှေနှုတ်ကယ်ဖွင့်လို့၊ အခွင့်ရေးယူ၊ ပေးတော်မူမှ၊
နှစ်ဆူစကြာ၊ ဖြန့်ခဲ့လာသော်၊ သာယာစုံမြိုင်၊ ထုံသင်းကြိုင်တဲ့၊ ဂူလိုဏ်ပန်း
ညောင်၊ လာသန်းတောင်မှာ၊ စာနွှောင်ဆက်ပွါး၊ ရွှေလွှာများနှင့်၊ ရထား
ယာဉ်သာ၊ ဆွဲရစ်ကာဖြင့်၊ ပစ်ခွါဝေရီ-ဘိုးတော်ဆီသို့၊ တပယ်ပုံသ၊ ကြုံပြန်ရ
တယ်၊ အို မ့ ပါရန်၊ တို့ဖြစ်ဟန်ကို၊ ထိပ်ပန်ဖုန်းမော်၊ ခမည်းတော်နှင့်၊ မယ်
တော်ဖုန်းဝေ၊ မသိလေဘူး၊ ရွှေဒါဟန် ပြည်တိုင်းသာက၊ မြင်လှဲပါလား၊ နတ်
တို့အားကို၊ သနားမတန် ပူပိုက်။ ။ပြည်ကာလံ ဘုန်းငယ်က၊ နတ်နှုန်း
သွယ်လျှမမထံ၊ ရွှေဥာဏ်တော်မြော်မှန်း ရော်ရမ်းခုလိုက်ရှာရပြန်၊ ဗျာရန်ဖွဲ့
ယူ၊ ပြည်ကာလန်နယ်ကွန်း၊ ရွှယ်ညွှန်းလို့ ရောက်တော်မူ၊ ဝတ်ပန်းပျံ့သင်း
ထုံကြူ၊ ပုံဟန်ကူ ကြုံပြန်မူ၊ ဘုံစံသူ ထွတ်ကဲ၊ တနိုင်ငံ မြိုင်ယံရဂုံမြင့် ထဲမှာတဲ့
လေး၊ လက်ရုံးချီ ကိုယ်စီသံလျက်ကယ် စွဲလို့လေး၊ အိုကြုံနဲ့ခု-ကြုံရဟန်၊ ရွှေ
ထားက မီးတောက်ပြန်။ ။

သဖြန်။ ။နွယ်ရိုးငယ်မှန်၊ ဆိုရန်ခုခင်း။ လင်းသိတော်မူ၊ လွန်ကြည်
ဖြူလှ ဆယ်စုံပေါင်းတယ်၊ သောင်းရွှေသနင်း။ ။

---

## ၈၆။ ဘိုးတော်ဘုရားလက်ထက် ပင်းသိင်္ဂါဆိုသူရေးသည့် သိင်္ဂါသံ

လေရူးသုန်သုန်၊ မြူးလာအုံ၊ မြူမှုံတဝိုက်၊ နှင်းတလှိုက်ကယ်နှင့်၊ တိမ်
တိုက်ကမှောင်၊ မာလာရင့်နွှေ၊ ပန်းစုံငယ်ပေါပါတဲ့၊ တောသာခေါင်တဲ့ တော
သာခေါင်၊ × အတောင်ငယ်ယှဉ်နွဲ့၊ ရွှေလည်တွဲ ဝမ်းဘဲပမာ၊ ရွှေဟင်္သာသို့၊
မကွာအတူ ပါတော်မူ-နန်းသူမိငယ်၊ ဘယ်ဆီများကိုတဲ့၊ လှည့်ပါးတိမ်းဖယ်၊
သွားသေတယ်တဲ့ သွားလေတယ်။ ။မောင်ငယ်ပျော်ဘူး၊ ခေါ်မထူး နော်
ရူးချည့်မယ် သည်တောလယ်မှာ၊ ဂျီငယ်က ဟောက်-သမင်က တောက်ကယ်
နှင့်၊ မျောက်က ကြိုးခွေ၊ ဒေါင်းအိုးဝေတဲ့ ဒေါင်းအိုးဝေ။ ။စုံခြေဂနိုင်၊ ပန်း
ဗွေ့ဆိုင်မှာ၊ တွေ့မှိုင်ခဲ့ပြီ၊ မောင်ကြီးငယ် ဆွဲပါတဲ့၊ ပုလဲသိင်္ဂီ၊ မူးချိန်မှီတဲ့ မူးချိန်
မှီ။ ။ဘယ်ဆီကို မြန်းပါရမယ်၊ သံသာငယ်ကျူးပါလို့၊ ခေါ်ထူးလေး
ယောင်မိတယ်။ ။

---

## ၈၇။ မြဝတီမင်းကြီး ရေးသော-အိမ်နောင်ထွက် သိင်္ဂါသံ

မယ်တို့နေ တိမ်ခြေတောင်နန်း၊ လျှပ်ခြည်တန်း ပတ်သန်းညိုရိပ် မှိုင်း
ချိပ်ချိပ်ကယ်နှင့်၊ ရွှေလိပ်ကယ်မကရိုး၊ လျှပ်ပန်းဆင်ဆိုင်း၊ ရွှေသိုင်းကဆော်၊
မိုးစည်တော်တဲ့မှ - မိုးစည်တော်။ ။ပြည်တော်ဗာရာ သိင်္ဂါထဲက ခွဲခဲ့ရ

တယ်၊ အိုအိုဆွေးပါဘိ၊ ရေးနတ်ကယ်တဲ့ ရေးနတ်ကယ်၊ သွယ်လဲသွယ်ရှုန်း လစန်ထွန်း ဖန်ဝန်းရောင်ရှိန်၊ ထိန်ထိန်လင်းပါပေါ့-ဆင်းပါရမယ်၊ ညာသွယ်သူ ဖုန်း၊ လှခေါင်ဆုံး အိုမယ် မမုန်းပါနှင့် မှန်ညာသူ့ သွေး နွဲ့ယဉ်လေး၊ အို ဆွေးအဆွေးသင့်ဘူးတဲ့မေ၊ ဝေး အဝေးသင့်ဘူးတဲ့မေ။ ။နှစ်ပါးတူကွ၊ ချစ် မဝ၊ မောင်လှမှကား၊ ရွှေနှစ်ပြားကိုတဲ့၊ တသားငယ်ဂဟော၊ သချာအောင် စွဲလို့၊ မြဲပါတော့ မြဲပါစေ၊ သက်ဝေငယ်ရှောင်လွှဲ မယ်ကချွဲ၊ ရဲ-ရဲဘဲနှင့်ကို၊ ကြိမ်ကြိမ် ခေါက်ခေါက်၊ တမန်သွားရာ၊ ရွှေပေလွှာ၊ လူလဲမလာ၊ စာလဲ မရောက်၊ အကြံပေါက်တယ်၊ ရောက်မှန်းမသိ၊ ကိုယ်သာလိငဲ့-မောင်ကြီးစာတဲ့၊ မောင်ကြီးစာ၊ မပေါ်လာ ပြန်တာကတခြား၊ဟိုတပါးမှာတဲ့ ပျော်ငြားမယ့်သူ၊ မယ့်သည်းအူတဲ့ မယ့်သည်းအူ။ ။နန်းသူညို့နွဲ့ သူပန်းပင် ရေဝင်လောင်းလို့၊ ပေါင်းပါရမယ်၊ ကျွန်မသခင် ငယ်က ကုံးပေတဲ့၊ ဂမုန်းသွယ်တဲ့မှ-ဂမုန်းသွယ်၊ သက်လယ်တခြား၊ မယ့်ရွှေသားငယ်မှာ၊ ခွေကာသာပျောင်းရချည့်၊ တာပါလေ မောင်-တောင်ပံတွဲနှင့် ဝဲလှဲမောင်တဲ့ ဝဲလှဲမောင်၊ စိန်ကြာညောင်မှာလေ၊ တိမ်းရှောင် သွေကဲ၊ ရဲဘဲသူ့ဥာဏ်၊ ဝိတ်ဝိဟန် ပုံကြီးနွဲ့။ ။

သဖြန်။ ။ရဲပညာဇာတိနှင့်၊ကိုသာလိငယ်။ပျံပါလေနားတော်ကျူး၊ မင်းတိမ်ညွန့်မြူး။ ။

---

### ဂဂ။ သိင်္ဂါသံ တမျိုး၊ ဝေဿန္တရာအကြောင်း

(နောက်ဆရာများရေးသည်။)

ဆုကြီးကိုမှီ မယ်မဒ္ဒီသက်နှင်း၊ လောင်းဝေဿန် မင်းမြတ်သည်းချာ၊ ၂ သားလှမောင်ဇာ x၊ ဝင်္ကပါ၊ ကဏှာတို့-စံရွှေကျောင်း၊ လှမ်းဖို့ကောင်း x၊ ပါရမီ လွန်ရင့်ညောင်းတဲ့၊ လောင်းဗောဓိ ထံတော်သာဝယ်၊ လျှခံလာ မောင် ဗြာဟ္မဏောကိုတဲ့၊ ဗောဓိဆွေ သဒ္ဓါပြင်း x ရင်သွေးမောင်ဇာ၊ ကဏှာတို့ ကန် တော်တွင်း၊ ဆင်းတယ်လို့ ပြေးသကိုနော်-ပုန်းကြလေသော် x၊ တကြော် ကြော်၊ ဖေခေါ်ပြီကွဲ့ မောင်နှစ်မငယ်လေး၊ ထူးပါကြလား x၊ဘ ဖုန်းဝေခေါ် သံကြားလို့ သွားကြစို့ မောင်လှရယ်၊ မဥ္ဇလိန် ကန်တော်ထဲက၊ လက်တွဲကာ မောင်နှစ်မတို့၊ တောင်းပန်ကြတယ်၊ ဆုကြီးကိုရွယ်၊ ဘဖုန်းကြွယ် ရယ်က-သူ့လက်တွင်း ကိုလေး၊ တင်းလေ တင်းလေး ထည့်လေခြင်း (လိုက်တယ်) x မယ်မဒ္ဒီ မြင်အိပ်မက် ကယ်ကြောင့်၊ ရွှေစိတ်စက် နေမသာ၊ သမီးလှ မယ် ကဏှာနှင့်၊သားမောင်ဇာ သူ့အကြောင်းကြောင့်၊ အမေလေး နေ့မကောင်းပါ ဘု၊ ခြင်းတောင်း ညှာတံချူနှင့်၊ နေပူရင် စလူဆောင်းလို့၊ စံကျောင်းတော် ဝင်္ကပါက သစ်သီးရှာ သွားရာခိုက်ကိုတဲ့၊ လျှလိုက်လေသက်ပြန်ကြုံးနှင့်၊ အမျိုး

ယုတ် - ဇူဇကာ၊ မစာနာ အိုမညှာလို့ရိုက်လေခြင်း၊ သွေးဖြာလို့ဆင်း ×၊ စီးကျ ထွေထွေ၊ရွှေမျက်ရည်တွဲ - လည်မစဲ၊ နှင်းရည်လို့ရွဲ ×၊ မယ်မဒ္ဒီစုံမြိုင်ထဲက၊ ထုံး ကောသီ-ပြေရေ့ခဲ့ငယ်နှင့်၊ ခြင်းတံချုူလက်မှာစွဲပါလို့၊နေနဲ့ရင်ပြန်လို့လာ။ ။

---

## ၇၉။ သိင်္ ၊သံ - သုဝဏ္ဏသာမ

မင်္ဂလမ်းကိုယူ - လောင်းဒုကူ - စံခင်း၊ပါရိကာ၊ မင်းမြတ် သည်းချာ၊ သားသုဝဏ္ဏာ ×၊ ရင့်ကြောင်းကိုရှာ၊ ၂၊ သာပေသည့်၊ သည်မြိုင်စောင်း၊ လွမ်း ရန်ဖို့ကောင်း ×၊ ရွှေမိဂါ သမင်ပေါင်းနှင့်၊ လောင်းတော်မြတ် ရေခပ်လာရာ၊ တိုင်းဗာရာရွှေပြည် မ - က၊ မင်းရာဇ - ပီဠိယက္ခာ၊ ပစ်လိုက်လေ မျက်မာန်ပွား လို့၊ ရွှေမြားတော်၊ ရင်ကိုခွင်းတယ်၊ သဲသာသာ လဲရှာပေါ့ မြတ်မယ်ဖွား၊ ပြေးမြင်လှဲလား ×၊ ဆုကြီးပန် - ညည်းသံကြားလို့၊ ပါးတော်က - ပွင့်လောင်း မှန်ကို၊ မှားချေပေါ့ခွင့်တောင်းပန်ကာ၊ မွေးမိခင်ဖခင်ရေးကြောင့်၊ လုပ်ကျွေး မည်စိတ်တော်ချပါဟု၊ ရဲအာမခံတော်မူရှာ၊ နှစ်ပါးတို့ထံ၊ သုံးရန်ဖို့ ရေကိုထမ်း၊ မင်းပီဠိလှမ်း × မြတ်သားတော်ဟန်၊ ခြေသံက မမှန်လှဲ၊ မင်းဘယ်ကလဲတွဲ့ သည်းချာ၊ ပြောပမှန်ရာ ×၊ လောင်းသုဝဏ် စုံမြိုင်ဝ၊ မြားမှန်ကာ နတ်ရွာကြွ ပေါ့၊ တောင်းပန်သ ရှိဦးတင်ကာ၊ တိုင်းဗာရာရွှေပြည်တွင်းက ပီဠိ - ဖျာ - ရက္ခ- မင်းလို့၊ ဝပ်စင်းလို့ လျှောက်ကြားသိသာ၊ ကျွန်ုပ်ကိုသာ - ပါရိကာ - နှင့် ဒုကူမင်း၊ သားအမှတ်သွင်း×၊ လောင်းသုဝဏ် - သည်ပူမီးငယ်ကြောင့်၊ ပါရိကာ ရင်ကိုတီးပါလို့ ပထဝီမြေပြင်ဟည်းအောင်ပ၊ လူးလည်းကာ၊ အိုငိုတော့ရှာ။ ။

---

## ၈၀။ သိင်္ ၊သံ-ဗုဒ္ဓဝင်တောထွက်ခန်း

မယ်ယသော် - ဆံကျင်၊ ရွှေဥယျာဥ်ပျော်ခင်း၊ မတ်မောင်ဆန် မြင်းနှင့် မက္ခာ၊ လွမ်းကြလေရာ ×၊ သူအိုတဲ့ - သူသေ-သူနာ၊ မြင်လာရ မြတ်ရဟန်း၊ သည်းတုန်လို့ချမ်း ×၊ ရွှေဥယျာဥ် သာစခန်းက—နန်းတော်သို့ပြန်ခဲ့လာရာ၊ ရွှေ သံဝေ စိတ်တော်စေလို့၊ ဗောဓိဆွေ - ကြံမှိုင်ညှိုး ×၊ သန်းခေါင်ယံ၊ မောင် ဆန်မတ် ကျွန်တော်မျိုး၊ ပါးအပ်လို့နှိုးတဲ့မှသာသာ၊ မြင်းပြင်ချေပါ၊× ရွှေ ပြူဗွာ၊ ဒွါရာတဲ့မှ ခေတ်တံခါး၊ ဖုန်းထွက်ကြသွား ×၊ ခြောက်ဘုံပိုင် မာရ်နတ် သားက တားပြန်တော့တယ်၊ ပြန်မိန့်တော်ထုတ်ဖေါ်ကြားခဲ့၊ မာရ်မိစ္ဆာ ဆုတ် မတားနဲ့၊ ရှားရှောင်ဟဲ့ဖယ်၊ ငွေသဲသောင်စွယ်၊ ဆံတော်ပယ်ပါလို့ ထွက် မြောက်ခန်း၊ ဖုန်းစိတ်ကမှန်း×၊ ဃဋိကာ ကြာသင်္ကန်းကိုတဲ့ လှမ်းဆက်သ ဆင် မြန်းစမွယ်၊ ဝဋ်သုံးမည် နှောင်အိမ်တွင်းက ကင်းလွတ်ဖို့စိတ်ထားကြံရွယ်၊ ရာဟု

မယ်၊ နန်းလယ်က မျှော်တော်စော၊ မင်းပြန်လို့တဲ့မှ၊ ပြောချေပ မောင်ဆန်၊ သွားပမြန်မြန်× ပြန်မိန့်တော် ထုတ်ဖေါ်ကြားလို့ သွားပြန်ရမနေသာ၊ သဲခုံမြင့်သောင်ယံမှာ၊ ကဏ္ဍိက နောက်တော်ပါ။ သက်ခန္ဓာသည်တွင်ဆုံးလို့၊ ဇက်သုံးနှင့် က-ကတောင်၊ ရွှေနန်းသို့အပါဆောင်၊မယ်ယသော်ကြုံရဟန်မှာ၊ မောင်ဆန်ကိုပြန်မရှုနိုင်ဘု၊ ဗိမ္ဗာမယ် ရင်ကိုထုပါလို့-ရာဟုမယ် ပင့်သက်ရှူ။ ။

---

## ၉၁။ သိင်္ဂါသံ - ဗုဒ္ဓဝင်ဘုရားဖြစ်ခန်း

ပင်ဗောဓိအဇပါ၊ သုဇာတာလှူဒါန်း၊ မြတ်ဃနာ ဆွမ်းနှင့်စုံစွာ၊ ကမ်းနေရဥ္စရာ×၊ရွှေခွက်ရော-ကမ္ဘာစောင့်-နတ်နဂါး သိမ်းပိုက် လို့ ထား×၊ဒေစာရိ ဖြန့်ချီသွားလို့-သားစုံတဲ့မြိုင်မိဂဒါ၊ တူငါးလီပဥ္စဝဂ်ကိုလ၊ ဓမ္မစက် ရေ ဆွတ်ခါဖျန်း×၊ ဝတီသာ နတ်ရွာသို့ မယ်တော်နန်း ယွန်းချီကြွမြန်းပါလို့ သာ သာ ယောအဘိဓမ္မာ×၊ လှည့်လည်ကာ၊ ဝါတော်က - လေးဆယ့်ညွန်း၊ ငါးဝါတည့်စွန်း×၊ ဝါလေးဆယ်ကျော်လို့ စွန်းတော့၊ ယွန်းချီကြွပြည်ကုသိနာ၊ ရွှေအားတော် ကြာလေလေးလို့၊ ဝမ်းသွေးတော် စိန္တေယျမှာ၊ ရှေးကဝဋ္ဋ် ကြမ္မာဖန်ဘေးမလွတ်ခမျာကံ၊ညီမင်းနန္ဒာ၊ ရေရှာလို့ကပ်ပါအုံး-စောမုနိန်း × ကကုဓါ-ရေရှာခု ညီတော်သွား၊ ချောင်းမြစ်ဝ-နားမှာ၊ များစွာ လှည်း သား ငါး ရာ၊ မောင်းလို့ နောက်ထာခပ်ထည့်ပါသော်၊ အကြည်မရနိုင်လို့၊ နောက်လှသည့်ရေကိုသာ၊ မြတ်ညီလှနန္ဒာက ကပ်သောခါ၊ ငါဘုရား နွားဘဝ ဖြစ်စဉ်ခါက၊ ပါလေတဲ့ဝဋ္ဋ်ဝိပါ၊ မလ္လာမင်းဥယျာဉ်သာမှာ၊ ရတနာ ရွှေညောင် စောင်း ၌၊ ဦးခေါင်းတော်မြောက်ကို-ပြုပါလို့၊ သဗ္ဗညုပြည်နိဗ္ဗာန်-ဆုံးအာယု-ကိုယ်တော်စံ၊ ညီမင်းအာနန်၊ မကြံနိုင်ပါလို့ ခွေယိုင်ကာမူးတယ်လေး မေးခေါ်ရဘူးငယ်ဖုန်းလူ့မြောပင့်သက်ရှူ။ ။နောင်နိဗ္ဗူ ဝါတော်ကပ်သော်ကြောင့်၊ ရုံသဃ်ာ ဗြဟ္မာနတ်ကယ်တို့၊ ညီမင်းနန်မထေရ်မြတ်ကိုတဲ့ နှာနှပ်ကာသာပွေ့ယူ။ ။

**မှတ်ချက်။** ။ငုင်းသီချင်းကို သီချင်းစုံစိမ့်သောငှာ ထည့်သွင်းလိုက်သည်။

---

## ၉၂။ လေးထွေသံကပ်

ကိုယ်တော်နှင်းနံ့၊ ကိုယ်တော်နှင်းနံ့၊ ကိုယ်တော်နှင်းနံ့သား၊ မွှေးမွှေးပျံ့သင်းသည်နှင့်၊ မင်းမင်းငယ် ကိုယ်ရောင်၊ နေသို့ပြောင်၊ ဆောင်ဆောင်ညီးမျှ ၂။ ဆောင်ဆောင်ညီးမျှသား၊သီတာနှင့်သာ မြသား၊ မောက်မို့ကျွန်းမာလာနှင့်သာ၊ ရွှေချည် လက်တံရှည်၊ ယဉ်သည် - ကောင်းသည်၊ ယဉ်သည် ယဉ်

သည် - ကောင်းသည့်နှင့်သာ၊ ဆောင်လုံးမြှိုင်ငယ်လေ၊ ပန်းမျှော့မင်း၊ ဆောင်လုံးမြှိုင်ငယ်လေ ပန်းမျှော့ ထိပ်ပေါ်နေ။ ။ထွေထွေတည့် ထူးထူးဆန်း၊ ဇမ္ဗူတောင်ယံကျွန်းမှာလလေး၊ ဖွဲ့ရေးမကုန်တိုင်းသိဘဲ၊ ယဉ်ရာဘော့ ဦးစွန်းမှာလှ၊ အခန်းခန်းရယ်နှင့် ရွှေနန်းသုံးဆောင် ပြောင်ပြောင် ထိန်လင်း၊ စိန်ကြောင် ရောင်ရှိန်ဝင်း သည်နှင့်၊ အချင်းချင်းငယ်နှင့်၊ ထွန်းဝင်းငယ်လျှံညီး၊ တကဲ့မီးယိုစီးလိုလိုထင်၊ နှန်းပင်သာ - နှန်းပင်သာ- နှန်းပင်သာ ဖက်မဲ့၊ ကြူးရကြူးတယ်ရှင်၊ စံရွှင်များလှ၊ မိုးနွေလားရယ်လို့ တွေးမှားထင်ကာ၊ ယဉ် ရာ များ လှ လေး၊ ပွားတောင်း များတောင်း ကြူးတောင်း ကဲတောင်းရှင်။ ။

---

## ၉၃။ လေးထွေသံကပ်

စိန်မှန်ဆောင် မျက်ကိုးစုံပွင့်၊ ထိန်လျှံပြောင် ထက်မိုးဘုံမြင့်၊ မြနန်းဝေယန် စံနှန်းတူခွင့်လေ ×၊ သုဒဿကယ် နိုင်းပါလို့ ရှုတိုင်းငယ် သာယာ၊ မန်းမြို့အောင်ချာ × ရွှေသိင်္ဂါ ထိန်ညီးခြယ်လို့၊ နေရှိန်ဝါ တိမ်မီးနှယ်သို့၊ ပြာသာဒ်ရောင်နွယ်စိုင် ရှူးကြယ်ပွင့်လေး×၊ မြင်မြင်ရသူ မှိုင်တွေးရှုမျှော်ရေး×၊ ပြည်ပြည်နန်းမြင့် မြတ်ခေါင်ဘော့၊ တိုင်းအောင်ဘုံမြေ×၊ ယဉ်ရွှေညီလာခြွေ-ယဉ်ရွှေညီလာခြွေ၊ တက်နေနှန်းရန်ရွှေဘုန်းဖန်တယ်လေ စံတိုင်းဝေး ×၊ ဘယ်ရှေး ဘယ်ရာဝင်များမှာမှ ကြားမထင်၊ ဘယ်ခွင်ဘယ်တိုင်း နိုင်းအံ့ပုံမမြင်၊ သောင်းခွင်လုံးပြိုင်နှန်းဝေး×၂။ သဘင်ညီလာ ကျင်းပါလို့လေ၊ ဘုရင်တကာ မင်းတို့လေး × လျှံဝင်းကညာ ပညာစုံပေါင်းရှိလုံ့ဖူးညွတ်ပျောင်း ×၊ သံကြီးငယ်ညောင်းသည်နှင့်၊ ဆုတောင်းငယ်ရည်စူး × ဩဘာကျူးလို့ နတ်မူး ဘုံဗြာဟ္မာ× ရှေပြုဗ္ဗါစွန်းငယ်က၊ စက်ဝန်းပွင့်ရတနာငယ်လေ၊ သက်လာစောတော့မည် ×၊ ဘုန်းရာမင့်း ထီးပေမို့ ကျွန်းကြီးငယ်လေးဖြာ၊ ရိပ်ကြာမိုးတော့သည်၊ စိုးကြောင်းမိုးကြောင်းစံ ×၊ ဘယ်နန်းညာနေ သူ့ ဖက်ယှဉ်ဝေး၊ စိမ်းလဲ့ငယ်ညာမော် ကျူးရင့် ကြွေးသံကြော်၊ ပူသော်ရွှေစောင်း ပျောင်းလို့ ဖြေမပျော်၊ ညိုးလျော်တည့် ခွေနွမ်းရေး၊ တသွင် မင်းမယ်က ကလေး။ ။

---

## ၉၄။ လေးထွေသံကပ်

ရွှေညီလာ ကြာယှန်းလယ့်က၊ ရွှေဖီညှာ ခါကျွန်းနှယ်က၊ ဆက်ပါ့မယ်လေ၊ သာညွန်းလွယ်လှသေး × သက်ထက်ကယ် ကျူးပေသည့်၊ ကြော့မူးကေသီ ဖုန်း မယ်ရို့ဆီ ×၊ လေချီချီသင်တိုင်းမြေခြ၊ ထက်စည်ကျကုံညည့်ညွှင်းငယ်

ပလေး ×၊ တင်ဆင်ရမည်ကြိုင်ဧး၊ ဆွတ်ကျွေးရေး၊ သည်သည်နှင့်သာ တန်လေ
စေ - ရဲဖန်တော်ထေ ×၊ ရေမြေ ဒီပါဘွေ့၊ ရေမြေ ဒီပါဘွေ့ စက်ရွှေဖြန့်ကာ၊
ဘယ်နန်းညာနေသူ့၊ ဖက်ရှင်းဝေး ×၊ စိန်လေးငယ် ညာမော် ကျူးရင့်ရင့် ကြွေး
သံကြော်၊ ပူသော်ရွှေဖေါ် ပျောင်းလို့ ဖြေမပျော် ညိုးလျော်တည့် ခွေနွမ်းရေး ×၊
သဇင်ခွါပြာ သင်းတယ်ပလေး၊ တသင်းမာယာ မင်းမယ်ကာလေး ×၊ ညှင်းညှို့ညှို့
လေပြည်၊ မဆီတို့နိုင်လေး ထင်ယောင် တရေးရေး ×၊ ဆိုဆိုတင် မေးသည်နှင့်၊
ငှက်ကျေးငယ်ဖေါ်နှော၊ မယ်လျစော၊ ဥသြ တွန်သံသာ ×၊ မြတ်မှာတော် ထူး
ပေမို့၊ ဖူးရွှေညဉ့်ခြုံငယ်မှာ၊ သဉ်ဘုံမှာရှုစားမိလေး၊ သောင်းရွှေလုံးမှူးငယ်က၊
ဖန်ကူးငယ်လွှမ်းရာ၊ မြင်တော်လာဘဲငယ်နှင့်၊ ပွားတောင်း မျှားတောင်း၊
ပွါးတောင်း မျှားတောင်းထွေ။ ။

(ပတ်ပျိုးသီချင်းများပြီး၏။)

# ၃၇-ချင်း

၃၇-ချင်းဆိုသည်မှာနတ် ၃၇-မင်းကို ပသသော နတ်ကပွဲတွင် ဆိုင်းများက တီးမှုတ်ကြသော ရှေးအရိုးအစဉ်ကို နောက်ဆရာများက မှတ်သား ထားပြီးလျှင် ၎င်းတို့ကို ၃၇-ချင်းဟူ၍ ခေါ်ဝေါ်သည်၊ ၎င်း ၃၇-ချင်းတွင်-

## ၁။ သိကြားနတ်၏ တိုင်ချင်း

ဘုန်းတန်းတေဇာ၊ ဖြာဖြာအရောင်လင်းပါလို့၊ မင်းမင့်း ထိပ်ခေါင်ဘော့။ ။ **(ပထမခံပြီးလျှင် နှောက်)** ။ ။ကိုင်သင်းနန်း မဥ္စူလေတည့်၊ ကြူကြူလှိုင်၊ မြမြိုင်သာ ပျံ့မွှေးငယ်မှာ - ထွေပင် ထွေဆန်းလှတောင်း။ ။ကြိုင်ဧးဧး - နန်းမဥ္စူငယ်လေ၊ ဇမ္ဗူပြန့်မြေချာ၊ ပျံ့လှိုင်ထုံလှ မွှေးတယ်လေ၊ သပြေမြေဒီပါ၊ မြတ်ခွင်မြတ်ညာ။ ရာမင်းရှိပန်ကာ၊ တေဇာပြင်းပြင်းလေ၊ မြတ်စွာရွှေဘုံနှင့်နှင့်လေး၊ ဖလ်နန်းဆောင်၊ ဝေမှောင်လွင့် လွတ်ရှားလို့၊ သိကြားနတ်ဘုံလို။ ။

**မှတ်ချက်။** ။၎င်းကိုခံပြီးမှ နတ်သံပစ်သည်။ နတ်သံချ၍ ပသသောအခါတီးချင်း။

သောင်းခန်းလုံးကောသာ၊ ဘုန်းတန်းကြီးကြောင်း၊ သောင်းခန်းလုံးကောသာ၊ ဘုန်းတန်းအနီးတေဇာ၊ ကြေညာကျော်သဲ၊ မို့မို့ဝေဆာ၊ အာကာဘုံထဲ။ **(အဖန်ဖန်တီးပြီးနောက်)**

ဖြိုးဖြိုးမြင့် ဝေမှိုင်၊ ယိမ်း ယိမ်း ပျောင်း ပျောင်း၊ ရွှေပြည်လုံး ငြိမ်းကြောင်း၊ ရုံးပေါင်း ပွဲတော်သာကို လာချည့်လေ၊ ရှင်မြူး ကျူး ကြော်ကာ၊ သာပင် သာစွလေ၊ ရွှေဝန်းရံကာထွန်းလျှံဖြာ၊ ရွှေကျွန်းမြန်ချာ၊ ပြင်ဖြာစည်လှလေး။ ။

**တနည်း နတ်သံချလျှင်တီးရမည်မှာ။** ။တုသိတာ - တုသိတာ၊ တုသိတာ သာမော၊ နတ်ပင် နတ်တို့တော၊ သာမော တုသိသာငယ်လေ သာစွလေ၊ သာမော တုသိတာငယ်လေ သာစွလေ။ ။

## ၂။ မဟာပိန္နဲနတ်၏တီးချင်း

သာဘွေခေါင်ချိကျူးနွဲ၊ ဘုန်းတန်းကြီးမား မျှားထွတ်ကယ်ဟန် ယိမ်းဟန်နွဲ။ ။ရွှေမြေနန်းသူလေ၊ ကြည်ဖြူပျော့ပျောင်း၊ ယိမ်းနွဲ့လေ။ ။နေနှုန်းဘုန်းတေဇာရောင်ဖြာချည့်လေး။ ။

**နောက်အပိုဒ်တီးချင်းကား။** ။ညီးညီး ထိန်ထိန် လင်းလင်း၊ ကြိုင်ပင်သင်း၊ ကြိုင်မွှေးကြူကြူ၊ ဧးကြူကြူ။ ။ရွှေဖုန်းမဥ္ဇူသင်းသင်း ကြိုင်သင်းသင်း၊ ရှင်ကြည်ဧးတယ်။ ။ကြွယ်များတိုင်းကား၊ ရွှေပြည်သာစုလေ၊ တောင်မင်းသီလာ ကြီးရော၊ အင်ကြင်းမလ္လာ စိမ်းညိုပြာ၊ တောင်မင်းစံရာနန်းက၊ နွဲပျော်လာချည့်လေ၊ မျက်မှန်းရောင်ဝေလင်းဖြာ၊ ပြည်ကြီးသာလို့လေး၊ သိင်္ဂါပင်မှည့် မြတ်ညာပျော်၊ နတ်နန်းပျော်နှင့်လေ။ ။မောင်တော်ဖုန်းမြင့်၊ ကြော့ကြော့ဝင်းဝါ၊ ပယ်သင်းရန်ညှာ၊ ဂုဏ်ရှိန်ထန်စွာ၊ သံသာသံသာ ကံကောင်းပါလို့လေး၊ ရာဇိန္ဒနတ်၊ ရှင်နောင်လာ၊ နောင်မြင့် စိုးခန့်လိုလား၊ ပျောက်လွှင့်ဝေးကာ ဝေးစေ၊ ရွှေဗျာညွန့်က–မြတ်စဉ်ထွေ၊ ညာများနေနေပါငယ်ပြီ၊ ထူမယ်တည့်လေ၊ နေငယ်မည်ထူ၊ ပျော်မြူးပျော်မြူးအောင်၊ ကျွမ်းလောင်မယ် ဆွေမင်းငယ်နှင့် တောင်မြတ်မယ်တော်။ ။

## ၃။ နှစ်မတော် တောင်ကြီးရှင်နတ်

မြိုင်မြိုင်ဝေမှန် ပျောင်းပျောင်းယိမ်း၊ ရွှေပြည်သူမျှ့ ချမ်းငြိမ်း၊ သိမ်းသိမ်းတော်မူလို့လေး၊ ထီးဆူဆူနှင့်လေ။ ။ရွှေနန်းငယ်လေ၊ နန်းသူငယ်လေ၊ ရွှေနန်းငယ်၊ ချမ်းမြငြိမ်းအောင် ဖန်ချည့်လေး။

**နောက်အပိုဒ်မှာ။** ။ညိုညိုဆိုင်းဆိုင်း၊ မှိုင်းမှိုင်း ဆင်ကာ – မိုးတည့်မိုးဣန္ဒာငယ်လေ၊ မြရောင်တိမ်မိလ္လာလေ၊ လွှမ်းတဲ့ လွှမ်းအောင်သာ၊ ကျူးနွဲ့ကျူးနွဲ့ရာ၊ ပွင့်လှငယ်ရွှေဝါ ပန်းမြတ်စွာ၊ အခါရောက်ချိန် နီးခဲ့ပြီလေ၊ အခါရောက်ချိန် နီးခဲ့ပြီလေ၊ အခါရောက်ချိန်၊ ထိန်ထိန်ညီးညီး လင်းပါလို့၊ ပျံ့သင်းမွှေးကြူကြူလေတည့် ပျံ့သင်း မွှေးကြူကြူ။ ။

**(ငှင်းကိုတုံ့ပြီးသျှင်ခံ) နောက်ချင်းမှာ။** ။ပုပ္ပါး ပုပ္ပါး တောင်တော်ရွှေပုပ္ပါးငယ်တည့်လေး၊ ပုပ္ပါးတောင်မှာ ပန်းမြတ်စွာ၊ အခါရောက်ချိန်တန်စွလေး။ ။ပုပ္ပါး ပုပ္ပါး တောင်ပင် တောင် ပုပ္ပါးငယ်တည့်လေ၊ ပုပ္ပါးတောင်မှာ ပန်းမြတ်စွာ၊ အခါရောက်ချိန် နီးခဲ့ပြီးလေ၊ အခါရောက်ချိန် နီးခဲ့ပြီလေ၊ အခါရောက်ချိန် ထိန်ထိန်လျှံညီး လန်းပါလို့၊ ပန်းစုံစီလေတည့် ပန်းစုံစီ။ ။

## ၄။ ရွှေနဘေနတ်

ဗုင်းနတ်မှာ လက်ဝှေ့အယိုင်သွား လေးခင်းဆိုင်း လင်းကွင်းကြီး၊ ကြေး နဲ့တို့က တီးမှုတ်သော-တီးချင်းမှာ–

ရွှေနဂါးမြှုံစရာ၊ ကတ္တီပါ၊ ဖဲကတ္တီပါရှာပါတုန်း မိုးတောင်ကချုန်း၊ မုံ့လုံးကိုစက္ကူကပ်လို့ ကြာကလာပ်မှာတင်၊ ပလ္လင်ပေါ်က မျောက်ကလေး ဆင်းတယ်လို့လွှေး။ ။(ဗုင်းကို အပြန်ပြန်တီးရသည်)

## ၅။ သုံးပန်လှနတ်

ဗုင်းနတ်မှာ ကြေးနဲ့မျှားက ပထမ နတ်သံချပြီးလျှင် လောကနတ်ချင်း ကိုတီးပြီးလျှင်နောက် တလိုင်းချင်းကိုတီးရသည်။ **(သီချင်းစာကိုယ်အထူးမပြ)**

## ၆။ တောင်ငူ ရှင်မင်းခေါင်နတ်

သာခေါင်ကြူး ဘုန်းတန်းဖြူး၊ ထူး အထွေထွေ၊ သာခေါင်ကြူး နန်း မြေမှူး၊ စံပျော်ဦးမို့ ကြုံဘူးတခန်း၊ ပျော်မြန်းသွယ်သွယ် လွမ်းဖွယ်ပေ၊ ရှင်မင်းခေါင်လေ၊ပြာခြေ ဝါရွှေသာ လေပြေလာ၊ချမ်းသာ ရှာရလေ၊ သာမျိုး သာမျိုးစည်၊ ရွှေပြည် ကေတုနန်းငယ်က၊ ကြိုင်လန်းပျံ့ကြူကြူ။ ။

## ၇။ မင်းတရားကြီးနတ်

မြန်ပင် မြန်ခန်း ထွတ်စိုးယူ၊ ရွှေပြည်သူငြိမ်းကြောင်း၊ ဖန်လာစောင်း ပြန်ခန်း မှန်နန်းသူ၊ ကြည်ဖြူရှိညွတ်ပျောင်းပါလို့၊ ဆယ်ချောင်းရွှက်စုံကာ။ ။ **(အပြန်ပြန်တီး)**

## ၈။ သံတော်ခံနတ်

ဗုင်းနတ်မှာလည်း စာကိုယ်ကိုမပြ၊ တလိုင်းသံကို တီးရမည်ဟု အမှာ ရှိသည်။

### ၉။ ရွှေနော်ရထာနတ်

လှဲကျုူးသံချို၊ နေနဲ့ ကျုူးသံချို၊ ဆင်စွယ် ဆင်စွယ် ဝန်းယှက်၊ မြပင် မြပုခက်ကယ်မှာ၊မစက်ကယ် နိုင်ပါလို့ တွဲ့ကာနွဲ့ကာငို၊ စက်ပါရေ့ မောင်ထွေး စက်ပါရေ့လေး။

**နောက် ဂုံညင်းထိုးချင်းမှာ**။ ။ရွှေနော်ရထာ ဂုံညင်းထိုးချည့်လေး။

**ဂူလီချင်းမှာ**။ ။ရွှေဂူလီခတ်သံ သာစွလေ။

---

### ၁၀။ အောင်စွာမင်းကြီးနတ်

မင်းအောင်စွာငယ်လေ၊ မင်းအောင်စွာ ငယ်လေ၊ ကြေညာသောင်း တွင်း၊ သင်းအကြိုင်ကြိုင် သင်းသင်းကြူ၊ မင်းအောင်စွာ၊ သူရာသုံးချိန်တန် ပေါ့လေး၊ မင်းအောင်စွာ သူရာ သုံးချိန်တန်ပေါ့လေ၊ မင်းအောင်စွာငယ် သူ့ရဲ့ တကိုယ်ထဲ၊ လွှမ်းလဲထင်လဲ၊ လွှမ်းလဲမျှော်ကာရောက်တည့်လာ၊ လွှမ်းသူအူချာ ပြတ်ချည့်လေ၊ ဝေဝေဆူဆူ ယဉ်အမူ ယူမထွေး။ ။

---

### ၁၁။ ငါးစီးရှင်နတ်

ဋ္ဌင်းနတ်မှာ၊ သီချင်းစာကိုယ်ကိုမပြ။ မြင်းထွက်၍ စိုင်းသောအယိုင်ကို တီးရမည်ဟုဆိုသည်။ ။

---

### ၁၂။ အောင်ပင်လယ် ဆင်ဖြူရှင်နတ်

အောင်ပင်လယ် ကမ်းငယ်တည့်လေ၊ ပျော်ချင်ဖွယ် မှန်းတည့်လေး။ ။ အောင်ပင်လယ်ကန်ရိုး၊ ရွှေထီးမိုး၊ ဘုန်းမျိုး ဘုန်းမျိုး ဘုန်းမျိုး ထွတ်တင် ဆင်ဖြူရှင်၊ အောင်ပင်လယ်သာစွလေ၊ အောင်ပင်လယ်သာစွ ထူးထွေသာစွလေ၊ ချစ်တဲ့သူလေတည့် ချစ်တဲ့သူ။ ။(**နောက်ဆင်ဖမ်းချင်းမှာ**)။ ။ဆင်ဖြူဆဒ္ဒန် ဆင်ဆဒ္ဒန်၊ ဆင်ဆဒ္ဒန် ဆင်ဆဒ္ဒန်မှန်၏လေ၊ မြတ်ဆင်ဖြူလေတည့် မြတ်ဆင်ဖြူ။ (**နောက်ကောက်စိုက်ချင်း**)။ ။သိုးရုံခမောက်၊ မြပင် မြခက်ကောက်ကယ်နှင့် လေ၊ ဆင်ပေါက်ကယ်သခင် ဆဒ္ဒန်နာဂရှင်၊ ဘုန်းတော်ရှင် သခင် လွှမ်းချိန်တန် ချည်ပေါ့လေ ၂။ ။

## ၁၃။ တောင်မကြီးနတ်

သင်းသင်းလေကြူ မွှေး မွှေးလှန်း၊ လန်းလန်း ဝေးသာဒမ္မးမွှေး ဖုန်းမွှေး၊ နတ်တူကြည်ဖြူဝန်းလျှား ။[၂] ။ သင်းသင်းကြူကြူ၊ မွှေးမွှေးကြိုင်ကြူဧးဧး၊ လေးလေးသာသာ ပြောင်တည့် ပြောင်မူရာ၊ ညိုပြာပြာ လေညှင်း လေပြေလာ၊ ရွှေဂူ ရွှေဂူ မြို့ပင် မြို့ရွှေဂူ၊ ရွှေဂူငယ်သာလေခြင်း၊ မြို့ပင် မြို့ကြီးတွင်း၊ တောင်မင်းရွှယ်ပျို၊ ပန်းဘဲနောက်ကယ်မှာ၊ ညီတဲ့သာ ညီအစ်ကိုလေတည့်-ညီ-ညီတဲ့သာ ညီအစ်ကို၊ ကြည်ညိုငယ် စုံမက်၊ လက်ပင် လက်ခြောက်ဖက် ကယ်နှင့်လေး၊ တောင်မင်း ရွှေဂူသာ ဝင်ချည့်လေ။ ။ရွှေဂူသာဝင်လို့ ပူဆွေးတည့်၊ ပူဆွေးလေလေ ဝေးလေလေ ပူဆွေးလေကပင်၊ ဝေးလေစွတည့်လေ၊ အူဆန် အူသွေး အူကလေးငယ်မှာ၊ ပူဆွေးပြတ်ချည့်လေ၊ ပူဆွေးပြတ်ချည့်လေ၊ ပူဆွေးပြတ်ချည့်၊ ချစ်တဲ့သူလေတည့် ချစ်တဲ့သူ။ ။

**နောက်ဆုံးချင်း။** ။ကြူကြူသင်းသင်း-ညှင်းညှင်းလှိုင်လှိုင်၊ ကြိုင်ကြိုင်တည့် ရွှန်း ရွှန်း လန်း၊ နန်းတော်တောနန်း မြိုင်ရိပ်ဝေ။ ။

---

## ၁၄။ မြောက်မင်းရှင်ဖြူ

ငင်းနတ်မှာ တီးချင်းစာကိုယ် အထူးမပြ၊ လေ့လေ့ချင်းမှာ ပုံတောင်တီးရသည်၊ ခေးကဟန်မှာ ရှမ်းချင်းတီးရသည်ဟူ၍ဆိုသည်။ ။

---

## ၁၅။ ရှင်တော်နတ်

ငင်းမှာ အယိုင်ကို ပတ်ကတီး၊ ကြေးနဲ့ကမှာ။ ။မောင်ရှင်သစ်ကယ်လာ သာစွလေး၊ မောင်ရှင်သစ်ကယ်လာ သာစွလေ။ **(အပြန်ပြန်တီး)**

---

## ၁၆။ ညောင်ချင်းနတ်

ငင်းမှာလည်း အယိုင်ကိုတီး၊ ကြေးနဲ့ကမှာ။ ။ခြေတိုလက်တို ညောင်ချင်းအို၊ တိုလျှင် နူမည်မှုချသား။ (အပြန်ပြန်တီး)

## ၁၇။ တပင်ရွှေထီးနတ်

ရွှေပြည်တောင်ငူပြည်၊ မှိုင်းမို့ဝေစည်၊ နန်းနန်းနှင့်တည်၊ ဝင်းဝင်းရောင်ခြည်၊ ဖွေချာလည်၊ သန့်သန့်ရှင်းရှင်း လင်းလင်းကြည်ကြည်၊ သန့်သန့်ရှင်းရှင်း ကြည်ဖြာမို့၊ စံခန်းရောင်ဝေ ရွှေငွေမြဖျားကိုးကွယ်ရာ။ ။

---

## ၁၈။ မင်းရဲအောင်တင်နတ်

လာချည်ပြီလေ၊ ဝေဝေဖြိုးစွ ထွတ်ခေါင်ချာလေ၊ ဝေဝေဖြိုးစည်စည်။ ။ ယိမ်းနွဲ့ မင်းရဲအောင်တင် လာချည့်လေး၊ ရွှေစောင်းသာသာ၊ ပျောင်းကာ ဆောင်းကာသာကျူးလို့၊ ပိုက်ပျောင်းချည့်လေး၊ သာသာပျော်ကြောင်း၊ ရွှေစောင်းပိုက်ကာ ပျော်ချည့်လေး။ ၂။ ။

---

## ၁၉။ ရွှေစစ်သည်နတ်

ပန်းမျိုးစုံလှိုင်၊ မွှေးမွှေး၊ သင်းသင်း ဧးဧး၊ ကြေငြာလျှံပြေး - နီးဝေးဗယ်ညာ၊ သံသာချမ်းဧး၊ ကြေညာသာဧးချမ်းဧး။ (၃ - ကြိမ်)

ရန်မီးငြိမ်းရှင်း၊ သောင်းခန်းကျွန်းတွင်း၊ လင်းလင်းမှောင်ကြေ အရောင်ဝေ၊ နေမိုးသို့ဘုန်း၊ ရွှေပြည်လုံး အရည်ကျုံး၊ ယဉ်ဆုံးဖွယ်ရာ နှုန်းဖွယ်ကွာ၊ ဖြူပြာမူရာ ငယ်စွာကွေးလေး၊ ငယ်သွေးပြင်လျှာ ပြစ်မဲ့ဝေး၊ နတ်တို့တည့် နတ်သွင်လို။ ။

**ငင်းနောက်။** ။ညိုညိုစိမ်းလန်း ဆန်းဆန်းသွယ်သွယ်၊ ငယ်ငယ်တည့် သေးသေး သေးရှင်း၊သင်းတဲ့ သင်းသင်းဝေ။ ။ရွှေခွန်းသာထွေ၊ပျှံစင်ပျံမွှေး၊ ထက်ဆင့်ငယ်ကြွေး၊ မြွှက်စိမ်းညို၊ လေညှင်းငယ်ချို၊ ဘုန်းဘုန်းမိုမိုငယ်လေ၊ ပြာရွှေ ညာကြေ သာကြေ၊ ရန်မီးသင်ကာ မြတ်ခွင့်ရေး၊ မြတ်မဥ္ဇူလေတည့် မြတ်မဥ္ဇူ။ ။တိမ်ခြေငယ်ရေး၊ကိုးနယ်လုံးကကြေး၊ လွှမ်းအောင် မှိုင်းမှောင် ရွှေလှိုင်း သာခေါင် ရပ်ကလေး။ ။သင်းသင်းဝေဝေ၊ တပေါင်းထူးထွေ၊ ထပ်ကာဆင် လေတည့် ထပ်ကာဆင်၊ ဆန်း အဆန်း ကြိုင်ကြိုင်လန်း လန်းလန်းရှင်။ ။

**အထူးမှတ်ရန်။** ။ငင်းနတ်ကို မဟေသရကျမ်းများက မြင်းဖြူရှင်နတ်ဟု ဆိုသည်။

## ၂၀။ မယ်တော်ရွှေစကားနတ်

ဂင်းနတ်မှာ တီးချင်းစာကိုယ်ကိုမပြ၊ တလိုင်းသံကို တီးရမည်ဟူ၍သာ ဆိုသည်။ ။

## ၂၁။ မောင်ပိုးတူနတ်

တက်ခဲ့ပ တက်ခဲ့ပ တက်ပါလေ တက်ခဲ့၊ ရွှေတူ နားတောင်းဖြူ၊ ရွှေတူဝန်နှင့် တက်ခဲ့လေ၊ရွှေတူဝန်နှင့် တက်ခဲ့လေ၊ချစ်တဲ့သူလေတည့် ချစ်တဲ့သူ။ ။

**နောက်အပိုဒ်မှာ။** ။အသူ့ဝန်တင်၊ မိုးကျပ်ပြင်ကို နှင်လိမ့်မယ်၊ မိုးကျပ်ပြင်ကို နှင်လိမ့်မယ်၊ ဝန်တင်လည်းဆိုး နွားလည်းဆိုး၊ အသူ့ဝန်တင် မိုးကျပ်ပြင်ကို နှင်လိမ့်မယ်၊ မိုးကျပ်ပြင်ကို နှင်လိမ့်လော၊ ချစ်တဲ့သူလေတည့် ချစ်တဲ့သူ။ ။

**အထူးမှတ်ရန်။** ။ဂင်းနတ်ကို ကုန်သည်များ ရှိသေပသ တင်မြှောက်ကြသည်။

## ၂၂။ ယွန်းဘုရင်နတ်

အာကာညိုညို ပြာပြာမှိုင်း မိုးရွာလာ၊ ညိုညိုပြာပြာ ခြိမ့်ခြိမ့်သဲသဲ၊ နှဲနှဲဆော်ကာ။ ။(**နောက်-ယွန်းထုပ်မြှောက်ချင်း**)။ ။ရွှေမြေလေနန်းအောင်ချာ၊ ပျော်ဖွယ်သာများလှလေ။ ။(**နောက် - ဆေးတံ ထိုးချင်းမှာ**)။ ။ ဆေးတံနှင့်ယွန်းမင်း ယွန်းမင်း ရှင်ယွန်းမင်း၊ ယွန်းမင်း ဘယ့်နှယ်တက်လိမ့်မယ်၊ ယွန်းမင်းဘယ့်နှယ်တက်လိမ့်မယ်လေ။ ။

## ၂၃။ မောင်မင်းဖြူနတ်

မောင်မင်းဖြူ မောင်မင်းဖြူ အင်းနား မောင်မင်းဖြူ၊ မောင်မင်းဖြူ လူကလေး၊ ဖေါ့သဇင်ခက်ကယ်ကို နားကချွတ်လို့ပေး၊ မောင်မင်းဖြူငယ်လေ၊ လေးကျွန်းစကြာလည်ချည့်လေး၊ ၂။ ။

## ၂၄။ မန္တလေးဘိုးတော်နတ်

ဘုန်းတန်းထွန်းတောဇာ ဖြာအဖြာရောင်လင်းပါလို့၊ မင်းမင်းထိပ်ခေါင်ဗွေ။ ။(အပြန်ပြန်) နောက်တျာယိုင်ကိုတီး။

**တီးချင်းမှာ။** ။အရှေ့မှာတူရှု ဘိုးတော်ဂူ၊ ပျဉ်းဖြူပွင့်သည့် လှိုင်စွလေ၊ ပျဉ်းဖြူပန်းကြွယ်၊ ဂူတည့်သာ ဂူတော်ဝယ်၊ ခါးလွယ် ခါးလွယ် ခါးလွယ် ရောင်ချက်၊ ခါးပင် ခါးရိုး နက်ကယ်နှင့်လေး၊ ပျဉ်းခက်ကိုချိုင် လှိုင်စွလေ ။ ပျဉ်းခက်သာမကျ၊ ခါးလွယ်ပါလဲ ကျပါလို့လေ၊ မွေးဖလက်မှိုင်၊ ပျဉ်းပင်ထက် ကယ်မှာ ပျဉ်းခက်ကယ် လှိုင်စွလေ။ ။

## ၂၅။ ရွှေဖျဉ်းနောင်တော်နတ်

ပြည်ပြည်မင်းတို့ ခွန်သွင်းကာ၊ ဒေဝါမိုးက ဖြိုးအောင်ရွာ ကြေညာငြိမ်း လှလေး။ ။

အသင်းအသင်း လှိုင်ပါခြင်းမှာ၊ တောင်ပြုန်းရွာ သာလှလေ၊ တောင်ပြုန်းမြေပြင် ကျပ်မြေပြင်၊ နှမ်း လူး ပြောင်းကြဲ၊ပေါက်လဲပွင့်ခါ လူးပြောင်းရွာ သာစွလေ။ ။ရွာတောင်ပြုန်း ရွှေငယ်တွင် သပြေပင်၊ သပြေပင်၊ ညွန့်ရှင်ခက် သေး ဖြာချည့်လေး။ ။

ယုန်ပေါင် ယုန်ပေါင် မင်းလက်ဆောင်၊ ယုန်ပေါင် ယုန်ပေါင်တကိုက် သေပင် သေတကျိုက် ကယ်နှင့်လေ၊ အလိုက်ကယ် မင်းညီနောင် ပျော်ချည့်လေ၊ အလိုက်ကယ်မင်းညီနောင် ပျော်ချည့်လေး။ ။

## ၂၆။ ရွှေဖျဉ်းညီတော်နတ်

လူပျို မောင်ထွေး × လူ ပျို မောင် ထွေး၊ လာလာပင် သာစွလေး × မောင်မင်းထွေးငယ် မလာ မလာ၊ လေး ငါး ခြေက်ရက် ကြာ၊ အိပ်ရာသင်ဖြူး မွှေးမွှေး သင်းသင်း၊တဗိုင်းဗိုင်း၊ ကျွန့်မောင်ထွေး သူတထူးနှင့် ပျော်မြူးချည့် လေး(၄)။ ။သုံးချက်တီးကျော် အချိန်အချိန်သော်၊ မောင်မင်းထွေး ကြွလာဆီ ကိုယ် တော်ချည့်လေ × မောင်မင်းထွေး လာချေပြီ၊ သက္ကလတ်ကယ် ခြေနင်းနီ× ညနေဝင် ရီတရော၊ တို့မှာ - လုံမလေးငယ်ကို ခေါင်းမြီးခြုံလို့ ပြော × ရီတရော ငယ်ကို လေးကျွန်းစကြာ ဝင်ချည့်လေ × လူပျိုမောင်ထွေး လေးကျွန်းစကြာ လည်ချည့်လေး။ ×။

(ဤကား ရှေးဟောင်းတီးချင်းများပေတည်း။)

**ထို့နောက် လွန်ခဲ့သော အနှစ် ခုနစ်ဆယ်လောက်က နောက်ဆရာများ စီကုံးကြသော တောင်းပြုန်းနတ်ချင်းတို့မှာ တဖက်ပါအတိုင်းဖြစ်၏။ ။**

စီစီတဲ့ ရီရီ ရွှေပြုန်းဆို ပွဲတော်ကြီး နိုးပြန်ခဲ့ပြီ × ပျိုလေးတို့နှင်းဆီ၊ မင်းညီနောင်လှေကလေးနဲ့၊ ဆီးကြိုလှဲ့လေး၊×၊ ၉

တက်ပြင်တဲ့ရွက်ပြင်၊ ရွှေပြုန်းဆိုရွာအနောက်က ချောင်းပေါက်ကိုဝင်× မိုးသက်ကယ် လေဆင်၊ ပြန်ခင်မယ်ထင်ဘူး၊ ပျိုတို့မောင် နှစ်ကိုယ်ထူး - လောင်း ညိုကလူး၊×၊၉။

ဘယ်စီစီ ညာစီစီ ရွှေပြုန်းထက်ကိုချီ × ညနေရီ ဆိတ်စီကျွန်မ၊ တိတ် တိတ်ခလေး ဖူးချင်လှလို့၊ မဖူးရပါလို့ ရွှေပြုန်းဖက်ကငို × နေညိုညို ရွှေကိုယ် ညိုနွဲ့ ပျိုတို့မောင် ယက်ကကျွမ်းကို လွမ်းလှချေရဲ့၊×၉။

ရွှေပြုန်း ရွှေပြုန်းမြို့ပင် တမြို့လုံးငယ်နှင့်လေ× ရွှေပြုန်းစည်တဲ့ရွာ သာ လွန်းလှလေး×သပြေပင် သပြေပင် ရွှေပြုန်း သပြေပင် × သပြေပင် ညွန့်ရှင်ခက် သေး၊ ဖြာချည့်လေး၊×၊၉။

သပြေပန်းကိုလှ လက်လှမ်းတဲ့ကိုင်ကာ၊ မင်းညီနောင် ပန်၍သွားလျှင် နားပြည့်အောင်ပါ × တောင်ပုပ္ပါးရယ်က မယ်ဘုရားသည်းချာငယ်၊ ယဥ်ပါဘိ ကြော့ရှင်း၊ ပုဆိုးပန်းနီလွင်နှင့် ဖေါင်းကြယ်ပြင် ရွှေရောင်ပွမှာ ထုံးမြိတ် စ,ကွင်း၊ ×၊၉။

တရုပ်ပြည်ဂန္ဓာရ ချီကြပါစို့ ဗိုလ်မျှားဘောင် ပွဲရ,ညီနောင် × ခန့်တိုင်း ရယ်အောင်၊ ကျိုးတော်ဆောင်မှန်ဆုံး၊ နှစ်ချုပ်ကယ်အုတ်မြေနှင့် လူ ပြေမှာအသေ ရှုံး၊ ပွဲရ,တောင်ပြုန်း၊၉။

အုတ် နှစ်ချပ်ကယ်နဲ့ ဓါးသတ်ကတဲ့ ခံရတယ်၊ တို့ညီနောင် နှစ်ကိုယ် ထဲမှ ဝမ်းနဲလှတယ် × တို့ကိုငယ်လွယ် မွေးမယ်မယ် မြင်လှဲ၊ ဖ, ကုလား ငယ်နှင့် ပုပ္ပါးတောင်ခြေရင်းကို ဆင်းလို့ကြိုလှဲ၊×၉။

နော်ရထာ ရွှေကြိမ်လုံးနဲ့၊ သုံးချက်ဆင့် ရိုက်ကာခေါ်၊ တို့ညီနောင် ဖေါင်တော်ဦးမှာ ဒူးတုပ်လျှက်ပေါ်၊ ပုံတောင်ငယ်ဆော် မြဲသော်ခိုင်စွ၊ နော်ရထာစံပျော်တဲ့၊ ရွှေဖေါင်တော် - မစုန်ရအောင် ဆွဲစို့ညီလှ။

အပြစ်တော် ဒဏ်မပေးသင့်ပါဘူး၊ တွေးထောက်ဆ မြော် သင့်တယ်၊ ကျွန်နှစ်ယောက်မှာလ - လွန်လောက်အောင် ဘယ်ဂုဏ်ကိုးနိုင်ပ၊ မျိုးသာကိ နွယ်၊×၊ ခန့်လိုက်တိုင်းကိုတဲ့ ပွဲတိုင်းပ,အောင်ခဲ့တယ်၊ ဘယ်ဝယ်ပ,ရှုံမစိုး၊ မျှား ဗိုလ်ထုလယ် × ဖြတ်ပိုင်းကာ ယူလွယ်လို့၊ ကျွန်နှစ်သွယ်မသေသင့်ပါဘူး၊ လောင်း မင့်းနေမျိုး ×။

ကျော်စဉ်ကို ပိုင်သနားခဲ့ပ ဖ,ဖွား ရွှေဂံရှင်၊ နှစ်ပါးညီနောင်တို့ မျှော်တော်ယောင် နှစ်ကောင်ကြွက်မှာ၊ ပေါင်းဖက်မမြင် × သည်ဖြစ်လားကို လှ စဉ်းစားလို့ ဖ,နန်းရှင်ငယ်၊ ကြင်နာပ ါ့ဘုရား၊ တောင်ပြုန်း ကျော်စဉ်၌ နယ် တခွင်အကုန်သိမ့်အောင်၊ ဘုန်းမိန့်တော့လား၊ ×[၄]။

ရွာပျော်တောင်ပြုန်း အရှေ့ဆီမှာ-တခေါ် နှစ်ခေါ်ခြားပါလို့၊ ဘုရား လုံးညီ၊ ရွှေတဲ့ရွှေစေတီ × ညနေရီ၊ တို့ညီနောင်ဗလီခတ်ချိန် တန်ချည့်လေ×[၄]။

အရှေ့ဖက်တခွင်၊ ကျော်စဉ်တလွှား၊ ယုန်ပင်ကို ချည်ထောင်ပါတယ်၊ အုန်းပင်ရကွင်းငါး × ကြက်သားမတန် ဆူချက်ပြင်းလေဟန် × တောင်သမန် မှာလေ ဖျဉ်းအိုးသစ်၊ အနားသုံးဆစ် ရစ်ပါလို့လေး × သခင်သစ်ကယ်ကျို ချို လွန်းလှလေ × သခင်သစ်ကယ်ကျို ချိုလွန်းလှလေး ×[၂]။

ရွှေပြုန်းက ပန်းခွါညို မွှေးလှတယ်ဆို၊ ပန်စေလို လောင်းညို လှေက လေးနဲ့ ကူးပို့လဲ့လေး၊ ရွှေပြုန်းကလူငယ်လေ စွေစောင်းစောင်း၊ ဆိုးချည့်ရဲ့ သက်နှံငယ် မင်းကြံလို့ပေါင်း၊ ၊ရွှေပြုန်းကိုသွားမယ်လို့ လှံသွား သုံးတောင် ပြောင်လောက်အောင်သွေး × ကျောက်ပျဉ်ကြီးငယ်နှင့် မှန်ဘီးကိုယူခဲ့ပ ါ၊ ညိုနွဲ့ ငယ်လေး။

မရှက်ဘူးလား၊ မကြောက်ဘူးလား၊ သောက်ခေါင်ကြူးတဲ့ မင်းညီနောင်၊ ရွှေပြုန်းသူမျှား မောင်၊ ရှက်တတ်ရင် သောက်ပါရိုးလား ကြောက်တတ်ရင် သောက်ပါရိုးလား ပုဆိုးစွန်တောင် သက်တံ့သွေးနဲ့ ဘိုးတော်ကြီး့မြေး။ ။

---

## ၂၇။ မင်းသားမောင်ရှင်နတ်

မောင်ရှင်သစ်ကယ်လာ သာစွလေ၊ မောင်ရှင် သစ်ကယ်လာ သာစွ လေး။ ။

---

## ၂၈။ ထီးဖြူဆောင်းနတ်

အရှေ့မှာမဲမဲ ရှင်ပင်ရှင်ဒန့်ကွဲ၊ ဝသဲးကိုးရုံ ကျုံကိုးရုံဝါးပင်ရင်း ဝါးရွက် ကိုခင်း၊ ကြက်ကင်ငယ် ဘယ်သူတင်ပ ါ့မယ်။ ။အမြီးမျှားလျား တောတဲ့ တော ကြောင်ပါး၊ ကြောင်ပါး ဘယ်သူနှင်ပ ါ့မယ်၊ ကြောင်ပါးဘယ်သူနှင်နှင်လေ၊ အလည်လွန်စွ တောတဲ့ တောကြက်ဖငယ်လေ၊ တောတဲ့ တောကြက်ဖ၊ ကြက် တဲ့ကြက်ဖ,နီတည့်၊ နီညိုညိုတည့်လေ၊ ကြက်တဲ့ ကြက်ဖ,နီတည့် နီညိုညို။

## ၂၉။ ထီးဖြူဆောင်းမှယ်တော်

ဂှင်းမှာ တီးချင်းစာကိုယ်ကိုမပြ၊ တလိုင်းချက်နှင့် အထက် မယ်တော် ရွှေစကားနတ်ကဲ့သို့ တီးရသည်ဟုဆိုသည်။

---

## ၃၀။ ပရိမ္မရှင်မင်းခေါင်နတ်

မင်းခေါင်သခင် ရွှေလေးကြော့ရှင်၊ တင်တင်သာ တင်သေးသည်၊ ဆွဲ သေးသမို့လား။ (အပြန်ပြန်တီး)

---

## ၃၁။ မင်းစည်သူနတ်

ပုဂံ ပုဂံ စိုးယူ၊ စကြာရတော်မူ၊ မင်းတဲ့မင်းစည်သူ- မင်းစည်သူ ပျော်စံ စား တောင်ညာကျွန်းဖျား၊ လှေမျှားညွှတ်တွား၊ ဖေါင်တော်ပါးငယ်မှ၊ မြူးကာ ပျံ့ချည့်လေ။ ။

---

## ၃၂။ မင်းကျော်စွာနတ်

မြောင်းတူး မြောင်းတူး မြောင်းတူးရွာ၊ မြောင်းတူးရွာသာမော စိန်ပင် အရက်တော x ထန်းရေပေါတဲ့ မြောင်းတူးရွာငယ်မှာ၊ ပျော်ချည့်လေး၊x၊၄ တစက်နှစ်စက် ပေါင်းပင်ပေါင်းက ထွက်ပါလို့လေး၊ ရွှေအရက်ကယ်ထုံ ရေထုံ ရေကောင်းလှချည့်လေး၊x၊ တထုပ် နှစ်ထုပ် ကျောက်ခေါင်းပုဇွန်ထုပ်ကယ်နှင့် လေး၊ တထုပ်ကယ်ရပြန်လျှင် ညှပ်ကလေးနဲ့ကင်၊ စိန်ပင်စိန်ပင်၊ တကျိုက်တ ကျိုက် သင်းပင် သင်းတကိုက် ကယ်နှင့်လေး၊ အလိုက်ကယ် မောင်မင်းကျော် ပျော် ပျော် ပျော်ချည့်လေx၄၊ ကြက်ကလေးငယ် ဆူပါလွန်း၊ ဝက်တဲ့ဝက်သား ပြွမ်း x၊ ဝက်သားပြွမ်းနှင့် အရက်သောက်ချိန်တန်ချည့်လေ x၊ သောက်ပါလို့ လာ ဖျာမှာအလူး၊ မင်းကျော်စွာတို့ရွှေကိုယ်ဦးx၊ ထန်းရေဗူးကိုတဲ့ နောက်က လွယ် မင်းကျော်စွာနှင့် တူလိုလဲ့။x။

**ဂှင်းနောက်ကြက်တိုက်ချင်း။** ။အင်းနားနေ ရေကြည် သောက်တဲ့ ဖေါင်းကလေး၊ နံနက်ကို ရေနွေး၊ညရေး၊ မောင်ကျော်စွာမွေးသည့် ဖေါင်း ကလေး။ ။(ဤကား ရှေးဟောင်းတီးချင်းပေတည်း။)

**နောက် ဆရာများ ရေးသားသော ပုခန်းမင်းကျော်စွာနတ်ချင်းမှာ အောက်ပါအတိုင်းဖြစ်၏။**

ပုခန်း ပုခန်း ဖယ်ကယ်မှာ၊ ဆယ်ပယ် ကိုးပယ်ပြောင်းပါလို့၊ မြောင်းတဲ့ မြောင်းတူးရွာX၊ မြောင်းတူးရွာသာမော-ဘိန်းပင် အရက်ပေါ X၊ အရက်ပေါ တဲ့မြောင်းတူးရွာ သာလွန်းလှလေး။X။

ကောက်ကလိမ် ကောက်ကလိမ်၊ ကောက်တဲ့ကောက်ကလိမ်၊ ကောက် ကလိန်၊ ကလိန်လစ်၊ ချင်းတွင်းချင်းတွင်းမြစ်ကယ်နှင့်လေ X၊ ချင်းတွင်းမြစ်ကယ် နှင့် မြောင်းတူးရွာ၊ သာလွန်းလှလေ X၊ ချင်းတွင်း မြစ်ကယ်နှင့် မြောင်းတူးရွာ သာလွန်းလှလေး။ ။

မြောင်းတူးကိုရှောက်ပါလို့၊ ပိတောက်ရွှေဂူနီ သင်းပြန့်ခဲ့ပြီ X၊ ညနေ ဆီ နွယ်နီသောင်စွန်း၊ ကိုကြီးကျော် ပလီလွန်း ဘိန်းစိုက်တဲ့ကျွန်း။ ။

မနိုင်တဲ့-တနိုင်၊ ကိုကြီးကျော် ငယ်ကချစ် ကွမ်းအစ်တော်ကိုင် မနိုင်လို့ ကျကွဲ၊ ကိုကြီးကျော် ငယ်ကချစ်မို့ ဆိုဖြစ်နိုင်ဘဲ။ ။

သောက်လိုက်လျှင်ဖြူ သည်းအူက ဆွေး၊ ဦးစွန်းဖုတ် ကယ်နှင့် တရုပ် ငရွှေကြူတို၊ ပေါင်းယူတဲ့ချွေး။ ။

---

## ၃၃။ မြောက်ဖက်ရှင်မနတ်

ထူးထွေ မူးခွေခွေ ပန်းငွေလဲ့မှာ၊ ဖြေနိုင်ခဲလွမ်းဖွယ်အင်၊ မှိုင်းတဲ့မှိုင်း ညိုလွင်၊ ရွာချင်လွန်းလှလေး။ ။

---

## ၃၄။ အနော်ရက်မိဖုရားနတ်

ဝါပင်ဝါသီး ကောက်ချည့်လေ၊ ဝါသီးကောက်ရာ မြင်းစိုင်းလာ၊ အသူ လေမှုန်း၊ မင်းကျော်စွာငယ် ပျိုငယ်ကျွမ်း၊ ချစ်တဲ့သူလေတည့် ချစ်တဲ့သူ။ ။
ဗိုင်းငင်ရှင်မ တတ်ပါစ-ရက်ကန်းရှင်မ တတ်ပါစ။ ။နော်ရက်အယိုင်တီး။ ။

## ၃၅။ ရှင်ကုန်းနတ်

ကုန်းကုန်းငယ်၊ ကုန်းငယ်၊ ကုန်းငယ် ရှင်မကုန်း။ ။

---

## ၃၆။ ရှင်ကွနတ်

ကွကွငယ် ကွငယ်၊ ကွကွငယ် ရှင်မကွ။ ။

---

## ၃၇။ ရှင်နဲမိနတ်

သနားစရာ ချစ်စရာ၊ တကိုယ်လုံး ရွှေကုံးဆင်လို့လာ၊ ခြေမှာ လက်မှာ ရှုပ ါလို့မငြီး၊ ခေါင်းပူခြေကျင်းကြီး၊ ရွှေပုတီးငယ်တထောင် ပြည့်အောင်ဆင် ချည့်လေ၊ ၊ရွှေပုတီးငယ် တထောင်ပြည့်အောင် ဆင်ချည့်လေး။ ။

၃၇-မင်းတီးချင်းများပြီး၏။

---

# မျောက်မင်းအူသံနှင့် တျာယိုင် ပတ်ယိုင်

## ၁။ မျောက်မင်းအူသံ

အိုပင် အိုကံ ဆိုးပင်သာ ဆိုးလှလှေး၊ လုံမကလေးရယ်လေ - မောင့်ကို မသနား၊ ပစ်တဲ့ ပစ်ခွါ သွားပါလို့လေ၊ မိုးမင်းဘယ်တော့မှ သောက်ပါမနေ်၊ ပန်းဘဲ ဘယ်တော့မှ ခေါက်ပါမနေ်၊အိုရွှေလိပ်ပြာညို ပျံကာသွား၊ဟိုမှာ သည်မှာနား၊ ကြာဆံကို စားပါလို့၊ ရေပေါ်မှာ သွားပါလို့ မောင်မင်းကြိုက်တော်မူလေတည့်မှု၊ မောင်မင်းကြိုက်တော်မူ။ ။ (ဤသို့လည်း အစချီကြသည်။)

### တနည်း

ဟောမဝန္တာတောတည့် တောခန်းဝါ၊ လုံမကလေး မောင့်ကို မသနား ပစ်တဲ့ ပစ်ခွါ သွားပါလို့လေ၊ မိုးမင်းဘယ်တော့မှ သောက်ပါမနေ်၊ ပန်းဘဲ ဘယ်တော့မှ ခေါက်ပါမနေ်၊ ငါ့လက်ကိုမချိုး ငါ့ခြေကို ချိုးပါလို့လေး၊ မိုးမင်း ဘယ်တော့မှ သောက်ပါမနေ်၊ ပန်းဘဲ ဘယ်တော့မှ ခေါက်ပါမနေ်။ ။ (ဟူ၍လည်း အချီဆိုသည်။)

### တနည်း

အိုပင် အိုကံ၊ ညဥ့်ယံ သာလို့ကဲတော့တယ်၊ မောင့်ခြေယ်လေ ကျိုးကျိုး၊ မောင်လက်ကယ်လေကျိုးကျိုး၊ မိုးမင်းဘယ်တော့ သောက်ပါမယ်၊ ပန်းဘဲ ဘယ်တော့ခေါက်ပါမယ်၊ ၊ဘလုံပ်ငှက်က စီစီ၊ ရောင်နီလာ ချင်းချင်း၊ မိုးပင်သာ မိုးသောက်လင်းပါလို့လေး၊ ရှင်ရင်းကြွချိန် တန်လေ တန်ချည့်လေ၊ ရှင်ရင်းကြွချိန် တန်လေ တန်ချည့်လေး။ ။

အရွှေအရွှေ ပါးငယ်မှာ ဘုရားငယ်လေသုံးဆူ တည်တဲ့ တည်တော်မူ၊ တဆူလေ တဆူလေ တဆူပေါင်းလဲ၊ တန်းခိုး တန်းခိုးကဲပါလို့လေ၊ ကိုယ်တော်စား သင်ပုတ်ကယ်တင်တင် - တင်ချည့်လေး၊ စားတဲ့ စားတော် ဦးငယ်မှာ၊ ငလူးငယ်လေ ပါပါစလား၊ အိုငလူးလေ မပါလျှင်၊ လားလားမှ မစားချင်၊ ထိပ်ခေါင်တင်ငယ်မှ ကိုယ်တော်စား၊ ကျွန်မ - ကျွန်မ မယ့်ကိုယ်စား၊ ကိုယ်တော်စား သင်ပုတ်ကယ်လေ တင်တဲ့ တင်ချည့်လေ့။ ၂။

## ၂။ မျောက်မင်းအူသံ

သောက်တဲ့ သောက်ရေအိုးငယ်မှာ၊ မွေးမျိုးငယ်လေ ပါပါစ့လား၊ မွေးမျိုးငယ်မပါရင်၊ လားလားမှမသောက်ချင်၊ ထိပ်ခေါင်တင် ကိုယ်တော်စား၊ ကျွန်မ ကျွန်မ မယ့်ကိုယ်စား၊ သင်ပုတ်ကာယ်လေ တင် တင် တင်ချည့်လေး၊ သင်ပုတ်ကာယ်လေ တင်တင်တင်ချည့်လေ။ ။

ဝတ်တဲ့ ဝတ်ပုဆိုးငယ်မှာ၊ ပိုးမျိုးငယ်လေ ပါပါစ့လား၊ ပိုးမျိုးငယ်လေ မပါလျှင် လားလားမှ မဝတ်ချင်၊ ထိပ်ခေါင်တင်ငယ် ကိုယ်တော်စား၊ကိုယ်တော်စား၊ သင်ပုတ်ကာယ်လေ တင်တဲ့ တင်ချည့်လေ။ ။

**မှတ်ချက်။** ။ငှင်းကို မျောက်မင်းအူသံ နံနက်ချင်းခေါ်သည်။ အောက်ပိုဒ်မှာကာ မျောက်မင်းအူသံ နောက်ပိုဒ်ဖြစ်သည်။ ၎င်းကို လိုက်သံဘူ၍လည်း ခေါ်သည်။

ရှင်သေမင်းငယ်တို့၊ ကိုယ်ချင်းတဲ့မစာ၊ ဗိုလ်ပါလေ ဆင်မြင်းနှင့်၊ စစ်ခင်းလို့မဘိုက်ရလေပါ၊ မယ့်မျက်ရေငယ်လေ စီးသွယ်ကျဆင်း၊ ရွှေတညင်းနှင့် မသဂြိုဟ်ရာ တောဝကန္တာ × ဖိုကျင့်ထိုးလို့ ပြုရိုးပါ၊ သံဆန်ခါနှင့် ပြာတော်ကျအောင် သင်္ဂြိုဟ်ရဘဲ ×၊ ။အယူတော်လွဲပါနှင့်၊ သေမြဲငယ်ခမ္မတာ၊ အလိုကွယ်သည်တရား၊ ရွှေသားနှင့်ရှိလျက်ပါ ×၊ ။မြတ်မဟာငယ်လေ ရွှေနန်းရိုး၊ ဗျိုင်းတောင်ရွှမ်းလို့၊ လွှတ်ကွန်း ခြယ်စီမံ မှူးမတ်ပေါင်းရုံ ×၊ ရွှေတလားနှင့် မြသားခံ၊ဖလ်မှန်ခြယ်တဲ့ ကတ္တီအုံးမှာ၊ ရွှေးမန္တာတ်ထိုး×၊ရွှေဘုန်း ရွှေဘုန်းနေမရှင်၊ ရွှေရှင် ရွှေရင်တုန်လှိုက်ပန်း၊ မြိုင်လမ်း နတ်ရွှာစံလေတည့်မှ မြိုင်လမ်းနတ်ရွာစံ။ (ဤသည်ကားတမျိုးတည်း)

---

## ၃။ မျောက်မင်းအူသံ

ရှင်သေမင်း၊ လူချင်းရယ်တဲ့မဟုတ်ပါ၊ ဗိုလ်ပါဆင်မြင်းနှင့် စစ်ခင်းလို့ မတိုက်ရလေပါ၊ အယူတော် မလွဲပါနှင့်၊ သေမြဲငယ် ဓမ္မတာ၊ အလိုကွယ် ဉာဉ်တရား ရွှေသားနှင့်ရှိလျက်ပါ။ ။အလောင်းစင်ကြာကလပ်ကယ်နှင့်၊ ပြာသာဒ်ကလေးရယ်တဲ့သုံးဆောင်ပေါ်၊ မြန်းရှာတော့နော်။ ။

အိုတလားမှာတဲ့၊ ရွှေပြောင်ပြောင်၊ ပျို့မောင်ကြီးငယ် ယဉ်ယဉ်စီးစေဖို့၊ ခုံကြီးရယ်ရွှေမြင်းဘောင်၊ တူမောင်မယ်နှစ်ပါး၊ သံဃာတော်များရယ်နှင့် တရားတော်နာရအောင်။ ။ရေစက်ကယ်ဘဲ့ ချချိန်တော်၊ ပျို့မောင်ကြီး ကုသိုလ်ရအောင်လို့၊ အမျှရယ်ဝေပါ့မနော်။ ။

ပျို့မောင်ကြီးရယ်တဲ့ ရှင်မယ်ဆို၊ တရွာကို တဆရာပြောင်းပါလို့၊ ပျို့ငယ်ပေါင်းကိုတဲ့မကုလိုက်ရလေ၊ ပြဲချော့ကျမ်းနှင့် ခေတ်ကျမ်းတွေ၊ မန်ကျည်းဖျော်ရည်ဆီထမင်းငယ်နှင့်၊ ရင်အပူကင်းအောင်လို့၊ လဲ့လဲ့ဝင်းကို မကုလိုက်ရလေ။ ။

တို့မလေးက စိတ်မကြေ၊ ရွာစားရယ်မောင်မောင်တို့ရယ်၊ ကာလလက်ခြားပေငဲ့-လက်ဖျားမှာ ပွေလှတယ်၊ သေသူမှာ ကွာဝေး၊ ရှင်သူမှာဆွေးအောင်လို့၊ ဆရာကလေးမောင်တို့ရယ်။ ။

တလားမှာတဲ့ ဝေါယာဉ်ပျံ စိန်ကိုးရစ်ခံ၊ ပုံတောင်းရယ် ဖြူဗိတာန်နှင့်နရားပျံရွှေတလားမှာ၊ ပျံသွားမည့်ဟန်။ ။

တလားမှာတဲ့နာရဏီ၊ စိန်ကိုးရစ်စီ၊ ယပ်မား ဖြူနီနီနှင့်၊ ဆွဲဒါလီ စိန်တကုံးငယ်၊ သွားအုန်းတော့နော်။ ။

မောင်သေရင် မြေမဖို့ပါနှင့်၊ မီးရှို့လို့သင်္ဂြိုဟ်ပါ ထုံးစံရှိရာ၊ ပြာပုံမှာလိပ်ပြာတော် ကိုယ်စား၊ ဘုရားစေတီတယ်လို့ ကိုးကွယ်တော့လား။ ။

အို ဘယ်ဘုရားမှာတဲ့ ဆွမ်းတော်တင်၊ ဘယ်ပလ္လင်မှာ၊ ညောင်ရေလောင်းပါလို့၊ ပျိုတို့မောင် ငယ်ကပေါင်းကို၊ အောင်းမေ့လှတယ်။ ။

အို တဝဲကလေးရယ်တဲ့ တလယ်လယ်၊ ရေပေါ်မှာပျံတဲ့ငှက်လို၊ နားခက်လှတယ်။ ။

အို တကျူးကလေးရယ်တဲ့၊ တကြော်ကြော်၊ မယ်ခေါင်းပေါ်မှာလှ တစ်တီတူးရယ်၊ ဖြစ်ပြီဘူးလို့သူ ကရော်။ ။

ပျို့မောင်ကြီးကွယ် မင့်အလောင်းကိုလှ၊ မကောင်းဘူးရယ်လို့ ဆိုကြတယ်၊ ရွှေနန်းသာနှစ်ပင်ကြားမှာ၊ ထားခဲ့တော့မယ်။ ။

အိုဘယ့်နှယ်ပစ်ရပါ့ ငယ်ချစ်ကယ်၊ ချေ့သမင်ပြောင်ဆင့်ကျားငယ်၊ စားကုန်လိမ့်မယ်။ ။

**မှတ်ချက်။** ။ဤကား ဆိုင်းဆရာများ တီးမှတ်ကြသော မျောက်မင်းအူသံချင်းတည်း၊ မှတ်သားလိုသူများအတွက် ထည့်သွင်းဖော်ပြလိုက်သည်။

## ခုနစ်သံချီတွင် ဆိုင်းများတီးမှုတ်ကြသော

## တျာ–ယိုင်

(၁) ရွှေနန်းကြော့စံယံမှာ မတ်ရံကျွန်ရင်း၊ တောင်ဇမ္ဗူ နောင်စိုးမဲ့မင်း၊ တောင်ဒဝယ်ဆောင်တွင်း၊ သတင်းတဲ့ကြေညာ၊ ရေးတော်ပိုင် စာချွန်ပါကို လေ-၂၊ ဉာဏ်တန်ဆောင် ထွန်းပေမည့်၊ မော်ကွန်း ကြီးသုခမိန်၊ ဖက်ပြိုင်သူ ကွာဝေးလို့လေး။

(၂) ရွှေကျိုးညိုငယ်လေး၊ တောင်ကိုသာပျံသွား၊ မြင်ပါလိုက်ကဲ့လား၊ ကျွန်တော်မ ငါးကိုလ ချီသွားပြန်သလေ၊ လားလားမှ စိတ်မကျေ၊ ပျံရှာလေအုန်းးတော့ ရွှေကျိုးညိုရယ်၊ အတောင်ညောင်းခါမှလေး။ ။

(၃) ရွှေကြိုးကြာငယ်လေ၊ အာကာကို ပျံသွား၊ ကြင်ဖေါ်နှင့်ကွဲရော့ သလား၊ အာကာကိုပျံသွား သနားစရာ၊ ကောင်ချင်းကောင်ချင်း ဖေါ်မပါ၊ ဝဲကာသာ ပျံကာသာမြူးလို့၊ ပျို့ခေါင်းပေါ်မှာလေ၊ အတောင်ညောင်းရှာ လိမ့်လေး။

(၄) ကြက်တူရွှေး ကြက်တူရွှေး၊ မညိမ်းတုတ်ကယ် ငယ်ငယ်ကမွေး၊ ကြက်တူရွှေး အာခေါင်နီ၊ ကွမ်းကလပ်ကို ချီ၊ မချီပါနဲ့ ကိုကြက်တော၊ ကျွန်တော်မ ဆံထုံးပေါ်မှာ၊ ကက်ကက်ကယ် မြည်ပါလို့ပြော၊ ရွှေကျေးကုလား၊ မောင်က လူလိုလေမှုတဲ့၊ ၂။

(၅) မဆီမဆိုင်၊ ပန်းလှိုင်မြစ်ကြီး ဗူးပင် ခရမ်း ဝင်လို့သီး၊ အရင်လင်ကြီးမြင်းစီးကောင်းတယ်၊ အောင်တပ်ကိုတဲ့လိုက်မယ်၊ အလယ်လင်-ချစ်ခင်လေသနား၊ ကျောင်းမှာလေ ရှင်ပြုလို့ထား၊ နောက်ဆုံး လင်ကလေး၊ ဆေးပေးမီးယူ အိုအောင်ပေါင်းမယ့်လူ၊ ဘော်တွင်း ငွေယူ သွားနေကျလူ၊ ဖေါင်းဝတ်ဖြူ ငွေလေးနဲ့၊ ဆီးကြိုလှဲလေး။

(၆) ထိပ်ခေါင်တင်-ထိပ်ခေါင်တင်၊ ပိဿာလေးနှင့် ဘေး လွယ်ကာတင်၊ ထိပ်ခေါင်တင် တင်ငယ်လေ၊သခင်တပိုင်း၊ ကျွန်တော်မ ကျွန်မလင်တပိုင်း၊ အိုလူတိုင်းကြိုက်တယ်ကို၊ လုံမကလေး လူတိုင်းကြိုက်တယ်ကို။

(၇) ဒီပါရုံ ဒီပါရုံ၊ စကိုင်းဒီပါရုံ၊ ဒီပါရုံငယ်လေ ထီးတော်ဖျား၊ ရေ့ငှက်ကြီး နံ့ပြီစုတ်ကယ် ဝင်လို့နား၊ လေးသမားနှင့် မြှားသမား၊ မြင်ပြန်လျှင်တဲ့ မြင်ပြန်ရင်၊ အုတ်ကြိုအုတ်ကြား၊ အုတ်ချပ်ကြား၊ ဝင်လေဝင်လေ၊ ဝင်လေ

တည့်မဆိုင်း၊ ဒီပါရုံကိုလေလေ၊ အိုရွှေကိုင်းဒီပါရုံ၊ စကိုင်း စကိုင်း စကိုင်းဒီပါ ရုံကိုလေလေ။

(၈) အောက်ကယ်က အောက်က တကြော်ကြော်၊ တောက်ရိုက်လို့ ခေါ်၊ လေးခင်မောင်နှင့် မပျက်လား၊ ဟိုနှယ် သည်နှယ် မဖျက်လား၊ လုံလုံမ ကလေးတို့ ချစ်တဲ့မောင်၊ ရေငုံခိုက်ကယ်နှင့်၊ ကွမ်းပုံခိုက်ကယ်နှင့်၊ လုံမကလေး ကြိုက်ကယ်ကို၊ ၂။

(၉) မညိမ်းဇံရယ်လေ ဟေဟေလား၊ မညိမ်းဇံရယ်လေတဲ့မှ ဟေဟေ လားလား၊ ၊ မညိမ်းဇံ တဖက် - ပန်းတလက်ကယ်နှင့် ရွှေစာ၊ လေတဲ့သာ လေပြေလာ၊ မညိမ်းဇံရယ်လေ ဟေဟေလား၊ မညိမ်းဇံတဲ့ ဟေဟေလား။

(၁၀) ကိုကြီးရောက်ကယ်- ကိုကြီးရောက်ကယ်၊ အကွယ့် သမီးချောလှ တယ်၊ လူတိုင်းပြောကြတယ်၊ တောင်သမန်မှာ ဖျဉ်းအိုးကွဲ၊ လင်လင်လေ လင် ချင်းလဲ၊ လင်ချင်းတူမှ-ယူပါ့မယ်၊ နှင့်လင်ရှုနာသယ်၊ ရှုနာသယ်မှ ဟုတ်ပါဘဲ နှင့်လင် မုတ္တစွဲ ဟေဟေ လားလား။

(၁၁) ရွှေနန်းတော်သူပျို့ဖြူပြာထွား၊ အိုချောလေနိုင်မျှလား၊ ရွှေတော် ရွှေတော် များငယ်နှင့်၊ စကားရှင်မြူး အဆန်းထူး၊ ပန်းဥယျာဉ်တော် ငယ်၂။ စမွယ်ဆီရော နှင်းဆီရော၊ မွှေးပေါင်းကြိုင်လို့ လှိုင်တယ် ကိုလေ၊ သုတ် သွင်း ဆော်လေပြေ၊ ဟီးလေဟို ယိုမြနန်း၊ နန်းသူစီးတဲ့ဒန်း၊ တတွန် ထွန်လိုက် လို့၊ တထွန်တထွန်မဟေ၊ တထွေပေါက် ကျောက်စိတ်လောမြေမရှိရ၊ နှမတလဲ မောင်တလဲ ကြိုးကိုကြိုးကို ဆွဲပါလို့ လွဲကာယူ၂။ ဘယ်သူ ဘယ်စီးပါတဲ့၊ ဟီလေ ဟိုယိုလား ယိုဟီးလေး ယို လာ ယိုလေလေ။

ဇမ္ဗူရွှေလှော်ကုံးနှင့်လေး၊ အတူစံပျော် တုန်းပလေး၊ မြနန်းထောင် တည်သာ ကြည်ပျံ့မွှေး တောင်တော် မန္တလေး၊ တရေးရေးငယ်နှင့် ဝပ်တွေး ရယ်ညွတ်ပျောင်း၊ ခဝပ်ညောင်းလို့ ဘုန်းကောင်း ဝေဆာဆာ လေတည့်မှ၊ ထီးဆောင်းမင်းတရာ၊ သာယာယဉ်မျိုးကျူး သာယာယဉ်မျိုးကျူး၊ အထူး ထူး ငယ်နှင့်၊ ဘုန်းမှူးငယ်ဆင်လာ၊ စကြာတည့်ဆက်လာ၊ ထံတော်ပါးမှာလှ၊ သွား ၍သာကြည်၊ ဖူးရောက်ကြသကိုလေ၊ ဝပြောငယ်စည်သလေ၊ ဘယ်သိမှီပါ့၊ စိန် တသီငယ်လေ၊ မိုးလယ်လှောက်ကြီး။

## ပတ်ယိုင်

ရွှေဘုန်းတော်ထွန်းပါလို့၊ နေဝန်းတည့်ပေါ်၊ နိုင်ငံတော် ပြည်ရေးက သာလှသလေး။ ။ရွှေဘုန်းတော်ရောင် နေလိုတောက်ပါလို့၊ ရွှေစက်အောက်မှာတဲ့ ကျွန်တတွေ၊ မိုးသံ လေသံနှင့် နတ်ရေကန်သာမောလို့၊ ဝပြောပါပေ၊ မင်းပေါင်းခ,ပါတဲ့ ပြည်တော်ရွှေ၊ မြရေကြည်ကြာအင်းလို မွေးပါဘိခြင်း။

တောင်ထိပ် ပေါ်မှာ နွယ်ချိုနွှော့ပါလို့၊ ဥဩတွန်တဲ့ လ – ရာသီ၊ တပေါင်းလရယ်တဲ့ ပွဲတော်မှီ၊ သရဖီနှင့် ကံ့ကော်ပန်း၊ မွေးစွယ်တော် ယဉ်မဆုံးတယ် သုံးတော်ရပန်း။ ။ဘုန်းတော်ကြောင့် ပေါပါလို့ ချော့ရာကိုယူ၊ ပျိုဖြူသာဝင်း ငြင်းသာမှငြင်း။ ။

ရွှေကျီးညိုပြာ ဝဲတဲ့လို့လာ၊ ပျိုမောင်တော်လာမယ့်ရေး၊ ဆီးကြိုပလေး။ ပျိုလေးကြိုလှဲ့လို့ မှာခဲ့သလေး၊ ကြိုလှဲ့ပ ရောင်ကြီးဖွေ၊ လမ်းအိုလို့ လေး။ ။ဂန္ဓာမာ တောင်နန်း၊ နတ်ပန်း ရွှေမဥ္ဇူ၊ သင်းပျံ့ပျံ့ကြူ၊ လေယူရာ ကြိုင်သင်း မွေးပါဘိခြင်း။ ။

မကြိုလာ လူပျိုမောင်ထွေး စက်ပါရေ့လေး၊ ရွှေလမင်းတဲ့၊ စောင်းထောင်ထောင်၊ ပျိုတို့မောင် လာဝံ့ရိုးလား၊ ကျရွှေမိုးမှောင်။ ။သလောက်တဲ့ ကျမိုးမှောင်ကို၊ မရှောင်ပါနဲ့ မောင်ရဲ့လေး၊ ပျိုတို့မောင် ပြန်လှူထဲ့မယ်၊ မင်းလာခဲ့လေး။ ။

**မှတ်ချက်။** ။၎င်းပတ်သိုင်သည် ဇာတ် ရုပ်သေးများတွင် ပွဲမထွက်မီ ခုနစ်သံချီတွင် ဆိုင်းဆရာများတီးမှုတ်ကြသည်။

# ယိုးဒယားသီချင်းများ

ကြိုးဘွဲ့ သီချင်းခံ ပတ်ပျိုးတို့ကိုပြပြီး၍ ယခုအခါ (စောင်း)၌ ပုလဲ ညှိထားသော အသံတွင် သီဆိုရသော ယိုးဒယား အမျိုးမျိုးတို့ကို အောက်၌ ဖေါ်ပြဦးအံ့။

### ၁။ ပြင်စည်မင်းသားရေး - ယိုးဒယားဖိန်းချွားကြီး

ပန်းမြိုင်လယ်၊ သာဖွယ်ဘွေ့ မျှော်လေ့တိုင်း၊ပြာခြေဆိုင်း ဝေမှိုင်း မြူမှုန် ခြယ်၊ အိုဘယ်ဝယ် - တောင်စွယ်မော်ရုံကြော၊ လွန်သာမောဘွဲ့ တောစုံယံမှာ၊ ရွှေလျှံဝင်းမှည့် ထုံမှုန်ခြွေ၊ ရိဝေပြာပြာ လွှမ်းဖွယ်စေ ×၊ လေပြေဆော် လာ ဟေမန် တွင်း၊ ထုံစီမာလာ ဂန္ဓာ သင်းဝှန်၊ ယဉ်ရေကင်း ငယ်ရှင်းကြည် သွန် × သီလာဘွေကွန်း ညဲ့ာမြေစွန် × မြရောင်ဖြာဆင်း ကန်သာမွှန်။ ၂ မျှော် × ဆွေးဖို့ဖန်လွှယ်၊ ရေးခုကြုံ တယ်ညွန်၊ ပင်တိုင်-မြနန်းစံ ဆွေးရန် ငယ်သာ၊ မြင်တော်ဖန်လာဏ္ဍာ ×၊ သီတာ ဖြူပြာမှုရာလဲ့လို့ ခုဝယ်ကြုံတော့ ဘယ်ရွှေကံ၊ အိုလေဆိုယောင် ငိုယောင်ကြီးငယ်နှင့်သာ ညည်းမိ ခါဖန်ဖန်၊ ကြွာ × နန်းမယ်မှန်းရွှယ်၊ ပန်းတယ် ပူဗျာဝန်၊ ဖြေညွှန်ခွေ ယိမ်းပျောင်း၊ သောင်းမြေပြန့်ရုံဝေယန်သိင်္ဂါရွှေဘုံ ×၊ တောင်ယံနယ်ကြော၊ မြိုင်လယ်စုံ-ခိုင် ရွှေညွှာကြော၊ မာလာမှုံ၊ (ညွင်းလေသွေးငယ်သင်းချိုင်းဖွယ်၊ ဆင်းရွှေသွေး ငယ်၊ မွေးကြိုင်ထုံ၊ သင်းပျံ့ကြူခိုင်ပန်းရွှေမဥ္ဇူ၊ နွဲ့မူရာ-ဂန္ဓာလွန်သာပုံ၊ ဟေ ဝန်မြိုင်သီတာ ဆီးကာမြောင်ကွေ့၊ ယင်ဘောင် လယ်ဝယ် - ခြယ်ရုံလွှမ်းဖို့ဖန် လှာကြုံ၊၂×)ဘုံရွှေနန်းလယ် သည်ဝယ်ကွာနယ် ဆွေးရန်ကြံမှိုင်းတွေးပြန်၊ ပူဝန် ပန်းဖွယ်၊ သည်မယ်၊ ညှိုးတယ်ဝင့်ဖန် ဆိုယောင်မှားကာ၊ ဝေး-သူ့ရပ်နယ်မြေ၊ စကြာ-စုံရွှေမြန်း(ရှိန်ဖြာ၊ ကိန္နာပြည်တိုင်းခန်း၊ ကြို့ညိုသည်ဘုံ စံကွန်းနန်း ၂) ဖြန့်မြန်းညီနောင်လေး × စွန်-တောင် - ကိုင် - ရွှေ - လေး၊ ရိပ်ဝင်ငယ်လေး ခိုကြောင်းရေး၊ ပျော်ယောင်သာစက်မွေး၊ ဆွေးဖွယ်ကိုပင် သုကျိတ်မျှော်ရှု ဆင်ခြင်×၊ (ညီနောင်မူရာသူသာမြင်၊ သည်တွင်ရွှေဘွင်လွန်လိုက်လဲ့၂၊)ပူလောင် ကြည်ကွဲ(ဆိုယောင်ဆည်လဲ၊ သည်သဲပြေဘဲအောင်သာ၊ သွယ်ဖြာငွေနှင်း၊ မျက် ရေကျဆင်း၊ ရင်တွင်းဝယ်မှာ၊ ရာမင်းငယ်သာ၊ စက်ခါပျော်ဘဲနိုး ၂)× မြင် သော် ညွှန်တော် ရွှေလက်ညှိုး × ဝပ်လျှိုးမျောက်မှန် - ကြောက်ရွံ့ကြက်သီး နို့း။ ။

## ၎င်းအဆက်။ ယိုးဒယားဘာသာဖြင့် ဘယက်လည်ဆွဲခေါ်သည်

စုံ-ဆယ်-ဖြာ၊ ပန်ထွာ ဦးတင်၊ ဖူးမြင် သက်လွှတ်ကြောင်း၊ ထံတော်ပေါင်း၊ သောင်းလုံးရွှေပိုင်၊ ရာမင်းဦးကိုင်၊ ဘုန်းညွန့်လှိုင်၊ ပြည်ကိန္နာ၊ နန်းမြိုင်သည်မှာ၊ ဗာလီသူမင်းမူ၊ ပူဗျာဘယ်မငြိမ်း၊ သိမ်းယူငယ်သာ၊ ဖေါကွာမယ်သုဘတ္တာ ×၊ သည်မှာ-တောင်ညာခိုမှီရာ၊ သီလာမြိုင်သာ၊ ကြို့ညိုနန်း ဖြန့်မြန်းခုဝယ်၊ (နေနှယ် ရွှေဘုန်း-ပြိုင်နှုန်း လက်ရုံးတေဇာ၊ စကြာတော်ရင်း၊ ဆက်လှာခွန်သွင်း၊ သက်နှင်းပန်ထွာ၊ ကြောင်းလျားငယ်ကုန်စင် ရှိဦးထား[၂]) (ရွှေနားဆင်ပါ-တင်ကာပန်လျှောက်ကြား [၂])။ ။

---

## ၎င်းအဆက်-ဖိန်းချင်း

ညာနန်းနတ်ကယ်သွင်၊ လေယာဉ်ပျံ တိမ်ယံတောင်စွယ်၊ မိုးလယ်ဝေယန်ဖျား × မြသား စုံမြိုင်ညို၊ သိန်းဃိုရှင်တင် ယူဆောင်သာ မျှော်ကာမြင်မိမှား၊ တ-ဆိုင့်သံသားငယ်ကိုသာ၊ ကြားရခါဖန်ဖန်-အိုက်ခံရွှေဖူးစာငယ်နှယ်၊ ကြုံတယ်ဘယ်ရှေး ဝဋ်တို့လှယ်၊ ခုသည်ဝယ်၊ ဆည်ဖွယ်ကြံရွယ် ပူနယ် ပိုအင် သက်ပင်ကြွေလုသဲ၊ မြင်တော်လာဘဲ ငယ်နှင့်သာ ကွဲကြေပူဗျာပုံ၊ မှော်ရုံဂူနန်းစံတော်ရာ၊ မျှော်ကာမြင်သေး ဆိုယောင်သား ငယ်အောင်ကို၊ ဆည်နိုင်အောင်ကို၊ လွှမ်းဝှန်ထပ်ပို၊ ဆွေးညွတ်ပြို၊ (မြရေညိုပင်လယ်သီဟိုဠ်-လေ နန်းဝေယန် ဗိမာန်တောင်စွယ်ခို၊ အာကာယံဘုံလယ်ဝေမို၊ ငွေနှင်းစိုစို- ကြည်ကွဲရန်ဖို့ကို [၂])။ ။အိုဘုန်းမြင်တော်မူလှဲ့အနှုန်း၊ ကြောင့်ကြောင့်ဆုံးငယ် ရွှေကေရှင်၊ သော်တာ-လနန်းငွေတိမ်စင်၊ ကြေးမုံပြင် သွင်မြသား၊×၊ တ,ယောင်-ဘုန်းမောင်ရွှေကိုယ်သာ၊ ဟေဝန်ဖျား မြိုင်သီလာ၊ တောင်ယံတောနယ်၊ သာမောဖွယ်စေ- ယဉ်ရေသွယ်သွယ်ဖြာ၊ သီတာ-ဖီလာ ဆီးကာသန်း၊ ရွှေကိုယ်-သည်ဝယ်- ပူနယ်ပန်းအောင် မယ့်မောင်ဗျာဝန်ပိုမို၊ ဆိုငိုမြိုင်ယောင် သည်းခေါင်ကြွေလုံပန်း။ ။

---

## ၂။ မှူင်ခန်း

အို-ကြာရုံနန်းသူမယ်၊ တာရာမှူး တိမ်ဦး တိမ်ဦး ရွှေလနှယ်၊ ပန်းပြုန့်ဗွေလယ်၊ ကြိုင်လှိုင်သင်းသင်းမွှေး-တ,လဲ ဆည်လဲ ဖြေနိုင်ဖွယ်။ ။သာရေးအိုဘယ်ခါ စုံခန်း-နန်းပြည်ရွှာ၊ ရော်ကာရမ်းလို့၊ လှမ်းနိုင်ရှာ၊ တွေးကာ တွေးကာသာမှူင်၊ တံ့စားဆည်မပိုင်။ ။

## ၃။ မှိုင်း

မှကြုံနိုင်၊ မှော်ရုံမြိုင်တော - တောင်စွယ်၊ မောင်မော့ဖွယ်၊ မှိုင်ငေး ယောင်ဆွေးလေ ပူဗျာကြွယ်၊ ဘုန်းကြေ့ာနတ်ကယ် မှော်ရုံမြိုင်လယ်-ဘယ်ဝယ်-စံသည့်ခင်း၊ မဖေးဖွယ်-ဆွေးတယ် - မောင့်ဖြစ်အင်၊ မဖေးဖွယ် ဆွေးတယ်မောင့် ဖြစ်အင်၊×၊ သည်တောဝဲ တောဝမှော်ရုံခွင်၊ တွေ့နိုး တွေ့နိုး မောင်မထင်၊ မှိုင်ငေး လေးညိုရင်။ ။သည်တွင်ကြို့ပင် ရိပ်ဝေဆာ၊ ညီခင် ရင်ခွင် လက်ပေါ်မှာ-သာ မွေးစက်သောခါ။×၊ သည်တွင်ခါ၊ သူမြင်ရှာ ရွှေဘွင်မှာ၊ လွန်ကြင်နာ၊ သည်လိုသာ၊ ညီအစ်ကိုဆိုတာ၊ ကြင်နာကြင်နာ်ပါဘဲ၊ စိတ်ထဲကဝမ်းနဲ့ သုကျိတ် ကြုံ၊ ဘုန်းမော်လောင်းတော်ရာမ - လက္ခဏတွင်ခေါ် ညီတော်ထိပ်ပန်၊ အိုလေ ဟိုမှာ နန်းကိုယူဆောင် ဗာလီမိုက်ကယ် ကိုက်၍ လွှတ်လိုက်ပြန်၊×၊ ကျမျက် ရေ ထွေထွေရာရာ စီးသနွှင့်သာ၊ သုကျိတ်ငိုသည့်တာ၊ မြတ်လောင်းတော်-ဖုန်း မော် ရာမ နိုးပါလို့ စိတ်တော်ဆိုးသည့်ခါ၊ လေးစကြာနှင့် ခွင်းမည့်ကြံ ညီတော် လျှောက်တောင်းပန်။ ။

---

## ၄။ မှိုင်း - တမျိုး

မှုန်မပြေ၊ သဲရွှေဘွင်ကျွမ်းမျှ-လွမ်းရန်လေ၊ ဖြေလဲ မောင်မပြေ၊ သဥ္ဇာ ညောင်ကွန်းမှာ ဆောင်ယှန်းဘေ့ ×၊ မဟေညာစံ၊ ဘယ်ကံဖန်သည့် ဆိုယောင် မှား၊ ငိုယောင်မှား၊ ဖူးစာနတ်မျှား၊ ဖန်အားလေတယ် × အို ဘယ်ဝယ် ရှေးလေဝဋ်တုံ့လှယ်၊×၊ သက်လယ် ဖုန်းခင်ကြောင့် ဆွေး၊ ရတက်ကြွယ် ခင်း ကြုံရသေး × ကြင်ရာ ခင်လေး ပုံဝေးကွာ - သံသရာဝဲ မြဲမမှုတာ၊ သခ်ါရေ-ဟော ပြ - တို့သူငါ၊×၊ စိတ်သာပြေကြောင်း နွဲ့နေ့ာင်းမှာ၊ ရိပ်ငူညောင်စောင်း ကံ ဟောင်းသာ၊ အကြောင်းကံ ပေါင်းရန်ကဝေး၊ မနေ့ညာဏ် - ဘောကြံဆတွေး၊ ကြင်ရာခင်လေးငယ်ကြောင့်၊ ပူဆွေးဗျာပို၊ မောင့် ရွှေရင် စုံတီးပါလို့ငို။ ။

---

## ၅။ ယိုးဒယား ဖိန်းချားကလေး

ပန်းဟောဝန်၊ ခုနစ်ခွေ - မျှော်လေယောင်၊ ညိုပြာရီမှောင်၊ တိမ်တောင် နီလာသွေး၊ ဆွေးဖွယ်၊ သွယ်သွယ်ထွေလာနွှော၊ ရေယဉ်ကြော ငွေသောင်ယံမှာ၊ မောင်နှံ့လွမ်းလို့ ကျွမ်းကြွေပြန်၊ ဖြေလဲ ဖြေဘဲ မှော်ရုံမြေ × ထွေထွေကြုံလာ မြလိုက်နန်း၊ စိန်ဆောင် - ရွှေတောင် - ငွေရောင်သန်း၊ စာမရီလမ်း မြိုင်တန်း သာ × သည်မှာ ဟိုမှာ- ငွေခွာကြိုင်နံ့ဖြာ၊ သည်မှာကုန်ဆန်း၊ တမ်းဆိုယောင်၊

မြောက်တောင် ဘယ်ဆီမှန်း၊ ရွှေသန်းညာမယ်၊ ပျော်ဖွယ်ဟောဝန် - ဂန္ဓာမြိုင်တွင်း၊ ကြိုင်သင်းလေ ဂေါ်ရွှေဖီ၊ စိမ်းကြည်ဖြာသွန်၊ အိုင်မှန် မဏ္ဍာခင်း၊ ယိုဆင်းတွေတွေ စီးကျပြွန်အိုင်ရေ၊ ကြာထွေငါးမျိုး၊ ဝပ်လျှိုးဝတ်ဆံ၊ စုံမြိုင်ယံမောင်နှံခြိမ့်အုန်း၊ ရွှေပိတုန်း၊ ယူသုံးစားရှာ၊ တမာ ရွှေကြက်ခတာ၊ ညသြမြည်သံ၊ မြိုင်ယံပြည်စိုး၊ ရွှေဖိုးလေခေါင်ငှက်တော်၊ တွန်ကြော်ငြာကြေး တွန် ကြော်ငြာကြေး၊ ခွံ့နွေးလေးယူလို့ လူလိုဟန်၊ စုံမြိုင်ယံ၊ ဘာသာ ဘာသာ မြူးတယ်၊ ဘာသာဘာသာမြူးတယ်။ ။

## ၆။ ယိုးဒယားဘာသာ - ခမိန်

တောတောင်စွယ် × သာနယ်ထွေထွေထူး× ပန်းစုံငယ်လေ ငုံကင်း မာလာဖူး၊ သင်းပျံ့ကြိုင်လှိုင် - ရွှေခိုင်၊ မြိုင်ယံစုံခွင် မင်းလွင်တိမ်ခိုးမြူး၊×၊ကျူးညံ့စာစာ၊ သာရကာ ဖေါ်ရှာကြေး၊ ဘာသာငယ်လေ တွန်ကြ သူဝကျေး၊ ကြင်ရေး သွယ်သွယ် လူနှယ် - ပျူငှါလှယ်ဝေ၊ ပျံကူးသိုက်မြုံဗွေ၊ ယဉ်ရွှေစံမြန်း၊ ပင်နန်းငယ် သာနယ်ဗွေ၊ တိမ်ခြေ - တောင်စွယ်တန်း၊ စမ်းသွယ်သွယ်ခွေ - စီးကျယဉ်ရေ × လေပြေ ဆော်လာသွေး၊ ထုံစီ မာလာမွှေး၊ မြသွေးကြည်စွာ၊ ရေသီတာ - သွယ်ဖြာဆင်း၊ တောင် တောင်မင်း ခင်းသာယာ × မြောင်ဖီလာ - ကန္တာစုံခြေလမ်း၊ အိုဘယ်ဝယ်၊ ဆည်သွယ် ရည်ရွယ်မှန်း၊ စံခန်းကွာနယ် ×၊ ပူတယ်လေ ဆယ်နေကဲ၊ ဖြေမပြေဘဲ သဲဝယ်ဖို ×[၃] (ညိုပျိုကာ ဆိုငို မိုင်ယောင်လွမ်းနှောင်တောင်ရွှေဆိုင်[၂]) ကြံမှိုင် ကြံမှိုင် ကြံမှိုင်ဆွေးဗျာအင် × ရွှေမင်ငယ်ဆေး×ဘယ်နတ်ကယ်လေ-ဖန်လာရေး×၊ ရွှေ ရွှေဖူးစာငယ် ကံ၊ ဆော်စီမံယွင်း၊ ရေကင်း၊ နေနှင့်ကြာ × နေနှင့်ကြာ ခွေယိုင်ကာညှိုး၊ နတ်မိုးဆွေဏ္ဍန္ဒာ၊ မြင်ဘဲခုသာ၊ ဝေယန်ညာ လေးသူ့ ဘုန်းမိုမို၊ ရွှေကိုယ်တော်၊ ရေးသိရင်း၊ မြော်တင်းဖန်ဆင်း၊ မောင်မယ် - ပူဝန်ပြင်း၊ မြူခြေငွေနှင်း လေသွင်းဆော်လို့ချီ၊ (ရီရီပြာပြာ ညိုမှောင်တောင်ခိုး ခြယ်လှယ်အုံ၊လွမ်းပုံသွယ်သွယ် ဖြေတယ်ပြေတော့နိုင်တွေးမှိုင် ဗွေဆိုင် ဟောဝန်နန်းမြိုင်)[၃]။

## ၇။ ယိုးဒယား (ကျောက်ကောက်) ငုစ်

မှိုင်းမှုန်ပြာညို၊ ရီမှောင်ဝေ၊ မြူတိမ် ခြေသွင်း၊ ငွေနှင်း ဆော်ထွေ၊ ပျံ့ပျံ့ငယ်လှိုင် ဗွေဆိုင်၊ ပန်းစုံငယ်- ဟောဝန်မြိုင်၊×၊ ထုံဂန္ဓာကြော့ မာလာခိုင်၊ လွမ်းမပြေနိုင်၊ ခွေယိုင်သာဟန်ထူး၊ မင်းလွင်တိမ်ခိုးမြူး၊ တောတောင်ယံ သာဆန်း

ထူး × စုံနယ်ဗွေကာ၊ ယဉ်ရေသွန်၊ စိမ်းကြည်ဝှန်အိုင်မွန် *မဏ္ဍာခင်း၊ သင်းကြူ ကြိုင်ပန်းဖူး ငှက်ပေါင်းမြူး၊ ဖေါ်စုံမောင်မယ်ကပျော်ဖွယ်သာရွှေကျေးတမာ၊ သာရကာ ခေါက်ရှာမယ်လျှစော၊လွှမ်းပိုအောင် ရွှေညသြ×၊ရေကြာကြွယ်သည့် ကန်လယ်မှာ၊ထူးတဲ့မူရာ၊အိုမြူးတဲ့ပျူငှါ၊ မျှားစွာ၊ ဆန်းထွေသာ*ရေမဏ္ဍာ၊ ရေကြာကြွယ်တည့် ကန်လယ်မှာ၊ ထူးတဲ့မူရာ၊အိုမြူးတယ်ပျူငှါ၊မျှားစွာတူဘာသာ၊ စုံဟေမာ တောကြီး တောင်ယံနယ်၊ရဂုံလယ် ×၊ မျှော်လေလေ လွှမ်းဖို့ကျွမ်းရန် ကြွယ်×၊ သည်ရာသီဝယ်[၃])ဒွါရာမယ် တိုင်းကြီးကြံတော်ရှယ်၊ရွှေဥာဏ်ခြယ်၊သာ ရွှေမြေ နန်းမြင့်တောင်ယံစွယ်×၊ ပြန်ရွှေစာနှယ်[၂]။ ။

---

### ၇။ ယိုးဒယားကြေးသွား

ခိုင် ပန်း စုံ၊ မှုံမာလာ၊ ပင်သိင်္ဂါ သင်းပျံ့ ကြိုင် လှိုင် မွှေး၊ လေပြေဆော် လာ မြိုင်လုံးသွေး×။ သာရကာ မောင်မယ်ဖိုကျေး။ ရင့်ကြွေးငယ် ညံစာစာ။ သီတာမြောင်၊ ရေတောင်ဖီလာ - ဆီးကာသွယ်ဖြာဝန်း၊ သာနယ်ခါ ရှယ် မျှော်တယ် ပူဖွယ်ထွေထွေလွှမ်း၊ မိုင်ကာရွှေဘွင် ဖန်ရှယ်၊ ပူနဲ့ကြုံလာသည်မှာ၊ ခွေမူးပျောင်း၊ နွဲ့နှောင်းငယ်၊ သောင်းရွှေညာ၊ ကန္တာလယ်၊ စုံယံသာနယ်ဦး၊ ထူးသာဟန်၊ ပန်းမာလ်ဝေဆာမြူး × အိုလေကြည်နူးဖွဲ့စေ၊ လဲ့ကြူးရယ် မူးမဲ့ဆွေ၊ လွှမ်းထွေထွေ ကြုံစေဖန်ရှယ်၊ နယ်ကယ် မြင်ဘဲနွေး × ။ ဝေယန်သိင်္ဂါ ရွှေလျှံထိန်ပြာ၊ ဣန္ဒာဖန်ဖွယ်ရေး × ရေဝေးငယ်၊ ရွှေကြာနှယ်၊ ဘုန်းမယ် သာ၊ ကိုးရာ သည်ဝယ်ကြောင်း၊ ဆယ်ခိုင် သွယ်ပြိုင် ရှိုစုံပေါင်း၊ ခုံးပေါလွှယ်၊ သွယ်သွယ် သာနယ် ပုံကွာလျှမ်း ဆန်းရန်ခြယ် - ဆည်လဲပြေနိုင်ဖွယ်။

နောက် (သီတာမြောင်) ပြန်ကောက်၊ နောက် (လွှမ်းထွေထွေ) ပြန် ကောက်၍ (ခုံးပေါကွယ်)ကို သုံးခါချ။

---

### ၈။ ပြင်စည်မင်းသားရေး - ယိုးဒယားဘာသာခေါ် - ထနောက်

တောမြိုင်ခြေလမ်း ရဂုံသာဘွေ လေး၊ တောင်ရေစမ်း စီးသွယ်ခွေ× ၊ အိုဖေါ် ကွာ ရှာ ရန် ပန်းဖွယ်စေ ×။ ငုံရွှေမာလာ ကြိုင်ကြိုင်မွှေး ×။ ပူ အောင်ငယ်သာ မျှော်ကာ သည်လွှမ်းရေး၊ လေ့ယူရာ၊ မဥ္ဇူမာလာမွှေး။ ။

---

*အထူးမှတ်ရန်။ ။(အိုင်မွန်မဏ္ဍာ) (ရေမဏ္ဍာ) ဟူရာ၌ မဏ္ဍ - သဒ္ဒါ ကြည်လင် ခြင်းကိုဆိုသည်၊ ကြည်လင်သောရေဆိုသည်။

သင်းကြူကြူ မြိုင်ငှုစုံတော မောလေဖွယ်၊ ပန်းမှန်းရည်ရွှယ် × မျှော်ယောင် ခေါ်ယောင်ငယ်၊ ငှက်မောင်မယ် ပျော်ဖွယ် သာရကာကျေး ×။ စုံခြေငယ် လေ ကန်မင်းဖွေး၊ ရွှေပြည်သာ၊ ကွာလှမ်းဝေး×။ ။ ရော်ရမ်းမမြင်ပါ ×။ မြောင်ဖီလာခြား၊ လွမ်းရန်သွယ်သွယ်၊ ထွေးတဲ့ မှုန်ဝေ မြူခြေ တောင်စွယ်ကာ၊ ရှစ်ခွင် မင်းလွင်ရိပြာ၊ ပတ်ဝန်းဗယ်ညာ လေညှင်း လေပြေလာ×။ သင်းသင်း ညှင်းညှင်း ဆင်းဆင်း ငင်းရွှေဝါ၊ထုံဂန္ဓာ တောနှင့် တောင်မြိုင်၊ ရေသီတာအိုင် ကြာမျိုး ငါးမည်လှိုင် ×။ ။ကြိုင်ကြိုင်ငယ်လေ၊ လှိုင်လှိုမွှေး၊ ခွေကာယှိုင် မှိုင်မိသေး ×။ ။ရေး-ရွှေ-ရုပ်-ကယ် ×။ မှော်ရုံမြိုင် ညာပင်တိုင်နန်းမယ်×။ ရှာရန်လမ်းတာ၊ ပန်းကာပိုမို လွမ်းဝှန် ဗျာပါကြွယ်၊ ဘယ်ဝယ် ညာဗယ် မျှော်ယောင်မှန်း၊ နတ်နန်း ရွှေတောင်ဖီလာ၊ အိုင်မှာသီတာ၊ ဆီးကာသွယ်ဖြာ။ ဖေါ်နွှောသက်လယ် - ငှက်ကယ်ပျူငှါ၊ ကြွေးတယ်မူရာ၊ သံသာသံချို လွမ်းပို အောင်ပင်၊ ဆွေးဘွင် လွန်ကြည်ကွဲ။ ။

## ၁၀။ ယိုးဒယားဘာသာခေါ်-မဟိုးသီး

ဝေဇယန္တာ- နန်းဘုံ× မြမန်းလေး ဇေယခုံ×ယမုန်- ငယ်လေ၊ သောင် ငွေကျွန်း၊ မြောင်ဖီလာ သီတာဝန်းရံခွေ × ရွှန်းရွှန်းဝေ × အိုရွှန်းရွှန်းဝေ × မြန်သပြေဘောင်တောင်ကျွန်း × ပျံ့မွှန်းလေး မင်္ဂလာ × ဇေယာငယ်လေ သြ ဘာကြွေး၊ ပဍ္ဍင်တံမြွာ သံသာ ကြူးရင့်ဧး × (သင်းသင်းမွှေး ၂) ဖြဟ္မာငယ် လေမှူး တိမ်ယံဘွေ - လေပြေမြူး၊ အာကာဘောင် မြူမှောင်ချိချိ- တိမ်နီ - မင် မှောင်ဆိုင်း၊ မျှော်လေတိုင်း၊ ရှစ်ခွင်မင်းလွင်၊ တောင်စဉ် တိမ်စွယ်ကာ၊ မာ လာသိင်္ဂါ -တိမ်ဖြာမိလ္လာ၊ လွမ်းဖွယ်သာ × ညှင်းညှင်းညှာ× ညှင်းညှင်းညှာ။

## ၁၁။ ယိုးဒယား

ဖေါ်ကွာဝေးသူမို့- ဆွေးပူရတယ် × မြင်တော် လာစမ်းပါလှဲ့၊ နန်း နေညွှန့်နွယ် × ကန္တာလယ် တောရယ်က၊ သာမောဖွယ် × တိမ်စွယ်ဘုံလယ်-ဝေ ယန်ဖျား၊ အိုသနားငယ် ဖန်တော်သာ မြိုင်ဟေမာ၊ ကူးမိမှား၊ အိုမန်းရွှေညာ ဘယ်ဆီ ဘယ်မှာ လွမ်းဝှန်ဗျာပါ ရေးကပွား၊ မျှား-မျှား ပူလိမ့်သွယ်သွယ်၊ မြိုင်လယ်စုံခြေ၊ သာစွပန်းထွေထွေ×လေ-လေလေ ညွတ်ရာ မွှေးပျံ့သင်း၊ မှုံမှုံမှုံ ရွှေဝတ်ကယ် - ဧးမြညှင်း၊ သိင်္ဂီ - ရောင်ကျေးမင်း သာရကာမယ်၊ သိုက်လယ် ကြွေးကြွေးတဲ့ရင်း× ရေးနွှဲချင်း×ဆွေးဘွယ့်ခင်း။ သုံးရွှေသနင်း×နွှဲမှုမင်း ဆင်း

ရုပ်ဝါ၊ စန်းသော်တာ၊ ထွန်းသို့လင်း။ ။ သည်ရေမြေ နယ်ခပင်း၊ မြိုင်ယံတွင်း၊ ခိုင်စမ္ပာယ်၊ နွဲ့နှိုင်ဆုံး ဖုန်းကြွယ်ကြွယ်၊ ကိုယ်တော်ထဲ၊ သဲကြွေလုဖွယ် (သွေယိမ်း၊ ဖလ်နေရှိမ်း၊ ရွက်ကျင်စိမ်း သဉ္ဇာလယ်၊ စက်လဲငယ် ပျော်နှိုင်ဖွယ်၊ ဖန်ရည်ရွယ်၊ ကူးမိမှား ၂ )× (လှိုင်းရေညိုထဲ၊ လှဆယ်နဲ့ တွဲရငြား၊ ဖန်များရယ် ငိုမိယောင် မျှော်တော်မိမှား၊ သည်မြိုင်ချောင် သဲကြွေ လောင် ကျွမ်းလိမ့်လား ၂ )

---

## ပညာရှိအုပ် ဝက်မစွတ် ဝန်ထောက်မင်း အဝမြို့ စာရေးအဖြစ်ရှိနေစဉ် အဆောင်နိမ့်ူး မောင်တုတ်က တောင်းပန်၍ ရေးသားသော

### ၁၂။ ဖိန်းချားကြီး ပန်းမြိုင်လယ်အလိုက် - မန္တလေးမြို့ဘွဲ့

မန်းညာနွယ်၊ ပျော်ဖွယ်ထွေ - ရေယဉ်ဝိုင်း၊ မျှော်လေတိုင်း ဝိုက်သိုင်းညိုမှောင်လွှင်၊ အိုတောင်စဉ် – ရှစ်ခွင်မြောင်ခွေသန်း၊ မှောင်ခြွေဆန်းတဲ့ – နန်းဝေယန္တာ၊ ရောင်စုံဝင်းဝါ - ထိန်ထိန်ဝေ၊ စိန္တေဗျာ ရွှေခွန်းတော်ဆင် ။× သည်တွင်နှောင်ဖန်ခါရောက်လျှင်၊ သာသနာနေလိုထိန်ဝါဝင်းကြည်၊ လွန်စွာ ထွန်းလိမ့် ခွန်းနူတ်ခြည် × မြလျှံဖြာကွန့် ကန်ရေလည် × အောင်ပင်လယ်နှင့် နန္ဒာမည်။ ။လျံ – ဖြိုးကွန့်နေခြည် မိုးညွန့် - ရွှေပြည်နွယ်၊ ပြိုင်ဆွယ်တနွန်းကွာ၊ သောင်းဒီပါငူ၊ မြန်နယ်မြေချာဇမ္ဗူ × ရှင်လူကြည်ဖူပြည်သူ - ပျော်ဖွယ့်ပြည်တော် တောင်ညွန့်သီလာစွယ်၊ ညိုရွှေမြာ ငွေဖြူရောင် - ဆန်းသည်နှင့်သာ–မန်းမြင့်တောင်သေလာ၊ ဖြာ - ရွှန်းဝေ ထွန်းနေ ကျွန်းမြေလကျါခွင်၊ ဘယ်တွင်စည်ထွန်းလင်း၊ ဝန်းရှိန်ရောင်ဟုန်၊ ရွှေရည်ဖြာ - ရောင် လျှံစုံ × ကြိုင်လှိုင်ကြူတဲ့မလ္လာမှုံ၊ ခိုင်မဉ္ဇူ – နွဲ့စမ္ပာငုံ၊ ဝင်းရွှေဖူးဝယ်၊ ညွှင်းလေဖြူးတယ်၊ သင်းခွေမူးဖွယ် ဉယျာဉ်ဘုံ သင်းပျံ့လှိုင်ထုံဇေး၊ ရွှေရည်ခိုင်က – ဆိုင်တာ မလ္လာဝေညှာရုံ၊ ဘော်ကြူရောင်ရှိန်ဖြာ၊ သိင်္ဂါရောင်သွဲ့ မင်္ဂုရံငွေ၊ လျှံစုံ - ဖွေးလဲ့ ကြည်ကြည်မှုံ ။၂ ။×။

နေရုံနန်းနွယ်သည်ဝယ်၊ ပြိုင်ဆွယ်ယိုးရန်၊ ရောသန်းခြံ၊ ဇေယျုံမန်းနယ်ညာဗယ်၊ ရောင်နွယ်ဝင်းလျှံ – ရွှေတောင်ဘုန်းဖန်၊ နန်း – သုဒသ် ရွှေမြေဝတီဘုံဘွေမှန်း၊ (စိန်စိသိင်္ဂီ မှန်ရွှေနန်း၊ မျက်မြှာယှက်ကာ ခြယ်လှိုသန်း ၂)ဖြာလန်းခြည်ရုံလေ × မြူဟုန် ရှိန်ဝါဝင်း၊ ရှစ်ဆိုင်ဘွေ – ဖြန့်မိုးကျင်း၊ ရာပြည်ထောင် စိုးခြင်း – မင်းရာဇာစုံ - ဆက်သွင်းနှင်းပဏ္ဏာပုံ၊× (သေနင်ညီလာသိဟာဘုံ၊ ရွှေရုံ-ဆွေစုံ ရံ - ခဝန်း ၂) ဘုံဝေယန်ကွန်း၊ (သည်ဒီပါကျွန်းပေါ်ထွန်း၊ မော်ကွန်း

စဉ်ရှည်၊ရာပြည်ထောင်လုံး၊ညွတ်လာရှက်ကျုံး၊စက်ဖုံးနိုပ်ကာ၊ ရွှေဘုန်းတေဇာ-ပတ်ကာခြုံအုပ်စိုး ၂၊) (နေမျိုး၊ ဘုန်းရောင် ကုန်းဘောင်နွယ်ညွန့်ရိုး။ ၂။)

သိန္ဓဝါ = ဇာနည်မိုးပျံ-စိုးစံစမ္ပာယ်ကျင်း၊ ဆဒ္ဒန်မင်း ဝင်းဝေဆိုင်၊ ဖြိုး-ဖြိုး ဖြိုးမြင့်လှိုင်၊ ပြိုင်စွယ်ရောင်ခြောက်မည်ကြည်စွာ၊ ရဇာ-ငွေဆင်းရောင်၊ ရွှေတောင်တူ နွန်းနန်း၊ သန်းရွှေညိုလာ - ဆက်မျိုးစုံ-စကြာ × (ဗိုလ်ပါ ဝေနေ - ကြာရေလန်း၊ သာသနာ-ဖြာဖြာ - ထိန်လို့လျှမ်း ၂)၊ ရှင်ဝမ်းကြည်လင် (ပြည်ခွင်သာဆုံး ခါလုံး၊ ရှာချုန်းရိုက်တုန် အမ္ဗုန်စွေကျိုး၊ ရေစာမညှိုး ဖြိုးဖြိုးမောက်ဝေ - မန်းညာမြေ - ဗိုလ်ခြေ လွန်ချမ်းဧး ၂ ) ဟိုရွေးငွေ့စင် ရေယဉ်သက်ဖူးသေး ၊ ၂ ။

ရပ်ဝေးဂန္ဓာပြည်၊ ရံဖြာလည်၊ မြရည်ညိုရောင် မှိုင်ချောင်ဘွေကဆင်း × မြစ်မင်းရေမဏ္ဍာ သုန်သုန်ဖြာ သီတာယင်ဘောင်၊ ရွှေတောင်ရောက်စေလျှင်း၊ ရှယ်ရည်တော်ရင်းငယ်နှင့်သာ – မင်းမင်း ကေရှက်ငုံ၊ လိုတော်ရှိတိုင်း ကြံတော်ရုံ၊ တေဇာနေ့မီး သမ္ဘာဟုန် - မန်းမြေဘုံ – ဇေယျုံ - ဝေပုလ်စက်စုံ ကွန့်ရန်ယက်သံ ဖြာခဲ့ဆင်း၊ မြလျှံကြည်ရှင်း သည်နှင့်သာ – သင်းကြည်ရွှေဂင်္ဂါ၊နှောင်လျှင် မော်ကွန်းရှည်စိမ့်ငှါ၊ သိင်္ဂီရွှေရေး မင်ဇဝါ၊ မည်သညာ – ရတနာနဒီ ကျူးချီ ဗျာမိန့်ညွန်း (တောင်စကျင် နီလာရောင် ရှင်၊ ထက်ဝန်းကြည်လင်၊ မြောက်ယွန်း ဧသန့်ခွင်။ ၂ ။)

ရှင်ဝမ်း၊ရှင်လူကြည်ဖွဲ့ငြမ်း၊ ပြည်နိဗ္ဗူနန်းကိုတဲ့ ရှယ်ချူဆင်၊စိန္တေ့တူနှန်း စံရှုပ်ရှင်၊ မန်းပြည်ခွင် ဖူးစိမ့်သား ၊×၊ ရွှေဥာဏ် ဝေဖန်ရည်ခံ့ညား၊ ရှယ်တော်ထား ရောက်လွယ်စေ၊ ကြံဆောင်ကြိုးကာ၊မိုးနတ်မယ်ဆွေ၊ နှင်းဆက်ပဏ္ဏာခြွေ၊ ဘုံဘွေ့ရောက်လွယ်စေငယ်ခင်း၊ လျှင်ပြင်း တေဇာကြေညာ၊ နေ့ညွန့် နန်းညာ ရှိပန်ဆင်ကာ၊ ရံဝန်းလည်ရှာ၊ ညွတ်လာဖူးရငြား။ ။

**သဖြန့်**။ ။ရွှေဖဝါးတော်စုံ၊ တင်ရှိမှုံ ဖန်ရည်ရော်လို့၊ ဘုန်းတော်ကိုလှယ်ဝေဘန်ခွင့် မတန်လေအား။ စိုးဝေယန်ရှင်၊ သမုဒ်ပြင် မင်ရည်ကုန်နှင့်၊ ရွှေမေရုံစုတ်ချီလို့၊ မဟီပြင် ရွှေပေလွှာထက်၊ ဆယ်ကမ္ဘာ ရှည်စေဖြန့်တယ်လေး၊ စာသန့်လိမ့်လား။ ။

---

## ၁၃။ စက်လဲပျော်ပါနိုင် - ယိုးဒယားတီးကွက်တမျိုး

ဂိမှာန်နွေဘွဲ့ရာသီ၊ ရှစ်ခွင်တိုင်းမှာ၊ မင်းလှင်ဆိုင်းတယ်၊ မှိုင်းလေပြည်-ဝိုင်းလေးမှုန်ပြာရီ၊ ဘဂ္ဂဏီ ယှဉ်မိယုန်ငွေစန်း၊ ခိုင်ပန်း ခိုင်ပန်းရွှေဖီ၊ မြေဆီခါတ်ပြန်ပတ်လျှံငုံကင်းဖူး၊ သင်းကြူထုံ ဝတ်မှုံပျံ့စွာ၊ ခိုးလျှံဖြာ၊ တောင်ယာ မြေ

ပြင်ကြီး ညို့ညီးညီး၊ ရှို့မီးထိန်ထိန်၊ ဖလ်ရှိန်မောင်း၊ စံအိမ်ပြောင်း၊ ဒေါင်း
စက်ပျံ့ ရည်လျှံမှိန်လဲ့ခမူး၊ (ချိပ်သွေးဆင်လို့ မင်ကူကာ၊ပဇ္ဇုန်ဆော်ဘျူး စည်တံ
မြွာ၊ ဗျူဟာ လျှပ်ပန်းရွှေပွင့်၊ နတ်ဒေဝိန် မေဃိန်ရွာဆွတ်ဖျန်း၊ စုံနယ်
မှန်ကြွယ် ဝေဆာပန်းလေ မြှော်တမ်း–ခေါ်မှန်းလူလို-မဖို့ ကြွေးတယ် ငှက်ကျေး
စုံလင်၊နန်းဟိုပင်-ပျံ့သင်စာခွံ့မြူး၂၊)သိုက်မြုံဦးထွေလာပြေပါနိုင်တော့ဘူး။ ။
(ချိပ်သွေးဆင်လို့ပြန်ကောက်။)

---

## ဆရာဦးပြုံးချိရေးသော-ရွှေတိဂုံစေတီတော်သမိုင်း ပန်းမြိုင်လယ်သို့လိုက်သော

### ၁၄။ ယိုးဒယား ဖိန်းချဲ့းကြီး

မိုး–ဣန္ဒာ၊ တည်လာ-ဖန်၊ စံရွှေနန်း၊ ရံထွေဆန်း ရစ်သန်းရေယဉ်သွယ်၊
ငွေမင်ခြယ်၊ ပြင်ကျယ်ပင်လယ်ကမ်း၊ မြင်ဖွယ်လွမ်းလို့- တမ်းဆိုယောင်ကာ-ဟံ
သာတိုင်းကြီးအောင်ချာမြေ၊ ဝေရီခသွေပြိုကုန်ရာသာမောစွာ ဝတိံသာ–နိမ္မာတူ
ဖွယ်နှုန်း၊ လေးဆူ မွေတော် စံပျော်ဘုန်းပါ၊ တေဇာချူန်းတယ် – ကုန်းမြတ်
စွာ ×၊ တိဂုံသျှင်မြတ်ဖျားစေတီယာ ×၊ ရွှေစာထွင်သမိုင်း တင်တိုင်းသာ × ခါ-
ပိုင်းဖြတ်ညီလေ၊ တိုင်းမြတ်မဇ္ဈိမေ၊ ပြည်–ရွှေ-ကပ္ပိနန်း၊ မြန်းစံတော်မူ၊ သုဒ္ဓေါ
မင်း-မြတ်ရာဇူ၊ × တောင်ညာမာယာ ဒေဝီဖွားမြင်၊ တိုက်တသောင်း ရိုက်
ညောင်း ထိန့်ထိန့်ဆူ၊ သုံးရွာခမ္မာ ရွှေစည်တီးတော်မူမည် ကြီးမြတ်ဗုဒ္ဓဂူ၊ မူ×
များပြားရန်ထွေ–ငါးပါးမာန်ကိုခြွေ၊ အောင်မြေမှန်မြတ်သော၊ ဗောဓိမဏ္ဍိုင်၊
ဝိဇ္ဇာသုံးဆူဉာဏ်ပိုင် ×၊ (မြေအပရာဇဉ် ဦးပလ္လင် ရတနာစိုင်၊ အနေကဇာ ရင့်
ကျူးအစဉ် တဏှာနိုင်၊ နတ်ပြာဟ္မာ အပေါင်း သဟံ၊ အမြတ်ခမ္မာ တောင်းပန်၊
သတ္တာဠှာ-ပြောင်းစံ၊ အပေါင်းဉာဏ်ပိုင်၊ ကျမ်းအဘိခမ္မ – ရွှေဉာဏ်ဆင်ခြင်
ခန်း၊ မြတ်ပဋ္ဌာန်းတွင်၊ လျှပ်ပန်းခြောက်ရောင်ဆိုင်၊ ပြန့်လှိုင်–ဆယ်ဒီသာ၊ ချီကာ
ထိုမှ-စံရှာ၊ ရာဇာရတန်၊ ထူးမြတ်ပင်ရိပ်မြိုင် ၂)။

နိုင်ငံတိုင်းမြတ်ဥက္ကလာ၊ ညီနောင် နှစ်ပါးတို့-ပြည်ဘောင်အခြားကိုသာ၊
ကုန်သည်တဖုဿ-ဘလ္လိကာ၊ မဈ္ဈေခန်းကို ကူးသန်းလည်ရောက်ခါ၊ မင်း-ရုက္ခ
နတ်ရှင်၊ မြင်စေကိုယ်ထင်လျှား၊ (မျှားစွာ-ငါးရာ လှည်းကိုတား၊ မြတ်ဘဂဝါ
ကပ်ကာလှူဖို့ကြွား၂)၊ နှစ်ပါးညီနောင်လေ-ဘုန်း-ခေါင်ခြေတော်ရင်း၊ဒွေးဝါစိ
သရဏဂုံ – ခံလှစ်ယူ–ရှစ်ဆူဆံတော်နှင်း၊ မွေတော်ရင်ရှိရင်း သွင်းဌာပနာ-ကုန်း
တော်မြေသိင်္ဂုတ္တရာ၊×၊ (မြင်မြှော်–သျှင်တော်မိန့်ရွှေဗျာ၊ ပန်ကာပြန်လာရွှေမြို့
ကမ်း ၂) ဗိုလ်ပါပြည့်လျှမ်း၊ (ကြိုကာလှည့်တန်းကြည်ရွှန်းရှိပန်းတုပ်ကာ၊ ဥက္က

လာမင်း နှုတ်ပဋ္ဌာနာခြင်းလွန်မင်းသဒ္ဒါ၊ မျှားသူငါဆူငြာခြိမ့်ခြိမ့်သဲ[၂])×ခြောက်
မည်ရောင်ခြည် ပျံ့ကွန့်ဝဲ× လွန်ကဲတဖန်နော် ဆံတော်ကြိုသည်ပွဲ။ ။စိန္တေယျာ၊
ဗျာရွှေခွန်းငယ်၊ ညွန်းလိုက်သည်ကို ကြည်တင်လျှောက်ကြား၊ မိန့်တော်ချီစွာ
ပိုလ်ပါများ၊ သွားလှည့်ရှာခြေ တောနှင့်တောင် နှံ့လျက်ထွေထွေ၊ ကြွင်းမကျန်
များမြင်သိပေ၊ ဘယ်ဟာကို ကုန်းမြတ် သိဂ်ုတ်ဘေ့၊ ကေန်မှန်သိသူ၊ လူတွင်ဘယ်
ရှိအုန်း၊ ချုန်းချင့်ချင် ညီနောင်ဆွေးပူကြလျှင် ×၊ (ဝတီံသာ·စိန်ကမ္ဗလာဏ္ဏာ
ရှင်၊ ရှုမြင်လူ့ခွင်မြန်းကြွမေး [၂])၊ ရှည်ကြာဘိဝေး၊ (မည်မှာရှိသေး ညှိတွေးသိ
ရေးခက်စွာ၊ ဤခါမြော်တင်း၊ ဝေယန်သနင်း၊ လျှင်ပြင်းတေဇာ၊ သက်ရှည်ကြာ၊
ကမ္ဘာတည်နတ်များ [၂])၊ လျှင်လျှား၊ ခုသာ၊ စုလာရောက်စေသား။ ။ပြန်
တမ်းရွှေဗျာဆင်၊ မနေသာပင်၊ သံလျှင်ဏ္ဏကာ-နှိမ်ကာရှိပန်တွား ×၊ သည်း
ကြားရှံကာဖို၊ မော်ဘီဆို၊ နတ်အိုဆူးလေ ရောက်ပေ ဝင်ခစား ×၊ ထက်ဘုံစိ
သိကြားငယ် ကသာ၊ ကြားစေမိန့်တော်သံ၊ သုံးဆူမြတ်ဖျားမွေတော်စံ၊ မြတ်
သိဂ်ုတ်ထီးရွှေတောင်ယံ ငယ်ဘယ်မှာ-ညွန်ပါနိုင်လျှင်၊ သိချင်တော့သည်၊ မြွက်
ကြည်ဖေါ်ထုတ်မေး၊ ရောက်လာစုဝေးကြလေတာ၊ များတို့ ဒေဝတာ၊ တွေဝေ
ကြံတွေးနေစဉ်ခါ၊ ဆူးလေနတ်ကြီးသည်သာ ကြားလျှောက်တင်ကာ၊ ရှည်စွာ
ယာခင်ဖြစ်အင်ထိုထို၊ ညွန်းပြဆို၊ ထက်ဘုံပိုင်မင်းနှင့် ညီအစ်ကို၊ ပြည်လုံးလူဗိုလ်
ရှင်မြှူး လွန်နှစ်လို၊ မြတ်သီလာ တောင်မြင့်ဘော့ကို-ရှိဟောင်းမွေတော်ထုတ်ဖေါ်
ရှင်နှစ်လို။ ။(ချိုသြောင်း၊ နတ်လူအောင်ဆုတောင်း၊ မြတ်ရာပြောင်းဖို့၊ စိတ်
ကြံရည်၊ လေးဆူမွေပေါင်းစိန္တေတည်၊ ကြိမ်ပေသည် ထူးမြတ်ပွဲ [၂]၊) သုံးဘုံနတ်
လူဗြဟ္မာလဲ၊ ခါမစဲခြိမ့်ခြိမ့်ဆူ-သာသနာ ငါးထောင်၊ မြားမြောင်သတ္တဝါ၊ နတ်
ရွာဖိုလ်နိဗ္ဗူ၊ ရှယ်ချူလွယ်ကူရောက်စေကြောင်း၊ ကောင်းခြီးပုညမင်္ဂလာ၊ ပွါး
ရာစင်ဖြူ လေးဆူဓာတ်ပုံ တိဂုံစေတီ၊ ဦးချီတင်ညွတ်ပျောင်း။

---

## ၁၅။ ပန်းမြိုင်လယ် ဖိန်းချားကြီးသို့လိုက်သော မယားချော့-ယိုးဒယားကြီး

(ရေးသူ-မောင်ဘိုးရွှေဟုတွေ့သည်)

သန်းရွှေညာ၊ လှမ်းပါမေ·ကေခိုင်ဖွား၊ ဟန်ပိုမို မာန်ငြို့ ကိုယ်မျက်ထား
လဲ့မှုရာဖြူပြာသူဇာပွါး၊ ရွှေအားတော်က ငယ်ငယ်-ညာရံပင်သူသင်းလဲ့၊ မင်း
ကေသွယ်၊ နွဲ့နိုင်ဆုံးရယ် သုံးရွှေမယ်၊ စုံနွယ်ဂန္ဓာ ဟောဝန်တွင်း သဇင်ညာ- ခွါပြာ
မာလာသင်းစွာ၊ ပန်းစုံပေါ်တယ် တောကသာ၊ ကွန့်မြူးညွန့်ဖူးခိုင်ဝေဆာ၊ ကုန်
ဆန်း စုံလမ်းမြိုင်ဟေမာ၊ ဝါ-ဝင်းလဲ့ဖြာကြူသင်းနွဲ့မာလာ ငူညာသူပင်ရိပ်ဖျား၊

ထားငွေသော်တာ၊လှမ်းပါနန်းရွှေဝတ်ညှာ၊ထူကာ ယူပါကူလှာအုန်းမယ်သုံးရွှေ
လှ ဆုံကေဆံညှာ၊ ချစ်သူ ကြင်သူ- ခင်မူပန်းတယ်နှင့်သာ၊ စမ်းကျ ရေယဉ်ကာ၊
ကြာ-မွှေးပျံ့ထုံထုံ၊ ဧည့်စီစီရှိ၊ ဝတ်မှုန်သာတင့်ကျူး၊ ဖူးပွင့်ဝါယော်၊ သွင်း
လာညှင်း လေပြည်ဆော်၊ ကုန်ဆန်း-စုံလမ်းမြိုင်ဟေမော်၊ချစ်ကျူး သစ်ထူး မဖို
ခေါ်၊စာစာဧးတယ်၊ သာရကာ ကျေးရယ်၊ ဘာသာ-မေးတယ် ကြွေးရင့်ကြော်၊
သန်းရွှေရင်-မေခင်မျှော်တဲ့အုန်း လဲ့ဖုန်းကြွယ်၊ နွဲ့နန်းမယ်ငယ်ကို၊ ရေညို-ရုံဆီး
ကာ၊ ဗိလာမြောင်နှင့် တောင်မတ်လယ်သည် – ခြယ်ရှုံဝန်းလို့ လှမ်းဖို့ဆုံ။ ။
ထုံထုံမွှေးတဲ့ မာလာ-ကြိုင်လှိုင် သင်းစွာ၊ မြိုင်ယံမင်းမှာ၊ ငှက်ရွှေကျေးတို့ ဘာ
သာ-ညံ့စာဧးတယ်၊ သံဝါကြွေးကာ၊ (ထူး – ကြူးမြင့်သီလာ၊ ရှိပြာတောင်စဉ်
တန်း၊ ဟေမဝါ သေလာမြိုင်ရိပ်ခန်း၊ သဇင်ခွေ-ခင်မေမယ်ကပန်း၊ လာလှမ်းခဲ့ပါ
လေး - ဖွားခြေ ကုန်ကုန်နွဲ့၊ ငုံမလို ရွှေကိုယ်ဟန်ကချွဲ၊ သာ-ထူ–ဖေကာ တွဲ၊ ခဲကဲ့
ဒါရှု-လှမ်းပါ-နန်းရွှေမဥ္ဇူ၊သဇင်ခိုင်၊ပင်တိုင်ညာယံသူ၊သပြေငူ မေပူပိုဖွယ့်အား၊
ထိုင်ယောင်ထိုင်မှား[၂]) (သစ်ဆင်ပြောင်များ ရှောင်မသွား– မောင်ထားခဲ့မယ်၊
ရန်ပယ်ဖျက်ဖြုန်း၊ မာန်စွယ်ထက်ဆုံး၊ မျက်လုံးကျယ်ကျယ်၊ ကျားတဲ့ကွယ် ထား
မယ် မြင်ရဲ့လား[၂])(မြိုင်ဖျား၊ လိုရာ ကိုယ်ပါမျိုလို့ဝါး[၂])။ ။

သက်တင်ဆွေ-ခင်မေစောကြွယ်၊ မောတယ်မူရာများ၊ ကန္တာဟောဝန် ရေ
ဖြာ၊ သွန်းငွေဇွန်ညှာ၊ အရိပ်သာနားဖြေတော့မယ် ကေကြော့ငယ်၊ မောင်ဖုန်း
လက်လယ်ဖေတဲ့ထူမယ်သာ ထပါတော့ကွယ်၊စံရွှေပြည်တိုင်းဘုံအောင်ချာလယ်၊
ကြံရွယ်ကာရည်စိတ်ကူး၊ဩဘာသံရင့်ကျူး၊ ကူးဘိသိက်ခံ၊ မူးမယ်ချစ်ဦး တောင်
ညာစံ၊ ကညာမော် ရာကျော်သွေမလှန်၊ တကေန်ဖေကြံတာမို့ဘဲ၊ ရှည်စေနောင်
ကဲ၊ သီဝေဆောင်ထဲ အောင်ပွဲ၊ မောင်စွဲမိဋ္ဌာန်၊ စိတ်ကြံရွယ်ရင်း၊ မိတ်နှံ့နွဲ့ရှင်း၊
လဲ့ဝင်းရှုပ်ပုံ သွန်းနိုတုံမယ် ယုံပါတော့လား၊ ထွေပြားနှစ်ရာ သစ္စာမောင်က
ထား[၂]။ ။

ညာဖွား လှဒါရှု လိုက်တော်မူ မြိုင်ငူသေလာ၊ ဟေမဝါ စုံကွေ့လမ်း၊
ရွှေနန်းစံဌာနီ၊ ရောက်ပါပြီ၊ သာကီတော့်ဆွေ၊ ကြော့မေငွေလစန်း[၂]၊ ဖွား
ခြေကုန် နွမ်းတယ်နှင့်သာ၊ စမ်းကျမြောင်ခွင်မှာ၊ကြင်သူငယ်ပေါင်း မယ်ညောင်း
ညာ၊ ရွှေစကာဝါပင်ရင်း၊ မြေပြင်အပါးဝယ် နားမယ်၊ ထိုင်ပါမေငယ်၊ စိန်မှုံ
နှစ်ကာယ်၊ အားလေသစ်လို့သာ၊ အောင်ရွှေဘုံ ထီးငယ်ကိုသာ နီးပေါ့ပုံမကွာ၊
ရွှေယုန် လမင်းငွေသော်တာ၊ စံတူပုံနှုန်း၊ မယ့်မျက်နှာငယ်ကိုပင်၊ ဖလ်ဝါရောင်
လည်နေခြည် ခ,လာချေးဖြာ ယိုလို့သန်း၊ ဘွေသီဟာ နန်းမအောင်ချာ၊ ရေ
ဖျန်းမင်္ဂလာ–ရွှေသန်းခြံရံကာ၊ အောင်ဇေယျာလန်း ခက်ဝေဝေ- ရွှေဥကင်ဘွေ-
တင်ကျူးဘိသိက်ခြွေ။ ။ထွေထူး ဘုန်းမောင်သွေပါဘူး၊ ရွှေဗျာမှူး စိုးငဲ့ဆွေ

သာဂီ၊ သစ္စာတော်သုံး ငုံးနှင့်ရည်၊ကုံးဆင်မည် ကြိုးလို့ခဲ့။ ။ယွင်းယို မြင်းမိုရ်ရွှေတောင်လဲ၊ ကေရောင်တွဲ စွဲချစ်သူ၊ ရှည်စေရာကြောင်းငယ်-ဆုတောင်းပန်ဆို့ မဂ်ဖိုလ်ခေမာဗူ၊ စိတ်တူ ရိပ်ဖြူ ဖြန့်ကာမိုး၊ စိုးလေပါနှင့်မေရယ်၊ ရွှေလက်တွဲလို့မကွဲအောင်ကွယ်၊ နိဗ္ဗာန်ကကျူးအောင် ဖြူးမြို့တိုင် ကြင်ပါ့မယ်။ ။

---

## ၁၆။ ပန်းမြိုင်လယ် ဖိန်းချားကြီးတွင် အဝင်ဆိုရသော-ယိုးဒယား

လွမ်းဝှန်ပို၊ ရွှေကိုယ်ဘယ်-ဘယ်ဆီမှန်း၊ မြိုင်ချာလမ်းက ပန်းမှိုင်ကာ၊ ဝေးဖေါကွာ ဆွေးပူတာ၊ ထူထူအဆော်လှိုင်ဗျာဆိုင်၊ တွေးမှိုင်ထပ်ကာပို၊ ကံအို-ဖန်ကြိုး၊ ဖွေရှာလေနဲ့ကို၊ ရေပိုဖန်ဖန်ဆိုမိ၊ အိုကံကံကန္တာယံ ကသာ၊ ရွှေလျှံဝင်းလေသွင်း၊ ခြွေသင်းထုံလှိုင်ကြည်ကွဲအင်၊ ဆွေးဘွင်၊ တ ယောင်ရေးရေးကို၊ ၂၊ ဘယ်ဝယ်ဆီမှန်း၊ မျှော်ယောင်သာပန်း လွမ်းနိုင်ဖွယ်သာကြုံ၊ ၂၊ အိုလွမ်းနိုင်ဖွယ်သာကြုံ၊ ဆွေဆွေမောင်ကိုယ်တာ၊ ဘယ်ဆီဘယ်မှာ လွမ်းဗျာထပ်ကာဆိုင်၊ မှိုင်မိငေး၊ ရွှေဘုန်းတော်-နှုန်းလျှော်စံပျော်၊ အိုစုံသာမြိုင်၊ ကြံမှိုင်ကာငေး၊ ရွှေပြည်မှာလေ အောင်ခန်းဝေး၊ အိုဖန်လာရေး-ဆွေးရပြန်လာ၊ နတ်ကယ်-စံတော်သာ၊ အိုလေးဘယ်ဆီမှန်း၊ မျှော်ကာတမ်းရ လွမ်းနိုင်ဖွယ်သာ သည်ဝယ်သာ-ပူပွါးလေအောင်၊ အိုဆိုတောင် ရေးရေးရေးလွမ်း။

---

## ၁၇။ ယိုးဒယား

မြမန်းဂီရိ သေလာတောင်၊ နန်းတည်ထောင် ဘုန်းရောင် နေသို့လင်း၊ နောင်ညီကို—ရွှေဘို နွယ်တော်ရင်း၊ ရာဆူဆူ ပြည်သူခဝပ်စင်း၊ ရွှေဘုန်းတော် နှုန်းလျှော် စံပျော်ခင်း၊ တေဇာတိုးလို့ဖြိုးဝေ၊ မန်းဌာနေ-အောင်ဇေယျာပြည်မင်း။ ။ပြောင်လူးနာဂရဇာ၊ သော်တာငွေလျှံ မျိုးမြတ်ဆဒ္ဒန်၊ ရွှေနန်းဘုံတော် ရောက်ရာရွှေကိုယ်တော်၊ ပြည်တော်နိုင်ငံရွှေဘုံတွင်း၊ ဆန်းမူရာ သူဇာရွှေခပင်း၊ ရွှေဘုန်းတော် နှုန်းလျှော် စံပျော်ခင်း၊ တေဇာတိုးလို့ဖြိုးဝေ၊ မန်းဌာနေ အောင်ဇေယျာပြည်မင်း။

**အထူးမှတ်ရန်။** ။ဤင်းသီချင်းသွားသည် (သော်ကရွှေနှန်း) ၌ ယိုးဒယားကိုဆိုသောအခါ (ပန်းစုံကသာ) က-စ၍ တီးသော ဆရာက-ဤတီးချင်းဖြင့် လိုက်ရသည်။ သော်ကရွှေနှန်းတီးကွက်ဖြစ်သည်။ ။

## ၁၈။ မြဝတီမင်းကြီးရေးသော ယုန်ငွေနန်းစန်းသော်တာ သို့ လိုက်သော ယိုးဒယား

အို သာတင့်ဆုံးငယ်နှင့် – သုံးရွှေ့လယ်၊ ပျို့လှိုင်ကြွယ်၊ နယ်ရပ်မှိုင်လုံး လင်း၊ မှုံရွှေလျံ – ပွင့်ညွှာတံညီးညီးလင်း × ရွှေယင်ဘောင် မင်းငယ်နှင့် ဟသာ လယ်၊ လွန်ပျော်ဖွယ်ငှက်ကယ်၊ ကြေးလေလေ–ကြေးတဲ့ရင်း × ဧးဖွယ့်ခင်း၂ မိလ္လာသွယ်သိင်္ဂါ – စိန်ကြာလယ်၊ ဖန်လှယ် – လှယ်မွေးမွေးပျံ့သင်း၊ ဧးဧးညို့ ညှင်း၊ ၊သင်းကျရေကင်း၊ မြလျံတဆင်း၊ ရှင်းကြည်စွာ တောင်ရဂုံက၊ ထုံ ဂန္ဓာနံ့လှယ် ဝေသည့်ရွှေညီလာ၊ ညံ့စာစာ – သာရကာနှော၊ ဗျာကြွေရေး – လဲ့ရည်သွေး -ကျေးကဓော။ ။စံခန်းသည်စုံကြော၊ ဝတ်ရည်လျှော-ညှာစီစီ။ နေနတ်ကယ် – နွေရာသီ၊ မှုံသိင်္ဂီသင်းတဲ့တော။ ။

**သ**ဖြန်။ ။အိုရှုမောဘွယ်၊ ထားကေသွယ် သည်ဝယ်ပုံဖြင့်၊ မကြုံလေ သေး။ ဖြူဝန်းငယ် ရံပြိုင်သည့်၊ ညာပင်တိုင်၊ ရွှေဘော့မြင့်ငယ်ကို၊ ပြန်ခွင့်က နွေး။ ။

---

## ၁၉။ ယိုးဒယားနဲ့လိုက် - အီနောင်

စက်လဲ – ပျော်ပါနိုင်၊ နန်းပင်တိုင်ကြော့၊ ကြာရံလယ်၊ ယဥ်ရွှေလုံး၊ ရွှေ ကေသီ - စုံညီပျော်ပါး၊ ရွှေဝန်းလျှားမြယွန်း၊ သန်းယံကျော်၊ နန်းပဟိုရ်ဆော် လို့ ပျော်တဲ့ငြား × ဘယ်ဆီမှာ၊ × ဘယ်ဖုန်းအား၊ ပျော်တော်ငြား ရှာလိမ့် မယ်၊ သူ့တိုင်းကြော့ – ကာလံနယ်၊ လွမ်းတာ - ကြွယ်လို့ပူနယ်ပွား ၊×၊ဘယ် ဆီမှာ - ဘယ်ဖုန်းအား၊ ၂၊ ပျော်တော်ငြားရှာလိမ့်မယ်၊ သူ့တိုင်းကြော့၊ ကာလံ နယ် - လွမ်းတာကြွယ်လို့ ပူနယ်ပွား။ ။

---

## ၂၀။ စက်လဲသို့လိုက်သော - တီးကွက်ယိုးဒယား

ရိပ်ကြာဆောင်ခန်းနွမ်းခွေ၊ လေပြေဖျန်းတယ်၊ ပင်တိုင်နန်းလယ် - စံ မြန်းမွေ့လျှော် –မေးမှိတ်စက်မပျော်၊ ဖုန်းမော် မောင်တော် လာလိမ့်နိုး၊တိတ် ခိုးပူအောင်စံညောင်၊ ယံအောင်လည်ဆယ်၊ မယ်ငယ်မျက်ရေဝဲ၊ သဲငယ်နာ ကံ သာဖန်ရာဘဲ၊ ရွှေအိုးရှင်ယှက်တင် – ကြင်မိနဲ့၊ ရွှေရောင်တွဲလွဲသည်တာ၊ မယ် သာလွန်းတယ်၊ စံညောင်ကွန်းဝယ်၊ ငယ်ကျွမ်းကိုမျှော်၊ ကိုယ်တော် ပေါ်လာ နိုး- တိတ်ခိုးမျှော်မိ ဖန်ခါခါ၊ မောင်လာချိန်နီး ရွှေကျီးသာ။ မျှော်ပါသော်

စံနန်းပေါ်က၊ ထိပ်တင်ဖုန်းမော်၊ နေတော် နေနိုင်အား၊ သည်ခါမယ့်မှာ - လုံးလုံးမှား၊ လူဝါကား၊ ထားထိပ်တင်၊ ယဉ်ကြော့ဆုံးမှာ အုံ့ပုံးမယ်ငို - လာနိုင်လို ဖုန်းမိုချိန်ကကျူး၊ ၊သန်းခေါင် ကူးလို့ ကြော့မှူးမျှော်၊ မောင်တော်လူဆိုးလုပ်ပြန်သော်၊ မျှော်ပါသော် စံနန်းပေါ်က - ထိပ်တင်ဖုန်းမော်၊ မောင်တော်-လူဝါကြွား၊ သည်ခါ-မယ့်မှာ ပူရေးပွား၊ လွန်စိမ်းကား ပျိုထားကေရှင်၊ ယဉ်ကြော့ဆုံးမှာ အုံ့ပုံးမယ်ငို – လာနိုင်လို ဖုန်းမို ချိန်ကကျူး။ ။

---

## ၂၁။ စက်လဲတီးကွက် ရိပ်ကြာဆောင့်ခန်းသို့လိုက်သော ယိုးဒယား (ရာမ)

ပန်းညောင်လှိုင်ဖွဲ့ ဗွေဆိုင်၊ ကေခိုင်ကုံး၊ ခွေယိုင်နွန်း သုံးရွှေလည် ဖုန်းမယ်ဒါရူ သည်းအူဗျာလှိုင်ကြွယ်၊ ကျွမ်းလောင်ဖွယ် – ကြံတယ် ဖန်တယ်ရေး၊ လေနန်း လေနန်းဝေယန်၊သဉ်လည် ဒေဝီ-ဖြေဆည်နိုင်ဖွယ့်ရေး၊ မွေးစက်ယောင်ကြာညောင်တွင်းမှာ၊ ငွေနှင်းကြိုင်ကြိုင် လေပွိုင်ဆော်ယူသွေး၊ ကြုံပြန်လာ - ထုံဂန္ဓာလယ်၊ လေပြန်လောင်း၊ ခါနွေပြောင်း၊ ညောင်းပင်တံ - ရွှေလျှံငုံဖိကင်း၊ မြိုင်မင်း မှော်ရှုံ စံတော်ဘွေ၊ အို- လေလောင်ကျွမ်း ပူဗျာပွေ၊ သူမေညာနန်းလေသိ၊ နန်းဝေယန် ဗိမာန်ဆောင်လယ်ဦး၊ ညာမယ်၊ သက်ကယ် - ဖြေနိုင်မူးခွေယိုင် ပူဗျာလှိုင်လေ့၊ ကေခိုင်ဖွား ထားဟန်ညက်ခြယ်၊ သုံးရွှေလယ် ကြံတယ်မှိုင်မိမူး၊ ၊ကိုယ်ထူးဆိုယောင်ငိုယောင်သာ၊ အာကာနတ်နန်း ဝေယန္တာ၊ ဖန်လာဘယ်ရွေးကံခွင့်၊ သိန်းဆိုင့်ဇူစံ တိမ်ယံ ဆောင်ယူသွား၊ ကြင်သူ မြင်တော်မူလိမ့်လား၊ ခါခါထွေ - ဗျာပါဝေလို့ ကေသာကုံးငယ် ထုံးလေ - ရွှေမှင်သုံး ရွှေရင်နွဲ့ပင် ခွေလို့မူး၊ ၊စိတ်သာ– ရည်ရွှယ်စူး၊ သီခေါင်ရီမှောင် တောင်မြင့်ဦး။ ။

**မှတ်ချက်။** ။ဤယိုးဒယားတွင် (သုံးရွှေရင်နွဲ့ ပင်ခွေယိမ်းမူး) မှာ စက်လဲဆုံးသည် (စိတ်သာရည်ရွှယ်စူး) ကား အပိုဒ်ပိုအဖြစ် အဆုံးသတ်ချရန် အတွက်သာ ရေးထားသည်။

---

## ၂၂။ ရာမဇာတ်တော်ထွက် ယိုးဒယား

ကြို့ညိုစံရာ သုကျိတ်မင်းမှာ x ယောက်ချင်းလေ ပျော်ရရှာ x၊ မြင်လာအနုန်း၊ ဖုန်း သုဘတ္တာ x သည်မောင်ပူရတုန်းပါ၊ ဝေးဝေးဝေး၊ ဖေါ်ဖေါ်ကွာ ပိပ္ပလိကျွန်းမန္ဒာ x၊ ( ကိတ္တကိန္ဒာ၊ စံရာနန်းကို၂ ) မျှော်မှန်း၍သာ၊ သုကျိတ်၊ မင်းမှာ ယောက်ချင်းပျော်ရရှာ၊ x တောမှော်ရုံမှာ အိုရွှေသမင်မိုက်ကို၊ လိုက်လို့

လာ၊ လေးညှိုဒေါင်တင်ကာ၊ စကြာ စကြာ ကိုယ်တော်နှင်း တောမှော်ရုံတွင်း၊ ညီတော်ကယ်အုန်း နောင်ဖုန်းမှာသာ၊ လက်နက်စကြာဦးပေါ့၊ မာယာဆန်းချို မိဂမ္ဘိ၊ မင်းသီတာ၊ မင်းသီတာ၊ မျှော်ကာမျှော်ကာရင်တီး၊ ပူပူပူလေ၊ ပူတယ်၊ သက်လယ်ဖုန်းကြွယ် - ကိုယ်တော်ကြိမ်တဲ့မီး၊ ရွှေရင်အုံ ဘုန်းဘုန်းမ လို့တီးမတ် တော် မောင်ရင်း လိုက်လေ လိုက်ချက်ချင်း၊ ခင်းတဲ့ခင်းမသာ၊ စည်းလေး သုံး တန်ဖြာ၊ လိုက်ရှာရ တောဝမှော်ရုံခွင်၊ သိန်းသိန်းသိန်းဆိုင်ရှင်၊ ဟန်ရုပ်ဆင် ဟန် ရုပ်ဆင်၊ ကိုယ်တွင် ကိုယ်တွင် သက်န်းဝါ၊ မင်းသီတာ သစ်သီးလှူပါဒကာမ၊ စည်းတွင်း ခင်ကြွ ခင်ကြွ၊ အိုဘယ့်နှယ်ဖုန်းခင် ဝင်ရမယ်၊ သည့်နှယ် ရမ်းဆိုရန် ကွယ်၊ သီတာနဲ့နောင်း လောင်းရှာရတယ်၊ မိုးတိမ်လယ်၊ သိန်းဆိုင်စားငယ်၊ ယူလေဆောင်ကာသွား၊ ၊ပန်းစုံကြိုင်သင်း၊ ဂန္ဓာတွင်း၊ ညှင်းတဲ့ညှင်းနံ့ဖြာ၊ ပန်းမျိုးစုံလင်စွာ၊ ကန္တာကြော့ မောင်မယ် ဖေါ်မပါ၊ ဖေါ်ကွာဖေါ်ကွာ ပြန် တော့သာ သည်မောင်မှာ၊ ကိုယ်ထူးကြုံရကြုံရ အိုကံ၊ ဘယ်နတ်ရေးရွှေဖူးစာ၊ မိုး ဣန္ဒာဒေဝါမင်းငယ် ဆင်းစောင်မပါ၊ ၊သည်လေဖေါ်မပါ တောကြီးကန္တာ၊ အိုတိုင်း အောင်ချာ၊ တိုင်းအောင်ချာ၊ မျှော်ကာသာဆွေး ဆွေးဖို့သာ၊ ကိုယ် ထူးမောင်မှာ၊ ကြုံလာရကြုံလာရ၊ ဟိုခင်ကံငယ်မေ့းတယ် ဇးနိုင်ဖွယ်၊ တောမြိုင် လယ်၊ သိန်းဆိုင်စားငယ်၊ ဆောင်သွားလေ ပြန်တော့တယ်။ ။

**အထူးမှတ်ချက်။** ။ဎင်းသီချင်းသည် ယိုးဒယားဇာတ် သုကြိတ် ဗာလီတို့ ထွက်ခန်း တွင် (ကရောင်း) ရိုက်လျက် တီးမှုတ်ကြသည်၊ ဎင်းသီချင်းကိုရှေး ယိုးဒယားဇာတ်တော်၌ တီးမှုတ်ဖူးသော ဆရာများမှ မှန်အောင် ရသည်။

---

## ၂၃။ ဖေါ်ကွာဝေးသို့ - လိုက်သော (ယိုးဒယား)

လေပြည်လောင်းသည်နှင့်၊ သောင်းမြိုင်ပြန့်လယ် × ကြိုင်လှိုင် လန်းပါ လို့ ပန်းမှုံနံ့ကြွယ် × ဖန်ရည်ရှယ်ညွန်းလို့သာ ကျွမ်းကြွေဖွယ် × ဆည်သွယ် တိမ်နယ် - ညိုရွှေမောင်း၊ အိုတပေါင်းငယ် ခါရာသီ၊ ညှာစိစိ – နှင်းညွှန့်လောင်း၊ ရောင်ရှိန်ထိန်ဖြာ၊ တောင်သိန်မိလ္လာ၊ ကျေးရွှေသာရကာ နဲ့လျပျောင်း × ၊ သောင်း - ရွှေလုံးကေသီ၊ ယဉ်မယ်သာကီ၊ စောတဲ့ ဆွေးယာယီ × (မှိုမှိုမှို – မှိုရုပ် ကယ် ယိမ်းနဲ့နောင်း၊ ရွှေ - ရွှေ - ရွှေဝတ်ကယ် သင်းပျံ့လှောင်း၊ ၂) သာဟောမန် ကျွမ်းလို့ ညွန်းရှယ်ရန်၊ ဘယ် ရွှေအန်ကိုး၊ မိုးချင့် ကောင်း ၊×၊ ဖြိုးဆင့် လောင်း၊×၊ ကြိုးရင့်ညောင်း၊ ၊ချိုန်းပတ်လည်ဝိုင်း × လျှပ်ခြည်ဆိုင်းလို့ မှိုင်း ရီဝေ၊ ခါဂိမ္ဘေ - ဦး၊ ကူးလို့ပြောင်း၊ (တောင်ပြန်လေ ဖလ်နေဒေါင်း၊ နွယ်နွာ မောင်းခွေပါပြီ၊ သောင်ငွေ့ပွဲ့ သဲစေတီ၊ အလိုခြွေဆွတ်ကယ် - မယ့်ဝတ်ဆီ ၂)

ရှိမှိုင်း၊ ညှိဆင်တိုင်း၊ ဗယ်ညာသိုင်းငယ် ဟန်ချီချီ၊ ရွှာပေဘူးလေး စွေပီပီ၊သာစွာ သီကျုံးရင့်ညောင်း၊×၊ ဖူးလွယ်စေကြောင်း၊ ရည်ရွှယ်တောင်း၊ သောင်းရွှေ ညီ၊ ညာနတ်ကယ်မှောင်စီစီ၊ စံရာနန်းလေး မှန်သိဂီ၊ နေရီခင်း၊ ညှင်းညို့ပျောင်း။

**သဖြန်**။ ။သာမျိုးငယ်စုံ၊ မြရဂုံ သီလာနယ်က၊ နှစ်သွယ်ရေတံခွန်နှင့် စီးဂုန်လဲ့မောင်း။ မှုံဝတ်ကယ် သင်းလှိုင်နှင့်၊ စုံဂနိုင် မြိုင်ယံမြင့်ငယ်မှာ၊ နွေလင့် ရွှက်ညောင်း။ ။

---

## ၂၄။ ဖေါ်ကွာဝေးသို့လိုက်သော - နွေ ဘွဲ့ယိုးဒယား

ခါ - နွေဆန်း - လန်းစီစီ - မှုံရွှေဝတ်ကယ် သင်းလှိုင်ညီ၊ လေချီချီသွင်း ပါလို့ နှင်းသုန်သုန်× အာကာဘုံမှာလေ မြူမှုန်ရော တောင်တောငယ်၊ သာချင် ဖွယ်၊ စုံမြိုင်လယ် - ကျေးကာဆန်း ×၊ မောင်မယ်ခေါ်ကာ၊ ရွှေပင်ယံမှာ ကျူး ရင့်သံသာ၊ မြူးကြမြန်း၊×၊ နတ်ဖလ်လဲ့ဖြာခြည်၊ ၊တိမ်မိလ္လာရောင် တောင်က ညိုမှောင်ရီ၊×၊ ဖီရွှေဝတ်ကယ် နွဲ့သုန်သုန်၊ သိုက်ရွှေမြုံထဲက နွဲ့ပျော်ကာ၊ ညံ့စာ စာ ကြွေးတဲ့ရင်း ×၊ ဆွေးဖွယ့်ခင်း၊×၊ ဧးနွဲ့ညှင်း၊ ၊မြလျှံတဆင်း× နာရနင်း ရှင်းကြည်သွန်၊ ရေတံခွန် - စိမ်းလဲ့လန်း၊ (ညာရွှေဖီလှိုင်မခန်း၊ ဇင်နွယ် - ပန်းခိုင်စမ္ပာယ်၊ နွေ - ရာသီဦး နူးကြည်ဖွယ်၊ ၊တံတံတံလှုပ်ကယ် - သင်းပျံ့ ကြွယ်၊ ၊အို - ရေတွက်ကယ်၊ ခန်းနိုင်ဖွယ်၊ ၂)၊ သွေယွန်းမြမြေကျွန်း၊ ညာ ရွှေကွန်း - စံရာလယ်၊ စိုးအုပ်ကယ် ဖြာဖြာကြွယ်၊ မြင်လာဘဲဆွေးမှုပန်း၊×၊ တောင်မင်းပံဦး ညွန့်နွယ်ဖူး - မြူးလို့သား၊ ပျော်ပါးငယ် ဖြေလွယ် အောင်၊ ဒါဟန်မြနန်း စံသူညောင်၊ ညဥ့်-သန်းခေါင်ကူးမိမှား။

**သဖြန်**။ ။ဖြေမပျို-ငိုဆိုမိမှား။ စစ်မက်ကယ် ထင်မြင်ယောင်နှင့်၊ ရွှေ ဘွေတောင် နယ်မက ငယ်မှာ-ကြုံရဖြစ်လား။ ။

---

## ၂၅။ ယိုးဒယား-ဖရံတင်တီးချင်း

ရွှေတညာ၊ ဖျော်ဖြေဗွေကြွေ့၊ မန်းမြေချာဝယ်၊ လွှမ်းသာထွေလို့ ဖန်ရွှေစာငယ်၊ မူရာပို့ဖွဲ့၊ ဆိုယောင်မှား။ × ။ စံစမ္ပာယ်- သည်ဝယ်- သာခု ညာညီရွှယ်၊ ဘုံလယ်ဗွေငယ်မှာ× လွှမ်းစေ၊ ဘယ်ဝယ် သာလေ ဖုန်းဝေ၊ ဆန်း အထွေထွေ၊ မန်းရွှေမြေ၊ ပန်းဖြေကာ × ဂန္ဓာကြိုင်သင်း ညှင်းလေညှာ၊ မာလာ့

ခိုင်စုံ ရှေ့ငုံဖူးနှဲ့ ကြိုင်လှိုင်၊ တောင်တောငယ်စီကာ ဖီလာမြိုင်× လွမ်းမပြေနိုင်၊ ကျွမ်းအကြွေယိုင်၊ ကွန်းဗွေဆိုင် × ပန်းခိုင်မှုံပျံ့၊ ထုံမပြေ × ရွှေ အရွှေလယ်၊ ပျော်တော်-ဖေါ်လှော် ချီငေါ်လေး ရင့်ရင့်ကြွေး။ ×။ ချိုသံသာ၊ မှုရာဟန်နွဲ့ လွမ်းရန်ထွေ × ဖြေမပြေတယ်၊ သည်ဝယ် - ညှိုးပျို-ဆွေးဝန်မှုကပို။×။ ရွှေဖုန်း ဖုန်းမှိုမှို၊ ခွေနုန်းနုန်းရန်ကို၊ ဗွေအုံး အုံးညှိုညှို၊ ဆည်ရုံး ရုံးနိုင်လို၊ အို - မန်း မန်း ဗွေလုယ်၊ ရွှေနန်း နန်းမြေဝယ်၊ ပန်းလေဖွယ်အောင်၊ ညှင်းလေပြေဆောင်၊ ဝေအဝေမှောင်၊ ပြာရောင်ရှစ်ခွင်၊ ဆင်ယဉ်လေ ဝိုင်းကာအုံ။ × ။

ကျူးဝသုန်၊ ပဇ္ဇုန်ဆော်နှိုး၊ မိုးမိုး မိုး မာန်မာန်၊ တိမ်ယံကွန့်မြူး × မူးခွေယိုင်ကာသာ တွေမှိုင် ခါခါသာပင် ဖြေလဲမရှင်၊ ပျော်ဖွယ်သာဆင်၊ ရွှေဘွင်၊ ကြွေအင်ကြေကွဲ သဲနေမရှင်၊ မင်းလွင်မြူမှောင်၊ ပြာရောင် တောင်ခိုး ခြယ်လှယ်အုံ၊ မှိုင်းမှုံအာကာဘောင်၊ ပူအောင် ပူအောင်သာပင်၊ ရှစ်ခွင်ကသာ မုန်တိုင်းဆင်၊လွမ်းစေ၊ ကျွမ်းကြွေမည့်သွင်၊ ဆိုရင်လဲသာ-တန်ဘဲကို၊ မိုးမာန်ဂုဏ် ငြိုးဟန်သုန် - ပဇ္ဇုန်ကသာ ဆော်သွန်းမြူး။ ။ထူးတူးထွေထွေ - ဖေါ်ရွှေပျော် ကြောင်း ဖန်ခါခါ၊ ကျူးသည်ဝယ်သာ၊ မူးဝေမှိုင်ရွာ၊ တွေးမှိုင်ကာ၊ သဲကြော် ငြာ၊ ရှင်စံရာ၊ ဖူးရွှေဖန်ပြာ၊ နွဲကာပင်ယိမ်းယိုင်ချင်၊ လွမ်းရန်ဖို့ဆင်။ ။

---

## ၂၆။ ယိုးဒယားဘာသာ-ခမွန်

မြိုင်ဟေမာကန္တာလမ်း၊ဆန်းထွေလာ၊တောင်လေလာငူ၊ချောင်ရွှေဝါဂူ၊ လေပြေသုတ်ကာယူ တောလုံးကြူ၊ နန္ဒာမူ လိုဏ်ဂူဘွေရိပ်ကြား × ။ ပွင့်ငုံကြွား၊ စကားသရဖီ၊ ထုံသင်းကြိုင်လှိုစီ။×။ ပန်စုံစီ ရိုးနီရွှေအင်ကြင်း သင်းပျံ့လွှန်။×။ ကန္တာစုံ မွန်ဟောဝန်ဘွေချာလမ်း×။ ဆော်လေဖျန်း လန်းစီစီ မှုဝတ်ရွှေရည်။×။ ညှင်းလေပြည်သွေး၊ ရေကင်းငွေမှုံ × ကြိုင်လျှမ်းထုံ နန်းဘုံကွာလှမ်းဝေး × လှဲ့ သွေးကြင်သူ × တော၊ မြိုင်ငူ ပန်းမဥ္ဇူ ကြူပါလို့သင်း × လှိုင်ဝေဘူ ရွှေဂူတွင်း ဝင်းဝါလို့ × ခိုင်တံကြိုင်လို့ မြိုင်ယံစုံတဲ့တော×၊ မဖိုခေါ် တွန်ကြော်ရွှေဥသြ၊ ဆွတ်မော ဖွယ်ကြုံ-ပန်းငုံပန်းငုံ၊ လေပြည်သုန်သုန် မြူမှုန်ကြိုင်ပျံ့သင်း×။ ရွှက်ဝါ ကြွေမြေသို့ဆင်း၊ ဂေါ်ဖီ ၂ အင်ကြင်း နှင်းနံ့ကြွယ်-လေချို ၂ သုတ်သွင်းခင်းပြန့် ဝယ်၊ သူဇာနွယ် မှုရာကြွယ် ယူပါကွယ် တ,သလိုလို၊ မဖိုသံချင်းပြိုင် တွေ မှိုင် ဗွေ ဆိုင်၊ မြင်သူ ပူပွဲလှိုင်။ ။

## ၂၇။ ယိုးဒယား-မန္တလေးဘွဲ့

တောင်ဇမ္ဗူပိုင် ကျော်လှိုင်တေဇာ ဖုန်းပျံ့မွှေး × တသီရိန် ကြေညာ နေလာသမ္ဘိန် ရာဇာအာဟိန်-ဂီရိန်ရန်မြူ ခဝး × နှုန်းလေတန္တုရာဝင်၊ ရှေးငယ် ကသာ၊ တွေးဖွယ်စာမရာ၊ မန်းသေလာအောင်ချာရွှေဗိမာန်၊ ဝိသုကံ စီမံ ဖန် လာဆန်း×။ တညီသွန်တိမ်စွန်အာကာ၊ မိုးယံမှောင်မြူ ရှင်းတယ်ပယ်ခွာ၊ ခြယ် မြွာစုံစီ၊ နီလာစိန်ကြောင် ရှိန်ဖြာရီမှောင်၊ စံဆောင်ဘုံရွှေနန်း×ရေယမုန်သီတာ၊ ရေယမုန်သီတာ၊ရောခွေခါ သုန်သုန်ဆင်းတယ် အောင်မြေမှန်ရာ မဏ္ဍာ၊ မြေဘုံ မင်းမှာ၊ သီဟာရွှေဂူမြိမ်း။ × ။ ဝေလျှံဖြာနန်းရွှေမျက်နှာ၊ ကြည်စင်ရှင်းတယ်၊ ကန်မင်းနန္ဒာ၊ ကမ်းတရှေ့ပင်၊ လျှမ်းပြေ့ ရွှေကြာ၊ ချပ်မုံအာကြိုင် သင်းထုံလှိုင် စွာ။×။ ရွှေသာရကာမင်းငယ် - ကျေးကပေါ် × တညီညာ ကြော်သံခေါ်ကာ၊ မယ်ညိုဖေါ် ရှာဧးရင့်သော×၊နန်းချင်းပျူငှ ါဘာသာ၊နှော့သနှင့်သာ၊ ရောဆင့် ကြော်ငြာ၊စင်ရော်ပျံလာ ဇာတိငွေမှုံသောင်ခုံပြန့်ဖွေ၊နေဇာသောင်တင်လှမ်း×၊ ကန်သာတူးတင့်ဆန်း၊ သံသာ ကျူးရင့်သန်း။ ။စမ်းရေယဉ် တောင်စဉ်ခွေကာ ရစ်ဆီးခြံရံကာ၊ တရွှေညီဒေဝီသူဇာ၊ နတ်မင်းဗျူဟာဆန်းတဲ့မူရာ၊ ရွှေသိင်္ဂါသူ ဆာပူကြုံလာ၊ သည်မှာကပ်အောင်၊ သီခေါင်ရီမှောင်ဆိုင်း။×။ မိုးနွေဂိမှာန်ခါ မို၊လျှပ်ခြည်ဆိုင်းတယ်၊ အုံ့မှိုင်းရီမှောင်၊မေဃီဒေဝီပတ်လည်ဝိုက်ကာသွန်းသနှင့် သာ၊ ရွှမ်းဆင့်စည်တံမြှာ ၊×၊ အိုအမ္ဗုန်မှူးကျူးပြန်တော့သာ၊အိုပြည်သူပေါင်း သောင်းခြိမ့် ကြော်ငြာ ၊×၊ အိုဖုန်းတော်မိုး ဖြိုးလေရှာသွန်းကာ ၊×၊ ရာမင်း၊ စက်တော်ခိုဝပ်စင်း၊ အိုလေးကညာ ဆက်ကာသွင်းသနှင့်သာ၊ မင်းမင့်ကောရာ၊ နေလာတေဇာဝေဖြာမိုး၊ စိုးလေစံကာစံကာ၊ ပြည်ရွှေမန်းမြို့ အောင်မြေမှန်ရာ၊ သိမ်းစံမြန်းတယ်၊ နန်းလေထောင်စိုက်ရာ။ ။

---

## ၂၈။ မန္တလေးမြို့ဘွဲ့ - ယိုးဒယားကြီး

အောင်မင်္ဂလာ၊ သိင်္ဂါဆောင်ဘွေ့ တောင်ခြေရစ်သန်း၊ စကြာဆူဆူ ရှစ်ဖြူကာလွှမ်း၊ ကြက်သရေလျှမ်း၊ ပြည်တော်ရွှေမန်း၊ ငါးထောင် လေလေ သိုက်ကျမ်း၊ စိုက်နန်းရယ်တည်တော်မူ ၊×၊ မျှားဗိုလ်လူ အူအူကျက်ငြာ လက်မှာ ညောင်ရေပန်းနှင့် ဝေဝေထူးတင့်တွေ့ ၊× အလျှံဝေဝေ - သပြေမြေငူ ထီးစိုက် ဆောင်း၊ မင်းပေါင်းဆက်လာ၊ ကညာရွှေပန်း၊ ချမ်းငြိမ်းပြည်သူ နိုင်းဖက်မတူ ခံယူသစ္စာ၊ မေတ္တာတော်ခဝလိုလောင်း ၊×၊ သမ္ဘာဂုဏ်ပေါင်း၊ ပဏ္ဏာစုံညောင်း၊ သောင်းဘုမြေ × ဖုန်းတော်ဝေ၊ တေဇာလျှံပြောင်၊ ငါးထောင် သာသနာ၊ ထွန်းပတည်ရာ၊ ကျွန်းမျှားဒီပါ၊ စက္ကာဝါလုံး၊ ဖက်မသာနှုန်း၊ ထက်ပြဟ္မာဖုန်း

တို့တောင်၊ ရိုက်ချုန့်ရယ်ပဲ့တင်ညံ ၊×၊ ကော်ရော်သံ ကော်ရော်သံ၊ ဆင်ပန်းလက်စုံကျိုးတယ်၊ မျိုးလေးဖြာ၊ ရာရာကျော် - သက်တော် ရှည်စေကြောင်းငယ် တောင်းဆုခြွေ ၊×၊ရွှေအာဏာ ထက်ညာပဇ္ဇုန် - မိုးနတ်အမှုန် × ဖန်တော်ပုံ ဉာဏ်မြော်စုံ၊ ဖန်တော်ပုံ ဉာဏ်မြော်စုံ၊ ဘုံဝေယန် နိုင်ငံပြည်သူ ဧးစေဗိုလ်လူ၊ ရည်တူကြည်ဖြူ - ဗုဒ္ဓင်နွယ်ငူ - ရွှေနန်းစိုက်ထူ ထီးဖြူကာ ရှစ်သန်း ၊×၊ **ချတ်ချုံ**။ ။ဆန်းဆန်း (သဥ္စာကြာညောင် နန်းမြင့် ဗွေဆောင် ၂ ) ရွှေညဥ္ဇလွှာရုံ ညဥ္ဇလွှာရုံ ခြုံ ခြုံ ခြုံ ထွေး ထွေးထွေးစက်ပါသော်ပျော်ပေါင်တုန်လှိုင်း၊သံတဟုန် သံတဟုန်၊မာန်ဂုဏ်ဣန္ဒာဖြိုးဣန္ဒာဖြိုး၊ချိုးခြိမ့်ဆင်လာ ချိုးခြိမ့်ဆင်လာ၊မယ်ကျွမ်းကြွေကာ ကွန်းဗွေမှာ - စာစာနာကောင်းသင့်လျက်ပါ၊ ဖေါ်ကွာသူပူစေ၊ ဗျာနှောင်ခွဲလို့က်ဖို့ သဲရှိုက်ငိုပွဲ၊ ဇွဲတချီချီ-ကျူးရင့်ရွှေစည်၊ ရှစ်ခွင်မှာမင်းလွင်ပြာလို့ရို၊ ရာသီပွဲ ခါမှီနွဲ - ခြုံသလေလေ - ဆောင်ရွှေထဲမှာ၊ သဲတဉာဏ်ပိုင်ကဲမခံနိုင်၊ ဗျာပွဲလှိုင် ညာသဲဆိုင်၊ ညာသဲဆိုင် ဗျာပွဲလှိုင်၊ ပူဝန်ပိုပွားကာမှိုင်၊ ငိုကာ ယောက်ထည်းသာထိုင်။ ။

**မှတ်ချက်**။ ။ဋ္ဌင်းသီချင်းမှာ ရေးသူကိုမသိ၊ အချို့ ဆရာများက လှိုင်ထိပ်ခေါင်တင်က ခဲအိုတော်မင်းတုန်းဘုရားသို့ ရေးသားဆက်သွင်းသည်ဟု ပြောစဥ်ရှိ၏။

---

## ၂၉။ တောင်ဇမ္ဗူပိုင်သို့လိုက်သော - တောထွက်ခန်းယိုးဒယား

ပြည်ကပ္ပိမှာ၊ စံတော်မူရာ သိဒ္ဓတ်မင်း × လောင်းလျာ - သည်မှာ -ဗိမ္ဗာရွှေလှော်၊ သားတော်ဖြူဖြူ ရာဟုရွှေဘွဲ့နှင်း × မင်းမင်းသီဟာ ဗိမာန်နန်းငယ်ကသာဆန်းတဲ့ မြဖုန်းလျှံ၊ သန်းခေါင်ယံမောင်ဆန် - ကဏ္ဍိမြင်း၊ နှိုးတိုင်ပင် - ဗုဒ္ဓင်လောင်းတော်ရှင်း × တဏှာညွန် သည်ဝဲရေစွန် လွတ်အောင်ပယ်ခွါ - ရှင်းတော်မူရာ၊ ကြံစည်ဖန်လည် ရွှေပြည်သိင်္ဂါ - ဘုံဆောင်နန်းမှာ စံရှာပါလိုဘဲ၊×၊ (ရာဟုလာ - သားတော် ၂)၊ ညက်စွာဗိမ္ဗာရွှေလှော် သုံးဆောင်နန်းပေါ် - စွန့်ပစ်ခွါသော် လောင်းတော်မင်းမှာ၊ ထွက်ရှာပြန်တဲ့ရင်း × မောင်ဆန် ကျွန်ရင်းနောက်တော်ပါ၊ ကဏ္ဍကမြင်းကို စီးနင်းပေရှာ၊ သန်းခေါင်ချိန်ခါ-ထွက်တော်မူရာ၊ နတ်များစွာ၊ မီးဝါလာလို့လင်း × ရွှေစကြာယွန်းရှာ - ဘုန်းမျှားမင်း× နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့ရွှေသောင် ရောက်အောင် ကြံဆောင်ပြုမည်ခင်း × သွားလေရာ ရာသည်မှာ - လင်းပါဘိသနှင့်၊ မင်းမင်းဉက္ကာ၊ ပွင့်မည့် လောင်းလျာ၊ သည်ခါနိုင်လို ဇက်ကိုကိုင်ကာ၊ ရွှေမှာမာရ်နတ်သား ၊× နိုင်လိုရေးနှင့်တား၊ ပြန်ပါအုန်းတော့လား ၂၊ သွားသာစေ - ရွှေပြည်ကပ္ပိ တိုင်းလေး

အောင်ချာဆီ၊ မသီချင် - နေ့်မှာ သောင်ခွင်၊ ရေယဉ်သွယ်ဖြာ၊ စီးတဲ့ခြယ်လာ၊ သည်ခါကြုံလာ-ဗျာပါဆူဝေ နေတော်ကပ်အောင် - နေ့်မှာသောင်ခုံတွင်း ၊×၊ ဖွားဖက်မောင်ဆန် ကဏ္ဍကမြင်းလေးကိုတဲ့ စီးနင်းကေန် - ဖန်ဖန်ခါခါကူး တော်မူပါ၊ လျှောက်သနှင့်သာ၊ ကူးရမြစ်နေ့်မှာ ၊×၊ နတ်ဒေဝါများ ဆောင်ယူသွား × အိုဖြဟ္မာများ သက်န်းကပ်လှူငြား × ရွှေသန်လျက်ဓါး၊ ဆံတော်ပယ်ကာရှား ၊×၊ မြိုင်ဖျား၊ စွန့်ပစ်ခွါရှောင်သွား၊ ဗိမ္ဗာရာဟု ရွှေဘွဲ့ သားလေးကိုတဲ့ လားလားသူခင်ပေါင်၊ နန်းဆောင်ခွါရှောင် ပိုးလောက်မျိုး ကတိုးလေနံ့သာလိုပင် - လောကီသားတို့ ထင်မှားကြလျှင် သံသာဝဲမှာ – လွတ်ခဲမယ်လို့ထင်။ ။

---

### ၃၀။ တောင်ဇမ္ဗူပိုင်သို့လိုက်သော ဝေသန္တရာဘွဲ့ - ယိုးဒယား

တောင်ဝင်္ကပါ၊ မာလာ ကြိုင်လှိုင် မွှေးပျံ့သင်း × ဇာမရီ ဏေ်ကိန္နရာကိန္နရီ၊ ဝိဇ္ဇာတပသီ ဇော်ဂီပျော်စံခင်း ၊×၊ လောင်းမင်းဝေဿန် ရာဇာ ဖုန်းငယ်တို့သာ၊ ကျင့်သုံး - ဆောက်တည်ရာ၊ တောဟေမာ ဂန္ဓာ မြိုင်ညိုတွင်း၊ သီးရွှေဝါ ရသာလွန်ချိုသင်း × မဒ္ဒီမယ် ဖေါ်လဲမပါ၊ တောနက်ကန္တာလှမ်းလေသောခါ၊ ဒေဝါနတ်မောင် ဖန်ဆောင်ကူကာ၊ သစ်ကျားပမာ၊ ဆီးကာလမ်းမြောင်ဘေး × ။ ။(ပါရမီတော်ရှင်၊ ၂) သည်တွင် ဇာလီကဏှာပုဏ္ဏားဇူဇကာ၊ လှူခံလာရာ၊မကြာရွှေးရှုနှင်းလှူထည့်အပ်ပေး ×။ဇာလီရင်သွေးမယ်ကဏှာ၊ လွန်ပူဆွေး ထွက်ပြေးသောခါ၊ ပုဏ္ဏားယုတ်မှာ သားချင်းမစာ တုပ်နှောင်ကာ ရိုက်တွင်း သေလုရှာ × ဖ ရာဇာမင်းငယ် ငြိုးမိမှား၊ တဖန်လည်ခန္တီပရမေ၊ အောက်မေ့ဆီဖြေလောင်း - မြတ်ဖျား။ × ။ နတ်ခယ် မဒ္ဒီပြန်ကာမေးသနှင့်သာ ပုဏ္ဏားထံမှာ၊ ဇာလီ-ကဏှာ- သည်းချာ- နှစ်ဖေါ်၊ လှူလိုက်ပြီနေ့် မိန့်တော်မြွက်ဟကျူး၊×။ တောင်ညာနန်း မ မှူး၊ မြေမှာလဲလို့လူး၊ ။ မူးမိုင်ဝေ-၊ ထွေထွေရာရာ လှမ်းတငိုမိရှာ၊ ဝင်္ကပါ သေလာတောင်စွယ် နတ်ကယ်မူရာ၊ ကဲဆင့် ပူဗျာ၊ ပြန်ကာ လှန်ကာ ရှာသော်တွေ့ပေါင်-မြော်ကာထင်ယောင် – မြောက်တောင် ဘယ်ဆီမှန်း။× ။ မိုးဣန္ဒာပိုင်ရှင် သိကြားရယ်က၊ ပုဏ္ဏားသဏ္ဍာန်၊ ဖန်ဆောင်တူစွာ နန်းမယ် တောင်ညာ တောင်းသနှင့်သာ- လောင်းတော်မြတ်ရာဇာ ×ကြည်သာချီး- သောကမနှောင့်နှေး။ × ။စိတ်ဝဲယ်ဆန်ရွေး- တာတွယ်မပူဆွေး ။ × ။ ကြင်ရာရွှေသွေး နှင်းလှူထည့်အပ်ပေး၊ ငြိမ့်လေး၊ ဆုပန်မြွက်ဆိုဖေး၊ နောင်ဝယ် - သုံးဘုံကြူပျံ့ မွှေးသနှင့်သာ - တွေးချင့်ကြံရွယ်ကာ၊ ပါရမီ စာဂီပြည့်စေမှန်း၊ အောင်ခန်းလေ ခေမာနိဗ္ဗာန်၊ မဂ္ဂင်မှူးမည့် ကူးဘို့ရည်ပြန်၊ ဆုယူတောင်းတယ်၊ မြတ်လောင်းမင်းဝေဿန်။ ။

## ၃၂။ မြဝတီဝန်ကြီးရေး-တလိုင်းသံ

စိန်ကြယ်-ညီး၊ လင်းရောင်နွယ်၊ ရေယဉ်နန်း မြန်းစမ္ပာယ်၊ သုံးရွှေညာ မယ် - ငယ်ဆေးလေး၊ သင်းသင်းမွှေး ။ X ။ သောင်းသောင်းကြွေး- လွမ်းကြောင်းရေး၊ ရွှေဒွါလောင်း ရွှေတံမြှာ၊ ညှင်းညှင်းသာသည်လေ- ခါကောင်းရွှေး၊ လွမ်းကြောင်းရေး။X ။ ဆွေးလျ-ကြွေဖွယ်၊ မောင်မယ်တည့် ခေါ်ထူးဧး- ကျေးသာရကာစော- တောကမ္ဘိုင်းညိုလွှင်၊ ချစ်ဆွေ-ချစ်ဆွေခင်၊ သွယ်ငင်ဆိုတင်းမေး၊ ပတ်ခြံသံညှင်းကြွေး ဆွတ်ပျံ့သည်လွမ်းရေး။ နှင်းရွှန်းသာဟောမန်၊ လေပြန်လောင်း၊ ပြောင်းမည်ဟန်၊ မှန်နန်းကွာလှမ်းဝေး၊ ဆွတ်ပျံ့သည် လွမ်းရေး-တိုင်းကျေး ဘယ်မြေတာ၊ သုံးရွှေလုံးညာ X လေးတဲ့မူရာ၊မဉ္ဇူ မာလာ မြန်းတဲ့နေနှင့်ကြာ X လွမ်းရာဆင့်ဆင့်ဖြိုး၊ ညိုးလျဖွယ် မိုးက ထွေသံသာ၊ ရောငယ်လေး လျှံညီးလင်း၊သောင်ငွေသော်တာ-မျှော်ရာဝယ်၊မင်းမယ်နှင့်-ရေးမဆနိုင်ဝေးကဆွေးလျဖွယ်၊ သွယ်သွယ် သွယ်သွယ်၊ ဘယ်ဆီမှန်းမျှော် တမ်းဆွေးဟံသာနန်း ကွာလှမ်းဝေး၊ တိုင်းကျေးမြေတာ- တိုင်းကျေးငယ်၊ဝေးက ဘယ်မြေတာ၊ မျှော်တော်နိုင်ပါရေး ဘွေသီဟာ X ဘွေသီဟာ ။ X ။ မြင့်ညာပိုင် စိုးရဣန္ဒာ၊ ဖန်လာတည့် ဖန်လွန်းနွေး၊ လဲ့ဝေးငယ် ဝေးက တင်ဆင်ကာ၊ ကိုးရာမယ် ဖုန်းငဲ့ပြင်သာ၊ ဘယ်မှာမှ - သွေယှဉ်းနွေး၊ ရောယဉ်ထွေ ရေလှိုင်းဖွေး၊ ကျူးဧး ကျူးဧး၊ လေးထွေသံသာ၊ မိုးတိမ်တိမ်လွှာ၊ ညှိုးသိမ်နွဲ့ပါ၊ သိင်္ဂီဝင်းမှည့် ဆင်းရွှေညာပျော်မြူး ကျူးသံသာ၊သန်းရွှေညာငယ်လေ ကြာနန်းဖွား X သည်းချာ X စောဖျား၊ နိုင်သွေးငွေသော်တာ၊ မိုးတိမ်တိမ်လွှာ၊ ညှိုးသိမ်နွဲ့ရှာ၊ ဂီဝါရောင်ရှိန် စိန်ပွင့်သွေး X ကျူးဧးပြန်လှာ-ဂန္ဓာထုံရည်မွှေး၊ ကျေးရွှေသရကာ ခိုင်ညာရွှေမြုံထဲ နွဲ့ရွှေပျူငှါ၊ မျှားရွှေညီလာ X ဆယ်ကြာ၊ သွယ်ဖြာ၊ ပျော် တော်မူရာသာပါဘူးXနူးကြည်စွာ X သည်မှာမယ်ဆွေဦး X ကျူးသံသာ X သိင်္ဂီ မှန်ရွှေနန်း X ဆန်းသော်တာ X မျှားရွှေညီလာ X။ သောရာမြင့် - သုံးဆင့်သံချို မွှန်း၊ ယုန်ငွေဝန်း ဖန်ခါခါဆွေးကြောင်း။ ။ တိမ်ခြေငွေနှင်းပေါင်း ခါနွှေ ပြောင်းရှာပြန်လာ၊ သွန်းလောင်း၊ နန်းသူပူဆွေးကြောင်း၊ ဘွေသဉ်ကြာ၊ မယ် မှာ ခွေညှိုးပျောင်း။ ။

---

## ၃၂။ တလိုင်းသံ-ဘာသာခေါ် (အလေးမေ့)

(မြင်စည်မင်းသားရေးသည်)

တောင်တောင်ယံ တောက- မောလေအောင် X ဝေးကြူးသီခေါင် ယီ မှောင်ပြာလဲ့ ညိုဆိုင်းဆိုင်း X ဝေမှိုင်းမှိုင်း X လေး။ ပင်တိုင်းသာ၊ မာလာခိုင် ကြိုင်သင်းသင်း X။နှင်းရွှန်းဝသန်နွှေ X စုံမြိုင်ခြေဦး X သာဟန်လေ သာဆန်း ထူး X ငုံကင်းဖူး၊ ထုံသင်းမြူး။ ၂ ။လေပြည်ညှင်း သွင်းလုံ့ခြွေ - ရွက်ဝါကြွေ

လေ၊ နွေမူးမူး၊ မွေးမျိုးကြူး × ထူးထူးထွေလာ၊ ဝေဆာသည့်- ပင်လုံးလန်း ပန်းစုံမြိုင်တွင်း- သင်းတဲ့သင်းကြည်စွာ × ရေယဉ်သွယ်ဖြာ၊ တောမြောင်ဆီး ကာ × ဖီလာရင်ဘောင်တန်း × သီတာလေ မြောင်ပတ်သန်း ×။ သင်းပျံ့လှိုင် ကြူထုံ × မွေးရွှေဝတ်မှုံ × ပန်းက - စုံစုံ၊ သာနယ် ရဂုံ ကြည်းဖွဲ့ ရေယ မုန် × (သုန်သုန်လေပြည်သွင်း၊ ခင်းညှံ့ဘုံ၊ နှင်းနံ့စီစီရုံ × ၂) မှုန်မှုန်မှိုင်း နယ် တဝှန်း၊ အမှုန် ဆိုင် ဘွေ တ သွန်း။ ၂) လင်းရွှန်း အရောင် ဝေ × လင်း ရွှန်း ငယ် အရောင်ဝေ မြူခြေမင်မှောင်ဆိုင်း × မှိုင်းညိုပြေ၊ မှိုင်း ညို ပြေ လေ ။× စံရဝေ ၂ မန်းဘွေရွှေတိုင်ခန်း×နန်းအောင်မြေ×မျှော်လေခါခါပန်း× မန်းနယ် ဘွေ×မန်းနယ်ဘွေလေး×။ စန်းရောင်ရွှေ-နန်းငွေယုန်ပျံမွန်း၊ ပဏ္ဏဝန်းငွေသော် တာထွန်းဝင်း×။ မိုးယံမျှော်မိသေး ဖန်ဖန်ဆွေး၊ ပူဝန်ပိုပွားရင်း။×။ သုံးယံသံ နွဲ့ပျောင်း၊ သာငွေမောင်းက-ညံ့ညံ့ဆော်၊ ညဥ့်သုံးယံ သံနွဲ့ပျောင်း၊ သာငွေ မောင်းက ညံ့ညံ့ဆော်၊ ပျော်နိုင်ပေါင် မှိုင်ရက်ကယ်လင်း။ ။

---

## ၃၃။ ယိုးဒယား-တလိုင်းခေါ် ကြာစေ့ကောက်

နှင်းရွှန်းဂိမှာန် လေပြန်ခါနွေလောင်းပါလို့၊ ညောင်းညာကြွေ × မျှော် လေလေဆွေး၊ ရွှေပြည်တော်နယ် - တိုင်းဝေး။ × ။ သောင်းကျေးဒီပါဘွေ× ညီးလင်း အရောင်ဝေ × တောင်ရေဖီလာ၊ သီတာပတ်ဝန်း ယင်ဘောင်၊ ရွှေ အဏ္ဏဝါ။×။ရွှေရံကာ×ဘွေစံရာ× လေး၊ စံမြန်း လျှံညီးလန်းနေနှုန်းနန်း×မျှော် ရာထွေထွေထူးဆန်း ။×။ သင်းပျံ့လှိုင်ကြူထုံ × မွေးရွှေဝတ်မှုံ × ပန်းကစုံစုံ သာနယ် ရဂုံ ကြည်းဖွဲ့ရေယမုန် × (ရွှေဘုံ ဟံသာကွန်း လွှမ်းဖြေဆည်-ကျွမ်းမျှ နေမတည်။ ၂×)လေပြည်ညှင်းဆော်သွင်းမြူး၊မျှော်ကာခွေ ခွေယိမ်းမူး၊ ထူးထူး- ထွေထွေ၊ ထူးထူးငယ် မျှားထွေထွေ၊ သောင်ငွေယမုန်ထဲ×သဲခုံဘွေ၊× သဲခုံဘွေ၊ ငှက်ဖေါ်စုံရွှေ×။ နန်းရွှေဘုံမြေ မျှော်လေဝေး ဆွေးလျှဖွယ် × မြတ်ဆံတော် မွေ-စုံရွှေဦးဖူးစို့ဘဲ။ ×။ ခါဘယ်ဝန်းမှန်းသိ-ရမ်းနိုင်ဖွယ်× လွမ်းလွမ်းရန်ကြွယ် စုံနယ်သာ-သာမျိုးဆန်း ခိုင်လုံးလန်းသေး၊ ဂန္ဓာကြိုင်မွေးပန်း× မြန်းရွှေညီလာ ပင်နန်းရိပ်သာ၊ ကျေးရွှေသာရကာ၊ ဖေါ်ရှာလေ သွယ်သွယ်ရေး × ။ (လေ- သွေး-လှိုင်ကြူ - ခိုင်ပန်းမဥ္ဇူ။ ၃။)မြန္နန္ဒာမူ လိုဏ်ဂူနဲ့ ရွှေသဲေး×အို-ဖန်ဖန်ဆွေး လို့ မျှော်တွေးမူးခွေကာ ခွေယိမ်းနူး။ × ။ ဖူးရွှေစာညှိုးလျှက်ငယ်၊ နတ်ကယ် ဖန်ဘဲရေး မြင်တော်မူ-ပူဝန်ပိုပွားရေး၊ သုံးယံသန်းယိမ်းကျူး၊ ခေါင်လေဖြူး လို့ လင်းရောင်လာ၊ ညဥ့်သုံးယံ သန်းယိမ်းကျူးခေါင် လေဖြူးလို့ လင်းရောင် လာ၊ ပျော်ပါနိုင် မှိုင်ရက်ကယ်ဆွေး။ ။

## ၃၄။ တလိုင်း-တောင်ယံတောကြီး

တောင် တောင်ယံတောငယ်နှင့် မောလေအောင်× ဝေကျူးသီခေါင်-ရှိမှောင်ညို-ညိုဆိုင်းဆိုင်း၊ ဝေမှိုင်းမှိုင်းလေး၊ ပင်တိုင်းသာ မာလာကြိုင်ကြိုင်သင်း×။ နှင်းရွှန်းဝဿန်ရွှေ စုံမြိုင်ခြေဦး၊ သာဟန်လေ သာဆန်းထူး။× ငုံကင်းဖူး၊ ထုံသင်းမြူး၊ ဂေါ်ဇင်မင်း ဆင်းသိင်္ဂါ။ ဝင်းမှည့်ညှာငယ်လေ၊ သာယိမ်းနူး၊ မွေးမျိုးကြူး × ထူးထူးထွေလာ-ဝေဆာ - မြိုင်လုံးလန်း၊ ပန်းစုံမြိုင်တွင်း၊ သင်းတဲ့သင်းကြိုင်စွာ၊ တောင်စဉ်ရေယဉ်တော၊ ရဂုံညာ × သီတာရေကြည်လဲ့ဒေး၊ ငှက်မွန်ဖြေတင်းမေး၊ ပျူငှါသံကျူးကြွေး × ခါကူးဂီမှာန်ရွှေ၊ တောင်ပြန်ညွှင်းသွင်း သတ်လေဆော်သွေး-မျှော်တွေး၊ ဖေါ်ကာဝေး၊ ဆွေးပူ-နေနိုင်ခွေယိုင်၊ ဆွတ်ဖျန်း ဖြေဆည်နိုင်၊ × သုံးရွေလုံးပိုင်၊ နှင်းယွန်းဖွေလှိုင်၊ မဥ္စူကေခိုင် နွမ်းလျော့ သာခွေယိုင်× သည်မြိုင်ကြာရံတွင်း၊၊သင်းပျံ့လှယ်- ဝေးကစုံဘနယ်၊သွယ်သွယ်ငယ်လေ မျှော်တိုင်းပန်း၊ ငုံခြေမှုံရွှေ - ထုံလေပြေ၊ တိုင်းဟံသာ ဝေးမြေသီခေါင်၊ ကျွမ်းဖို့ လွမ်းဆည်ဖြေ၊ဆွေးဆည်-ပွေနည်- နေတည်ပန်းအောင်လဲ့ညှိုး၊ အာကာနန်းနယ်တရိုး၊ သွန်းဖြိုးမဏ္ဍာ သွန်းဖြိုးငယ်မိုးမဏ္ဍာ တံမြှာရွှေစည်ကျူး×ထူးသံသာ၊ ထူးသံသာ-မန်းညာရင့်- မိုးမြင့်သီလာ၊ ဣန္ဒာခု - ဖန်လွန်းသေး၊ ဆင့်ကြွေးငယ် ဝေးကထင်မလွယ်၊ ကိုးနှယ်ပြည့် သွန်းမည့်ပုံသာ၊ ဖေါ်ကွာသူ ပူလွမ်းရေး၊သီတာရေယဉ်ကြည်လဲ့ဒေး × ဖွေးဖွေး။× ဆေးလေး၊သောင်းကျေး ဗွေဒီပေါ်၊ ဆန်းထူးထွေလာ၊ ဆန်းထူးထွေလာ၊ ရောအဏ္ဏဝါခွေပတ်ဆီး၊ ညီးညီးလျှံဖြာ၊ ရွှေဒွါ-ရံရွှေလောင်း × သောင်းသောင်းငြာ × သီတာယင်ရောင်ခင်း × ဆင်းသိင်္ဂါ ဆင်းသိင်္ဂါ × သွင်းလေပြေလာ။ × ။ သော်တာငွေယွန်း ဣတိမ်လွှာဆန်း၊ ပုဏ္ဏိန်နန်းသီတဂူဝိုးဝင်း။ × လွမ်းရန်ဖန်ဘဲရေး၊ မြော်ကာတွေးညှိုးရင်း × ပါးမွှာထင်မူးမူး၊ သန်းယံကျူးလို့ သုံးပဟိုရ်ကျော်၊ ပျော်ပါနိုင်ဘဲလင်း။ ။

**သဖြန်**။ ။နှင်းနံ့မပြယ်၊၊ မျှားရွှေလယ် စမ္မာယ်ညီသည့်၊ ကေသီညွှတ်ရှုံး။ လေးဆူခေတ်ပုံ၊ မြတ်တိဂုံဆံတော်မွေမှ၊ ၂သည်မေပူရန်ခင်းငယ်၊တင်းဖန်ပါ့ဖုန်း။ ။

---

## ၃၅။ မွန်-ယိုးဒယား-တလိုင်း

စိန်မြ-လျှံခြယ်၊ သိင်္ဂီရောင်နွယ် ဇေးယဉ်လွယ်×ရွှေလယ်ပျော်ခတော်ကြူး× ထိန်အလျှံဝေ၊ ထွေဆန်း၊ စံခန်းနန်းဦး × ။ မောင့်မယ် ကြုံတော့ဖွယ် × ။ တောင်ရေမြေတနယ် × မယ်မယ်ကြံနိုင်ဘူး × ။ ထူးချွန်လေအောင် ×။ မှန်ဆောင်ညီးညီး လင်းလင်းထိန်ထိန် - ဖြာရှိန်ဝင်း၊ မစာ မညာလေ လောင်

ကြွေခွေညိုးရင်း × ညှင်းညှင်း သံသာ × ။ ပဉ္စင် ရွှေတံမြှာ၊ သဒ္ဒါဆယ်မွန်
ဝဇီရဇိန်ဝင်းရှိန်မှည့်ဝှန် ×၊ တောင်နှင့်ရေညွန့်ဘယ်မြိုင်နယ်စွန်၊ မြန်းလိမ့်ညာ
ရွှေမွန် × ကဲလွန်ဆင့်ဆင့်လောင်း၊ နှောင်မြင့် ငယ်လောင်းမင်းမယ်ဆွေကျွန် ×
လွမ်းဝန်ထပ်ဆင့်ဖြိုး ညှိုးလျှဖွယ်၊ မိုးစုံတသွန်၊ (သာသာလွန်း ၂၊)ဆည်ဆည်
ဖြေဖြေ ရွှေရွှေ မွန်မွန်၊ နန်းညာမယ်၊ ဆွေးစ လိမ့် လေး၊ ဝေးကတွေး ညာဏ်
ညွှန် ×၂ ကျွန်းကျွန်း လွမ်းဆွတ် ဖျန်းဝတ်နန်း၊ သင်းမြူး ဖုန်း ကိုယ် တော် သွင်၊
မြင်လဲတိမ်းမူ၊ ဆန်းဆန်းထူး၊ သဲကျွေလုဖွယ်ရေးရာဆင် ×၊ နန်းမြင့်ညာနွယ်
လေးမယ့်ခင် ×၊ ညွတ်ကာစေဝယ်၊ ဆွေးဖွယ်ပင် - သည်ရွှေဘွေခွင်၊ မောင့်ရယ်
ကြုံအင်၊ မြင်တော်ဘဲ သဲဘွင်ဝယ်- ညွှန့်မဆံ့နိုင်ကျွမ်းလို့ လွမ်းနှောင်ဖြာ × ဆွတ်
ဖျန်းဝတ်နန်းသင်းမြူး × ဖုန်း၊ ကိုယ်တော်သွင် - မြင်လဲတိမ်းမူး၊ ရှိန်းရှိန်းနူး၊
ကျူးရင့်ဧးလို့ လေးဒီပါ × ဖူးပွင့်နွေးလို့ တွေးယောင်ကာ × နေနှယ်ကြာ၊ ကြေ
ညာနီးဝေး၊ မေးဖွေရှာ၊ တိုင်းကျေးမြေတာ တိုင်းကျေးငယ် ဝေး မြေတာ၊ ×၊
ဖန်ရာလွန်ကြည်ကွဲ × ကြုံတော့ပြန်လာ ×၊ စံရာလယ်မို့၊ မြင့်တိမ်လွှာ၊ ဘယ်
မှာမှမယ်လွမ်းနဲ၊ မယ်မယ်ပူအင် မြင်ရက်ဘဲ × သဲလောင်ခကြွေစေ၊၂×၊ဖန်ရေရေ
ဆည်ဆည်ဖြေဖြေနေလို့လဲ × တန်လဲစေ × အဏ္ဏဝါရေယဉ်ဝဲ × မြခဲထွေ ×
ဆည်ဖြေနိုင်ကြည်ဘဲ × တင့်ရဲလေ ×၊ ဖန်ရာသွယ်ခွေ ဘွေပြန့်ထဲ၊ ခုသဲကြွေ ×၊
ခုသဲကြွေဖွယ်စေ ×၊ ၊နတ်ရေကွန့် နှင်းညွှန့် – လေပြေမောင်း၊ ရွှာပြန်လာ
သွန်းလောင်း × နန်းရွှေမြေတိုင်းခန်း ရွှေညီလာမင်းပေါင်း၊×၊ သဲကြွေ၊ နေ
နူန်းနန်း၊ ဘွေသဉ်ကြာ၊ မယ့်မှာ ခွေညှိုးပျောင်း။ ×။

---

## ၃၆။ ပြင်စည်မင်းသားရေး - ယိုးဒယား

ကောင်းခြီးသင်္ခါ ရွှေနေဇာ၊ ဖုန်းမိုးစွေကာ သွန်းဖြိုးစေရာ၊ ဟံသာ
ဘွေ - သောင်းမြေရွှေဘုံဦး × ဩဘာတော်သာ ကျူးရင့် ကြွေးကြွေ်ငြာ ×
ပိုင်စိုးသောင်းမြေနယ်ဒီပါ × (သီတာဖီလာ ရာဝန်းသွယ် - ပင်လယ်ဝေမို့၊ ရေ
လှိုင်းပြိုင် ၂) (လေးဆိုင် × လေးဆိုင် ×) ဆယ်ခိုင်စုံကြာ - ရှိဦးခိုလှုံကာ၊ ×။
မြန်ဇမ္ဗူချာလုံး၊ စံမတူရာဖုန်း ပြည်ပြည်ခွန်ယူ ကျုံးလိမ့်ရွှေတေဇာ၊×၊ (ထီးရာ
ပြည်ပြည်မင်း နှင်းပုံလာ၊ မျှားလွန်းစုံပဏ္ဏာ ×၂)၊ ဘုန်းပန်းမင်္ဂလာ၊ မှန်ဏ္ဍာ
ညွှန်း၊ မြမန်း၊ ဘုံရဝေ၊ ငွေစန်းခြွေသန်း နေနန်းလင်းထွန်း × တိမ်ဆိုင်းဝေ မ
မျှောင် ×၊ ဝင်းရွှန်းဖလ်တန်ဆောင် × သာခေါင်ဖြာရောင်၊ရွှေတောင်သို့က်ညွှန်း
နေရဏ်ဘွေ မဏ္ဍလာ၊×၊(ဝေဆာကြိုင်ကြိုင်လန်း၊ ပန်းမာလာ မွှေးပျံ့ရွှေနန္ဒဝ ါ၂
သာယာမျိုးကျူး၊ လေပြေလေညှင်းမြူး၊ ( ထူးထူးထွေထွေ ထူးထူးငယ် မျှား

ထွေထွေ) စုံခြေ ရဂုံတော × ငှက်မှန်ငယ်လေ၊ ဖေါ်ချင်းနှော၊ စောမယ်မောင် ရေညို - သီတာယင်ဘောင်ဖြူသဲကျွန်းငွေသောင်၊ ၂) လွမ်းအောင်ဖန်လာ ရေး သံသာချိုကျူးဧး၊ ၊လေးဒီပါကျွန်းကျွန်းပိုင်ယူကျုံး၊ တေဇာဖုန်း ရွှေအာ ဏာထွန်းလင်း၊×၊ မန်းမြေတောင်မျှားထီး၊ ရွှေပြည်ကြီးတည်စံရာ–ရှန်းဝင်း×၊ စကြာပိုင်စိုးမြန်း ဆယ်ကြာပန်းဦးနှိမ်ကာ၊ မင်းမင်းငယ် လေ စက် ဖွား တော် ရင်း။ ။

---

## ၃၇။ တလိုင်း ၁၂ – ခန်း

ဝေယန် သိင်္ဂါ မိုးညွန့်ခင်း၊ ဆဒ္ဒန်ရူဇာ နတ်သ နှင်း၊ ဣန္ဒာသည်မှာ နှုန်း ရဖက်မယှင်း၊ ၊ညှင်းညှင်းပဒ္ဓင်ရွှေတံမြှာ၊ ကျူးဧးကျူးဧးတံမြှာလေ၊ ဆော် သံဝါရှန်း၊ လွမ်းဖွယ်သာ၊ ညွန်းရှယ်ကာ – သီတာရေခွေ ဝန်းမြောင်လို့၊ လွမ်း နှောင်ရွှေအဏ္ဏဝါ – ကြင်ဖေါ်ကွာ၊ မြင်တော်သာလေ၊ မျှော်ကာပူဆွေးရင်း၊ အိုပျော်တဲ့လင်း၊ခင်းစံဘွေသယ်၊ငွေနှင်းမှုန်ခြယ်၊ ညှင်းသာလေဝယ်၊ မျှော်တယ်- ပြေဘဲလင်း၊ စံခင်းဘွေပေါင်၊ ကိုယ်ထူးပျော်ယောင်၊ မှိုင်နွဲ့ခွေယိုင်၊ သဲဆိုင် လောင်ကျွေကျွမ်း၊ ဖန်ဖန်လွမ်းရသည် ပူဘန်ပွားရင်း၊ တိမ်စင်ငွေစန်းမှာ၊ ထင် တော်သာခု – ရွှေရုပ်သွင်၊ မြင်လာပြန်ရက်ကယ်လင်း၊ နှင်းလှိုင် ပျံ့ခင်း စံရာ၊ သင်းကြိုင်နံ့ ပန်းမာလာ၊ ကေသာကြော့မြဆံကြာ၊ သိမ်းနိုင်ပါခု ပူဝန်သွယ် ဖြာ၊ ရွှေသဲဘွင်မှာ မရှင်ပါနိုင်ဘဲကျွမ်း၊ လွမ်းဖြေပုံသည်ဝယ်၊ တောင်နယ် ထူးဆင့်ကဲရင်း၊ ရွှေနေရုဏ်ညီသာ၊ ဒီပါပျံ့ ထုံနံ့သင်း။ ။

---

## ၃၈။ ကောင်းခြီးသခ်ါသို့ လိုက်သော – ဘုန်းဘွဲ့ ယိုးဒယား

သောင်းလုံးမြေချာ - ကြွေးရင့်ဖြာ၊ နှုန်းရှောင်ပယ်ခွါ၊ ကုန်းဘောင်နွယ် လာ လေးဒီပါ စကြာပိုင်သိမ်းမြန်း × ပြည်ရွှေရဘနာ နန်းမြေဘုံဘိုင်းခန်း×၊ ငြိမ်းချမ်း - ငြိမ်းချမ်း၊ ပွင့်လန်းစည်ပင်သာ ×၊ တရာပြည်ထောင် ဝပ်လျှိုး စင်း၊ တေဇာဂုဏ်ပန်း ယုန်စန်းလင်း၊ သွင်း ပဏ္ဏာ ပဏ္ဏာ၊ နှင်း ကညာ ကညာ၊ နတ်လူပြုဟဲ့ာ ကောင်းခြီးကြွေးကြော်ငြာ ×၊ ဘူမန္တလာတွင်း၊ ဓမ္မကွန် သာ သနာလင်း၊ မိစ္ဆာ ရန်မှောင် ကွင်းသေရှောင်ပယ်ခွါ ×၊ (ရိပ်ရာ ဆက်ခံ စိုး၊ မျိုးဝံသာ ဗောဓိငုံရွှေအာ ၂) ဆုကြီးပန်ဆင်ရာ၊ ကြည်စွာ – ဖြောင့်စင်း × အောင်မြင်လွယ်တကူ၊ တည်ကိန်း၊ ပြည်ငြိမ်းရွှေစည်ဟိန်းတယ်လေ လေးသိမ်း တော်မူ ×၊ ဖြန့်မိုးကနက်ထူ ဆုတောင်းသောင်းမြေငူ × ရိပ်ဖြူဆင်ယင်၊ ဆယ်

အင်ပြည့်လျှမ်း၊ ချစ်ပန်းငယ်၊ ခြယ်ခြွေယူ x ၊ (ဘယာ ကင်းစင်ဝေး၊ မွှေးလှိုင်ကြူဧးလေ ပြည်တော်သူ)၊ x ၂၊ မြူရန်ကင်းဝေး ရန်ကင်းဝေး ပါရမီစာဂီတော်ကြောင့်လေး၊ ရန်ကင်းဝေး၊ (တိုင်းကျေးကျေညာ၊ နတ်နန်းဝတီ သာ၊ ပမာပုံမခြား၊ ဒေဝရိန်ငယ်လေ မာဃိန်ဖွါး၊ မျှားပြည်ထောင် ထံရင်းခွန်သွင်းဝပ်စင်းခြွေနှောင် ရာမင်းကောဥသျှောင်)(လူ့ဘောင်နတ်ခွင်ဧး၊ ဗြဟ္မစိုရ်ရေ တိုက်ကျွေး၊ ၂ ၊ ရေးခြယ်လှယ်၊ နေမင့်နွယ်တော်ရင်း၊ တေဇာလင်းရှိန် သမ္ဘာကဲမိုး၊ (ရာပြည်ထောင် ခေါင်ထိပ် နှင်းအောင် စည်ညွှင်းလို့ မင်းဗိုလ်ပုံ၊ ၂ ၊ ထီးရာခိုလှုံစုံဦးညွှတ်ကျိုး။ ။

---

## ၃၉။ ဘုန်းတော်ဘွဲ့-ယိုးဒယား

မြန်သပြေညာ၊ကျွန်းဒီပါ x ချီးအံ့ဖွယ်ရာ၊ ပြည်သိဝံနန်းညွန့် မှန်းရွှယ်ကာ၊ မျှားဗိုလ်ပါ၊ လိုရာဆုပန်တောင်း x ငြိမ့်ညောင်းငယ်သံဝါညံ့စာ၊ နေဝံသာကုန်းဘောင်နွယ်လာ၊ ညွှတ်ပျောင်းစေရာပိုင်စိုးမိုးမြေချာ x ဖြိုးဖြိုးဝေဆာ x ရွှေတဲ့ ရွှေသမ္ဘာ၊ နိုင်ငံတော်ရေး လွှန်သာယာ၊ ရာပြည်ထောင်မင်း-ဆက်သွင်းသာ x တေဇာဝေဖြာ-ရွှေဗျာသန်းတယ်၊ ဆောင်ဆောင်နန်းမှာ-မြန်းတော်မူ၊ စံမတူ စံမတူ ပြည်ပြည်ထောင် - မင်းမြတ်မှန်ကူ၊ ရွှေဘုန်းလှိုင်ကြူ၊ ကျော်သောင်းနယ်ဇမ္ဗူ၊ ဘုန်းဝေမြတ်နေနတ်-နှစ်ဆူ။ ။

**အထူးမှတ်ရန်။** ။ဧင်းသီချင်းသည် ပဋ္ဌမ သင်္ဂါယနာတင် မင်းတုန်းမင်းဘုရားနှင့် ညီတော်အိမ်ရှေ့ဘုရားနှစ်ပါးကို၊ ချီးသောဘုန်းဘွဲ့ဖြစ်သည်။

---

## ၄၀။ မန္တလေးမြို့ဘွဲ့-ယိုးဒယား

မန်းလေး တောင်လကျာ၊ဘုန်းလေး နေလ၊နှုန်းလေ တေဇာ၊ဝင်းထိန်လို့ဝါ၊ မျှားစွာဗိုလ်ခြေ ဝေနေပေါင်း၊ ကောင်းအောင်ခုံ၊ ကောင်းအောင်ခုံ၊ ဗုဒ္ဓင်လောင်းရယ်-နန်းသစ်တည်ထောင်၊ မင်းမျှားနှောင် ကုန်းဘောင်နေညွန့်သွေး x ဒီပါမြေပေါ်ကျော်နံ့မွှေး၊ ဘုန်းတော်ဟုန်-ခြောက်ဘုံနတ်ရွာ-ကြေညာကြွေးတယ်၊ ဘေးတော်မြေးမှန်၊ ထီးရာစံ-နတ်ဖန်ကူလို့ပေး၊ ရွှေဘုန်းတော်တေဇာ-အာဏာ၊ မန်းလကျာ၊ ပြည်ရွာ-ရေသို့ဧး x ၊ ကုဏ္ဍာ ကုဏ္ဍာအိုင်မြတ်မင်းငယ်မင်းငယ်လေး၊ ငါးမည်ငါးမည်ကြာနံ့သင်းတယ် သင်းတယ်လေ x ၊ ရှင်ရင်းလေးမြတ်စွာဗုဒ္ဓါ၊ ဓမ္မစကြာတရားကိုလှု၊ ဟောမိန့်သံကြားပါလို့-၂၊ ဖေါ်မျှားတဲ့ မိဂဒါဝုန်၊ ဖေါ်မျှားတဲ့မိဂဒါဝုန်၊ သည်တောမှာ မောင်ရဲ့ သာလို့စုံ

သာလှိုစုံ×၊ယဉ်ရော-ပတ်ကာဝိုင်းတယ်၊တိုင်းလေးဌာနီ ရွှေဘုံသီဟာနန်း၊ရေယဉ် သွယ်ဖြာ စီးလာမောက်-ဖြိုး၊ ရွှေသည်မိုး၊ ဘုန်းတန်ခိုးကြောင့် ရွှေမိုးငွေမိုးရွာ၊ ဆင်ဖြူရတနာ ဆက်မည်ရောက်လာ၊ရွှေဘုန်း နေသို့ဖြာ၊ရောင်ထွန်း-ရွှန်းတေဇာ၊ နန္ဒာရေဝန်းညာက-ပတ်လည်ကာ၊ ရွှေမန်းတောင်တော်သာ၊ အို - ဆန်းပါပေ့ ဝတီ စံပျော်ရာ၊ အိုလေစမ္ပာယ်မြန်းတယ်၊ မန်းလေဌာနီ၊ တိုင်းလေရွှေပြည်၊ ပုံဝေးလို့ ရောက်လုပါပြီ၊ တိုင်းဌာနီ သာကိနေညွန့်သွေး။ ။

**မှတ်ချက်။** ။ငင်းသီချင်းသည် အလွန်ရှေးကျသော စင်တော် မင်းသမီးများဆိုသော သီချင်းတည်း။ ။

---

## ၄၁။ ယိုးဒယားသံဟောင်း

နှင်းရွှန်း သာဟေမန်၊ လေပြန်သွင်းလို့၊ ညှင်းညံ့ညံ့၊ တိမ်ယံ ကွန့်ဆိုင်း အိုလေမျှော်တိုင်း မှိုင်းမှုန်ဝေ၊ ဖန်လဲရွှေသဲငယ်သာ-ပူဗျာပိုစေ၊ ဆည်ဖြေ၊ သည် မေလွမ်းရ ရေးပျောင်း×၊ ဆွေးကြောင်း ရှိုးပေါင်းကံ၊ ပန်းမာလီသင်းပျံ့ ဆင်း ရွှေလျှံ၊ သာဟန်တင့်ကျူး၊ ထုံမှုနိုင်ညှာ-မာလာဖူး၊ ကူးနွဲ့ပျံ့ဝဲဖေါ်စုံ၊ သိုက်မြုံ ကွန်းဘွေ၊(မှိုင်ခြေခိုင်ဝေ ၂) စိမ်းလဲ့လန်းမောင်း ×၊ သာတောင်းလေ၊ ညောင်း သိင်္ဂါ မိလ္လာသင်းစွာ၊ (ရေမဏ္ဍာရွှေကန်မှာ-၂) မြူးကြသောင်းသောင်း ×၊ ရွှေ ယင်ဘောင်၊ မယ်မောင်၊ ဝေဆာ၊ ဟသာင်္ယလေး၊ ကြွေးရင့်ညောင်း ×၊ တောင်စောင်း၊ သာပေါင်းငယ်ထွေထွေ၊ ဖေါ်ကွဲလွမ်းဖွယ်သည်ဝယ်စေ၊ ဟေ မာသေလာဘွေဦး နွေယိုင်ကာသာမူး၊ ကြည်နူးရွှေဖူးစာငယ် ဖန်တယ်၊ နတ်ကို (သူဇာလို မူရာပို ၂) တောမြိုင်ညိုဖျား ×၊ ဆိုင့်ဆိုင့်ယောင် မှားမှား × ညှိုးပျို့ဖွယ် သားသားသား × ဆွေးဝန်ထပ် ပွါးပွါးပွါး။ ။

---

## ၄၂။ မော်ပြန်ယိုးဒယား

နန်းသီဟိုဠ်၊ ရေညိုဝန်းခွေရံကာ၊ မိမာတာ-သည်းချာလှော်ရွှေသွေး၊ ခွံ့ ယူကျွေးတဲ့ မော်ရဂုံ၊တူပျော်ပုံ သာစုံ ကန္တာကျေး၊ ညီနောင်လေးတို့ တူပျော်စံ၊ သည်ကမ်းယံ မော်ပြန်ဖေါင်နှင့်ကူး၊ × လူးလာလူးလာ၊ ယီးယိုလေလေဟာ- ဆွဲတညီညာ၊ ×၊ ယမုန္နာထဲ တူနွဲ့ပျော်ပျော်၊ ဝဲဒိုရေမော် လှိုင်းကြက်ခွပ်ဆော် သွင်း ×၊ ငမန်းဆောင်၊ ညီခင်စီရင်ငြား၊ အိုဆောင်ရွှေခါးနှင့် ရန်ကိုပယ် မော်ကမ်းနယ်-ပြင်ကျယ်ရောက်လုနီး၊ အိုရေညို ခွေပတ်ကာ × ။ မာတာလှယဉ်

ကျေး × ဂန္ဓိသူမွေး။ ညီနှစ်ဖြာ မော်ပြန်ဖေါင်စီးယီးယို လေလေဟာ။ ×။ ကြေးညံစာ-စင်ရော်ငှက်ကယ် - သဲနှင့်သောင်တင် ကမ်းနှင့်ရေဆိုင်၊ ဝဲယှဉ်ပြိုင်မော်တင်၊ ကျောက်ဆောင်၊ ပန်းပူလေအောင် ပန်းပူလေအောင်သာ။ × ။ မှော်ကျေးကမ္ဘားယံ နက်သန်သာတဲ့လမ်း။ ။

---

## ၄၃။ ယိုးဒယား-သမင်ရိုက်

မော်ရုံ ဟောဝန် တောမြိုင်စွန်၊ ဘုန်းဝှန်ရာ မင်းငယ်တောင်ညာ မြင်သော်လွန်ပူဆာ၊ ယခုပင် မွေးချင် ခါခါတောင်း။ ။အို-နန်းရွှေချိုင့်လှောင် ထားရအောင်၊ စွန်တောင်စကြာ လေးတော်ကိုင်ကာ၊ လျင်စွာမြန်မြန်၊ ဖမ်းမခံ၊ ၂၊ ချော့ကာမှသာ ယူသွေးဆောင် ဝေးရပ်တောမြိုင်ချောင်၊မြအရောင်ဖြာ၊မြေစာလက်တော်ကမ်း၊ အို-ပန်းဖွယ်စေပင်၊ ဆန်း ရွှေသမင်ငယ်လေ၊ ရုပ်သွင်ရွှေသား ထင်မှားအောင်ဖန်၊ လေးသွဲ့ငယ်ရိုက်ဟန် ငြိုးမာန်ထပ်ဆင့်ပြန်၊ မာယာငယ်သူကြံ ဘုန်းငဲ့ထံ၊ လက်လှမ်းသူသာ နီးမခံ၊ ပန်းမာလ်သင်းကြူ ကြိုင်လှိုင်မွေး၊ဝေး အဝေးရပ်-သွေးဆောင်ကာ၊စံခန်းငယ်ပုံကွာ၊တောကန္တာ၊ စိတ်စွဲမာန်ပါ - ရိုင်းပြသူသာ၊ သေကံငယ်ဆော်လာ၊ ဥာဏ်ဖန်ကူ၊ မြိုင်ငူ မဥ္ဇူခိုင်ညာလန်း ပန်းအောင်သာ၊ (ရှောင်ရှောင်ခွာ ထပ်ထပ်ခါ)၂၊ မျက်တော်ပွားပြန်ချေ၊ မုန်းဖွယ်မူထား၊ ဖြစ်လားထွေထွေ၊ သေလိုငယ်သေစေ-သာနွဲ့ရိုက်ပြန်ချေ။

---

## ၄၄။ ကရောင်းလိုက်-ယိုးဒယား

အိုလေ တောမြိုင်စွန်းက၊လွမ်းအောင်ဖန်၊ မကြံနိုင်၊ ကိုယ်ထူးကြုံရပြန်၊ ချစ်တဲ့သူ သခင်မြင်လှာအနှန်းဖျော့၊ သုံးရွှေရင်၊ ဖုန်းကေရှင်၊ သခင်ဘုံပျံနန်းမှာ-ဆန်းရုံခြယ်။ × ။ သက်လယ် သက်လယ်ရွှေသွေးရယ်၊ 'မကြင်နာ စိမ်းတော့စိမ်းရက်တယ်၊သက်လယ် ရွှေသွေးရယ်၊မကြင်နာ စိမ်းတော့ စိမ်းရက်တယ်။×ရာကျော်သက်ပန်၊ဘယ်ရွှေကံငယ် စိမ့်ဖန်လာခြယ်၊ ကြင်စဦးကို သွေဘူးနတ်ကယ်၊ သုံးလေရွှေကြော့မယ်။×။အိုဝေယန်ဖျား×။သိဿိင္ဒြစား ဟော ဆောင်သွားပြန်ဟော ဆောင်သွားပြန်၊ လောင်ကြွေကျမ်းအောင်လို့၊ လွမ်းစေဖုန်းခင် ကြုံရပြန်၊ ။ချွတ်။ နတ်ကယ်ဖန်၊ တိမ်ယံဘုံလယ် - ညိုးညှိုးငယ်ငယ်၊ ဝေယန်ဦးမှာ-ကြော့မှူးညာမယ်၊ ဆွေးဖွယ်ပူရန် ဘယ်ကံဖန်ကူ၊ စုံမတူ နန်းသူ ပုံမှန်၊ ကိုယ်ထူးကြုံရပြန်၊ ရွှေဘွင်ကြွေဆွေးရန်။ ။

## ၄၅။ ရေလား-ယိုးဒယား

သောင်းသောင်းညှိ၊ ကြင်ဖေါ်-စင်ရော်မောင်နှံ နှဲလို့ဝဲကာပျံ့×။ မောင်နှံ့ ဘောင်ပံရိုက်ဆော်သွင်း ×။ သောင်တင်းခေါက်ရှာ – ဟသ်ာပျံရောက်လာ × ကူးကာ၊ လူးလာ၊ ရှင်မြူး ပျော်ကြရှာ× သောင်ပေါ်–အောင်တော် ထူးပါလို့ သာ၊ ကျူးရင့် ညှံစာစာ × (မြစ်မင်းအဏ္ဏဝါ၊ ပျံကာမြောက်တောင်၊ ကျော်ကော် ဆောင်ဟိုဖက်ကမ်း[၂])။ ။ရွှေ–ယင်ဘောင် မြောင်ပတ်သန်း၊ လေလျှင်ဆောင် တောင်ဖြန့်လှမ်း ×။ ချည်ခင်စွတ်ကယ် ဝံဘို၊ ဘွဲ့သောင်ခရီးမှာ–ရေဖေါင်စီးလို့ ခို[၂])။ နေညိုညို၊ လှမ်းရန်ပိုမို–ဆိုငိုချင်ဖွယ်၊ ပင်လယ်သီခေါင် - ရီမှောင်ညိုလို့ ဆိုင်း၊မန်းသာကီ ဌာနီရွှေပြည်တိုင်း၊ မှိုင်းလို့ရီပြာ၊ ရွှေနန်းအောင်ချာ-မြော်ကာ မြင်မိမှား၊ မှိုင်းလို့ရီပြာ ရွှေနန်းအောင်ချာ၊ မြော်ကာမြင်မိမှား။ ။

---

## ၄၆။ ယိုးဒယား-ခြူချာအလိုက်

လှမ်းပိုအောင် ညိုမင်းလှင်၊ လေပြည်ဖြိုး တိမ်ခိုးလှင်၊ မျှော်လဲဆွေး ဘဝင်၊ ကြွေကြင်ဆွေလျှာ - ပင်တိုင်ဝေဆာ၊ နွယ်လာမင်းငယ် သာသည့်တာ×။ အိုကြုံရမောင့်ကံနွယ်၊ လှိုင်ကြွယ်သင်းကြူ ဂေါ်ဇာကြိုင်ပျံ့ရှား၊ ရွှေဆပ်သွား ရယ် ခိုင်မဉ္ဇူ ×။ အိုလျှံညီးလင်း×။ ပျံ့သင်း သဉ်လည်ဖွေ၊ ပျော်မူးမြရည်ရွှေ စက်ပါရော့လေ×။ ညဉ့်ရုံတော်ထူး×တိမ်ဦးနန်းဘုံဘွေ၊ ခွာသင်းလို့ညှင်းမှုံခြွေ လုံပါနိုင်ဘူးသေ့×။ အိုလေးရွှေစက်တော်×။ ဖေါ်နှောကျွန့်ထိပ်ချာ၊ နွှဲနန်း စိုးမည်သာ၊ စက်ပါရော့ဖျား။×။ ရွှေဘုံကြငှန်း × စံမြန်းစံမည့်သူ၊ အိုဘာကို စိုးရတုန်း၊ မျိုးမြတ်သူ ဆွေးပူသင့်ဘဲ။ ။

---

## ၄၇။ ယိုးဒယား-ကြေးသွား

တောနှင့်တောင်စွယ် – ပြောကြမောင်မယ် (ငှက်ကယ်လူလို သံချိုနှော လို့ ပြောကြပြန်သကို×)[၂]။ သိုက်မြုံမှာလေ စာခွံ့ ကျွေး ကျွေးတယ်ကို၊ တကိုယ် ရေပန်းစေ မြိုင်တန်းဝေ × ဖိုမ မောင်နှံ မောင်နှံ တောင်ပံ ချီကာတွဲလို့ ဝဲ ကာပျံ ×။ တွန်ကျူးကျော်ညံ ငှက်ပေါင်း ပျော်ကြပြန်၊ မြိုင်စေခင်းမှာ တူစုံ မောင်နှံ၊ [၃]၊ ကိန္နရီဟန်တွဲလို့နွဲကာပျံ။×။ ကျူးကြော်ညံ၊ တိမ်ယံအာကာထဲ၊ မြင် လာဘဲ၊ သည်မောင်ပူဆွေး ကြုံရပြန်၊ နတ်ကယ်ဖန် ဝေယန် အာကာထဲက မဲမှောင်၊ မင်ဦးရီမှောင်တိမ်တောင်၊ ခြယ်ဆင့်ဆိုင်း၊ ရှုတိုင်းရယ်၊ ညိုရောင်ပြာ ရီ[၂]၊ ဘယ်ပန်းချီဟန် ရေးလို့ စံမှီ။ ။

## ၄၈။ တောတောင်ဘွဲ့-ယိုးဒယား

လွမ်းဖွယ့်သာယာ၊ နန္ဒမူချာ လိုဏ်ဂူသေလာ၊ နတ်တို့ဝိဇ္ဇာ ဣဒ္ဓိလိုရာ၊ ပြဒါးငုံ ဂါထာကျူးရင့် ကြွေးကြော်ငြာ ။ × ။ ဘူမဏ္ဍလာ ရှိမ်းနှင့်ဆာယာ၊ သက်ပြောင်း ကိုယ်ခွာ ဗဟိုဖိလာမြန်း × လှမ်းကြ လှမ်းကြရှာ၊ လမ်းကန့်လမ်း ကန္တာ။[၂]။ အာကာတိမ်ဘုံ မြန်းကြွချာန်ဟုန် ပြဒါးကိုင်ငုံ လိုတိုင်း သူတို့ခုန်×။ ထုံဂန္ဓာ တောကသာစွာ၊ အင်းမျိုးဝိဇ္ဇာ ရွတ်မန်းမှုတ်ကြရှာ ။ × ။ ထူးခေါ် ယောင် ဖိုးခေါင်သာရကာ ခေါက်ရှာမယ်လျှ ဖေါင်းကားတမာ၊ ကျေးနှင့် သာရကာ၊ လေသာ လေသာ လေဝေဆန်း ကန်နန်း ဖြေလျှမ်း၊ ပျော်စမ်းလေ ကုဏ္ဍလာ။×။ (တိုးအောင်းကိန္နရာ[၂])မြိုင်ချာ၊ လိုဏ်သာ ရွှေကူဇာမရှိ၊ ဘွေ့မူ မြန်းကြွ ဟန်ယူ၊ နန္ဒမူရွှေဇော်ဓိ ရွှေညီမြောင်ဖိလာထွေဆန်း၊ ပျော်ခန်း သူတို့ ဂနိုင်ချာ၊ ကုန်ဆန်းပါလှ ရေကန်သာ၊ မြူးပျော်ကာ၊ နေစာမြက်ကို၊ စားလေ ခုတ်ထွက်ငဲ့ကွက်ကြည့်မှိုင်၊ ပန်းဝတ်လှိုင် ညှာဆိုင်ဝတ်ကို၊ လှမ်းခြွေဆွတ်ယောင် လှမ်းခြွေဆွတ်ယောင်သာ×။ ချစ်တင်းဘာသာ ပျူငှာ ခေါ်တ,မြူး။ ။

---

## ၄၉။ ယိုးဒယား-တောဘွဲ့

မြိုင်ဂန္ဓမာ၊ ပန်းမျိုးစုံစွာ - ပေါ်ကြတယ် တောဟေမာ × ပင်မင်း ဆင်း ရွှေဝါ × ဇီဇဝါငယ်လေး ခတ္တာရော × မြိုင်ခြေသာမော စုံလင်စွာ၊ ညှာကြွေ ရော၊ မှုန်ပြာရီရော၊ တောသာဟန် × အို-ပန်းမာလ်ဝေဆာမြူး ×။ ရွှေညှာလေ ခိုင်လုံးဖူး ×(ဝဿန်-ငယ်လေးချိန်မှန်ကျူး[၂]) ပဇ္ဇုန်ဦးပျော်မြူးစံရှင်၊ ဆော် ပဥ္စင်ရိုက်ညောင်း၊ နွေရာသီပြောင်းလေးခါမိုဝယ်× မိုးတချုန်းချုန်းရွှေဖိပေါ် တုန်းကန့်ကော်ကြက်ရုံး၊ ပျောင်းလို့သာ၊ ဂနိုင်ဟေမာ စမွယ်ကြိုင်စွာ၊ ပန်း ရွှေဆတ်သဝါ × ။ အိုအင်ဖူး ကြိုင်လှိုင်လန်း ပန်းမဥ္ဇူ သင်းကြူ လေပြေ ဖြာ။[၂]× ။ ဆင်ရန်ဆန်းကန့်ကော်ပန်း၊[၂] ။ (ခင်တန်းစိုစို၊ ဆတ်သဝါပင်ပျို[၃]) မြတ်လေးရုံဆို ဟိုပင်ရင်း ထုံနံ့သင်း × မင်းမူရာဟန် × မြိုင်ယံမှာ လေးသာ တင့်ဆန်း၊ယုဇနပန်းခိုင်လုံးလန်း×နန်းဟောဝန်ချာ×။ အိုင်ကုဏ္ဍလာ၊ ခိုင်ပဒုမ္မာ ဝတ်မှုံရွှေကြာ လေ ညှင်းငယ်ဖြာ။ ။

---

## ၅၀။ ယိုးဒယား-ရေယဉ်ဘွဲ့

ရွှေအာသာ - ငုံတံသေး၊ ချုံဝတ်ကယ် ပန်းလေးလေလေ၊ စုံနံ့မွှေး× အိုင်ကုဏ္ဍလာ၊ ခိုင်ပဒုမ္မာ၊ ဝတ်ရေရည်လွှာလိပ်ပြာမြူး × ထူး-ထူးထူးထွေထွေ ပြာရွှေရီမှောင် စိမ်းလဲ့ညိုရောင်၊ ရေး-ရေးငွေသောင် × သီခေါင်လေ သီခေါင်

ရီမှောင်တောင်ယှက်၊ တောင်ယှက်သွန်လို့ တံခွန်ရေယဉ်ဖြာ × မှာလာ၊ မာလာဂန္ဓာကြာမျိုး၂ လှိုင်လို့ဆဒ္ဒန် ရွှေအိုင် သာလှမ်းချို၊ ကိန္နရာ ကိန္နရီမောင်နှံ-နွှဲလို့ပျော်စံ၊ ဝဲ-ဝဲကာပျံ။ ။

---

## ၅၁။ တောမြိုင်ခြေသို့လိုက်သော-သစ္စာတိုင် ယိုးဒယား

သုံ့လူ့ဖေါ်လေးပါး မြတ်ညီတော်လေး×။ ပွင့်မည် ဆန်းတယ်လေးနန်းကံ့ကော်×။တူကြံရှယ် ဖန်တယ် ကုသိုလ်နော် × သွေချော်နောင်ခါရှောင်လိမ့်လား၊ ပေ့မယ်ငယ်သာ၊ ထွေရာထင်တော့အား၊ ထူးပေလျှင် ဤမြေ မျိုစေသား×။ သက်သေ ထွေထွေပန်ကြား၊ ထားသစ္စာ၊ မြဲလိမ့်မှန်သေချာ၊ ကြံတယ်ဖန်ရှယ်ကာ၊ ဖူးပြင်မှာ၊ နတ်ရှင် ရွှေမင်သား × ။ ပိုမယ်ငယ်လေး ယို-ရိုးလား၊ ချိုတဲ့ချိုတယ်လေ ချိုတဲ့ပျား×။ ချစ်ရေးမတူတင် × ရာဇူတွင်ထိုး၊ စင်းချိန်မှန်ရာ၊ တိုးလိမ့်ရွှေကိုယ်၊ ဖုန်းမိုယုံစေဖွယ်၊ စိတ်တူမှန်းလို့ကြံရှယ်၊ မောင်ကြီးဖက်ဝယ်သာ ရိုးမှန်လိမ့်မယ် × ။ စွဲစွဲ၊မြဲမြဲ၊ ရဲရဲကြင်ပါမည်၊ ဗိုလ်ထောင်တင် ကျိုးလိမ့်မှန်သည်၊ မြတ်မျိုးဇာနည် မောင်ကြီးဘာမထိ×ကြည်ကြည်ငယ်လေး ကြည်လှဆုံး-သစ္စာတိုင်လေ ခိုင်လှထုံး × သုံးရွှေကြော့ပိုင် × သီဟာဘုံညီလာစုံဘုန်းပြိုင်×အုန်းမြိုင်သဉ်လယ်၊ မောင်မယ်စုံပင်၊ လှမ်းကြင်ရွှေငှက်လို၊ ကြည်ညိုပိုမိုမေတ္တာသွန်း၊ ဆွတ်ဖျန်း ရေစင်သည်ခါ၊ ညွန်းလိမ့်ဗြဟ္မာ၊ မှန်စွာတူတူ၊ အောင်ပန်းညွန့်လူ၊ သက်မူရာကျော် ဆက်ကာပျော်ပျော် စံဆောင်ဘုံပေါ်၊ တော်စုံခြယ်လှယ်နှင်းမယ် ဘိသိက်ပန်း။ ။

---

## ၅၂။ ပုသိန်ဧးပုံဝါပေါ်စဉ်ရေးသော မယ်ဘွဲ-ယိုးဒယား

ကြံကြံဖန်ဖန် × တန်တန်မှာထား ပူဝန်ပို၊ ပူဆွေးဒုက္ခ ကြုံပြန်လာ × ပုသိန်ဧးနှင့် ခင်ခင်လေးရယ် ခြုံထွေးပါလှဲ့ကွယ် ။ × ဖူးစာကံဖန်လာရေး အိုလေ အိုလေ ဖန်လာရေး – ဆွေးဖို့ခုကြုံ၊ ပူပုံမြင်လာစမ်းပါလှဲ့ နန်းနေနွယ်၊ (ပုသိန်နှင့်-ခင်ခင်လေးရယ်ခြုံထွေးပါလှဲ့ကွယ်။ ၃။ အိုဖုန်း မြင်တော်မူလှဲ့အုန်း၂ ကြော့ကြော့ဆုံးမယ်၊ သည်ဝယ်ပုံဆောင် ဖုန်းမောင်ပူလေစေ ၃၊ ပုသိန်ဧးနှင့် ခင်ခင်လေးရယ်ခြုံထွေးပါလှဲ့ကွယ် ×၊ ကြာရွှေဗျာဝေ ၂၊ ရွှေစိတ်ဇော၊ မောလှိုသေဖွယ်၊ ခုနွယ်မြင်လာစမ်းပါလှဲ့ နန်းနေနွယ်၊ (ပုသိန်ဧးဖွယ်၊ ခင်ခင်လေးရယ်ခြုံထွေးပါလှဲ့ကွယ် ။ ၃ ။

## ၅၃။ ယိုးဒယား (နောက်ဆရာများရေးသည်)

အိုလူမနော X စုံခြေမြင့်တော X တိမ်ကြောတောင်ယံ X ဆွေမနီးငယ်လေး X ငြင်းမြွေနာရီ X ရွှေစည်ကညံ X နီလာမြနန်း X တောင်စာပိတုန်း X ဂမုန်းငယ်ဝတ်ရည်လျှံ X ၊ကြွေလုလွတ်၊ ကြိုင်လှိုင်ညွတ်၊ ဖက်ဆွတ်ကယ်မွှေး X လေပြေကသွေး X ငှက်ကျေးချီချည့် X။

**သဖြန်**။ ။ဇလာကန်၊ မိနတ်ကယ်ဖျော်ဖြေစံသည့်၊ မြစကြိုး ဝေသာဝဏ်နှင့် စုံရိပ်မှန်ကြော့။ ချစ်ကြည်နူး တီတူးရယ်တဲ့ မိုးကကြော်၊ မြင်တော်လှာလွဲ့ စာနာယိမ်းတယ်၊ စိမ်းရက်ပေကော့။

---

## ကျိုက်လတ်မြို့ဇာတိ အယ်ဒီတာ ဆရာဦးပြုံးချိရေး

## ၅၄။ မော်ပြန် ယိုးဒယားတီးကွက် မွေ့ဂီတယိုးဒယားကြီး

တေ-ဘုမ္မာ၊ အနိစ္စာ ဒုက္ခာ -- အနတ္တာ - တရားမရလို့ မျှားလှသံသရာ၊ ကာမေဘာ-ဘဝေါဃာ-ဒိဋ္ဌောဃာ-အဝိဇ္ဇောဃာ- စိတ်မောဟာ မကင်းတာ အရင်းခံ သူတဏှာ၊ ဒိဋ္ဌိဥာဏ်ဝင်စား ထင်မှား မြင်မှားကြတာ၊ လူဘဲ-နတ်ဘဲ မှတ်စွဲလို့သာ - မှားချက်အလွန်နာ၊ ငါသား ငါ့မယား လင်သားဥစ္စာ၊ ငါ့ကိုယ် ငါဟာ၊ အစဉ်မကွာ-သက္ကာယကြောင့်၊ မာနတွေ ထောင်ကြတာ၊ ဝိပဿနာ ဝင်စားထင်လျှား၊မြင်မှား ကြပါ၊ ဘာမျှရှာမရ အ,သာရကမှန်စွာ၊ အနတ္တာခန္ဓာ၊ ဖြစ်ရင်းတည်ရင်း ပျက်ရင်းချုပ်ကာ၊ ရုပ္ပတိသညာ၊ ဖေါက်ပြန်မဆိတ်ပါအနိစ္စလက္ခဏာ၊ရုပ်တရား နာမ်တရားနှစ်ဖြာ၊အိုနာ သေ မည် အတည်မကျပါ၊သခ်ါရဟာ ဘင်ကာလမကြာ၊ ငါးဖြာဂတိမှာ၊ လေးဘုံအပါယ်ငရဲစာ၊ အဝိဇ္ဇာအကြောင်းကြောင့် သခ်ါရ ဝိညာဏ်နာမ်တရား ရုပ်တရားနှစ်ဖြာ၊ အဝိဇ္ဇာအကြောင်းကြောင့် သခ်ါရ ဝိညာဏ်နာမ်ဘရား ရုပ်တရား၊ခြောက်ခုအာရုံ ကာမဂုဏ်ဆန္ဒ-ပဋိစ္စသမုပ္ပါန်-ရှုပ်ပြန်အတွင်းအပတဏှာ)(ရှက်စရာတွေးတော့သမုဒယပါ၊ မဂ္ဂါဆေးနှင့် ကုရမှာ၊ လက္ခဏာရေးဖြင့် ရှုကြပါ။X။)

**တေဘုမ္မာပြန်ကောက်၍ (ရှုပ်ပြန်အတွင်းအပတဏှာ) က နောက်ပိုဒ်သို့ဆက်ဆို။**

မြေ-ရေ-လေ-မီး ဓာတ်ကြီးအစုပါ၊လွန်တရာမမြတ်သော အတ္တဘောခန္ဓာ၊ မုန်းဖွဲ့မလွတ်ပါ၊ သုံးဆဲ့နှစ်ကောဋ္ဌာ၊ မိုက်မဲအဝိဇ္ဇာ၊ စိတ်တဏှာအနိဋ္ဌာ-ဣဋ္ဌာ နှံ့ထင်မိမှား၊ ကာယ အပုပ်ကောင်ဟာ - ဟုတ်ယောင်သာ ရုပ်ဆောင်စွာ ချုပ်

နှောင်ကာသူလှည့်စား၊တရားကွာ မှားရှာ မျှားသတ္တဝါ၊ဘဝအနေကာ ဖြစ်ပျက်
သံသရာ၊မီးဆဲ့တစ်ငြိမ်းရာချုပ်ရာ၊ နိဗ္ဗာန်ရောက်နိုင်ရာ မဂ်ဖိုလ်ကြိုးစားရအောင်
ရှာ၊ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ၊သမုစ္ဆေဒပဟာန် ကေန်ပယ်ချွဲခွါ၊အထက်တန်း တက်လှမ်း
မကြာ၊ ရုပ် နာမ် ခန္ဓာ၊ နှစ်ဝလုံးဟာ၊ အစတုံးကာဘဝဆုံးအမေတာ၊ အဲသို့မှသာ၊
ဘေးတကာ ရန်တကာ ကင်းဝေးမှာ၊ အရဟတ္တဖိုလ်-ပညာကိုသာ၊ အနုသယ
ကိလေ တိခြေပယ်ဘို့ရာ အမှန် ဝါယမန်စိတ်သန် သမာဓိ ဝိပဿနာဉာဏ် ရင့်သန်
စေဖို့ရာ။ ;။ကရောင်းသွားဆက်။ ။ငါးဆူရှင် ပါရမီတော်ရင့်သည်–ပွင့်တော်
မူရာ ဘဒ္ဒကြုကမ္ဘာ၊ ဗုဒ္ဓပွါ ငါးကြိမ်ဆင့်တောင် ကျွတ်ခွင့် မပါ လွဲလျှင်မှန်စွာ
ရှည်-လျား - သုညကမ္ဘာတွေမှာ-ဓမ္မာသွေခွါ အပါယေမှာပျော်ဖို့၊ တရားမသိ
လို့ အမြဲမိစ္ဆာ၊ အမှားအတိ-အလွဲစိတ်မှာ၊ ငရဲတိရစ္ဆာ တကတဲမဆိတ်စွာ–အသဲ
ထိတ်စရာ စည်ပင်ကြတော့မှာ ×၊ မကောင်းဒုစရိုက်တွေဟာ၊ နည်းအောင်ကျင့်
ပါ ၂၊ နှစ်လ နေ့ရက် နာရီတွေဟာ၊ အချိန်အလကားမကုန်စေရာ၊ ကာမဂုဏ်
ရမွက်ဆိုးကို ဖျက်းချိုးနိုင်မှသာ၊ ဖြစ်ရာဘဝ သံသရာ၊ ပညာပါရမီ ကြီးရင့်
အောင်ဖို့ပါ၊ အတိတာ မိုက်စ မိုက်ပင်ပျိုးလို့ မိုက်ဆိုးခဲ့တာ၊ ယခုလဲ မိုက်ဆဲမှန်
စွာ-ရှေကိုတိုးလို့ တံပိုးမိုက်အုန်းမှာ၊ အဆုံးသတ်သင့်တာ×၊ ကိုယ့်ကိုယ်ကိုယ်
သနားပါ-မျှားသတ္တဝါ၊ ၂၊လောဘ ဒေါသ မောဟာ လောင်မီးကိလေသာ၊
တဟုန်းဟုန်းတောက်လို့သာ၊ တဖြုန်းဖြုန်းမောက်မိုစွာ၊ အကုသိုလ်စရိုက်ဆိုး
တွေဟာ-ပြုလွယ် ဖြစ်လွယ် စိတ်အား ထက်သန်စွာ၊နတ်ရွာ နိဗ္ဗာန်လမ်းကို၊ လှမ်း
ဖို့အမူဟာ ထဲစိတ်မပါ၊ နေရပ်ဟောင်းကို လွန်အောက်မေ့တာ၊ လေးဘုံပါယ်
ရွာ၊ လေးဘုံပါယ်ရွာ ထဲမှာ–နေမြဲသာ၊ မျှား သည် သတ္တဝါ။ ။

---

## ၅၅။ ဦးမြုံးချီရေး – **ပတ်စာပိုးတီးသွား ကမ္ဘာပျက်ပုံ ယိုးဒယားကြီး**

ဇာတိအာဏာ စကြာဝဠ္ဌာ၊ ကမ္ဘာရေမြေ၊ ကုဋေတသိန်းပင်ပျက်ကိန်း
ကြုံတော့၊ တရားကျင့်ဖို့သတ္တဝါတွေ၊ သနားနှင့်လို့ဝါယာမေ၊ လောကဗြူဟာ
ပုစာ – မျက်ရေ၊ နီစွာဝတ်စား ဖါးယားဆံဖြေ၊ ဘောအိုအချင်းတို့ သိတင်း
သိလေ၊ ကုသိုလ်ထိန်းကြ - တသိန်းမျှ နှစ်ကာလေ၊ ကမ္ဘာပျက်မည် ဗြဟ္မာအ
ထက်ဘုံ ရောက်ဖို့မသွေ၊ သြဘာသံနှိုး ဆော်မဟာဗြဟ္မေ၊ သတ္တဝါအများ ရငြား
စိတ်သံဝေ၊ သည်တွင်ကုသိုလ်ပုညံပွား၊ အားသစ်ကာပေ ပွားမေတ္တာရေ၊ မမြဲ
ချေ လွဲမသွေ – ကွဲကြေ၊ လောကခာတ်ကြီးတောင် ပျက်စီးကုန်ရ၊ မြင်မြင်သမျှ
သင်္ခါရမှန်သမျှတွေ - အတည်မမြဲ မရှည်ဘဲအနိစ္စပေ×၊ သုစရိုက် ပြုလိုက် ထာဝ
ရေ၊ မြတ်အဟုန် နတ်ဘုံယာမာပြေ× ဝါယော - ကသိဏ်းကို နေ့ဘိုင်းသာပွား၊

သတ္တဝါများ၊ ဓမ္မတာအား၊ ပြဟ္မာလားလို့ရှိသမျှ ဆိတ်ကာနေ၊ နိယတမိစ္ဆာတွေ မပျက်တာ စက္ကဝါ နရက်မှာ ပြောင်းရချေ၊ သုတ္တန်ကျမ်းမှာ လမ်းမှန်လာရှိ ပါဠိတော်ပါပေ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မြွက်ကာထုတ်ပြန်လေ ×၊ ၊(နှစ်ဆူ ကမ္ဘာနေ၊ မြစ်ငယ်ငါးရာ ကုန်နဒီ နှမ်းတပေါက်မကျန်၊ ခန်းခြောက်ပြန်သည့် ရေ ၂၊) သုံးဆောင်သူရိန် ပူရှိန်ငါးခုမဟာနဒီ မကြာပြီကုန်ချေ၊ လေးစင်းပြိုင် ကာ မီးအိုင်ကြီးခုနစ်ထွေ၊ ပဋ္ဌသူရိယော၊ ခိနေ့ာသာဂရေ၊ (ဆ-ဥဏ္ဍုဂူ အဟုန် ပူကာပြိုင်၊ မြင်းမိုရ်မဏ္ဍိုင် – တိမ်းညွတ်ကာယိုင် ၂၊) ဖြိုင်ဖြိုင်မည်း ရောင်ဖြာဝေ၊ လောကခေတ်တရိုးမှာ – မီးခိုးမှောင်လို့နေ သတ္တမေ၊ ကမ္ဘာနေ ခုနစ်စင်းမှာ၊ ဝင်းဝင်းထိန်ဝေ၊ သုံးဘုံပထမစျာန် မီးလျှံလောင်ခြွေ၊ တသိန်းကုဋေ ဟိန်းဟိန်း ပြာမျှကြေ၊ ကာလလျားလို့ မျှားလှကာသမသေ၊ သံဝဋ္ဋမည်သာ - မဟာကပ် ဟု ခေါ်ရချေ ×၊ ၊ထက်အောက် အဇ္ဇဋ္ဌာ၊ မဟာတမပင် ကာလရှည်လျား နေ၊ နှစ်လ သချ်ာသင်္ချေ သံဝဋ္ဋာယီကပ်ဟုခေါ်လေ၊ နှင်းမျှဖြာဖြာဝေ၊ တ ဖြည်းဖြည်းပင် ကြီးရှုံကြီးရှုံစွေ၊ အိမ်လုံးတောင်နှယ်သာယာ၊ မဟာမေဃိန် သွန်းချလျှံဝေ –ပထမ - ဈာနတ္တလံ၊ ရေလျှံမောက်မို့ဖြင်ပည်း တပြင်တည်းနေ၊ သိမှတ်စရာ၊ အခြေ၊ ဝိဝဋ္ဋကမ္ဘာပေ၊ ထို့နောင်တာရှည် ကြာသည့် – လျော့ကျ ဆုတ်ကာ၊ ကမ္ဘာ တည်ရာနေ၊ ၊ကပ်ဌာရီ - တခါညီ မဟာပထဝီ ဩကာသ ဟု လောက - အခြေ တည်လိုလတ်သော် မြေခေတ်–ဆီတွေ ထွန်းတက်ပေါ်ပေ၊ ဗောဓိရုက္ခဋ္ဌာနေ၊ ကမ္ဘာ - အတိတ်ပင် – ကြာနိမိတ်ပေါ်ပေါက်ပေ၊ ×၊ သုဒ္ဓါ ဝါသေ ဌာနေ ပြဟ္မာတွေလာပေသက်ကာ၊ ဘုရားနှင့်ပရိက္ခရာ၊ အလားသင့်စိတ် မှာ၊ ယခုဖြစ် ဘဒ္ဒကျကမ္ဘာ၊ ရွှေကြာငါးစုံ ဆန်းတဲ့ သက်နီးပါ၊ ပွင့်တော်မူ လေးဆူပြည်ခေမာ၊ တပါးပါးအားထားအတူတကွ - မပါ၊ တဆူကျန်တာ - ဖူးတွေ့ရန်ဆုတောင်း မကောင်းမှုကိုခွါ၊ ကောင်းမှုကိုရှာ၊ သုသမ္မာ ပြုစရာ ခုအခါ တမဂ်တဖိုလ်မရလျှင် အခက်ကိုကျကြမှာ။ ။

---

## ၅၆။ ဘောလယ် ပုလဲဖေါက် - ဆဒ္ဒန်ချိုး သီချင်းကြီး

ဆဒ္ဒန်အိုင်၊ နှစ်ခိုင်ရွှေပန်းခက်ကယ်နှင့်လေး×၊ မောင်နှင့်မယ် × ရှေးဝယ် ဆင်မင်းဆက်ကယ်ကလေး၊ ×၊ အိုင်ဆဒ္ဒန် သာယာလွန်တင့်ထူး × နွဲ့ပျော်ရှာ တယ်၊ ကြွေးကြော်ညာ၊ မြို့သိုက်ဦး၊ စုံလေငှက်ပေါင်း ပျံကွန့်မြူး၊ တွန်ထူး ရေမှာရွှေညာ – ရွှေကြာငါးမည် - ပန်းဝတ်ရည်မှုံပျံ့သင်း ×၊ လောင်းမင်းဆဒ္ဒန် သူပျော်ဟန်၊ ဂူတော်စံ၊ မျှားရွှေရံ ရွှေရံဖေါ်နှင့်ဘဲ၊ ပန်းရွှေကြာကို လှမ်းခြွေ ကာယူဆွတ်မြဲ၊ ကြင်ရာဖေါ်လဲ တူမကွဲ ယှဉ်တွဲငယ် စူဠ–မဟာ ဘဒ္ဒါနှစ်သွယ်၊

ဝဲလကျာ စံသက်နှင်း၊ အင်ကြင်းမြိုင်ဆီ ကိုင်မှီ - လိုင်လိုင်ညီ၊ တခိုင်စီတခိုင်စီ၊
အညီသာဝေလိုက်ငြား၊ မေတ္တာနှစ်ပါးတူမခြား၊ ဆင်မ စူဠ ဘဒ္ဒါအား မှာစွဲ
ခါချဉ်ပါလို့သွား ×၊ ခြားဘူး မေတ္တာမေတ္တာ၊ ထားဆု သစ္စာသစ္စာ၊ပစ္စေကာ -
ထံမှာရွှေကြာလှူ တည့်ရင်းဆို၊ ဆင်မင်းကိုနိုင်နင်းလို၊ခဲမကျေ မြဲလေစွဲနေရန်ပြု
ကြောင်းကို၊ ဆုတောင်းဆို ခုနှောင်းကို၊သက်ယှဉ်းယို၊ခန္ဓာကြွေလျှင်၊ ဗာရာပြည်
တွင်၊ မင်းဖျားနှင့် နှောင်ကာထပ်ဆင်၊ တောင်ညာနတ်ရှင် × ဖြစ်ရှေးကိုရှော်
ကာညာဏ်ဆင်၊ မြှော်ရှာပြန်လျှင်၊ ဆင်မင်းကိုသတ်ပြန်လိုချင်၊ ထပ်မံငြိုငြင်
မာယာဉာဏ်ဆင်၊ နတ်သွင်ရွှေကြော့မှူး၊ ကေရှင် မသိမ်းခွေယိမ်းမူး × ရာဘုရင်
ရာဘုရင် – မှတ်ဆင်မိန့်ခွန်းကျူး၊ ဒေဝီမှန်ကြောင်းပြန်ပြောင်းဦး×ပြစ်ဆာလွန်
ကျူး၊ စူးမာန်ဖွဲ့ရာ × ကိုယ့်မှာဘယ်ခင်း လင်းဆိုမိန့်ပါ၊ ×၊ မှန်ရာ လျှောက်
ထားမယ်ပ၊ နားစိုက်တော့ဖျာ × ဘယ်ရောဂါ ရှိဘူး ထူးသည့်အာသာ × ဆင်
မင်းရှင်မြတ်စွာမှာ - ဝဲယာစွယ်ကြော့ရှင်းကို၊ချက်ချင်းဆို၊ထားမျက်မှန် နားပန်
ဆင်ဝတ်သုံးလို၊ လင်ဘုန်းမို × သည်စိတ်ဇောရယ်ကြောင့်သောကဆပ်ပို၊ဝိညာဉ်
ကင်းတယ် ကင်းတယ်၊ ရှင်းလိမ့်မယ်ကို ×၊ မယ်လိုချင်၊ သွင်မညှိုးရယ် စိုးရိမ်
နှင့်ဆို၊ ဆက်နိုင်သူပြည်တွင်းကို မင်းမိန့်ပြန်လို၊ ၊သောနုတ္တိုမင်းကိုပြန်လျှောက်
ကြားတယ်၊ စကားသွယ်၊ ဗိုလ်များလယ်ရအောင်၊ ကြိုးဆောင် ကြံရွက်ခင်း၊
လက်တွင်းဝယ်–ဆက်နှင်းမယ် × ဝပ်စင်းကာလျှောက်ထားသည်လေ၊ယောကျ်ား
ပြီပေ၊ လက်နက်စုံပြင်ကာမသွေ - လျှင်စွာထွက်လေ × အိုင်မင်းမှာ၊ သက်ဆင်း
ပျော်နေ ဖက်ရှင်းပေါ်ရွှေ – လောင်းမင်းဆင် စံရာရပ်မြေ ကြံကာ ကပ်လေ ×
ရောက်ရောက် ရောက်သော်မသွေ၊ ထောက်ထောက် ထောက်မျှော်အခြေ၊ သည်
မှာမလွဲ စစ်မြဲကိုယ်ရေ၊ သောနုတ္တိုရ်အား မြင်ငြားပြန်ချေ၊ ဖန်ဉာဏ်ဝေ၊ ဖန်
ဉာဏ်ဝေ - မျှော်ထွေကြံစိတ်ကူး၊ ဥမင် - လိုဏ်ကျင်းသာဖွဲ့တူး × လေးရွှေစင်၊
လေးရွှေစင် - ဒေါင်တင်စိန်မြှားဦး၊ သည်တွင်ဆင်မင်းသိရှာဘူး × ချိန်ကာရွယ်
စူး၊ ကူးဝင့်ကြမှာ × မြေကိုဖေါက်ထွင်း ခွင်းပစ်လိုက်ရာ× ချက်ဘော့လယ်တွင်း၊
စင်းစိန်စကြာ× သည်းအူနှလုံး၊ ဖြုန်းခွေသည့်တာ၊ မြှားမြှားဒဏ်ချက်ဘိုတဲ့-
ခဲရက်ခံရှာတယ်လေလေ၊ ခြေရွှေ ခြေရွှေပေါင်းငယ်တို့မှာ၊ သောင်းဆူကြွက်
ညာ × မယ်ဘဒ္ဒါမိမှာတဲ့၊ ကြီးဘိဗျာပါငယ်လေလေ၊ သာမှီရှက်ပါလို့ သာ-
နွဲ့ပိုက်ဖက်ကာ×။လောင်းရာဇာ မျှော်ကာဆင်ခြင် ခြား၌ရန်မမြင်၊ဘဒ္ဒါ သိပြန်
လျှင် ရန်သူဆုံးမည်ထင်၊ ဖယ်ရှောင်ရှားအောင်ပင်၊ လည်ဆယ်ကာ ပြောဆိုနှင်၊
ရှင် ရှင်မ အားမှာ လေးလေးခလ၊ ဘယ်များဘယ်ဆီကမှ၊ ရန်ရှိရာဖွေမရှာ၊ ရွှေ
ဗျာသံကြားလျှင်လေး၊ ညွတ်တွားဦးနှိမ်ချ၊ ဆင်မမှာ သုဘဒ္ဒါ၊ မျက်ရေလျှမ်း
ငယ်နှင့်သာ၊ မြန်းထွက်လေခွာ×။ ဘဒ္ဒါအား၊ ဝေးမြေခြား၊ သွားရောက်သော
ခါ၊ လောင်းတော်ဆင်မင်း မြေကိုနင်း ခွါပြင်းရှုပ်လေရာ၊ တုပ်ဝပ်ကျိုး လက်စုံ

မိုး မှုဆိုးဖြူးကျွန်မှာ၊ သတ်လျှင်သေမည်သာ၊ စူဠာဘဒ္ဒါအားငယ်၊ မူရာထပ်ကာ ပွားတယ်၊ တတ်ရာများနှင့်–တားပြုလေ × ဝဲယာ-စွယ်-တူးကို ဆောင်ချေ နား တောင်းဘို့သူစေ ×။ မသွေဆိုလျှောက်တင်သော်-အခြေကိုထောက်မြင်မြော် ×။ (တချက်စည်းပြောင်း)၊ ။လှသော်မော်ငယ်၊ ရွှေဉာဏ်တော် ယူတိမ်းပါလို့ စိမ်းလေ့နေသ်တဲ့မှ စိမ်းလေ့နေသ် × မုဆိုးကျော် - မုဆိုးကျော်၊ သင်လိုရာတိုင်း - ပိုင်းဖြတ်ဆိုလတ်သော် ၂ ×။ ခြော်-ရှစ်သောင်းအကျော်၊ ဆင်ပေါင်းနှင့် ပျော် ရှာတဲ့၊ လောင်းတော်သနင်း၊ ဘွဲ့ဦးကင်းကို၊ နင်း၍မရှောင်၊ လေးမာခေါင် ငယ်နှင့် အာပေါင်ကိုထောက်ကပ်၊တကယ်မလျော်-ဘယ်မမျှော်သူမို့ စွယ်တော် ကိုဖြတ်ရှာသတဲ့၊ သားသတ်ယောကျ်ား လက်နက်စုံကိုးပါတဲ့ မုဆိုးအားမှာ၊ လွှသွားပဲ့ကြွေ၊ ခါးပေါက်ဆိန်ခွေလို့မို့၊ ချွေးတွေယိုခဲ့၊ လေးညို့နှင့်-ထောက် တဲ့ဒဏ်ရာ၊ လောင်းတော်ဆင်မင်း အာခံတွင်း သွေးဆင်းလို့ဖြာခဲ့ခပါ၊ အရာ ဆံမျှင်၊ စွယ်ငွေဝန်းမှာ-တဲ့၊ စွန်းမထင်တဲ့မှ - စွန်းမထင် ။ × ။ ခြော် သင်တန် တော့ သင်တန်တော့၊ မာန်လျှော့ဘိရာ၊ မြိုင်ဟေမာက၊ ဘဒ္ဒါဆင်မ လာလျှင် လေ၊ သင်သေရှာရ ချေတော့၊ ဗုဒ္ဓငယ်မှဆုယူ၊ လောင်းတော်မင်းရယ်က၊ ခင်း သစ္စာ မူတော့ကမ္ဘ၊ စွယ်ဖြူဝဲယာ၊ မြေတုန်ညွတ်ပါလို့၊ ကျွတ်သော ခါတဲ့မှ၊ ကျွတ်သောခါ။×။ ယူပါတော့သင်မုဆိုး၊ လွှတဉာဏ်ဆင် ကဲမာန်တင်တတ်တဲ့၊ သွင်မညှိုးကလေး တိုးလို့ဆက်ချေ၊ အိုကြည်နူလုံးငယ်နှင့် သုံးပါစေတဲ့မှ - သုံး ပါစေ×။ ပြေချိန်သူတန် မပြေပြန်၊ မုန်းရန်စပျိုး၊ လွှဉာဏ်ငင်တဲ့ စိမ်းပင်မျိုး ကို တိုး၍ဆက်ချေ၊ ခြော်ကြည်နူလုံးငယ်နှင့် သုံးပါစေတဲ့မှ - သုံးပါစေ ။ × ။ သုံးပါစေ - သုံးပါစေ - သူသုံးပါစေ၊ သုံးပါစေ၊ ရဝေဆောင်ဘုံခန်းက၊ နန်း ညာရှင်၊ လှမ်းကာပင်၊ မောင်မင်းသခင်မေး၊ ရေးကုန်စင်၊ မှန်ရာမြင်တိုင်းကို တင် ။ × ။ လောင်းတော်ရွှေဆင် သက်ကင်းဝိညာဉ်၊ ထက်ခွင် နတ်ရွာမြန်း၊ သောနုတ္တိုရ်လူကြမ်း၊ စွယ်တော်ကိုသူထမ်း၊နန်းသို့ရောက်လျှင်၊ ဆက်သဦးတင်၊ သန်းရွှေရင်၊၊ နန်းကေရှင်၊ ရှေးရှေးကိုတွေးမြော်မြင်၊ စွယ်တော်ကို ပိုက်လို့ ရှိုက်ကာငင်၊ မင်းစူဠာဘဒ္ဒါငယ်၊ ဖြေပါသော် ပြေဘဲ၊ ထွေရာ နော်ပွေကဲ၊ ရွှေသဲ ကြေကွဲ ဖြေလဲပြေဘဲ သေပွဲကိုပါတဲ့ဝင်။ ။

---

## ၅၇။ ဆရာဦးပြုံးချိုရေးသော-ဘွဲ့ယိုးဒယား

ပန်းသဇင်-ပန်းသဇင် ခိုင်ညှာခိုင်ညှာလျှမ်း တင့်လျှမ်းတင့် ကြိုင်စွာကြိုင် စွာ၊တောဟေမာ သေလာဝေဖြာ၊ ရိပ်ကြီး ပိတ်ဆီးကာလို့ ကာလို့၊ ဝနာတခို့ သာသမို့ ပြာညို့-မြူငွေဇလာ × ဟေမဝန်တွေစွန် မလ္လာဂန္ဓာ၊ ကြည်နူးစရာရွှေဖီ စကဝါ လေပြည်လေသာ၊ ကြိုင်ကြိုင်သင်းစွာ ဝေဆင့်ဆင့်ဖြာ၊ ဇင်မင်းဇင်မင်း

အခိုင်အခိုင် သင့်ရာ လေသင့်ရာ လေသင့်ရာ၊ အင်ကြင်း အင်ကြင်း အင်ကြင်းမြိုင်မြိုင်၊ ရင့်မာ ရွှေရင့်မာ ရွှေရင့်မာ× ဂမုန်းအင်ကက္ကူရှ မွှေးကြူမာလာ၊ ကိုးဆင်မြန်းဖွယ်၊ ပန်းမျိုးစုံလှပါ × မလပ်ပါ ဆပ်သာ ါဘော၊ ထပ်တရာ နံ့သာနှော၊ သင်းကြည် နှင်းရည်တူမကွာ၊ စူကာရောတယ် - ရောတယ်-စုံတောလယ်မှာ၊ သာသာယာယာ၊ မြေတလင်းမှာသာ၊ ငွေနှင်းဖြာဖြာ၊ လေညှင်းသုတ်ကာလာ×။ ဘာသာဘာဝ-မောင်မယ်တူစုံ သိုက်မြုံ ပျံ့ကွန့်ကြွေး၊ ကျေးသာရကာ မြူးကြွကြူးသံသာ × ကဥ္စနာဂီရိ တောင်တော်မြင့်၊ ထူးတင့်ဂိဝါ၊ ရာဇာရွှေဥဒေါင်း၊ ကောင်းမြတ်စွာ အိုးဝေတွန်သံသာ × ချောက်ကမ္ဘာမ်းက ကျောက်စမ်း စွေသွန်ကာ × တောင်သေလာစောင်း × ရင့်ညောင်းသံစီစီ၊ ပွေမကြည်ညိုးဘွယ်၊ ဘွေမဟီ တရိုးနယ်၊ ရွှေပြည်စိုးရယ်လေလေ ညိုးညှံ့လို့မြည် ×၊ ပျော်မွေ့ကြ၊ ဖေါ်မတွေ့ရ ရညဝါသီ × ယောဂီဝစရန္ဒင့် တာပသဘောရာဂီ × မြင်းသီလာတောင်၊ လိုဏ်ချောင်ဂူတွင်း၊ စံခင်းငယ် ဟေမာဆီ။ ။

---

## ၅၈။ ယိုးဒယားကန်ဘွဲ့

ကုဏ္ဍလာ ကုဏ္ဍလာ ကုဏ္ဍသာ၊ ခိုင်ဒုမ္မာမင်းက သင်းကြိုင်ကြိုင်၊ ပွင့်ချပ်ညှာငယ် ဆိုင်ခိုင် တိမ်းတယ် ယိမ်းတယ်လေး-နွဲ့နွဲ့ယိုင်၊လောင်းမင်းဆဒ္ဒန်အိုင်၊ မြိုင်မြိုင် ဝေဆာ ရွှေကြာလေလေငုံကသင်း ×၊ မယှင်းပါ၊ ဟသာတူမောင်နှံ ၂၊ ရွှေကြာညွန့် ကြာညွန့်ဝတ်ဆံ ဆွတ်ခူးခြွေမည်ဟန် × ဝတ်ရေဆွတ်ခြွေသုံးတယ်လေလေ၊ ပိတုန်းလေ တူမောင်နှံ တူမောင်နှံ။

---

## ၅၉။ သိဒ္ဓတ်မင်းတောထွက်ခန်း-မြန်သပြေညာသို့လိုက်သည့်ယိုးဒယား

ယသော်ဓရော၊ နန်းတောင်ညာ × သား ရာဟုလာ၊ ရွှေမျက်နှာညိုးလေအောင်သာ၊ ပစ်သွားရှောင်ခွာ၊ အောင်ချာ ကပ္ပိနန်း၊ × ၊ စံမြန်းတော်မူရာ လောင်းလေ့ လော်ဝင်းဗုဒ္ဓါ × မြတ်ဥယျာဉ်သာ မကြာထွက်ခါသွား၊ လေးပါးရယ်၊ သူအို သူနာ သူသေ၊ မြင်ပြန်လျှင် စွဲစိတ်သံဝေ၊ လူ့တိုင်းရပ်မြေ-ကြာရှည်နေဝံ့ဘဲ×။ ။နန်းထဲမှာပင်၊ အိုလေ့ ပျော်မရှင်×၊ မောင်ဆန်ကိုနှိုး သူတိုင်ပင် ကဏ္ဍကနတ်မြင်း- ကကြိုးဆင်၊ ယသော်မေခင်၊ ရွှေစင်အိရယ် ကြာရင်သိဘယ်၊ ရိပ်မိမယ်၊ သန်းခေါင်လယ် သန်းခေါင်လယ်၊ ထွက်ခတော်မူ နန်းကခွါတယ်၊ မောင်ဖုန်း ပျောက်တယ်-ဆောင်အုံး ဘွေမြင့်လယ်၊×၊ သိဒ္ဓတ်ဘုန်းကြွယ် လောင်းလေ့ လောင်းမြတ်နွယ်၊ သွယ်သွယ်ထပ်ပွါး နတ်များစွာ၊

မီးဝါ ကိုင်ထွန်းလေသည့်တာ၊တေဇာ ဝေဖြာ ခေမာကမ်းယံ၊ နိဗ္ဗာန်နန်းကိုမြန်းမည့်ကြံ၊ အတန်တန် အတန်တန်-မာရ်နတ်လာ၊ ဆင်း၍တားပြန်၊ ဘုရားဖြစ်ရန် အကြံအောင်လုဆဲ၊ ×၊ ငွေသဲသောင်ပြင် အိုလေ့ နေ်မာခွင် ×၊ ကူးကာချက်ချင်း ရောက်ပြန်လျှင်၊ ဆံတော်ပယ်ရှင်း လေသည့်အင်၊ ထက်ခွင်ဗြဟ္မာမကြာဆက်လာ၊ စက်စုံရင်းမှာ၊ ဝပ်စင်းကာ၊ ပဒုမ္မာ-ပဒုမ္မာ ရွှေကြာ သကၤန်းကိုကပ်ရှာ၊ ဒုက္ကရစရိယာ ခြောက်နှစ် ကျင့်သည်တာ၊ ကျောင်းတော်လေလေ ရွှေဝိဟာ။ ။

---

## ၆၀။ နောက်ဆရာများရေးသည့်-တောဘွဲ့ယိုးဒယားသံဆန်း

အင်ကြင်းသရဖီ–အင်ကြင်းသရဖီ စီကာ၊ ၂၊ ညီညီညာညာ ပွံ့ကျော်ကံ့ကော် စွယ်တော်ခွါညို–ပန်းပေါင်းစုံလှသကို၊×၊ ထုံနံ့သာ–ငုံအာ၊ ခြုံကာသင်း × အကင်းအချို့နွယ်၊ စမွှယ် ဒါးဝယ် ပေါ်တယ်၊ သောသောကြွယ်၊×၊ အိုတောတောင် စမ္ပာယုဇနဆန်းကြွယ်၊ စခန်းနယ်၊ပန်းတယ် ခုပန်းတယ်၊ တမ်းတ ရာဘယ်ဆီကမ်းမှာ၊ရမ်းဆ ကာ ရောက်မိရောက်ရာ၊ ရွှေပြည်ကျေးပုံဝေးကွာ၊ နေခြည်ဧးကပြီ မွှေးပျံ့တော့သည်၊ မွှေးပျံ့စွာ ထပ်တရာခတ္တာ၂၊ ဇလတ္တာ ဒေါနမာလာ × ဇီဇဝါ ချရားနှင့်စုကာ၊ မြိုင်ငု–လိုင်ဂု လေယူရာသွေး၊ မွှေးပေါင်းကြူ။ ။

---

## ၆၁။ ဖေါ်ကွာဝေးသို့လိုက်သော-ဘုန်းဘွဲ့ ယိုးဒယား

ရာပြည်မင်းငယ်တို့၊ နှင်းကျွန်တော်ခံ ×၊ ထောင်နေ နှုန်းသာပ ဘုန်းတောက်လို့လျှံ ×၊ ရင့်ကျိပ်ဝင်လောင်းပေမို့-ပွင့်ကြောင်းငယ်မှန် ×၊ ရွှေရံ ဝေဖန်ဘွေစံခန်း၊ စိုက်နန်းငယ် တည်တော်မူ၊ ပြည်တော်သူလေး မြေလန်း ×၊ မြန်မာမြေခံ၊ စံရာရွှေဘုံ၊ ရံကာရွှေလုံ ရိပ်မြုံနန်း ×၊ ဆန်းဆန်းတင့် တင့်သာယာ၊ အောင်ပင် အောင်ပင်နန္ဒာ၊ လျှမ်းကွန့်ရေယဉ်ဖြာ ×၊ ကြာ ကြာ ကြာဝတ်ရွှေ မွှေးပျံ့သင်း ×၊ ညှာ ညှာ ညှာညွှတ်ခွေ ဧးမြညှင်း ×၊ နတ်ရွှေဘုံနန်းငယ်သို့မန်းညာပြည်၊ ချမ်းသာကြည်လေး ဘေးက ကင်း ×၊ ဝေးလှရှင်း ×၊ ဧးမြခြင်း ×၊ စကြာပိုင်ကျုံး × ဆက်လာအုံးမည့် ဖုန်းရောင်လျှံ၊ ကုန်းဘောင်စံမျိုးမြတ်ရင်း၊ × ၊ (သည်ရေမြေ–သပြေတွင်း၊ ဘယ်ပြည်မင်း၊ တင်းမမာ၊ ၂၊ စကြာစုံဦး ဖူးရောက်ကြရှာ၊ အိုဆယ်စုံပေါင်း ပျောင်းညွှတ်ကာလာ၊ ၂ ၊) စွေချုန်း တေဇာဘုန်း မြေချာလုံး – သောင်းဒီပါ၊ ပိုင်စိုးငယ် ဧကရာ-ရွှေတေဇာ

ဘုန်းပျံ့မွှေး၊ ×၊ ရန်မှောင် နည်ရှင်း အောင်စည် ညွှင်းလို့ မင်းမမ္မာ၊ ကျင့်သုံး
ဘွယ်-ထုံးဆယ်ဖြာ၊ သာနာရောင်လင်း ထွန်းနေဝါ၊ ကျွန်းမြေချာ နှုန်းဘက်
ဝေး။ ။

---

## ၆၂။ သမင်ရိုက် - ယိုးဒယား

တောမှော်ရုံမှာ - ရွှေဖိအင်ကြင်းစုံလင်စွာ၊ ဆွေးဘိုကြုံလာ၊ ကြိုင်စွာမာ
လာဂန္ဓာ၊ စကြာသခင် နန်းကြီးဘုရင်၊ ဘုံဝေဇယန် ဘုန်းရှင့်မျက်မှန်၊ ပူရန်ပို
ပွား၊(များလှုထွေထွေ၂၊)သည်မောင်နှမ်း ပန်းခါဖြေတော်စေ၊×၊စုံခြေမြိုင်ပြား၊
နတ်များဒေဝါ၊ ရော်ကာရမ်း - မှန်းလျက်သာ - တမ်းကာ ×၊ ဒေဝီခင်မ - လှ
သိတာ - ညီနောင်စကြာလှမ်းခဲ့လာ၊ ပူတာ ပူတာပိုမို ပန်းဟိုက်ဖိုလို့၊ ကြို့ညိုစံရာ-
တိုင်းကြီးကိန္ဒာ၊ သုကျိတ်နန်းမှာ စက်ပန်းချသောခါ၊ နောင်တော် စက်ကာ
မှေး သုကြိတ်မြှော်ရှုဆင်ခြင်တွေး၊ ပူပိုတယ်လေ ငိုမိသေး၊ မြှော်တွေး ကြံဆင်
ခြင်၊ မျက်ရေကျဆင်း သည်ရင်ခွင်၊ စက်ခါပျော်ဘဲ နိုးရာတွင်၊ လက်ဆယ်ဖြာ
ထိပ်မှာရွက်မိုး ရှိခိုးဝပ်လျှိုး သက်လွတ်တင်၊ များစုံလင် – ပြောပါ ရွှေလေး
ရင်၊ ×၊ တိမ်နန်းအာကာခွင် - ဆောင်သွားသိဿုရှင်၊ နန်းကြို့ပင်ကျော်ခဲ့ပြန်
လျှင်၊ ငိုကာယိုကာ – လှမင်းဖြူပြာ၊ ပူတာရေးမှာ ဆွေးဘိုကြုံလာ၊ ဖုန်းမိုမြင်
ပါ၊ ကြားပြန်ရခုန်လွှားဆဲ့ကာ - သုကျိတ်မင်း ယောက်ချင်းဘာသာ၊ မင်းသု
ချစ်ခြင်းကွဲ့ ကွင်းမာန်မိစ္ဆာ ×၊ ငွေသော်တာ- လှတဲ့မူရာ၊ သံချိုးနေ့နှင့်မေးလိုက်
သောခါ၊ သုကျိတ်မင်း၊ ဆက်နှင်း ဆောစွာ – လက်ဝတ်ချွတ်ကာ ပေးလိုက်-
ပါလာ၊ မယ့်လင်လှကို ရာမခေါ်ကြပါ။ ။

**မှတ်ချက်** ။ငှင်းယိုးဒယားကို ရှေးကရဘူး၍ရေးလိုက်သည်၊ မူလရေးသူကိုမသိချေ။

---

## ၆၃။ ဘောဘွဲ့ - ယိုးဒယားဆန်း

စုံတောလေမြိုင်ခြေ - ကျွမ်းသူလှမ်းဘွဲ့စေလေ၊ နန်းမြေရွှေဘုံ၊ ရိပ်မြုံကွာ
လှမ်းဝေး၊ ကျေးနှင့် သာရကာ၊ ပျော်မြူးလေ ပျော်မြူးကြရှာ၊ ကျေးနှင့် သာ
ရကာ၊ ကျေးနှင့်သာရကာ ပျော်မြူးလေ ပျော်မြူးကြရှာ၊ ဘာသာလူလို သံ
ချိုလေလေ စာခွံ့ကျေး - သံချိုလေလေ- သံချိုစာခွံ့ကျေး ×၊ မြိုင်ဖြစ်အင် သဲ
ဘွင် ကြွေလုဆွေး၊ ဝေးတဲ့နန်းမြေ၊ ရှုရိုးလေး ရှုရိုးမြောင်ခြေ ဝေးတဲ့နန်းမြေ၊
ရှုံးရိုးလေး ရှုရိုးမြောင်ခြေ၊ ရေယဉ်ရစ်ခွေ – ဆင်းကျစီးထွေထွေ၊ ဆင်းကျ
လေလေ စီးထွေထွေ ×၊ ရွက်ဝါကြွေ လေပြေဆော်လို့သွင်း၊ ငွေနှင်းစီရာသီ

ဂိမှာန်တွင်း၊ သင်းပျံ့ထုံလှိုင် ငုံခိုင် ပင်ဆိုင်ရိပ်ဝေ - မြိုင်ခြေသာသည့်လမ်း၊ မြို့ခြေလေလေ– မြိုင်ခြေ သာသည့်လမ်း ×၊ မျှော်လေထွေဆန်း ရော်လေ-ကာရမ် ပြည်တော်ရွှေနန်း - ဘယ်မှန်းသိပေါင်၊ လွမ်းဘို့ဖန်ဆောင်၊ နတ်မောင်ဒေဝ ဣန္ဒာဖန်လာရေးငယ်နှင့်၊ အိုဆွေးလေအောင် ခုမောင်မှာ ၂၊ လွမ်းဘို့ထွေလ ပန်းဖို့ဘွေချာ ၂၊ ထုံစီ မာလာ – ကန္တာတွင်းမှာ၊ လေချိုသွင်းတယ်၊ သင်းလေ လေးလေးထုံနှံ့ဖြာ ၂။

**မှတ်ချက်။** ၎င်းသီချင်းသည် ရေးရင်းဆရာကိုမသိရ လွန်ခဲ့သော အနှစ်နှစ် ဆယ် လောက်က ရရှိဘူးသည်။

---

## ၆၄။ မြန်သပြေညာသို့လိုက်သော ရှင်မွန်လှဘွဲ့ - ယိုးဒယား

အရိမဒ္ဒနံ ပြည်ပေါက္ကံ × ကျုံးသုံးတန်ရံ ၂၊ နော်ရထာ မင်းမြတ် ပျော်စံ၊ နတ်နန်းဝေယန် - ထိန်လျှံခတ်မွေပေါင်း × ကိန်းအောင်းရယ်ကြေညာ ကျော်ဝှန် ညာဒေဝီ ချောလှရှင်မွန်၊ သူမျှားထက်လွန် - မြောက်နန်းစံကရွှ × ဂုံးတိုက်ဥာဏ်ချွန်၊ ဒေါလေ့ဒေါသမွန် ×၊ ကြင်လွန် – ခင်လွန် - ရှင်မွန်ချစ်ထား၊ မစင်စုန်းပါ ဖုန်းယုံရှာ၊ နော်ရထာ နော်ရထာ ရွှေအာဏာ ကြီးလှတေဇာ၊ ထွက်စေမကြာ - ပြည်ကရယ်နှင်သည့်တာ ×၊ လှမ်းရလေရှာ × ပန်းလှ ခွေကာ ဖြေမသာ ရေမှာသည်ခါချိုး၊ အဖိုးရယ်ကုဋေထောင်တန် - ညာနားပန် ဆုံး ရလေပြန်၊ သည်ချောင်းနှာမံ နားတောင်းကျတွင်ရစ်ပြန် ×၊မုတ်ဝ ပြောင်းပြန် ရွှေတဲ့ ရွှေစာရံ × တည်ပြန်ခဲ့ငြား နတ်မျှားဖန်၊ဓိဌာန်ကြည်နူးရည်စူးသန်၊ ကြင် ရန်ခင်ရန် ပင်စံဝေးကွာ မျက်ရေဝဲကာမစဲရှာ၊ ငုံပဒါ - ငုံပဒါ၊ စုံခါခါ ထုရ မယ်မှာ၊ ပေါက္ကံရာဇာ၊ မညာတာသည့်ခင်း၊ မုန်းလေလေ မာန်မျက်ပြင်း။ ။

---

## ၆၅။ မြင်းတက် - ယိုးဒယား

လေပြေဆော်သွင်းမြူး၊ ဟံသာဘွေမှာရွှေနန်းဦး၊ ထူးထူး ထွေလာငါး ပါးပဥ္စင်တံမြွှာ × ( ခရာသံစုံ ကျူးကြော်ညံအုံ ၂၊ ) ဘုံဝေဇယန် – နန်းကြီး ဗိမာန် ၂၊ စီမံထူးခြား မျှားလှထွေထွေ၊ မျှားလှထွေထွေ၊ စိန်မှန်နန်းမှာ – ဆန်း လှ ကုန်ခြွေရွှေ × ဆော်လေ သွင်းမြူး၊ ကုန်ထူး ကျေညာ၊ လေသာကွန်း၊ ဆောင်ယွန်းမှာစုံစွာ × သည်မှာ ကုန်ဆန်း နန်းသိင်္ဂါ၊ ဖွယ်ရာထူးတဲ့ ကျူး ကြော်ငြာ၊ သည်မှာသာလေ ရွှေဘုံသာမျိုးစုံလှ၊ နန်းဆောင်သာယာ၊ တီးမျိုး

စုံစွာမှန်ကြာနန်းမှာ – ဆန်းလှစုံစုံဖြာ ×၊ ကြေညာ သာယာပျံ့ပျူးသာယာ ကြေညာပျံ့ပျူး၊ အိုလေး ဇေယျာတော့မှာ - ထွေဆန်းထူး အိုတူဘူး ဘယ်ရာဝင်မှာသာ၊ ဆန်းဆန်းထွေလှ – ရွှေရံကာ – ရွှေဘုန်းတေဇာ –နေနှုန်းဖြာ၊ ထီးတရာ ညွတ်လာခညောင်း၊ သိန်းသောင်း မင်းပေါင်းဆက်ပဏ္ဏာ၊ စုံဆယ်ဖြာ ဖူးညွတ်သွယ်ရှိကြာ ×၊ ရှိဦးတင်ဆင်ကာ၊ လူ့မှူးကေရာ၊ (ဘုန်းကွန်ချာသင်း ပျံ့ကြေညာ၊ တေဇာ နေဝါ ထွေလာ ဝေဆာ ကြေညာ သင်းလှိုင် ဝင်းမြိုင်၊ ဦးခိုင်စိုးတဲ့ မင်းပေါင်း၊ ညွတ်လာပျောင်း ခညောင်းစုံစွာ၊ ဟံသာဘွဲ့ဦး ထူးရွှေ တေဇာ၊ ရာဆူဆူမှူး ဖူးလေစုံညီလာ၂)×၊ ရွှေသဒ္ဒါနှင့်ဇေယာဝံ၊ ရာဇာ၊ အာဟိန်ဘုန်းမီးစက်ရှိန်၊ လျှံထိန်ဒေဝိန်နွယ်လာနရိန်၊ ကြီးလှဂုဏ်သိမ် - မင်းမင်းမဟိန်၊ ထိန်ထိန်လင်းရာ မင်းနွယ်သမ္ဘိန်။ ။

---

## ၆၆။ မြဝတီဝန်ကြီးရေး - ယိုးဒယားမြင်းတက်

ပျံ့ကွန့်မြူးနင်း၊ နတ်မြင်းစိန်မှန်ကြာ၊ ညိုစင်ရှည်ရှင်း၊ ပယ်သင်းရန်ညှာ၊ တိမ်မိုးဆွယ်၊ ခန့်ရွယ်မျှော်ယောင်ကာ ×၊ ကြွေးသူ ကြွေးဆွတ်ဘွယ်၊ လွှမ်းသနှင့်မှာ ဖူးခွင့်ဖန်လာပျိုး ×၊ ကိုးသွယ်ရတနာ မျိုးနွယ်-အသဇာ၊ ကြာလျှပ်စစ်တခန်းဝယ်၊ တန်လူးဆယ်ပယ်သာ၊ မြန်သပြေညာ စံခန်းခေါင်ချာ၊ တင့်ဆန်းညီးညီး၊ ဝေးဂိုးနိုင်နိုင်ငံ၊ မျှားရွှေရံခယမ်းသီးသီး၊ ဘုန်းမီးထိန်ထိန်ဖြာ၊ သောင်းငွေခင်း၊ မင်းဝံအောင်ချာ၊ မြင်းတင်ညာရော ခွေကာသန်း၊ လန်းသည့်အသရေ၊ နန်းတည့် ပရမေလေ၊ ရဲမချိုငယ် စောရန်မာန်ခြွေ၊ သီတဂူငွေ၊ ကြယ်ပေါင်းရုံ့ရွှေ၊ တင့်ရွှန်းညီးလင်း၊ ဝိုးဝင်းထိန်ထိန်လျှံဖြာ၊ မြေယံစိုး မိုးနှိပ်နင်း၊ နန်းခင်းဘုံသီဟာ၊ ထုံကျွန်ရင်း သင်းဗိုလ်ပါ ဆင်ပျံ့မြင်း စုံစွာပုံစာနှင်း၊ ခင်းဝယ်ကမလာ၊ မင်းမယ်ရတနာ ကြာရိုးစလိုငယ် မိုးမိုးနွယ်သူဇာ၊ ကြယ်တညီလာ။ ။ပတ်ခြံနှင်းမိုး၊ လေပြည်လောင်းစွေ-လှသွန်းဖြိုး၊ ရွှေစည်နှိုးကျူးရင့်ကာ၊ နှဲမျိုးတံမြွာ၊ ပဥ္စင်သံသာ၊ လျှံစိမ်းဘွန် လဲ့မွန်ရေမဏ္ဍာ၊ ကျူးရင့်ဆင့်နှိုး၊ ကြွေကြွေနူးခွေလျှသန်းညိုး၊ ဝေယန်ဖျားထားငယ် ဘယ်ဖန်ဖြိုး၊ စိုးတဲ့ပရမေ၊ မိုးနတ်အသရေလေ၊ ရေးမတံ့ငယ်၊ ဆွေးအုံ့ဆွေးလေစေ။ ။ပြာအညိုရွှေ တောင်တောသာထွေ၊ တင့်ဆန်းဝင်းရွှန်း၊ ဆောင်းရွှန်းနွေဂိမှာန်၊ ညှင်းလေ-ပြန်ဆင့်လောင်း၊ ချမ်းဧး ဆွေးကြောင်းထွေထွေဖန်၊ နွေသန်ကြွင်း၊ မင်းမယ်ရွှေမှန်၊ ရွှေမြံနန်းကလေ၊ ဖျော်ဖြေဆွေစုံမြန်း၊ ပန်းငယ်ဂေါ်သဇင်၊ လန်းတဲ့ခါသဘင်-လေ၊ ကြွေးကရင့်ငယ်၊ ကျေးနှင့်ရွှေလွန်းကြင် ×၊ ဟေမဝန်ခွင်၊ ပျံ့လှိုင်ရှင်လေ-ရေးထင်၊ သွန်ခြွေချင်ညွတ်နူးရေး၊ ဆွေးကြောင်းဆင်၊ မှန်ရောသာမှော၊ စုံကြော

စုံခွင်၊ ကြေကွဲဘွယ်ခန့်ရှယ်ရေသော်ဖြင်၊ သင်းလှိုင်ကြူကူရွှေဇင်၊ နတ်နန်းမဥ္ဇူ
ကူရွှေဇင်၊ နတ်ပန်းငယ်လှိုင်ရှင်၊ ရဲအားကိုး၊ မိုးမိုးခေါင်ဖျားစိုး၊ ညှိုးလေအောင်
သက်တမျှရှယ်၊ စိုးနှင့်မယ်ဆွေမောင်။ ။ခင်းသကြင်နှောင်း ရှယ်ကိုးရည်
ဆောင်ခန့်တိုင်းပြီးစီး၊ ညီးညီးထိန်လျှံ၊ မိုးတိမ်ယံမြင့် - သွန်းဝေးနီး၊ သီးသီး
ထွေသံသာ၊ တောင်မြေနန်းငယ်၊ ဆန်းတယ်တွေတာလာ၊ သာရကာကျေး၊
ပျူငှါမာယာကြွေး၊ မွေးကျူဂန္ဓမာ၊ မေးမြူသန္ဓနာ၊ စောသနှင့်လေ၊ ပြောခွင့်
ကုန်နိုင်ပါ။ ။ထုံသမှုန်ကြာကျူး ခွင့်ကျူးနိုး၊ မြင့်ထပ်မိုး၊ ဖြေလိုဘဲခြွေခန့်
လျှပ်ပျိုး၊ ဘယ်မာန်ငြိုး၊ ကိုးနတ်ပေ၊ သွန်းရရွှန်းဘွယ်ရှယ်ရန်ကယ်မှန်၊ ဆက်
ဖန်ဆယ်ထွေ၊ ကြုံဆွေးဘွယ်၊ ပျံ့လှယ်မှုံရုံခြွေ၊ လွမ်းခွင့်လွမ်းစိုး၊ ခွေလှသမ်း
ညှိုး၊ ဖြေလိုဘဲခြွေခန့်သွန်းဖြိုး၊ လွမ်းခင်လွမ်းခိုင်၊ နွဲလျှသမ်းညှိုး၊ ဖြေလိုဘဲခြွေ
ခန့်သွန်းဖြိုး၊ အမှုန်စိုးမိုးနတ်ဆွေလဲ၊ နွဲလှာအုံသလေ၊ စွဲကာထုံမပြေ၊ ကြွေးရင့်
ရေ-ဆွေးခွင့်မှန်ညာရွှေ။ ။

---

## ၆၇။ မြဝတီမင်းကြီးဆို-ယိုးဒယား

ယုန်ငွေနန်းလေး စန်းသော်တာ ×၊ မြသီလာ တောင်ယံ ညာယွန်းဦး ×
ရွှေကိန္နရီ × သွယ်ကေသီ၊ ညွှင်းညွှင်းကျူး × အိုပျော်တော်ထူးလေ၊ လွန်နူး
တင်ရှိုညွန်၊ ကန်ရွှေမွှန်၊ နတ်ရေကင်း × သင်းပျံ့ပျူး၊ ပျော်ကာ၊ စုံခြေမြိုင်ဟေ
မာ၊ မှုံမလ္လာပန်း အနန်းကမြူး × ဆန်း အဆန်းလှထူး ၂၊ ဖူးရွှေစက်ဦးဖြန့်ကာ
ချီ × ဝတ်ရည်လှိုင်လို့ကြိုင်ပါပြီ ×၊ နန်းလယ်ဝေသည့် ရွှေတညီ၊ မှီတမှီ ဘယ်
ဆီလှမ်း × သက်ပိုင်စိုး × ရှိရှယ်ကိုး မိုးမြင့်လျှမ်း ×၊ ပင်တန်း၊ ရွှေလျှံဆန်း၊
ရေတောင်ကမ်းငယ် ပျော်တော်ရာ၊ ရှိဦးငယ် တင်ဆင်ကာ၊ တူမကွာဖုန်းနှင့်
သား ×၊ နန်းခဝယန်မင်း၊ ငွေသန်ကြွင်း နှင်းညွန့်ဖြား၊ ဖန်များငယ်ဆိုယောင်
သာ၊ အိုင်မွန်မျွား မင်းရွှေကုဏ္ဍာ၊ စုံစုံကြာ၊ သင်းပျံ့ရှား။ ။

**သဖြန်**။ ။တောင်နန်း ဗိမာန်၊ နတ်ဌာန် ဝေယန်မွန်ငယ်မှ-မလွန်နိုင်
လေဖွယ်ငယ်လို့၊ မှတ်ဖွယ်မပြား။ ဆည်းစျာညွန့်ဆီ၊ မြကေသီသင်းကြွယ်သည့်၊
ပုလဲသွယ်စိန်ခြူသံက၊ ညိုးညံသာလေသွဲ့ငယ်ကို၊ တောင်နွဲ့မြောက်ပါး။ ။

---

## ၆၈။ တလိုင်း-သာချင်း

လေး-မွန်တိ မွန်စ-မွန်ညအမည်တွင် ရမညနယ်သမိုင်း၊ တလိုင်းသုံးရပ်
ခွင့်တည့်၊ စဉ်ရှည်ထာဝရ၊ ခလုပ္ပတ္တခေတ-သိင်္ဂါဥတ္တရာ-အမြဲစောင့်စဉ်လာ့ဟံ
သာပြည်ဝရ၊ သုံးဆဲ့နှစ်ဌာန၊ စိုးရနယ်တခွင်၊ ကလွတ်မော်ဘီရှင်၊ သံလျှင်ဣန္ဒနတ်

ကွဲလွတ်ကမန္တာတ်၊ မပြတ်စဉ် – မကွာ၊ ဒဂုံဆံကေသာ၊ လေးဖြာစောင့်နေ့ရ- နတ်မှူးမိုးမာဃ၊ ပိုင်သစိုးအုပ်ချင်၊ နီးဝေးလွန်ကျော်ထင်၊ မှန်တိုင်းသုံးရပ်တွင်၊ ရွှေခွင်ကိုမုတ္တမ၊တောင်ခွင်ကိုဒလ၊ အနောက်ပုသိန်ပါ၊မြောက်မှာဟသာတတည့် လေး။ ။

---

## ၆၉။ ယိုးဒယား-တလိုင်းဘာသာခေါ် ဗိမ္ဗာသား ကျူးချင်း

သောင်းကျေးဒီပါတွေ×။ တောင်ရွှေမြေကျွန်း× ယဉ်ဘောင်ယမုန်ရေ ခွေသန်း၊ ထွေဆန်းလင်းရွှန်း× တိမ်ဆိုင်းပြာအရောင် ×။ မြူခိုးဝေမမှောင် ×။ ရေတောင်ညီတာဝန်း× လွှမ်း အလွှမ်းဖွယ်ဖန် ×။ ပန်းမာန် ကြိုင်ကြိုင်လှိုင်လှိုင် စုံမြိုင်ရဂုံတွင်း ၊ ငုံဖူးပွင့်လျှံ ဝတ်ဆံသိင်္ဂါရွှေ၊ လေပြေယူကြူသင်းသင်း × ဝင်း ဝင်းခိုင်ညှာ၊ ရွှေလျှံမှုံမာလာ ×။ ဂန္ဓာပျံ့မွှန်၊ ရေတောင်ဖီလာ တောသာဖွယ့် လွန်× စီးကျသွယ်ဝှန် ယဉ်ရေကံခွန်၊ စိမ်းလဲ့ရှင်းကြည်သွန်×။ ဝါဇွန်ဖြူရွှေလန်း၊ ပန်းပြန့်ကြွေ၊ ညှင်းဝေညှာလေညှန်×။ မြန်မြေကွန့်မှူ ပျံ့ထုံနံ့ သင်းသင်း၊ခင်းစုံ ကြော့တွေ၊ သည်လဲသည်သဲ၊ ဆွေးကြောင်းလွှမ်းရေးပေါင်း၊ ဝတ်ရည်နံ့လှယ် မွှေးကြူစွာ×။ ညွတ်စေခံ့ရွယ်၊ တမ်းယောင်ကာ × မြှော်လဲမြှော်ရှာ၊ ဖန်လာ သွန်းဖြိုး မိုးမဏ္ဍာ×။သွန်းဖြိုး မိုးမဏ္ဍာ သီလာတိမ်စွယ်ဦးစံရာတွေ×။မှန်ညာရွှေ× နန်းမေရှုလေးသူ့ ဘုန်းမော်၊ ဖန်တော်ခုဖန်ဘဲနှေး၊သီဟာရွှေမြေတွေတိုင်းဝေး× သောင်းကျေး သောင်းကျေးလွှမ်းရေးဒီပါနယ်× ဆွေးရန်သွယ်သွယ်၊ တွေးကြံ နိုင်ဖွယ်၊သည်ဝယ်ဆည်တယ်၊ ဘယ်မြောက်မှန်း× ရမ်းရည်ရွယ် ×။မြှော်တယ် ပုံ ကွာလှမ်း× နန်းနေနွယ်× ပန်းလေးစေဖွယ်။×။ မိုးယံဆွယ်-တိမ်နယ်ရွှေတွေဦး တာရီ မှူးသီတဂူထွန်းဝင်း။ × ။ လွမ်းရန်မျှော်ဘဲရေး၊ ဖေါကွာဝေး လေ ဆိုယောင်ကိုညှိုးရင်း×။ ။သုံးယံ သန်းယိမ်းလွှဲ ပျော်တော်ဘဲ ခုစက်ပါနိုင် ညဉ့် သုံးယံ သန်းယိမ်းလွှဲ၊ ပျော်တော်ဘဲ ခုစက်ပါနိုင်၊ မှိုင်ကာခွေရက်ကယ်လင်း။ ။

---

## ၇၀။ ပတ်ပျိုး

စိန်ခြယ်ခြူးသန်း × ရွှေနန်းဘုံလယ် × ပျော်စမ္ဗာယ် မျိုးနေနတ်နွယ် × သေးသေးသွယ်သွယ်× ယဉ်မှူးငယ်ရွှေမျှော့မယ် ×။ အိုလှနတ်ကယ်၊ သည်ဝယ် ကြော့ရှန်း၊ သွန်းရွှေချုပ်နွယ်၊ အိုခင်မယ် ညွန်းမသန့်နိုင်ဘု၊ ပျိုကြင်ဖွယ် - ကျွမ်း ကမန့်သာပ၊ လွမ်းမဆံ့ခွေယိမ်းမှူး×။ ။ရေနှယ်သာဦး ခြူးစိန်ရုံ၊ ဟောမန်

ထွေလျှံလေပြန်လောင်း၊ နေလျှံမောင်းတဲ့ဒေါင်းယာဉ်ပျံ၊ ဂေါရာ-စကြာ-ယွန်းလုဖလ်မင်း၊ (ဂေါရာစကြာ-ယွန်းလုဖလ်မင်း၂×)။ ပုဏ္ဏမာ ယုန်လွှာခင်း၊ ဘုံပေါ်လင်းလို့ဝင်းပြေပြေ၊ သပြေဒီပေါ် ဧးမြလေး၊ သပြေဒီပေါ် ဧးမြလေး×။ ကျေးသွယ်နိုတုံ၊ သွန်းရုပ်ပုံ၊ ယမုန်သီတာ၊ ရောလမ်း၊ ခွေကာနွှမ်းရေ-ပန်းမပြေ၊ မယ့်ကိုသေစေ ညွှန်းရေ့သလား၊ မယ့်ကိုသေစေ ညွှန်းရေ့သလား။×။

ရတု။ ။ထားကမ္ဘုလည်း၊ ကြွေလုသည်းဆိုင်၊ မတတ်နိုင်ခဲ့၊ သူ့နိုင်ငံမင်းပြုတော့သည်၊ ပြဒုယဉ်သာ၊ တသဉ္ဇာမှာ၊ ထင်ရာမျှော်ကိုးမိတော့သည်၊ သေွခုစိမ်းကား၊ တိမ်းကာ၂ါး၊ ကြိမ်းဝါးမျက်ငြို ထဲမသို၊ ရန်ကိုမြွက်ပိုင်း၊ ဖက်မနိုင်းမျှ - စက်တိုင်းမပျော်လှလေဘူး။×။ မယ့်လိုဝှက်ရှိုင်း - ဖက်မနိုင်းမျှ- စက်တိုင်း မပျော်လှလေဘူး။

(ခြူးစိန်နွဲယဉ်၊ရှစ်ထီးရယ်ဘုံပလ္လင်က၊ ညနေ့စဉ်ပေါင်း၂။) သောင်းရွှေပြန့်မှာ × ဗိုလ်ပေါင်းရယ်ရံကာလို့၊ ယဉ်သီတာ၊ ယမုန်နန်းမှာ ရေးရွှေရုပ်-နတ်တူရယ်၊ စက်ရာဝယ်ခု-မြင်လာသား×။ ပူဝန်းဖြေမပြေ၊ ကုန်ပန်းရသေး။×။ ရေးငယ်ကြင်ဆွေကြောင့်သာ၊ ထွေထွေမှား။×။

**သဖြန်**။ ။(လားစက်ပျော်ပေါင်၊ မြော်ကိုးသူ ထင်တော်ယောင်နှင့်သည်ဆောင်ကြင့်နှိုး- ၂။) နန်းကြော့ကေကေ × ပျော်လဲ ပျော်တော်ရွှေနှင့်သော်မော်ဘွေ့ ဘယ်စက်အိုးငယ်မှာ၊ ဖုန်းစံသည့်မှန်း။ ။

---

## ၇၁။ ယိုးဒယား

ဆန်းနွေဦး လေရူးဆော်ပြန်လာ၊ မွှေးပျံ့ကြိုင်လှိုင်စွာ၊ မာလာဝတ်မှုံ ပင်စုံမြိုင် ။×။ ငှက်မောင်မယ်-ဘာသာ-သူတို့ပွဲ ။၂။ လွှမ်းဖေါ်ညီဆဲ၊ တမ်းဆိုရာ စုံစုံမြိုင်ဝယ်၊ နန်းညွှန့်ခြယ်လှယ် ×။ ပူနဲ့ပိုလွှမ်းအောင်ဖန်။၂။ ပူခန်းဆင့်ပုံ၊ ယူလှမ်းသင့်ရုံ၊တူမြန်းခွင့် ပျော်တော်သာတင့်စုံ၊ ပူခန်းဆင့်ပုံ၊ယူလှမ်းသင့်ရုံ၊တူမြန်းခွင့်ပျော်တာသာတင့်စုံ×။ ရွှေနန်းအောင်ချာလယ်၊ ဘယ်ဝယ်စံသိမှန်း၊ တောင်သေလာကြီးရယ်က၊ ဆီးကာလို့သန်း၊ ဆန်းပိုရန်စုံ - ဆန်းပိုရန်စုံ - ဆန်းပိုရန်စုံစုံမြိုင်ဝယ်၊နန်းညွှန့်ခြယ်လယ် ။ × ။

**သဖြန်**။ ။ရွှေသန်းကြော့မယ်၊ မြိုင်လမ်းရယ် ရဂုံလယ်ဌ၊ ကြုံတယ်အခင်း။ကျွမ်းရတက်နှောင်၊ လွှမ်းရက်ကယ် ကြွေလေအောင်ဟု၊ ရွှေဘွေ့တောင်မြိုင်သာဝှန်းငယ်မှာ၊ ပူခန်းကပြင်း။ ။

## ၇၂။ ယိုးဒယား

ညှင်းလေကသွေး × ဘယ်ကျေးငယ်တည့်၊ ဆွေးမြ ညှာလေး၊ ရင့်ကြွေးငယ်သာ × စံသိင်္ဂါပင်ဘုံဦး၊ ကျူးလာဘိတယ် × မှုန်ကြွယ်သည့်တော × ရင့်ရောဆည်ဖွယ် ×၊ လွမ်းစေစိမ့်ရှယ်၊ လွမ်းချယ်လယ်လှ၊ ဘယ်နန်းဖွား၊ ရွှေဂူလိုဏ် ကြိုင်ပျံ့ရှား၊ မဥ္ဇူဖျားငယ် သိုက်ရွှေလယ်၊×၊ နန္ဒမူလှိုင်ကြူ သင်း ခင်းညှိ့ဝယ် - ဝတ်ရည်လျှမ်းတယ် ပင်ယံနှယ်၊ မကြုံလေဖွယ်၊ မှုံရွှေသွယ်၊×၊ နန်းဟေဝန်ဦး မောင်မယ်၊ ပန်းဖြေပါဦး သက်လယ်။×။

**သဖြန်။** ။အိုချစ်ကြိုးသွယ်၊ သည်နှယ် စုံရဂုံက၊ ဝတ်မှုံညှာလေသွဲ့လို့၊ ဖြေတဲ့ပြောဘဲ။ ခေါ်မှားမိယောင်၊ မောင်ငယ်ထင်ရ သွင်မညို့ ငယ်လေ၊ သည်ကိုယ့်ဖြစ်နဲ့။

---

## ၇၃။ ယိုးဒယား

ညို့ညို့ဆိုင်းဆိုင်း × အုံ့မှိုင်းရီဝေ ×၊ မျှော်လေလေ လွမ်းပုံသိတေ့ × ဟေမန်လန္ဒောင်းပေမို့၊ ဒေါင်းပြင်စက်စုံ၊ သကြန်ခါ နွေပြောင်းအရွှေ့ပေမို့ - ပြန်လှန်ခါလောင်းပါလို့ ညှောင်းညှာကြွေမှိုင်လုံးလင်း၊ ×၊ **ဘောလယ်ဆက်။** သင်းပျံ့ကြိုင်ရှင် - ဂေါ်ဇင်ဖီ ဖူးရယ်တို့၊ တော်ဝင်မှီ ဦးရှာကြ၊ထူးသစ်တဲ့မှိုင် × တဲ့လို့နဲ့လို့ ရစ်ဝဲကာဆိုင် × ရွှေငှက်ကယ် မောင်နဲ့တို့၊ တောင်ကမ္ဘယံ စွန်းမှာလေး ခွန်းသံဆင့်ပြိုင်။×။

ရွှေပြည်တော်နန်းကိုတဲ့ ရမ်းရော်ဆနိုင်၊ အလွမ်းရယ်ဗျာလှိုင်လို့ သာခွေယိုင်နွမ်း၊ ဖေါ်မစုံပန်းသူမို့ လွမ်းဗျာထုကြုံ ×၊ ရှစ်တိုင်းရယ် ပြာမှုန်လို့၊ ရွှာတော်ပုံ ဖြိုးတယ်လေး၊ မိုးစည်စိမ့်စွေ။×။

ရှစ်နယ်အုံ့ မှိုင်းပါလို့၊ ဘုံတိုင်း နဘော၊ ချုံသိုင်း ဝလာဇွေက၊ မဟာမေဃော၊ ဗျာပါဝေမောစေဘို့ ဖြိုးလျှပ်အုံ × မိုးနတ်ပဇ္ဇုန် × အိုဘယ်မာန် ဟိန်းတယ်လေး ပိန်းပိတ်လို့ရုံ ×။

ပူသူကို ငြိုးရော့ထင့်၊ ရွှေမိုး အမှုန်၊ ဝေဖြိုးနဘံဘုံက မာန်တဂုဏ်ပြင်း။ လျှပ်စစ်နွယ်ခင်းပါလို့ ဟစ်ကြွေးငြာ၊ ဧစ်ရေးဗျူဟာ - သူရာမင်းငယ်လေး ခင်းတပ်ဖွဲ့ကာ။

---

## ၇၄။ ပတ်ပျိုးဖြင့်ချီသော ယိုးဒယား

မဟီယင်ဘောင်၊ သဲဗေ့ွသောင်၊ ပိန်ညင်း ငှက်မယ်မောင်၊×၊ ခေါ်တယောင် ဖိုးခေါင် ရွှေလည်တဲ့လို့လေး ပျံ့ဝဲလူးလာ - ဟသ်ာစင်ရော်နဲ့လို့လေး၊ ယဉ်နဲ့ပျူငှါဖူး - မြင့်မြင့်၊ ×၊ **ယိုဒယား၊** ။ထူး တထွေထွေ၊ ရှုလေသာဟန်ပို × မှိုင်ညိုဟေမာ - မောင်မယ်တွဲ နွဲ့ပျော်ကာ၊×၊ ပျံ့ဝဲလေလော၊ ပျံ့ဝဲ

လူးလာ × (သိုက်မြုံဗွေ - ရွှေရံမျှား၊ ဖေါ်ရှာသွေ ချော်ချို[၂])၊ ရွှေချိုးလေ လေး ရွှေချိုး - လင်းပြာ × ရွှေစာငုံးခါ × မြင်သူမှာ - ကြေကြေပန်း၊ ပင်နှိုး သာဟန်[၂]၊×၊ တောလုံးဝေလျှံ ပင်တံလေသဇင်၊ အနံ့ငယ်ဂေါ်အင်ပန်း၊×၊ မြတ်လေးရယ် သရဖီ နှင်းဆီလေး စွယ်တော်၊ ကံ့ကော် - ရွှေခေါင်းရမ်း ၊×၊ လောင်းပန်း × ရွှေနော်ဇာလေတည့်မှ ချရားနှင့်ဇီဇဝါ၊×၊ ခွါပြာလေ ညိုလဲ့ လန်း × ရွှေမဥ္ဇူ သော်က - ဒန်း၊×၊ စုံမြန်း ငုံလျှမ်း သာယာဆန်း၊[၂] ပန်းပန်းက ဝေဆာတည့် ထွေလာ၊ ခက်ကိုင်း ရှုတိုင်းသွယ်ဖြာ၊ ရွှက်ရော် သိင်္ဂါညွှာမှည့်ဝင်း၊ ငွေသော်တာဆွေနတ်မင်း၊ လှုကံဖန်ခဲ့တယ် × နယ်ကယ်အိုညီညာဘဲ၊ ရွှေဘွင် သဲကျွေလုံဖွယ်။ ။

---

## ၇၅။ မိုးဘွဲ့ - ယိုးဒယား (သခ်ပတ္တ)

မိုးလုံးပတ်လည်၊ သွန်းလေချီ × နတ်စည်ငယ်လွှန်ကျူး၊ ထူးထွေလာ၊ ကြော်သံဝါ × တန်တန်ပါဘဲမို့၊ လဲလုဆွေး၊ ၊ဖန်လဲရွှာ ရွှမ်းစို × မိုးမိုးငယ် လုံ့ကဲ၊ ချုန်းသည်နှင့်သဲ၊×၊ ကြော့အုံးမှာခွေ × ဖြေလဲငယ်ပြေဘဲ၊ သဲကြွေလု နှန်း၊×၊အုံ့အာကာ၊ ဧကရာက - ကြော်ငြာကြေး၊မာဃိန်မာဃိန်သွေး၊ ရွှေကိုယ် လေးငယ် သွန်းရှုပ်ပုံ×၊ ရှုမကုန် သွင်ပုံမှိုင်း၊မှိုင်းမှိုင်းဝေ[၂]၊ သလွန်ဘေ့လျော်ရွှေ သား တ ယောင်မှား မှိုင်မိသေး ×။

အိုမောင်မောင်ရေ - မျှော်ကိုး ယောင်မိသေး၊[၂]၊ ဖိုးခေါင်ကြေးကြော် ရွှေတောင်ရိုးပေါ်၊ပြည်တော်ကို မျှော်လိုက်စမ်းပါ လမ်းဘယ်မမြင်၊[၂]၊အိုမောင် မောင်ရေ၊မျှော်ကိုးယောင်မိသေး၊[၂]၊ညဥ့်နက်ကယ်သန်းခေါင် ကျ,ရွှေမိုးမှောင်၊ သန်းခေါင်ကို လေပြေဖျန်းလို့ ချမ်းရှာလိမ့်မယ်၊ သန်းခေါင်ကို လေချိုသွေး လို့ ဧးရှာလိမ့်မယ်၊ အိုမောင်မောင်ရေ၊ မျှော်ကိုး ယောင်မိသေး [၂]။ ။

**အထူးမှတ်ရန်။** ၎င်းသီချင်းမှာမိုးလုံးပတ်လည်က တ,ယောင်မှား မှိုင်မိသေး၌ ဆုံးသည်။ (အိုမောင်မောင်ရေ) စသောသီချင်းမှာ အခြားသီချင်းမှ ဖြစ်သည်။

---

## ၇၆။ ပေါ်ကွာဝေးသို့လိုက်သော ရာသီဘွဲ့-ယိုးဒယား

သန် - ကျန်မိုးပေမို့ ညှိုးရစ်မို့စေ × ဖြေတော်ကပ်သူတို၊ လွမ်းဗျာထပ် ပွေ × ရှာတော်ပုံလှိုင်းပါလို့၊ အုံ့မှိုင်းဝေဝေ × ပြာခြေဝါရွှေ ခါနွေဆန်း၊ စိမ့်စမ်းရယ် ကြည်ရေသွန်၊ သည်ဟောဝန် - သာလွန်ထူး ×၊ အိုဆည်းဈာချိန် ပြာမှိန် နေညို၊ညှင်းလေချို သွေး၊ ဧးပျံ့ပျူး၊×၊ကျူးကျူးရင့်မာဂဓါ၊ ဘာ

သာခိုလှုံဖို့မ - နန်းသိုက်မြုံ×၊ ဂေါ်ဝတ်မှုံသင်းသင်းပျံ့လှောင်း၊ မျှော်ဆွတ်ရုံ နှင်း
နှင်းကျဆောင်း၊ အင်ရွှေဖီ ဖူးကြ - ခါတော်မှီ ညှာတံချီ ယိမ်းနွဲ့နှောင်း၊ စိမ်းလဲ့
မောင်း၊ တိမ်းငဲ့ပျောင်း၊ ဆန်းစ-တပေါင်း × သာစ,တောင်း ကောင်းကင်ဘွေ၊
ပြာပြာဝေဝေ ခိုးရှက်ပေါင်း၊ရော်ရွှက်ရွှေ- သက်ကြွေပျောင်း၊စက် - ရွှေဒေါင်း
ရယ် ဝင်ကာချီ၊၂၊ပေါ် ရွှေဖီ - ရွက်ဦးငယ် မြူးလို့စီ၊ စုံမြိုင်ယံသာထူးဘယ် ဖူးတံ
ချီ စံသိင်္ဂါသိုက်နန်းကိုမြန်းကွန့်ပြီ၊ ၊မို့-တဲ့ မ-ဖို့ ယှဉ်ပိုင်နွဲ့၊ သာရကာမောင်မယ်
တူစုံဝံ့ပါလို့ ပျံ့ကာချီ၊ ချစ်တင်းငယ်ညံ့စီစီ၊ သံညီညီးရေင့်ကျူး×၊ ညှင်းလေပြန်
လောင်း၊ ဟေမန်နှောင်း ဆောင်းရက်ကျူး၊ စက်ဦးငယ်မိန်ရာသီ၊ ဖန်ဆောင်
နေနန်း ဒေစာရီ၊ နွေခါဆီချဉ်းလို့ကူး။ ။

---

## ၇၇။ ယိုးဒယား (ကပီ)

နန်းဘုံသိဟာဘွေ၊ သဥ္စာညောင်ရွှေ – ရှန်းဝေထိန်ပြောင် ညီနောင်
ဆက်ကာ – ပိုင်စံစိုးတော့သာ၊×၊ အို - ဆင်ဖြူဆဒ္ဒန် ဆက်ပြန်လို့ငြား၊ မရှား
လိုရာ၊ ဘုန်းတော်တေဇာ ဒေဝါနတ်မောင်၊ ရွက်ဆောင်ကျိုးတော်သာ ×၊
ဘုန်းတော်ကြီး ထီးတရာ၊ စကြာစိုးတယ် – မိုးဗြဟ္မာ၊ ထူးထွေလာ ညောင်း-
ကောင်းခြီးငြာ၊ ၊ဖူးရွှေစာငယ်မှာ၊ ဒေဝါ နှစ်ထောင်း၊ ရှစ်သောင်းမျိုး
နွယ်၊ နတ်ကယ်မူရာ၊ သူဇာဖြူပြာ - ကြော့ကြော့ရှင်းတယ်၊ သတင်းကြိုင်လှိုင်
စွာ၊ ×၊ ယိုးဒယား - ကပီ - ဆာတမာနိုင်းစံစရာ အမည်နော်မတူရခြား၊ မျိုး
အများ အပြည်ပြည်အရွာရွာ၊ တိုင်းမြန်နဂရာ၊ ပြည်ရွာနယ်မြို့ × တလွှား ၂၊
စည်စည်ကားကား၊ များစွာ့ မြတ်အသရေ၊ အလားပ,နတ်ပြေ ၂၊ ဝတီ နန်းလို
ထူးဆန်း သာဘိချေ။ ။

---

## ၇၈။ ဆရာဦးပြုံးချို့ရေး-မင်္ဂလာသြဘာ ယိုးဒယား(ကပီ)

အောင်–ဇေယတု - သဗ္ဗမင်္ဂလံ – အောင်ဇေယတု၊ အောင်ဇေယတု၊
အောင်ဇေယတု–သဗ္ဗမင်္ဂလံ။ ။

ဇေ-ယတု-သဗ္ဗ-မင်္ဂလံ၊ အောင်အတိတ်ကျော်ညံ့အောင်ဟိတ် ပေါ်ပြန်၊
ပုဗ္ဗနိမိတ်–သုခါဝဟံ၊ နတ်ကဘိသိက်ဆုပဏ္ဏနာအမှန်–တက်နေတိုးသလို–ကြက်
သရေဖြိုးလို့၊ တန်ခိုးဂုဏ်ရောင်-လျံ၊ စန်းပုဏ္ဏမိန်လင်းသလို၊ ဂုဏ်သိမ်သတင်းက-
ဇမ္ဗူတွင်းကြေညာမှန်၊ စိတ်မှာကြံသမျှပင်၊ ဣဋ္ဌာရမ္မဏ ဘောဂသမ္ပန္နံ၊ ၂၊ မြတ်
ကြောင်း မြတ်ကြောင်း မဟာဇေယံ၊ နတ်ပေါင်း နတ်ပေါင်း သမာပေမံ၊ ၂၊

မကြာစေရန်-ရတနာခြေရံ-ရာကုဋေအမြန်ပေါစရာ ဩဘာသံ၊ မဟန္တံ သီရိဂဏံ လာတိ ဂဏှာတီတိ မင်္ဂလံ။ ။အို-ရွှေပဒေသာ – ငွေပဒေသာ-ဝေဝေဆာဆာ၊ မြေမှာပေါက်ငြား အမြောက်အမြားပြည့်လျှံ၊ဇောတိကပမာသဏ္ဌာန်၊ပေါ်သည့် ခနလာဘ်၊ ဇဋိလမေဏ္ဍက သဌေးတို့လို၊ အတိဘဝ ယခင်ကပေးတဲ့ကုသိုလ်ကံ၊ ရတနာ-ခုနစ်ဝမှာ ကာကောဇ္ဈာတို့လို၊လိုသမျှဣဋ္ဌံ၊ပေးမကုန်လှူမခန်းအောင်၊ ဇမ္ဗူအဝှန်းမှာ· လူစွမ်းထက်ကြပြန်၊ ဝေဖြိုး ဝေဖြိုးအနန္တံ၊ မြေမိုးမြေမိုးဘဝင် လျှံ၊ ဒါနကုသလံသီသကုသလံ၊ ဘာဝနာထုံသည်၊ အမတာဘုံရည်စိတ်သန်၊မံသီ ရိ`လာတိ ဂဏှာတီတိ မင်္ဂလံ။ ။ကြက်သရေ-ကမ္ဘာတသောင်းက ပေါင်းစည်း ပြန်၊ ထက်ဖြဟွေ့ပတ္တနာလောင်းလို့ကောင်းခြီးညံ ၂၊ ဤတလောကပေါ်မနော မယခေါ် -စကြာရတနာပတ္တာမြားလို ပြည့်ငြားလိုသမျှအကြုံ၊၂၊ ယခုပြုမင်္ဂလာမှာ လေ၊ လျှင်စွာပတ္တနာအကျိုး ရတနာမိုးရွာရန်၊ အဟုတ်အတိတ် နာဝင်သာရန်၊ နှုတ်ဘိသိက်-မင်္ဂလာ·အသံ၊ လေးဖြာသဌေးပမာမယွင်းအောင်၊ ဧးစရာအခင်း ဖြင့် အောင်ခြင်း သုသုခံ၊ အိုင်ကုဏ္ဍလာနန်းမှာ၊ ပဒုမ္မာပန်းသို့ ပွင့်လန်းသည့်သို့ သဏ္ဌာန်၊ ဝေရော်စနာလင်းသည် သော်တာမင်းရယ် သန့်ရှင်းကြည့်သို့ဟန်၊ စိတ္တ သုခံသုခံ-ကာယသုခံသုခံ-သိဒ္ဓါဘဝန္တု၊ ညွန်းဆုသဗ္ဗေဣဋ္ဌံ။ ။အောင်သီ ချင်းနှင့်အောင်ခြင်းဇေယံ၊ နှလုံးလိုရာ-အိုမကြာပြည့်ကြောင်းမှန်။ ။မင်္ဂလာ စောင်းသီချင်း၊ ကောင်းခြင်းဇေယာအသံ၊ သောင်းတွင်းကြေညာရန်၊ သဘော စိတ်ရှိသမျှဖြင့်၊ မနောမယိဒ္ဓိပြည့်စုံပါစေအမြန်။ ။

---

## ၇၉။ အိနှောင်ချိုး-ယိုဒယား

သောင်းရွှေလယ်၊ ပိုင်စိုး၊ မိုးနတ်ကယ်၊ ရွှေဘွင်ကျွမ်းမျှ-လွမ်းရတယ်၊ ပူပုံပွေလို့ ကြွေမည့်နွယ် × လောင်းနေနွယ်ပိုင်ဆုံး-ဘုန်းကြွယ်ကြွယ်၊ ကုန်ခြေပန်း လို့ လှမ်းနိုင်ဖွယ်၊ ဘယ်မြိုင်ညိုကသာ၊ ကြိုရမှန်း-ပူပုံကြွယ်လို့ ငယ်ညီးနွမ်း ×၊ အိုပန်း · ပါဘိ-လှမ်းခြေယူနှေး၊ ပူရေးပိုခဲ့ပြီ၊ မူမေ့းညိုလဲ့ရီ၊ ခါနွေကြော့ဦး ညာကြွေကြော့-မှူး၊ လေရူးဆော်လုံ့ချီ၊ × ၊ အို-မာလာ မာလာပင်စုံဖူး ငုံကြိုင် လန်းလှိုင်၊ အထုံထုံရီ၊ မြိုင်ယံကဆန်းသိင်္ဂီ၊ တိုးမြကိန္နရာ-ရွှေစာမရီ-တောတောင် သာဟန်-ညံစီစီ၊ အိုလေရော်ရွှယ်ရမ်းလို့ လှမ်းနိုင်ပြီ၊ ရွှေဒါဟန် တိုင်းမယ်တို့ဆီ၊ မရောက်ကယ်နိုင်ပြီကွာလှမ်းဝေး × ဘယ်ဝယ်လေး၊ ဘယ်ဖုန်းအား၊ ဖြေဖျော် များတွေ့လိမ့်မယ်-သူ့တိုင်းကြော့၊ ကာလံနယ် လွမ်းတာကြွယ်လို့သာ၊ သွယ် သွယ်ဆွေး။ ။

## ၈၀။ ယိုးဒယားကြေးသွား-တောသွဲ့

မြိုင်တန်းမှောင်၊ ချောင်ရွှေဝါ × လေယူရာ၊ ပန်းစုံကြိုင်လှိုင်သင်း၊ ဇီဇဝါ မာလာငုံလို့ကင်း၊ ရှုလေရာ-ဂန္ဓာမြိုင် ကြော့တွင်းမှာ၊ လေလေလေ၊ အင်ကြင်းရွှေဖီ × ငုံဖူးထပ်စီ ×၊ ခါတော်မှီပန်းမြိုင်ဂနိုင်လမ်း၊ သဇင်ကျွန်ဆင်ရန် တယ်သို့ဆန်း၊ ဇလပ်တာ ဆပ်သဝါ-ငုံပွင့်ပန်း ×၊ မြိုင်တန်းမှောင်ဝေ-ချောင်ရွှေလေနတ်ပန်းခိုင်၊ × ၊ တော်ဝေမြိုင်ခွန်းစုံသံဆိုင်ပျိုး၊ တညှင်းငြာ-လင်းပြာဆိုတဲချိုး၊ လွမ်းလေအောင် ဖိုးခေါင်သံဆင့်နှိုး × ပြည်စိုးတောင်ဝါ-တွန်ကျူးသံသာ၊ × ၊ ညံစာစာ-ဂန္ဓာမြိုင်တကြော၊ သာရကာစာရှာဖိုမနှော ×၊ ညံစာစာ သံသာ သံရင့်ရော ×၊ မောရဂီဝါ၊ ဘာသာလေ ငြိမ့်ညောင်းပျော်၊ × ၊ သည်မြိုင်ပေါ် ဂျီဇော်ဖေမျှားမင်း၊ လောဟာလုံမှာ သာထည့်သွင်း၊ အဂ္ဂိဆို ဖိုတွင်-ရေဖြစ်လင်း ×၊ ရုံသင်းဖော်ရွေ၊ ပျော်နေကျောက်ဂူနန်း။ × ။

---

## ၈၁။ ယိုးဒယား

တောဟောဝန်လယ် × ။ တိမ်နယ်-တောင်စွယ်-ဝေယန်ဦး၊ ရာပြည်တန်၊ ရောင်လျှံထိန်ထိန်-ဖလ်ရှိန်နေသို့မြူး-ထူးအံ့သွယ်သွယ် ×။ မှူးမျက်ခြယ်၊ နတ်ကယ်ကေသွယ်တင်ရွယ်ရွှေဗျာထူး ×။ စုံဦး ဖူးရှိတင်ကာ။ ၂။ ဖူးငုံဝေဆာ-ညံစာဂန္ဓာလွန်သာမောပန်းစုံစုံ ဝတ်မှုံစီစီ လေပြည် လေညှင်းရော၊ သန်းရွှေညီသိဂ်ီခိုင်ညှာကြောမှာ၊ တောမြောင်ဖီလာ၊ ဆီးဘာဝန်း × ။ လွမ်းလေအောင် - လွမ်းလေအောင်၊ ခုကွန်းဘွေညောင် မှိုင်ယောင်ခွေယိမ်းမှူး။ ၂။ ကေမြိုင်ငှမှာလေ-ဝေဘူတွင်း။ ၂။ မိုးဂူနွှာဒေဝါ ကွန်းရယ်က၊ ညွှန်းဆော်စိမံ။ ၂ ။ မျှားမျှားချွေရွှေရုံ၊ နန်းမြိုင်စံ ကုမ္ဘာန်ရွှေမျှားမင်း။ ၂။ သေလာသေလာ မြဘွေတွင်း။ ၂။ ပန်းစုံစီ-အောင်မြေသာတဲ့ ခင်း။ ။

မှတ်ချက်။ ။ ၎င်းသီချင်းသည် ဘာကို ရည်ရွယ်၍ ရေးသည်ဟု အဓိပ္ပါယ် ကောက်၍မရချေ။

---

## ၈၂။ ယိုးဒယားဟောင်း

ကန္တာတောခြေ၊ အိုးဝေမြည်သံ၊ ငှက်ပေါင်းပျော်စံ၊ မြူးကြလူဟန်-ဖန်ဖန်ခေါ် ခါအော်မြန် တောလုံး သိမ့်သိမ့်ဆူလို့ညံ။ ×။ ခုနံပျံဘာသာ-မာဂဓါရော၊ စုံယံကန္တာဟောဝန်ကြောမှာ၊ ပြောကြလူလို ချစ်တင်းဆိုကာ တောကြီးဟောဝန်မှာ ×။ အို-အို-ငှက်ပေါင်း ငှက်ပေါင်း ပျော်စံ-တောကန္တာလမ်း-မြင်သူပန်း

ဘွယ်ရော၊ သိုက်နန်းက–ဆန်းထွေလာ၊ ဘာသာဖေါ်နှော၊ပြောကြရှာ၊ ချောင်း
ရေယဉ်ကြီး စီးသွယ်ဖြာ၊ ကျေးငှက်စုံမြူးပါလို့ ထူးထွေလာ၊ စုံမြိုင်ယံကြော–
တောဟောမာ၊ ပန်းရွှေဝါနှင့်သာ–မာလာရော၊ လွမ်းလေအောင် ဖိုးခေါင်မယ်
လျှနှော။ ။

**အထူးမှတ်ရန်။** ။ဤကန္တာတောခြေ သီချင်းသည် ကျွန်ုပ်တို့ယခုစဉ်က ရဘူးသော ရေးမူရင်းအတိုင်းဖြစ်သည်။ ယခုအခါ အချို့သော သဘင်သည်တို့သည် ၎င်းသီချင်း ဒုတိယအပိုဒ်မှာ (ယောက်ဖခွေးခေါ် မြည်ချက်ဆန်း) စသော အခြားသီချင်းက အပိုဒ်တို့ကို ညှပ်လျက်၊ နောက်ဆုံးမှာ (ကျောင်းဆောက်ရန် စိန်တခွက်ကြောင့်) စသော အပိုဒ်နှင့် အဆုံးသတ်တတ်ကြ၏၊ ၎င်းတို့ကား၊ အောက်သားများ နောက်ရေးသောစာ ဖြစ်မည်ထင်၏။ ။

---

## ၈၃။ ဆရာဦးပြုံးချိုရေး–ကရောင်းလိုက်ယိုးဒယား ဟိမဝန္တာတောင်ဘွဲ့–တချက်စည်း

ပဗ္ဗတာ ဟေမဝန်တောင်-မြတ်မဟာ အသရေမွန်ဆောင်-ဝေးကြူးမြင့်သိ
ခေါင်×။ ဘူပထဗျာ- များစွာအပြောကျယ်၊ တောနယ်သုံးထောင်၊ ယူဇနာ
ငါးရာချင့်မသွေ–မြင့်လေသည် တောင်ထိပ်ပြင် မဟီတလာ၊ အညီမှာမှောင်၊
မြိုင်စခန်းနှင့်-အိုင်စမ်း နဒီကွေ့မြောင်၊ ဂမုန်းပေါင်း-ပန်းပေါင်း–အစုံပဆောင်၊
တောင်ထွတ်ပေါင်းပင် ရှစ်သောင်း ပိုလေးထောင်၊ လူသားသာမန်–သွားမကြုံ
နိုင်အောင်၊ တန်ခိုးအဘိညာဏ်၊ မိုးတိမ်ယံအခေါင်၊ နတ်ဝိဇ္ဇာဘီလူးတို့–ပျော်
မြူးရှည်မြင့်အောင်၊ ကမ္ဘာချဉ်းစေ၊ ယွင်းပျက်မကြေနိုင်ပေါင်၊ ခြသေ့ံပျို မြင်း
ပျို ဆင်ပျို ရတနာအပေါင်းတို့ အကောင်းအမြတ် ထိန်ထိန်ပြောင်။ × ။ ရွှေ
အရောင်ကြည်စွာ- ဝေပြောင်မဟီချာ၊ သုဒဿနနှင့် ကာဠ–ဂန္ဓမာ-ပဗ္ဗတ၏
နာမသညာ၊ စိတ္တခ-ကေလာ၊ ဣဿရနေရာ၊ ငါးဆူရံပတ် အနောတတ်အိုင်သာ၊
နေရောင်ခြည်မတွေ့ ကြည်မြေ့သီတလာ။×။သီဟာ ဂဇာ သိန္ဓဝ ဂေါဏ·ဧးစွာ၊
ပြွန်လေးမြွာ၊ စောဒက အမေးဟာ- ညွှန်တွေးစရာ၊ ပြောပြဘို့အရေးဟာ၊ လွန်
နှေးမကြာ။ ။ရွှေအရပ်သီဟာ–အနောက်ခန်းဂဇာ၊ ဂေါဏ–ဒက္ခိဏာ၊မြောက်
အစွန်းသိန္ဓဝါ၊ ဖေါက်သွန်းအရှိန်ဇလာ၊ အောက်အဇွန်းမငြိမ်စွာ။ ။လက်ျာ
ပတ်တယ် သုံးထပ်လေးမျက်နှာ' အာဝဋ္ဋဟု-စီးကျပေလစ် - ရေမြစ်ကျယ်ဂင်္ဂါ၊
ညီစွာစီးကာ၊ ထက်ဘေ့အဖျားမှာ၊ ရှည်လျားစွာ၊ ဆဲ့နှစ်ခွဲပွားလာ - ရေများ
မှာ၊ မဆက်ပေခြားစွာ အနေအထားဟာ၊ သက်သေစကားရှာ ထွေပြားမှာ၊
ဂန္ထန်- အရာ–ကျမ်းဂန်မကွာ ညာဏ်မရင့်လျှင်-ကြံခွင့်မမြင်နိုင်စရာ။ ။

## ၈၄။ တောတောင်တွဲ-ယိုးဒယားသံဆန်း

တောင် အဆင်းမှာလေလေ၊ လောင်သင်းကြွေကာ - မြောင်ကွင်းမြေ
သာလှပါ။×။ (နွေအခါရယ်၂) ဟေမာ မြိုင်ကြေ့လမ်း-မြိုင်ကြေ့လမ်း၊ ကွင်း
ပြင်မှာ - မင်းလွင် မြူကသန်း။ × ။ ပင်ယံ နန်းမှာလေလေ။ ၂ ။ သံဆန်းငယ်
ကျူးကြော်၊ ဥသြငယ် ဖိုမယော်။×။ ဘိုးခေါင်ခေါ်တယ်-၂၊ တောင်ပေါ်
ပင်မြင့်ဦး ပင်မြင့်ဦး ငှက်ဟသ်ာ ကြိုးကြာ - သူတို့မြူး။×။ စိတ်ကြည်နူးတယ်
လေလေ၂၊ မြည်ကျူးညံစာ၊ ကရဝိက်သံ သာလှပါ။ ။မာဂဓာငယ်၂၊ ဘာသာ
ဖို-မနှော ဖို-မနှော သာလိကာငယ် - တမာ ရွှေကြက်တော × ၊ ပန်းစုံ
ပေါ်တယ် လေလေ၂၊ စုံတောကန္တာ၊ စိမ့်စမ်းကြည်လို့ဖြာ၊ တောကြီးလေလေ-
တောကြီး မြိုင်ဟေမာ။ ။

**မှတ်ချက်။** ။ဝှင်းသီချင်းသည် လွန်ခဲ့သောအနှစ် - ၃၀ လောက်ကပေါ်လာ၍ သဘင်
သည်များသုံးကြသည်ကို ရရှိဘူးသည်။

---

## ၈၅။ တလိုင်းသံဟောင်း

တလိုင်းသံ နှိုင်းစံပယ်ခွါ၊ သဘင်မှာ ယဉ်ရာတွင်ကာ၊ တေးလွှေး ထံတျာ
ကြံကာ၊ ရေးလေးလေ-ရေးလေ-စီလို့သာ။×။

ပဲခိုး-ဒလ-မုတ္တမရယ်နှင့်၊ နာမငယ် သညာ၊ အို-အောက်ပြည်-တိုင်းမှာလ၊
တို့-တလိုင်းရွာ ၊ × ၊ တွံတေး-တေးမြို့ပါ၊ လွန်ဝေး-ဝေးလို့ကွာ၊ × ပညာယဉ်
ရာ-တီးမျိုးစုံစွာ၊ နည်း-သည်က သာ၂။ ။ယဉ်ကျေးအောင်သာ×၊ပြည်ဟံသာ
တိုင်းကြီး-အလယ်အလယ်၂၊ အို-သဘင်ခန်းမှာတော့၊ တလမ်းစီ-ကြံကြတယ်။ ။
စီကာ ညီညာ နွဲလိုက်-ပေတော့ ၂၊ လေးလေပျှိမယ်၊ ဧးလေ - ချိုလှတယ်၊
အဆန်းသွယ်၊ စခန်းကျယ်၊ မူနဲပါပါ - တီးမျိုးစုံစွာ နည်း-သည်က သာ၊ ၂ ၊
ရွှေလရယ်သာ ×၊ ခပ်ခွါခွါ-ထိုင်ပါလေး-မပိုင်တော့သေး၊ × ၊ အို-သူ့နှယ်
ရဲရန်ကော့၂၊ ဆွဲတော့-မလို၊ × အို-အဖိုးအို × ကျွန်မကို ကြိုက်ပါလေး - ငွေ
ပေးပါ့မယ် × ညီးကလဲ ပျိုသေး၊ ငါကလဲ အိုသေး၊ စိတ်စက်က-လေးတယ်နှင့်၊
တွေးရအုန်းမယ်×၊ အို-မယားရယ်နော်၊ အမေနှင့်ကွဲရတော့မယ်၂၊ အိုငွေ့တပဲ
ရယ်နှင့် ၂၊ ဇာတ်ထဲကိုလိုက်အုန်းမယ်×၊ ဇာတ်ထဲကိုဝင် × သဘင်သယ် ဖြစ်ရ
တော့မယ် ၂၊ အို-ငွေတမူးရယ်နဲ့ ၂၊ သိုက်တူးလေး-လိုက်အုန်းမယ်။×။

သိုက်တူးက ပြန် × ပွဲရုံနှင့် ကျွေးပါ မိရယ်-မိရယ် ၂၊ အို-ချဉ်ပေါင်ဟင်း-ရယ်နှင့် ၂၊ အပင်းလေး-ရှိလှဲကွယ်၊ × ၊ ဆံမြိတ်ကယ် တိုရှေ့ အပျိုလေလားလို့ မိရယ် ၂၊ ရွှေရင်ကိုစမ်းခါမှ ၂၊ အိုမှန်းကို မောင်-သိတယ်။ ×။

အို-သျှောင်ကြီးဘွေ × အဖေလို ကောင်းမှ ပေါင်းမယ် ပေါင်းမယ် ၂၊ အို-လူပုံကလှပေတဲ့ ၂၊ စာဂကို ကြောက်လှတယ် ×၊ ဆိုးလဲမယ့်ကံ၊ ကောင်းလဲမယ့်ကံ ၂၊ အို-တက်ကစီး ဟာမို့၊ လူကြီးကို ယူမဲ့-ကြံ။ × ။

သမီးမလှ၊ လင် မရတယ်လို့၊ အဘရယ် လင်ဝယ်-သွားရှာရအုန်းတော့မယ်ကွယ်၊ အို-စဖိုထောင့် မှာလှ ၂၊ ယောက်မကို ကိုင်ပါလို့ - မှိုင်မိသလေး၊ ကလကွန်းဝေး။ × ။

မှတ်ချက်။ ။ဎင်းသီချင်းများသည် ရှေး - တလိုင်းတီးကွက်ကိုယူ၍ အောက်မြန်မာပြည် သဘင်ဆရာများတီးမှတ်ရန် ရေးသားထားသည်ကို နောက်သားများ မှတ်ရန် ထည့်သွင်းလိုက်ပေသည်။

ယိုးဒယားများပြီး၏။

# ဘောလယ်များ

## ၁။ အိမ်ရှေ့မင်း မျက်မာန်တော်ပွါး၍ အိမ်ရှေ့မိဖုယားလှိုင်ထိပ်ခေါင်တင်ရေးသော - ဘောလယ်

နဝဂ ဆဒ္ဒန်၊ သန္ဓေမှန် နှစ်ပေပ၊ ချိန်မူးအစစ် တိမ်တိုက်စုံ၊ စက်သွား သီလဝင်၊ အိမ်စီရှေ့ရိုးမှာလေး ဖိုးပြည့်ထိုက်တန်။ ။

ရွှေကိုယ်တော် ဖုန်းမှာလ၊ လက်သုံးတော် မှန်၊ မခြင်းချုန်ပါနှင့်၊ရာသက်ပန်ပေါင်း၊ မြတ်ဉာဏ်ယူ လောင်းပါလို့၊ ဆုတောင်းပါတယ်။ ရာဇဂုဏ်မာန် ကြိမ်ကြိမ်ထပ်တယ်လေး၊ ပိုင်းဖြတ်မယ့်ရှယ်။ ။

တကယ် မုန်းတော့မှာလှ-မောင်ဖုန်း ကြွယ်ကြွယ်၊ ပြန်တွေး စာမလှယ်လို့ မဘာတွယ်ဘဲ၊ မယ့်ရင်ထဲမှာလှ ရွှေသဲဆိုင်။ ။ကျွမ်းလူကြွေယိုင်၊အို-ဆယ်ပြန် သက်ကိုလေး၊ နှင်းဆက်တော့ နိုင်။ ။

မြတ်စိန္တေ ဦးမှာလှ-ဆုထူးပိုင်ပိုင်၊ မယိမ်းယိုင်အောင်လို့ ကြံပါကတဲ၊ ဖုန်းမတန်ဘဲငယ်မို့ ကံလဲမကူ။ လဲပြန့်သဉ်ဘွေ၊ တကိုယ်ရေ ဆွေးတယ်လေး၊ တွေးကြံလို့ ပူ။ ။

မာလာရုံညွန်းပါတဲ့ ရွှေနန်းကျူကျူ-ဟိုရှေးက တမူရယ်နှင့် ခု-မတူဘဲ၊ ပေါ်ယံချွဲရယ်နှင့်၊ ထဲ-တပုံဆောင်။ သိပေါ့သခင်၊ ဘမရာပင် ကွန်းမှာလေ၊ ဝမ်းနဲ့လှမောင်။ ။

ဆို-ဆိုပေ သားရယ်နှင့် ပျိုနားမထောင်၊ ရိုးပြာမြေ တိုင်အောင်ပ၊ ကြံရှယ် ဆောင်ပေါင်း၊ ရှေးသူဟောင်းငယ်တို့ ထုံးသက်သေ။ နိမ့်သောင် နောင်မှ သိမယ်လေး၊ ထုံးရှိလျှက်ပေ။ ။

---

## ၂။ အိမ်ရှေ့မင်း အဆောင်တော်ကို မကြွလာ၍လှိုင်ထိပ်ခေါင်တင်ရေးသော-ဘောလယ်

စိန်ခြူး ကြာညောင်၊ လရောင် လင်း-ပါလို့ - မှန်ရွှေဖူးပြတင်းရယ်က၊ မယ်ခုမျှော်။ သုံးချက်စည်တော်၊ ရိုက်ဆော် ညှင်းတယ်လေး-လင်းလုပေါ့နော်။

သဇင် သင်းပါတဲ့ ခင်းပြန့်ပေါ်၊ လာနိုးမယ်မျှော်လို့ - တကိုယ်တော် ထူး၊ ထွေရာစိတ်ကူးပါလို့ -ဖူးရွှေလက်တင်။ ဖြစ်ရှေး ကုန်စင်၊ ဘဝင်တုန် ဆွေးတယ်လေး-တွေး-ကြံလိုက် ရင်။

သစ္စာတော် စူးပါစေ့ ဆိုဦးကပင်၊ ခင်လေးကို မောင်ကြင်ငဲ့ ရာသက်တွင်ဘဲ၊ နောင်မသွေလွှဲပါဘူး၊ ယုံတော့မေ။ ပြဒုမတွေ-သီဟာ ဆင့်တယ်လေး-စိုးညာမြင့်နေ။ ။

နတ်ဒေဝီ ဖြားသော်လဲ တပါးကိုမသွေ၊ ရှစ်ပြာဟ္မာ ခြွေပါလို့၊ အောင်ဇေယာညွန်း၊ မတ်ရုံရွှေဝန်းငယ်နှင့်-ရေသွန်းတော်ခံ။ မဟေသီမှန်၊ ဒေဝီတပ်တယ်လေး-ဦး ဆယ်ထပ် ရုံ။

သည်မယ်ထင်စားပါလို့၊ကြင်အားငယ်သန်၊ခုမျှားမှာ တညာဏ်နှင့်-မှူဟန်တော်ခြား၊ ပြုတော်မူ အားသူမို့၊ မျက်ထားတော်မှန်၊ မသိ ပြင်ပြင်၊ အရင်သူစိမ်းတယ်လေး၊ ပိန်း ပိတ်လို့ ခြုံ။ ။

---

## ၃။ ခဲအိုတော် ပဌမသင်္ဂါယနာတင် မင်းတုန်းဘုရားထံ လှိုင်ထိပ်ခေါင်တင် ရေးသားဆက်သွင်းသော ဘောလယ်

ရှုလဲသာထွေ၊ တောင်ရေချပ်ပါလို့၊ မန်းရပ်သာစွ-စံဌာနီ။ ရာပြည်ပြည်စက်စုံဖူးတယ်လေး၊ ဦး-လှုံလို့ ချီ။ ။

သာပေါင်း ခ့ပါလို့၊ မြနန်းတည်။ သုဒဿကယ် ရွှေပြည်နှင့် ပုံမဝေး၊ ဂဝံကြွေးပါလို့ သိုက်သြဘာ။ နှစ်ပါးညီနောင်၊ စံတော် တင့်တယ်လေး၊ဧး-ရေနှင့်ကြာ။ ။

ရှစ်နယ်တိုင်းက ဝိုက်သိုင်းဖြာ၊ နတ်မူး ဆွေဣန္ဒာက-ချိန်ခါမလွှဲ၊ စိန်ခရာနွဲပါလို့ ဆွတ်ဖွဲ့သီ၊ ရွှေကြက်ကယ်နောင်ညီက၊ မှောင်ရိယှက် ကူးတယ်လေး ကျူး-သံရင့် ကြွေး။ ။

တကိုယ် ရေး-ငယ်မို့ ဆွေးတဲ့သူ၊ ဖေါ်ဝေး ရှာသူလို့၊ မှတ်ယူ မထား၊ လျှပ်နွယ်စိန်သားရယ်နှင့် စက်ဖွါးတော် လှုံ။ ပိုက်ထွေး မလုံ၊ သဉ်တွေ ရိပ်မှာ၊ လေး၊ သဲထိတ်လို့ တုန်။ ။

မယ်နှိုရှင် ခိုးပါရဲ့ ရွှေမိုးပဇ္ဇုန်၊ နတ်မူး ဆွေအမျှန်က စည်တော်စုံကျူး၊ ဘယ်ငြိုးမာန်ထူးငယ်နှင့် ပြုံမည့်နွယ်။ ကသစ်သဘင်၊ သေနင် ကျင်းတယ်လေး လင်းကွန့်မခြယ်။ ။

စမ္ပာယ် သေးငယ်နှင့် မလေးသွယ်၊ ယှက်သန်း ရောင်ခြယ်တဲ့ ဆောင်ဘွေလယ်ဦး၊ သုံးပဟိုရ်ကျူးတောင်မှ စက်မပျော်။ ရွှေဒေါင်းဖလ်ရှိန်၊သူရိန် ကျင်းတယ်လေး၊ လင်း ရွှေကြက် ဆော်။ ။

## ၄။ လှိုင်ထိပ်ခေါင်တင်ရေး–ဘောလယ်

ပုလဲမြိတ်စုံ – ဂုန္တန်ခြားပါတဲ့၊ နဂါးရုပ်ကြွ မြခက်သွယ်။ ရွှေကိန္နရီ ရုပ်ခြည်ဆန်းတယ်လေး၊ ပန်းအုံမြင့်လှယ်။ ။

ထင်လာ နိုးငယ်နှင့် မြှော်ကိုးယောင်ဖွယ်၊ သက်ဆုံးတိုင် ကြံရွယ်တဲ့ ရွှေစမ္ပာယ်ကိုး။မြတ်ဥာဏ်ယူသုံးပါလို့ ကြော့ဆုံးကေသီ၊ ဖုန်းမယ့်သွင်ပြင်၊ လိပ်ပြာဇေး တယ် လေး- ဆွေးပိုခဲ့ ပြီ။ ။

သဲရွှေဘွင်ကျမ်းစေဖို့ မယ်လွမ်းချိန်မို့၊ ရွှေစကြာ စုံနှစ်လီပ။သီသီ မမြန်း၊ ခိုင်မာလာပန်းငယ်နှင့် စက်ခန်းတော်ဘုံ။ မော်ယွန်းသဥ္ဇာ၊ ဆောင်တော်ကွေ့မှာလေး၊ ဖူးတွေ့ မကြုံ။ ။

ငွေယုန်ခြည် စောင်းပါပေါ့၊ ခါနှောင်းတော်ပုံ၊ ရွှေကျွန်း ဝိဟာဘုံက ထွက်ပေါ်လုနီး၊ သုံးပဟိုရ်-တီးပါပေါ့ မျှော်မမြင်။ ရွှေကြက်သံချို၊ ဆော်လာသွင်းတယ်လေး၊ လင်းမယ်လို့ ပြင်။ ။

---

## ၅။ မောင်ဘွဲ့–ဘောလယ်

ပဏ္ဍုသေလာ ကွယ်ကာ ပျောက်ခါမှ၊ သွေဖေါက်မယ်ပ အိုသက်လျာ။ ဆိုဘူးသည့်တာ-ကြိမ်သစ္စာ ဖျက်တယ်လေး ယွင်းသွေကွက် ရှာ။ ။

ကြိုင်မာလာ ကုမုဒ်ကယ်က၊ နှောင်သွေကာယုတ်စေတဲ့၊ရွှေနှုတ်ခြွေကာ။ သုံးသိန်းနှစ်လီ၊ စေတီ ထူးငယ်လေ၊ စူး–စေတော့ သာ။ ။

သည်မယ် တပါးရယ်က၊ ကြင်–ကြင်ဝန်ပွါးပါလို့ ထင်စားမိတာ။ ခုမှ တခါ မောင်လူတင် စားကိုလေး အားသတ်လို့ သာ။ ။

နေ့ဝံသာ ဖွားပေမို့၊ သေလိုသေ ထားရှော့ထင့်၊အားငယ်မိအို။ ဆွေးဝန် ပိုမို၊မယ်တကိုယ် တမ်းငယ်လေး-လွမ်းစိတ်နှင့် ငို။ ။

လက်လှမ်းခွါညို၊သည်ပြာသိုဆောင်းတွင်မှ-ဆင်တော်ရန်နှောင်းမှာထင့်၊ အောက်မေ့ မပြေ။ ရွှေသဲညွတ်ကြွေ၊ ဆည်မပြေ ကျွမ်းတယ်လေး လွမ်းဗျာထုပွေ။ ။

ကြိုင်ဂန္ဓာ ကွန်းရယ်က၊ခိုင်မာလာ ညွန်းပုံက၊ သွေယွန်းတော့စေ၊ ဆော်မြောက်ပြန် လေပြေက၊ စာခြွေလေဘဲ၊ မယ့်တကိုယ်ထဲဟာမို့ – ငိုပွဲတော်ဆုံ။ ခေါမရွှေစောင် ရာထောင် ထွေးတယ်လေး၊ ဇေးစေခွင့် ကြုံ။ ။

မှာတော်မူ ဘူးရှာတဲ့၊ ခိုင်မာလာဦးငယ်က ကြုံဘူးရအောင်၊ မယ့်နဲ့လိုပင် မောင်ကမကြင်၊ ခိုင်သဇင် ခက်ကယ်လေး စိမ်းရက်တဲ့ သွင်။ ။

ယူရွှေညာဏ် ဆန်းပါပေ့-အိုသေသေ ပန်းစေလ၊ သန်းရွှေထု ခွင်။ ဆင်မြန်းမကြင်၊ ဘဝင်ငယ် ထိပ်တယ်လေး လွမ်းစိတ်က ဝင်။ ။

**အထူးမှတ်ရန်။** ။၎င်းဘောလယ်သည် အိမ်ရွှေမင်းကို ဖွဲ့နွဲ၍ လှိုင်ထိပ်ခေါင်တင် ရေးသည်ဟု အချို့စာတွင်ဆိုသည်။ ၎င်းဘောလယ်စာမှာ အချိုးအပိုဒ်မမှန်၊ အချို့အအုပ်အခံ ပျက်သောကြောင့် လှိုင်ထိပ်ခေါင်တင် ရေးသည်ဟုမထင်နိုင်။

---

## ၆။ တောင်သမန်လယ်စား မှောင်ဘေယ်ရေး-ဘောလယ်

သင်းပျံ့ နံ့ကြည်၊ အီစတန် ပက်ပါလို့၊ ကတ္တီယံထက်မှာလ၊ စက်တော်ခေါ်။ မပျော့်တပျော်-ပျော်နိုင်ဘဲငယ်လေး လှဲ့ရက်နှင့်နော်။ ။

ပုဏ္ဏမီစန်းရယ်က မြန်းကြွသော်၊ တမ်းတ,မျှော်ပါလို့၊ ထွေထွေတွေး၊ ဖြေမဆေးနိုင်ဘု ဖျောက်တုန်းပူ။ နောက်အုံးမယ့်သူ နောင့်အသဲမှာလေး-စွဲငြိလို့ဆူ။ ။

မြတ်လေးငုံ ကြွပါတဲ့ စက်လဲငူ၊ ခက်ခဲသူငယ်ကြောင့် ဖြေတ,ရင်း၊ ငွေလ,မင်းရယ်က လင်းပွင့်သော်။ လွမ်းလို့ကြည့်မျှော်၊ ဆုံရ ကောင်းငယ်လေး၊ အောက်မေ့လို့နော်။ ။

စောင်းတော်ပိုက်ပါလို့ လွမ်းခိုက်ကိုမျှော်၊ ခွန်းတိုက်ခေါ်လှဲ့ပါ့တစ်တီတူး၊ ဖြစ်ပြီဘူးဆိုထင့် ဟိုကမြည်။ စိုရပြန်ပြီ၊ ရွှေမျက်ရည်လှဲ့မှာလေး သွေးကဲ့သို့နှီ။ ။

ပြင်သစ်ဆက်ပါတဲ့ စက်ကတ္တီ၊ မယှဉ်ပြီဘု-မှိတ်တမှေး၊ စိတ်မဆေးနိုင်ဘုအသက်ကယ်။ ကနက်ဘေ့လယ် ဂေသွယ် ရေ့ရှည်းငယ်လေး၊ ထီးနေညွန့်နွယ်။ ။

---

## ၇။ ကျိုက်လတ်မြို့ဆရာဦးပြုံးချိုရေး-မယ်ဘွဲ့စာထောင့် ဘောလယ်

မိုးနတ်ဒေဝီ-မေဘာရဏီတန္ဒုန်းကဲ့သို၊ ငွေပန်းချီရှုံးလောက်ကဲ့၊ ပြုံးလျက်မူရာ၊ ခုန်းမျက်စ – သုံးရက်လ အတူမကွာ၊ အဆုံးတသက်ပ မမုန်းရက်စရာ့ရူပကာ၊ အုံးစက်ပ,အတူမကွာ-မြဲရအောင်လေး၊ စွဲမောင်စိတ်မှာ။ ။

မနောဓာတ်က–ပွေဗျာပါ၊ အချောနတ်အလှမေကညာ ယမင်းကလေ ငယ်ကြောင့်၊ သောမနဿ–ဝေဒနာ–ပြင်းပါဘိ၊ တင်းဆည်မရ ဖြေကာ၊ ယင်း အကြည်ဟဒယ–စေတနာကဖြင့်၊ တမေကသာစွဲ၊ ခြေပတ္တနာလို့ခဲပါတော့၊ စွဲတဲ့မေတ္တာ၊ ဘဝါဘဝေ အထက်ကယ်က၊ နှစ်ဖြာရေစက် ပြုသမျှမကွာ၊ အာသ ဝေ–မပျက်ခင်မို့ ပါလေချက် သမုဒယတဏှာ၊ ယခုဘဝမှာ မနီးရရင်လေ၊ ကြီး မောင့်ဒုက္ခာ။ ။

ပုဏ္ဏစန္ဒာ၊ငွေသော်တာ မင်းငယ်က၊ ဝေရော်စနာလင်းသည့်သို၊ ရှင်းသန့် ထုံကြည်၊ ဆင်းနံ့ပါ အရာရာ–စုံညီပေ့၊ ကညာဒုမ္မနီငြမ်း၊ သာမုန္ဒြီအခန်းမှာ တော့ကျမ်းဆိုနိုင့်မသွေ၊ အယဉ်အလှ ကိုတဲ့ ယှဉ်မရ ကွာပေ၊ ဘဝင်ကြွလောက် တဲ့ မင်စရာ့ကာယေ၊ မြင်စက ကညာမေ အချောကိုလေး၊ဘောစိုက်လျက်မပြေ။

ဖူးရွှေစာမှတ်ပါတဲ့၊ သတ္တဘာဂေ၊ နတ်လှရှင်သမာဒေသို ပဏ္ဏာခြွေနှင်း၊ နှစ်ဖြာလေ ချဉ်းရန်ဘို့ ဖန်ဆင်းတော်မူ၊ ဤဘဝ ကြည်လှ ဖြူဖြူ၊ အတည်တကူ မည်မျှ မငြူစူ၊ ပြည်အမတ အတူတူ ကူးပါမယ်လေး၊ ထူးပန်ဆုသူ။ ။

ပိတုန်းကေသျှောင်၊ ရွှေမျက်တောင် ကော့ရယ်နှင့်၊ ဖေမက်အောင် ကြော့ဘတ်ပါပေ့၊ တော်တော့်ထိုက်ဝင်၊ရှုရသူ ဘောမကြည်ရှင်ဘို့၊ ဟောသည် ခင်အသွေး၊ ဆွေဟာဏီသွင်မဝေးပြီဘု၊ ဧးတဲ့မျက်နှာ၊ သွေမရှိ ဗွေဝှန့်ကမ္ဘလာ၊ ဂဟောကွန့်ရလျှင်ဖြင့်၊ သေ့ံပါရဲ့နှစ်ခါ၊ မေဘည္ဍန့် အသဝါ သဘိုးကိုလေး တိုး ကြံလျက်ပါ။ ။

---

## ဂ။ အလွမ်း-ဘောလယ်

လွမ်းမျှော့ ဘုရင်၊ ရွှေလွန်းကြင် ငှက်ကိုလှ၊ လွမ်းစာခွေ ဆက်ချင်တော့၊ လွမ်းလျက်နှင့်ပင်။ ကွန်းညို့ လွမ်းဖို့ဖန်ဆင်၊ သုံးလွန်းတင် တေးကိုလေး၊ ရေး စေလိုက်ချင်။ ။

ဆယ်ကမ္ဘာ စေ့ပါစေတော့၊ နွယ်မဟာ မေ့ကိုလဲ၊ လွမ်းငွေ မစင်၊ လွမ်း စက်ပျံလေယဉ်ရယ်နှင့် ခင်ခင့်စံခန်း၊မှာတော်ချင် စမ်းပါဘိ၊ လွမ်းသူ့ ကိုယ်တိုင်။ ရွှေဂရို့ ရေလို့မနိုင်၊ နိဗ္ဗာန်တိုင် လွမ်းမယ်လေး၊ မောင်လွမ်း လွမ်းလို့မှိုင်။ ။

စက်ရာဆောင် ကွန်းမှာလှ၊ လွမ်းတခွေယိုင်၊ လွမ်းဖန်မှန်ရွှေတိုင်နှင့်တွေ မှိုင်ကာငေး၊ လွမ်းမှာတော်ရေးမယ်လို့ စိတ်တွေးကာဖန်။ လွမ်းတေးထပ်လွမ်း ချင်းသဖြန်၊ လွမ်းကာချန် ဖက်တယ်လေး၊ လွမ်းဝါကျ သန်။ ။

လွမ်းစိတ်တွေ တိုးစေဖို့ လွမ်းမိုးဆင်ပြန်၊ လွမ်းနတ်စည်တညံ့ညံ့နှင့် ဗေဟီသံကျူး၊ လျှပ်စစ်နွယ်မြူးတာက လွမ်းချိတ်နွယ်၊ လွမ်းရာကျ- ဆင်ဝတ်ခြုံတယ်၊ လွမ်းမျက်ရည် စီးတယ်လေး၊ ညည်းငိုမိတယ်။ ။

သည်လွမ်းတာ ခါဘယ်ဝယ်မှ-ပြေတယ်ရှိဘဲ၊ ကြာလေလေကဲပါလို့ ရွှေသဲမှာဖို။ ရှင်မေ့နှမ်းခင်လေးဆီကို၊ မင်းနန်းမှာ ဖုန်းလိုလေး လွမ်းတုန်းမို့ကို။ ။

---

## ၉။ ဘောလယ်သံပေါက်

ပုလဲရယ်တဲ့-ရွှေဝတ်ရည်၊ စိန်ချပ်ရုံ ထုံကြည်သင်းတယ်လေး၊ နှင်းငွေ ဥစ္စီ။ ။

ခါနွေအကူးပေမို့ ဖူးတံကချို၊ မြသားဣန္ဒနီက-သိင်္ဂီရောင်သွေး၊ ဂနိုင်ကျေးငယ်က၊ လေးငဲ့တမယ် - ကသီကရို ကေသီမင်လုံးမှာလေး၊ ကုံးဆင်မယ့်ရွယ်။ ။(**ပတ်ပျိုးဖေါက်**)။ ။ရွှေဖိခိုင်ညှာ ပန်းလေရယ်က လေပြည်ကြိုင်ကာဖျန်းလေးပါလို့၊ နန်းလေးကေသွယ်၊ ပန်းလေးပွေတယ်၊ စမ်းလေးရေကျသွယ်× ရှုဖွယ်ကမန်း၊ မှုနယ်တခန်း၊ ထုံခိုင်ညှာပန်းလေးရယ်ဖွယ်၊ နွေဆန်းမိန်နယ်။×။ **ယိုးဒယား**။ ။ရော်ရမ်းဘယ်ဝယ်× ဆည်တယ်ပန်း နန်းကေသွယ်လေးမယ် × တောင်တောင်ယံ တောရယ်က၊ မောတော်ပင်လယ်၊ ပန်းစေဖွယ် ။×။ မြန်နှုမ့လိုက်ရွှေဂူတွင်းက၊ မဥ္ဇူကြိုင်သင်း × ပင်မင်းသူယောင် ယူဆောင်သက်သွင်းလို့ ဂျီဖေဇော်မင်း × သင်းခြွေလို့ နှင်းငွေကျန်ကာပျောင်း လဲရွှေပွင့်ဟောင်း-တပေါင်းငယ်မိန်နွေမှန်မို့၊ ဂိမ္မေယံထိန်ထိန်ညီးတယ်လေ ကျွမ်းလောင်ဖွယ့်မီး×။ **သိင်္ဂါသံဆက်**။ ‘ကိုယ်ထီးကြုံရ၊ ရွှေဘုံသိင်္ဂါ၊ စံပြည်ဝေးလို့၊ ဆွေးရရှာတဲ့မှ- ဆွေးရရှာ ။×။ ဗျာပါဝေဝိုင်း မျှော်လေတိုင်း၊ အုံ့မှိုင်းရှိမို့၊ တိမ်နီတွေ ဆို့ပါလို့ မယ်တို့စံရာ၊ နေပြည်ကျေးကိုတဲ့၊ ဝေးလှပါတဲ့မှ ဝေးလှပါ ။×။ ရိပ်ကြာဆောင်ထဲ လိပ်ပြာတော်ဝဲပါလို့ စက်လဲမပျော်၊ မောင့်ကြင်ဖေါ်ရယ် ခေါ်ခေါ်သံလားငယ်သို့၊ ကြားယောင်မိသေးတယ်လေး။×။ ရေးပွေမှု-ကြုံတယ်လေပူမီး ကျွမ်းလောင်လုနီး ။ × ။

**သဖြန်**။ ။ခရီးငယ်ကွာ ကန္တာက-ကြမ်း။ သံဝိဇ်ကယ် ဇော်ဖေမောင်တို့၊ ပျော်လေအောင် သူယောင်နတ်ကယ်ကို ဆေးသတ်တဲ့နန်း။ ။

---

## ၁၀။ စင်တော်-မင်းသမီး ဦးသာဇံကြီး၏ - လင်မူသီချင်း

စုံစကြာ-မြန်းစို့ဖေ၊ နန်းမြေနှင့်ကွာဝေး၊ သက်လှယ် ရွှေသွေးနွယ်ကော့၊ တယ်ချော လူယဉ် လူယဉ်ချောငယ်လေ။ ။ပင်နန်းသူ၊ သည်းအူမော၊ ကန္တာကြော-တောသာခေါင်လေ မောင်မောင့်- ခြော် ။ × ။ လမ်းအမြောင်

မြှောင်၊ နှမ်းလျှမ့်ပေါင်၊ တောင်စဉ့်ဖိလာ ဝိုက်ဆီးကာလို့လေး။×။ တောင်စဉ့်ဖိလာ ဝိုက်ဆီးကာလို့လေး။×။ သေရချည့်ဖုန်းခေါင်ငယ်၊ ကျွန်မမှာ-မိန်းမသားဟာမို့ မောင်သွားရာ လိုက်နိုင်ရိုးလား၊ နေစွယ်က ထိုးတယ်နဲ့၊ ဝတ်လဲတော်ရွှေပုဆိုးနှင့်၊ မိုးခဲ့မယ် ကာခဲ့မယ်၊ သည့်နှယ်ပသူများ၊ ခေါ်ကြတယ် တဖြေးဖြေးပ၊ နှစ်မကလေးမှာ ရွှေဘုံသူမို့၊ တခဏကလေးတာ ထိုင်တော်မမူလို့၊ ဟန်ယူညာဏ်ယူ နွေးလှပါတယ်၊ ဟန်ယူညာဏ်ယူ နွေးလှပါတယ်၊ မောတယ် ဖေ့ပန်းတယ်၊ လှမ်းနိုင်ပေါင်မောင်ကြီးရဲ့လေး × ပင်နန်းသူသက်လျှာမှာ၊ လင်ပူဆာ လင်မီးကြောင့်ဆွေး ။ × ။

---

## ၁၁။ ရှေး-စင်မင်းသမီးများဆို-လင်နွဲ့သီချင်း ပန်းပြိုင်လယ်အလိုက်ဖြင့်စသည်။

နန်းသူမယ်၊ သက်လယ်ရွှေ စုံခြေကြော၊ အိုမယ်မော သည်တောကန္တာလယ်၊ နတ်ကယ်နှယ်၊ သက်လှယ်ဇော်တကုံး၊ နားပါအုန်းဖျ -ဖုန်းကြွယ်ကြွယ်၊ မယ်လည်ဝယ်ပန်းလို့ လှမ်းနိုင်ဖွယ်၊ သက်လှယ် ရွှေသွယ်ပျော်ပါးဖွယ် ။ × ။ စုံနယ် စုံနယ်-မြိုင်သာမော၊ ဂျီ ပြောင် ဆင်၊ သမင် ကျားရယ်-နန်းညာဖွားကိုစားလိမ့်မယ် × ပျိုကြောက်ပါဘု ဖုန်းကြွယ်ကြွယ် × နားနှင့်အုန်းဖျ ပျိုသည်ဝယ် × အို×လှမ်းတော့ဖုန်းခေါင်၊ နန်းကြော့ရွှေဘုံဆောင်၊ ရောက်-အောင်ခုကြိုးစားလို့၊ သွားနှင့်ဖေ-လိုက်ဘူးဖျသေလိုသေ။×။ ဟေဝန်မြိုင်ဂနိုင်-ဦးမှာ၊ ထူးတယ်-ငှက်ကယ်၊ သက်လှယ်-မြူချိုသွေး ။ × ။ အိုလေးဟိုမှာ-မြင်ပါသေးတယ် သခင်ပျိုသက်ထားငယ်၊ ကျေးသားသူဝ လူနှယ်၊ ဖမ်းလို့ပေးရှင့်၊ ပြေးလို့ယူမယ်။ ။အိုပျော်လေ ပျော်ပါလွယ်၊ သာလေ သာလေ- သာမောဖွယ်၊ စုံခြေသည်တောလယ်က ငှက်မောင်မယ် မြည်သံမြည်သံဆန်း၊ အိုပန်းပါတိ-ဂနိုင်-ဟေဝန်လမ်း ဆန်းရန်ခြယ်၊ ဟိုကိုပျံလို့သွား ဖြေလို့မယ်မှာ စိတ်ပြေပြေး× အိုလေနေတော်အားရန်၊ ကျေးသားဟိုမှာ ဖမ်းလို့ပေးပါ (မောင်ကြီးရယ်-ချီတော်မူရာ၊ လိုက်လာသူ သည်မယ် ပျိုသက်ထား၊ ရွှေအားတော် ကုန်တယ်ဖေရယ်၊ ပန်းဖြေချင် ထိပ်တင်နေညွန့်ဖွား။×၂။)

**အထူးမှတ်ရန်။** ။ငင်းသီချင်းများသည် ရှေးသဘင်သည်ကြီးများ သီဆိုကြသည်ကိုငယ်စဉ်ကမှတ်ထားဘူးသည်။ နောက်သားများ မှတ်သားလိုသူတို့အလို့ငှာ ရေးထည့်လိုက်ပါသည်။

---

# လွမ်းချင်းများ

## ၁။ ဆရာဦးပြုံးချိုရေး-ဗေဒါပင်နှင့် သတ္တဌာနလွမ်းချင်း

အပ်ပွဲရာဇဝင်ယ်နှင့်-ပင်ဗေဒါညောင်ရှင်၊ သဗ္ဗညုဓမ္မာ မြင်တယ်၊ တဏှာ ပင်မူလံ ပြတ်ပါတဲ့၊ သုံးလူ့နတ် ပွင့်ရာမှန်သည်၊ နိဗ္ဗာန်-ကူးတဲ့၊ ရပ်ပေလေး။

ရွှေ ပလ္လင်ဝယ်၊ ခြေသင် မာရ်ချ၊ နိမိတ်ယာနှင့် ဌာနစကြံ၊ ရွှေအိမ်စံတွင်၊ သုံးတန်ပိဋကတ်၊ ပဋ္ဌာန်းမြတ်ကို၊ မပြတ်ဆင်ခြင်၊ ဖိလာသက်အောက်၊ ထုတ် ချင်းပေါက်အောင်၊ ခြောက်ရောင်ရှင်လို့၊ ချစ်ရှင်မုနိန်၊ မာရဇိန်သည်၊ မုစ လိန္ဒာ၊ သတ္တဟာနှင့်၊ ရာဇာရတနံ၊ ဈာန်ချမ်းသာခံပြီးမှ၊ သုံးတန်ရှိ ဘုံသတ္တဝါ ကို၊ သံသရာ နယ်အဝှန်းရယ်က၊ မြိုက်ဓမ္မာ တိုက်ကာ တွန်းပါလို့၊ အောင်အမ တာ သောင်ညာစွန်းကိုတဲ့၊ (အို-ခင်ရဲ့)ယွန်းကြွပြီလေး။ ။

---

## ၂။ သံဝေဂ-လွမ်းချင်း

ကြည် မမွေ့ချင်ဘူး၊ သည်တမွေ့ တွက်သာ၊ ဆည်မသာ ပြည်ထွက်ခွါ တောင်ခြေသို့၊ ချောင်ရွှေ လှမ်းချင်တော့တယ်လေး။ ။

ရုက္ခဝင်ရယ် - နှုတ်တွင်ကမ္မဋ္ဌာန်း၊ ဗုဒ္ဓင်ငြိမ်းဖြင့်၊ သာချမ်းရိပ်ငြိမ်၊ ပယ် ခွါဝိတက် - ဈာန်ယဉ်စက် မဂ်စည်းစိမ်နှင့်၊ မွေ့သိမ်စံရာ-နိဂြောဓ - အဝါ ရိပ်စံ - သိမ်အဆင်း ကျောက်စကြံနှင့်၊ သယံစမ်းရေ့ လမ်းအကွေ့ ချမ်းမြေ့ ဥမင်၊ ခုနစ်တောင်ဝက်-ဆံကေခက်-လက်မသင်ဘဲ၊ ရည်ဂူအောင်း၊ လူမထားတဲ့၊ သိကြားကျောင်းမှာ၊ အလောင်းသုမေ၊ ဆုထူးခြေသို့၊ ဆွေဆွေကလျာ၊ မေမေ ညာကို၊ ဇာမပွေ့ပြီ၊ ခွါ၍ဘဲချီပါတော့၊ ဝသီဘောင်ငါးတန်မှာ၊ ပရိကံဈာန် ယာဉ်ဆောပါလို့၊ တနိုယ် - ခင်ခင်ကြောင့်ယ်ကြောင့်၊ ကသိဏ်း ဆင်ခြင်တော့ မယ်လို့၊ ခွါပေါ့မေ့လေး။ ။

---

## ၃။ တောဘွဲ့-လွမ်းချင်း

တောင် တလျှောက်မှာလှ၊ပိတောက်ကယ်နှင့် ယင်းမာ၊ရှုတိုင်းရယ်သာ- ဇလတ္တာ ရွှေအင်ကြင်းငယ်တို့၊ လေညှင်းသုတ်ကာလှိုင်၊ ကြိုင်ကြိုင် သင်းလိုက် လှတယ်လေး။ ။

စမ်းရေယဉ်ငယ်-သွင်သွင်လျှောကျ၊ တောဝန်-ပြောက-မကုန်၊ ခေါင်ရွှေဖိုးငယ်နှင့်- ငှက်မျိုးသာစုံတော့၊ ရဂုံကြော့ သည်မြိုင်ငူမှာ- တက်တက်တူရွှေခေါ် ပြောက်တွေက၊ဖေါ်မစုံ ရဂုံအောက်မှာလှ၊(အိုခင်ရဲ့)ကိုင်းလျှောက်တယ်လေး။ ။

---

## ၄။ မန္တလေးဘွဲ့ - လွမ်းချင်း

လာမေလိုက်ခဲ့တော့ ငယ်-ကြိုက်ကယ် ကြင်ဆွေ၊တို့မန်းမြေမှာ၊ကန်တော်ရေ ချိုချိုသောက်ပါလို့၊ ဘေးပျောက်လို့ ရန်ကွာ၊ သာယာထူးတဲ့ မြို့ပေလေး။

တချောင်းရွှေငယ် - လောင်းလှေငယ်မှ ကူးတို့၊ ဗုံတညံညံ - စုန်ကာဆန်၊ ပြန်ကာပို့လို့၊ တို့ကခင်မေ၊ ယဉ်တဆွေ့ရယ်၊ မြင်စေပြီးမှ၊ လှလှရွှန်းရွှန်း၊ ကွမ်းသီးပန်းကို၊ ကမ်းစေသမှု၊ ဝက်မြေဥနှင့်၊ နန်းသူ့သက်လှယ်၊ လက်ဆောင်တော်ပေးရန်ဘို့၊ ခင်လေးမောင်ဝယ်ခဲ့၊ မဟာနွယ်သမုသိရ်ရယ် - ရေမြစ်တိမ် ဟိုသောင်စ ဆီသို့၊ စခန်းတော် မောင်မယ်ချပါလို့၊ တောပုရှင် စိန္တေယျကိုတဲ့၊ ဖူးရမယ်လေး။ ။

---

## ၅။ မန္တလေးမြို့ ကုသိုလ်တော် - လွမ်းချင်း

လာမေ လှမ်းကြစို့၊ ညာမန်းမြို့ ပြည်ဘောင်၊ ထူးမြတ်တဲ့ ရွှေတောင်မှာ၊ မြတ်ဘုန်းခေါင် စေတီယငယ်နှင့်၊ စက်ပါဒနက်သန်ကို၊ သက္ကစ္စ ပဏာမိရယ်နှင့်၊ သဒ္ဓါရှိအတူပေါ်အောင်၊ အပူဇော်သွားစို့ မိငယ်လေး။ ။

တချောင်းရွှေငယ်၊ မြောင်းရေငယ်မှ ပတ်သန်း၊ တောင်စဉ်ငယ်ထပ် - စရပ်တန်းနှင့်၊ လမ်းမတော်သာ၊ သုမ္မာရောင်ဝါကညီး၊ ကျောက်တော်ကြီး၊ မီးရေစုံခ ဗျာဒိတ်တော် သ ပါတဲ့၊ မြသေလာငူ - ရုပ်တော်မှုနှင့်၊ ရွှေဂူအတွင်း၊ ပိဋကတ်ကို၊ ရေးမှတ်သွင်းလို့၊ တလင်းငယ်မှ ညီညီ၊ ဖလ်အုတ်ကယ် စီပါတဲ့၊ စေတီတော်ပြင် ဆုထူးတော် ဆင်ရအောင်၊ မောင်ကြင်တဲ့ ခိုင်စမ္ပယ်ရယ်၊ တသက်လှယ် မယ်မဆုတ်ပါနဲ့၊ တို့မခင် စိန်မှုန်အုပ်ကယ်နှင့်၊ သင်ပုတ်တော် ပြင်ဆင်၊ ဆွမ်းတော်တင် နေမလွဲစေနှင့်၊ မယ်နှင့်မောင် လက်စုံတွဲလို့၊ လှည်းမပါ ခြေကျင်လှမ်းကြစို့၊ အိုခင်ရဲ့ ပန်းနှင့်ကွယ့်လေး။ ။

## မဟာအတုလမင်းကြီးဆို ဆယ့်နှစ်ရာသီဘွဲ့လွမ်းချင်းများ

### ၆။ မိဿရာသီဘွဲ့ - လွမ်းချင်း

ထပ်ထပ်သာ စောတော့တယ်၊ မြကြောငယ် ရစ်သီ–ကိုက်ဖူးငယ်စီ၊ ပွင့်သိင်္ဂီ ရွှေရင်ခတ်ကယ်တို့၊ ရှစ်ရပ်ကယ် နယ်တခိုက၊ စိုလှတယ်လေး။

နွေခါမို့ရယ်၊ ရာသီမိဿ၊ ဂိမှန္တမို့၊ စိတြကြယ်၊ ထက်မိုးလယ်က၊ စမ္ပာယ်ကွန့်ကာ၊ တိမ်ငွေချာဝယ်၊ ဒေသစာလှမ်း၊ လှည့်ကာငယ် မြန်းလို့၊ စဆန်းငယ်သကြြန်၊ သစ်သစ်သာ ဖန်တော့တယ်၊ နိုင်ငံကြော့ပြည်သူမှာ၊ ပန်ဆုယူ တာရေသွန်းချိန်မို့၊ လွမ်းလှတယ်လေး။ ။

---

### ၇။ ပြိဿရာသီဘွဲ့ - လွမ်းချင်း

မြူခြေငယ်သန်းပါလို့၊ နေနန်းငယ်စက်ရှိန်၊ တောက်လောင်ငယ်ထိန်၊ ဖလ်သူရိန်တေဇာကြောင့်၊ ပူဗျာကဲတဲ့ လ,ကိုလေး။ ။

ရာသီငယ်ပြိဿ၊ မင်္ဂဟသီလဲ ရွှေညီခလို့၊ ပန်းမျှော့စကားဝါ၊ ဝိသာခါနှင့်၊ တာရာခြံရံ၊ စန်းငွေယုန် ဖန်သည့်နှယ်၊ ဆဒ္ဒန်ပိုင် ဗွေဘုံမှာ၊ နွေကဆုန်ညောင်ရေပွဲပေမို့၊ သဲလှတယ်လေး။ ။

---

### ၈။ မေထုန်ရာသီဘွဲ့ - လွမ်းချင်း

နတ်စည်ငယ်ရွမ်းပါလို့၊ ရိုက်မွန်းငယ်သံစုံ၊ က,မြူးခုန်၊ လ,နယုန်သည်ချိန်မို့၊ မြူတိမ်လွှာ ဆိုင်းပြန်တော့တယ်လေး။ ။

ရာသီမေမ – ဆယ့်နှစ်လ့မို့၊ ဇေဋ္ဌပြောင်ရှိန်၊ တောက်လောင် ထိန်သည်၊ ရာဇိန္ဒာနတ်၊ ပိဋကတ်မှာ၊ မပြတ်ကယ်ထွက်စံ၊ စာညီလာခံသောခါ၊ ဗိုလ်ခြံတဲ့ ရွှေလယ်မှာ၊ ငွေစမ္ပယ် ဖူးမြတ်လေးရယ်က၊ မွေးလှတယ်လေး။

---

### ၉။ ကြကင့်ရာသီဘွဲ့ - လွမ်းချင်း

ကိုးခွင်ငယ် မှိုင်းပါလို့၊ မြင်တိုင်းတဲ့ မဲညို၊ လဲ့လဲ့ငယ်စို၊ ယုဂန္ဓိုရ် တောင်မဟာက၊ ပြုဗ္ဗါသဠ်ထွန်းတဲ့ လ,ကိုလေး။ ။

ဆင်တာရာငယ် ရာသီကြကင့်၊နရိန္ဒာလဲ ညာတော်နတ်နှင့်၊ဖိုလ်မြတ်ကယ် နိဗ္ဗူ၊ အောင်ဆုယူလို့၊ ရှစ်ဖူးရိပ်စံ၊ ပဉ္စင်းတော်ခံသောခါ၊ ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညို - မာလာမင်းရယ်က၊ သင်းလှတယ်လေး။ ။

### ၁၀။ သိဟ်ရာသီဘွဲ့ - လွမ်းချင်း

မျှော်ယောင်သာပန်းတော့၊ သောင်ကမ်းငယ် ပြည့်လျှံနဒီငယ်ခြံသည်၊ ပြည်မင်း စံရွှေဘုံက၊ အကုန်ထူးတဲ့ လ,ကိုလေး။ ။ရာသီသိဟ်ငယ်၊ နေမိန္ဒရ၊ ဝါခေါင်လမို့၊ တောင်မျှော့ထွတ်စွန်၊ သရဝဏ်လဲ၊ ရောင်ဝှန်တေဇာ၊ ပန်းခတ္တာနှင့်၊ ခိုင်ညှာပွင့်ကြူ -တိုင်းပြည်သူတို့၊ လူစာရေးတံ၊ သဘင်စုံခံဆဲမို့၊ လွမ်းရန်ဖွယ့် သည်အချိန်ကို၊ ဒေဝရိန် ပဇ္ဇုန်မှူးရယ်က၊ မြူးလှတယ်လေး။ ။

---

### ၁၁။ ကန်ရာသီဘွဲ့-လွမ်းချင်း

ရေယဉ်စမ်းငယ်နှင့် သောင်ကမ်းငယ် ပြည့်လျှံ၊ မြစ်လုံးငယ် ညှံသည်၊ လျှော်တက်သံမြိုင်မြိုင်နှင့် လေှ-ပြိုင်ကျင်းတဲ့ လ,ကိုလေး။ ။

ကန်ရာသီငယ်၊ ခါမှီသင့်စွာ၊ ဘွေအာကာမှာ ·· ပုဗ္ဗာဘဒြပိုဒ်၊ ကြက်ညီနောင် တောင်တပိုက်က၊ ရေလိုက်ကယ် သဘင်၊ စံစမွှာယ်ရှင်သောခါ၊ မြိုင်ခွင်လုံး ကန္တာမှာ၊ ရွှေယင်းမာ ပန်တော်မင်းရယ်က၊ သင်းလှတယ်လေး။ ။

---

### ၁၂။ တူရာသီဘွဲ့-လွမ်းချင်း

လှိုင်လှိုင်သာ သင်းတော့တယ်၊ ကန်မင်းငယ့် နန္ဒာ၊ လျှံဝင်းငယ် ဖြာသည်၊ ပွင့်ရွှေကြာ မြိုင်မြိုင်နှင့်၊ ကြိုင်ကြိုင်သင်းတဲ့ လ,ကိုလေး။ ။

တူရာသီငယ်-အဿဝဏီကြယ်မြတ်၊ ကျီးမင်းအိမ်လဲ ရောင်ရှိန်လျှပ်လို့၊ သုဒသ်ကယ်နန်းလို-မီးမြင်းမိုရ်နှင့်၊ ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်မို့၊ ဘုံထွတ်ကယ်ဥကင်၊ ပွင့်စမွှယ်ရှင်သောခါ၊ တိုင်းခွင်ကြီးအောင်ချာမှာ၊ ဆီမီးဝါ ထိန်ထိန်ဝင်းပါလို့-လှင်းလှတယ်လေး။ ။

---

### ၁၃။ ဗြိစ္ဆာရာသီဘွဲ့-လွမ်းချင်း

မြောက်လေငယ် သွင်းပါလို့၊ မြူနှင်းငယ် စိုစို၊ မြင်တိုင်းငယ်ပြုံသည်၊ ရွှေကျီးညို တာရာနှင့်၊ ကြတ္တိကာထွန်းတဲ့ လ,ကိုလေး။ ။

တန်ဆောင်ငယ်မာသ၊ ဆယ့်နှစ်လတွင်၊ ချမ်းမြေးယင်၊ ဗြိစ္ဆာခွင်သို့၊ ရက်ငင်ပြောင်းခွာ၊ ခဲညှာလဲ၊ ခိုင်လွှာဝတ်မှုံ၊ ရနံ့သာထုံတော့တယ်၊ ဘုန်းဂုဏ်ကြော့ သဗ္ဗိန်မှာ၊ လျှူကထိန် သဘင်ခင်းပါလို့၊ ကျင်းကြတယ်လေး။ ။

## ၁၄။ မိန္နရာသီဘွဲ့ - လွမ်းချင်း

ရှုလေတိုင်း ကိုတဲ့၊ ဝေမှိုင်းငယ် ဖြာဖြာ၊ လေညှင်းငယ်လာ၊ ဖေါ်မပါ တူမစုံလို့၊ လွာခြုံ ဧးပြန်တော့တယ်လေး။ ။

ဆယ့်နှစ်ဖြာတွင်၊ ရာသီမိန္န၊ ရွှေဟသာလဲ၊ တာရာပြုလို့၊ ဇေယုငယ် ပြဟ္မာ–ဟေမန္တာမို့၊ မဟာပိန္နဲ၊ နတ်မင်းပွဲမှာ၊ ကျေးမြဲပူဇော်၊ လနတ်တော်ကို ရှုမျှော်တိမ်ဆီ၊ မိဂသီလဲ၊ ခါညီမှန်းလယ်၊ ထွန်းရောင်ခြည် ခြယ်သောခါ၊ နယ် ရွှေဝ ဥကင်မှာ၊ ဂမုန်းအင် သဇင်မင်းငယ်က၊ သင်းလှတယ်လေး။ ။

## ၁၅။ မကာရ ရာသီဘွဲ့-လွမ်းချင်း

တိမ်ခြေငယ်ရှင်းပါလို့၊ မြူနှင်းငယ်စိုစို၊ ခါပြာသိုမှာ၊ နွယ်ခွာညို မြိုင် မြိုင်နှင့်၊ လှိုင်လှိုင်သင်းတဲ့ လ,ကိုလေး။ ။

ရောင်သိင်္ဂီငယ်၊ ကြယ်ညီဖုသျှ၊ မကာရမို့၊ ရွှေဝဥကင်၊ မင်းရင်ပြင်မှာ၊ လှံယဉ်မြင်းခင်း၊ သဘင်ကျင်းလို့၊ ရာမင်းထွက်စံ၊ ဗိုလ်ညီလာခံသောခါ၊ ဆဒ္ဒန် ပိုင့် ပြောင်မှန်မှာ၊ အောင်တံခွန် တေဇာမြူးပါလို့၊ ထူးလှတယ်လေး။ ။

## ၁၆။ ကုမ်ရာသီဘွဲ့-လွမ်းချင်း

ညှံ့လို့ သာသဲတော့တယ်၊ ပေါက်လဲရယ်ပွင့်တံ၊ ထိန်ထိန်လျှံ၊ ဆက်ရက် သံစာစာနှင့်၊ ငှက်ညီလာကျင်းတဲ့ လ,ကိုလေး။ ။

ကုမ်ဟေမန်ငယ်၊ သကြံန်သွင်းမြဲ၊ တပို့တွဲမို့၊ မင်းပွဲရှင်ပျော်၊ ယာဂုံ တော်နှင့်၊ ကြွေးကြော်ပြင်ဆင်၊ လွမ်းပွဲသာယင်တော့၊ ကောင်းကင်မြင့် တိမ်ဆီ မှာ၊ ကြယ်မာဃီရောင်စုံကျင်းပါလို့၊ လင်းလှတယ်လေး။ ။

## ၁၇။ မိန်ရာသီဘွဲ့-လွမ်းချင်း

မြိုင်ခြေငယ်သင်းပါလို့၊ အင်ကြင်းငယ်ရွှေဖီ၊ ဝတ်မှုံငယ်စီသည်၊ မြစ်နဒီ သောင်တခိုက၊ မောင်မယ်ညို မြူးပြန်တော့တယ်လေး။ ။

ရာသီမိန်ငယ်၊ ဂိမ္ဘာန်ရက်ပြောင်း လတပေါင်းမို့၊ ရွက်ဟောင်းကြွေခါ၊ ဥတ္တရာနှင့်၊ ကြယ်မှာဘဒြပိုဒ်၊ လေးချက်ချိန်ကို- တိမ်ခြေဆိုက်လို့၊ စလိုက်ကယ့် ဖွေရှာ၊ ကိုတံငါလဲ၊ ဘာသာသောင်ခွင်၊ ပျော်မြူးသာရှင်တော့တယ်၊ သဘင် လ,ခါမှီကို၊ သဲစေတီ ငွေသောင်ကမ်းရယ်က–လွမ်းလှတယ်လေး။ ။

(ဆယ့်နှစ်ရာသီချီးလွမ်းချင်းပြီး၏။)

## ၁၈။ အစိမ်း - လွမ်းချင်း

သက်သက်ပင် စိမ်းတော့မလ၊ ဗလိမ်းတဲ့ ဗကျုံ၊ စိမ်းမယ့်ငယ်ကြုံ၊ စိမ်းဖန်ဖန် နွားပန်သပါလို့၊မင်္ဂလ မြေအပြင်မှာ၊ မေခင်စိမ်းတော့-စိမ်းတယ်လေး။ ။

စိမ်းလေတာမှာ-ပုဝါ-မြစိမ်း၊ အင်္ကျီစိမ်းနှင့် အစိမ်းချိတ်ထည်၊ ဝတ်ထဘီမှာ-ကတ္တီထက်ဆင့်- အစိမ်းရင့်နှင့်-ခင်ခင့်အကြုံ၊ စိမ်းပုံတော်ဖန်လှချည့် နာမံက - မစိမ်းမေရယ်၊ အစိမ်းသေ - လူဝင်စားလေလ၊ မြသားကမှ- ကြိုးသွယ်ဆင်တယ်၊ ကိုးကွယ်ချင် ယင်းဘာဝကိုက၊ မင်းရာမ နတ်စင်ကို၊ မပြတ်ပင် ဖူးတဲ့မိငယ်လေး။

---

## ၁၉။ ဆရာဦးပြုံးချိုရေး-အရှုပ်လွမ်းချင်း

ရှုပ်အထွေးမှာတော့- ခင်လေးရဲ့စွမ်းရည်၊ အူပေါက်တဲ့ အခင်ချည်လို၊ သွင်တမည်လိမ်ပုံက၊ ကလိမ်ချုံ ရှုံးတဲ့မိငယ်လေး။ ။

သပွတ်အူငယ် ပုံတူရှာလိုက်၊ စာပေါင်းသိုက်နှင့် နှီးမှိုက် အုန်းဆံ၊ သမန်းမြက်ဖုတ်-တောချုံရှုပ်လို၊ အယုတ်ညာဏ်နှင့်၊ ဆံပင်ခြည်ထွေး၊ ရှင်းမရချင်-ပင့်ကူမြင်လို၊ ဝင်ရာ-မြေးလို့၊ ရှုပ်ရေး၌-ထွတ်ဘုရင်ပါ၊ ကရွတ်ခင် ရင်မှာပိုက်ပါလို့၊ လေသိုက်က-အမေခေါ်တယ်၊ အပွေတော်ကဲတဲ့ ခင်ရယ်လေး။ ။

---

## ၂၀။ ဆရာဦးပြုံးချိုရေး-အမုန်းလွမ်းချင်း

မေတ္တာတော် - တုံးပါလို့ - အမုန်းကို ခေါင်တည်၊ မုန်းစိတ်တော်ရည်၊ မုန်းနာမည် ဂါမာက၊ မုန်းဋ္ဌိကာ ဖွင့်တဲ့မိငယ်လေး။ ။

လ မာသာမှာ ခါတန်ဆောင်မုန်း၊ ဆန်းတက်တုန်းမို့၊ သမုန်းဆေးပင်၊ ကေသာဆံထုံး၊ ပန်ဆင်ကုံးတယ်-ဂမုန်းအင်နှင့်၊ မုန်းပင်ကြီးစိုက်၊ ဂမုန်းသိုက်လို့၊ ဖတ်လိုက်တဲ့စာ၊ မုန်းမိုးတွေရွာလှချည့်၊ ထဘီမှာ စပ်ဂမုန်းငယ်နှင့်၊ ဝေမြိုင်မြိုင်၊ လေ့ပြိုင်မုန်းဆီက၊ ပမုန်းမွေးမုတ်ဆိတ်ရှည်တယ်၊ လူနှာမည် ကိုချစ်ကင်းငယ်နှင့်၊ တဝမ်းဆင်းအစ်ကိုတော်သည်၊ ဗြဟ္မာစိုရ်နေ၁်ခန်းတဲ့-ခင်ငယ်လေး။ ။

---

## ၂၁။ ဆရာဦးပြုံးချိုရေး-အခါးလွမ်းချင်း

မချိုနိုင် ခါးရန်ကော့-စကားက တမာ၊ မျက်နှာထား ကန့်ကလာငယ်၊ ရွှေကြောင်လျှာ ပင်ပေါ်က-သန္ဓေတော်စွဲတဲ့မိငယ်လေး။ ။

သုံးဆောင်ရာဝယ်၊ ရသာထွေပြား၊ ကြက်ဟင်းခါးနှင့်၊ ဗူးခါးဟင်းချက်၊ ခွေးတောက်ရွက်တို့၊ စွက်ဖက်ရောကျို၊ မြိန်ရှက်စွာ မျိုနိုင်ပေ့၊ ခင်ပျိုရဲ့-ခါးအ

နာတောင်၊စားစရာ-ဆေးစုံတွဲတာကာ၊မှုတ်ကဲ၍ဘိန်းကူသည်၊ငါးစည်ပူသည်းခြေ ပွါးပါလို့၊ကိုတက်ခါး ဆရာဝန်ရယ်၊အနာညှန်မဖိစီးအောင်တဲ့၊ ဆေးခါးကြီး တဖန်ကိုင်တယ်၊ ကွိနိုင်ပါ နေ့စဉ်သုံးပါလို့၊ သံသရာဘဝဆုံးအောင်တဲ့၊ တို့တ မေ စိန်တကုံးရယ်က-ခါးအုန်းမယ်လေး။ ။

---

## ၂၂။ ဆရာဦးပြုံးချိုရေး-အချဉ်လွမ်းချင်း

မေတ္တာတော် နဲ့ရော့ထင့်၊ စိတ်ထဲက-ချဉ်ချဉ်၊ ရိပ်အကဲ ပျက်ချင်ချင် ရယ်၊ မက်လင်ချဉ် သမ္ဘာရနှင့်၊ စိဉ္စမာမျိုးမို့ ထင်တယ်လေး။ ။စောင်းလျား ပင်မှာ၊ ရှောက်ချဉ်ရောစွက်၊ ယင်ကမ်းပင် ဝင်ကာယှက်လို့၊ စိုက်ဖက်ကာယ် ဉယျာဉ်၊ မရန်းပင်မှာ - ခါချဉ်အုံနွော၊ ချဉ်ပေါင်တောနှင့် - ပျိုချော့တမယ်၊ အချဉ်ဆိုင် တယ်တုန်းမို့၊ မျိုးနွယ်က-ကချင်ဆန်တယ်၊ သွင်သဏ္ဍာန် ချဉ်ဟန် ကြွလေခြင်း၊ ကျောက်ချဉ်ကို-နားပန်သပါလို့၊(အိုခင်ရဲ့)ချဉ်လှတယ်လေး။

# ခွန်းထောက်များ

## ၁။ ဦးပြုံးချိုရေး ကဏ္ဍဦးပဏာမ လေးချိုးခွန်းထောက်များ

အစိန္တေ ဘဂဝါအတိကိုတဲ့၊ နိမ်ခြေကာ သဒ္ဒါရှိပါလို့၊ နမာမိ ဦးတင်ကာ။ ပဏာမ၊ ကာယ ဝစီနှင့်၊ ကံသုံးလီ ညွတ်ကာပျောင်းပါလို့၊ လွတ်ကြောင်း အပါယ်လေးကို ဝေးရလိုပါ။ ။ကပ်သုံးလီ ငါးတန်ဘေးရယ်တို့၊ ပြတ် ဆုံးပြီ များရန် ဧကြွ၍၊ လေးဝိပ္ပတ် အဋ္ဌ ကွာ၊ ဗျသနာရယ်တို့ ကင်းစေကြောင်း။ မဂ်ဖိုလ်ကိုမြင်၊ ရက်တိုတို သံသာခွင်က၊ မြန်စွာပင် နိဗ္ဗာန်နန်းကိုတဲ့၊ ခန္ဓာပင် ဆိတ်ညံခန်းလို့ရယ်၊ (သုံးလူ့ရှင်ဘုရား) မြန်းဘို့ ဆုတောင်း။ ။

## ၂။ နေရဥ္စရာမြစ် အကြောင်း လေးချိုးခွန်းထောက်

ရေယဉ်ဖြာ ရစ်လာသန်းပါလို့၊ နေရဥ္စရာ မြစ်သာကမ်းပေထင့်၊ စိမ့်စမ်း ရယ်က တထွေထွေ။ ။မှုန်း မဆုံးပါကလား၊ ဆွမ်းလုံးလို ကျောက်သလဲတွေက-ရွဲစုလို့နေ။ ။ပြုခါခါ သဒ္ဒါတတ်ပါပေ့၊ သုဇာတာ ကညာနတ်ကယ်တို့ ဃနာမြတ် ဆွမ်းနို့မွေ၊ တို့ဖုန်းဝေတဲ့ဘုရား။ ။သုံးတဲ့နေရာ၊ ခွက်သိဂီရတနာနှင့်၊ လုပ်အာကို ဗုဒ္ဓါဆေးခဲ့တယ်၊ (အိုဗျာ)ရှေးဌာနလား။ ။

## ၃။ ပန်းအချိုး ခွန်းထောက်လေးချိုး

ခင်း အပြန့်မှာတော့၊သင်းရနံ့ တကြိုင်ကြိုင်။ ။ပင်ဆတ်သွား စကားရယ် ဇီဇဝါနှင့်၊ ကြည်စရာ- သရဖီညှာပန်းတွေက-ဆန်းတဲ့ဂနိုင်။ အရိုင်းစမ္ပာယ် မှာ ခတ္တာကဆင့်ပြန်တော့၊ မှိုင်းဒါးဝယ်ပါ – ထပ်တရာက-တင့်ပါပေ့၊ ဇလပ် စကားဝါအပွင့်တွေက-မဆိုင့် တဆိုင်၊ အခိုင့်ခိုင်တွေက တစုတရုံး။ ။ပင်ချင်း ရယ်ဆိုင်၊ အင်ကြင်းမှိုင် ထိုအကွေ့၊ ဟိုရွှေ တခေါ် သာသာက၊ အတော်ကွာ ရော်ကာရမ်းလိုက်တော့၊ လမ်းအမြင် တသတ်မဆုံးနိုင်ပါဘု၊(ဟောဟိုရွှေဆီမှာ ကွယ်)ပန်းရင်ခတ်ကုန်း။ ။

## ၄။ တောလေ့-ခွန်းထောက်လေးချိုး

ဘာမပို တာဝေ့လိုက်တော့၊ ရာဇဂြိုဟ် သာကေတငယ်နှင့်၊ ဗာရာဏ တက္ကသိုလ်။ ။အညီ တွေးလိုက်တော့၊ ဤလေးပြည် ဗဟိုအလယ်ထင့်၊ ခိုစဖွယ်၊ ထိုဝယ်ခရီးမှာတော့၊ မျှော်စိုစို ညောင်ညိုကြီးရယ်၊ ထီးဖြန့်သလို။ ။တည်း လှုံမှီ အသွားအလာ ထောက်လိုက်တော့၊ လှည်းကုန်သည် ငါးရာရောက် ကရော့ထင့်၊ နွားစာခြောက်ကိုတဲ့ မြင်သကို၊ ခွင်စဖိုရယ်တဲ့ တည်ရာစခန်း။ ။ တောဟိမဝါ ပေါရိသာ အယူမှားငယ်တို့၊ လူသားကို ခင်မင်လို့၊ ရှင်ဘုရင် အရာကျရယ်က၊ မဆင်ခြင် လူသမျှကိုတဲ့၊ ဟော-အမိအရ ဖမ်းတာကြောင့်၊ တောအစိကရ ကြမ်းလိုက်ပါဘိ၊ (ဟောဟိုရွှေဆီမှာကွယ်)ပေါရိသာလမ်း။ ။

---

## ၅။ တောလေ့-ခွန်းထောက်လေးချိုး

ကျိုင်းပိုးထူ မှက်ခြင်သရမ်းလိုက်ပါဘိ၊ ကိုင်းရိုးကျူ မြက်ပင်သမန်းတွေ က၊ ကွက်ပြင်လမ်းကိုမှ မမြင်ပါ။ ။ဝနေကြမ်း ရေစမ်း အိုင်အိုအိုနှင့်၊ မှိုင် ညိုညို ဂနိုင်ထိုထိုက ထွက်လိုက်လျှင်၊ ကွင်းဖက်လယ်တာ။ ။ပေါင်းတတွေ ညောင်းခြေ မလှမ်းနိုင်ဘု၊ ဆောင်းနွေ ခရောင်းမြေ ကြမ်းတာကြောင့်၊ လမ်းမရှိ ထွန်နှင့်အကွာ၊ ညွန်နှစ်အမာတွေက၊ မရှောင်သာသကိုး၊ ပုစွန်ကျစ်စာတွေက တတောင် တထွာမိုး။ ။ငှုတောင်စွယ်မှာ၊ ယူဆောင်သယ်-တီထွင်နုတ်ပါလို့၊ တလင်းထွင် ကွင်းပြင်မလုပ်ထာကြောင့်၊ ရှင်းမထင် ထင်းပင်ကရှုပ်ပါဘို၊ ဆူး ခလုတ် ခြောင့်တွေက ဆိုးတယ်နှင့်၊ (အိုကွယ်)စူးလို့မှမနုတ်နိုင်ပါဘူး၊ ဖနောင့် ခြေဖမိုး။ ။

---

## ၆။ မယ်ဘွဲ့ - ခွန်းထောက်လေးချိုး

ငွေသရဖိ ပန်းမှုံ ကြွေ့ကိုလှ၊ လေပလီ ဖျန်းသုန် ငှေ့ပြန်တော့၊ မေမဒ္ဒီ စမ်းလုံမေ့ကိုတဲ့-လွမ်းဟုန် ဖေ့မှာတဲ့ ပွေဗျာစီ။ ။မေမလွမ်းရော့သလား၊ရေ သွန်းတော် အခါတိုင်တော့၊ မဟာမှိုင် ပင်စုံမြင့်မှာလှ - ညှာအခိုင် ယဉ်ရုံပွင့်ရှာ ကြ၊ ထူး တင့်ရာသီ။ ။သာဂိမေ့ နွေအကုန့်တွင်ဖြင့် ညှာလိမ်ကြွေ ငွေအညွန့် တွေနှင့် မြေသလွန့် စက်ရာဆီမှာ၊ လကျာချီပုံက - လွန်ယဉ်ကျေး။ ။ယခုနွယ် သမုန္ဒယ် ခင်ခင်ရှိတာဖြင့်၊ မိမိပန်တော်မူဖို့၊ တံချူ မောင်မညှတ်ရလေလား၊ ခေါင်ထွတ် ရွှေရည်စံငဲ့၊ကေသီပန် မေဆင်မြန်းရန်ဘွဲ့၊ဝတ်ရေ ဆွတ်ခြွေလို့ မဖျန်း လိုက်ရလေလား၊ မှန်းရော်မိ- ယောက်ကညာကလေးရယ်ဖို့၊ (အိုကွယ်) ပန်း ဂေါ်ဖီ ပိတောက် စကားဝါက မွှေး။ ။

## ၇။ တောလေ့ – ခွန်းထောက်လေးချိုး

လွှမ်းမပြေ မန်းမြေ တ,မိပါတော့၊ ကမ်းခြေမှာ စမ်းရေကျတယ်နှင့် ဖျန်းလေက တသုန်သုန်။ ။တဲတဖက် ဆွဲဖျက်ကာ အရင်လိုရွေ့သထင့်၊ ကရင်အို ရာပြင်ကြီးမှာ မီးထဲ့လို့လုံ။ ။မပူပေါင် နောက်ဆီက ချမ်းရော့ သထင့်၊ အဖြူစောင် ခေါက်ထည် ကြမ်းကိုတဲ့၊ လှမ်းတယ်လို လွှားကာခြုံ၊ ပါးမှာ ငုံပါတဲ့ နုရွှေကွမ်း။ ။ဘောအိတ်မှာရှိ၊ ဆေးလိပ်တို - နားမှာထိုးပါလို့၊ တောင်ရိုးမှာ ဘာသာသူတို့၊ ကွင်းအငူနှင်းမြူကကွဲချိန်မို့၊ အမိုးခေါ်ဖိုးစော်ကဲတို့ရယ်၊ (အိုကွယ်) တဲပျက်စခန်း။ ။

---

## ၈။ တောလေ့ - ခွန်းထောက်ဒွေးချိုး

မှုန်ပြာငယ်ရီ၊ ကုမ်ရာသီ တပို့တွဲမှာလ၊ ပေါက်လဲတွေ အရောင်တောက်ပါလို့၊တောင်မြောက်လေ နွှေ။ ။ညီးလို့ငယ်ဝါ၊မီးရှို့ကာ ဘယ်သူမြိုက်ခဲ့ပါလိမ့်၊ ပူသိုက်လေ အကျိုးပါမျှ မနပ်ပါကလား၊ လူမိုက်တွေ ပိုးသတ္တဝါသတ်ခဲ့တယ်၊ (အိုကွယ်) ရိုးပြတ်လယ်တော။ ။

---

## ၉။ ရွှေတောင် ကိုမန်းညွန့်ရေး - တောလေ့ ဆေးပင်ခွန်းထောက် လေးချိုး

တောဝနာ ဘေးခွင် အစောင်းမှာတော့၊ ဩသဓာ ဆေးပင် အပေါင်းရယ်တို့၊ ရောဂါ မကောင်းတွေတို့ ပျောက်စေရာ၊ နွှောကာ ထောင်းချေလို့ သောက်လေပါ။ ။ကြက်သဟင်း သက်ရင်း အပင်ဟာနှင့်၊မင်းကိုကာ သမုန်းပင် ခတက်တွေက ဆေးလိုရာအသုံးဝင်လို ဖက်ရှာကြ၊ အထူးပေါက်ချက်- သာယာပါသကိုကွယ် ဆူးခေါက်နက်ပါ။ ။ကြိတ်ရျပင် သူငါတကာတို့ စားစရာ့၊ အိပ်မွှေ့အပြင် စူလာနဖါအမျာငယ်နှင့်၊ လိပ်စရွှေအပင် နံ့သာဖြူ နံ့သာဝါ အခါးတွေက၊ ဒူလာသမားငယ်တို့ မှီစရာ့အစာ၊ ကြည်မြစ္စာပ ကြိုက်ချာအဇထွေထွေမခြား-ဇီဝက ဆရာငယ်တို့ စိုက်ခဲ့ရှာပေသလား။ ။တောင်တတန်း ဇောင်ခြမ်း ဇီးဖြူခြောက်ငယ်နှင့်၊ သင်းပေါက်ဖြူ ပညာလက်ာငွဲ့ပြင်၊ ဆာယာမှာ - ဖါလာအငုတ်တွေက၊ အဝေးတနယ် - အရေးတကျယ် ဘယဆေးသယ်တွေ မြင်လျှင်ဖြင့် နူတ်ချင်ရှာပေလိမ့်၊ လေးညှင်း ဌုတ် စမုန်စပါးတွေနှင့်၊ ဟောဟိုဆီမှာလေ ဂျင်း ဘြိကဋုတ် လက်ထုတ်ပင်တွေပါတကား။ ။

## ၁၀။ ကိုမန်းညွန့်ရေး-တောလေ့ ခွန်းထောက်ဒွေးချိုး

ခေါင်ဗူးကိုယူ ရောင်ဒူးတူ-အလိုမြင်ရ၊ ကိုကရင် ယာအပေါက်ဆီက၊ စာခြောက်ကာဟိန်းသံဟေားရယ်နှင့်၊ တောဆံအောင် ညြသံပေးသူက၊ သောက်ဆေးတံ အံမှာရှိလို့၊ ဟန်နကိုထား။ ။မသွားရှာ သခွားယာ ဝင်အလှဲမှာတော့ ပင်မှဲတွေ ကြွေမယောင်နှင့်၊ နေလောင်တာ မြောက်တပိုင်းဆီက၊ ကရင်ငယ် တင်လွယ်ပလိုင်းကိုလ၊ တမင်ကွယ် ဆင်ခြယ်သိုင်းပါလို့၊ အရိုင်းတွေသဟာ ယကိုတဲ့၊ ခရီးလာ မြီးရှာကြစေဘို့၊ အသီးဝါ-လှိုးကာသလိုက်တော့၊သကြားမက အချိုအသရေပွားပါဘိ- (အိုကွယ်)သနားစရာ့ပင်ပျို ရွှေသခွား။ ။

---

## ၁၁။ တောလေ့-ခွန်းထောက်လေးချိုး

ရိုးတလျှောက် ဖြိုးမောက်ပါတဲ့ လယ်ပတူ။ အရွက်ချွန်း ကဇွန်း ပုစွန်စာနှင့်၊ လွန်တရာ ကညို့ပေါတယ် တောပျစ်လို့ထူ။ ။မှိုနတို ငွေရောင်ပျော့ငယ်နှင့်၊ ရွှေကနဖော့-ကြာရိုးဖြူ၊ ချိုးယူပါလို့မကုန်ခန်း။ ။ပတ္တာမြားရောင်၊ ဖါးကပေါင် သံလွင်လွင်နှင့်၊ ရွှေညံ့ပင် ရှုပ်မရှင်းတယ်၊ (အိုကွယ်)ကွင်းပြည့် ကမန်း။ ။

---

## ၁၂။ ခွန်းထောက်ဒွေးချိုး

တောင်တတန်း မြောင်စမ်းရယ်တဲ့ ရစ်ကာခွေ၊ မေဓာဝီသမင်မငယ် တောခုတဲ့မြေ။ ဗုဒ္ဓဟော စံနေတဲ့မြေကြော။ နတုန်းခါစဉ်က၊ ပျော်စံရှင် သစ္စာသုံးတယ်၊ ငုံးမင်းမြိုင်တော။ ။

---

## ၁၃။ ရွှေတောင် ကိုမန်းညွန့်ရေး-တောလေ့ ခွန်းထောက်လေးချိုး

သွားလေရာ ဓါးရှေပိုက်ပါလို့၊ ထားတမေ မျှားရွေ တသိုက်ကယ်နှင့်၊ နွားလိုက်ကြပါတဲ့ ခင်းတောင်ယာ။ ။ဗူးခမောက်ကယ်နှင့်၊ စူးမြှောက်တာ ကိုင်တရှင်းတွေနှင့်၊ဒူးထောက်ကာ-အိုင်ကိုဆင်းကြတယ်၊ ချင်းတို့ဘာသာ။ နွေမကုန် မေထုန်လဟာမို့၊ ရွှေဖရုံ မြေပုံချပါလို့၊ မိုးတလျက် ရိုးဝမှာ၊ထိုးကြရှာတဲ့ကြက်ရိုး။ ။အင်ဖူးခါ ဆင်ကျူး ဒေဝရာတို့၊ ရွှေညာမှာ ရေပြာဆင်းချိန်မို့၊ ပြောင်ဝါဝါ လောင်စာကွင်းမှာ၊ (အိုကွယ်)သင်းနံ့ကတိုး။ ။

## ၁၄။ တောလေ့ခွန်းထောက်

ပြောင်ပြောင်ငယ်ညီး-တောင်ကြီးတဲ့ဖီလာ။ ။နိမ့်ချည် မြင့်ချည်သွား ဟာမို့ သွားခက်လှပါ။ ။စလူရွက်ကယ်နှင့်၊ အင်ဖက်ကိုတဲ့ မိုးချက်ာ၊ ဖြိုးဝေစွာတဲ့ ရိပ်ဆီး။ ။တဖြောက်ဖြောက်ကယ်နှင့်၊ မိုးရေပေါက်ပုံသဏ္ဍာန်လို၊ ငွေနှင်းရည်မြူထန်လို့၊ သူရကန်အရောင်ပိတ်တယ်၊ (အိုကွယ်) တောရိပ်ကကြီး။ ။

## ၁၅။ ကိုမန်းညွန့်ရေး-တောလေ့ခွန်းထောက်

အဆစ်ကယ်သန် တနှစ်ခံ ထူဝါးဘိုးငယ်နှင့်၊ ကျူရိုးကို ထရံကာလို့၊ သဏ္ဍာန်မှာ ယာယီတဲပေထင့်၊ မလှဲပေါင် ဝမ်းစာရှာလို့၊ ချမ်းသာစွာ အသီးအညှာတွေမြင်လိုက်ရ၊ ကျီးအာပင်များ။ ။တဲတဝိုက်မှာ၊ ခွဲစိုက်ကာ တူယှဉ်မြောင်လို့၊ ဖူးချဉ်ပေါင် မုန်လာခင်းတွေနှင့်၊ ယာကွင်း လယ်အပြင်မတော့၊ မယ်ကရင်စိုက်ခါကြဲ၊ ခဝဲမွှေလို့ ရှုပ်၊ လေလှုပ်လျှင် အနွယ်ခါလို့၊ တလယ်စာကျော်ကျော်လောက် ရှိပေလိမ့်၊ ပကတိ အာသာဖြေဘို့၊ မသိလေ တချို့ဟာက သိမ်းပေါ့ထင့်၊ ငပိရေ တို့ကာမှီန်းရှာကြ၊ မတိမ်းမငဲ့တင့် သရုပ်အမြင်ခြားလိုက်ပါဘိ၊ (အိုကွယ်) အစိမ်း မမှဲ့တဲ့ ပြေ့တ်အပင်သခွား။ ။

## ၁၆။ ခွန်းထောက်

လတာပေါင်း ရွက်ဟောင်းငယ်က ကြွေခဲ့ပြီ။ ။ရိုးတံမှာ ရွှေရည်လူး တယ် ဖူးကိုက်ညွန့်စီ။ ။နွေဂိမ္မာန် ခါသာစွပေမို့၊ လွမ်းစရာ့ လရာသီ၊ ရွှေပြည်နှင့် မနီး။ ။ချောင်ရိုးရိုးဆီက၊ ရွှေချိုး တောင်စွန်ဖြူတို့ရယ်၊ လွမ်းမှုနှင့်ညည်း။

ခွန်းထောက်များ ပြီး၏။

# သဖြန်များ

## ၁။ မိုးဘွဲ့ သဖြန်

ကသစ်ကယ်တဲ့ နန်းသူမောင်။ ။သရစ်နွယ်သိဟ်ဦ ပြက္ခဒိန် ခါတော်လချိန်မို့၊ မေရုတောင် နောင်မြင့်ကွန်းဆီက၊ ဗိုလ်ဝန်းစုံ ညီလာခံတယ်၊ အာဒပြမာန်ဆောင်။ ။ဆွေမဟာကွေ့ကွာတုန်းကိုလှ၊ ဒေဝရာ စွေကာချုန်းပါလို့၊ ပတ်ကုံးတဲ့ လဲ့လဲ့မှောင်၊ တတောင်လုံးမှင်ခိုး။ ။သုန်သုန်ငယ်ချီ၊ ဒုန္ဒုဘိ ရွှေစည်စောရန်ကော့၊ မြကြောလှိုင် ပင်သခွတ်ဆီက၊ ထုံဝတ်ရည်မကြည်သေးပါဘူ၊ အရေးတော် သိသိမြန်လှတယ်၊ လွမ်းရန်ဖွယ့်မိုး။ ။

---

## ၂။ စာဆိုတော်ဦးအိရေး-မိုးဘွဲ့သဖြန် ၂-ပုဒ်

(က) သခွတ်ကတဲ့ပွင့်စချိန်။ ။တမွတ်ကယ်စံတော်မြေက၊ မှုန်ပြေပြေ ရွှေမင်ဆိုင်းပါလို့၊ ရှုတိုင်း ဘဝင်ညွတ်ပါဘိ-လွမ်းဆွတ်ဖွယ့်တိမ်။ ။ရှစ်မည်ကိုနတ်စည်ရွှမ်းပါလို့၊သွန်းလာတဲ့ မေဃိန်ရယ်၊ဖလ်ရှိန်လဲ့ မြူခိုး။ ။ဆွေးခိုက်မို့ကို၊ တန်ဆိုလျှင်တန်ဘဲနှင့်၊ တင့်ရဲစွာမာန်မှုန်လို၊ အမှုန်မောင်တော်တော်ဝိပါကို၊ နန်း ပြည်သိမိုး။ ။

( ခ ) ကျူးရင့်အိုင် သံပြိုင်သီချင်းက ထုံအန္တဲ၊ ကျဆင်းသွန် မြမင်းဝံ စံခန်းနှင့်၊ သူ့နန်းမှာ မဆင်လေနဲ့ သာရွှေမြင် တောင်မြင့်ကွန်းဆီက၊ လွမ်းဖို့ဆင်လှဲ။ ။

---

## ၃။ တောဘွဲ့ – သဖြန်လေးချိုး

စိမ်းလဲ့ငယ်တဲ့ ညိုရောင်။ ။ပင်ဝါးရုံ လေယူတိမ်းတယ်၊ ယိမ်းနွဲ့မြောက်တောင်။ ။မြူခိုးရယ်မှောင်၊ဟိုတောင်ကြော့ ခါးပန်း။ ။ရွှေဥဒေါင်းငယ်တို့ မြိုင်စောင်းမှာတွန်သံချိုလှတယ်၊ ကွန်းခိုတဲ့နန်း။ ။

---

## ၄။ မြစ်ဘွဲ့ - သဖြန်လေးချိုး

မြသားငယ်တဲ့ ရေယမုန်။ ။ငွေလှိုင်းတွေဖြူစွာနှင့်၊ မြစ်ရော နဒီကြောမှာ မျောကြဒိုက်ပုံ။ ။ကျူဝါးရုံ တူစုံကွယ့်ဖော်နှော၊ ဘုံပတီးရယ်နှင့် ငှက်ကြီး ရွှေဝံဘိုတို့ရယ် (အိုကွယ်)ဝဲခိုလို့ မျော။ ။

# ဆယ့်နှစ်ရာသီဘွဲ့ လေးချိုးသဖြန်များ

## ကျိုက်လတ်မြို့ ဆရာဦးပြုံးချိုရေးသည့်

### ၅။ မိဿရာသီ တန်ခူးလဘွဲ့ - သဖြန်

နှစ်လုံးရယ်တဲ့ ပါဒ်မို။ ။ရေသွန်း စံပျော်လို၊ ငွေကံ့ကော် ပိဘောက် ပန်းရယ်၊ လန်းတဲ့ရာသီ။ ။စိတြာ ရွှေကြယ်မြတ်ကယ်နှင့်၊ စန်းသမသတ် ပြည့်ခါမို ညဥ့်နာရီနေခင်း။ ။မျှ,မပို၊ လအလို အခါထူးပါတဲ့၊ တန်ခူး သည်ဂိမ္ဟဦ၊ ရဝိန်နေ မဇ္ဈေနန်းမှာ၊ (အိုဗျာ)မြန်းမည့်အတွင်း။ ။

---

### ၆။ ပြိဿရာသီ ကဆုန်လဘွဲ့ - သဖြန်

နေနန်းရယ်တဲ့ ဖလ်သူရိန်။ ။တန်ခိုးဥဏ္ဏဂူနှင့်၊ ကဆုန်ဟူ သည်မာသ မှာ ပြင်းပြုပူရှိန်။ ။ဝိသာခါ ယှဉ်ပြိုင်ဝန်းပါလို့၊ ထွန်းလှတဲ့ငွေတာရိန်ငယ်၊ ဒွတ္တိ သနေ့စွဲ။ ။ပန်းစကားဝါ နန်းဘာခရာ ကေသီဆင်လို့၊ ရွှေပြည့်ခွင် ဗိုလ်ပါပေါင်းရယ်တို၊ ငြိမ့်ညောင်းအောင်ထာဝစဉ်ဖြင့်၊ ခါသဘင် ညောင်ရေ သွန်းကြတယ်၊(အိုဗျာ)လွမ်းစရာ့ပွဲ။ ။

---

### ၇။ မေထုန်ရာသီ နယုန်လဘွဲ့ - သဖြန်

ရိုက်ချုန်းရယ်တဲ့ စည်ပုစွန်။ ။ငွေ့ဝန်းစန္ဒာနှင့်၊ကြယ်ဇေဋ္ဌာ ယှဉ်ကာ ပြည့်တယ်၊ ထွန်းသည့်ရောင်ဝှန်။ ။နွေနယုန် မေထုန်ရက်မှာလ၊ နဘောဘုံ ရေ မှုံတက်ပါလို့၊ လေဟုန်စက် ထိန့်ထိန့်လွန်၊ ခြိမ့်ခြိမ့်သွန်ပါလို့ စွေကာသဲ။ ။ ခါပျော်ရန်၊ စာတော်ပြန်သဘင်ခန်းမှာဖြင့်၊ ဆင်မြန်းရန်ရဝေမယ်တို၊ငွေစမွှယ် ငုံမြတ်လေးကိုတဲ့၊ ထုံးမင်မှာ ကုံးဆင်ဘို့ ရွေးကြလိမ့်၊ (အိုကွယ်)မွေးတဲ့လဘ်။

---

### ၈။ ကြကဋ်ရာသီ ဝါဆိုလဘွဲ့ - သဖြန်

အုံ့မှိုင်းငယ်တဲ့ နယ်ရှစ်ခွင်။ ။ငွေစန်းအာသဠှနှင့်၊ ယှဉ်ကာမို ပုဏ္ဏာ ပြည့်တယ်၊ ထွန်းသည့်ဝေဟင်။ ။နဘန်မှာ ပြာမှိုန်ခ,ပါလို့၊ ဝသန္တာခါချိန် စ,မှာမို့၊ နာဂိန်ပ တာရာဆင်၊ အာကာခွင်က ပဇ္ဇုန်ဖျန်း။ ။ပဥ္စင်းတော်ခံ၊ မယွင်းနော် အခါတန်ပေါ့၊ မဟာဒါန် အဋ္ဌင်္ဂယ်နှင့်၊ ဘဂဝါ အရဟံ ရင်ပြင်ဝ မှာလှု၊ တင်သ,ရန် မာလာကုံးကြတယ်၊ (အိုကွယ်)ပုန်းညက်ငွေပန်း။ ။

## ၉။ သိဟ်ရာသီ ဝါခေါင်လဘွဲ့ - သဖြန်

လစန်းရယ်တဲ့ ငွေဘုံဆောင်။ ။ပြည့်ဝန်း ကြယ်သရဝဏ်နှင့်၊ နယ်တဝှန်· ရှစ်ခွင်တိုင်းမှာ၊ မှိုင်းရီသို့မှောင်။ ။ငွေတာရာ သိန္ဓဝယ်တို့၊ ဝေဟာမှာ အရှိန်ပြပါတဲ့ ချိန်သမယ လ,ဝါခေါင်မှာ။ ။ငွေသောင်မြစ် ပြည့်လျှမ်း။ ။ ခတ္တာဝင့် ချပ်လှာမှုံ တကြူကြူနှင့်၊ ပြည်နိဗ္ဗူ ပဏ္ဏနာသန်လို့၊ စာရေးတံလှူတော်ပွဲကို (အိုကွယ်) နှဲ့ပျော်ဖို့လှမ်း။ ။

---

## ၁၀။ ကန်ရာသီ တော်သလင်းလဘွဲ့ - သဖြန်

သင်ဆင်းရယ်တဲ့ လမာသာ။ ။မြစ်လုံးငယ် ဆူညံလို့၊ လှော်တက်သံ လှေပြိုင်ပွဲငယ်၊ နှဲ့ပျော်ကြရှာ။ ။ယုန်ရထားအိမ် သီတလမှာတဲ့၊ ပုဏ္ဏဒိန်ကြည်ကြည် ပ,ပါလို့၊ မည် ဘဒြ ကြယ်ပြုပ္ပါမှာ၊ ယှဉ်လာ၍ ပြည့်ဝန်း။ ။ဒ္ဒါဒရာ ငှက်ဗျိုင်းတာရာနှင့်၊ ရွှေယင်းမာ ငုံပွင့်ကင်းကြတယ်၊ (အိုဗျာ) သင်းတဲ့ သည်ပန်း။ ။

---

## ၁၁။ တူရာသီ သီတင်းကျွတ်လဘွဲ့ - သဖြန်

ဆီမီးငယ်တဲ့ တထိန်ထိန်။ ။အိုင်မင်းရေကြည်က၊ ကြာငါးမည် ငုံအာစွင့်တယ်၊ ဖူးပွင့်ခါချိန်။ ။အဿဝဏီ ယှဉ်ကာချဉ်းပါလို့၊ လင်းလာတဲ့ ငွေတာရိန်ငယ်၊ ပြာမှိန်လျှက် မှူခြေဆိုင်း။ ။ဂါရဝေ–သက္ကာစွံ ပဏာမဖြင့်၊ သဒ္ဒါခြွေ ကန်တော့ပွဲကိုလှ၊ မစဲပေါင် ကုသိုလ်ကိုနှီးကြတယ် (အိုကွယ်)မျိုးမြန်မာ့တိုင်း။ ။

---

## ၁၂။ ဗြိစ္ဆာရာသီ တန်ဆောင်မုန်းလဘွဲ့–သဖြန်

ငွေစန်းရယ်တဲ့ပုဏ္ဏမီ။ ရွှေကြိုး တာရာနှင့်၊ ကြတ္တိကာ ယှဉ်ပြိုင်လျှမ်းတယ်၊ ချမ်းစ,ရာသီ။ ။လူကထိန် ခါတော်ပွဲငယ်နှင့်၊ ခဝဲပွင့် ဝါစီစီ၊ သာကြည်လဲ့ မှုရှင်း။ ။လ,တန်ဆောင်မှာ - ကြ,ပြောင်ပြောင် - အသရေတင့်ပါဘိ ရွှေမြင်းမိုရ် ဝါထိန်ထိန်နှင့်၊ ခါအချိန် မြောက်လေသွေးတယ် (အိုကွယ်) ဇေးတဲ့ ငွေနှင်း။ ။

## ၁၃။ ဓနုရာသီ နတ်တော်လဘွဲ့-သဖြန်

ငွေနှင်းငယ်တဲ့ မှုန်ဝေဝေ။ ။ပျံ့မွှေး ခိုင်သဇင်နှင့်၊ ဂမုန်းအင် ပန်တော်ဦးကြတယ်၊ ထူးတဲ့လ,ပေ။ ။မိဂသီပုဏ္ဏာလင်းပါလို၊ ရွှေဟသာ်တာရာငွေလို၊ ဖြာဖြာဝေလျှက် စံကွန်မြူး။ ။ပဏ္ဏာတင်၊ ပိန္နဲမဟာအရှင်၏၊ ခါသဘင်ပျော်ရှင်ပွဲမှာလှ၊ ဖေါ်ကွဲသူ မကြည်သာဘို၊ ရထည်လှာခြုံလိုကွေးရတယ်၊ (အိုကွယ်) ဇေးတဲ့ လ,ထူး။

## ၁၃။ မကာရရာသီ ပြာသိုလဘွဲ့-သဖြန်

အာဒိစ္စ ဖလ်သူရိန်။ ။ပြင်လမ်းသူ့ခ ါလို့၊ဒက္ခိဏာယာဉ်အစွန်းမှာ၊ထွန်းတဲ့ခါချိန်။ ။ပြာသိုမှာ-ဖြာစုံနှင်းရယ်နှင့်၊ ခါအလို ခွါညိုသင်းပါဘိ၊ မြင်းခင်းမြတ်၊ တော်သဘင်မှာ၊ ပျော်ရှင်ကြပြည်လုံး။ ။ပုဏ္ဏမာ-ဖုသျှယုန်စန္ဒာနှင့်၊ မှုန်ပြာပြာဝင္ဍာတွင်းမှာလ၊ ငွေပုစွန်-တာရာလင်းတယ် (အိုကွယ်) နှင်းမှုံပိတ်ဖုံး။

## ၁၄။ ကုမ်ရာသီ တပို့တွဲလဘွဲ့-သဖြန်

ပေါက်လဲရယ်တဲ့ပွင့်စီစီ။ ။ဝတ်ပန်းသူရာရေကြောင့်၊ ဆက်ရက်တွေ့သံစုံကျူးတယ်၊ မြူးသည့် ရာသီ။ ။ငွေသော်တာ ကြယ်မာဃငယ်နှင့်၊ ထွန်းလျှံပပြည့်ကာညီ၊ ပြာရီလဲ့မြူခိုး။ ။ယာဂုပွဲကိုတဲ့၊ လှူမြဲအလွန်ရွှင်လို့၊ ခုနစ်စင်တာရာလျှမ်း သည်နှင့်၊ ဆူးပန်းတွေ ဝေဝေပွင့်ကြတယ် (အိုကွယ်) ထူးတင့်မညိုး။ ။

## ၁၅။ မိန်ရာသီ တပေါင်းလဘွဲ့-သဖြန်

တပေါင်းရယ်တဲ့ မိန်ရာသီ။ ။ရွက်ဟောင်းကို လေနှင်လို့၊ ပန်တော်ဝင်ရွှေအင်ကြင်းငယ်၊ သင်းပျံ့ခဲ့ပြီ။ ။နီတျာ-သန္တာနှစ်လိုပ၊ စီအမွှာ ညာသရစ်ကယ်တို့၊ ဝနာသစ် ပြောင်းကာချို၊ ဆောင်းရာသီရယ်တဲ့ ကုန်ကျွမ်း။ ။ဘဂ္ဂုဏီမှာ၊ တူတညီ သော်တာပြည့်ပါလို့၊ မျှော်ကြည့်သူ ကြည်ကြည်သာ၍၊ သည်အခါ ငွေသောင်ဦးမှာလှု၊ သဲစေတီ သဘင်ထူးကို၊ (အိုကွယ်) မြူးလို့ပျော်ခန်း။ ။

မှတ်ချက်။ ။ဤမျှဖြင့် ခွန်းထောက်သဖြန်များကို အဖြမ်းသဘင်တို့၌ အသုံးပြုရန်ထည့်သွင်းဖေါ်ပြလိုက်သည်။ ထိုကဲ့သို့သော ခွန်းထောက်သဖြန်များ များစွာစုဆောင်းရရှိထားသော်လည်း များလွန်းသော် ကျက်မှတ်သူများငြီးငွေ့မည်စိုး၍ ဤမျှသာ ဖေါ်ပြလိုပါသည်၊ နောက်အပိုင်းတွင် သဖြန်ပုလဲပေါက်များကိုကြည့်ကြပါရန်။

# သဖြန်ပုလဲပေါက်များ

**အမှာ။** ။သဖြန် ပုလဲပေါက်ခေါ်ခြင်းသည် စောင်း၌ ပုလဲပေါက်တွင် တချက်စည်းဖြင့် လွှမ်းချင်းများအဆုံးတွင် ဆက်၍ဆိုရပါသည်၊ ဆိုပုံသာ ကွဲတော့သည်၊ တေးသားမှာကား ခွန်းထောက်သဖြန်ကဲ့သို့ပင် စပ်ရပါသည်။

## ၁။ ပင်းမြို့ ဆရာကြော့ရေး-နွေဘွဲ့ သဖြန်ပုလဲပေါက်

ပင်မင်းမူ ခင်း-သန့်သန့်မှာလ၊ အင်ကြင်းဖြူ ဝင်းဖန့်ဖန့်ငယ်နှင့်၊ သင်းပျံ့ပျံ့ကြူခဲ့ပြီ။ ။ဖြူ-အညို့မှာလ၊ ပူဖို့ရန် တသိရှိခြေလို့၊ မိုန်မပြေ ဂိမှေဆန်းပြန်တော့၊ အစိန္တေ-ကပ္ပိနန်းကို၊ မြန်း-ကြွရာသီ။ ။နေပြဘင်ဝေဟင်လွှဲချိန်မို့၊ ဘွေသဉ်မှာဆွေကြင်မဲ့သူတို့၊ သေချင်ဖွဲ့ နွေခါမို့ အို ပြည်ဌာနီနှင့်ကွာဝေး။ ။ရှစ်တိုင်းငယ် လျှံတယ်လေ လျှံတယ်လေ ၂၊ ရှစ်တိုင်းငယ်လျှံ ရစ်ဝိုင်းကာမြူတွေထန်လို့ ဗျာပါလျှံ တောင်တော် က,ထွန်းပြန်တော့၊ လှနန်းဆွေရယ် မြနန်းမြေဆောင်တော်စွန်းဆီက၊ (ခင်ခင်ရယ်)လွှမ်း လွှမ်းပြန်မိသေး။ ။

---

## ၂။ အချုပ်တန်းဆရာဖေဆို - သဖြန်ပုလဲပေါက် ၂-ပုဒ်

(က) မွှေးနံ့သာကြည်ရေ မြငယ်နှင့်၊ လေးကညာ သည်နွေလ မှာလှ၊ ပြည်လေခ,ပြူတင်းပေါ်။ ။လေမွှေ့ရာ ကြာခြည်ထက်မှာလှ၊ ဖေပွေ့ကာ သာမိုလျက်ကယ်-ဗျာ၊ဖုန်း-စက်မပျော်။ ။ချွေးစီစီ စုလေဆင်းတာမို့၊ လေးမဒီ နုဆွေမင်းငယ်တာ၊ ခုလေညှင်း ခတ်လို့ခေါ်၊ အိုစက်တော်ဖြင့်ခေါ်လိုတုန်း။ ။ဆင်မြန်းလို့ ကြည်တယ်လေ ကြည်တယ်လေ ။၂။ ရင်လွှမ်းထည် ခြုံလွှာပါးရယ်နှင့်၊ အနားမှာ အသာယှဉ်လို့၊ ရင်ခွင်မှာ အို တင်တင်ဖေ့ကိုကွယ်၊ မင်း-မင်းပွေ့လှဲအုန်း။ ။

(ခ) နွေရာသီ မိန်,ဓလေ့ပေမို့၊ ဆွေသာကိ မသိမ်မွေ့နိုင်ဘူ၊ ဏ္ဍ္ဍြေ့ရင် မို့နှော်။ ။အပူ ပျှိုးရန်ကော့၊ မြူခိုးရယ် တဝေဝေကြောင့်၊အထွေထွေ ရွှေရင်ထုပါလို့၊ တင်ပုဆွေ မြေမှာလှဲချင်တော့၊ (ခင်ခင်ရယ်) ကွဲရ-နှစ်ဖေါ်။ ။ရွှက်ဟောင်းဝါ စျာန်ယာဉ်ပြောင်းပါလို့၊ရွှက်သစ်ဖြာ ညွာ

လက်မောင်းငယ်နှင့်၊ တပေါင်းလ သည်-အခေါ်၊ ကြည်တော်တဲ့ မူနိုင်ဘူး။ ။သာနုခါရယ် လေလေ ။၂ ။ ကာလုဒ္ဒါ ရွှေဂါထာကြောင့်၊ ဒေသစာ ကပ္ပိနန်းကိုကွယ်-လှမ်း-လှမ်းကြွလို့ ကူး။ ။

---

## ၃။ အချုပ်တန်းဆရာဖေဆို-ဆောင်းဘွဲ့သဖြန့်ပုလဲပေါက် ၃-ပုဒ်

(က) သနင်းဆွဲ ကင်း-ကွေ့ခဲ့သူမို့၊ ပြတင်းလေနှင်းငွေ - သွဲ့လျှင်ဖြင့်၊ သင်းသေဟဲ့ - ဆိုသလို။ ။တကိုယ်တည်းဟာမို့၊ ဖိုမီးလှုံလို့ ကွေးသော်လဲ၊ ဧးလှလို့ ငို။ ။စနေနံ ငွေခြည်ယော်ငယ်နှင့်၊ ရဝေစံ မေခင်ပွေ့ပါလို့၊ ရွှေရင်ငွေ မထွေးလို၊ သွေးကိုဖြင့် မရှိတောင်း။ ။မချင့်လေ တယ်လေ လေတယ်လေ ၂။ သည်-ညဥ့်တာရှည်စေလို့၊ ဗြဟ္မာတွေ ကမ္ဘာသက်စဉ်က၊ ပြက္ခဒိန် သည်လိုရေးခဲ့တယ်၊ (ခင်ခင်ရယ်) ဘေး-ဘေးသင့်တဲ့ ဆောင်း။ ။

(ခ) သဥ္ဇာလီ ဘွဲ့ပြဒ္ဒမှာဖြင့်၊ ခင်သာကီ မေတစုကိုလှ၊ ဖေယခုပိုက်လှဲဆို။ ။ မလုံသေးနိုင်ဘု တုန်ဧးရှာ တင်တမေငွဲ၊ ရင်ရွှေကို လေပြည်ခ,တယ်၊ သဲစိမ့်ကြွဖို့။ ။တသန်းတန် ရထည်ဖို့သော်လဲ၊ ကြင့်နန်းပျံ ကတ္တီမို့မှာတော့၊ မဒီပျို့ နန်းရိပ်ခိုငယ်၊ ချမ်းဟိတ်ပိုပါလို့ ငိုချင်ဆဲ။ ။ငွေနှင်းကယ်ထန်၊ ခြေညှင်းငယ် တည်ညံနှင့်၊ ရေကင်းသံ တဖန်ကြားရင်လ၊ လွမ်းအားတော် ပွေ-ဗျာလှိုင်လို့၊ကေညာခိုင် စုခင်လေးမှာ(ကိုယ်တော်ရေ) နွေး-နွေးစက်နှိုင်ဘဲ။ ။

(ဂ) ခန်းဆောင်ရွှေ ရဝေတွင်းမှာလ၊ ချမ်းပေါင်လေ တဖေတင်းသော်လဲ၊ ဖြေရင်းနှင့် ခိုက်ခိုက်တုန်။ ။မျက်တခတ် ပြက်လျှပ်ကယ် ဗီဇနာမျှ၊ထည်အလှာ အကုန်ထွေးသော်လဲ၊ ကြည်အသာ မလုံသေးပါဘု၊ မှိတ်ပါလျှင်လိပ်ပြာက ဧးတာမို့ကွယ် သွေးလန့်လို့ခုန်။ ။ယမ်းယောင်ကာလေတ,လျက်နှင့်ညည်းမိတော့၊ သန်းခေါင်မှာ မြကြက်သီးတွေက၊ တဖီးဖီးပြန့်လို့အုံ၊ ဩြဘ်-ဗျာဆုံတဲ့ ရာသီဘဲ၊ ငွေနှင်းမှုန်တယ်လေ၊ မှုန်တယ်လေ ၂၊ လေညှင်းငယ်တသုန်သုန်နှင့်၊ ချမ်းပုံမှာ ကမ်းကုန်ရစ်တာမို့၊ မန်းတုန်အောင် လမ်းဆုံမှာဟစ်ချင်တော့၊ သည်ခေတ်မှာ သည်လိုဟာဖြင့်၊ သည်ကိုယ်မှာ သေ သေ လုပါတော့ ကမ္ဘာကို ဗြဟ္မာပြုခဲ့တယ် (အိုကွယ်) ဆောင်း-ဆောင်းရတုပွဲ။

(ဆရာဖေဆို-ဆောင်းဘွဲ့ ၃-ပုဒ်ပြီး၏။)

## ၄။ တောင်တွင်း ဆရာကြော့ဆို-ဆောင်းဘွဲ့ပုလဲပေါက်

ငွေကဒဏ် ဝေယံကြွမှာလ၊ ရေမတန် ဖေစံရတာက၊ ယောမန္တ ခါမို့ကွယ်။ ။လေ-စမြူ့ရယ်က၊ စွေတုံဝေဝေမှုန်လို့၊ ရွှေမေရုံ တောင်မြင့်နန်းဆီက၊ပုလဲရည် သဲဆီဖျန်း-တာမို့၊ ချမ်း-လိုက်လှတယ်။ ။ကေပွင့်ညှာ သူ့မဖက်တာဖြင့်၊ ရေနှင်းသာ အတူစက်သည်သို့၊ ကြူကနက်သဉ်ရိပ်လယ်မှာ၊ အိုဆိတ်ကယ်မျှ မပျော်ဆုံး။ ။လက်ဦးငယ်ယင် ဖက်ဖူးဆင် မေခင်ကြိုက်ကယ်နှင့်၊ ခြုံပိုက်ကာ လာမပွေ့တာဖြင့်၊ တုန်လိုက်ထာ ဘမရာမွေ့မှာ၊ (ခင်ခင်ရယ်) ချမ်းမြေ့ရေကုံး။ ။

## ၅။ မယ်ဘွဲ့-ပုလဲပေါက်

ဆွေသူ့မောင် အပွေမျှားကိုဖြင့်၊မေရှုတောင် နေရံထားတွင်မှ၊ခြွေစကားမှာလိုက်မယ်။ ။ကြံပါတွင်းကိုလှ-နေမင်း မှိန်ညိုညိုလို့၊ ချိန်ပဟိုရ် ဈာန်ယာဉ်ပြောင်းပြန်မတော့၊ခင်ခင့်ထံ မှာရန်ကြောင်းကို၊ နှောင်း-လေရဲ့ကွယ်။ ။နဝရတ်ရည်ပတ်လည်စို့ပါလို့၊ နှစ်ထပ်တည် နတ်ပြည်မြို့ဆီက၊ ကြည်စို့စို့ရွှေလှငယ်၊ မှာမယ်ပါရွှေကိုယ့်။ ။စန်းယုန်ပွင့်ရယ်၊ လမ်းကြုံလျှင် ညာညာမယ်သို၊ ချာချာလယ် မင့်မောင်ဖြင့် ရှူးပေါ့လို့၊တိမ်ဦး ဝေယန်စွန်းဆီက၊တခွန်း သူ့ကိုပြောလိုက်ပ၊ (စန္ဒာရယ်)မော-မောလှပြီမို့။ ။

## ၆။ ချီးမြှောက်-သဖြန်ပုလဲပေါက်

ရွှေ-ပြဒိုးကြာအချပ်ကိုလှ၊ လေအဟုန် လာ၍ ခတ်စဉ်က၊ ကညာနတ်ထွက်ခဲ့တယ်။ ။သန္ဓေဖွား-မို့ထင့်၊ ရွှေသားကို ပန်းချီပြင်၍၊ သည်ခင်လိုစုတ်တံနှင့် ရေးသော်လဲ၊ ဆေး-ရနိုင်ဖွယ်။ ။စခန်းနော် လိုရာကွန့်နိုင်တဲ့၊ မန်းပေါ်မှာ ကိုကြာညွန့်သော်မှ၊ရှုံပါလို့ သူ့နိကယ်လို၊ ဩဇာရှိတယ်လို့မထင်ဘူး။ ။တပါးဟန် သိကြားရယ် မကြာဖန်တော့၊ ကွာရန်မှာ တူဘို့ဝေး-ပါလိမ့်၊ တို့ကမေ ခင်ခင်လေးမှာ (အလှရယ်) ရှေး-ရှေးကုသိုလ်ထူး။ ။

## ၇။ မြင်းခြံမြို့ဆရာခိုင်ရေး ၁၂ - ရာသီအမျှော်စိုက် သဖြန်ပုလဲပေါက်

တန်ဆောင်မုန်းဆီက - မောင်ဖုန်းကိုတဲ့ မျှော်မိတယ်။ ။နတ်တော်ကျပြန်တော့၊ မျှော်ရသူ မလာလိုလို့၊လ,ပြာသို တပို့တွဲငယ်နှင့်၊ ရှောင်လွှဲကာ မိန်တပေါင်းကို ပြောင်းပေါ့ သက်ကယ်။ ။တန်ခူးကုန် ကဆုန်ကျပြန်တော့၊တဦးလုံး မကြုံရတာမို့၊ နယုန်လဆီက သက်ဝေရယ်၊ မျက်ရေလယ်ပါလို့ ဝါဆိုကြူး။ ။

လ,ဝါခေါင်မှာ၊ ကြူလာပေါင် တော်သလင်းရယ်နှင့်၊ မျှော်ရင်း-ခွေကာပ၊ ဟိုရွှေဘါ ကျွတ်သတင်းမှာတော့၊ လွှတ်ကင်းကာ ဗလာပယ်လို့၊ မဟာနွယ် သခင်ရှဲ ကောင်းပါပေ့၊ ကညာမယ် ယဉ်နွဲ့နှောင်းမှာရှင်၊ (အမယ်မင်း)ပေါင်း,ဆယ့်နှစ်လ၊ အတွဲမကျနိုင်ဘု၊ အရွှဲအခမ့်ကြုံတယ်လို့၊ နှစ်မဖြင့် စိတ်မှာကူး။ ။

## ဂ။ မြင်းခြံမြို့ဆရာခိုင်ရေး - ၁၂-ရာသီ တန်ခူးကစသော သဖြန်ပုလဲပေါက်

လ,တန်ခူးမှာတော့၊ စဦးပ,လာမဲ့ထင်။ ။ကဆုန်လ - ဆုံကြရန် အပုံကွာတဲ့ပြင်၊ နယုန်မှာ မလာလိုလို့၊ ဝါဆိုမှာ ဗျာပိုလျက် ဆွေးရတယ်၊ လေးမယ့်သခင်။ ။လဝါခေါင် တော်သလင်းမှာတော့၊ ကြူလာပေါင် မျှော်တော်တင်းရဲ၊ သီတင်းကျွတ် ယွင်းချွတ်အင်၊ ကင်းလွှတ်စင်ပါပေ့၊ တန်ဆောင်မုန်း။ ။အို လနတ်တော်မှာ လေလေလေ၊ မြသော်မော် တခါဒိုမိတော့၊ ခါပြာသို တပို့တွဲငယ်နှင့်၊ချျုံလွဲတာ မိန်တပေါင်းဟာမို့၊ကိုယ့်-ဆွဲဒါ စိန်တကောင်းရယ်နှင့်၊ ဆောင်သွေမှာ ညောင်ရေလောင်းပေမယ့်၊(အမယ်မင်း)ပေါင်း,ဆယ့်နှစ်လ ဆုံးချေပေါ့၊ အကြောင်းမတဲ့ကြ စောင်းတဲ့ဘဝမို့ထင့်၊ ( သခင်ရယ် ) ပေါင်းလွဲ့ ကျနိုင်မထင်ပါဘူး၊ နှစ်မရဲ့ မောင်တဖုန်း။ ။

## ဃ။ မြင်းခြံမြို့ဆရာခိုင်ရေး ခုနစ်နေ့ သဖြန်ပုလဲပေါက်

ဟိုနေ့ သည်နေ့နှင့်၊ ကိုယ်ရွှေ့လို ရက်တွေကုန်။ ။အခါ ယွင်းပါဘိ၊ တနင်္ဂနွေမတော့၊ သနင်းဆွေ သိသိဆိုင်းပါအုန်း၊ ရက်ပိုင်းကို သူခူါလို့၊ တနင်းလာ၊ အင်္ဂါ ကူးတဲ့ပြင်၊ ကိန်းဆိုက်ကာ မဟုတ်ဘူးရယ်နှင့်၊စိမ်းလိုက်တာ ဗုဒ္ဓဟူးမှာကွယ် ထူးလို့သူမုန်း။ ။နေ့ဆရာ ကြာသပတေးမှာတော့၊ မေ့စရာ မသာ သေးပေါင်တဲ့၊ ခါပေးနေ့ရောက်လာကြုံ၊ သောကြာကုန်ပါလို့ စနေဝေး။ ။အို ရှက်စဖွယ်ပါ ဆိုလေလေ၊ ကြက်သငယ် ကြက်မယ်ကြီးတို့လို၊ ပျက်ပြယ်ပြယ်ရက်လယ်လို့ ပြီးစေပေါ့၊ ခက်စဖွယ် ဘယ့်နှယ်နှင့်နီးရပါ့၊ တထီးတညွှာက်ကယ်သို့ အမောက်အမာ သွေးရယ်နှင့်၊ တသီးတခပါက် မထောက် မစာ ရေးတွေကြောင့်(နှစ်မရေ)အမယ်မင်း ခရီးရောက်နိုင်ပါ့မလားသလောက် အခါရွေး။ ။

မှတ်ချက်။ ၎င်းသီချင်းသည် ယောကျ်ားကလေးက တောင်းရမ်းဖို့ အလျင်လိုလျက် မိန်းမကလေးက ရက်ရွှေ့နေ၍ ရေးပေးဟန်တူ၏။ ။

### ၁၀။ ဆရာကြီး ဦးပြုံးချိုရေး-အပျိုကြီးများအရွယ်ဟိုင်းသော် စိတ်တိုင်းကျယောကျ်ားကို မရနိုင်ကြောင်း သဖြန်ပုလဲပေါက်

နှစ်ဆယ်ကျော် အစိတ်ပိုင်းမှာလ၊ အရွယ်တော် တဆိတ်ဟိုင်းပြီမို့၊ စိတ်တိုင်းကျ တွေ့မထင်။ ။မတန်မှရွေးလှချည့်ရဲ၊ ကံပေးလျှင် လိုရာရောက်လိမ့်မပေါ့၊ဘောက်စရာ မာန်ကိုယုံလို့ ကြောင်းမဆုံ နှောင်းပုံ အလုပ်ကယ်နှင့်၊ ခေါင်းသုန်လျှင် ရောင်းကုန်ပုပ်မှုဖြင့်၊(ခင်ရယ်)ကောင်း-ကောင်းမဟုတ်ချင်။ ။ရမလို လိုတာမရတာနဲ့၊ မ, အပျို ကိုယ်မှာ - သ – တော့မဟဲ့လို့၊ အိုခါမှ တန်းဆာဆင်၊ ဩော် – ဇရာအသွင်ဟာမို့ မြင်သူမုန်း။ ဈေးမတွဲခင် ကြေးနဲ့ တာမမြော်မြင်နဲ့တော့၊ ခေါင်ငင်ကာ တွင်အောင်ရောင်းပါမှ၊ ကုန်ကောင်းစဉ် မြန်မနှင်လို့၊ အမှန်ပင် ရက်ကြာလို့ နှေးတော့ကမှ၊ လျှော့ဈေး လေလံဆိုင်ဦး၊ ဈေးမကိုင် အနိုင်ထုတ်ရတော့၊ ရေးမသာ ဆွေးကာစုတ်တယ်၊ (အိုကွယ်)ကြေးယုတ်လို့ရှုံး။ ။

---

### ၁၁။ ဆရာကြီး ဦးပြုံးချိုရေး-ဥစ္စာရှိသူတို့ကို မ,နိုး စ,နိုးပေါင်း၍ ရှုံးခြင်းအကြောင်း - လေးဆစ် ပုလဲပေါက်

ငွေသပြာ ခန့်ဒွေးလျှင်၊ စေတနာ မတန်ပြေးပါလို့၊ ဆလံပေး ကြိုကြတယ်။ ။ဘုရားလို့ ထူးစေတော့၊ ငါးမူးတန် အပိုင်ဆင်တော့လို့၊ မဆိုင်လျှင် လာကာမပေးပါဘု၊ အနိုင်ပင် အာဏာတော့ ပေး - ပါလိမ့်မယ်ကွယ်၊ ရေးမလှဖွယ်။ ။မှိုင်း မ, ဟန် ပိုမောက်၍ ချုန်းတာနှင့်၊ ခိုင်းသမျှမကျန် လိုသလောက် ရှိန်းစေတော့၊ ကိုကျောက်လုံး အနှိပ်သယ်လို၊ အို-စိတ် ကြွယ်အောင်ပ ဒိုင်ပြုအလား။ ။မှိုင်း မ, မလို၊ ခိုင်းရအောင် မြူကာချိုလို့၊ သူလိုရာ မလိုက်သေးလျှင်ဖြင့်၊ အပြစ်ရှာ နှစ်နာဘို့ အရေးပါဘဲ၊ အဖျင်းဉာဏ်မင်းဒဏ်ဖြင့်ပေးပါလိမ့်၊ ရေးမရောက်ပြောပါဘု၊ ချေးငှါးနိုးနိုး၊ သဌေးအားကိုးသူတို့ ( အိုဗျာ ) ဘေးများ ကျိုးရ မလောက်၊ ကျွန်ခံရတာတွေ အလကား။ ။

(သဖြန်ပုလဲပေါက်များပြီး၏။)

# တေးထပ်များ

ပုလဲသံမှန်၌ ဆိုရန်ဖြစ်သော သီချင်းအမျိုးမျိုးတို့ကိုပြပြီး၍ ယခုအခါ ငါးပေါက် မြင်စိုင်းဟူသောအပေါက်တွင် သီဆိုအပ်သော တေးထပ် ရှစ်ဆယ်ပေါ်စသော တေးအမျိုးမျိုးတို့ကို ပြပါဦးအံ့။

### ၁။ မဏာမတေးထပ်

စတုဝိ ကုံးဆင့်လို့၊ သုံးအပွင့် ပန်းခိုင်၊ ဖုန်းအမြင့် မှန်းမပိုင်သည်၊ လျှမ်းကြိုင်ကြိုင်ပျံ့သင်း။ ဗြဟ္မာနတ် လူသုံးထွေငယ်၊ ယူကျုံးပေ ဦးထိပ်၌လင်း၊ သဝေလွတ် ကိုးဂါထာပါ၊ မျိုးရတနာမှတ်သွင်း၊ တန်းခိုးဖြာ အမြတ်ရင်းပေမို့၊ မပြတ်လျှင်းပန်ဆင်၊ ကြက်သရေ တက်နေတင့်၊ ထက်ဘေ့မြင့် လွှမ်းခြုံ၍ပင်။ ။ လိုဆန္ဒစုံလင်သည်၊ ပုံအသွင် သော်တာစန်းကဲ့သို့၊ မြော်ကာမှန်း တမ်းတ ချစ်ခင်၊ လွမ်းကြ ရှစ်ခွင်၊နန်းအမတ လှစ်ထွင်သည်၊ ခေတ်အပြင် ထွက်လမ်းပလေး။

**မှတ်ချက်။** ။ဋင်းတေးထပ်ကို နေရှင်နယ်ကျောင်း မြန်မာဆရာ - ပထမကျော်မောင်ထွန်းရေးသည်။ ။

---

### ၂။ စေဥ့်ကူး မိဖုရားကြီးဆို - တေးထပ်

မိန့်ခွန်းတော်သံရိပ်ကို၊ ဦးထိပ်ကယ် ရွက်ဆင်၊ ရွှေရာဇ ပလ္လင်ဝယ်၊ ဥကင်တော်ဖွင့်၍။ မတ်ပေါင်းငယ် ရံကာသည်၊ ရှိကြာစုံ ဖူးရောက်သည့်နေ့။ ။ရက်မြတ်တဲ့ ချိန်ခါဝယ်၊ သစ္စာတော် ချစ်ငွေ၊ ကမ္ဘာပင် ကြေမြေ့တော့၊ မေ့ဘူးပမယ်ဝယ်။ ရွှေခွန်းတော်ပျံ့ရှား၊ ဖန်ဖန်များ မိန့်ခဲ့ပေတယ်။ ။သောင်းရပ်လုံး ဇမ္ဗူလယ်မှာ၊ နိုင်းဆွယ်ရန်ရှားပါလို့၊ လရထားစကြာရှင်။ လှည့်လည်သောသွင်၊ဘယ်သူမျှား ကေရှင်မှာ၊ ဆင်တော်မူ လေလဲသီလေး။ ။

---

### ၃။ အချုပ်တန်းဆရာဖေရေး–တေးထပ်

နန်းသပြေ ပင်ညွန့်နှင့်၊ စမ်းရေကွန့် ရိပ်ပျံ့၊ ပန်းဟေဝန် ဗိမာန်မှာ၊ အဓိဋ္ဌာန်ဆင်မြန်း။ ပင်လုံးကျွတ် ပွင့်ဝေဖြာတယ်၊ ကေစာ သုံးတဲ့သခ်မ်း။ ။မြက်နွယ်ညွန့် တည်ရာမှာ၊ လည်လကျော ခွေမြန်း၊ စည်မျက်နှာ မြေကြင့်နန်းပေမို့၊ ခြွေ

မြန်းလို့စိတ်သာ။ တင်စလှယ် ဆင်ခြယ်သ၊ အငွှက် သုံးဆောက်တည်ကာ။ တကိုယ်မေ့ဆိတ်ငြိမ်ရာဝယ်၊ နိဗ္ဗိန္ဒာကြည်ဇောနှင့်၊ သည်တောမှိုင့်ဝေဘူ၊ ပန်းစုံကြူ။ ကမ္ဘဋ္ဌာန်းရအုတ်ဂူမှာ၊ ရုက္ခမူ ပျော်ဆုံးပလေး။ ။

## ၄။ တောဘွဲ့ - တေးထပ်

ကျောက်စိမ်းတောင် အတွင်း၊ ပယင်းတွန့် လိုဏ်ဂူ၊ ခပင်းညွန့် ကြိုင်ကြူသည်၊ ခိုင်မဉ္ဇူသော်က။ ပန်းဂေါမုတ် ငွေကွင်းလွှင်မှာ၊ ရွှေအင်းပျဉ် ခင်းလို့သာလှ။ ။စိန်ကွပ်ပျစ်ပြဒါးယံ၊ နုကမံဖလိမြ၊ ကုသလံချွန်သလို့၊ ယုဇန ရိပ်ဌာန်၊ လေးတရာ ကန်အလုံးငယ်က ပျံ့ပိတုန်း - ခြွေရက်ရည်မှုန်။ ။မြတ်လေးဆီ ထွေထွေသွန်တယ်၊ ရေတံခွန်စိမ့်စမ်းနှင့်၊ နုကမ်းမြင့် ကမ်းပါးယံဘောင်၊ချမ်းမြေ့တဲ့ချောင်၊မဒ္ဒီနတ် သမ္ဘူယောင်လိုဟန်တူအောင်လှမ်းချင့်ပေါ့လေး။ ။

## ၅။ သံဝေဂ - တေးထပ်

သဥ္ဇာလီမွေ့အုံး၊ ရွှေနှစ်လုံးထိတ်တယ်၊ ပွေ့တုန်းကို စိတ်ငယ်သည်၊ မအိပ်တယ်ခုမျှား။ တမြေ့မြေ့ငွေ့ငွေ့လှူကို၊ ပွေ့ပွေ့သူ စောမိတရား။ ။ပင်ဒေါနဟောမာဆီမှာ၊ ဒေဝါရီပျော်ပါး၊ မေခါဝီ ဖေါ်များနှင့်၊ အိုတရားကျင့်ရာ။ကတိုးဂူ မြေပယင်းငယ်က၊ ရွှေနှင်းဆီ ချောင်းသွယ်လို့ဖြာ။ ။အိုင်နေ့တတ်-ဆီနံ့သာမှာ၊ ဇီဇဝါ ကြာပွင့်လို့ ညှာတဆင့် မြတ်လေးဖူး၊ သင်းကြိုင်နံ့ကြူ။ မဂ်လမ်းတိုင် မညှိုးပူအောင်၊ ကတိုးဂူ အောင်းချင်ပေါ့လေး။ ။

## ၆။ လယ်တီဆရာတော်ရေး-နိဗ္ဗန္ဒ - တေးထပ် ၂-ပုဒ်

(က) ငါးအာရုံဘင်စု၊ ခင်မှုနှင့် နေ့ကုန်၊ နှင်ယာခု မေ့ပုံမှာ၊ တွေ့ကြုံရမခန်း။ ပါယ်လေး၀ သောကဘုံမှာ၊မျောရရုံ ရှိတော့ကခန်း။ ။အစီစီသောင်းငူဝယ်၊ခေါင်းမပြူစတမ်း၊ နှစ်အရှည်နှစ်မည်လမ်း၊နှင်မြှော်စမ်းနှင့်ကိုယ်၊ ဒေသနာ ထင်အလင်း၊ နှင်အပျင်း ပိုထက် သာ ပို။ ။သို့ကလောက် စရိုက်အိုကို၊ မကြိုက်လို ရှောင်ပစ်လို၊ နောင်အသစ်တကယ်ပြင်၊ကောင်းလိမ့်အစဉ်။ ခွင့်သာတုန်းကိုမှ မရုန်းချင်လျှင်၊ အရှုံး နှင့်ပြင် ရှိသေးရှာလိမ့်လား၊ ခွင့်သာဆဲကိုမှ မခဲချင်လျှင်၊ အလွဲ နှင့်ပြင် ရှိသေးရှာလိမ့်

လား။ ။ခွင့်သာခိုက်ကိုမှ၊ မလိုက်ချင်လျှင်၊ အမိုက်နှင့်ပြင် ရှိသေးရှာလိမ့်လား။ ။

( ခ ) အဝိဇ္ဇာပိတ်ကာဆို့၊ မိစ္ဆာမြူပြင်ပြင်၊ ဣဋ္ဌာလို့ ခင်မင်လျှင်၊ လွင့်စဉ်မည်မလဲ၊ အရိုးစု အပုပ်ကောင်ကို၊အဟုတ်ယောင် မျှားထင်ကြနဲ။ အရွတ်စုချုပ်တစ္ဆေကို၊ အဟုတ်လေကိုယ်ထဲ၊ အပုပ်ရေစိုရွှဲလို့၊ ယိုမစဲသူငါ၊သွေးသည်းခြေ ပြည်သလိပ်၊ တည်မဆိတ် လှမ်းပြန်တော့သာ။ သို့ကလောက်ရွံစရာကို၊ ညှန်တကျာမက်စွဲလို့၊ စက်ဝဲမှာ အထွေထွေ၊ မွန်းနှစ်ကြလေ။ တကျာပူးတဲ့ အရူးတွေမှာ၊ အမူးမပြေ ပင်ပန်းရှာကြလေး။ ။တကျာကြိုက်တဲ့ အမိုက်တွေမှာ၊ အဟိုက်မပြေ ပင်ပန်းရှာကြလေး။ ။

---

## ၁၄။ ဆရာဦးပြုံးချိုရေး-နိဗ္ဗိန္ဒတေးထပ်

ပင်ကံ့ကော် အသျှင်ပွင့်လျှင်လ၊ အဆင်သင့် ပါရန်၊ အမြင်ချင့် စာ ဓမ္မကွန်ကို၊ သဒ္ဓါဉာဏ်ရင့်ကြောင်း။ ပိုမလျော့ ဆ,ကာယူတယ်၊ ယထာဘူနှိုင်းတတ်မှကောင်း။ ။မဇ္ဈိမပဋိပဒါကို၊ သိပါစေ အပေါင်း၊ အရိယာ ငွေမောင်းဖြင့်၊ ဖွေလောင်းလို့နှိုးဆော်၊ ဗုဒ္ဓုပ္ပါ နဝမံခေတ်ကိုတဲ့၊ မှန်အစစ် ခုကြုံရနော်။ ။ပူကန်ကြကုသိုလ်တော်ကို၊ ခုလိုနော် အရကောင်းခိုက်မို့၊ အမတကြောင်း လမ်းသာသာ၊ လှမ်းမခက်ပါ။ မြန်းတက်ဖို့ ရှာမှီပါလျှင်၊ ဒါ- သီ- ဘာ ပြုရဲကြလေး။ ။

---

## ၁၅။ မန္တလေး ဆရာစွန်ရေး-မိုးဘွဲ့တေးထပ်

ဆင်လိုက်ပုံမလင်းဘိ၊ အစဉ်းသိခက်စေ၊ ကမျဉ်းနီ့မျက်ရေလို၊ ရက်ရွေရွေရွာနဲ၊ မိုးမာသ အကျင့်တန်သည်၊ ခွင့်မမှန် အပ်ဖျားလောက်ဘဲ။ ။စိတ်ရှုပ်ဖွယ် ဒုတ္တိက်ကြုံအောင်၊ အုပ်ပိတ်ခြုံထူမဲ၊ ဖုတ်သိပ်ရှုံ သူသဲလို့၊ မြူခဲလောက်ကျလာ၊အဇဋ္ဌာ ဘွေပြင်အန္ဓတွင်ဖြင့်၊မင်ဖြန့်လို့ကြဲလေသည့်တာ။ မမြင်ဝံ့ ဘဲစွာ အောင်ါန္ဒရွာမယ် ဟန်ကြီးနှင့်၊ဖန်တီး၍ ပူသသူ ကောင်းကင်ကမြူ၊ ကြောင်း အင်က တမျိုးထူတယ်၊ မိုးအမူ လွန်လွန်းလှလေး။ ။

---

## ၁၆။ တောင်နန်းမတော်ရေး-မိုးဘွဲ့တေးထပ်

မစုံသူငိုဟဲ့လို့၊ ပြိုတ,မယ့်ယောင်ယောင်၊ညိုလွဲ့လွဲ့ ပြာမှောင်သည်၊ ဝဋ္ဋာဘောင်တင့်ရဲ၊ ဆင်သိုင်းလို့ မင်ဝိုင်းအုံတယ်၊ သင်တိုင်းခြုံ ပိန်းပိတ်လို့မဲ။ ။ ဆိုးမဟော့ ပြိုးရှာလေသည်၊ မိုးတာတော တင့်ရဲ၊ တိုးရွာစေ ရင့်နွဲ့လို့၊ ပွင့်မစဲ

လျှပ်ရောင်၊ မစုံသူ အနေချုံးအောင်ပ၊ ရဝေလုံး မိုးဝိုက်ကာနှောင်။ ။လွှမ်းစိတ်နှင့် ခန်းရိပ်မှောင်သည်၊ လမ်းပိတ်အောင် စွေချုန်းလို့၊ မေမုန်းပေါ့ဘွဲ့ဘုံပေါ်၊ ဧးလှလို့နော်၊ မစုံသူ့အကျိုးကို မျှော်လျှင် မိုးသရော်- တန်အုန်းကွဲ့လေး။ ။

## ၁၇။ မြဝတီမင်းကြီးက သားများ မယားယူမည်ရှိရာ သတိပေးရေးသားသော-တေးထပ်

တက္ကသိုလ် ဆရာထူးက၊ မှာဘူးသည့် မိန့်ရည်၊ အိမ်ထောင်ဖက် ဘုရားတည်သည်၊ ဆေးမင်ရည် စုတ်ထိုး၊ သည်သုံးခု ချက်မပိုင်လျှင်၊ နောင်ပြင်နိုင်ခဲလှသည့်အမျိုး။ ။ဧးစေဘို့တရားနာ၊ ပူဆာဆာ အကျိုး၊ ဆင်ခြင်လေ ဉာဏ်မကိုးနှင့်၊ ငါးရိုးမျက် လက်တို၊ မတော်လျှင် အကော် ခက်နိုင်မျှ၊ အိမ်ထောင်ဖက် လေးတဲ့ဝန်ကို။ ။သကာပျား နှုတ်ချိုသည်၊ အဟုတ်လိုထင်စားမိ၊ ယင်နားငြိ ပင့်ကူအုံ၊ ကွင်း ထောင်ချောက်ပုံ၊ ဂူတွိယ ကလိမ်ချုံကို၊ နောင်ကုန်ကုန် ကြောက်ပါကြ လေး။ ။

## ၁၈။ တောင်သမန်လယ်စားဆို-သစ္စာထားတေးထပ်

သံသရာ ဆုံးအောင်စောင့်နိုင်ရဲ၊ ဖုန်းမောင်မောင့် သက်ကို၊ ပြုံးပြောင်ပြောင့် မျက်နှာချိုရယ်၊ပျက်မပြို စတမ်း၊ ရွှေသစ္စာ့ နှုတ်ဂဟောကို၊ သမုဒ်ရေ ခန်းတော့မဆန်း။ ။ခင်ခင်က ဖြောင့်စွဲယူလျှင်၊ နောင့်နဲ့တူ တငြမ်း၊ ဖေါက်လွှဲကူမဆန်းဘု၊ မန်းဆိုတဲ့ တောင်လို၊ဆယ်လုံးပြိုင် သည်ကိုယ်ကြိတ်စေတော့၊ ကြည်ညိုစိတ် ယွင်းချွဲမယို၊ မင်းမမေ့ရက်ဘူးဆိုလျှင်၊ အသက်ကို ပုံစွန့်လို့၊ ယုံ့ဝံ့လျှင် ယုံနော်ယုံပါ၊ဖုန်းမောင်မောင့်သစ္စာ၊ မုန်းဆိုတဲ့ တဆံညှာကို၊ မကြံရှာ ရက်ဖူးကွဲ့လေး။ ။

## ၁၉။ အချုပ်တန်းဆရာဖေရေး-ရာဇဝင်တေးထပ်

ရတနာ ပူရ၊ ဆင်ဖြူမျာ့း သခင်၊ တဒင် သမင်ကို၊ မဆင်ခြင် လိုက်မွှား၊ မန်းဂီရိ တောင်စဉ်ဆွယ်သည်၊ အောင်ပင်လယ် တောဌ်ပျော်ပါး၊ လှကျောရစ် ခရွေငွေရယ်၊ သမုဆွေပါသွား၊ နုပီယေစကားနှင့်၊ လှည့်ဖြားတဲ့ဇော်ဂီ၊ လက်ဖျောက်သံ နှစ်ထပ်တီးရုံနှင့်၊ နတ်သမီး ပုံကျရသည်၊ သံဝါသ စပ်မှီတယ်၊ ရသာတီ သွေ့ကြလို့၊ သေရအောင်ဆင်ဖြူရှင်၊ ရှုးလေသည့် အင်၊ သည်ကဲ့သို့ ဖြစ်ထုံးတင်မယ်၊ ချစ်တုန်းတွင် ခွဲပါနှင့်လေး။ ။

## ၂၀။ သံဝဠကပ်ဦးတွင် နေခုနစ်စင်းထွက်ပုံ-တေးထပ်

ကမ္ဘာလောင် နေမင်း၊ နှစ်စင်းတဲ့ ပြိုင်ထွက်ချီ၊ ငါးရာမြစ် ကုန်နဒီငယ်၊ ခန်းလေပြီ အစ၊ နေသုံးစင်း ထွက်အပေါ်မှာ၊ မဟာခေါ် မြစ်ကြီးတို့ပ၊ ။ စတုတ္ထ နေအလာမှာ၊ ခုနစ်ဖြာ အိုင်မ၊ နေငါးဆိုင် ပြိုင်ပတော့၊ သမုဒ္ဒ သီတာ၊ နေခြောက်ဆိုင် ပြိုင်ငြိတော့၊ ခိုးအတိ တိုက် လောကဓာ၊ ။သတ္တမ နေအလာမှာ၊ ဒီပဇာ လျှံညီလို့၊ သိန်းကောဋိ စကြဝါ၊ ပြောင်းသွက်သွက်ခါ၊ နိယာမ မြဲမကွာသည်၊ ဓမ္မတာ သဘောမို့လေး။ ။

## ၂၁။ ဦးပုညရေး - အသားနက်တေးထပ်

ထိတ်စရာ ရိပ်ကြာစုတ်၊ ပြိတ္တာရုပ် သဖွယ်၊ မဲချက်က ကဲတက်ကျယ် တယ်၊ ကျဲနက်နှယ် အလား၊ ဂျီးသဒ္ဒေး မီးသွေးငိုတယ်၊ ကျီးမွေးကို ရှုံးတဲ့မ ထား၊ ညစ်ကြေးလို့ ပြစ်သွေးမှောင်တယ်၊ သစ်စေးရောင် မခြား၊ အနက်တွင် မက်လင်သားလိုပ၊ မျက်မြင်အားမတန်၊ အမူမှာ ငါးခူယှဉ့်တယ်၊ လဒ္ဒူမှုံ့ရှုံးတဲ့ သဏ္ဍာန်၊ သပိတ်နှင့် ချေါပ်ဆန်လို၊ မနိတ်ဟန် ဆင်ကဲ့လို့၊ မင်ခဲနှင့် ပုလင်းဖင်လို၊ မည်းမှောင်လို့ညို၊ မီးလောင်တဲ့ တုံးငုတ်တိုမှာ၊ပုံးစုတ်အို စွပ်ထားသို့လေး။ ။

## ၂၂။ အလွန်ညစ်ပတ်သော မိန်းမတဦးကို ရေးသားသောတေးထပ်

အသားတော် အရောင် ထွက်လိုက်ထာက၊ မှောင်နက်လို့ မဲညို၊ ထောင် ထွက်နှင့် မကွဲလိုတယ်၊သားရဲကိုယ် ဇာတိ၊ခံတွင်းက သာထုတ်ဖေါ်လျှင်၊အာပုပ် စော် ထိုးလိုက်ပါဘိ၊ သူ့ပါးစပ် အပြီးပေတယ်၊ သချိုးတွေ အပြည့်၊ အနီးလေ လွန်မကြည့်ချင်ဘူ၊ ရှုံစလိ ကြောက်ဖွယ်၊ ဘုတ်တစ္ဆေ ရုပ်ရေကျအောင်၊ ဖြုပ် တွေက ပေါ်လိုက်လှတယ်၊ ကိုယ်နံ့က ခွေးသငယ်လို မွေးပေတယ်၊ မသတီပျို့ အောင်ပ၊ ညှီစို့စို့ လင်းတ,စော်၊ နည်းတူရှဲနေ၊ ဂျီးထူချက် ရှစ်ထပ် ကျော် အောင်၊ ညစ်ပတ်တော် မူလွန်းလှလေး။ ။

## ၂၃။ စိတ်ညစ်ပုံတေးထပ်

ကုသိုလ်ကံ ပေးသမျှနှင့်၊ဧးကြမ္မတော်မယ်၊ဘေးဘယ ပေါ်လွယ်အောင် မလော်လယ် ချင်ဘူး၊သက်တမ်းစေ့ မနေ့ာကြည်အောင်၊သဘော်ာထည်ဝတ်မယ့် စိတ်ကူး။ ။ပွဲတော်ချက် ဝက်သနီကို၊ မမက်ပြီ ကဘူး၊ ကြက်အညှီဆီမလူး၊

ဗူးဆိုတဲ့ ဟင်းချို၊ တပြားတန် ကြွယ်ထမင်းငယ်နှင့်၊ သည်လယ်ပင်း မိုတ်လို့သာ မျို။ ။ရည်ရွယ်ရင်း စိတ်နက်ိုမှာ၊ ဟိတ် မလိုချင်လှလို့၊ မရှင်ပျ မျက်နှာတော်၊ ကြွားလို့မမော်၊ ခုများဖြင့် မြူမပျော်တယ်၊ လူခေါ်တောင် အ,ချင်ငွဲ့လေး။

---

## ၂၄။ တေးထပ်

ကံကုသိုလ် ခေတုန်းမို့၊ ပွေအုန်းတော့မအော၊ ရှုံးဖက်ကမောင်နေမယ်၊ နေ့ာင်ရေရှေ့ သိတမ်း၊ ခုများဖြင့် တုံ့မပြန်တယ်၊ ခန္တီကို ဖြည့်မယ့်အခန်း။ ။ ရိပ်ပါရဲ့ နိမိတ်သံရယ်၊ ဟိတ်မမှန် ကွက်ဆန်း၊ အကျိတ်ဥာဏ် လက်တန်းနှင့်၊ အဟန်းလို့ချောင်းသံ၊ ခေါင်းညိတ်ကာလက်ငြိုးနှင့်၊ စကားတိုး နပ်ချင်တဲ့ဟန်၊ ကာလက ပြောင်းပြန်ပါ၊ ကြောင်းမတန် မခံချိအောင်လို့၊ သသေနိ မသူတော်၊ ညြ ချပေါ့နော်၊ လှေ့ာကစာတ် မဖုန်းမော်ငယ်၊ ကတုံးပေါ် ထိပ်ကွက်ချင်လှလေး။ ။

---

## ၂၅။ ဆင်းရဲလို့ သံဝေဂဖြစ်ပုံ တေးထပ်

နန်းတော်သူစကား၊ မကြားတို့ ချင်ပြန်၊ ဘုရားလို့ တင်သံကို၊ အင်မတန် ရှိလှ၊ အရပ်သူ ခေါ်တာခံမယ်၊ မော်ဗျာဆံ သိမ်းပေါ့ကျွန်မ။ ။ချည်ကုံးစပ် တနဲ ယဉ်တယ်၊ တပွဲဆင်သာပ၊ ပွဲတော်တင် အဟာရ ပသာဒမခံ၊ ချိုးကြက်ပေါင် ကြည်ရှောင်ကွင်း၊ ချဉ်ပေါင်ဟင်း မြက်ရှာ တော့ ပြန်။ ။ယာဉ်ဆောင်တွင်း ထက်ဝယ်မစံပေါင်၊ ကြက်လယ်ဆံ အဖိချယ်နှင့်၊ အတည်ပ တောသူ့လုံမယ်၊ ဟော-ခုပုံနှယ်၊ တိုက်ကြီးနှင့် သိမ်မဆယ်ပေါင်၊ အိမ်ငယ်ငယ် ကလေးနှင့်လေး။ ။

---

## ၂၆။ ရွှေနားခံတော် ဝေါမူးဆို-မိုးဘွဲ့တေးထပ်

ရွှေစိတ်တော် တင်စိုးနှောင့်စေတော့၊ ပြင်မိုးဘောင့်ဆီမှာ၊ မင်ခိုးရောင့်နီလာလို၊ ရီပြာပြာ ဆင်စို့၊ သိဟ်ဟိတ်ပြ ချိန်ပိတ်မြုံသည်၊ စိန်ဝိဇ္ဇုံ ပြိုးပြက်စည်ပျို့။ ယုတ်ခနဲ ယှက်ချဉ်းမှောင်သည်၊ ဆက်လျှဉ်းအောင် ညိုလို့၊ မျက်စဉ်းတောင် ခို-က ညို့သာပ၊ ပြိုမသို့ ထပ်တူ၊ ဝေဟင်မှာ လှေ့နှင်ဝိုင့်ပါလို့၊ ထေ့ချင်တိုင်း ရေးရိပ်မှူယူ၊ ရှိတဲ့လို့ အုံ့ဖွဲ့ကူလျှင်၊ ကြုံ့နွဲ့သူ တံ့တည်တို့နိုင်ဘု၊ ဟန့်သည်သို့ မိုးတိမ့်အဇဋ္ဌာလှယ်၊ ဂျိုးဂျိမ့် ညာဗယ်၊ သွန်သွန်းပုံ့ ညွန့်ညွန်းရွယ်သလို၊ လွန်လွန်းတယ် ပါဖျားဖျလေး။ ။

## ၂၇။ ရှင်းဆိုဇီဝဇိုဝ်းဘွဲ့-တေးထပ်

သာပြေပြေ ညာကြေနှံ၊ ကာခွေခြံ့ဝန်းရံ၊ တျာတျောဒရံ့မွမ်းမံသည်၊ လွမ်းသံတွေ ဆူလို့၊ ပလီနွဲ့ တီတွဲ့ ပိုသည်၊ သီဖွဲ့ဆို ကျူးကြသည်သို့။ ဘာယောင်ယောင့်ဝေ့လယ်လယ်ငယ်၊ ကွေ့သွယ်ဝယ်သူတို့၊ ထေ့ပြယ်ပြယ်မြူတချိုငယ်နှင့်၊ တူနှစ်ကိုယ့် ရင်ဆိုင်၊ စိမ့်စိုစို နိမ့်လျှိုတွင်းဆီက ငြိမ့်ဆိုညှင်း နှောကြလယ်ပြိုင်၊ ခွေလျော့လျော့ - တွေမော့မှိုင်သည်၊ ဖြေတော့နိုင်ပြီတို့မို့၊ ဇီဝဇို့ညွန်းပုံ့မှုနည်၊ ခွန်းတုံ့သူမြည်၊ မေးသထင့် ဆွေးခွင့်စည်အောင်၊ ဧးရင့်ကြည် နှောင်-နှောင့်လို့လေး။ ။

---

## ၂၈။ ကွမ်းရေတော် မောင်မောင်တိုးဆို-ဟောမဝန်ဘွေ့ရှာပုံကြီးထွက် ရီးရွှေဒုတ်ငှက်ဘွဲ့ တေးထပ်

ရွှေလက်မ ကလေးခန့်လို့နှင့်၊ သေးအဟန့်ငယ်စွာ၊ တေးတျန့် ဗယ်ညာကို ကျယ်စာစာ မည်ရင့်၊ နက်ကြုတ်ကြုတ် ငှက်နုပ်ငယ်ငယ်၊ ရွက်အုပ်ကွယ် နားလိုက်ရှာထင့်၊ ဟန်နွဲ့လို့ ပျံ့ဝဲခုန်သည်၊ ကံနဲ့ပုံ မှုနှင့်၊ သံကွဲစုံကျူရင့်လို့၊ ငူအမြင့်ဟော ဝန်၊ ညှိုးငယ်ငယ် ရီးနယ်စ ဆီက၊ မျိုးနွယ်တ ခွန်းဆင့်သီဂှန်၊ မိုးလယ်ဝ ဆန်းစ လွန်သည်၊ လျှမ်းပမွန် ချိပ်ပန်းနှင့်၊ အိပ်တန်းဝင့် မြီးခြေလှုပ်လေ၊ ရီး-ရွှေဒုတ်ကော၊ ကျူးသထင့် ထူးတင့်ပွေသည်၊ ရှူးချင့်မေ မြင်တိုင်းပလေး။ ။

---

## ၂၉။ ရှင်းဆို မိုးဘွဲ့-တေးထပ်

ဆိုးစဟန် ကိုးတန်လုံ့ပါလို့ ငြိုးမာန်သုန်ကျိတ်ဝင်၊ မိုးအမှုန့် ထိတ်တင်ငယ်၊ မဆိတ်ပင် စွေတို့၊ ခါမလှစ် ရွာဖြစ်ရှာတယ်၊ ဘာမေတ္တာ ကင်းတော့လေကို့၊ ရွှေမဆိုင်း ရေ့လှိုင်းဖြာအောင် နှေ့တိုင်းရွာချေလို့၊ စေခိုင်းရှာ လေသို့ပ၊ နေမပျို့ဂှက်ထိန်၊ နှစ်ကုန်အောင် ပဇ္ဇုန်ကိုဆင့်ရေ့လ၊ ညစ်ပုံဖြင့် ကြီးတဲ့သဏ္ဍာန်၊ ရစ်ခြုံဝင့်ရှက်နှောင်လိမ်သည်၊ နက်မှောင်တိမ်မင်ခိုးက၊ ပြင်မိုးဝ ပျိုးကြပတ်ခြုံ၊ ဆိုးလှ နတ်ဥာဏ်၊ စိုးတရ ငြိုးစဟန်မှာ၊ မိုးဝဿန် ခေတ်လုံးထင့်လေး။ ။

---

## ၃၀။ ဆောင်းဘွဲ့-တေးထပ်

မစုံသူ ပန်းရှာရဆောင်လို့၊ ဆန်းကာလ ရွှေဥာဏ်၊ ချမ်းပါသဖျ ဟေမန်ဝယ်၊ လေပြန်လှုံ့ဆော်ခဲ့၊ ဆွေတင်တင့် ပွေအင်ကြုံသည်၊ ရွှေရင်အုံ ဧးလှချေငဲ့၊ တရေးမျှ မှေးစက်ပျော်နိုင်၊ နွေးဖက်နှော် ပြုဘဲ့၊ ထွေးဖက်တော် မှုလှဲ့ပ၊ သူဇာနွဲ့

နန်းငုံ၊ နှစ်သွယ်ပြိုင် ခိုင်ဖြူရွှ၊ ဆိုင်သူကဝေးတဲ့ခါကြုံ၊ လိုင်ကြူကြွဂန္ဓာရုံမှာ၊ ပန်းညှာငုံ ပွေ့စိတ်နှင့်၊ရွှေမိတ်ညွှန့် နန်းသုံ့းကမ္ဘလာ၊ လွှမ်းခြုံ့ မသာ၊ လုံနိုင်ဘူး ကေမ္ဘူးညာမှာ၊ ရွှေဖူးစာ ကံနဲ့လို့လေး။ ။

---

## ၃၁။ ဝေါကြီးမှူးမင်း ဦးခြိုဆို-သက္ကာယ တေးထပ်

အို-နာ-သေ သုံးဌာန၊ ထုံးဘာဝ ဆက်နွယ်၊ ပြုံးကာမျှ ပျက်ပြယ်၊ မျက်ကွယ်ရုံ ဟာဘူး၊ မှိုင်ငြိုတဲ့ ဇီဝိတိန်၊ ပီတိရှိန် ရွေးကာထက်စူး၊ အနိဋ္ဌကိစ္စဟူလျှင်၊ စိတ်ကမ္ဘမကူး၊ ထိတ်လှုသူဘဦးမို့၊ အထူးပငြှင်ငြိုု၊ လျောက်ဘာသာ နောက်ခါရေး၊ ပေါက်ရာဈေး လှမ်းလို့မကြို၊ လေဇွတ်ိုင်း တွေ့မေ့မှို၊ သေငွေ့ဆို အသံရွံ့ပါငဲ့၊ မကြံဝံ့ ကြောင်းသိမမှတာ၊ ပြောင်းဖို့ မရဏာ၊ နားရှိလို့ ကြားမိလာသော်၊ ခါးဘိစ္စာ နောက်လှန်းလို့လေး။ ။

---

## ၃၂။ နွေဘွဲ့-တေးထပ်

ရွှေဘဝင်ကြွေလုအောင်၊ ဆွေသမု သာကီ၊ နွေရတု အခါကျတွင်၊ တနာရီ မလန်း၊ ဘွေရငွေ့ လေမွေ့ရာတွင်၊ ကြွေမြေ့စွာ စက်မည့်ကြံဆန်း၊ မြခြူးညွန့် ငွေစကြီတွင်၊ ရွှေနှင်းတံ ရံသန်း၊ လေညှင်းခံစံမြန်းလို့၊ ဖလ်နန်းမြင့် ကာတီ၊ ကိုယ်ခန္ဓာသင်းကြည်နူမှာ၊ နှင်းရည်ဥ ချွေးကသာ-စီ၊ ဧးမြဖို့ လျော့ကေသီကို၊ တော့ဒေဝီ ခင်ခင့်က၊ အဆင်သင့် ဖဲ့ရွှေပုဝါ၊ ဆွဲ၍အသာ၊ ပုလဲနှစ် လဲ့လဲ့ညှာငယ်၊ နွဲ့နွဲ့ သာရပ်စမ်းပလေး၊ ။

---

## ၃၃။ မန္တလေးမြို့ ဈေးချိုတော် ပနက်ချစဉ်က ဈေးချိုတော်ရပ်နေ မောင်မြို့ရေး-တေးထပ်

မြတ်လောင်းတော် ရွှေဉာဏ်ရှု၊ ဝေဘန်ခု စီရင်၊ မြေပံသု မဟီခွင်မှာ၊ ရှည်အစဉ် တင့်ညီး၊ ရာမင်းမင့် ပဏ္ဏာကိုခြံသည်၊ သမ္ဘာဟုံ ဘုန်းတော်ကကြီး၊ မန်းနဂရာ့ အောင်နက်သန်မှာ၊ ရောင်ယှက်လျှံ ဖိတ်ညီး၊ နောင်ဆက်ရန်ရိပ်ထီး၊ နိဿယည်းထွန်းပြောင်၊ မြတ်ဈေးတော် အောင်တံဆိပ်ကို ဖြင့်၊ နောင်အတိတ် ချီးအုံ့လောက်အောင်၊ ပြောင်နိမိတ် မန်းသာခေါင်မှာ၊နန်းညာတောင် ရွှေဘုန်းကြောင့်၊ မြေချုန်းမျကြက်သရေ၊ ဖြိုးကွန့် ကွန့်ဝေ၊ မိုးအညွန့် တလွှားမြေမှာ၊ သိကြားတွေ့ပုံကူးလို့လေး။ ။

## ၃၄။ တောင်သမန်လယ်စံားရေး - တေးထပ်

ကုသိုလ်ကံ စန်းမထခင်မို့၊ အလှမ်းက တာပါ၊ စွမ်းသမျှ စွမ်းပါမည်၊ ရှမ်းမြန်မာ မမျှ၊ဘယ်သူက-ပါစင်ကိုခြုံစေ၊ဖူလုံရို ကုတ်မယ့်ဘ၀၊ထုံးခြောက်ဆင် ပုခန်းလာကို၊ အချမ်းသာ ထင်ရ၊ ကွမ်းဘယာ ရှင်မပျနိုင်ဘု၊ အတွင်ပ ရက်ခွါ၊ မိပ္ပါယ်ကုန် အပြစ်ကင်းဖြင့်၊ ရှစ်သီတင်း စောင့်တော့မှာပါ၊ ဖြစ်ရင်းက မဖြောင့် တာကို၊ တအောင့်လျှာသက်တမ်းမို့၊ တက်လမ်းကိုဖြင့် ဇောကမသီ၊ သြချ ပါမည်၊ မေ်ာကြွားစိတ် သဘောမှာဖီတယ်၊ လောကီကို ကြောက်လွန်းလို့လေး။

---

## ၃၅။ မယားကြီး လင်မာန်တက်ပုံ-တေးထပ်

ကျုပ်လင်ကို တော့်တော့လှည့်လို့၊ ထေ့ထေ့တည့်ပြောမူ၊ စေ့စေ့ကြည့် သောသူကို၊ ဘောမတူ နိုင်ကြောင်း၊ ကျွန်မထက် ပျိုရေသာတောင်၊ အိုဝေလာ ဝေးစွခွါတောင်း၊ မ့ဆိုလို့နုတ်ချိုလျှင်၊ ဒုတ်တိုနှင့်ချက်ကောင်း၊ ခုတ်မလို မျက် စောင်းရယ်နှင့်၊ လက်ခမောင်း ခတ်ချင်၊ ဆွဲစွန်တောင် စွေတစောင်းရယ်နှင့်၊ ရွှေခါးတောင်း ကျိုက်မယ့်သာပြင်၊ တရီးစား တမယားလင်လို၊ ကြွားမဝင်စေ တမ်းမှို့၊ ရွှေကျမ်းမျှားသောက်တော်မူ၊ ဟောပြဒယူ၊ဘောထလို့ ပြောရသူမှာ၊ ဒေါ်သမူ ထွက်ဆဲမို့လေး။ ။

---

## ၃၆။ သုံးပုံဖဲ သဖြန်လေးဆစ်

ပါလိုက်တဲ့ဖဲငယ်။ ။ထင်ကြူးတီစုံနှင့်၊ ပါတင်းစုံ ယင်းစုံဖက်ပါလို့၊ သည်ချက်တွင် ပါစင်ဖမ်းမယ်၊ မှန်းတဲ့စိတ်ကယ်။ ။ဘွေဆော်မှာ ကြူးထင် ဆင်းပါလို့၊ ယင်းစုံချထေကာလှယ်၊ ကျယ်မယ်လို့ ငုံပါတုန်း။ ။ရှောတိုး ပြင်၊ မိုးကြိုး တပုံဆင်တော့၊ စုံသည်ပြင် ရှိပြီဘူးရယ်လို့၊ ထင်ကြူးကို ကိုင်ကာ ချန်မိ၊ နောက်တဖန် စုံကတင်ကြောင့်၊ ကုန်အစင် ထေကာပေးရတယ်ကွယ်၊ လေးဖက်နှင့်ရှုံး။ ။

---

## ၃၇။ စာဆိုတော်ဦးကွမ်းစင်ရေး-မြန်မာလက်ဖက်ရည်ကို မကြိုက်သူမျှားသို့အပြစ်ဆို-တေးထပ်

လက်ဖက်ရည်သောက်ရမှ၊ နောက်သမျှ-ဇးမယ်၊ခြောက်နဝ ဘေးမတွယ် အောင်၊ ဆေးသဖွယ်မှတ်သုံး၊ ငါးပဥ္စခန္ဓာကိုယ်မှာ၊ အစာပို ကြေပျက်လို့ပြုန်း၊ ကုလားသောက် ကခြားဆိုလျှင်၊သကြားကိုပါအုန်း၊ နွားနို့မှာအခိုင်ဆုံး သာပ၊

မလိုင်လိုး နှင့်နော်၊ ကာမဂုဏ် အာရုံဖြင့်မသိမ်းနိုင်ဘု၊ တဖိုန်းဖိုန်း မှိုန်းလို့သာ ပျော်၊ နတ်သစ်ရွက် အကောင်းခေါ်သည်၊ပေါင်းလျော်ကာနေပြလို့၊ သေလဇ မည်နာမာ၊ ထူးတဲ့ သညာ၊ လက်ဖက်ခြောက် အရသာကို၊ ဥဆရာ သိဘူးပ လေး॥ ॥

---

## ၃၈॥ ၎င်းတေးထပ်ကိုကန့်ကွက်သော - ဦးရှက်လီဆို - တေးထပ်

လက်ဖက်ရည် သောက်လှလို့၊ ယောက္ခမဆဲဆို၊ ခြောက်နဝ ကဲပိုတယ်၊ သဲဖိုလို့ပိန်ချုံး၊ငါးပဥ္စ ခန္ဓာကိုမွေတယ်၊စာမကြေ လေတက်၍နုန်း၊ သွားလာမှု အတွက်ပွေလျှင်၊ လက်ဖက်ရည်သောက်တုန်း၊ သက်သေသေ ပျောက်ဆုံးတော့၊ နောက်မှုန်းဘူး ဟဲ့နော်၊ ရှည်အကြာ သည်ကာယ၊ ညီစွာပ ဘိန်းပုံသို့ပေါ်၊သစ် ရွက်ခြောက် အကြောင်းကိုဖေါ်လျှင်၊ ပေါင်းလျော်ကာ နေပြလို့၊ လေထတဲ့ သေလဇာ၊ ကွင်းရှောင်ကြပါ၊ ပိန်ချည့်နဲ့ ခြောက်ခန်းရှာတယ်၊ လောက်လန်း ဟာ ခွေပျော့လို့လေး॥ ॥

---

## ၃၉॥ ၎င်းအဆိုနှစ်ပြင်ကို ကောက်ချက်ချသော ကေတီဦးသက်ဆို–တေးထပ်

လက်ဖက်ရည်ဒွိဟမှာ၊ အနိဋ္ဌ - ဣဋ္ဌာ၊ မမိကြ ဒိဋ္ဌာကို၊ သိသာရုံဖေါ်ဖွင့်၊ တေးနှစ်ဝ လျှောက်မြွက်စာကို၊ ကောက်ချက်ရှာ ညွှန်းပြပေသင့်၊ နို့သကြား တွေစုံပါလျှင်၊ မေထုန်ကာမာပွင့်၊ ကြေစုံစွာ အစာနှင့်ပြီဘု၊ ဘယာလွင့် ဘေး ပြို၊ လူသမားသောက်ငြမ်း၊ ခြောက်ခန်း၍ သွေးသုက်မစို၊ ဖန်ခါးလျှင် ဘယာ ပိုသည်၊ ခန္ဓာကိုယ်နှုံနဲ့လို့၊ ကြုံလဲ့တဲ့ ဝါယောနာ၊ စွဲတတ်လှပါ၊ သေလဇ ကျိုး ပြစ်ရှာလျှင်၊ညှိုးညစ်မှာ သုက်သွေးကလေး॥ ॥

---

## ၄၀॥ ၎င်းကောက်ချက်ကို အယူခံစဉ်းစားခန်း ဦးမောင်ကြီးဆို - တေးထပ်

အမှုသည် အလိုချင့်ပါလို့၊ကိုယ်အခွင့် ထောက်ကူ၊ ဆိုနှစ်ပြင့် ရောက်သူ ကို၊ ကောက်အယူ ဝင်တက်၊ အောက်ရုံးမင်း သင်း - ဝါးဟန်ကို၊ စဉ်းစား ဉာဏ်-ပြုဖို့ အချက်၊ အမှုသည် အရင်းခံမှာ၊ ငြင်းပြန်မှာ လက်ဖက်၊ ကြွင်း ကျန်တာ အမြွက်ကြောင့်၊ ဆက်သက်၍ ကြံစည်၊ နှစ်ဆင့်ချေ စရိုက်ညွှတ် တာကြောင့်၊ ဟိုက်ကွတ်က လွဲလိုက်ရသည်၊ ကောက်ချက်၌ အလာရည်

လျှင်၊ မြန်မာမည် လက်ဖက်များသာမို့၊ အမြွက်ကား ဘေးမျိုးစည်၊ ပေါင်းစု တည်တည်၊ စုံးတူသောက် လက်ဖက်ရည်မှာ၊ အသက်ရှည် သုက်ပြောငဲ့လေး။

## ငင်းဆိုသဖြန်

သုက်ထွက်ကယ်ကြည်၊ လက်ဖက်ရည် မြန်မာရေနှင့်၊ မဆိုင်ချေငဲ့။ မကြွားတို့သာဘု၊ နွားနို့တောင် လေမမြောက်ပါနှင့်၊ ရေသောက်ကာ ငါးကြိမ် မျှကို၊ စွမ်းကြပါငဲ့။ ။

---

## ၄၁။ ငင်းဟိုက်ကွတ်အဆိုကို ပါလီမန်လိုဖြေဖြန်သော ကေတီဦးသက် ပြန်လှန်ရေးသည့် တေးထပ်

အသက်ရှည် သုက်ပြောသတဲ့၊ မဟုတ်သော ထုံးကူ၊ တရုပ်လော စုံးတူကို၊ နှုန်းမယူ သာသား၊ သီတုဏှ ဧးပူလွန်လျှင်၊ သွေးဆူဝှန် ခန်းခြောက်နှစ်ပါး၊ ဟိုက်ကွတ်ထွက် စာဖြေဖြန်မည်၊ ညာပွေဥာဏ်နှစ်ပါး၊ ပါလေမန်အလားသို့၊ တရားစွ စစ်ဖွေ၊ ကိုယ့်အလို မရိပါးပါဘု၊ ရှိမယား မေးသိလိမ့်ပေ၊ မကျို့စား သင့်ချေသည်၊ ခွင့်အကြေ ပုတ်ကာသင်းတွေကြောင့်၊ ဆုတ်ခွါကင်း မရှောင် မီ သွေးသုက်စီစီ၊ ဝါသမ မျှမညီလျှင်၊ ပဇ္ဇဆီ ခြောက်ခန်းရှဲလေး။ ။

**သဖြန်။** ။တရန်ကြုံ၊ မတန်ရုံဂုဏ်လုပ်လို့၊ ပုံထုတ်ကာပြော။ နေ့တိုင်း သာ၊ ရွှေဖိုင်ဖိုင်စွာပ၊ လိုင်ဖြာလျှင်ကိုင်ရှာခါးမှာ၊ အားနွဲ့လို့ကော။ ။

---

## ၄၂။ ငင်းနေခက်မှတ်ချက်ဝင်သော တာရာဦးညွန့်ဆို-တေးထပ်

တရုပ်ပြည်ဌာနတွင်၊ ပါကဋသူ့ဂုဏ်၊ ရတနာက စုပုံသည်၊ ဖုခြုံခေါ်မြို့ တွင်း၊ ဘုံတော်ကြီး စိုက်ချက်မှန်သည်၊ လက်ဖက်ခြံရှိခဲ့ထင်လင်း၊ ဖူးပရစ် အခါ မိန်တွင်၊ သာနိမ်ကာ မယွင်း၊ ဝါနရိန်တပည့်ရင်းတို့ကို၊ အသင်းပါစေ့ဆော်၊ ခုနှစ်ရာ ကျော်တဲ့မျောက်တွေက၊ လက်ဖက်ခြောက် ခူးဆွတ်ရှင်ပျော်၊ တကပ် ထည်း တရုပ်ခေါ်မှာ၊ သုံးဆယ်ကျော် နှစ်ကျပ်သားကိုတဲ့၊ ဒိုလာပြားဒွိတိံသာ၊ ပေးလို့သောက်ရှာ၊ ပြင်သစ်မင်း ဧကရာမှာ၊ ဝေဒနာ ရှိဘူးပလေး။ ။

၂-ချီးသဖြန်။ ။ဝေဒနာ ကွေကွာတဲ့အောင်ပ။ လဖက်ရည်ရှိန်မပြေ လို့၊ ဒိန္နေဒိန္နေနဲ့တယ်၊ စွဲငဲ့ပဥ္စ။ ။

ငင်းသဖြန်။ ။ခုမှသော်၊ သုတ္တနော် သည်ဖက်က၊ လိုလျက်ထင်၏ ဆိုစရာ ထိုစာကိုမကျေနပ်ထာဖြင့်၊ နောက်ထပ်ခါမြန်မြန်ရေးလို့ရယ်၊ ပေးပို့ပါလှည့်။ ။

---

## ၄၃။ ငင်းဦးညွန့်အဆိုကို ကေတီဦးသက်က ပြန်လှန်ရေးသားသော တေးထပ်

ဖုန်ခိုးခေါ် မြို့တွင်းကာ၊မျိုးသတင်း ကြိုက်ဆူ၊မချိုယွင်း စိုက်ထူသည်၊ထိုက်သူကို ဝေငှ၊ ဝါနရ ခူးဆွတ်ခြွေသည်၊ ဖူးညွှတ်ဝေညွန့်ထွက်ပေါ်စ၊ နတ်သစ်ရွက် သေလဇာမှာ၊ ဝေဒနာအပ၊ သေအချာစာပြလို့၊ နာယကဂုဏ်ယူ၊ ပြင်သစ်မင်း သုံးဆောင်စွဲသည်ဟု၊ ထုံးလျှောင်ကဲမှတ်လောက်အောင်ထူ၊ နှုန်းပြောင်ရဲ ထပ်လျှောက်ကူသည်၊ နတ်ခြောက်ဆူ သြဇာဖြစ်ပေလိမ့်၊ ဝေါဟာရစစ် ပြည်မြန်မာ၊ ကျမ်းပြုဆရာ၊ ဥတုဘောဇနစာမှာ၊ ကျတာကို သွတ်သွင်းတော့လေး။ ။

သဖြန်။ ။ခုမှကွယ်၊ သုတကြွယ် လေပျော့လို၊ ဖြေလျှော့ထင်ထင့်။ မြင်မကြာ ဖြင်စာကိုကြည့်ရေးတဲ့၊ သည်တေး သည်တွင်ချုံးရလို့ရယ်၊ ဆုံးဆမြော်ချင့်။ ။

---

## ၄၄။ တာရာဦးညွန့်က စိတ်မကြေကြောင်း ထပ်မံရေး–လေးဆစ် သဖြန်

မကျေနပ်ပါဘု ဖြေအပ်တဲ့ ယခုစာ။ ။အရှည်ပြရလျှင်၊ သည်ကနော် ထိုလက်ဖက်ကိုလှ၊ ဆိုမြွက်ပုံ ထောက်အထားတွေနှင့်၊ မျှားလှလေစွာ။ ။ ဥာဏ်အသွားရယ်က၊ ပြန်ကြားလို့ဆင်လတ်တာ၊ ယဉ်အပ်ပါတဲ့ မကျဆုံး။ ။ မဟုတ်တာ၊ ခုတ်ရာ ကိုယ်တခြားသာပ၊ ရှငြားတပုံစီသို့၊ကြုံပါသည်စာသဘော ကြောင့်ရယ်၊ ဟောလိုက်ပါအုန်း။ ။

---

## ၄၅။ တေးထပ်

လက်ဖက်ရည်သဘာဝကိုတဲ့၊ ပဌမပြစ်ဆို၊ ဒုတိယ တမျိုးချိုသည်၊အကျိုး လို စပ်နှော၊ ဖြတ်စာချ လားမခိုင်ပေါင်၊ တရားပိုင် ခွတဲ့သဘော၊ လက်ဖက်ရည် ကိန်းညှိရှာပြီ၊ ဘိန်းကိုသာ ဖက်ရော၊ တိမ်းလိုရာ အချက်စောပါလို့၊ မြွက်ပြော

တဲ့ ထွက်သံ၊ ပလီပုံ သီတူဏှာတွေနှင့်၊ ခုံညာတ-လုပ်ချင်တဲ့ဥာဏ်၊ မမွှသတ် ကျမ်းဂန်ကို၊ လမ်းမှန်မှန်ဟုတ်ဘဲနှင့်၊ ရှုတ်ခန် ဒီဂရီ၊ ချချက် မညီ၊ သည်းခံတော့ဆပ်ကောတီရယ်၊ ကြပ်ချေပြီ သည်ပွဲဖြင့်လေး။ ။

**သဖြန်**။ ။ဆပ်ကောတီ၊ ကြပ်ချေပြီ သည်ပွဲဖြင့်၊ မစွဲလေဘူး။ ။ပုံဆိုရန်မျက်စိကျိုးသည်သို့၊ တိုး၍ကြံဦး။ ။

---

## ၄၆။ ကောတီဦးသက်က ပြန်ရေး–လေးဆစ်သဖြန်

ဘောဇနာ ဥတုကျမ်းမှာဖြင့်၊ယောဆရာလူမှုကျမ်းသူက၊ သု–ဒုပ္ပမ်း ဆိုခဲ့သည်။ ။ကျိုးအကြောင်းရယ်နှင့်၊ဆိုးကောင်း မရေရာသို့၊သေလဇာ အရည်သွင်းရှာဘု၊ လင်းပြ တည်တည်။ ။မှတ်ပိုက်စွာ လျှော်သဖြင့် မှာလှ၊ ဓာတ်ကြိုက်ရာ အတော်သင့်ပေလိမ့်၊ မမြော်လင့်ပါနှင့် ပြုပ်နွေးရည်၊ သုက်သွေးကြည်တယ်လို့ မဟုတ်ဖူး၊ဥရောပေ၊ ခုလော သည်–တကေမတော့၊လူ့ဘောဂေ စုံသည့်ခေတ်ဟာမို့၊ ပြင်သစ်မှာ ဘုရင်သုံးသည်သို့ငယ် ထုံးဖြင့်အထူး။ ။

**သဖြန်**။ ။ခုကြံချေ နုသန္ဓေမှန်တတ်လို့၊ ပြန်ထပ်ကာကွန့်။ ။မနိုပ်စွာ အရိပ်ချိုသာသာနှင့်၊ ဆိုတာချို လိုရာပြောလို့ငယ်၊ ကြောနှင့်မောင်ညွန့်။

---

## ၄၇။ တာရာဦးညွန့်က ပြန်ရေး - တေးထပ်

ကျမ်းဥတု ဘောဇနက၊ သဘောကျမြွက်ဆို၊ တဩဇ လက်ဖက်ကိုပင်၊ အသက်ပို့ရှည်ကြောင်း၊ မယုံက ထုတ်နုတ်ဆိုမည်၊ ဘုတ်အုပ်ကို ဖွင့်ကြည့်ဖို့ကောင်း၊ သို့ကလောက် သဘောပါကို၊ သရေစာ ထပ်လောင်း၊ ဟောတခါမှတ်ကြောင်းဖို့၊ ဇာတ်ပေါင်း၍ ပြမှာ၊ ဖုခြုံဖြစ်အရွက်ထူးပေတဲ့၊ **လက်ဖက်ဖူး** လက်ရှိမို့ပါ၊ မယုံက မှာလိုက်ပါမည်၊ စာတိုက်မှာ လာကြည့်က၊ ဂဏှာဟိ တသက်ပန် စွဲမှတ်ဖို့ဥာဏ်၊ ကောတီဆပ် ရှုမှတန်မည်၊ ခုကြွရန် **အကြောင်းပလေး**။

**သဖြန်**။ ။ပြည်ကြီးလာ ဖက်ခြောက်ကို မြင်ပါမှ၊ အံ့အာသရဲ။ ထင်လျှားစွာ မှားတာကို ဝန်ချကောင်းပါ့၊ အောင်းမေ့မိဆဲ။ ။

**သဖြန်**။ ။လူ့ဘုံပေါ် ဖုခြုံခေါ်လက်ဖက်ဖူး ကိုလ၊ အထူးတင်ပြ။ အသုံးများပါရဲ့၊ နှုန်းထား လိုရာလျှော်က၊ ဒိုလာခေါ် နှစ်ကျပ်ပေးရတယ်၊ ရှေးကဖေါ်ပြ။ ။

## ၄၇။ ကေတီဦးသက်ပြန်ရေး-တေးထပ်

ပညာရှိနားရှုံ့ရှုံ့ဘို၊ ကြွားဝံ့ပေ့ စွမ်းဟုန်၊ မျှားအံ့ဘို ညွန်းပုံမှာ၊ လွမ်းရုံသာ ညီရေ့၊ ပုဒ်မကိုထုတ်ပြတင်လျှင်၊ ကျုပ်ကပင်ရှုံးရပါစေ့၊ ကျမ်းပြုစဉ်မသွင်းတာကို၊ အတင်းရှာပါပေ့၊ ငြင်းခါခါစာတွေသို့၊ ညာပလေ့ မောင်ရယ်၊ ဘောဇနာ ပြုပုံကျမ်းသူတို၊ ရှုစုံစမ်း မေးသင့်ပါတယ်၊ ဖုခြုံငြမ်း ဖူးငယ်ကို၊ထူးတကယ် အံ့ချီးလို့၊ ကြံကြီး စည်ရလေ၊ ရေးဘို့ရှာဖွေ၊ လဖက်ရည့် အာပေါခြွေတယ်၊ ဝါယောလေ လွန်လွန်းလို့ လေး။ ။

**သဖြန့်**။ ။အသုံးဝင်နှုန်းတင်ပုံယဉ်စကားရယ်နှင့်၊ မြင်ကြွားပေပေါ့။ တလောကာ ဘောဇနာထင်မှတ်လို့၊ ကြဉ်အပ်စွာ – ဆပ်ပြာသုံးသူသို့ကွယ်၊ လုံးကြပါတော့။ ။

---

## ၄၉။ ဦးညွန့်က တောင်းပန်သော - ဒွေးချိုး

ကဗျာတွင် ဆရာပင်ထင်မှတ်လို့၊ ရင်အပ်နေ့ာ် မပြိုင်ဝံ့ပါဘု၊ အညွန့်ညီက။ အချစ်ကယ်ပို အစ်ကိုစိတ်မဆိုးပါနှင့်၊ အကျိုးကိုသူမှတ်လို့ရယ်၊ ရပ်စို့ဆိုရ။ ။

---

## ၅၀။ ကေတီဦးသက်က ပြန်ရေး-တေးထပ်

လက်ဖက်ရည် တေးနှစ်ပုဒ်ကို၊ ရေးတလုပ်ပြင်ပြင်၊ထွေးအရှုပ် ထွင်ဖျဉ်မယ်၊ ဆင်ခြင်ကာ သိပ်သည်း၊ အရသာ့ ဖန်-ခါး-ချိုကို၊ စံစားလို သုံးကြသည်ချည်း၊ သက်ခန်းနှင့် သုက်စိုမှာ၊ ပုဂ္ဂိုလ်သာ စုလည်း၊ ဟုဘ်လိုရာ ပြုစည်းတော့၊ ဘသူ့နည်း ဘယ်လို၊ အခိုင်ခိုင် ကျမ်းမရှိပါဘု၊ မန်းကဝိ သူကြိုက်ရာဆို၊ ငြမ်းညှိလို့ ယုတ်မပို့အောင်၊ အဟုတ်ကို ယူဆက၊ မူလဖြင့် လေစာမှန် ဩဇရသ်၊ ရောဂါနှင့်လက္ခဏာကို၊ အချက်ကြံလိုရင်းပလေး။ ။

**သဖြန့်**။ ။ဆွေသဟာ ဝေဒနာကွာမှုဖြင့်၊ သာဓု ဖန်ဖန်ခေါ်ရဲ့၊ ကြံဉာဏ်တော်လှ။ ပညာရယ်ကြည်၊ လက်ာစီ ညွန့် အသားတွေနှင့်၊ ဝံ့စားသည်ဆို မရိုင်းရအောင်၊ ဆိုင်းစို့ ညီလှ။ ။

(မန္တလေးရန်ဖြစ် တေးထပ်များပြီး၏။)

## ၅၁။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရေး - ညဒေါတရှံသီခေါ် ဆို စိန်ရောင်ခြည်-တေးထပ်

စိန်ရောင်ခြည် မြူးကွန့်လို့၊ထူးအလွန့် ထိန်လျံ့၊ ဖူးအညွန့် တိမ်ယံမှာ၊စိန်ပြတာန် ဖြန့်မိုး၊ ငွယ်တော်ခေတ် မြတ်နှစ်ဆူမှာ၊ လျှပ်အဖြူ ရှက်လို့သာ ထိုး၊ ကြက်ရိုးပွင့် ငွေဇွန်၊ ရေတံခွန် တောင်ရိုး၊ စွေသွန်သွန် တန်ဆောင်ဖြိုးသည်သို့၊ အရောင်မျိုး တင့်တယ်၊ ငွေတောင်ကို နေရောင်ဟပ်ပြန်တော့၊ ဝေမှောင်ခေတ် ပျောက်လေသည့်နှယ်၊စန်းပုဏ္ဏ အာကာလယ်မှာ၊တာရာကြယ် အများတင့်သည်သို့၊ ဘုရားလျှင့် စိန်ရောင်ခြည်၊ မြူးကွန့်ကွန့်လည်၊ ကြာဖြူပွင့် အလားကြည်တယ်၊ ပြဒါးရည် ရွှာသွန်းသို့လေး။ ။

---

## ၅၂။ အလယ်နန်းမတော်ဧးယင်ကျူး အလေ့ာင်းတရားကြီးက ပုဂံမင်းတိုင် မဟာရာဇဝင်တေးထပ် ရွှေနားတော်သွင်း

ရာနှစ်ဆယ် ဖြူကွန့်၊ နန်းနေညွန့် ဆက်စဉ်၊ ရွှေရင်နှစ် ထားတင်ငယ်၊ မြဧးယင် ရိုဟီး၊ ကျူးပါလျက် မစက်လိုသည်၊ ရွှေပဟိုရ် ဧးငြိမ့်ငြိမ့်တီး။ ကုန်းဘောင်ညွန့် ဇေယျာဝယ်၊ မင်းဝံချာနယ်နီး၊ ရွှေမန်းညာပြည်ကြီးနှင့်၊ နန်းမြို့ထီး စိုက်ထူ၊ ကေရိန် ဆယ်ကြိမ် ဆင့်ပါသည့်၊ ဥကင်ဖွင့် စိုးစံတော်မူ၊ ဗုဒ္ဓကိုလောင်းမှန်ကူဝယ်၊ ဖြန့်ရိပ်ဖြူ ရွှေဘုံဖွားနှင့်၊ နှစ်ပါး တူပျော်ရှင်၊ ထားထားထိပ်တင်၊ စက်တော်ခေါ် ပျော်တဲ့ချင်အောင်၊ မဟာဝင် လျှောက်အုန်းစို့ငဲ့လေး။ ။

---

## ၅၃။ ကုန်းဘောင်မြို့တည် သက္ကရာဇ် ၁၁၁၅-ခု အလေ့ာင်းဘုရား နန်းစံ ရှစ်နှစ်-တေးထပ်

တောင်သပြေ ရေမြေစိုး၊ ဘေးတော်ဘိုး ဘဝရှင်၊ မျိုးသာကီ နတ်သွင်ငယ်၊ နားတင်တော် မူစမ်း၊ ဥဩ အော်မည်သည်၊ ကုန်းဘောင်တည် ပြည်တိုင်းမြို့နန်း။ များဗိုလ်ထု စစ်ခြေကို၊ တွက်ရေငယ် မခန်း၊ ဥပရာ ဒလပန်းတို့မှ၊ ကြည်းရေလမ်း ထိန့်ဆူ၊ သန်လျက်ခုံဘုံကြငှန်း၊ တိုက်သိမ်းမြန်း ခွန်တုတ်သာယူ၊ လောင်းမန္ဒာတ် ဖုန်းလူငယ်၊ နတ်စစ်သူ ဗိုလ်လူမျိုးနှင့်၊ ဆတိုးလို့ ဆယ်ပြည်တိုင်၊ ယွန်းလိုက်တိုင်းနိုင်၊ ရှစ်နှစ်ကျော့ ရွှေနန်းပိုင်သည်၊ နိုင်ငံတော်ကျယ်ဝန်းလှလေး။ ။

၁၁၂၃-ခု၊ စစ်ကိုင်းမြို့တည်၊ နောင်တော်ကြီးနန်းစံ ၃-နှစ်၊

ပြည်ဇေယျာ ဆက်စံစိုး၊ ဘိုးတော်ဘိုး ဖုန်းဝေ၊ သုံးရွှေလုံး ထိပ်ထား။ ရွှေနားတော်တင်၊ ဥဩကျူးဆော်သည်၊ ပြည်ဇေယျာ ကုန်းဘောင်မြို့စား။

ညီတော် ဆင်ဖြူရှင်နန်းတက် ၁၁၂၆-နန်းစံ ၁၂-နှစ်။

ပြည်ရွှေဘို နိုင်ငံခြိမ့်၊ သဲသိမ့်သိမ့် နေပြည်တော်၊ ဧးမြရှင်ပျော်။ ဆဲ့နှစ်နှစ် နန်းစံကျော်သည်၊ သားလောင်းတော် ဆက်ချည်ငွဲ့လေး။

စဥ့်ကူးမင်းတက်သည်၊ ၁၁၃၈-ခုနှစ်၊ နန်းစံ-နှစ်။

သောင်းဒီပ ါရာရိုက်လို့၊ စိုးစံထိုက် သိုက်မှန်၊ မြေးတော်မြတ်နန်းရံဝယ်၊ ရွှေနားပန်ဆင်ဦး၊ ဥဩဆော်ရည်သည်၊ မင်းဝံပြည်နန်းစိုက် ကိုက်ဖူး။ သောင်းတိုက်ကယ်ညာမြှော်သည်၊ ခြောက်နှစ်ကျော်မကျူး၊ ရှင့်ဘေးတော်တဦးက၊ ရိုက်ရာထူးဆက်ခံ၊ ရှေးကုသိုလ် မနက်နဲ့သော်ကြောင့်၊ ခြောက်ရက်ခွဲရွှေနန်းတော်စံ။ သောကခေါတ်ဖုန်းနေမှုနှင်ယ်၊ဝဋ်ဟောင်းကံ စံမလွဲပ ါဘု၊ ဖြစ်ပျက်မြဲတည်မငြိမ်၊ မှားတွေ့ချက်ကြိမ်၊ သားတော်ရင်း နေသမ္ဘိန်ငယ်၊ နန်းပွင့်ချိန်ရောက်ပြီမို့လေး။

---

### ၅၄။ အမရပူရမြို့တည် သက္ကရာဇ် ၁၁၄၄-ခု ဘိုးတော်နန်းစံ ၃၇-နှစ်

ရွှေသမ္ဘာ တေဇာဖြိုး၊ ဘိုးတော်ဘိုး ရာဇိန္ဒာ၊ နန်းနေညွန့်ထိပ်ချာငယ်၊ ရွှေနားနာ သာဆုံး၊ ဥဩ လှည့်လည်သည်၊ အမရပြည် တည်သိုက်ရဖုန်း။ ထက်အောက်ကယ်ညာကြေသည်၊ ရေမြေရှင် ပတ်ကုံး၊ သောင်းဇမ္ဗူ ဖြန့်ယူကျုံးလို့၊ ရွှေဘုန်းတော်ပျံ့ကြူ၊ ရခိုင်ပြည် တဆူထူး၊ ဘေးတော်ဦး ပင့်ဆောင်တော်မူ။ ရာထီးထီး ထွတ်မှန်ကူငယ်၊ ဆဒ္ဒန်ဖြူ ပြောင်နာဂကိုတဲ့၊ မိုးဒေဝရွှေဣန္ဒာ၊ နှင်းဆက်သလှာ၊ သတ်တိံသ နန်းစံကြာသည်၊ ရွှေအာဏာတောက်ပ ါဘိလေး။

---

### ၅၅။ သက္ကရာဇ် ၁၁၈၁၊ နောင်တော်ဘုရားနန်းတက်သည် နန်းစံ ၁၈-နှစ်

နရိန္ဒာဇေယျာဘိနှင့်၊ နေအာဒိ သာကီဝင်၊ မြေးတော်ရင်း ထိပ်တင်ငယ်၊ ရွှေနားဆင်ငြိမ့်လေး၊ ဥဩ ယင်အော်သည်၊ နန်းမြို့တော် တည်ကိန်းနှင့် လေး။ ငါးမြစ်ကယ် ပတ်ခွေသည်၊ စီးတွေ့တွေ့ ယက်ပြေး၊ ရေသဘင်စံရှင်ရေးငယ်

နှင့်၊ သော့မနေး လွယ်တကူ၊ ရှင့်ဘိုးတော် ဇေယာကွန့်၊ မင်းဝံညွန့် စိုးစံတော်မူ၊ ရာကြင့်နှန်း ဖုန်းလူငယ်၊ ရွှေဘုံသူ ရွှေမျဉ်းဖျားနှင့်၊ ဖွားတော်မြတ် မဟေသီ၊ သောင်းလုံးရွှေညီ၊ ဆယ့်ရှစ်နှစ် နန်းစံညီသည်၊ လျှောက်ကုံးစီ တင်ခက်လှလေး။

## ၅၅။ အင်းဝပျက် ၁၁၉၉-ခုနှစ် ဘိုးတော်ထွေး ကုန်းဘောင်မင်း နန်းစံ ၉-နှစ်

ကေရာ တေဇာကွန့်၊ကုန်းဘောင်ညွန့် နေနွယ်၊မြေးတော်ရင်း ကေသွယ်ငယ်၊ ရွှေနားဝယ် မှတ်သား၊ဥဩ-ထူးတွန်သည်၊ ပြည်မင်းဝံ နန်းမြို့ပျက်ပြား။ ဘိုးတော်ထွေး ဖုန်းဝေငယ်၊ တောတောင်ခြေ ပျော်ပါး၊ မြို့တော်တည် နိမိတ်များသော်ကြောင့်၊ နတ်များတို့ကူညီဖန်၊ တောင်ဂီရိန်ရွှေမန်းမှာ၊ မြို့ရွှေနန်း တည်ထောင်တော်စံ။ ရာထီးထီး ထိပ်ပန်ငယ်၊ ရွှေစိတ်သန် ကြည်နူးလို့၊ တဆူထူး တိဂုဏ်မွေတော်၊ ဖူးရစံပျော်၊ ရွှေနန်းစံ ကိုးနှစ်ကျော်သည်၊ ဘကြီးတော် ဆက်ချည်ငွဲ့လေး။ ။

## ၅၇။ ပုဂံမင်းနန်းရ ၁၂၀၈-ခု နန်းစံ ၆-နှစ်ကျော်

ဘမယာ သီဟာသမှာ၊ ဘိသေက ဆက်စံ၊ သုံးရွှေလုံး သက်နှံ့ငယ်၊ ရာသက်ပန်မှတ်စွဲ၊ ထောင့်နှစ်ရာ့ရှစ်ခု ကျော်မှာ၊ ဘကြီးတော် နန်းရသည့်ပွဲ။ ကေရာဇ် ဖုန်းဝေငယ်၊ တိုင်းကိုလေ့ရှုဘဲ၊ မှူးမတ်ကိုယုံကြည်လွဲလို့၊ ပြည်ထဲရေးရိုက်တုန်၊ ခြောက်နှစ်ကျော်သွေမယိမ်း၊ နန်းစံကိန်း ခေတ္တသာကြုံ။ ရှေးသမတ ထုံးပုံလို၊ နန်းပွင့်ငုံ ဘုရားသို့၊ မျှားလူနတ် ရွှေနန်းတင်၊ သောင်းလုံး ဘုရင်၊ ရာသက်ပန် နန်းစံမြင်သည်၊ မဟာဝင်ထူးပေလိမ့်လေး။ ။

**မှတ်ချက်။** ။ဝင်းဧယဉ်ကျူးချင်းများကို ပေမူအတိုင်း ရေးသားထည့်သွင်းလိုက်သည်။

(တေးထပ်များပြီး၏)

# ရှစ်ဆယ်ပေါ်

## စာရေးတော်ကြီး ဦးမောင်ကလေးရေး ဆယ့်နှစ်ရာသီဘွဲ့ ရှစ်ဆယ်ပေါ်များ

### ၁။ တန်ခူးလဘွဲ့

မြဝန်းရစ်ခွေ မြူခြေခြုံ့သည်၊ ဆူကြွေကမန့် တာအကြုံ၊ မမှန်တမှန့် မှုန်တမှုန်ငယ်၊ မအုံ့တအုံ့ အုံပြုန်ရင်း၊ ရွာဟန်ပြုနှင့် ခုလားထင်အောင်၊ မုသားပြင်ပြင်သီကျူးညံ့ရက်လင်း။ ယုဂန်နန်းမြင့် လမ်းထိပ်သာမူ၊ စန်းစိတြာ ဆံကျင်မင်း၊ နန်းမိတ်သဟာ သဘင်ကျင်းလို့၊ ယှဉ်ပြိုင်မယှင်း ထွန်းလျံထိန်၊ ရင်ခတ်လှော် ရွှေဂေါ်ငွေဝတ်ကို၊ ဆော်လေခူးဆွတ် ညွတ်တဲ့သည်အချိန်၊ သောင်းမိပတိ မြတ်နရိန်လျှင်၊ နတ်သကြိန်အိမ်စမွာယ်မြန်းလို့၊ ရေဖျန်းဇေ ဇယတုအောင်မင်္ဂလာ၊ ကြည်နူးစေဖွဲ့ခါ၊ ထုံရည်သန့်နှင့် မှုန်နံ့ဖြာအောင်၊ ဘုံမန့်ကညာ ပျော်မြူးထွေလှလေး။

---

### ၂။ ကဆုန်လဘွဲ့

ကြက်နန်းရဝေ ကြွက်ရွှေဖားနှင့်၊ ငွေငါးဗျာမန့် မြင်တင်ဆီ၊ ထွေပြားကာခြုံ့ပဋ္ဌင်သီသည်၊ မင်ပန်း ပန်းချီ ခြယ်လယ်တင့်၊ ချုပ်မသို မြူလွှာမှောင်တယ်၊ အသူရာမောင် မာန်ပျိုးချိန်မို့ထင့်။ စန်းစ န္ဒီနှင့် မြန်းညှိဖြာသည်၊ နန်းဝိသာခါတံငါပွင့်၊ ကျမ်းရှိအလာ သမ္ဘာဝင့်လို့၊ အာဏာတခွင့် သိရိတဂုဏ်၊ ပယင်းချပ်လွှာ ညှာမြသား၊ စကားရွှေညှော်ကဲ-လေသောက်ခါအကြုံ၊ သောင်ငွေသဲတဲ့ပုလဲခုံဝယ်၊ မကွဲဆွေစုံ မောင်နှံငှက်တို တောင်ပံနွဲ့ရှက် ချစ်တင်းညီအောင်၊ သစ်လှင်းသီဖွဲ့နှောင်၊ မြော်လေကြုံ့လို့ လွှမ်းပုံ့ဆောင်တယ်၊ ကဆုန့်ရွှေညောင် တော်သွန်းပေမို့လေး။ ။

---

### ၃။ နယုန်လဘွဲ့

မြူခိုးရှက်လိမ် တိမ်တမြုံ့နှင့်၊ ထိန်မောင်းရဂုံ့ရှုမကုန်၊ ဂိမ်နှောင်း နယုန့်ခုအကြုံဝယ်၊ ရတုတပုံ သာစမြေ့၊ ယုန်ငွေဇေဌ တံငါ့ကြယ်ငယ်၊ တကွပြိုင်ဆွယ်ပျော်မြဲစုံကြ၍။ ဖျန်းလေ့လှူ့တဲ့ ပန်းခုံ့ဆီမှာ၊ နန်းသုံ့း စမ္ဗီကြိုင်မလေ့၊ မန်းဘုံ့

မဟိ လှိုင်အကြွေ့မို့၊ မပိုင်တဆွေ့မှိုင်မရှင်၊ စာမေးထုတ်ပြန် နှုတ်သံညှင်းသည်၊ မဠ္ဌာန်ခပင်း သစ်တဲ့ ခါသဘင်။ အောင်သံကြွေးရင့် နှံ့စေးပြင်ဝယ်၊ ထွန်ရေးတော်ငင် ယင်မည်ဆဲမှာ၊ ပုလဲငွေစု ရေထုတောင်လို၊ စွေသွန်းမယ်ထင့်ကို၊ မြင်မဘန့်မျှ ဘွင်လန့်ဖိုအောင်၊ မင်ပန့်းအညို ဟန်ကြီးကျယ်လှလေး။ ။

---

## ၄။ ဝါဆိုလဘွဲ့

ဝါဦးပြင်ပြင် သွင်တနဲ၊ မင်ခဲဈာန်ကြွပံ့သလို၊ ဆင်မြဲရန်က တညာဏ်ပိုတယ်၊ မခံချင်ငို ညိုမတဲ့၊ ကိုးတန်ခြုံ့လို့ သံလုံ့ညီအောင်၊ အမ္ဗုန့်ဝသီဖန်တီးနိုင်တော့ခဲ့။ မလ္လာပုန်းညက် ပွင့်မှန်ကူငယ်၊ မမူ့တမူ ခိုင်အန္တဲ၊ မကြူ့တကြူကြိုင်တလဲ့နှင့်၊ ဂနိုင်ပိုင်ခဲ့ ဘုရင်ခံ၊ ဖက်နှုန်းမသွေ ဘွေကာသမှာ၊ တာရာဂဇ ငွေလ ပြုဗ္ဗါသင့်။ သာစုံခတဲ့ သမျှမှန်ဝယ်၊ ပဝရနိဗ္ဗာန်ရည်သန်ပွားလို့၊ ငါးကြိမ်ပဥ္စင်္ဂါယနာ၊ တင့်ထူး ဓေကရာ၊ ရှင်တော်မြင့် နှင့်၊ ပဥ္စင့်လျာကို၊ သဘင့်မင်္ဂလာမြောက်ချီးချိန်ပလေး။ ။

---

## ၅။ ဝါခေါင်လဘွဲ့

မငြိမ့်တငြိမ်ရှာတိမ်ယောင့်သည့်၊ ပြာမှိန်တမှောင့်မှောင်အလျှံ၊ ဗျာဂိန်တထောင့် တောင်ကမ်းပါးယံဝယ်၊ ဝါခေါင့်ဝသန် ဖန်တော်ပျိုး၊ ပွေရုံဝင့်လို လွှင့်မပြင်တယ်၊ မဆင်ချင့်ချင် ဆင်ကဲ့ ဆင်တဲ့မိုး။ လေဆိုင်ပြန့်တဲ့ မှိုင်ခန့်ဝါမူ၊ ကြိုင်နံ့ချပ်လွှာ သန္တာမျိုး၊ ခိုင်ပန့်းခတ္တာ သမ္ဘာဖြိုးလို၊ အာဏာတန်းခိုး ဟိတ်မပြယ်၊ အဿတာရာငွေရထား၊ သရဝဏ်ရွှေမြား ထွန်းတင့်ပြိုင်တဆွယ်။ ကြည်ဖွယ်စုတဲ့ရတုနယ်ဝယ်၊ သမုနေန္ဒယ် ဒီပရာဇ်တို့၊ သီဝံနန်းသစ် ဆောင်ကူးမည်မှန်၊ ဖေါင်မူးရည်မိဌာန်၊ မြေပြင်လေးမျှ ရင့်ကြွေးညံ့အောင်၊ ရွှေစာရေးတံ လှူပွဲတော်နှင့်လေး။ ။

---

## ၆။ တော်သလင်းလဘွဲ့

တောင်မြစ်ကမ်းယံ ကန္တာရမှာ၊ ကန်ရာသီပြု ခေတ်သဘင်၊ ဖန်လာပြီခုအသစ်လွင်အောင်၊ သရစ်ပြင်ဆင် ပြန်သမို့၊ ငှက်ပြိုင်ညှင်းနှင့် ကြိုင်သင်းထွေတယ်၊ ခိုင်ယင်းမာရွေ ဂုဏ်ကြီးကျယ်ရောလို့။ ယုန်ငွေချိုင့်နှင့် ဗျိုင့်းရုပ်ဝါငယ်၊ ဖထိုင့်ပြုဗ္ဗါ သွေမချို၊ တခိုင့်ဥက္ကာ ကြွေမသို့ပ၊ ဝေဟာတခို့ ဘွေမှန်ကူ၊ အဏ္ဏ

ဝါခွင် ယဥ်ပြောင်ခင်းမှာ၊ ဖေါင်ပျံလှေသင်း တင့်တဲ့ခါတမူ။ ဂယက်ဖွေးမျှ ပွက်သေးဆူအောင်၊ တက်ရေးသံကြူ ဟန်ယူဖြန့်မှု၊ ထံဒူ ဒရိ ့တရော တေတျာ၊ နတ်စောင်း သီတဲ့ကာ၊ ရှစ်ခွင်ကွန့်လို့ မင်ညွန့်ဖြာတယ်၊ မြင်ဝံ့စရာ ရှိဘူးဆိုစို့လေး။

---

## ၇။ သီတင်းကျွတ်လဘွဲ့

သန်နှောင်းသမိုန်ချိန်ဝါသဥ်းလို့၊ တိမ်လုံးပြာအိ ကြွေချင့်ချင်၊ စိန်အုံးကာသည့်တွေသဥ်သဥ်မှာ၊ ကွေတဲ့သခင် ပွေရော့လားမခန့်တရန့် ပြန့်ကြီးမှောင်တယ်၊ဟန့်ဆီးမမှောင် စည်မောင်းဆော်ချက်ကြွား။ ယုန်ငွေပွင့်နှင့် ကျီးမင်းနယ်ဝယ်၊ သဝဏ်ကြွယ် ဆွယ်သကား၊ မချည့်စဖွယ် သွယ်သွယ်များလို့၊ ဘယ်ဘယ်တန့်စား ဖြေမပြို၊ ရှင်စောမုနိန် ဝတီ ရပ်က၊ ဘူမိန်သကာ်သ် ဆင်းတဲ့ခါတခို။ သဘင်သီးသန့် မြောက်ချီးပိုအောင်၊ ဆီမီးမြင်းမိုရ်ရွှေဆင်ပွဲနှင့်၊ ရွှင်မြဲဖိုမ နှုန်းတသိရ်ပိတုန်းတောင်ရှက်လိမ်၊ ပဒုမာတမွတ် ညှာညွတ်အိမ်မှာ၊ ကြာဝတ်သယ်ချိန်ကြည်နူးရန်ပလေး။ ။

---

## ၈။ တန်ဆောင်မုန်းလဘွဲ့

ပြန်ညှင်းသုန်သုန် နှင်းမှုန်ရှနှင့်၊ ခြုံတသသ တုန်စခါ၊ စုံသမျှမှလိုကြရာသည်၊သရဒဖြိုစ္ဆာ ဟေမန်ဦး၊ ယုန်ရဟတ်နှင့် ဘုံကြတ္တိငယ်၊ ကျီးရွှေအာဒိ တည့်မွန်း စံချက်ထူး။ ခဝဲတသန့် ပြည်ပန့်းရွှေမူ၊တည်တန့်သရေ ပွင့်ဝေမြူး၊တဆယ့်ငါးထွေ ဆွေနုတ်မူးကို၊ အမြတ်အထူး ပူဇော်ခွင်၊ သွန်းတော့မလို ညိုလှာဆင့်သည့်၊ စိုပါပထင့် ဆိုမိလောက်အောင်ပင်။ ပြိုကာအိလို့ ဖိမယ့်သွင်လို ဝိတဲ့သခင် တိမ်သနင်းငဲ့ ကထိန်တော်ခင်း ရှိန်လင်းတန်ဆောင်၊ ချိန်ယွင်း လွန်လောက်အောင်၊ သိုင်းမဝင့်နှင့် မှိုင်းရင့်မှောင်ကို၊ ဝိဏ်းတပွင့်ရှောင် ခုသိမ်းပါအုန့်လေး။ ။

---

## ၉။ နတ်တော်လဘွဲ့

နတ်လဟေမန် ဝသန်ကြွင်းမို့၊ ဖန်ဖန်ငွေနှင်း ရိ ့တရိ၊ ပြန်လှန်လေညှင်းချိ ့တချိုငယ်၊ကရိ ့ကသိ နိုင်ရန်ကော့၊ တကောတို့ရွှေမျှော့ခွင်ဝယ်၊ ပွေစ ့ငင်ငင်ခြုံဆဲ တုန်ကြရော့။ မှုန်တံဆိပ်နှင့် ဂုဏ်ဟိတ်ကြွယ်သည်၊ လိပ်ခေါင်းရွှေကြွယ်လျှံအသော့၊ မိတ်ကောင်းဆွေနွယ် ဟန်သာကြော့တို့၊ စံကာမလျော့တင့်တည်၊

နန်းနတ်သွင်မေ မင်ကေကုံးမှာ၊ ဇင်ခွေဂမုန်း သစ်တဲ့ခါရာသီ၊ ထုံးစဉ်လျှားပကစားချီသည်၊ ရထားသိင်္ဂီ တင်စမြဲနှင့်၊ မဟာပိန္နဲနတ်ရှင့်သဘင်၊ ကြည်နူးရွှင်ခိုက်တွင်၊ ရွှာစလိမ့်သို့ ပြာမှိန့်လွင်တယ်၊ ဆယ်ရာတိမ့်ရှင် ပေါင်အုန်းမယ်ထင့်လေး။ ။

---

## ၁၀။ ပြာသိုလဘွဲ့

မကရ်းဘွေချာ မာလာပျိုသည့်၊ ခွါပြာအညို့ သင်းကြည်ကြည်၊ ဖြာဖြာမချို နှင်းလည်လည်ဝယ်၊ ညှင်းလေစီစီ ဆော်လှာလိမ့်၊ မစုံသန့်တဲ့ ဘုံပြန့်မယ်မှာ၊ လုံအုံ့ဘယ်နှယ် ခြုံထွေးရှာတတ်လိမ့်။ တောင်ရွှေရုံက မှောင်ဟန့်ပြန်သည်၊ ဝသန့်သဏ္ဍာန် တူပစိမ့်၊ မတန့်ရကန် မြူအနိမ့်နှင့်၊ ကျူကျူသံ အိမ့် ထပ်ကာနှောင်၊ဖုသျှပုစ္ဆန် ယုန်ငွေနတ်တို့၊ ဂုဏ်နေဒြဗ် ပြိုင်ထွန်းသာတင့်ဆောင်။ စက်ယဉ်သွင်းနှင့် မြင်းခင်းဘောင်ကို၊ မင်းမင်းတန်ဆောင် ထွက်စံသိမ်းလို့၊ အောင်ကိန်းသံညို သျှန္တီမန္တာန်၊ တြင်းသီဖွဲ့ညံ၊ ဗြာဟ္မာဆက်တဲ့ ရက်မြတ်မှန်ဝယ်၊နက္ခတ်သကြန်ခေါ်မြဲခါပလေး။ ။

---

## ၁၁။ တပို့တွဲလဘွဲ့

နှင်းရည်ဖျန်းခြေ ထန်း လေလှို့သည့်၊ ချမ်းစေ တမုံ့ ကုမ့် နဂိုရ်၊ ဆန်းပွေတပုံ့ မှုန့်အညိုဝယ်၊ မအုံ့ သလို ခိုရောင်ညွန့်၊ မပီကလာ့ ပီကလာငယ်၊ ပလီပလာ နတ်ညှင်းသံကကွန့်။ တမာထွက်စ ကျေးဝတ်စံသည်၊ ဆွေးညွှတ်တဖန် ကြုံဟန်လွန့်၊ ပေါက်လဲငုံတံ-ဂုဏ်လျှံ့ဖွံ့လို၊ စုံယံတသွန့် ခေါင်တံခွန်၊ ချိန်မင့်တာရီ မာဃီစန်းတို့၊ တညီစိတ်ဝမ်း တည့်မွန်းထိန်ထိန့်ဌာန်။ ယာဂု ပွဲနှင့်တင့်ကဲလွန်အောင်၊ မီးပုံးတော်မွန် သာသည်သို့ထက်၊ တာရှည်တကိုယ့် လုံငြမ်းမမြင်၊ တုန်ချမ်းထွေစွအင်၊ ဂိမ္ဗလှို့တဲ့-မိန်ဘုံ့ခွင်ကို၊ ဂင်္ဂုန့်သခင် ကြွမြန်းပါတော့လေး။ ။

---

## ၁၂။ တပေါင်းလဘွဲ့

မြသွေးအခံ ပင်ယံပိမ်းမှာ၊ ရွှေလိမ်းပြန်ကြ ဂုဏ်တပြိုင်၊ သွေ့ယိမ်းဟန်ပြ ပုံအကိုင်ဝယ်၊ လေသိမ်းမခိုင် ကြွေစလု၊ မရီတခါ့ ရီတခါရယ်၊ ကလီကမာ ညိုမင်းလွင်သို့စု။ ကြိုင်ကြိုင်သင်းပျံ့ အင်ကြင်းချီသည်၊ ပင်မင်းရွှေဖီ ခါရတု၊

ပြင်ကွင်းပြိုပြို လောင်စာနုနှင့်၊ တောင်ယာအပြု ခေတ်တပုံ၊ ပုလဲရောင်ဝေ သောင်သော့မေ့မှာ၊ မောင်ဆွေမယ်ကြော့ ငှက်ပေါင်း ညီလာစုံ။ ဖြေမရဲပ ကြေကွဲကြုံအောင်၊ ငွေသဲစိန်ခုံ စေတီဆင့်လို့၊ ဘာရဂူဏီပွင့် ယုန်နှင့်ချိန်တာ၊ မိန်ဦးသာတင့်စွာ၊ ထေရ်ကာဠုဒါ့ကြောက်ဖွယ့်လျာငယ်၊ ခြောက်ဆယ့်ဂါထာ စီကုံးပေရလေး။

(ရာသီဘွဲ့-ရှစ်ဆယ်ပေါ်များ ပြီး၏)

---

## ၁၃။ ဦးပုညရေး - ရှစ်ဆယ်ပေါ်တေးထပ်

နန်းရံတရာ ပဏ္ဏာခ၊ မန်းမန္တလ ဘော္ဂရိပ်စံ၊ စန်းစန္ဒရ ငွေဗိမာန်လို၊ ပင်ရွှေထိပ်ပန် ယဉ်မျှော့ပန်း၊ ဂုဏ်ထူးကေလျော့ တကြော့မှန်ငယ်၊ မဟော့်သက်နှံ တော်လေး အမရာ့ငြိမ်း။ ။ကပိုကရို့ သူ့အမူငယ်၊ ဇမ္ဗူ့မတူ ပြိုင်သူလျှမ်း၊ အမူ့အယူ လိုင်ကြူပန်းသို၊ ဆန်းဆိုသမျှ ခေါင့်ထက်ခေါင်၊ ရှုလေယဉ်လေ မြင်သူငေး၊ ခင်လေးခင်ခင့် ယဉ်လေးယဉ်ယဥ္ဆ ယဉ်တတ်ပါတဲ့နောင်။ ။ပန်းချီရှုံးတဲ့ တော့်ဖုန်းခေါင်ငယ်၊ တကြော့ထုံးနှောင် ကေသီလျော့နှင့်၊ သုံးတောင်ထွာကြော့ ရော့ရွှေကေခိုင်၊ ပိတုန်း မင်ညှန့်ဆိုင်၊ ပုံစံရှားတဲ့ သိကြားမှိုင်ငယ်၊ သနားပိုင်ပိုင် ခံစမ်း ချင်လှလေး။ ။

---

## ၁၄။ အချုပ်တန်းဆရာဖေရေး - ရှစ်ဆယ်ပေါ်

သုံးသိန်းသုံးသောင်း လေးထောင်ထိပ်၊ နှစ်ကျိပ်ရှစ်ဆက် မဟာဝင်၊ အတိတ်ဖြစ်ပျက် ကမ္ဘာတွင်အောင် ဘယ်ဆာဇာပင် မစံမြန်း၊ လေးဆယ်ရှစ်ရပ် ပြာသာဒ်ရံသည့်၊ နတ်ဝိသုကံ သစ်လင်းဖန်သည့်နန်း။ ။အိုင်ရေနဝတတ် နှုန်းတန္တိလို၊ ရွှေကျုံးဂမ္ဘီ ကာရံသန်း၊ ပြည်ကြီးမှန်ဘောင် လောင်ကာမန်းနှင့်၊ ရွှေတောင်ရွှေနန်း ကြက်သရေ၊ ရွှေလောင်း ရွှေလှေ ထွေထွေယှက်၊ တေဇော်ရွှေစက်ရေလကျ်ာရစ်ခွေ။ ။ရတနာဘုမ္မိ တိုင်းဌာနေကို၊ သမိုင်းစာရွှေ ထိန်ထိန်လှစ်လို့၊ နေဂ္ဂုနှရာဇ် နတ်ရှင်ခေတ်ပေ၊ အံ့မျိုး သာလို့ထွေ၊ ရွှေနန်းစံသက် မဂ္ဂဒေလို၊ ပုံတောင်းစက်ရွှေ ဆိုက်ပွဲခါဖြုလေး။

**မှတ်ချက်။** ။ငင်းတေးကို မင်းတုန်းမင်းဘုရား ရေကင်းလှည့်တော်မူရာတွင် ရေးသားဆက်သွင်းသည်ဟုဆိုသည်။

## ၁၅။ ဆရာဦးပြုံးချိုရေး ၅၂၈-မေတ္တာခွဲပုံ ရှစ်ဆယ်ပေါ်

ငါးရာ့နှစ်ဆယ် ရှစ်ဖြာပြ၊ မေတ္တာဗြဟ္မ စရိယာ၊ လုစ်ကာဓမ္မ ရှိအလာကို၊ မသိရှာသူ မှတ်စေသား၊ အနောဒိဿ ငါးသခ်ျာမှာ၊ ဩဒိသ် သတ္တာ နှစ်မျိုး ရေ၍ထား။ ။တကျိပ်နှစ်ယောက် စုဝေးလာသော်၊ တု့လေးသဒ္ဒါ မြှောက် လျက်ပွား၊ ရှုရေးတခါ·ထောက်လျက်မှားဘု၊ အောက်ထက်နှစ်ပါး ရှစ်ဌာနီ၊ ဆယ်ခုသခ်ျာ ကော်ကာတမ်း၊ ပေါ်လာဂဏန်း လေးရာ့ ရှစ်ဆယ်ညီ။ ။ဒသာ အရပ် ကပ်မမှီတယ်၊ ဌာစတ္တာလီ တဖန်လောင်းတော့၊ အမှန်ရင်း ငါးရာ့ နှစ်ဆယ်၊ ရှစ်ပါးရေတွက်ဖွယ်၊ နတ်လူချစ်လို့ အပြစ်ကွယ်သည်၊ အနှစ်သဖွယ် တရားပေမို့လေး။ ။အပ္ပနာတိုးလို့ နိုးခဲ့ပါလျှင် အကျိုးဆယ့်တဖြာ ရောက် အုန်းမယ်ပလေး။ ။

---

## ၁၆။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရေး-ဖိုးဝန်းတောင်ဘွဲ့ ရှစ်ဆယ်ပေါ်

မဟာဂနိုင် ဖြာဆိုင်ဆိုင့်၊ နံသာကြိုင်လှိုင့် ရွှေဝန်းတောင်၊ ကမ္ဘာတိုင် တိုင့် နေထွန်းပြောင်သလို၊ ပရမေကျွန်းဘောင် တောင်ညာခန်း၊ ကပ်ဦးတည်စ အာဒိခါတွင် ဗြာဟ္မာ လှည့်ကာ ဖန်ဆင်းပါတဲ့နန်း။ ။သံ-ဂုံ-ပ-မ ဖျားသျှင် တော်ငယ်၊ တရားရှင်ပျော် ပျော်စံမြန်း၊ ဘိညာဉ်စကြာ ယမိုက်ပန်းနှင့်၊ အမြိုက် ကြင့်နန်း ဆင်တဲ့နယ်၊ ဂန္ဓမာတောင် တူပြိုင်ထား၊ ဂူလိုဏ်ကပါး အများ ရေနိုင် ဖွယ်။ ။ဆင်းတုတော်မြတ် သောသောကြွယ်သည်၊ပေါ်တယ် များတယ် အသာ ဆုံးမို့၊ တကမ္ဘာလုံး ညွှတ်နူး အောင်ပလေ၊ ထွတ်ဖူး ခေါင်မျှော့ပရမေ၊ သျှင်မိ တေးယ နောက်ပွင့်ချေသော်၊ခြောက်ဆင့်အသရေ ရောင်ယှက်ဖြာလိမ့်လေး။ ။ သျှင်ပစ္စေက များသချေ်ငယ်၊ တရားမြင်စေ ဂူအောင်းရာပလေး၊ ။

---

## ၁၇။ ဝေါကြီးမှူးဆို-နိဗ္ဗိန္ဒရှစ်ဆယ်ပေါ်

ဝိသုံဝိသုံ ငြိဆုံရသည်၊ တိဘုမ္မက သင်္ခါရေ၊ ရှိကြုံသမျှ မြင်ရာတွေကို၊ မခင်သာချေ ဘယ်သန့်ရှင်း၊ ချုပ်လျှောရှည် မစောင့်၊ ပုပ်ဖေါမည် တမှောင့်၊ ရုပ်ချော ကြည်အဖြောင့် သနားစရာကို မြင်သော်၊ ဇယား မရဏာတွင် ကွက်ပြီး မှုန်ပြသွင်း၊ အများတကာပင်ပျက်စီးပြန်ရခြင်း။ ။လောက်ပိုးအတိပ၊ ဖေါက် ထိုးကလိကြ၊ ကြောက်စိုးမချိစရာ့ နွံညစ်ညှိတွင်၊ ကျုံနစ်ကာသိ ယောင်ဇွတ်ဆင်း၊

ရှုံပစ်မသတီ နှောင်ညွှတ်ကွင်းမှ၊ မှောင်ဝဠ်အတွင်း ပျော်မွေ့ပုံပျူငှာ-မူရာအူမှာ ဆွ၊ ရူပါရမ္မဏာ တကွ ငါးအာရုံ၊ သူထာဝရ ဘဝများစွာထုံ။ ။မိုက်ဆိုးမလေ့-လိုက်တိုးမမေ့၊ စိုက်ပျိုးသရွေ့-မျိုးစေ့စုံပြီ၊ ခိုးငွေ့မကုန် ပါဝင်ကြသမို့၊ မဟာအသင်္ခတ ကျွတ်တမ်းမြင့်ညာ၊ လွတ်လမ်းခွင့်မသာ၊ စစ်ကျုံးတွက်မငဲ့၊ ရစ်ထုံး ဆက်အဖွဲ့၊ ချစ်လုံးမက်စဖွယ့်၊ မြူချော့လာသလို၊ ထူတော့မာယာ ငင်ဆွဲဟန်သို့လေး။ ။ ငါးခန္ဓာ ပဉ္စက၊ ခြားမကွာ စဉ်ခဏ၊ ပွါးတဏှာ ယှဉ်သမျှ အပေါင်း အစိတ်ကို လွှာလျှင်၊ မကောင်းအနိဋ္ဌာ ဆင်ကွဲဖန်လို့လေး။ ။ခက်ခဲ သတိပဋ္ဌာန၊ နက်နဲ အဘိဓမ္မာနယ၊ လက်လွှဲတြိဘဝါသဝ၊ ပြတ်ထွက်ပါအောင်၊ မြတ်ဓမ္မစက်ရတနာ တွင်မြဲရန်ဖို့လေး။

(ရှစ်ဆယ်ပေါ်များပြီး၏။)

# ဒိန်းသံ၊ ရေကာင်းသံ၊ နှာဝါသံ၊ လှေတော်သံ၊ စည်တော်သံနှင့်ကရင်ဩသံများ

## မြဝတီမင်းကြီးဆို-ဒိန်းသံ

သုံးရွှေမျှားလယ်၊ ယဉ်ကြော့မှူးပိုင်၊ ကြိုင်ကြိုင်လှိုင်လန်းပါသည်၊ ကြာနန်းနတ်မယ်။ ။သင်းကြွယ်ပျံ့ကြူ၊ ဘယ်ဖန်တော်ရေးလေသိ၊ အို - ဖေါ်ဝေးသူငယ်လေ။ ။ကန်ယဉ်ရေငယ်နှင့်သာ၊ ပျော်ဖွယ်စေ၊ သပြေလကျော၊ ရိပ်ဖြူငယ်ကျင်းပါတဲ့၊ မင်းမင့်တရော။ ။ဆယ်ဖြာညွန့်ငယ်၊ တင်ဆင့်ဖူးလို့၊ ရှိဦးရွှယ်၊ နှောင်းမယ်နတ်ကို၊ မျှော်မရဲနိုင်နှင့်၊ သဲညွတ်ပြိုငယ်လေ။ ။မယ် - ညိုမောင်ငယ်နှင့်သာ၊ ရွှေတောင်ဇော၊ လရောင်ပြက်ကာ၊ ကြိုင်လှိုင်သင်းပါတဲ့ ခင်းစက်ရာ၊ မြော်ပါရက်ကယ်၊ငွေလျှံယိမ်းမှ၊စိမ်းမက်တယ်ငယ်လေး။ ။ဖန်ဆယ်တွေးငယ်နှင့်သာ၊ဖြူပြာညိုရွှေနှင်းငွေပက်ပါ၊ မဆင်ဘဲနှင့် တင့်ရဲရွှာ၊ မိုးပြာမဲ့ငယ်၊ ရိုက်ဆော်ကာ ကြိုးပါလို့၊ အိုညိုးရက်တယ်ငယ်လေ၊ တိမ်သွယ်ခွေငယ်နှင့်သာ၊ ကန်ယဉ်ရေ။ ။စေညွန်းဘယ်ရွှေခွန်း၊ နွဲ့မူရှမ်းငယ်ချိုသံသာ၊ မြသွေးငယ် ရွှေလည်ညှာ၊ စံသိင်္ဂါနန်းလွဲဖွား။ ။စိုးဝေယန်ဖျား၊ ဖန်တော်ထားမျှားရွှေညီ၊ တင်ဦးငယ်စုံစုံချို၊ ကြိုင်လှိုင်ညွန့်ဖူးယဉ်ရွှေညီ၊ တာရာသိနန်းငွေလား။ ။

**သဖြန်**။ ။အိုသိမ်းတတ်ပြီ၊ ကေသီ လျော့လျား။ ။ချစ်သက်ကယ်ဖေါ် ပျော်နှောင်သည့်၊ ဖိုးခေါင်သာညီမှုငယ်မှာ၊ ကြွေလူဖွယ့်သား။

---

## ရင်းဆို-ဒိန်းသံ

ကန်ရွှေမြေငယ်နှင့်သာ၊ယဉ်ရွှယ်ရေ၊ သွင်းလေပက်ပါ၊ မှုန်ငွေနှင်းဝယ်ပ၊ သန်ကြွင်းရောရာ၊ ချမ်းရှာလိမ့်မယ်၊ ညီနှောင် နန်းငယ်နှင့်၊ တောင်မန်းနယ်၊ ဖန်မလွယ်ဆွေးဖွယ်လေ၊ တိမ်သွယ်ခွေငယ်နှင့်သာ ကန်ယဉ်ရေ။ ။ဖူးရွှေညွှန့်ခြုံ၊ သင်းလှိုင်ပျံ့ညီ၊ ဘယ်ကာသိတိုင်းငယ်မှ၊ တိမ်လှိုင်းဝတ်မှုံ။ ။မလုံရက်တယ် အိုဖေါ်ကွာဝေးသူတို့၊ ကြုံဆွေးဖွယ်ငယ်လေ၊ သည်ရွှေဘွေငယ်ကသာ၊ ဖန်ဖန်ကြွေ၊ ခက်ဝေတံနွဲ၊ ဝတ်ရက်ကယ်ထုံ၊ သိုက်မြုံထဲ၊ ပေါက်လဲငယ်ရွှေလျှံ။ ။မောင်မယ်ကျေးငယ်တို့၊ချစ်ကျွေးနှုံ၊ ခွါပုံဘယ့်နှယ်၊ ရှင်းနိုင်ပါ့မယ်လေ၊ သောင်သာ ငွေငယ်ကသာ၊ ပျော်ဖွယ်စေ။ ။ရေခင်း၊ ဖေါ်ရွှေချင်း၊ ရွှေပိန်ညင်း

ငယ် ဟသ်ာမယ်၊ ချစ်တင်းငယ် ပြိုင်ညီလှယ်၊ စံစမ့်ယ်ကြူကမျှား။ ။ဖုန်းကိုယ်တော်စား၊ ဖန်တော်ထား များစွာပြီ၊ တင်ဦးငယ် စုံစုံချီ၊ ကြိုင်လှိုင် ညွန့်ဖူးယဉ်ရွှေညီ၊ တာရာသီနန်းငွေလား။ ။

သဖြန်။ ။တိမ်မြင့်မိုးယံ၊ ဘုံသဟံ ရွှေညီလာက၊ ဘဝဂ်ညာကျော်ကျော်ဝှန်လို့၊ ဆယ်သံလွန်ကြား။ ဖလ်ခိုးငယ်စီစီနှင့်၊ ခိုင်ရွှေဖိ ညှာအကွန့်ငယ်မှာ၊ ငွေနှင်းညွန့်ပွါး။ ။

---

## ဒိန်းသံ

ဆယ်ဆယ်ရောင်ဖြာသည်နှင့်သာ၊ ပယ်ပယ်မှောင်ခွါ ×၊ ရှိကြာ-ရှုက်ဆင်သံကြီးငယ်ဖြာ × ဩဘာတော်ထူးပေမို့၊ မျှို့ဦးထက်ခွင်၊ ×၊ နေသွင်စကြာ၊ ပုံတောင်းဖလ်ရှိန် × ဆိုက်ခါချိန်နီးပြီမို့၊ အံ့ချီးစေရာ။ ။ရွှေဗျာမိန့်ရည်၊ နတ်မူးမန္တာ × ဘုံဖြာဟမ္ဘာမိုးငယ်က၊ ရွာကြိုးစွေရည်×လဲ့လဲ့ငယ်ကြည်၊ နတ်စည်သွန်းခြေ-ဘိသေလားငယ်လေး × မန်းဂူန္ဒာဆွေငယ်နှင့်သာ၊ လျှမ်းသိင်္ဂါတွေ၊ ရွှေပေါင်း-ဝန်းရံပျောင်း၊ တော်ပျော်ကြောင်း ပန်ဆင်ကာ၊ အောင်သံရိုက်-နှဲမင်္ဂလာ၊ ရွှေတေဇာဘုန်းပွင့်လန်း။ ။ထီးရာနေနန်း၊ ခွန်ခြေမြန်း စိုးပိုင်ယူကျော်သောင်းငယ် နယ်ဇမ္ဗူ၊ ဒီပါအောင်ခန်း မန်းမြေငူ၊ ဟိန္ဒုဂူစိုးရမှန်း။ ။

**မှတ်ချက်။** ။ဤကား ဒိန်းသံဟု မြန်မာများသိဆိုကြသည်။ ထားဝယ် ဒိန်းသံမှာ မြန်မာမှာ ရေကင်းသံခေါ်သောအသံနှင့် ခပ်ဆင်ဆင်တူသည်။ စာကိုယ်မှာ။ ။အိုဒိန်းဒိန်းရှင်ဒိန်းဒိန်း၊ ရွှေဝယ်သူများရေခပ်သွား၊ ရဲစားကိုယ်စီ ထားခဲ့ပြီ၊ ထားခဲ့ပြီလေနော်မည်ငေး။ ။အိုးတောင်ပံ-ရှင်တောင်ပံတောင်ပံမတ်စောက် မတက်လောက်၊ အောက်ကကွမ်းယာ ရွှေဖလားနှင့်ပူဇော်ပါ-စသည်တို့ဖြစ်သည်။

(ဒိန်းသံများပြီး၏။)

---

## ဆရာဦးပွုံးချိုရေး-မြန်မာပြည်
## ဩဒိဿမေတ္တာ-သုံးထပ်ဖြည့်ရေကင်းသံ

မြန်-နိုင်ငံပြည်ကြီး၊ ရန်မီးပျောက်ကွယ်သွေ၊ ပန်းကြာရေလန်းပါစေ× များဝေနေ လူပေါင်း၊ ကြည်သာ ချမ်းမြကြောင်း×၊ မေ့သကို ဧချိုလေးဗြဟ္မစိုရ်-ထုံပေါင်း၊ အောင်စေညောင်ရေလောင်း ×၊ ကုန်ကြောင်းလေခဝရီ၊ သာဓုအောင်ဘေရီ၊ ဝေးသင့်ပြီ ဧသင့်ပြီ။ ။ဖြန့်သည်-ခန့်ရည် မြန့်ပြည်သာခန်း၊ မေတ္တာဩဒိသ်ပန်း ×၊ အနိဋ္ဌာ-ဆိတ်ကာ-စိတ်မှာရွှင်လန်း၊ သော်တာ သစ်သစ်

ဆန်း၊×၊ ကုန်ခန်းလေမိစ္ဆာ အဝေးသို့ပြေးလို့ခွါ ကင်းလွင့်ကွာ-ရှင်းလင့်ပါ။×၊ ဥက္ကဋ္ဌာ-ချုပ်ချာ-ဗုဒ္ဓါ-သျှင်ရှင်း သာသနာထွန်းလို့လင်း ×၊ ထောင်နှေ-မှောင်ခြွေ-ရောင်ဝေကြည်ရှင်း၊ နတ်ပြဟ္မာ မြတ်အမတာချဉ်း၊×၊ လွန်မင်းလေ ဒါန၊ သီလ ဘာဝနာ မျှားဥဿာ အားထုတ်ကာ၊×၊ အရေးသာ-ဧးစရာ-လေးဖြာ-စက်ကောင်း၊ သုရာဇာစိုးအုပ်ကြောင်း×၊ ထွေဇနာ-အဝေရာ-ရေကြာစုံပေါင်း၊ ချစ်စွာမေတ္တာလောင်း ×၊ ထက်ကောင်းကင် အာကာပြိုးပြက်-ကြိုးလျက်သာ၊ သွန်းချကာ မွန်းမျှရွာ ၊×၊ သတ္တာ-ခေတ်မဟာ-မြတ်ရတနာရွှေမိုး၊ ကြိမ်ကြိမ်လျှမ်းလို့ဖြိုး ×၊ လူ့ရွာ သုဇနာ ကုသလာဂုဏ်တန်းခိုး၊ နတ်ပြဟ္မ မြတ်အသရေတိုး ×။ ။ဖြန့်မိုးလေပစ္စူ၊ လောင်းနတ်ဗုဒ္ဓဂူ၊ သိမ်းမြန်းယူ - ကိန်းခန်းဟူ။ (မြန်ဇမ္ဗူစံတဆူ ၂) စကြာပျံ့ပုံတောင်းဆိုက်၊ တုန်ညောင်းရိုက်ဆူ၊ စိုးတော်မူ၊ မိုးတော်မူ၊ ရွှေပြည်သူအောင်ပန်းဆင့်၊ ဖေါင်နန်းနှင့် နေ့ာင်လှံခွင့်၊ သောင်ကမ်းမြင့်ပြည်နိဗ္ဗူ။ ။

**မှတ်ချက်။** ။၎င်းသီချင်းမျိုးသည် ရေကင်းလှည့်ရာတွင် ဗုံတောင်၊ မောင်းတို့ဖြင့် တီးမှုတ်သော် လွမ်းဖွယ်ရှိလှ၍၊ ရေကင်းသံခေါ်ဝေါသည်။

---

### စလေဆရာကြီး ဦးပုညရေး - မန္တလေးရတနာပုံနေပြည်တော်သို့ မြမန်းစကြာသဘော်တော်နှင့် ဒူးရင်းတော်ဆက် ဆန်တက်သည့် နာဝါသံ

(၁) မန်းမြစကြာ၊ မြစ်ရောလမ်းမှာလေလေ့၊ ဥဒေါင်းပျံကာ သန်းပါလို့၊ စံခန်းကွေ့မြစ်၊ ဒူးရင်းတော်ဆက်ကိုလေလေ ဆန်တက်မည်ရေး။ ။

(၂) နေ့ရက်မကြာ၊ ပြည်ဟံသာစွန်းက ဖြန့်ချီ၊ ခရာစုံနှော့ရှက်ပွေလီ၊ မိုးချုပ်နာရီ၊ ဆားမလောက်ဆီ မြင်ပြီပဲ။ ။

(၃) အိုသည်ကန္ဒပါလို့၊ ဆင့်ကဲခု ခုတ်ပြန်လေလျှင်၊ ထွက်လုမြစ်ပြင်။ ။

(၄) မိုးမသောက်ခင်၊ မြစ်ပြင်အကူးမှာလေလေ့၊ ကပ္ပိမာလိန်မှူးငယ်တို့ကြည်နူးဖွယ်ပ၊ ရောက်လွယ်အောင်ခဲကြတယ်လေး၊ အိပ်ဘဲသူနိုး။ ။

(၅) တိတ်ခိုးကြံစည်၊ လင်းရောင်နီ လောက်ကခုတ်ပြန်၊ မြစ်နဒီ အုန်းကြွက်ဆူညံ၊ မိုးဘဝဂ်လျှံ စက်ရဟတ်သံ ညံခြိမ့်သဲသဲ။ ။

(၆) ကနောင်အောက်ဆွဲမှာလ၊ကျောက်စွဲကြ ညခြောက်နာရီဆိုင်းအိပ်ခဲ့ပြီ။

(၇) ဆန်းတက်အညီ၊ ပုဏ္ဏမီသုံးကိုလ၊ ကြယ်နီထွက်ပေါ်တုန်းတွင်မှ၊ ရှင့်ဘုန်းတော်ကြောင့်၊ စက်ကုန်အောင်နှိုးတယ်လေး၊ သူကြိုးစား။ ။

(၈) ထားဗျာဒိဟာ၊ ခေတ္တရာတိုင်းသို့ ရောက်သော်၊ ပါကုန်သည်ပေါင်းတို့ ပျော်ပျော်၊ ထင်းတင်ကြနော်–သုံးပဟိုရ်ဆော် ညံသဲသဲ။ ။

(၉) နှစ်နာရီသွားသော်ကြောင့်၊ ရေဖျားက စလုံထွေထွေ – စွဲကျောက်ချနေ။ ။

(၁၀) လေးရက်မှန်စွာ၊ စလုံရွာ ထွက်ကိုလေလေ့၊ အိမ်ခေါင် ဗဟိုထက်ဆီက၊ ရွှေကြက်ပါဒ-မြေကိုဆင်းတယ်နော်ကွယ်၊ စက်မီးစုံနှင်း။ ။

(၁၁) ဖြိုးမြင့်သီခေါင်၊ ဖိုးဦးတောင်ရိုးက မိုးပြာ၊ ဆီးပိတ်ကာပျိုးတဲ့ ဒေဝါ၊ မိုးအမှုန္တာ ငြိုးမာန်သောခါ၊ ရွာသွန်းဖျန်း။ ။

(၁၂) မင်းလှဆိပ်ကမ်းမှာလှ၊ ရေစမ်းခု မမြင့်တမြင်၊ ဆိုင်း အိပ်ခင်းပြင်။ ။

(၁၃) လက်ကြားသိမြင်၊ လုလင်ခေါင်ချုပ်ကိုလေလေ့၊ နှစ်ကြိမ်ခရာမှုတ်ပါလို့၊ကျောက်နှုတ်ဖေါ်ကြ ကြေးကြော်ပြီးမှနော်ကွယ်၊ စက်မီးစုံသွား။

(၁၄) မျှားသည်ကြေညာ၊ ပြိုင်ဖက်တော်ရှားတဲ့နာဝါ၊ မျှားဗိုလ်လူပေါင်းတို့ စုံစွာ၊ မန်းမြစကြာ၊ ချီးအုံနိုင်ရာ၊ သာဆင့်ကဲကဲ။ ။

(၁၅) ဆိတ်စာ နေနဲ့လျှင်တဲ့၊ အိပ်ဘဲခု–စလေနဂရာ၊ ထင်းတင်ကြရှာ။ ။

(၁၆) ခြောက်ရက်အမှန်၊ လင်းရောင်လျှံဖြိုးကိုလေလေ့၊ အဇ္ဈာကောင်းကင်ရိုးဆီက၊ တိတ်ခိုးကြံတဲ့၊ မနေသွားတယ်နော်ကွယ်၊ ယောကျ်ားသူရဲ။

(၁၇) လွှဲသွေမရှောင်၊ ကျိုးတော်ဆောင်၊ ထမ်းရွက်စေ့စုံ၊ မြူဆံခြည် ခြမ်းမျှမသုန်၊ နှင်းအပ်ကျွန်ယုံ၊ ရွှေခဲယဉ်ပုံ–ကုန်စုံပေါင်း။ ။

(၁၈) နှစ်နာရီပြောင်းပါလို့၊ စက်ညောင်းမှ ဆမိတ်ခုံရွာ – ကွန်းထောက်တော်သာ။ ။

(၁၉) ကျွန်းရွှေပြုဗွာ၊ ဝိဒေဟာစွန်းမှာလေ့လေ့၊ ဖလ်ဝါသူရိန် ထွန်းပါလို့၊ ကွန့်ယွန်းချိုကြွ၊ ညို့ညို့မှိုင်းတယ်နော်ကွယ်၊ ရွှေကိုင်းတောင်တန်း။ ။

(၂၀) မြန်းထွက်ခုတ်ပြန်၊ ညနန်းယံ့မှီးတဲ့နာဝါ၊ ရွှေဝရဇိန်စက်သို့ပမာ၊ မန်းမြစကြာ၊ နန်းမြို့အောင်ချာ၊ ဦးလှည့်ညွှတ်ကာ၊ ကြာခင်ဘဲ။ ။

(၂၁) နေချိန်မလွဲခင်က၊ အောင်ပွဲရ-ရတနာရွှေဘုံ၊ ဦးညွှတ်ခိုလှုံ။ ။

(နာဝါသံပြီး၏။)

## လေ့တော်သံတမျိုး

## ဦးပုညဆို-ဇနက္ကမင်းသဘော်လွှင့်ခြင်း

ငွေရွှက်ကယ်မှိုင်မှိုင်၊ သုံးပင်တိုင်ထွေဆန်းတယ်၊ ဆောင်ဝေယန်ခန်းမှာ လှ၊ စံမြန်းစမ္ပာယ် လေးသွယ်နှဲ့ သိင်္ဂီရွှေလှေ့ာ်၊ လောင်းတော်သမ္ဘိန်၊ မိဓိလာဘူမိန်ကို၊ ရွှေစက်ရှိန်ဖြိုးမယ်လို့၊ ကြိုးလေကြံတော်ဆောင် ရေဘောင်ဘင်၊ မြင်ဝံ့ဘဲ။ ။

လေဝိုင်းငယ်မှုန်မှုန်၊ လှိုင်းသုန်သုန်ခုန်မြူးတယ်၊ ရေမာလိန်မှူးငယ်တို၊ မှူးဖွေ့ချာ လှိုင်လေးမှိုင်လို့၊ ဖေါင်ပျံနာဝါဝဲမှာဝင်ခို၊ စက်ဝမ်းလှိုင်ရေယိုတယ် ဖုန်းရွှေကိုယ်မင်းရယ်က၊ ငွေလင်းယဉ်ဘုံ၊ ခုန်ကာပျံရန်မျိုးရှဲ။ ။

ညိုညက်ကယ်ပြာပြာ၊ မြမုတ္တာ ခြယ်ရောတယ်၊ မေခလာ စောမယ်က၊ ဘောလေကြံရည်ရွယ်ဆယ်လို့၊ ကြည်ဖြူသာယာပိုက်ကာခြုံရုံ၊ နတ်ရင်ငွေခိုလှုံသည်၊ မာလာငုံ ဖုန်းငယ်က၊ ပြိုးလေစက်တော်ခေါ်၊ ရွှေရင်ပေါ် ပျော်နိုးခဲ။ ။

နွှဲကာငယ်ကြင်ကြင်၊ မြမျက်ရှင် ရောင်ဖြိုးတယ်၊ နီလာရွှေကြိုးငယ်နှင့်၊ မိုးမယ်ဒေဝီလေးချီပွေ့၊ ယဉ်မာယာမှူ နန်းသူရွှေပျော်၊ ဂမုန်းခိုင်ရွှေလှော်ကို၊ ဖြေဖျော်လိုအားငယ်နှင့်၊ ထားလေမျက်ချီချီ၊ ဆိုကာကျူမြှူတုန်းဘဲ။ ။

မှိုင်တိုက်ကယ်သာသာ၊ မြကျောက်ဖျာဖန်ဆင်းတယ်၊ ပန်းဝတ်မှုံသင်းပါတဲ့ ခင်လေးစက်ရာဘောင် ဆောင်ပို့၊ ပျော်အောင်ဒေဝီ ကျူးချီချေင်၊ နတ်ရတုစီမံသည်၊ ဧးယင်ပျံလွှဲပါလို့၊ နွှဲလေသံချီချီ၊ဟိုတိမ်ယံ ပျံကွန့်ဝဲ။ ။

---

## ရင်းအလိုက် သာယာဝတီဦးဝိုင်းရေး-ဇနကချိုး

## လှေ့သံတမျိုး

တိုင်းမိဓိလာ၊ ဇေယျာဘွေ့ စံခန်းဖြေကုန်၊ရွှေဘုံရွှေနန်းကိုတဲ့၊ မြန်းလွှယ်ကူ ယူမယ်လေလေ့၊ မှန်းကြံရည်ရွယ်။ ။စွဲလို့ ခဲပုံခြယ်-သဲတုန်ဖွယ်၊ ပင်လယ်ရေသောင်၊ ကျယ်ဝန်းသီခေါင်ဝေး၊ မျှော်လေတိုင်းကိုလေလေး လှိုင်းဖွေးဖွေး။

ရေးတော်ကုန်မှာ၊ နာဝါရွှေသဘော်ကြံနိုင်၊ ဝဲရေဆိုင် ကြောမှာလှ၊ မျှောလိုရာပါပြီလေလေ၊ သဲညာစီစီ၊ သိုင်းလို့ ဝိုင်းအုံချီ၊ မှိုင်းမှုန်ရီ၊ ရေသီကိုင်ယောင်၊ ရွှက်မနိုင်အောင်ပန်း၊ အိမ်မြှောင်ဦးမှာလေ မူးခွေနွမ်း။ ။

ကမ်းရေပွက်ဆူ၊ရွက်ဖြူလေဟုန် တိုးနံ့ဒေါင်၊တိုင်ဖေါင်ဖေါင်ကျိုးပါလို့၊ ခိုးမှုန်ရီဝေတယ်လေလေ့ ခဲရေလမ်းချိန်၊ ဆွဲတဲ့ဝဲရေရှိန်၊ ရာဟုစိန်၊ မာလိန်မျှော် လှိုင်၊ ရက်ကန်းရေဆိုင်ထဲ၊ မိုးသံချုန်းဘယ်လေး အုန်းသဲသဲ။ ။

လွဲခွာသွေရှောင်၊ နိုင်အောင်ရေဘောင်လှိုင်းသုန်သုန်၊ လေမှုန်မှုန်ဝိုင်းပါလို့၊ တိုင်းပြည်တော် မျှော်တယ်လေလေ့၊ လင်းယဉ်တိုင် ပေါ်မှန်းလို့၊ ရမ်းရည်ရော်၊ လွှားခုန်ကျော်၊ ကိုယ်တော်ရေလယ်၊ ရွှေဟသ်ာ-နှယ်ကူး၊ ကံကိုယ်ိုး တယ်လေး မျိုးများမှူး။ ။နူးကြည်ညိုဖွယ်၊ ကြုံတယ် ပင်လယ်ထဲမှာသာ၊ ကံ ဖန်ရာဘဲကိုတဲ့ စွဲယူတော်သန်တယ်လေလေ့၊ မျိုးဇာတိမာန် မွေးဖရိုက်ရာခံ - ဆံးတိုင်ကြံ၊ ပူပန်စေဖွယ်၊ မုန်တိုင်းပြင်ကျယ်ဝိုင်း၊ အမျှန်ဖြိုးတယ်လေး မိုးလုံး မှိုင်း။ ။

## ဆရာဦးပြုံးချိုရေး–တံငါလှေချင်း

အုံ့မှိုင်းငယ်ညို–လှေအိုလူး၊မြစ်ပြင်အကူး လှိုင်းခုန်မြူး။ ။နွေဦး နွေဦး ပေါ်ခါ၊ လေရူး လေရူးဆော်လာ၊ ကမ်းရေသီတာ ရီပြာမှိုင်း ရေလှိုင်းဖွေး၊ ရေလှိုင်းဖွေး။ ။

ကျောက်ဆောင် နံဘေးဆီက–၂၊ ပွက်သေးနှင့် လည်ကာတဖန် ဝဲက တော့သံ ကြွက်ကြွက်ညံ။ ။အုံးခြိမ့်ခြိမ့်လျှံ ယက် သံ ဆူ ညာ ကြွေး၊ ဖီလာ ထောင်လို့ ပေးပါအုန်း–၂၊ တက်ရေးပြ သည်ရေမော်မှာ ဝဲပြင်ကလှော်၊ ပြင် ကလှော်။ ။သဲငွေသောင်ပေါ် - စင်ရော်ပျံကာဝဲ၊ မောင်မယ်စုံနွဲ့ပါလို့၊ လူ့ နဲ့သို ပျူပျူငှာငှာ - လှိုင်းရေထက်မှာ - နေလျက်သာ။ ။

(လှေတော်သံပြီး၏။)

## ကန္နီမြို့စစ်ကဲ မင်းထင်ရာဇာရေး
## ဟံသာဝတီပါ မင်းကစ၍ မန္တလေး ရတနာပုံနေပြည်တော်ထိ
## မင်းဆက် ရွှေစည်တော်သံများ

( ၁ ) ထောင့်ကိုးဆယ် စွန်းပဥ္စတွင်မှ-ညွန်းဆင်သ ရာဇဝင်၊ ကနက်ဆိုင်ရှစ်ဆူ မိုးတယ်၊ စိုးတဲ့ဘုရင်လေ့။ မြန်နန်းခွင်၊ စံမြန်းတော် ဘုန်း ကြွယ်အင် ကြောင့်၊ သုံးဆယ်တွင် ရှစ်ခုဆောင်းအောင် ကောင်းတဲ့သတိုး။ ။

(၂) မွေးနံတော် ကြာသပတေး၊ တခါမေး ပြန်တော့သည်၊ ရတနာပူရ
တိုင်းကို၊ ဝိုင်းတဲ့စစ်သည်လေ့။ဟံသာပြည်၊ရွှေစကြာတဖန်လည်၍၊မပြန်
ပြီ ကိုယ်တော်စွန့်တယ် နန်းညွန့်တပါး။ ။

(၃) ထောင့်တရာ တဆယ့်သုံးလိုဖြင့်၊ဘယ်တုန်းကမှ ကြုံဘူးပေါင်၊ မြန်မာမှာ
ဒသာချိုတယ်၊ပြေးစို့တော်အောင်လေ့။သမိုင်းဆောင်၊ တလိုင်းဘောင်
ပါတော်မူလို့၊ ခါမြော်သူ အချိန်လင့်တယ်၊ မင်းနှင့်ကွာဝေး။ ။

(၄) ရန်ကြီးအောင် တံဘောင်သလို့၊ တန်ဆောင်လ ပုဏ္ဏမီ၊ လက်ရှုံးတော်
ဖုန်းထိန်တောက်တယ်၊ သုံးကြိမ်မြောက်ညီ၊ ရွှေဘိုစည်၊ မထိတဲ့လူစား၊
မောင်ချစ်ညို မင်းဟန်တုကို၊ သွင်းရန်ပြုရှား။ ။

(၅) မြစ်ရော နောက်မြောက်စွန်းရယ်က၊ တောက်ထွန်းတဲ့ သမ္ဘာတော်၊
မုတ်ဆိုးဘို အမည်မှည့်တယ်၊ ငါးဘွဲ့လှည့်ခေါ်၊ လောင်းနတ်တော်၊
ကောင်းမြတ်ကျော်အခါဝင်၍၊ မကြာခင် ရာမညကို၊ ဘုန်းပြလို့လင်း။

(၆) ငယ်မည်မှာ အောင်ဇေယျလို့၊ သောင်းဒီပ ကျွန်းဇမ္ဗူ၊ မင်္ဂလာသြ
ဘာညွန်းတယ်၊ ထွန်းတဲ့တဆူ၊ ရှုံးသသူ၊ ထုံးဖြူသို့ ကွင်္ကြား၊ ပြည်ဟံ
သာ တိုင်းစွန်ပျက်တယ်၊ လိုင်းမွန်ဖက်သား။ ။

(၇) ထောင့်တရာ တဆယ့်လေးတွင်မှ၊ အလှဲပေး ကံဘုန်းတော်၊ မြန်မာမှာ ဒ
သာကောင်းတယ်၊ ဆောင်းရိပ်ဖြူပေါ်၊ ဥသြအော်၊မည်ခေါ်တဲ့စကား၊
ဘွဲ့နာမံ နာသိဿကို၊ ခွန်းဟတည်ထား။ ။

(၈) အသက်တော် လေးဆယ့်ခြောက်ကယ်နှင့်၊ နံသောကြာ ရွှေသမ္ဘာ၊အနွယ်
တော်ပဥ္စာလ၊ ကျမ်းပြမိန့်မှာ၊ နံ့နံ့အဋ္ဌာ နတ်ငြိမ်းကိုရှင်ပျော်ရှာတဲ့
ထင်ပေါ်စွာ မြေနှင့်မိုးမှာ၊ ရှိုးတော်ကောက်ပွဲ။ ။

(၉) အလောင်းတော် နတ်ရွာကြွရှာလို့၊ မှတ်ပါကြရွေ့ပွဲလာ၊ ထောင့်တရာ
နှစ်ဆယ်နှစ်မှာ၊ သားချစ်ရတနာ၊ ရှစ်ဖြာဟူွာ လှစ်ကာတည့် ခြွေသန်း၊
အောင်ဘိသေ ဥကင်ဖွင့်တယ်၊ ထူးတင်တင့်နန်း။ ။

(၁၀) နန်းတောင်ညာ ရွှေဘုံဖွားပေမို့၊ ယုန်ရထားခသည့်နှယ်၊ မွေးနံတော်
အင်္ဂါနေ့မှာ၊ ဘုန်းမွေ့စမ္ပာယ်၊ သက်တော်ကြွယ်၊ မငယ်ဘု နှစ်ဆယ့်
ငါး၊ အိမ်တော်စံသမ္ဘာရင့်တယ်၊ နန်းမြင့်ဘုရား။ ။

(၁၁) ရေဖျန်းခံ ထုံးသစ်ညွန်းပါလို့၊ ရွှေနန်းစံ သုံးနှစ်စွန်းတွင်မှ၊ ပြိုင်ထွန်းသည့် ထက်အာကာ၊ သောကြာကြယ်လ့ကို ချဉ်းတယ်၊ မင်းတို့ကြမ္မာ၊ ဂြိုဟ်ဒသာ – အိုရှာပေါ့ သည်နှစ်တွင်း၊ တန်းခိုးတော် ပျောက်ကွယ်ပ့တယ်၊ လောကသနင်း။ ။

(၁၂) နှစ်ကောဇာ - သညာပေးခဲ့၊ ပဉ္စာဒွေး ဇော်ကော၊ ဆင်ဖြူ့ရှင် ညီတော်မြတ်ကို နှင်းအပ်သဒ္ဒါ၊ သာသနာ၊ နေဒေါင်းရောင် ရှိန်ပမာသို၊ ဝတီ သာဃ္ဃန္ဒာမင်းငယ်၊ ဆင်းမ့တဲ့ကျိန်း။ ။

(၁၃) သက်နှစ်ဆယ် စွန်းတော်ကျကာ၊ စက်သော်တာ့-ရွှေနန်းစံ၊တဆယ်ကျော်နှစ်နှစ်စွန်းအောင်၊ ထွန်းသည့်အမှန်၊ မွေးတဖန် မွေးနံတော်ဂဠုန်စံလို့၊ ဖြူရှစ်တန် သားတော်မြတ်ကို နှင်းအပ်တဲ့ပွဲ။ ။

(၁၄) ခမည်းတော် သမ္ဘာနဲလို့၊အရာလွဲ ပြန်ခဲ့လျှင်၊ ထောင့်တရာသုံးဆယ်စွန်း ထွန်းသတ္တတွင်၊ ရင့်ကျူးဆင်၊ စဥ္စကူးခွင် ကိုယ်တော်ငင်လို့၊ လိုတော်အင် ရွှေဝနန်းကို၊ မြန်းခဲ့ဘုရား။ ။

(၁၅) ကျားဗျဂ္ဃာ နံတော်နေ့သာပ၊ စံပျော်မွေ့လှူတော်မူ၊ စကိုင်းတွင် လွန်ထင်ရှား၊ ငါးထပ်တဆူ၊ မျှားပြည်သူ၊ ဘုရားကို နောင် ကြည်ဖြူဖို့၊ အောင်စည်ကျူ၊ ထိန့်ရိုက်ကြွေးတယ်၊ ဧးပေရှင့်လေး။ ။

(၁၆) အိမ်တော်ဝယ် တဆယ့်ကိုးတွင်မှ – စိုးခြောက်နှစ် မြတ်နန်းစံ၊ အသက်တော်နှစ်ဆယ့်ငါးမှာ ခြားလို့ပုန်ကန်၊ ဖေါင်းကားဉာဏ် – ကောင်းစားရန် သူအကြံနှင့်၊ ဖြူပြတာန်ငွေ့ရှက်ကွန်းကို၊ ထွန်းပြိုင်စိုက်ငြား။ ။

(၁၇) ထောင်ရာပေါ်လေးဆယ်ပြုလို့၊ ကျော်သုံးခုအခါတွင်၊ ဖေါင်းကားပိုင် ခုနစ်ရက်ကယ်၊ နန်းသက်တော်မြင်၊ ကြမ္မာငင်၊ ရာဝင်ရှိစကား၊ မွေးနံတော်ဇီဝါကြွက်ကို၊ ကျားတက်လို့စား။ ။

(၁၈) နှစ်မကြာ ဖြစ်လာရ၊ ခေတ်ကာလ ဣတံဘောင်၊ မန်ကျည်းပင်တောင်ကိုင်း၊ ဗျိုင်းနားလို့မြှောင်၊ သတိုးဆောင်၊ တန်းခိုးဘော် တပြောင်ပြောင်နှင့်၊ တထောင်မှာ – တဆူဖွားတယ် ဘိုးတော်ဘုရား။ ။

(၁၉) လောင်းနတ်တော် ရှင့်ရင်သွေးမို့၊ ဘထွေးတော် သူကြံစည်၊ အမရာပြည်ပူရ ရွှေးအစတည်၊ အပြည်ပြည် ကြည်ကြည်သ ဆက်နှင်း၊ စက်ရွှေစုံ ကညာရောက်တယ် ဘုန်းတောက်တဲ့မင်း။ ။

(၂၀) မင်းကွန်းဆို သာခုရပ်တွင်မှ၊ ဓာတုဓာတ် စေတီခေါ်၊ ခြောက်ရောင်စုံ မွေတော်စု ဖျားကုသိုလ်တော်လေ့၊ ပြီးမမြော်၊ တထီးပျော် နတ်ခွင်စံလို့၊ စန်းယဉ်ပုံဇာဝါပူးတယ် ထူးတဲ့ဂြိုဟ်သွား။ ။

(၂၁) နတ်ရွာတော်စံပျော်မြန်းလို့၊ ကံတော်နွမ်းညှိုးခဲ့လျှင်၊ ထောင်ရာကျော် ရှစ်ဆယ်တစ်မှာ၊ မြေးတော်ချစ်ပင်၊ စစ်ကိုင်းရှင် တိုင်းခွင်လုံး သတိုး၊ တောင်ညာစံ ဒေဝီလှမ်းတယ် နန်းထက်တန်းခိုး။ ။

(၂၂) တန်းခိုးတော် နှစ်ဆူတင့်လို့၊ ဇမ္ဗူခွင့် နံ့သောကြာ၊ မြနန်းစံဆယ့်ရှစ်စွန်း ထွန်းတဲ့သမ္ဘာ၊ ပြောစရာ ဝေါဟာဖွံ့စကား၊ ရန္တပို စာတော် ချုပ်တယ်၊ ပေါင်းအုပ်လူများ။ ။

(၂၃) သူပုန်ရန်တခါငြိမ်းတော့၊ မည်ဘာစိမ်း မြတ်ညီခင်၊ မရီးတော်စိန်တကုံးကို၊ မုန်းစိတ်တော်ဝင်၊ ပြုံးမရွှင်၊ တို့ဖုန်းရှင် ပြည်ရွှေဘိုသို့၊ ကြည်စေလို ထွက်စံမြန်းတယ်၊ နန်းရာသစ်ရွှေး။ ။

(၂၄) ထောင့်တရာ ကိုးဆယ့်ကိုးတွင်မှ၊ တိုးထက်တိုး ဘုန်းသမ္ဘာ၊ နှစ်ရာကျော် သုံးခုလမ်းမှ၊ ဥက္ကလာ ပြည်တော်နန်းကို မြန်းကြွလည်ရှာ၊ သည်တုန်းခါ၊ ပြည်ကုန်းဘောင် လွန်သာယာလို့၊ ကြည်သဒ္ဓါ ဆုတော်ပေးတယ် ဘိုးတော့်ချစ်မြေး။ ။

(၂၅) နန်းစံတော် နဝါဆင့်တော့၊ ကြမ္မာခွင့် ဆော်နှိုးဖန်၊ ထောင့်နှစ်ရာ ရှစ်ခုထားတယ် သားတော်ပုဂံ၊ သတိုးမှန်၊ သောင်းများ့မယ် ဒေဝီခံက၊ ရွှေညီစံ ရှင့်ကိုဖွားတယ်၊ ခြားလဲ့နေနှုန်း။ ။

(၂၆) ကုသိုလ်တော် ထာဝရပေပ၊ မြတ်လောက ရံသီမှာ၊ အိမ်တော်ရာတည်ခဲ့ဘူးတယ် ထူးတဲ့အခါ၊ ရွှေသမ္ဘာ တေဇာရှိတန်းခိုး၊ ပူးနန်းစံခွန်မရောက်တယ် ဘုန်းခြောက်နှစ်စိုး။ ။

(၂၇) ထောင့်နှစ်ရာ နှစ်ဆယ်ကျလို့၊ ဆွယ်ဇယ နှစ်ကောဇာ၊ လပြာသို ခွါညိုလန်း ဆန်းရက်အင်္ဂါ၊ မြန်းသမ္ဘာ နောင်နန်းလျာ ရှင်နှစ်ဖြာတို့၊ မင်္ဂလာ ခါတော်ရတယ်၊ ဓါးပြထွက်သွား။ ။

(၂၈) နောင်ညီကို ခါချိန်ရလို့၊ နာသိဿ ထွက်လွတ်ပြန်၊ ကျွန်ယုံတော် ဗိုလ်အများတို့ကို ဓါးအပ်လို့နှံ့၊ ခြိမ့်ညောင်းညံ၊ သိန့်းသောင်းဘော် ခြွေရုံ့လို့၊ ပြည်နိုင်ငံ ရေလိုဧးတယ်၊ ဘုန်းတော်ကြောင့်လေး။ ။

(၂၉) ရွှေဘုန်းတော် နှစ်ဆူတောက်လို့၊ ဇမ္ဗူအောက် မိုးမြေပြင်၊ ထီးတရာ ခ ဝပ်ညောင်းတယ် လောင်းသမ္ဘုဒ္ဓင်၊ မြတ်ညီခင်၊ အောင်ပွဲတော် ရှင်စီစဉ်လို့၊ ဒီပဝင် အိမ်ရွှေနှင်းတယ်၊ မင်းမန္တာတ်ထုံး။ ။

(၃၀) မြို့ကုန်းဘောင် နာသိဃ်ရယ်က၊ မန္တလပြည်အောင်ချာ၊ စာရင်းဝင် ဗျာဒိတ်ကြား ဖျားတို့မြတ်စွာ၊ မြေမျက်နှာ နေထွက်ခါပုံပမာသို့၊ နှစ်စုံသာ ဖြာဖြာပြန့်တယ်၊ တိုင်းနှံ့ကျော်ကြား။ ။

(၃၁) ရပ်တော်မူလက်ညှန်ပြလို့၊ ဆက်ခွန်သ ထီးတရာ၊ အပြည်ပြည်ပဏ္ဏာကြို နန်းမြို့တည်ရာလေ့။ ကံသမ္ဘာ မြတ်ဘုန်းတော် ကူဖန်လာလို့၊ သူစံရာ ရွှေပလ္လာကို တင်းမာန်ပြုဆင်း။ ။

(၃၂) ရတနာပုံ ရွှေမြို့ရယ်ဟု၊ စုံစေဖို့ မော်ကွန်းဆင်၊ သယမ္ဘူဆုပန်မိုးတယ်၊ ကြီးဉာဏ်တော့်ရှင်၊ မဟာဝင်၊ သီရိရယ် ဓမ္မာသွင်သို့၊ ယနာတင် ပဌမကို နှင်းသလှူပွဲ။ ။

(၃၃) စိန္တေယျာ မိန့်တော်လွှတ်ကြောင့်၊ ရှစ်ခသောင်းထွတ် မြတ်လေးထောင်၊ ကပ်ကမ္ဘာ အရှည်ထွန်းအောင်၊ ညွှန်းပြုလုပ်ဆောင်၊ ကျောက်အရောင် တောက်ပြောင်လို့ထိန်မြူး၊ မြစကျင် ဖြူစင်ညက်မှာ၊ ရေးတင်ချက်ထူး။

(၃၄) အိမ်နိမ့်စံ နှစ်ဆယ့်ကိုးရယ်နှင့်၊ စိုးခြောက်နှစ် – နှစ်ဆယ်သာ၊ ရွှေသက်တော်ခြောက်ဆဲ့ငါး၊ လားတဲ့နတ်ရွာ၊ နံအင်္ဂါ၊ နိမိတ်တော်ထင်စရာပ၊ ပြဿဒ်ါနေစက်သွားမှာ၊ ချားလည်သို့ယွန်း။ ။

(၃၅) ခမည်းတော် နတ်ရွာမွေ့တော့၊ သားအိမ်ရှေ့ ဆောင်နန်းစံ၊ ဓမ္မခန် ရွှေစာပေါင်းကို လောင်းနှစ်ထပ်ပြန်၊ မတ်ပေါင်းရံ၊ နတ်မောင်းစည် တညံညံနှင့်၊ ပြည်နိုင်ငံဇမ္ဗူသိမ်းတယ် ငြိမ်းပေ့ရေး။ ။

(၃၆) နေနွယ်တော် တဆူစစ်ပေပ၊ ဇမ္ဗူရစ်ရွှေနန်းစံ၊ ဒေဝီခံစုဘုရားကို အားပြုရပြန်၊ ဝေချုန်းလျှံရွှေဘုန်းတော် ကူဖန်လို့၊ ဖြူဆဒ္ဒန်စက်ရွှေခတယ်၊ သောင်း ရွှေမျှော့မှူး။ ။

(၃၇) မြနှင့်ရွှေ ဂဟေဆင့်လို့ နေနှစ်ပွင့် စံတော်မူ၊ ဝေနေယျာ လွန်သနားတယ်၊ သားနှင့်အတူ၊နေတဆူ - သဘောတော်လွန်ကြည်ဖြူ၍၊ ပြည်ပြည်သူ မေတ္တာဆက်တယ် နန်းတက်နှစ်ပါး။ ။

(၃၈) လောင်းဝေသန် အလှူထုံးသို့၊ တူတန္နန်းဆိုသင့်တယ်၊ ရှင့်ဘေးတော် ပင့်ဆောင်မြန်းတယ်၊ နန်းပြာသာဒ်လယ်၊ တန်းခိုးကြွယ်၊ ကိုးကွယ်တဲ့ ဘုရား၊ မြတ်မဟာ - မုနိထူးကို ဦးခိုက်ညွတ်တွား။ ။

(၃၉) ဇေတဝန်ဝေယန်မြင့်၊ ခြေစံတင့်လှူတော်မူ နတ်ပြာဟ္မာ သက်သေထားတယ်၊ မျှားသိရှင်လူ၊ ပြည်နိဗ္ဗူ စိတ်တူပရွယ်မှန်း၊ နှစ်ဆူပြိုင် ပါမိဖြေ့ တယ် သုံးရွှေကြင့်နှန်း။ ။

(၄၀) ချီးအမြွှာ် မှန်ပြုထားပါလို့၊ သို့မ်းတော် ကမ္ဘူဖွားတို့နှင့်၊ စံစားတော် မူတုန်းပါ၊ ဘုန်းသမ္ဘာ ကံတော်ချို့တယ်၊ ယွင်းလိုကြမ္မာ၊ ပြည်ဟံသာ၊ စံရာတည့်ပါသွား၊ထုံးဆောင်ကာ၊ နှုန်းအောင်ကွန့်တယ်၊ ကုန်းဘောင် ညွန့်ဖွား။ ။

(၄၁) ရွှေနန်းစံ သတ္တာကျလို့၊ နတ်နာဂ ကိန်းမပြောင်၊ မြတ်ရေယဉ် ပင်လယ် လမ်းကို၊ မြန်းကြွယူဆောင်၊ တိတ်တံဘောင်၊ ကြယ်ရောင်ပ မြေနင်း၊ အသူရိန်စန္ဒာဖမ်းသလို၊ နန်းဘုံကဆင်း။ ။

(၄၂) ထောင့်နှစ်ရာ လေးဆယ်ကျလို့၊ ဆွယ်သတ္တ နှစ်အဝင်၊ လတန်ဆောင် ကျော်ကာထွက်တယ်၊ စွန်းရှစ်ရက်တွင်၊ နေအဝင်၊ နံနက်မှာ ဂင္ဂုန်ပင် တဲ့၊ မကြုံချင် ပင်လယ်နန်းကို မြန်းရနှစ်ပါး။ ။

(၄၃) နေနှစ်ဆူ ရှင်နှစ်ပါးငယ်နှင့်၊ သို့မ်းတော်ထိပ်စုဖျားရယ်တို့၊ အမှုသွားအို လိုက်ထာ၊ ရာဝင်တော်မတင်ဝံ့ စိုးရွံ့လှပါ၊ မသက်သာ ရွှေမျက်နှာ စုံနှစ်ဖြာငဲ့၊ ပဒုမ္မာနေရှိန်ကြွေ့လို ချမ်းမြေ့ရှာဘူး။ ။

(၄၄) မြတ်မဟာ မုနိဖျားနှင့်၊ ဝေနေယျာ ပြည်သူများ၊ နှစ်ပါးဖြင့် မမေ့နိုင်၊ ရွှေဗျာသံမိန့်တော်မြွက်တယ် - ခွန်းနှုတ်ဆက်ပြိုင်၊ ဗျာဆူလှိုင်၊ ပူအိုင်လို့ ရှင်နှစ်ပါး၊မျက်ရေတော် စီးဖြာကွန့်တယ် - ထီးရာညွန့်ဖွား။ ။

(၄၅) သို့မ်းတော် ထိပ်စုဖျားတို့၊ သနားဖို့ ဝိပါက်ကြုံ၊ ရွှေနန်းခွင် မစံရတယ်၊ မြန်းကြွ ခြေစုံ၊ ပြည်သထုံ ကြေပုံနှင့် တူလေခြင်း၊ မနူဟာ ထုံးဆောင် လို့၊ ကုန်းဘောင်မြို့မင်း။ ။

(၄၆) မြတ်ငါးထောင် သာသနာ်ညှိုးပါလို့၊ အခါဆိုးကြုံခဲ့ပြီ၊ တကာတော် ပင်လယ်လမ်း၊ မြန်းကြွစက်ချီ၊ နရာရီ၊ ကွာဝေးတယ် ပြည်ဌာနီနှင့်၊ သည်ဝါမှီ ခါတော်ဦးကို၊ ဘုန်းသိရာဘူး။ ။

(၄၇) ရာဇဝင် ဆောင်နိဒါန်းကိုလ၊ နောင်သိလမ်း ဖေါ်ပြဆင်၊ ရှင့်ဘိုးတော် ပြည်ကိုအပ် မှူးမတ်သေနင်၊ လွှတ်ကွန်းတွင်၊ ပြည်ကြီးဝန် ရွှေသဉ်ရှင်ဟု၊ ဗိုလ်သေနင် နေရာလွှတ်ကို ဘုန်းထွတ်သနား။ ။

(၄၈) ရွှေတိုက်ဝန် ဆက်စာရင်းကိုသ၊ စစ်သွင်းတဲ့ ကျွန့်ယုံမှာ၊ သူ့ပုတ္တာဆင့် ကာမွေး၊ မြေးမျှားကျွန်ပါ၊ အစစ္စာ သဒ္ဒါလို့ဘုရား၊ ကွမ်းရေကိုင် ကျွန်ယုံခန့်တယ်၊ ဘုန်းပျံ့နှစ်ပါး။ ။

(၄၉) ကွမ်းရေကိုင် တလီချို့ပြန်လို့၊ ကန္ဒီမြို့စစ်ကဲတော်၊ နောက်တဖန်မြို့ရွှေ ယဇင်း၊ သင်းသေနတ်ပေါ်၊ အရေးမြှော်၊ အတွေးတော် ကေန်သိသော် ကြောင့်၊ နယ်မြို့ရွှာမွေးဇာတိကို၊ ပေးဘိသနား။ ။

(စည့်တော်သံများပြီး၏။)

---

## ကရင်ဩလွှမ်းသံ

(သာယာဝတီ ဦးဝိုင်းရေးသည်။)

တကြောမှောင်ပြာ၊ ကေလာတောင်ခိုးဝေ × ကမ်းခြေဦး ၂၊ အို.... လင်းပြာမှူးတယ်လေး သာထူးထွေ×၊ ဝေးမြေတာမှာ ကွာလေကော၊လေးလာ ဟေ ဩော်ဩ နောက်မူးဝေ၊ ခွန်းသံခြွေရှောက်ကိုင်းမှာ၊ ချိုးကဝိုင်း။ ။

ပလိုင်းကိုလွယ်၊ဆင်တယ်သင်တိုင်းခြုံ ×၊ ယဉ်ပုံသုံး၂၊ အိုဘီလုံးမှာလေ၊ ကြေကုံးစီ၊ ကြိမ်နီချုံမှာ ပျားအုံပေါ်၊ တောပွေလီ၊ ဩော်ဩ မှောင်ခိုးရီ၊ ချောနောင်ညီ ရေးမှာ သဲကဖွေး။ ။

တရေးဖန်ညွန့်၊ လူဝံညိုမဲကောင်၊ တောတောင်ရင်း အိုရဲမာန်သွင်းတယ်လေ၊ ဖေါ်ချင်းနှောင်၊ စီစီလောင် တောကြောင်ချင်း၊ ခင်းရန်ထောင်၊ ဩော်ဩ မျောက်လောင်းကောင်၊ အိုမဲမှောင်ချုံထဲမှာ၊ ယိုလေးဆွဲ။ ။

တကဲသာညီ၊ မြေနီတောင်စောင်းဝယ်၊ ချုံနွယ်တော ။၂။ အိုလင်းမြွေ ပေါ်တယ်လေဝေ ဘောလယ်၊ လာလေယောက်ဖငယ်၊တောင်စောင်းပျော်ဖွယ်၊ ဟိုကွင်းလယ် - တောယုန်ငယ်ရေဆင်းမှာ၊ ဖါးအုံအင်း။ ။

တသင်းဖေါ်ပြိုင်၊ ချေစိုင်ပြောင်မှူးပျော်၊ ခွေးခေါ်လှမ်း ။၂။ အိုလှဲ ကျော်ဖမ်းတယ်လေ၊ နွယ်တန်းပေါ်၊ တွန်ခေါ်သံ ခါကျော်ညောင်း၊ ဒေါင်း ဖေါ်လျော်၊ ဩော် ဩ မြိုင်တောမော်၊ လွှမ်းဖွယ် နော် သာမော တယ် ပန်းကပေါ်။ ။

## ကရင်သြသံ–တမျိုး

မြိုင်တန်းမှောင် ဝေ - လေး၊ တောင်သေလာကြော၊ လွှမ်းဖွယ်နှော၊ သာခွါပေါ၊ တို့တောင်ယာတောမှာ - လေး။ ။

ရှို့မီးထိန်လွင်လေး၊ ကွင်းပြင်လယ်ခင်း၊ ပျိုးစရာရှင်း ရိုးတာကန်သင်း၊ တို့တောင်သူ တို့လေတောင်သူ၊ တို့တောင်သူချင်းရယ်လေး။ ။

လောင်သင်း မြေကြူလေး၊ ရိုးကငူတန်း၊ တဲရာစခန်း၊ လှဲတာလမ်း လုပ်ကိုင်ရာ၊ တလင်းပြန့်ညီစွာ၊ လှေစင်မှာ သုံးချောင်းဆိုင်ကာ၊ မျိုးရိက္ခာလှမ်းတယ်လေး။ ။

တောတန်း တောင်ခြေလေး၊ ဝါးကြိမ်တွေကြော၊ သခွါးဖရုံရော၊ စားမကုန်ပေါ၊ အိုလွန်သာမောဖွယ်လေး။ ။

ဖေါ်နှောစုံလင်လေး၊ နှစ်စဉ်ပျော်မြဲ၊ ရိုးကောက်ပွဲ၊ ဖြိုးမောက်ကဲ၊ ခြိမ့်သဲလို့ဆူဆူငြာငြာ၊ ခေါင်အိုးနှင့်တောင်ရိုးဘာသာ၊ အစာရေစာပေါပေါ၊ တို့ဆီ လွန်ဝပြောတယ် ပြောတယ်၊ အိုအိုယာတောလယ်။ ။

**အထူးမှတ်ရန်။** ။၎င်းကရင်သြချင်းသည် မြိုင်တန်းမှောင်ဝေ တပုဒ်ကိုသာ အသုံးပြုကြသည် အောက်လေးပိုဒ်မြုတ်တိမ်နေ၍ငယ်စဉ်က မှတ်သားထားရှိရကား ဖြည့်စွက်ထည့်လိုက်သည်။ ။

(ကရင်သြသံပြီး၏။)

---

## ရာမချိုး–ဖျင်းချင်ခေတလားသီချင်း

မှော်ရုံ တောနက်မြိုင်မြိုင်၊အကျော်စုံ ရေယုက်ပြိုင်ပြိုင်×၊ခတ္တာလေ ပင်မင်း–အင်ကြင်းဆိုင်၊ အင်ကြင်းဆိုင်၊ ဆပ်သဝါ ထင်လင်းတယ်၊ ဇင်မင်းအခိုင်ဇင်မင်းအခိုင်၊ သင်းထုံပျံ့ကြိုင်၊ ဝင်းမှုံန့်လှိုင်၊ငုံခိုင် ထုံလှိုင် စုံမြိုင်၊ပွင့်ဖူးစီတဲ့ဂနိုင်၊ ပန်းမျှား ငွေသဇင်ခိုင်၊ စမ်းကျရေယဉ်အိုင်။ ။

**တေ:လား။** ။လမ်းသဝေဆိုင်၊ ပန်းဘွေမြိုင်မှာ၊ စမ်းရေအိုင်စ၊ အခေါ်မကုန်၊ အကျော်စုံပါတဲ့၊ မော်ရုံဝပေထင့်၊ ပုံပြနိမိတ်၊ မကွာထီးထီး၊ ကမ္ဘာက မှီးခဲ့တဲ့ -စာကမှည်း လိပ်မှာတော့၊ ကြီးဟိတ်ကယ်ထင်မြင်၊ ပမာမြအဆင်း၊ သမ္ဘာက လင်းပေသည့်၊ ရာမမင်း သခင်နှင့်၊ ကင်းစင်ခြောက်ပြစ်၊ မမေ့သီဟု-လှဒေဝီ အစစ်ကယ်နှင့်၊ ညီချစ်ကဲ့

နာမည်၊အသက်တမျှ၊ လက္ခဏာတဲ့၊ အထက်ကစသည်တွင် ကမ္ဘာ့ဘီလူးမ၊ ရွှေသမင်ယောင်၊ ပွေအင်ဆောင်၍မို့ ၊ မေမြင်အောင်ပြုပြန်တော့၊ လင်မောင်လှရွှေကိုယ်၊ ဆန်းအသွေးဝါ၊ နန်းမွေးစရာကလေး၊ ဖမ်းပေးပါဆိုသောခါ၊ ညာပျို့ရှဲ့စိတ်ကြိုက်၊ ရွှေလေးဒေါင်တင်လို့၊ ရှောင်တခင်လိုက်ပြန်တော့၊ သမင်မိုက်ဖြစ်ဟန်၊ အမူရယ်ဆန်းပြီး၊ သူ့အဖမ်းမခံတော့မှ၊ နန်းစံတမွတ်၊ အချိန်မမှားရအောင်၊ စိန်မြှားနှင့်လွှတ်တော့၊ တအားကျွတ်နေ၍၊ ရန်သူ့ပုန်မီး၊ မာန်ဟုန်ဟီးပြီး၊ သံကုန်ကြီး အော်သော့ခါ။ ။

**တေးဆက်။** ။ညီတော်နားမှာပင်ပင်၊ ဆိလျှော်ကြားလာအင် × ရွှေသမင် သေချင်အောင်ခတ်သည့်ဘေး၊ မသွေလျှင် ကြွေဘွင်နောင်ပြတ်မည့်ရေး ×၊ ညီထွေးနွယ်မဟာ၊ ကယ်ပါ လာသင့်သား၊တွယ်တာညှာချင့်စား၊ စည်းသုံးတန် ရံတား ပန်ကြားကာ၊ ပန်ကြားလေကာ၊ မရှီးဖုန်းလျှံထံပါးက မြန်သွားမြန်သွားစေရာ ၊×၊ မတ်ရွှေသွေးငယ်ရပ်ဝေးတမြေချာ၊ မနေသာသွေ့ခါ× ဟေမဝါ - တောနက်မှိုင်ဝ၊ ပွေဗျာပါ - မောလျက်ဆိုင်ထ။

**တောလား။** ။သြော်- မကြည်နိုင်စွ၊ သည်မှိုင်ဝမှာ၊ ထိုင်ထလို့ငို၊ ဖြေမရှင်သမို့ ၊ သပြေပင်ညို့ကလေး၊ နေဝင်လို့ခိုခိုက်၊ ရင်ဟိုအထက်၊ မလိုချက်ကြောင့်၊ ဖြိုဖျက်မှောက်ရန်၊ ဒသာဘီလူး၊ အမည်ထူးတဲ့၊ ပြည်ဦးစံက၊ ကြူးဖန်သရုပ်၊ အချောတမှေ့၊ သဘောတွေ့အောင်ဟာ၊ တောရသေ့လုပ်ပြီး၊ ကွေ့မဆုတ်လတ်၊ ချစ်မရှီး၏ စည်းနားခမ်းက-သစ်သီးဆွမ်းရပ်လာတော့၊ လှမ်းကပ်မည် ရှိမယောင်၊ တရားမချင့်၊ အမှားကျင့်သူက၊ ရထားနှင့်တင်ဆောင်တော့၊ လင်မောင်မြင်လှဲ့၊ သဇင်နွဲ့ရဲ့ ကြင်တဲ့ရွှေကိုယ်၊ မရှုတစိတ်၊ လူ့ဗဟိဒ်ကြောင့်၊ ခုမတိတ်ငိုတော့၊ သုကျိတ်အိုကြီး ရထားအလာ၊ မသွားသာအောင်၊ တားကာဆီးလို့ ၊ အမြီးနှင့်ခုန်ဖမ်း၊ မြတဘက် နှုပ်ဝါကလေး၊ ခုမကြာ ကမ်းခဲ့၍၊ အာကာလမ်းကောင်းကင်၊ ကြောင်းမဖွယ်စွ၊ သောင်းလယ်အလှကလေးနှင့်၊ ခေါင်းဆယ်ခွနင်လေသော်၊ ခဏပင်ပျောက်၊ မကြည်ဖို့သဲ ညီအစ်ကိုတွဲပြီး၊ သည်ကိုဘဲရောက်ပြန်တော့၊ ပျိုပေါက်ကယ်ဒေဝီ၊ လှမေ့သီကြောင့်၊ ဖြေမဆည်ဆွေး၊ ညီရွှေပုလက်ပေါ်၊ ခုစက်တော်မှေးခိုက်၊ ထောက်တွေးစဉ်းစား၊ မင်းနှစ်ပါးတို့၊ ခင်းသွားကြုံကြိုက်၊ ကျောလက်ပြင်ကိုတောမှက်ခြင်ကိုက်လို့မှ၊ ခင်လိုက်တဲ့ ညီအစ်ကို၊ရှုနိမိတ်မှိုးပြီး၊ သုကျိတ်ကြီးငိုလိုက်တော့၊ စီးယိုကာပ ရတက်တွေမောက်၊ ခက်ပွေလို့ နောက်ထာကြောင့်၊ မျက်ရေပေါက်ကျလာတော့။

**တေးကောက်**။ ။လောင်းရာမ၊ ကာယရွှေကိုယ်၊ ထောင်းတာတမျှ နာလှရွှေကိုယ်×ကြို့ညိုဟိုပင်ဖျားဆီသို့၊ ယို့တယို၊ နဂိုရိမြင်ဗြားပါလို့၊နင်လား ဟယ်၊ ရန်ညွန့်မာန်ကွန့်၊ ရွှေလေးညိုတင်ကာ - သေဘေးကိုဝင်လာ၊ သခင်–သ ခင်ဘုရား၊ ကြင်နာချမ်းသာကြောင်းကို၊ တင်ပဏ္ဏာ ပန်ထွာတောင်းဆို၊ ဆင့် ဆင့်လောင်း ခွင့်တောင်းသံမြွက်ချို၊ ဖြစ်ထွေမှန်ကြောင်းကို၊ ပြန်ပြောင်းအလို၂၊ ညစ်ဘဝေ ကံဟောင်းအို၊ ကံဟောင်းအို ၂×၊ လောင်းသခင်ကငို၊ ပျောင်းဘဝင် ကြွဖို့၊ ရတက်ပွေမျက်ရေဆင်း၊ စွေရင်းငွေနှင်းလို၊ မကြည်အောင် – ဇော၊ ညီနောင်မောတာက၊ သည်တော၁င်တောထင်ပါရှဲကို။ ။

(ဖျင်းချင်တောလားပြီး၏။)

ဤတွင်ရွှေ မဟာဂီတပေါင်းချုပ်ကျမ်းပြီး၏။

# မဟာဂီတပေါင်းချုပ်ကျမ်းကြီး

## သီချင်းအမျိုးမျိုး အစချီ

## အက္ခရာညွှန်း


| | စာမျက်နှာ | | စာမျက်နှာ |
|---|---|---|---|
| **ကြိုး** | | ဇမ္ဗူသိင်္ဂါပြိုးပြက် | ၄၄ |
| အတိုင်းမသိ | ၃၉ | ဇေယျာအောင်ချာ | ၃၉ |
| ကန်တော်ကန်တော်အခိကရ | ၄၆ | ဇေယျာမြို့ | ၂၉ |
| ကမ်းကကမ်းကခွါ | ၃၀ | ညာသပြေဘောင် | ၄၁ |
| ကိုယ်လုံးသန်ရောင် | ၃၃ | တရေးမက | ၃၈ |
| ကိုးပါးပေါင်းစု | ၂၀ | တေဇာအာဏာထန်ပြင်း | ၄၅ |
| ကျော်နှံ့ဝှန်ဆူ | ၃၅ | တီးယွန်းအောင်စည် | ၄၁ |
| ကြောက်ဖွယ်ဘုန်းတန်း | ၂၄ | တက်တူတွန်သံပေး | ၁၈ |
| ကြိုင်မွှေးလှိုင်ပြေး | ၃၃ | တျန့်တျောထပ်တျော | ၁၇ |
| ကျွန်းကျွန်းပိုင်သ | ၄၄ | ထံတျောတောရှင် | ၁၇ |
| ခေါ်ပါယောင်နှင့် | ၄၃ | ထွေတလာနေမသာ | ၂၄ |
| ခန်းတွင်းရိပ်သာ | ၂၅ | ထပ်တျောထပ်တျော | ၁၇ |
| ခွဲခွဲခြားခြား | ၂၆ | ထောင်ရှောင်နေ | ၃၆ |
| ချမ်းကတဲကိုလေ | ၃၆ | ထိပ်တင်ငယ်ကေန် | ၃၇ |
| ချိပ်ပန်းပန်ငယ် | ၄၃ | နေရင်လေလဲ | ၃၇ |
| ငုံ့ကာငုံ့ကာ | ၁၉ | နှန်းနန်းထောက်စာ | ၂၃ |
| စံရာတောင်ကျွန်း | ၁၉ | ပုံနှန်းဝတီသာ | ၂၄ |
| စံရာဘုံမြင့် | ၄၀ | ပုံပမာထွေထွေသာ | ၂၁ |
| စိန်ကြောင်လိုပင် | ၂၈ | ပန်းစုံမာလာလေ | ၄၅ |
| စိမ်းလဲ့လဲ့ညိုပြာ | ၂၉ | ပြောင်ပြောင်ပြောင်နာဂိန် | ၄၀ |
| စောင်းတော်သိင်္ဂါ | ၃၉ | ဖျော်ဖြေလို့နေပါရင်လေး | ၃၀ |
| ဆီးနှင်းပြိုက်ကျ | ၃၁ | ဘယ်ဘယ်တဲ့ဘယ်ကမ္ဘာတွင် | ၃၀ |
| ဆွတ်ဖျန်းကြိုင်သင်း | ၄၄ | ဘုံဆောင်မြင့် | ၂၈ |

| | စာမျက်နှာ |
|---|---|
| ဘုန်းတော်တေဇာ | ၃၀ |
| ဘုန်းတော်ပဝင်းဝင်း | ၂၅ |
| ဘုန်းမိုးရွာစွေသွန်းဖျန်း | ၄၂ |
| မာလာဂန္ဓာမွှေးမွှေးသင်းသင်း | ၃၉ |
| မင်းလမ်းစပ်ခါ | ၃၁ |
| မင်းလွင်မင်းလွင် | ၃၂ |
| မြို့နန်းငယ်လေး | ၂၀ |
| မြစ်ကြီးဂင်္ဂါ | ၁၀ |
| မြစ်ပြင်မြစ်ညာ | ၉၉ |
| မှန်ညောင်သဥ္စာ | ၃၀ |
| မှိုင်းရိပ်ကယ်တည့်ဝေမှောင် | ၄၄ |
| ရာမင်းရာမင်းဝပ်လျှိုး | ၂၂ |
| ရှိရှိဆိုင်းဆိုင်း | ၄၂ |
| ရှုတိုင်းသာစွ | ၃၀ |
| ရွှေစကြာသည်အိုင်သာကလော | ၃၅ |
| ရွှေနန်းအောင်ချာ | ၃၁ |
| ရွှေနန်းအောင်မြေ | ၄၀ |
| ရွှေပြည်ကြီးရော | ၂၀ |
| ရွှေဖေါင်တော်စံကာ | ၃၄ |
| ရွှေဘုန်းထက်ဖြာ | ၃၂ |
| ရွှေဘုန်း ရွှေဘုန်းတော် | ၂၀ |
| ရွှေဘုန်းရွှေဘုန်းပဝင်း | ၄၂ |
| ရွှေရွှေရွှေဘုန်းပဝင်း | ၂၃ |
| လာချေပြီ | ၄၃ |
| လေချိုလေသာ | ၂၇ |
| လဲ့လဲ့စိမ်းရောင် | ၃၄ |
| လွှမ်းထပ်ဆင့်လောင်း | ၂၉ |
| ဝေဇယန်နှင့် နှုန်းငြား | ၂၆ |
| ဝေဘာဂီရီ | ၂၁ |
| ဝေယန်လိုပင် | ၂၇ |
| ဝင်းဝင်းရွှေရွှေ | ၃၄ |
| သပြေပင်ဝန်း | ၄၁ |

| | စာမျက်နှာ |
|---|---|
| သာယာသာယာ | ၂၁ |
| သီလာမြေယံ | ၃၀ |
| သီတာသီတာ | ၂၁ |
| သီလာဝေယံလေမှိုင်းညို့ | ၄၅ |
| သင်းအရင်းငယ်ကြိုင်မွှေး | ၃၂ |
| သည်မိုးပြုနဲ့ | ၃၅ |
| သောင်ကမ်းသောင်ကမ်း | ၃၃ |
| ဟေမန္တာဟု | ၃၆ |
| ဟေမဝန္တာ | ၁၀ |

## ဘွဲ့

| | |
|---|---|
| အတိုင်းမသိမင်္ဂလာကြက်သရေ | ၅၄ |
| ဥကင်ဘုံမြင့် | ၄၇ |
| ကိုးသွယ်ရတနာ | ၅၉ |
| ကုန်းဘောင်မြို့ရွှေနက်သန် | ၅၁ |
| ခြည်ပန်းထောင်ကွန့် | ၅၂ |
| ခွန်ယူစိုးရ | ၅၀ |
| ဂန္ဓမာတောင် | ၅၆ |
| ငါးလုံးတောင်ညွှန့် | ၅၀ |
| ဆဒ္ဒန်ပိုင်လေးကျွန်း | ၅၃ |
| ဇမ္ဗူရည်ပွင့်ဆယ်ရောင်ဝေ | ၅၂ |
| တဖုဿငယ်နှင့် | ၅၄ |
| နတ်စည်ငယ်လေ | ၅၆ |
| နန်းငွေယုန်သော်တာ | ၅၃ |
| နန်းရဝေမြင့် | ၄၀ |
| ပရမေသီရိအောင်ဇေယျာ | ၅၀ |
| ပတ်ပြန်ငယ်ပြောင်ရွှန်း | ၅၀ |
| ပတ်လည်ငယ်လေ | ၅၆ |
| မင်္ဂလာအောင်မျှို့ | ၅၉ |
| မင်္ဂလာသီရိမြေမြတ်စွာ | ၅၂ |
| မန္တလာဘုံ | ၅၀ |
| မာရဝိဇယ | ၄၇ |

စာမျက်နှာ

မြရည်နန္ဒာ ၅၅
မြသွိုင်ယိမ်းနွဲ့ ၅၅
မင်းခမ်းတော်စုံလှ ၄၈
မင်းဝံတောင်ညွန့် ၅၁
မြတ်ပလ္လင်ရွှေရန်မာန်ချွေ ၄၉
မြန်မြေနယ်ဇမ္ဗူဘောင် ၅၉
ရွှေဘုန်းတော်နေနှုန်းလျှော် ၅၅
လေးမည်သာလှ ၅၁
လက်ျာတော်မင်းခမ်း ၄၉
လက်ဝဲ တော်ကအုံ့ရာပုံ ၄၉
လွှတ်တော်ငယ်စံကျွန်း ၅၉
သကမဍ္ဍူ ၅၆
သကြိန်တော်မင်္ဂလာ ၅၃
သည်ဆောင်းဟေမန် ၅၇
သန်းယံသာကျူးပ ါတော့ ၅၇
ဟေမဝန်ချာ ၆၀

## သီချင်းခံ

ကျွန်းလုံးသိမ်းကျုံး ၆၉
စန္ဒာရောင်သွိုသာ ၆၂
စုံသာမြိုင်လယ် ၆၄
ဆဒ္ဒန်အိုင်သာ ၆၇
ဇမ္ဗူကျွန်းလုံး ၆၈
ဇမ္ဗူမြန်ချာလေထွန်းပပ ၇၂
ဇေယျာရွှေမြေ ၆၅
ဇောင်းကလောအင်း ၇၃
တောဟောဝန်တောင် ၇၀
ထူးမခြားနား ၆၁
ထောင်ရောင်နေကသာ ၆၁
ဒီပ ါမြေယံ ၆၃
ဒီပ ါလေအောင်ချာလေ ၆၇
နှင်းတမြူးမြူး ၆၉
ပန်းကြာဝတ်မှုံ ၇၆

စာမျက်နှာ

ဖြိုးဖြိုးရွှေရင် ၇၉
ဘုန်းအကြီးဆုံး ၇၅
ဘုန်းထူးဝေဆာ ၇၁
ဘုန်းပန်းပရမေ ၇၃
ဘုန်းမိုးသွန်းလောင်း ၆၇
မြဆံကေသာ ၈၀
မင်းခမ်းတော်စံ ၇၄
မှိုင်းအဆန်းဆန်း ၈၁
မှိုင်းမှိုင်းမြ ၇၉
ရဝေနန်းစိန်ကြောင် ၈၂
ရွှက်ညာကြွေလျှံလေ ၈၀
ရွှေစမ္ပာယ်ရံ ငုံဖူး ၇၇
ရွှန်းရွှန်းမြ ရွှန်းရွှန်း ၇၈
သင်းသင်းကြိုင်ကြိုင် ၇၈

## ပတ်ပျိုး

အထူးထူးငယ်နှင့် ၉၂
အာကာယံထဲစံမြဲမြန်းလို့ ၁၃၂
အောင်ခန်းမြို့ ၈၉
အောင်ဇေယျာကျွန်းကျွန်း ၁၀၃
အောင်မြေသာစံ ၁၀၅
အိုကြော့ဆုံးမယ် ၁၂၈
ကုန်းဘောင်နေမင်း ၉၄
ကုန်းဘောင်ပရမေ ၈၄
ကိုယ်တော်နှင်းနှံ့ (လေးထွေသံကပ်) ၁၃၇
ကြုံလေဘုံဘွေ ၁၁၉
ချစ်သမျှကို ၁၀၀
ခွ ါပြာသင်းညှင်းပြေပြေ ၁၂၆
ဂန္ဓမာတောင်လိုဏ်နန်းချောင် ၁၁၂
ဂန္ဓမာရိပ်သာဖလ်ဂူနန်း ၁၀၆
စိန္တေကိုးသွယ်ဂုဏ် ၁၀၂
စက်လဲဘုံဘွေ ၁၁၇

အက္ခရာညွှန်း


| | စာမျက်နှာ |
|---|---|
| စက်လဲမရွှင် | ၁၁၂ |
| စိန်ကြောင်နီလာ | ၉၁ |
| စိန်ငွေလျှံ | ၈၉ |
| စိန်မှုန်ဆောင်မျက်ကိုးစုံပွင့် | ၁၃၈ |
| စိုးအမျှုန်မှုး | ၉၆ |
| စုံနယ်သာစွ | ၁၁၀ |
| ဆုကြိုးကိုမို | ၁၃၅ |
| ဆောင်ဝဇီရာ | ၁၁၅ |
| ဇေယျာအောင်စည် | ၁၂၄ |
| ညဥ့်သုံးယံခါလေပြေလာ | ၁၂၉ |
| ညို့ညို့ငယ်လေမှိုင်းမှိုင်း | ၁၁၆ |
| ညွတ်ပြိုလုဖွယ် | ၉၆ |
| တပင်စံရာ | ၁၂၇ |
| တံပိုးငယ်တည့်နတ်ပဍ္ဍင် | ၁၀၈ |
| တန်ဆောင်ရွှေတိုင် | ၁၀၁ |
| တိမ်ပုံဘွေ့ | ၁၀၄ |
| တိမ်မှောင်ဝေကင်း | ၁၃၂ |
| ဒီပါဧးမြေ | ၁၁၁ |
| နဝတတ္တကုဏ္ဍလာ | ၉၈ |
| နဝရတ်ကယ်ရောင်စုံ | ၉၆ |
| နံ့သာနီတောင် | ၁၂၀ |
| နှင်းငွေမြူမှောင် | ၁၃၃ |
| နှစ်ကိုယ်သစ္စာ | ၁၂၀ |
| ပပငယ်လေဝင်းဝင်း | ၁၁၅ |
| ပဟိုရ်မြွက်သံ | ၁၁၉ |
| ပျံ့ပျံ့ငယ်လေသင်းသင်း | ၁၁၆ |
| ပြယားငယ်တည့်ဝေဿဝဏ် | ၁၃၁ |
| ပြာပြာညိုရောင်မှိုင်းနွှဲနွှဲ | ၉၅ |
| ပြာပြာညိုရောင်မှိုင်းလို့ရီမှောင် | ၁၀၄ |
| ပင်ဗောဓိအဇပါ | ၁၃၇ |
| ပန်းတသင်းသင်း | ၁၀၇ |
| ပြည်အောင်ချာနန်းငယ်က | ၁၁၃ |
| ဖြူပြာမူရာ သူဇာနေလို | ၁၁၃ |
| ဖြေလဲမပြေ | ၁၁၇ |
| ဖြေလျော့ခွေရှိကေရှိရှင်ထား | ၁၃၀ |
| ဘုံပျံနေနန်း | ၈၆ |
| ဘုံလယ်ခွင် | ၁၀၆ |
| ဘုန်းမျှားမျှားမင်း | ၁၁၀ |
| မဏိကဍ္ဍနာ | ၉၉ |
| မဲဇာတောင်ခြေ | ၁၀၉ |
| မြနန်းဘုံပေါ်မှန် | ၁၂၉ |
| မြမန်းကိုက်ရုံ | ၁၁၄ |
| မြူခိုးရယ်တိမ်ဘုံကသာ | ၁၂၉ |
| မြူဝန်းလို့ခို | ၉၇ |
| မဂ်လမ်းကိုယူ | ၁၃၆ |
| မယ်တို့နေ(သိင်္ဂါသံ) | ၁၃၄ |
| မယ်ယသေဥ့်ဆံကျင် | ၁၃၆ |
| မယ်သေချင်လိုက်ပါဘိ | ၁၂၄ |
| မိုးဒေဝါ | ၁၀၀ |
| မြန်ချာမြေကို | ၈၉ |
| မှန်ရဝေ | ၉၄ |
| မှိုင်းပြာမှုန်ဝေ | ၈၈ |
| မျှော်တိုင်းခုဝယ် | ၁၂၁ |
| ယမုန္နာသီတာသောင်ခြေ | ၁၀၉ |
| ယမုန်သီတာ | ၁၂၅ |
| ယုဇနမာလာ | ၁၃၁ |
| ရဂုံမြိုင်ချာ | ၉၃ |
| ရဝိန်ဒေါင်းယာဉ်ပျံ | ၁၂၃ |
| ရွှေညီလာကြာယွန်းလယ်က | ၁၃၈ |
| ရည်ပင်လယ် | ၉၀ |
| ရှစ်စုံရွှက်ကြာ | ၁၀၈ |
| ရွှေတေဇာတိုင်းကြေညာ | ၁၂၈ |
| ရွှေတောင်ပုံနေရောင်ခံ | ၁၁၈ |
| ရွှေနှုတ်ကယ်လှယ်လှယ် | ၁၂၈ |

| | စာမျက်နှာ |
|---|---|
| ရွှေပြည်တော်သည် | ၁၀၇ |
| ရွှေဖီဇင်ဂေါ် | ၁၃၀ |
| ရွှေဘုန်းတေဇာ | ၁၂၂ |
| ရွှေဘုန်းသမ္ဘာရှိန်လေတည့်မှ | ၁၁၈ |
| ရွှေယင်ပေါင်ငွေယင်ပေါင် | ၉၀ |
| လေရှူးသုန်သုန်(သိင်္ဂါသံ) | ၁၃၄ |
| လောင်းပန်းဂမုန်းအင် | ၉၁ |
| လွှမ်းတယ်လေ့ | ၉၉ |
| လွှမ်းဖွဲ့စေ | ၁၀၆ |
| ဝသန်ခါမိုမိုးရင့်သီ | ၁၁၉ |
| ဝေဖြိုးကုန်းဘောင်ညွန့်ညွန့် | ၉၄ |
| သပြေညာဘောင် | ၁၂၅ |
| သာဆန်းရဂုံဘွေ | ၁၀၁ |
| သာယာစုံစီသီတာရုံခဝန်း | ၁၂၇ |
| သာရကာကျေးငယ်တို့ | ၉၃ |
| သိင်္ဂါရွှေရောင် | ၁၀၂ |
| သီလာဝေယန်သာဟန် | ၁၂၂ |
| သူရကန်စက်ပုံ | ၉၅ |
| သေနင်္ဂါမည် | ၁၁၄ |
| သဲလောင်ကြွေကျွမ်း | ၁၀၀ |
| သင်းရနံ့လှိုင်ပျံ့ငယ် | ၁၀၃ |
| သန်းရုံခြွေရွှေကြော့ဝန်း | ၁၂၁ |
| ဟေမာဝေဆာဘွေချာငုံမြိုင် | ၁၂၂ |
| ဟောဝန်စုံမြိုင် | ၉၇ |


## ၃၇ ချင်း

ဤ ၃၇-ချင်း နတ်များ၌သိလွယ် ရှာလွယ်ရန် သီချင်းအစများကိုမပြဘဲ ဆိုင်ရာနတ်အမည်များကိုပြထားသည်။


| | စာမျက်နှာ |
|---|---|
| အနောက်မိဖုရားနတ် | ၁၅၁ |
| အောင်စွာမင်းကြီးနတ် | ၁၄၃ |
| အောင်ပင်လယ်ဆင်ဖြူ့ရှင်နတ် | ၁၄၃ |
| ငါးစီးရှင်နတ် | ၁၄၃ |
| ညောင်ချင်းနတ် | ၁၄၄ |
| တပင်ရွှေထီးနတ် | ၁၄၅ |
| တောင်ငူရှင်မင်းခေါင်နတ် | ၁၄၂ |
| တောင်မကြီးနတ် | ၁၄၄ |
| ထီးဖြူဆောင်းနတ် | ၁၄၉ |
| ထီးဖြူဆောင်းမယ်တော် | ၁၅၀ |
| နှမတော်တောင်ကြီးရှင်နတ် | ၁၄၁ |
| ပရိမ္မမင်းခေါင်နတ် | ၁၅၀ |
| မဟာပိန္နဲနတ်၏တီးချင်း | ၁၄၁ |
| မန္တလေးဘိုးတော်နတ် | ၁၄၆ |
| မင်းကျော်စွာနတ် | ၁၅၀ |
| မင်းစည်သူနတ် | ၁၅၀ |
| မင်းတရားကြီးနတ် | ၁၄၂ |
| မင်းရဲအောင်တင်နတ် | ၁၄၅ |
| ဧင်းသားမောင်ရှင်နတ် | ၁၄၉ |
| မယ်တော်ရွှေစကားနတ် | ၁၄၆ |
| မောင်ပိုးတူနတ် | ၁၄၆ |
| မောင်မင်းဖြူနတ် | ၁၄၆ |
| မြောက်ဘက်ရှင်မနတ် | ၁၅၁ |
| မြောက်မင်းရှင်ဖြူ | ၁၄၄ |
| ယွန်းဘုရင်နတ် | ၁၄၆ |
| ရွှေစစ်သည်နတ် | ၁၄၅ |
| ရွှေနဘေနတ် | ၁၄၂ |
| ရွှေနော်ရထာနတ် | ၁၄၃ |
| ရွှေဖျဉ်းညီတော်နတ် | ၁၄၇ |
| ရွှေဖျဉ်းနောင်တော်နတ် | ၁၄၇ |
| ရှင်ကွနတ် | ၁၅၂ |
| ရှင်ကုန်းနတ် | ၁၅၂ |
| ရှင်တော်နတ် | ၁၄၄ |
| ရှင်နဲမိနတ် | ၁၅၂ |
| သိကြားနတ်၏တိုင်ချင်း | ၁၄၀ |

| | စာမျက်နှာ |
|---|---|
| သံတော်ခံနတ် | ၁၄၂ |
| သုံးပန်လှနတ် | ၁၄၂ |
| [ မျောက်မင်း အူသံနှင့် တျာယိုင် ပတ်ယိုင်] | |
| အိုပင်အိုကံဆိုး | ၁၅၃ |
| အိုပင်အိုကံညည့်ယံ | ၁၅၃ |
| ရှင်သေမင်းလူချင်းရယ်တဲ့ | ၁၅၄ |
| ရွှေနန်းကြော့စံငယ်မှာ | ၁၅၆ |
| ရွှေဘုန်းတော်ထွန်းပါလို့ | ၁၅၈ |
| သောက်တဲ့သောက်ရေအိုးငယ်မှာ | ၁၅၄ |
| ဟေမဝန္တာ | ၁၅၃ |

## ယိုးဒယား နှင့် တလိုင်းသံ

| | |
|---|---|
| အရိမဒ္ဒနံ ပြည်ပေါ်ကြုံ | ၁၉၈ |
| အင်ကြင်းသရဖီ | ၁၉၆ |
| အောင်ဇေယျတုသဗ္ဗမင်္ဂလံ | ၂၀၅ |
| အောင်မင်္ဂလာ | ၁၇၆ |
| အိုကြာရံနန်းသူမယ် | ၁၆၀ |
| အိုလူမနေ့ာ | ၁၉၀ |
| အိုလေတောမြိုင်စွန်းက | ၁၈၆ |
| အိုသာတင့် ဆုံးငယ်နှင့် | ၁၇၁ |
| ကန္တာတောခြေ | ၂၀၇ |
| ကုဏ္ဍလာကုဏ္ဍလာ | ၁၉၅ |
| ကောင်းခြီးသခ်ါ | ၁၈၂ |
| ကြုံကြုံဖန်ဖန် | ၁၈၉ |
| ကြို့ညိုစံရာ | ၁၇၂ |
| ခါနွေဆန်းလန်းစီစီ | ၁၇၄ |
| ခိုင်ပန်းစုံမှုံမာလာ | ၁၆၃ |
| ဂိမှာန်နွေဘွဲ့ရာသီ | ၁၆၆ |
| စက်လဲပျော်ပါနိုင် | ၁၇၁ |
| စိန်ကြယ်ညီး | ၁၇၉ |

| | စာမျက်နှာ |
|---|---|
| စိန်ခြယ်ခြူးသန်း | ၂၀၁ |
| စိန်မြလျှံခြယ် | ၁၈၁ |
| စုံတောလေမြိုင်ခြေ | ၁၉၇ |
| ဆဒ္ဒန်အိုင်နှစ်ခိုင်ရွှေပန်း | ၁၉၂ |
| ဆန်းနွေဦးလေရူးဆော်ပြန်လာ | ၂၀၂ |
| ဇာတိအာဏာ စကြာဝဠာ | ၁၉၁ |
| ညို့ညို့ဆိုင်းဆိုင်း | ၂၀၃ |
| ညှင်းလေကသွေး | ၂၀၃ |
| တလိုင်းသံနှိုင်းစံပယ်ခွာ | ၂၀၉ |
| တောဘုမ္မာ | ၁၉၀ |
| တောတောင်စွယ် | ၁၆၂ |
| တောနှင့်တောင်စွယ် | ၁၈၇ |
| တောမှော်ရှုမှာ | ၁၉၇ |
| တောမြိုင်ခြေလမ်း | ၁၆၃ |
| တောဟေဝန်လယ် | ၂၀၇ |
| တောင်အဆင်းမှာလေလေ | ၂၀၉ |
| တောင်ဇမ္ဗူပိုင် | ၁၇၆ |
| တောင်တောင်ယံတောက | ၁၇၉ |
| တောင်တောင်ယံတောငယ်နှင့် | ၁၈၁ |
| တောင်ဝက်ပါ | ၁၇၈ |
| နန်းဘုံသိဟာသွေ့ | ၂၀၅ |
| နန်းသိဟိုဠ် | ၁၈၅ |
| နှင်းရွှန်းဂိမှာန် | ၁၈၀ |
| နှင်းရွှန်းသာဟေမန် | ၁၈၅ |
| ပဗ္ဗတာဟေမဝန်တောင် | ၂၀၈ |
| ပျံ့ကွန့်မြူးနှင်း | ၁၉၉ |
| ပန်းညောင်လှိုင်ဖွဲ့ | ၁၇၂ |
| ပန်းမြိုင်လယ် | ၁၅၉ |
| ပန်းသဇင်ပန်းသဇင် | ၁၉၄ |
| ပန်းဟောန် ခုနစ်ခွေ | ၁၆၁ |
| ပြည်ကပ္ပိမှာ | ၁၇၇ |
| ဖေါ်ကွာဝေးသူမို့ | ၁၆၄ |

| | စာမျက်နှာ |
|---|---|
| မကြုံနိုင်မှော်ရှုံမြှိုင်တော | ၁၆၁ |
| မဟီယင်ဘောင်သဲငွေသောင် | ၂၀၃ |
| မှော်ရုံဟောဝန် | ၁၈၆ |
| မန်းညာနွယ် | ၁၆၅ |
| မန်းလေတောင်လကျော | ၁၈၄ |
| မိုးဂူဒ္ဒာတည်လာဖန် | ၁၆၇ |
| မိုးလုံးပတ်လည် | ၂၀၄ |
| မြမန်းဂိရိသေလာတောင် | ၁၇၀ |
| မြန်သပြေညာ | ၁၈၄ |
| မြှိုင်ဂန္ဓမာ | ၁၈၈ |
| မြှိုင်တန်းမှောင်ချောင်ရွှေဝါ | ၂၀၇ |
| မြှိုင်ဟေမာကန္တာလမ်း | ၁၇၅ |
| မှုံမပြေသဲရွှေဘဝင်ကျမ်း | ၁၆၁ |
| မှိုင်းမှုန်ပြာညိုရီမှောင်ဝေ | ၁၆၂ |
| ယသော်ဓရာ နန်းတောင်ညာ | ၁၉၅ |
| ယုန်ငွေနန်း | ၂၀၀ |
| ရာပြည်မင်းငယ်တို့ | ၁၉၆ |
| ရွှေတညာ | ၁၇၄ |
| ရွှေအာသာငုံတံသေး | ၁၈၈ |
| ရိပ်ကြာဆောင်ခန်း | ၁၇၁ |
| လေပြေဆော်သွင်းမြူး | ၁၉၈ |
| လေပြည်လောင်းသည်နှင့် | ၁၇၃ |
| လေးမွန်တိမွန်စ | ၂၀၀ |
| လွှမ်းပိုအောင်ညိုမင်းလွင် | ၁၈၇ |
| လွှမ်းဖွယ်သာယာ | ၁၈၈ |
| လွှမ်းဝှန်ပို | ၁၇၀ |
| ဝေဇယန္တာနန်းဘုံ | ၁၆၄ |
| ဝေယန်သိင်္ဂါ | ၁၈၃ |
| သန်ကျန်မိုးပေမို့ | ၂၀၄ |
| သန်းရွှေညာ | ၁၆၈ |
| သောင်းကျေးဒီပါဘွေ | ၂၀၁ |
| သောင်းရွှေလယ် | ၂၀၆ |
| သောင်းလုံးမြေချာ | ၁၈၃ |
| သောင်းသောင်းညံ | ၁၈၇ |
| သုံးလူ့ဖေါ်လေးပါး မြတ်ညီတော် | ၁၈၉ |

## ဘောလယ်နှင့် သီချင်း

| | |
|---|---|
| စိန်ခြူးကြာညောင် | ၂၁၁ |
| စုံစကြာမြန်းစို့ဖေ | ၂၁၆ |
| နာဂဆဒ္ဒန် | ၂၁၁ |
| နန်းသူမယ် | ၂၁၇ |
| ပဏ္ဏုသေလာ | ၂၁၃ |
| ပုလဲမြိတ်စုံ | ၂၁၃ |
| ပုလဲရယ်တဲ့ငွေဝတ်ရည် | ၂၁၆ |
| မိုးနတ်ဒေဝီ | ၂၁၄ |
| ရှုလဲသာထွေ | ၂၁၂ |
| လွှမ်းမျှော့ဘုရင် | ၂၁၅ |
| သင်းပျံ့ကြည် | ၂၁၄ |

## လွမ်းချင်း

| | |
|---|---|
| အပွဲရာဇဝင်နှင့် | ၂၁၈ |
| ကိုးခွင်ငယ်မှိုင်းပါလို့ | ၂၂၀ |
| ကြည်မမွေ့ချင်ဘူ | ၂၁၈ |
| ညံ့လို့သာသဲတော့တယ် | ၂၂၂ |
| တိမ်ခြေငယ်ရှင်းပါလို့ | ၂၂၂ |
| တောင်တလျှောက်မှာလ | ၂၁၈ |
| ထပ်ထပ်သာစေတော့ | ၂၂၀ |
| နတ်စည်ငယ်ရွှမ်းပါလို့ | ၂၂၀ |
| မချိနိုင်ခါးရန်ကော့ | ၂၂၃ |
| မေတ္တာတော်တုံးပါလို့ | ၂၂၃ |
| မေတ္တာတော်နဲ့ရော့ထင့် | ၂၂၄ |
| မျှော်ယောင်သာပန်းတော့ | ၂၂၁ |
| မြူခြေငယ်သန်းပါလို့ | ၂၂၀ |
| မြောက်လေငယ်သွင်းပါလို့ | ၂၂၁ |

| | စာမျက်နှာ |
|---|---|
| မြိုင်ခြေယ်သင်းပါလို့ | ၂၂၂ |
| ရေယဉ်စမ်းငယ်နှင့် | ၂၂၁ |
| ရှုလေတိုင်းကိုတဲ့ | ၂၂၂ |
| ရှုပ်အထွေးမှာတော့ | ၂၂၃ |
| လာမေလိုက်ခဲ့တော့ | ၂၁၉ |
| လာမေလှမ်းကြစို့ | ၂၁၉ |
| လှိုင်လှိုင်သာသင်းတော့တယ် | ၂၂၁ |
| သက်သက်ပင်စိမ်းတော့မလ | ၂၂၃ |

## ခွန်းထောက် သဖြန်နှင့် ပုလဲပေါက်

| | |
|---|---|
| အစိန္တေ့ဘဂဝါအတိကိုတဲ့ | ၂၂၅ |
| အဆစ်ကယ်သန် | ၂၂၉ |
| အာဒိစ္စဖလ်သူရိန် | ၂၃၃ |
| အုံ့မှိုင်းငယ်တဲ့နယ်ရှစ်ခွင် | ၂၃၁ |
| ကသစ်ကယ်တဲ့နန်းသူမောင် | ၂၃၀ |
| ကျူးရင့်အိုင် | ၂၃၀ |
| ကျိုင်းပိုးထူ မှက်ခြင်သရမ်းလိုက် ပါဘိ | ၂၂၆ |
| ခင်းအပြန့်မှာတော့ | ၂၂၅ |
| ခန်းရွှေဆောင် ရဝေတွင်းမှာလ | ၂၃၅ |
| ခေါင်ဖူးကိုယ့် | ၂၂၈ |
| ငွေ့ကာဒဏ်ဝေယန်ကြွမှာလှ | ၂၃၆ |
| ငွေ့စန်းရယ်တဲ့ပုဏ္ဏမီ | ၂၃၂ |
| ငွေ့နှင်းငယ်တဲ့မှုန်ဝေဝေ | ၂၃၂ |
| ငွေ့သပြာဓနံရွှေးလျှင် | ၂၃၈ |
| ငွေ့သရဖီပန်းမှုံကြွေ့ကိုဂါ | ၂၂၆ |
| စိမ်းလဲ့ငယ်တဲ့ညိုရောင် | ၂၃၀ |
| ဆီမီးငယ်တဲ့တထိန်ထိန် | ၂၃၂ |
| ဆွေ့သူ့မောင်အပွေ့များကိုဖြင့် | ၂၃၆ |
| တပေါင်းရယ်တဲ့မိန်ရာသီ | ၂၃၃ |
| တောဝနာ ဘေးခွင်အစောင်း မှာတော့ | ၂၂၇ |

| | စာမျက်နှာ |
|---|---|
| တန်ဆောင်မုန်းဆီက | ၂၃၆ |
| တောင်တတန်း | ၂၂၈ |
| နေနန်းရယ်တဲ့ဖလ်သူရိန် | ၂၃၁ |
| နွေရာသီ မိန်ဓလေ့ပေမို့ | ၂၃၄ |
| နှစ်ဆယ်ကျော်အစိတ်ပိုင်းမှာလ | ၂၃၈ |
| နှစ်လုံးရယ်တဲ့ပါဒ်မို | ၂၃၁ |
| ပါလိုက်တဲ့ဖဲငယ် | ၂၄၇ |
| ပင်မင်းမူခင်းသန့်သန့်မှာလ | ၂၃၄ |
| ပေါက်လဲရယ်တဲ့ပွင့်စီစီ | ၂၃၃ |
| ပြောင်ပြောင်ငယ်ညီး | ၂၂၉ |
| ဘာမပိုတာဝေငှလိုက်တော့ | ၂၂၆ |
| ဘောဇနာဥတုကျမ်းမှာဖြင့် | ၂၅၁ |
| မကျေနပ်ပါဘု | ၂၅၀ |
| မြသားငယ်တဲ့ရေယမုန် | ၂၃၀ |
| မှုံပြာငယ်ရီ | ၂၂၇ |
| မွေးနံ့သာကြည်ရေမြငယ်နှင့် | ၂၃၄ |
| ရေယဉ်ဖြာရစ်လာသန်းပါလို့ | ၂၂၅ |
| ရိုးတလျှောက် | ၂၂၈ |
| ရိုက်ချုန်းရယ်တဲ့စည်ပုစ္ဆန် | ၂၃၁ |
| ရွှေပြဒိုးကြာအချပ်ကိုလ | ၂၃၆ |
| လစန်းရယ်တဲ့ငွေ့ဘုံဆောင် | ၂၃၂ |
| လတပေါင်း | ၂၂၉ |
| လတန်ခူးမှာတော့ | ၂၃၇ |
| လွှမ်းမပြေ မန်းမြေတမိတော့ | ၂၂၇ |
| သခွတ်ကတဲ့ပွင့်စချိန် | ၂၃၀ |
| သဥ္စာလီဘွေ့ပြဒ်မှာဖြင့် | ၂၃၅ |
| သနင်းဆွေ ကင်းကွေ့ခဲ့သူမို့ | ၂၃၅ |
| သစ်ဆင်းရယ်တဲ့ လမာသာ | ၂၃၂ |
| သွားလေရာဓားရှေ့ပိုက်ပါလို့ | ၂၂၈ |
| ဟိုနေ့သည်နေ့နှင့် | ၂၃၇ |

## တေးထပ်

| | |
|---|---|
| အမှုသည်အလိုချင့်ပါလို့ | ၂၄၈ |

| | စာမျက်နှာ |
|---|---|
| အဝိဇ္ဇာပိတ်ကာဆို့ | ၂၄၁ |
| အသားတော်အရောင် ထွက်လိုက်တာက | ၂၄၃ |
| အသက်ရှည် သုက်ပြောသတဲ့ | ၂၄၉ |
| ဧကရာတေဇာကွန့် | ၂၅၅ |
| အိုနာသေသုံးဌာန | ၂၄၆ |
| ကမ္ဘာလောင်နေမင်း | ၂၄၃ |
| ကုသိုလ်ကံစန်းမထခင်မို့ | ၂၄၇ |
| ကုသိုလ်ကံပေးသမျှ | ၂၄၃ |
| ကံကုသိုလ်ခေတုန်းမို့ | ၂၄၄ |
| ကျုပ်လင်ကို တွေ့တွေ့လှည့်လို့ | ၂၄၇ |
| ကျမ်းဥတု ဘောဇန | ၂၅၁ |
| ကျောက်စိမ်းတောင်အတွင်း | ၂၄၀ |
| ငါးအာရုံဘင်စု | ၂၄၀ |
| စတုဝီကံုးဆင့်လို့ | ၂၃၉ |
| စိန်ရောင်ခြည်မြူးကွန့်လို့ | ၂၅၃ |
| ဆင်လိုက်ပုံ မလင်းဘိ | ၂၄၁ |
| ဆိုးစဟန်ကိုးတန်လျှံ့ပါလို့ | ၂၄၅ |
| တရုပ်ပြည်ဌာနတွင် | ၂၄၉ |
| တက္ကသိုလ်ဆရာထူးက | ၂၄၂ |
| တောင်သပြေရေမြေစိုး | ၂၅၃ |
| ထိပ်စရာ ရိပ်ကြာစုတ် | ၂၄၃ |
| နရိန္ဒာ ဇေယျာဘိနှင့် | ၂၅၄ |
| နန်းတော်သူစကား | ၂၄၄ |
| နန်းသပြေပင်ညွန့်နှင့် | ၂၃၉ |
| ပညာရှိ နားရွှံဘို | ၂၅၂ |
| ပင်ကံ့ကော်အရှင်ပွင့်လျှင်လ | ၂၄၁ |
| ဖုန်းခေါ်မြို့တွင်းက | ၂၅၀ |
| ဘမရာသီဟာသမှာ | ၂၅၅ |
| မစုံသူငိုဟဲ့လို့ | ၂၄၁ |
| မစုံသူပန်းရှာရအောင်လို့ | ၂၄၅ |
| မိန့်ခွန်းတော်သံရိပ်ကို | ၂၃၉ |
| မြတ်လောင်းတော်ရွှေဥဏ်ရှု | ၂၄၆ |
| ရတနာ ပူရ | ၂၄၂ |
| ရာနှစ်ဆယ်မြူကွန့် | ၂၅၃ |
| ရွှေစိတ်တော်ထင်စိုးနှောင့် စေဘော့ | ၂၄၄ |
| ရွှေဘဝင်ကြွေလုအောင် | ၂၄၆ |
| ရွှေလက်မကလေးခန့်လိုနှင့် | ၂၄၅ |
| ရွှေသမ္ဘာတေဇာဖြိုး | ၂၅၄ |
| လဖက်ရည်တေးနှစ်ပုဒ်ကို | ၂၅၂ |
| လက်ဖက်ရည်ဒွိဟမှာ | ၂၄၈ |
| လဖက်ရည်သဘာဝကိုတဲ့ | ၂၅၀ |
| လက်ဖက်ရည်သောက်ရမှု | ၂၄၇ |
| လက်ဖက်ရည်သောက်လှလို့ | ၂၄၈ |
| သဥ္စာလီဘွေအုံး | ၂၄၀ |
| သာပြေပြေ ညာကြေနှံ့ | ၂၄၅ |
| သံသရာဆုံးအောင်စောင့်နိုင်ငဲ့ | ၂၄၂ |
| သောင်းဒီပါရာရိုက်လို့ | ၂၅၄ |

## ရှစ်ဆယ်ပေါ်

| | |
|---|---|
| ကြက်နန်းရဝေကြွက်ရွှေဖါးနှင့် | ၂၅၆ |
| ငါးရာနှစ်ဆယ်ရှစ်ဖြာပြ | ၂၆၁ |
| တောင်မြစ်ကမ်းယံကန္တာရမှာ | ၂၅၇ |
| နတ်လဟေမန်ဝသန်ကြွင်းမို့ | ၂၅၈ |
| နန်းရံတရာ ပဏ္ဏာခ | ၂၆၀ |
| နှင်းရည်ဖျန်းချွေ ထန်းလေ လျှံ့သည့် | ၂၅၉ |
| ပြန်ညှင်းသုန်သုန် နှင်းမှုန်ရွှန်နှင့် | ၂၅၈ |
| မကရံးဘွေချာမာလာပျိုသည့် | ၂၅၉ |
| မငြိမ့်တငြိမ်ရွာတိမ်ယောင့်သည့် | ၂၅၇ |
| မဟာဂနိုင် ဖြာဆိုင်ဆိုင့် | ၂၆၁ |
| မြဝန်းရစ်ခွေ မြူခြေခြံ့သည့် | ၂၅၆ |
| မြသွေးအခံ ပင်ယံပိမ်းမှာ | ၂၅၉ |
| ဝါဦးပြင်ပြင် သွင်တနဲ | ၂၅၇ |

| | စာမျက်နှာ |
|---|---|
| ဝိသုံ ဝိသုံ ငြိဆုံရသည် | ၂၆၁ |
| သန်နှောင်းသမျှ နိဗ္ဗာန်ချိန် ဝါသုံးလို့ | ၂၅၈ |
| သုံးသိန်း သုံးသောင်း လေး ထောင်ထိပ် | ၂၆၀ |

[ဒိန်းသံ, ရေကင်းသံ,နှာ၀ါသံ, လှေတော်သံ, စည်တော်သံ, နှင့် ကရင်ဩသံ]

| | စာမျက်နှာ |
|---|---|
| အို့မိုင်းငယ်ညို (လှေ) | ၂၆၈ |
| ကန်ရွှေမြေငယ်နှင့်သာ (ဒိန်း) | ၂၆၃ |
| ငွေရွှက်ကယ်မြိုင်မြိုင်(လှေ) | ၂၆၇ |
| ဆယ်ဆယ်ရောင်ဖြာသည်နှင့်သာ (ဒိန်း) | ၂၆၄ |
| တကြောမှောင်ဖြာ(ကရင်ဩ) | ၂၇၄ |
| တိုင်းမိမိလာ(လှေ) | ၂၆၇ |
| ထောင့်ကိုးရာစွန်းပဥ္စ(စည်) | ၂၆၈ |
| မန်းမြစကြာ (နှာ၀ါ) | ၂၆၅ |
| မြန်နိုင်ငံပြည်ကြီး (ရေကင်း) | ၂၆၄ |
| မြိုင်တန်းမှောင်ဝေ(ကရင်ဩ) | ၂၇၅ |
| မှော်ရုံတောနက်မြိုင်မြိုင် (တောလား) | ၂၇၅ |
| သုံးရွှေမျှော်လယ်(ဒိန်း) | ၂၆၃ |


သီချင်း အစချီ အက္ခရာညွှန်းပြီး၏။

ကျိုက်လတ်

# ဦးပြုံးချို

၏

# မဟာဂီတပေါင်းချုပ်

ဦးပြုံးချို၏မဟာဂီတပေါင်းချုပ်ကျမ်း